http://www.dhammadownload.com

နုဝမဗန်းမော်ဆရာတော်

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

မဟာထေရ်မြတ်၏

ပတ္တမြားရတုမှုကာ

နှင့်

ရုကာမှုကာ

သမိုင်းဝင်မှတ်တမ်း



သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၀၉

http://www.dhammadownload.com

သူလိုလူ

လူကုန်ရွေတွင်
ရှာဖွေမွေနှောက်
သဒ္ဓါပေါက်
တယောက်ရဲရဲ
ရှိနိုင်ခဲရှင့် ....

ဘဒ္ဒန္တကုမာရော ထေရော၊ ကုသလော ပိဋ္ဌကော ဝိဒူ။
ဘာသန္တရေသု နေကေသု၊ ဝိညူ ပဏ္ဍိတဇာတိကော။

သမိုင်းတခေတ် ဆန်းသစ်တဲ့ တို့ဗန်းမော်
ပါဠိအကျော် .....
ဇမ္ဗူပေါ် တူတယ်လေ့ ထေရိဘုရား၊
ဘာသန္တရ ဆေက ထွေထွေရုမှာ
လူတကာ ခေါင်ကိုးတယ်.... ကွယ်၊
ထူးတဲ့ လူသား.....

ကိုပညာ-ဗန်းမော်တိုက်

FULL COLOUR Computer Graphic Design & Printing House No.449, 33 St, Bet: 81 & 82 Sts, Mandalay. Tel:09-2034819

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



နဝမဗန်းမော်ဆရာတော်ကြီး၏ ပတ္ထမြားရတုပူဇော

မာတိကာ

ခါတ်ပုံကဏ္ဍ

နဝမဗန်းမော်ဆရာတော်ကြီး၏ ပုံတော်

နဝမဗန်းမော်ဆရာတော်ကြီး၏ သြဝါဒ

နဝမဗန်းမော်ဆရာတော်ကြီး၏ အဖွင့်အမှာစကား

နဝမဗန်းမော်ဆရာတော်ကြီး၏ ကျေးဇူးရှင်ဆရာများ

နဝမဗန်းမော်ဆရာတော်ကြီး၏ ပါဠို ထေရပွတ္တိ

ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သြဝါဒကထာ

နဝမဗန်းမော်ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ

စီစဉ်သူ၏ စာမိတ်ဆက်

တိပိဋက ပါဠို-မြန်မာ အဘိဓာန်ကျမ်းပြု ဆရာတော်များ (ဘုရားကြီးအဖွဲ့)

နာယကအဖွဲ့ အစည်းအဝေးမှတ်တမ်း

ဗန်းမော်တိုက် ကျောင်းဆောင်များပုံ

နဝမဗန်းမော်ဆရာတော်ကြီး၏ ရေးသားထုတ်ဝေ ကျမ်းစာပေများ

စီစဉ်သူ၏ ကျေးဇူးအမြွက်နှင့် ဝန်ခံချက်

သမိုင်းကဏ္ဍ

ချီးကျူးထိုက်စွာ ဗန်းမော်ဆရာ – ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ ၃

ရတုဝေါဟာ ပြောစရာစကား – မော်ကွန်းတိပိဋကဓရ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ၁၆

ဗန်းမော်တိုက်သမိုင်းနှင့် အာစရိယ ပရမ္ပရ – ကိုပညာ ဗန်းမော်တိုက် ၂၂

မြန်မာနိုင်ငံသာသနာဝင်မှာ ထင်ရှားသောဆရာတော်ကြီး – မစိုးရိမ်စာသင်သား ၃၄

အမရပူရ-မန္တလေးဗန်းမော်ကျောင်းတိုက်သမိုင်းခရီးနှင့်
ဗန်းမော်ဆရာတော်များ – နတ်မောက်ထွန်းရှိန် ၄၄

http://www.dhammadownload.com



နဝမမန်းမော်ဆရာတော်ကြီး၏ ပတ္ထမြားရတုပူဇော

မာတိကာ

သာသနာဝင်မှတ်တမ်းသမိုင်း – ကိုပညာ ဗန်းမော်တိုက် ၄၈

မန္တလေးမြို့ ရတနာမဉ္ဇူဘုရားသမိုင်းကို
သုတေသနအမြင်နဲ့ ပူဇော်ကြည်ညိုခြင်း – စိုးနိုင် (မန္တလေးတက္ကသိုလ်) ၆၁

တခါတုန်းက ဗန်းမော် – အရှင်ကောသလ္လဘာဏ၊ မန်းဗန်းမော် ၇၁

ဗန်းမော် "ဘက"မူလတန်းကျောင်း – ကောင်းမြတ်သူ၊ မန်းဗန်းမော် ၇၈

ဗန်းမော် ဟူသော ပဲ့တင်သံ – ဦးအောင်မြင့် (ဓမ္မာစရိယ၊ဘီအေ၊ HGP) ၈၂

ဗန်းမော် ဆရာတော်နှစ်ပါး – မစိုးရိမ်တိုက်သစ်၊မဟာနာယကချုပ် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ၈၇

ဆောင်းပါးကဏ္ဍ

ဗန်းမော်ဆရာတော်နှင့်ကျွန်တော် – ဉာဏ်ထွန်း၊ ဒီယဘာဏကဓမ္မာစရိယ၊ပါဠိပါရဂူ ၉၃

ပါဠိပါရဂူ အစစ် – အရှင်ကောဝိဒ(ယော) ၁၀၀

သာသနာကိုဘယ်သူစောင့်တယ် – အရှင်ကောသလ္လဘာဏ၊ မန်းဗန်းမော် ၁၀၅

ပရိယတ္တိသာသနဟိတအသင်းနှင့်
ဗန်းမော်ဆရာတော် – အရှင်ဒေဝိန္ဒာဘိဝံသ(သီတဂူ) သီရိလင်္ကာ ၁၀၈

လိုအင်ဆန္ဒများ ပြည့်ဝခဲ့ရပါပြီ – အရှင်ပညောဘာသလင်္ကာရ၊ တိ=နိ၊မိုးမိတ်ကုန်းမြေ ၁၁၉

ထုတိသဝဏ် ဆန္ဒမွန် – ဦးသူတော်၊ ဥက္ကဋ္ဌကြီး၊ တိ=နိ ဥပဒ္ဒါကအဖွဲ့ ၁၂၅

ကျွန်တော်သိသော ဗန်းမော်ဆရာတော် – ဉာဏ်ထွန်း၊ ဒီယဘာဏကဓမ္မာစရိယ၊ပါဠိပါရဂူ ၁၂၈

ဗန်းမော်ဆရာတော်ကြီး၏ ပဋိပတ္တိဆောင်ရွက်ချက် – ဦးခင်မောင်စိုး (စံရိပ်ငြိမ်) ၁၃၃

အစစ်နှင့်အတု – ကိုရင်သာဂိ၊ ဗန်းမော် ၁၃၇

ဆရာကောင်းတပည့် – မြင်းမူ တိပိဋကဓရ ဘဒ္ဒန္တဝံသပါလာလင်္ကာရ ၁၄၀

ဗန်းမော်ဆရာတော်အသွင် မိမိအမြင် – ကျောင်းထိုင်တုန်းကြီးသင်တန်းဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တကေသဝ ၁၄၇

အားကိုးထိုက်ပေ ဆရာထေရ် – ရမ္မာဝတီတိပိဋကဓရ ဘဒ္ဒန္တက္ကန္ဒပါလ ၁၅၁

http://www.dhammadownload.com



နဝမမန်းမော်ဆရာတော်ကြီး၏ ပတ္ထမြားရတုပူဇော

မာတိကာ

ပညာရေးစနစ်၏ ဖန်တီးရှင် – ဦးပညောဘာသ ၊ ၁၆၁

စာတော်၍ စိတ်ထားကောင်းသော

ဆရာတော် – ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ(လန်ဒန်)၊ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ၁၆၄

ဗုဒ္ဓခြေတော်ရာမှ ဝဗုမာနကလက္ခဏာ – အရှင်နာရဒါဘိဝံသ(လှရတနာ) ၁၆၈

ထေရီအပဒါနဒီပနီမှ ပေးသောအသီဉာဏ် – အရှင်ဓမ္မနိမ္မိတာဘိဝံသ ၁၇၆

သြဝါဒကဏ္ဍ

ဗန်းမော်ဆရာတော်နှင့် သိမ်ကံဆောင် – ရန်ကင်းတောင်ဆရာတော်၊ ပုသိမ်ကြီး ၁၉၁

အဆောင်လက်ဖွဲ့နှင့် အယောင်ဆောင်ခြင်း – ကိုပညာ၊ ဗန်းမော်တိုက် ၁၉၆

မြတ်ဆရာ၏ သြဝါဒဒေသနာ – ရွှေညဝါဆရာတော်၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ၂၀၄

ကံသုံးဖြာဖြင့် အားရစွာကန်တော့ပါသည် – ဦးပညာနန္ဒ၊ ဗုဒ္ဓတက္ကသိုလ်–မန်း ၂၀၉

ဗန်းမော်ဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် – ဦးကေသရ၊ ဗန်းမော်တိုက် ၂၁၂

ဝါဒန္တရနှင့် သိမ်ထပ်သြဝါဒ – ကိုပညာ တင်ပြသည်။ ၂၁၆

ရတုကဏ္ဍ

ထေရပွတ္တိဝုဏ္ဏထောမနာ ပတ္ထနာပြု ရတုပိုဒ်စုံ – ဘဒ္ဒန္တသုမင်္ဂလသာမိဘိဝံသ၊ မြင်းခြံ ၂၂၃

ပတ္တမြားရတုပူဇော်ပွဲ စကြာလည်ရတု – ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဆင်မင်း ၂၂၆

အဘိသဒ္ဓမ္မထုတိဝေဒလ္လ အချီအချည်ရတုပိုဒ်စုံ – အရှင်ကောသလ္လဉာဏ၊ ဗန်းမော် ၂၂၉

အရှင်အာနန္ဒာအလား ထေရ်ဘုရား ဧကပိုဒ်ရတု – အရှင်နန္ဒာစရိယ၊ နယား ၂၃၂

တေးထပ်ကဏ္ဍ

ပတ္တမြားရတု ပုလဲသွယ်လူးတားညှပ်တေးထပ် – အရှင်ပညာသီရိ၊ မြင်းခြံ ၂၃၅

ပတ္တမြားရတုပူဇော်ပွဲ ထပ်တွန့်(၈၀)ပေါ်တေးထပ် – ဘဒ္ဒန္တအဂ္ဂဉ်၊ ဝုဏ္ဏဝတီ ၂၃၆

http://www.dhammadownload.com



နဝမဗန်းမော်ဆရာတော်ကြီး၏ ပတ္တမြားရတုပူဇော

မာတိကာ

ကန်တော့ပန်းအဋ္ဌလီ(၈၀)ပေါ်တေးထပ် – ကိုရင်သာချို၊ တောင်သာ ၂၃၈
ထာဝရမှောင်မသီ သာသနာ့ရောင်ခြည်
နဘေဆင့်ထပ် (၈၀)ပေါ်တေးထပ် – အရှင်ကောသလ္လာဘိဝံသ၊ ဗန်းမော် ၂၃၉
ပတ္တမြားရတုပူဇာ (၈၀)ပေါ်တေးထပ် – မုံရွာငွေတမာ ၂၄၁
ပါဠိတေးထပ် – ကိုပညာ၊ ဗန်းမော်တိုက် ၂၄၂

ဂါထာကဏ္ဍ

ပတ္တမြားရတု ပူဇာ ဂါထာလင်္ကာ – ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ရေစကြို့ တိပိဋကဓရ ၂၄၅
ဝုဏ္ဏဝိသိဋ္ဌပူဇာ မင်္ဂလာ ထုတိဝေဒလ္လဂါထာ – အရှင်ပညာသိရီဘိဝံသ၊ ဝိသုဒ္ဓါရုံ ၂၄၆
အာစေရဝုဏ္ဏ ထုတိပူဇာ ဂါထာတော်များ – ရွှေညဝါတေဇာ၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ၂၅၀
ဗန်းမော်ဆရာတော် သက်တော်ရာကျော် ရှည်ပါစေ – နာယကကြီးဦးဟန်ထွန်း ၂၅၇
ပတ္တမြားရတုပူဇာဂါထာ – သဒ္ဓမ္မဝေဝုလ္လ၊ ဗန်းမော်တိုက် ၂၆၀

ကဗျာကဏ္ဍ

ဘွဲ့တံဆိပ်တော် ပူဇော်ပွဲကြီး – ကောင်းမြတ်သူ၊ ဗန်းမော် ၂၆၃
ကြယ်များရံသော ငွေလမင်း – ဗန်းမော်မောင်ကျော် ၂၆၄
ဗန်းမော်ကျောင်းက ငယ်ပေါင်းသို့ – ငွေနွယ်(ကဗျာ) ၂၆၅

ဒဿနထွေတလာကဏ္ဍ

ဗုဒ္ဓနှင့် ပညာရှင်များ အဆိုအမိန့် – ကိုပညာ၊ ဗန်းမော်တိုက် စုစည်းတင်ပြသည်။ ၂၆၉

မိဘမေတ္တာ(အတိုဆုံးဝတ္ထု) – ကိုပညာ၊ ဗန်းမော်တိုက် ၂၇၇
ဗန်းမော်တိုက် ကျောင်းဆောင်များပြ မြေပုံအညွှန်း ၂၇၈

နဝမဖန်းမော်ဆရာတော်ကြီး၏ ပတ္တမြားရတုပူဇာ



ပုံနှိပ်မှတ်တမ်း

စီစဉ်တည်းဖြတ်သူ	◆	ကိုပညာ၊ ဗန်းမော်တိုက်
ကွန်ပျူတာစာစီ	◆	မန်းရတနာ၊ စည်းစိမ်
အတွင်းပန်းချီ	◆	ဦးသန်းကြွယ် (ပန်းချီပန်းပုကျောင်း၊ ရန်ကုန်) ဦးတင်ငွေးအောင် (ပန်းချီပန်းပုကျောင်းအုပ်ကြီး၊ မန္တလေး) ဦးခင်မောင်စန်း(ပန်းချီပန်းပုကျောင်း)၊ ဦးစိုးဝင်းအောင်(ပန်းချီပန်းပုကျောင်း)၊ ဦးမြင့်သိန်း(ပန်းချီပန်းပုကျောင်း)၊ ဦးမြင့်ကျော်ထက်(ပန်းချီပန်းပုကျောင်း)
မျက်နှာဖုံးပန်းချီ	◆	ဦးတင်ငွေးအောင် (ပန်းချီပန်းပုကျောင်းအုပ်ကြီး၊ မန္တလေး)
ဒီဇိုင်း	◆	ကိုကျော်လှိုင်ဘွား(Full Colour)၊ ကိုဇော်ကြီး
ဗီဒီယိုနှင့် ဓါတ်ပုံ	◆	မိုးချစ်သူဓါတ်ပုံတိုက်
အဖုံးဖလင်	◆	စတားအင်ပါယာ
အတွင်းဖလင်	◆	နေအောင် (POL)
ပုံနှိပ်	◆	ဦးညွန့်လင်း (အောင်အောင်မိုး-မြဲ-၀၉၀၃၀) အမှတ်(၄၄၉)၊ ၃၃လမ်း၊ ၈၁-၈၂လမ်းကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
စာအုပ်ချုပ်	◆	Full Colour အမှတ်(၄၄၉)၊ ၃၃လမ်း၊ ၈၁-၈၂လမ်းကြား၊ မန္တလေး။
မွေဒါန	◆	တိပိဋကနိကာယ၊ သာသနာပြု ဥပဋ္ဌာကအဖွဲ့
အုပ်ရေ	◆	၁၀၀၀ - အုပ်

၁၃၇၁-ခု၊ တော်သလင်းလဆန်း(၁၄)ရက်၊ ၂၀၀၉-ခု၊ စက်တင်ဘာလ(၂)ရက်၊



ဓါတ်ပုံကဏ္ဍ

http://www.dhammadownload.com



နဝမဗန်းမော်ဆရာတော်

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

မဟာဆေရှုံမြတ်

http://www.dhammadownload.com

နဝမဗန်းမော်ဆရာတော်ကြီး၏
သဝဏ်ဒကထာ



“ သက္ကော=စွမ်းနိုင်သူ ”

စွမ်းနိုင်သူဆိုတာ ပဓာနိယင်အင်္ဂါငါးပါးနှင့် ပြည့်စုံသူဟု မဏ္ဍိမ ပဏ္ဏာသ၊ ဗောဓိရာဇကုမာရသုတ်၊ ၂၉၇-၌ မြတ်စွာဘုရား ဟောထားတော်မူ၏။။

ပဓာနိယင်အင်္ဂါငါးပါးဆိုတာ ....

(၁) လောကအလုပ်ဖြစ်စေ၊ ဓမ္မအလုပ်ဖြစ်စေ အကျိုးစီးပွား ဖြစ်ထွန်းလိမ့်မည် ဟု ယုံကြည်မှုရှိခြင်း။

(၂) ကျန်းမာရေးကောင်းမွန်ခြင်း။

(၃) ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံး ရိုးသားဖြောင့်မတ်ခြင်း။

(၄) လုံ့လကြိုးကုတ် အားထုတ်ခြင်း။

(၅) ကောင်းဆိုးနှစ်တန် မှား အမှန်ကို ဉာဏ်ပညာဖြင့် စဉ်းစား နှိုင်းချိန်ဆုံးဖြတ်နိုင်ခြင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှု သက္ကော=စွမ်းနိုင်သူ-ဟု မြတ်စွာဗုဒ္ဓ မိန့်တော်မူပါ၏။။

ယုံကြည်ကျန်းမာ၊ ရိုးဖြောင့်ပါ၊ စိပ်ဖြာကြိုးစားက၊
လောကဓမ္မ၊ ကျိုးနှစ်ဝ၊ မချုပြီးစီးရ။

နဝမဗန်းမော်ဆရာတော်
၂၈-၆-၂၀၀၉

http://www.dhammadownload.com



နဝမပန်းဟော်ဆရာတော်ကြီး

၏

အပွင့်အမှာဝကား

" ဥဇု စ သုဟုဇုစ " .....

ဥဇု-ဆိုတာ ကိုယ်အားဖြင့်၊ နှုတ်အားဖြင့် ရိုးသားဖြောင့်မတ်ရမည်တဲ့။

သုဟုဇု-ဆိုတာ စိတ်အားဖြင့် ရိုးသားဖြောင့်မတ်ရမည်တဲ့။

မေတ္တာဟွားများတဲ့နေရာမှာဖြစ်စေ၊ အခြားလောကဓမ္မကြီးဟွားရေး၊ စီးဟွားရေးလုပ်တဲ့နေရာမှာဖြစ်စေ အင်မတန်အရေးကြီးသောကြောင့် " ဥဇုစ သုဟုဇုစ " ဟု မြတ်စွာဘုရားသည် နှစ်ကြိမ်တိုင်တိုင် အထူးဆင့်ပြီး ဟောတော်မူထားခြင်း ဖြစ်ပါ၏။

မရိုးသား၊ မဖြောင့်မတ်ရင် မေတ္တာတရား မထားနိုင်သလို လောကဓမ္မ အကျိုးစီးဟွားများလည်း မဖြစ်ထွန်းနိုင်ပါ။

ပဓာနိယင်္ဂအင်္ဂါငါးပါးထဲမှာ လောကဓမ္မ ကြီးဟွားချမ်းသာဘို့အတွက် တတိယအင်္ဂါအနေနဲ့ ဥဇု-ရိုးသားဖြောင့်မတ်ရမယ်၊ သုဟုဇု-အလွန့်အလွန် ရိုးသားဖြောင့်မတ်ရမယ်ဟု လာရှိပါသည်။

ကောင်းပြီ၊ ဒါဖြင့်ရင် ဥဇု-ကိုယ်နှုတ်အားဖြင့် ရိုးဖြောင့်သူ၊ သုဟုဇု-စိတ်အားဖြင့် ရိုးဖြောင့်သူဆိုတာ ဘယ်လိုအင်္ဂါ လက္ခဏာတွေရှိသလဲလို့ ပြောကြည့်ရအောင် .....

(၁) မောင်ဖြူအတွက် ရလာတဲ့ဝေစုကို မောင်နီက မောင်ဖြူမသိသော်လည်း မူရင်းအတိုင်း မောင်ဖြူကို ပေးလိုက်ခြင်းသည် အဲဒါ ရိုးသားမှုပါ။

(၂) ကာယကံရှင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မတရားတဲ့အခွင့်အရေးကို မတရားဘူးထင်ရင် မယူခြင်းသည် အဲဒါ ရိုးသားမှုပါ။

http://www.dhammadownload.com

(၃) တဘက်က စောင့်စည်းမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စောင့်စည်းရမည့် တာဝန်ဝတ္တရား ရှိသည့်နေရာ၌ စောင့်စည်းနိုင်ခြင်းသည် အဲဒါ ရိုးသားမှုပါ။

(၄) မိမိမစားထိုက်၊ မသုံးထိုက်ဟု လက်ခံယုံကြည်ထားသည့်အရာကို မစားမသုံးဘဲနေခြင်းသည် အဲဒါ ရိုးသားမှုပါ။

(၅) မှုရင်းအတိုင်း တိုက်ရိုက်မပြောဆိုဘဲ အကြောင်းဥပါယ် နည်းပရိယာယ်နှင့်ပြောလျှင် ရပါလျက် မပြောဘဲ မှုရင်းအတိုင်း ပြောဆိုခြင်းသည် အဲဒါ ရိုးသားမှုပါ။

(၆) လူတို့ အထင်ကြီးခံရသည်ဖြစ်စေ၊ အထင်သေးခံရသည်ဖြစ်စေ၊ အ,သည် န,သည်ဟု အပြောခံရသည်ဖြစ်စေ၊ ဂရုမပြုဘဲ ပကတိစိတ်ထဲရှိတဲ့အတိုင်း ပြုမူပြောဆိုခြင်းသည် အဲဒါ ရိုးသားမှုပါ။

(၇) မတရားတဲ့နည်းလမ်းနဲ့နေရာ အခွင့်အရေးတစုံတရာရယူမှု မပြုခြင်းသည် အဲဒါရိုးသားမှုပါ။

(၈) မဟုတ်မမှန်၊ လုပ်ကြံပြောဆိုခြင်း မုသာဝါဒ၊ လှည့်ပတ်ခြင်း မာယာ၊ စဉ်းလဲကောက်ကျစ်ခြင်း သာဒေယျ တို့ မရှိမှုသည် အဲဒါ ရိုးသားမှုပါ။

(၉) ယုံကြည်မှုခံရသူသည် ရိုးသားမှုရှိ၏။ ရိုးသားသူသည် ယုံကြည်မှုခံရ၏။ မျက်ကွယ်မှာ မျက်နှာလွှဲခဲပစ် မလုပ်ခြင်းသည် အဲဒါ ရိုးသားမှုပါ။

(၁၀) မင်းအမတ်ကြီးမှစ၍ ဘုန်းတုရားတို့အပါအဝင် ပြည်သူပြည်သား ဆင်းရဲသား နင်းပြားပါမကျန် လူသားအားလုံး ပိုင်ဆိုင်ခွင့်ရှိသောအရာသည် ရှိ၏။ ထိုအရာသည် ရိုးသားမှုပါ။

(၁၁) လောကဌ် ဒွေကြေးဥစ္စာ ရာထူးဂုဏ်ဝါတို့ဖြင့် တန်ရာတန်ကြေးပေး၍ ဝယ်ယူမရ နိုင်သောအရာသည် ရှိ၏။ ထိုအရာသည် ရိုးသားမှုပါ။

(၁၂) ယော၊ အကြင်သူသည်။ ဥဇုဘူတော၊ ဖြောင့်မတ်၏။ အ ကဋ္ဌိလစိတ္တော၊ မကောက်ကျစ် မစဉ်းလဲတတ်။ သိလဝါ၊ ကိုယ်ကျင့်သိက္ခာရှိ၏။ ကာယဝင်္ကာဒိရဟိတော၊ ကိုယ်၏ကောက်ကျစ်မှုစသည်တို့မှ ကင်း၏။ (ဝါ) ကိုယ်၏ကောက်ကျစ်မှု၊ နှုတ်၏ လိမ်လည်လှည့်ဖြားမှု၊ စိတ်၏ မမှန်ကန်မှုတို့မှ ကင်း၏။ သော၊ ထိုသူသည်။ ဥဇု ရိုးသားဖြောင့်မတ်သူ။ သုဟုဇု အလွန်အလွန် ရိုးသားဖြောင့်မတ်သူဟူ၍။ တုမှော၊ သင်သူတော်ကောင်းတို့သည်။ ဂဏ္ဌထ၊ ရိုးရေသားဖေါက် ရိုးတွင်းချဉ်ဆိုက်အောင် မှတ်ကြလေကုန်။

နဝမဗန်းမော်ဆရာတော်

၂၈-၆-၂၀၀၉

http://www.dhammadownload.com



ကျေးဇူးရှင်
မင်းကွန်းတိပိဋကဓရ
ဆရာတော်ကြီး၏
သမ္ဓါဒကထာ

ဦးဇင်းတို့ ....

လောကမှာ မိတ် ဆွေးကြောင်း (၃)ပါးရှိတယ်။

နံပါတ်တစ် - အစ္စာဘိက္ခဏ သံသဂ္ဂ - မိမိမိတ်ဆွေထံ အမြဲမပြတ် သွားလာဆက်ဆံခြင်း၊ ခဏ ခဏ သွားတွေ့ခြင်း။

နံပါတ်နှစ် - အသမောသရဏ - မိမိမိတ်ဆွေနှင့် လွန်မင်းစွာရင်းနှီးချစ်ခင်ပြီးကာမှ မတွေ့အောင် တမင်ပုန်းရှောင်နေခြင်း၊ ရှောင်ဖယ်ရှောင်ဖယ် နေခြင်း။

နံပါတ်သုံး - အကာလေ ယာစန - အချိန်အခါမဟုတ် အလိုက်ကန်းဆိုးမသိ တောင်းသင့်မတောင်းသင့် မချင့်ချိန်ဘဲ အရမ်းကာယော တောင်းလေ့ရှိခြင်း။

ဤသုံးပါးတို့ကား မိတ် ဆွေးကြောင်းတို့ပါတည်း။ ဒီတော့ကား မိတ်ဆွေအဖြစ်ကနေ မိတ်ဆွေး မဖြစ်စေကြနဲ့ ဦးဇင်းတို့ .....

မင်းကွန်းဆရာတော်ကြီး၏
မဟာမောဓိဇာတ် ဟောစဉ်မှ

(မော်ကျွန်းတိပိဋကဓရဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ပန်းချီလက်ရာ)

http://www.dhammadownload.com

နဝမမန်းမော်ဆရာတော်ကြီး၏ကျေးဇူးရှင်ဆရာများ

ပတ္တမြားရတနာ





အဒိုဘိဇေစိုးရိမ်ဆရာတော်ကြီး



အဒိဝိသိဋ္ဌတိပိဋကဓရ၊

အဒိဝင်္ဂံသကာမင်းကွန်းဆရာတော်ကြီး



ဘုရားကြီးနယားဆရာတော်

ဘဒ္ဒန္တမေစိယာဘိဝံသ



ဘုရားကြီးအမရပူရဆရာတော်

ဘဒ္ဒန္တဥက္ကံသာဘိဝံသ



ဆန်းကျော်သည့် မန်းမန်းမော်

ဘဒ္ဒန္တပညာဇောတ



ဆန်းကျော်သည့် မန်းမန်းမော်

သတ္တမမန်းမော်ရာတော် ဆန်းဇင်္ဂလ



ဆန်းကျော်သည့် မန်းမန်းမော်

ဆဋ္ဌမန်းမော်ရာတော် ဘဒ္ဒန္တဥက္ကမသာရ

http://www.dhammadownload.com



နဝမဗန်းမော်ဆရာတော်

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

အသက်(၃၃)နှစ်၊ ငယ်ဖူငယ်သွေး တက်ကြွနေသေးဟန်

http://www.dhammadownload.com

နဝဓနိုးမော် ဓဟာထေရဿ

အတ္ထုပ္ပတ္တိနာမ

အမှာကံ် ပန အာစရိယဿ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဿစေဝ အဂ္ဂမဟာပဏ္ဍိတဿစ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဿစ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဿစပေါတ္ထကပါရဂူလဉ္ဆနဿစ ဒေါတာဘဒ္ဒန္တကုမာရာဘိဝံသတ္တေရဿ အဋ္ဌုပ္ပတ္တိ ဧဝံ ဝေဒိတဗ္ဗာ -

အမှာကံ် ဟိ အာစရိယော ဘဒ္ဒန္တကုမာရာဘိဝံသောနာမ မဟာထေရော မန္တလေးရဋ္ဌေ မြင်းခြံဇနပဒေ တောင်သာနဂရေ ရွာဘဲနာမကေဂါမေ ဧကနဝုတိဒ္ဝိသတာဒိကသဟဿမေ (၁၂၉၁) မရမ္မဝဿေ ပေါဋ္ဌပါဒသုက္ကပက္ခဿ စာတုဒ္ဒသိယံ် စန္ဒဝါရေ ဝိဇာတော။

သော ပန ဒဟရကာလေ ရွာဘဲနာမကဿ ဂါမဿ ပုရတ္ထိမဒိသာဘာဂေ ဒ္ဝိဖဏလွဒ္ဒရမတ္တေ ဌိတဿ ဆင်မင်းနာမကဿ ဂါမဿ မူလသာလာယ (ပါဋ္ဌသာလာယ) မူလဘူမိံ် ဝိဇယိ။

တတောပရံ် တောင်သာနဂရ ဇျမ်းနာမကဿ ဂါမဿ မဇ္ဈိမသာလာယ (မဇ္ဈိမိကပါဋ္ဌ -သာလာယ) မဇ္ဈိမဘူမိံ် (မဇ္ဈတလံ်,သတ္တမတလံ်) ဝိဇယိ။

ဣပန်ရာဇုနံ်ကာလေ ပန တောင်သာနဂရရွာသစ်မဟာဂါမဿ ဥစ္စပါဋ္ဌသာလာယံ် ယာဝနဝမတလံ် ဥဂ္ဂဏှိ။

အထာပရံ် ကာလဿ ဒုဇ္ဈိကွတ္တာ ဥပရိမတလံ် အနုဂ္ဂဏှိတွာ ဗုဒ္ဓပါဝစနံ်ယေဝ ဥဂ္ဂဏှိ။

တတောပရံ် ဆင်မင်းဂါမဿ ဝိဟာရေ ဝသန္တဿအာစရိယဝရဿ ဘဒ္ဒန္တပဏ္ဍိစ္စတ္ထေရဿ သန္တိကေ ပဗ္ဗဇိတွာ ရဋ္ဌိဿရေဟိကတံ် စူဠမဋ္ဌမုဿဝံ် စ မဇ္ဈိမုဿဝံ် စ ဝိဇယိ။

တတော ပရံ် ဇျမ်း-ကန်မြဲဂါမေ ပိတာ မဟာဘူတဿ အာစရိယဝရဿ ဘဒ္ဒန္တသောဘိတတ္ထေရဿ သန္တိကေ ကစ္စာယနအဘိဓမ္မတ္ထဝိဘာဝိနီ အဋ္ဌသာလိနီအဋ္ဌကထာပကရဏောဟိ သဒ္ဒိံ် ဆန္ဒပကရဏာဒီနိ ဥဂ္ဂဏှိ။

တတော ပရံ် တမေဝ အာစရိယဝရံ် ဘဒ္ဒန္တသောဘိတတ္ထေရံ် ဥပဇ္ဈာယံ် ကတွာ ဒသတိသတာဓိကသဟဿမေ (၁၃၁၀) မရမ္မဝဿေ မာဃမာသသုက္ကပက္ခဿ ဒသမေ

http://www.dhammadownload.com

ဥပသမဒဘာဝံ ပါပုဏိ။

ထတောပရံ ဒွါဒသတိသတာဓိက သဟဿမေ (၁၃၁၂) မရမ္မဝဿေ မန္တလေး နဂရေ ဒက္ခိဏာရာမဘုရားကြီးအာရာမေ အန္တော အာသဠီယာ နယားနာမဝိဟာရံ ဥပသင်္ကမိ။ တသ္မိံယေဝ ဥပရိမံ ပုဒ္ဓပါဝစနံ ဥဂ္ဂဏှိတွာ တေရသတိသတာဓိကသဟဿမေ (၁၃၁၃) မရမ္မဝဿေ မဟာပဒ္မသုဿဝံ ဝိဇယိ။

တတောပရံ စုဒ္ဒသတိသတာဓိက သဟဿမေ (၁၃၁၄) မရမ္မဝဿေ မန္တလေး နဂရေ ပရိယတ္တိသာသနဟိတသမိတိယာ အာဝေဏိကသိင်္ခံ မဟုဿဝံ ပဒ္မဘာဝေန ဝိဇယိ။ အနုမာသံ တဏ္ဏုလတ္ထာယ နဝကမ္မဝတ္ထုနှိ စ အလဘိ။

တတော ပရံ ပန္နရသတိသတာဓိက သဟဿမေ (၁၃၁၅) မရမ္မဝဿေ ရဋ္ဌဿရကတေ ဓမ္မာစရိယမဟုဿဝေ ဆဟိ ပါဠိအဋ္ဌကထာဂုဏဝိသေသပကရဏေဟိ သဒ္ဓိံ တီဏိ မူလပါဠိအဋ္ဌကထာပကရဏာနိ ကေဝဿေနေဝ ဝိဇယိတွာ သိရောမဏိ ဂုဏဝိသေသံ အလဘိ၊ တာနိ စ နဝပကရဏာနိ ပါဠိဘာသာယေဝ ဝိဿဇ္ဇိတွာ ဝိဇယိ။ တသ္မာ ရဋ္ဌဿရာ ဧကေကပွကရဏဿ အတ္ထာယ ဂုဏကရဏဝသေန အညေဟိ အဓိကံ ပဏ္ဍိတသတိအနာမာသဝတ္ထုနှိ အဒံသု။

တဒနန္တရံ တသ္မိံယေဝ ဝဿေ မန္တလေး နဂရေ ပရိယတ္တိသာသနဟိတသမိတိယာ ဓမ္မာစရိယ မဟုဿဝေပိ ဧကဝဿေနေဝ တီဏိ မဟာအဋ္ဌကထာပကရဏာနိ ဝိဿဇ္ဇိတွာ ဝိဇယိ။ တသ္မာ ဝဠ္ဠသကာဂုဏဝိသေသေန သဒ္ဓိံ သုဝဏ္ဏလဉ္ဆနံ အလဘိ။

တတော ပရံ ရန်ကုန်နာမကရာဇဓာနိယံ သီရိမင်္ဂလေ ကမ္မာအေးနာမကဿ စေတိယဿ အာသန္နေ နိမ္မိတေသု ဗဟူသု ဝိဟာရေသု ဗုဒ္ဓပါဝစနာနိ သင်္ဂါယိတုံ ပဋိဝိသောဓကဘာဝေန သြသာနသောဓက ဘာဝေန စ ဝဟန္တော ဘာသန္တရာနိ ဥဂ္ဂဏှိတွာ ဒသမဘူမိံ ဝိသဇ္ဇနာယပိ ဧကဝဿေနေဝ ဝိဇယိ။

တတောပရံ မန္တလေးတက္ကသိလာယံ ပစ္စေကဘူမိံ ဝိဿဇ္ဇိတွာ ဿဟိစ္စနာတကံ (B.A) အလဘိ။

တတော ပရံ ဒက္ခိဏာရာမဘုရားကြီး အာရာမေ ပုသိမ်နာမကဝိဟာရ ဝသန္တဿ အဂ္ဂမဟာပဏ္ဍိတဿ ဘာသန္တရဆေကဿ ဘဒ္ဒန္တသီလာစာရတ္ထေရဿ သန္တိကေ သက္ကတ ဂန္ထပါဏိနိ ဗျာကရဏေဟိ သဒ္ဓိံ ဝေဒေ ဥဂ္ဂဏှိ။

အမှာကံ အာစရိယော ပန သိရောမဏိ ဝဠ္ဠသကာဂုဏဝိသေသေ လဘိတွာ အစိရသေဝ မန္တလေးနဂရ ဒက္ခိဏာရာမ ဘုရားကြီး ပါဠို

http://www.dhammadownload.com

တက္ကသိလာယံ ကထိကဂဏဝါစက ဓမ္မာစရိယ ဘာဝေန စ ကစ္စာယနအဘိဓမ္မတ္ထ ဝိဘာဝိနီ ပကရဏောဟိ သဒ္ဒိ ပဌာနမဟာ ပကရဏာဒီနိပိ ဝါစေသိ။

ဆဋ္ဌသင်္ဂီတိကာလေ ပန ဒက္ခိဏာရာမ ဘုရားကြီး ပါဋိဝိသောဓက သမိတိယံ မူလ ဝိသောဓကဘာဝေန အာဝဟတိ။ တထာ ဝိနယ ပိဋကာနံ သင်္ဂီတိကာလေပိ သင်္ဂီတိကာရက တ္ထေရဝရဘာဝေန စ။

တတော ပရံ ရန်ကုန်နာမကရာဇဓာနိယံ သီရိမင်္ဂလေ ကမ္ဘာအေးနာမကဿ စေတိယ ဿ အာသန္နေ နိမ္မိတေ ဇမ္ဗုဒီပမဟာဝိဟာရေ ဝိဟရန္တော အတိရေကပဉ္စဝဿာနိ အဋ္ဌကထာ ပကရဏောဟိ သဒ္ဒိ ဋီကာပကရဏာနိ ယာဝ နိဋ္ဌာနာ ဝိသောဓယိ ပဌမံ ပဋိဝိသောဓကဘာဝေန ပစ္ဆာ ဩသာနသောဓကဘာဝေန စ။

တတော ပရံ အမ္ဟာကံ အာစရိယော စတုဝီသတိတိသတာဓိကာဿဟဿမေ (၁၃၂၄) မရမ္မဝဿေ အာသဋ္ဌိမာသတော ပဋ္ဌာယ မန္တလေး နဂရ အသောကာရာမာဓိပတိနော အဘိဓဇ မဟာရဋ္ဌဂုရုနော ဘဒ္ဒန္တသူရိယာဘိဝံသ မဟာ ထေရဿ အနုဂ္ဂဟံ ဂဟေတွာ မန္တလေးနဂရေ ဗန်းမော်အာရာမံ အလဘိ။ လဘိတွာ စ တသ္မိံယေဝ အာရာမေ ပါဋိ အဋ္ဌကထာဒီနိ ဝါစေသိ။ တာနိ စ ဧကမေကံ ဝါဒေတွာ ဥဂ္ဂဏှာပေသိ။

ဗန်းမော်အရာမဿ အာသန္နေသု ဘူမိဘာဂေသု ဒါရကေ ဗုဒ္ဓဘာသာယ ကုသလတ္ထာယ ရဋ္ဌိဿရေဟိ အဘိညာတံ မူလသာလံ (ပါဠိသာလံ) ဝိဝရိတွာ သိက္ခာ ပေသိ။ စတုတ္ထဘူမိကာ ဒါရကာ ယေဘုယျေန စတုတ္ထဘူမိံ (ပါဠိမိကတလံ) ဝိဿဇ္ဇိတွာ သတ္ထော ဝိဇယိံသု။

နိဒါယေ ပါဠိသာလာပိ ဒဟနကာလေပိ ဒါရကာနံ စာရိတ္တာနံ ကုသလတ္ထာယ မင်္ဂလဖျာယနတ္ထမေ ဝိဝရိတွာ မင်္ဂလသုတ္တာဒီနိ သိက္ခာပေသိ။

ဗောဓိကုန်းနာမကဘူမိဘာဂဿ အာသန္နေ ဝသန္တာနံ ဘိက္ခုသာမဏေရာနံ ပိဏ္ဍကေန အကိလမာယ ဧကာဘတ္တဒါနသမိတိံ သဏ္ဌာပေတွာ ဥက္ကဋ္ဌဘာဝေန အာဝဟိ။

ရဋ္ဌိဿရေဟိ ပန ပဓာနဘာဝေန ကတဿ တိပိဋကပါဋိ - မြန်မာ အဘိဓာန ပွကရဏဿ ရစိတကာလေ မန္တလေးနဂရ ဒက္ခိဏာရာမဘုရားကြီးအာရာမဿ တိပိဋက-ပါဋိ-မြန်မာ အဘိဓာနသမိတိယာ ဟိတရေ ဘာဝေန ရစယိ။

ရစယန္တော စ ဣဂ်လိဿ သက္ကတ ပါကတ အဒ္ဓမာဂဓျာဒီဟိ ဘာသန္တရေဟိ စ ဗျာကရဏောဟိ စ သံသန္ဒိတွာ ကရဏဋ္ဌာနေ ပဓာနဘာဝေန ရစယိ။

စတ္တာရိ တိပိဋကပါဋိပဒပကရဏာနိ

http://www.dhammadownload.com

မုဒ္ဒါပိတာနိ ဟောန္တိ။ တိပိဋကာ ပါဠိ-မြန်မာ အဘိဓာနပွဲကရဏာနိ ပန မုဒ္ဒယမာနာနိ။

အမှာကံ အာစရိယော ပန မရမ္မရဋ္ဌသဃေမဏ္ဍော ဝမ်းတွင်းနာမ နဂရေ သိမ်တောင်နာမ အရညဝိဟာရေ ဝသန္တာနံ ဘဒ္ဒန္တဇောတိကတ္ထေရာဒီနံ အဋ္ဌပ္ပတ္တိဒီပနီ စ ရစယိ။

ဗုဒ္ဓါဝါဒံ (ဗုဒ္ဓအဘိဓမ္မံ) ဇာနိတုကာမာနံ ပုစ္ဆိတပဉ္ဇေပိ ဗုဒ္ဓမတိယာ ဝိဿဇ္ဇေသိ။

အထာပရံ မင်းကွန်းနာမ ပဗ္ဗတေ ဓမ္မနာဒါရာမေ ဝသန္တေန တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကေန အဂ္ဂမဟာပဏ္ဍိတေန အဘိဓဇမဟာရဋ္ဌဂုရုနာ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကန စ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရေန အဖ္ဖဋ္ဌော မောဂ္ဂလာန ဗျာကရဏာသဿံဝဏ္ဏနာဘူတာယ ပယောဂသိဒ္ဓိယာ နိဿယဥ္စ ရစယိ။

ဒွေစတ္တာလီသတိသတာဓိကသဟဿမေ (၁၃၄၂) မရမ္မဝဿေ သံယပဗန္ဓပဒ္ဓတိယာ အတ္ထာယ ဥပဒေသံ ရစိတကာလေပိ ဝိနယဓမ္မကမ္မာဓိကရဏသတ္ထလေခနသမိတိယာ ဟိတဓရဘာဝေန ရစယိ။

ပဉ္စတာလီသတိသတာဓိကသဟဿမေ (၁၃၄၅) မရမ္မဝဿေ မဟာရဋ္ဌသံယနာယကတ္ထေရေဟိ ပယောဇိတော ဓမ္မနီတိဝါဒံ ဇကေန ဝိနယဓရဘာဝေနဟိတဓရဘာဝေနစ ဝိနိစ္ဆယိ။

အမှာကံ အာစရိယော ပန တေပညာသတိသတာဓိကသဟဿမေ (၁၃၅၃) မရမ္မဝဿေ ကတ္တိကမာသေ ရဋ္ဌိသရေဟိ ဒတ္တိယံ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတလဉ္ဆနံ အလဘိ။

တတော ပရံ သဋ္ဌိ တိသတာဓိက သဟဿမေ(၁၃၆၀)မရမ္မဝဿေ ကတ္တိကမာသေ ရဋ္ဌိသရေဟိ ဒတ္တိယံ အဂ္ဂမဟာပဏ္ဍိတ လဉ္ဆနဥ္စေဝ ,

သတ္တ သဋ္ဌိ တိသတာဓိက သဟဿမေ (၁၃၆၇) မရမ္မဝဿေ ကတ္တိကမာသေ ရဋ္ဌိသရေဟိ ဒတ္တိယံ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဇလဉ္ဆနဥ္စေဝ,

ဧက သတ္တတိ တိသတာဓိက သဟဿမေ (၁၃၇၁) မရမ္မဝဿေ ကတ္တိကမာသေ ရဋ္ဌိသရေဟိ ဒတ္တိယံ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကလဉ္ဆနဥ္စေဝ အလဘိ။

ဣဒါနိပိ အမှာကံ အာစရိယော ဒီဃာယုကော အရောဂေါစ ဟုတွာ ဒေဝသိကံ ဧကဒိဝသမ္ပိ ဝိပဿနာဘူမိံ အပွတွာ သံယဘာရနိတ္ထရကဘာဝေန သာသနဓုရံ အာဝဟတီယေဝ။

ဓမ္မန္တေဝါသိကော
ဘဒ္ဒန္တသြဘာသာဘိဝံသတ္ထေရော
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတော
ဒက္ခိဏာရာမဘုရားကြီး အာရာမေ
မန္တလေးနဂရေ။

http://www.dhammadownload.com



ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် မွဲ့ပြုံးရေးကောင်စီ အစိုးရ

အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကတွဲတော်

(သာသနာပြုအဆန့်ပြုန်)

ဗုဒ္ဓသာသနာတော် တိုးတက် ပြန့်ပွားရေးကို အထူး
ဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနဝုဗ္ဘိကရဂုဏ်၊ ဗုဒ္ဓ
သာသနာတော် အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌ
ဗုဒ္ဓသာသနပတိတရဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူး
စောင့်ရှောက်တော်မူခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနာနုရက္ခီတဂုဏ်၊
သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း၊ ဝိသိဋ္ဌ
ဗဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌ သီလ သမာဓိ ပညာဂုဏ်
တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊
အပြည်ပြည်ဆိုင်ရာဇေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ဆရာတော် အရှင်သူဖြတ် ဓေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အား

အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ကို ထက်ကပ်လှူဒါန်းပါသည်

၂၀၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် မွဲ့ပြုံးရေးကောင်စီ

သာသနာတော်နှစ် ၂၅၅၈ ကောဆသင္ဃာနာ သုဂတပြည်နှစ်၊ မြတ်စွဲလဆန်း ၉-ရက် (၄-၁-၂၀၁၅)

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ပွံ့ပြိုးရေးကောင်စီ အစိုးရ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ပိဋကတ္တယဆေကဂုဏ်၊ ဂန္ဆစုရာဝဟဂုဏ်၊ မဟာထေရဂုဏ်၊
ပရိယတ္တိ ဝိသာရဂုဏ်၊ လဒ္ဓီ ပေသလ သိက္ခာကာမ စသော
ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း
မဟာအောင်မြေမြို့နယ်၊ ဇန်းမော်ကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တ ကုမာရာဘိဝံသ

အရှင်မြတ်အား

အဂ္ဂမဟာပဏ္ဍိတ

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွံ့ပြိုးရေးကောင်စီ
သာသနာတော်နှစ် ၂၅၄၂၊ ကောဇာသက္ကရာဇ် ၁၃၆၀-ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃-ရက် (၄-၁-၉၉)

http://www.dhammadownload.com



http://www.dhammadownload.com

မန္တလေးမြို့

ပရိယတ္တိသာသနတိတအသင်း



သီးခြားစာသင်ပုဂ္ဂိုလ်တန်းအောင်လက်မှတ်၊

၁၂၈၂ ခုနှစ်၊ မြင်ဆင်သက်မှတ်သည့်၊ စာလျှောက်မေးခန်း၊ ဥပဒေပုဒ်မ-၁၂-အရ၊ ထုတ်အပ်မြင်း။

စာအောင်လက်မှတ် နံပါတ် ၃၀၉

မန္တလေးမြို့ ဒကိုဏာရာမ တိုက်၊ နယား ကျောင်းရှိသိတင်းသုံးနေတော်မူသော ဩဝါဒါစရိယ / ဗျောစရိယ ဆရာဇောဒိဦးဇေဒိယာဘိဝံသ ၏၊ တပြည့်ဖြစ်သော၊ အသက် ၂၃ နှစ်၊ သိက္ခာ ၃ ဝါရှိ ဦး ဦးကုမာရ ရဟန်းတော်အရှင်သူမြတ်သည်၊ ဤအသင်းကကျင်းပသော၊ ၁၃၁၄ ခုနှစ်၊ သီးခြား စာသင်ဘန်းစာလျှောက်မေးခန်းတွင်၊ အသင်းက သတ်မှတ်ပြဋ္ဌာန်းသည့်ကျမ်းများကို သကဒေသီ ပုဂ္ဂိုလ်အဖြစ်အောင်မြင် ထမြောက်တော်မူသည်ဖြစ်သောကြောင့်၊ ဤစာတမ်းလက်မှတ်ကို ၁၃၁၄ ခုနှစ်၊ ဝါဆို ဆန်း ၈ ရက်နေ့၊ မန္တလေးမြို့၊ ပရိယတ္တိသာသနတိတ အသင်းသုမျှောဇရပ်ကြီးတွင်၊ သာသနဇေဝပြသတင် ဆင်ယင် ကျင်းပလျက် ဆက်ကပ်သူဒါန်းပါသည်။

အိန်ရီးအောင်
စာလျှောက်မေးခန်းစာရင်းကိုင်

ဦး [signature]
အသင်းဥက္ကဋ္ဌလူကြီး၊

http://www.dhammadownload.com



ဓမ္မဒေးနှိုး

ပရိယတ္တိသာသနတိဟာသိဂီး

ပရိယတ္တိသာသနဟိတ ဓမ္မဒါနရိယ ပုဂ္ဂိုလ်ဘွဲ့ပုံလက်မှတ်၊

အသင်းဥက္ကဋ္ဌမ ဘုန်းစဉ် ဘွဲ့ပုံလက်မှတ်နံပါတ် ၁၂၄၄

မန္တလေးမြို့ ၉ ဝင်္ဂီသောဘုန်းတိုက် နယ်သစ် ကျောင်းဆရာတော်မှသော ဩဝါဒစကားရပ်ဆုရတော် ဦးဇဋိလသောဘိဝံသ၏ တပည့်ဖြစ်သော သက်တော် ၄၅ နှစ်-သီကျသော် ၃ စံရှိ ဥက္ကဋ္ဌဆရာတော် သည်၊ ဗျိုဟသင်းကကွင်းခုံသာ သဲ့ဝိုင်း ခုနှစ်၊ စာသျောက်မေးခင်းတွင်၊ သီးခြားကိုးကွယ်သော စာသင်ပုဂ္ဂိုလ်အတန်းကို အောင်မြင်ရှိ၊ ၁ နှစ်ပါတ်လုံး အသင်းဥယျဒေရည်သန်ချက်(ခ)အရ၊ အသင်းဘ သီးခြားကိုးကွယ်ရန် စာသင်ပုဂ္ဂိုလ်အဖြစ် ရတောမူမြို့ကျင်၊ ယခု ၁၃၅၅ ခုနှစ်၊ ကျင်းပသော စာလျောက်မေးခန်းတွင် အသင်း ဥယျေဒည်သန်ချက် (က) အရ၊ သီးခြားကိုးကွယ်ရန် စာဆုပုဂ္ဂိုလ်အတန်း သတ်မှတ် ပြဋ္ဌာန်းသည့် အဋ္ဌကထာကျမ်းကြီးများကိုပြည့်စုံစွာ ထမြောက်အောင်မြင်ပြီးဖြစ်သောကြောင့် ၁၁၅၇ ကုလသာရ အိမ်သပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ပုဂ္ဂိုလ်ဘွဲ့ပုံလက်မှတ်ကို ၁၃၁၅ ခုနှစ်၊ ဒုတိယဝါဆိုလ ပြာသိုရက်နေ့ မန္တလေးမြို့ အသင်း သူတော်ရင်ကြီးထွဋ် သာသနဓဇမဟာသင် ဘင်္ဃင်ကျန်းမာကျော် ပြီးမြောက်ပေးအပ် ဆက်ဘင် လွှဲပြောင်းပါသည်။

အသင်းဥက္ကဋ္ဌရဟန်ကြီး

မဟာထေရ်တော်ကြီးတို့ကိုယ်ချစ်လက်မှတ်

http://www.dhammadownload.com

ပြည်ထောင်စု

မြန်မာနိုင်ငံတော် ပါဠိဘာသာပညာရေးအဖွဲ့

ပဌမပြန်စာမေးပွဲ

၁၃၁၃ ခုနှစ်၊ အောင်လက်မှတ်နံပါတ် (၁၇)

ဖမ္ဘလေး မြို့၊ ဘုရားကြီးဝဉ်ကိ၊ ရပ်ဘား ကျောင်းတိုက်၊

ဦးမေဓိပ ၏တပည့်၊ ရွာအဲ ရွာနေ၊ ဦးအိုးဘစ် ၏

သား၊အသက် ၂၂ နှစ်ရှိ၊ ဦးအုပ်ရ သည်၊

သာသနာ ၂၄၉၅ ခုနှစ်၊ ဇူလိုင် လဉ် ကျင်းပသည့်

ကောဇာ ၁၃၁၃

ပဌမ ကြီး တန်း စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူသည်။

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါဠိဘာသာပညာရေးအဖွဲ့၊

ပြည်ထဲရေးနှင့်
သာသနာရေးဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

၁၃၁၃ ခုနှစ်၊ တန်ဆောင်မုန်း လွန်း(၁) ရက်။

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

★ ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ ★

ပါဠိတက္ကသိုလ် အောင်လက်မှတ်

အောင်စဉ်အမှတ် ----(၆)----

----မန္တလေး---- မြို့ ----ပါဠိတက္ကသိုလ်---- ကျောင်းတိုက်

[illegible]---- တပည့် ----[illegible]---- မြို့/ရွာ နေ ----[illegible]---- ၏

သား အသက် ----[illegible]---- နှစ်ရှိ ----[illegible]---- သည်

ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့မှကျင်းပသော ပါဠိတက္ကသိုလ်စာချတန်း စာမေးပွဲကို

[illegible]

[illegible] – ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ

အောင်မြင်တော်မူ၍ "သာသနဇေသိရီပဝရမ္မောစရိယ" ဘွဲ့ကိုရတော်မူသည်

----[illegible]---- နှစ်စာမေးပွဲ

ဥက္ကဋ္ဌဆရာတော်
ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့

နိုင်ငံတော် သမတကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဥက္ကဋ္ဌဆရာတော်
ပါဠိတက္ကသိုလ်ဗဟိုအမှုဆောင်အဖွဲ့

သာသနာရေးဝန်ကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

နေ့စွဲ ----[illegible]----

http://www.dhammadownload.com

တောင်သာမြို့နယ်အသင်း

(မန္တလေး)



ဂုဏ်ပြုမှတ်တမ်းလွှာ

ရက်စွဲ 29 MAR 2008

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် မွဲ့ပြိုးရေးကောင်စီမှ ချီးမြှင့် သော ရဘဲဇွာ ဇာတိ

ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုဟရဘိဝံသ (မန်းဖော်ကျောင်းတိုက်) သည်

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက်

တောင်သာမြို့နယ်အသင်း (မန္တလေး) မှ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင် ချီးမြှင့်အပ်ပါသည်။

ဥက္ကဋ္ဌ

တောင်သာမြို့နယ်အသင်း (မန္တလေး)

http://www.dhammadownload.com

စာမိတ်ဆက်



ဤဗန်းမော်တိုက်ကြီးသည် "ဒွေ အဋ္ဌ နှင့်၊ ဧက ဧကာ၊ ဗန်းမော်တိုက်တည်တာ" (တနည်း) "စတ္တာရော နဝ၊ ဧက ဧကာ၊ ဗန်းမော်တိုက်တည်တာ" ဟု ကျောင်းတိုက်တည်သက္ကရာဇ်ကို (၁၁၈၂)ခု (တနည်း) (၁၁၉၄)ခု ဟု မူနှစ်မျိုးတွေ့ရ၏။ တခုနှင့်-တခု (၁၂)နှစ်ကွာခြား၏။

သိရီ အတုလ မဟာရတနာဒေဝီ ဘွဲ့မည်ရ ဗန်းမော်မြို့စား မိဖုရားဆောက်လုပ်လှူဒါန်းသော မူလဘူတ ပထမဗန်းမော်ကျောင်းတိုက်မြေနေရာသည် အမရပူရမြို့၏ အရှေ့ပြင် မြိတ်တန်းခေါ်ဘိတ်တန်း၊ ယခု-ခေတ် အခေါ် တံခွန်တိုင်ဘူတာ၏အရှေ့ဘက် ပုဂံတိုက်၊ ပြည်တိုက်တို့၏အနီး၌ တည်ရှိခဲ့၏။

ကောဇာသက္ကရာဇ် (၁၂၂၀)ခုနှစ်တွင် မင်းတုန်းမင်း၏ ပင့်လျှောက်ချက်အရ အမရပူရမြို့ မူလဗန်းမော်တိုက်ဟောင်းနေရာမှ မန္တလေးမြို့တောင်ပြင်၊ ယခုခေတ်အခေါ် မန္တလေးတက္ကသိုလ် (တက္ကသိုလ်မိန်းကြီး) ဘောလုံးကွင်းနေရာသို့ ပြောင်းရွှေ့ပေးခဲ့၏၊ ပထမနေရာနှင့်ဒုတိယနေရာသည် (၃၈)နှစ်ကွာခြား၏။

ယခုလက်ရှိပြာသာဒ်ဆောင်၊ စနုဆောင်၊

http://www.dhammadownload.com



သည့် ပဋ္ဌမဗန်းမော်ဆရာတော် ဘဒ္ဒန္တနန္ဒိမာလင်္ကာရ ကနောင်အိမ်ရှေ့ဥပရာဇာ၏ သမီးတော်၊ ဗန်းမော်ဝန်မင်း၏တူမ၊ ကောင်းတုံနယ်စား မယ်ဆွေရုံအမည်ရှိ မင်းသမီးက ဆောက်လုပ်လျှဒါန်းသော ကျောင်းကြီးဖြစ်၏၊ ယခင်က မန္တလေး တက္ကသိုလ် ဘောလုံးကွင်းနေရာမှာပါ။

တတိယအကြိမ်မှာ "ဆန်းကျော်သည့် မန်းဗန်းမော်" ဟု ကျော်ကြားသော ပဋ္ဌမဗန်းမော်ဆရာတော်၏ မြေးတော်စပ်သူ ဆဋ္ဌဗန်းမော်ဆရာတော် ဘဒ္ဒန္တဥတ္တမသာရ လင်္ကာထက်၊ ကောဇာသက္ကရာဇ် (၁၂၈၈)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၉၂၈)ခုနှစ်တွင် အင်္ဂလပ်အစိုးရက ဗန်းမော်တိုက် (စီးတော်မြင်းဝန်တိုက်၊ ဆီးဘန်းနီတိုက်) နေရာများကို စိုက်ပျိုးရေးသိပ္ပံ နယ်မြေပြုလုပ်လို၍ မန္တလေးတက္ကသိုလ် ဘောလုံးကွင်းနေရာမှ ယခုလက်ရှိ ဗန်းမော်တိုက် နေရာသို့ ပြောင်းရွှေ့ပေးခဲ့လေ၏။

ဒုတိယနေရာနှင့် တတိယနေရာသည် (၆၈)နှစ်ကွာခြားဖြစ်၏၊ တတိယနေရာနှင့် ပထမ နေရာသည် (၁၀၆)နှစ်ကွာခြားဖြစ်၏၊

ယခုနှစ် ကောဇာသက္ကရာဇ် (၁၃၇၁)ခုနှစ်၊ ခရစ်သက္ကရာဇ် (၂၀၀၉) ခုနှစ်မှာ ဗန်းမော် ကျောင်းတိုက်ကြီး၏ သက်တမ်းသည် "ဒွေအဋ္ဌ နှင့်၊ ဧက ဧကော၊ ဗန်းမော်တိုက်တည်တာ" ကို မူတည်လျှင် (၁၈၉)နှစ်ကြာမြင့်ခဲ့ပါပြီ၊ လာမည့်ကောဇာသက္ကရာဇ် (၁၃၈၂)ခုနှစ်၊ ခရစ်သက္ကရာဇ် (၂၀၂၀)ခုနှစ် ရောက်သောအခါ ဗန်းမော်ကျောင်းတိုက်တည် သက်တမ်းသည် နှစ် (၂၀၀)ပြည့်လတ္တံ့ ....

ကျောင်းတိုက်အုပ်ချုပ် မဟာနာယကဆရာတော်အရေအတွက်ကလည်း မုံရွာမြို့၊ မဟာလယ်တီတိုက်ကြီးပမာ ယခုအချိန်ထိ ဆရာတော်အစဉ်အဆက် (၉)ပါး မြောက် အုပ်ချုပ်ကြသော ကျောင်းတိုက်ကြီးများဖြစ်ကြ၏။

ထို့ကြောင့်ယခုနှစ် သက်တော် (၈၀)ပြည့် ပတ္တမြားရတု ဝိဇာတရှင် ဗန်းမော်ဆရာတော်ကြီးကိုလည်း "နဝမ ဗန်းမော်ဆရာတော်" ဟု ခေါ်တွင်သုံးစွဲပါ၏။

ယခုဗန်းမော်တိုက်သမိုင်းနှင့် အာစရိယပရမ္ပရမှတ်တမ်းစာအုပ်ဖြစ်ပေါ်လာပုံကား (၂၀၀၉၊ မတ်လ - ၂၉)နေ့က စက်မှုဝန်ကြီး ဦးအောင်သောင်းမှ ယခုနှစ်တွဲ့ တံဆိပ်တော်ရ တောင်သာနယ်သားဆရာတော်များကို ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ခဲ့၏၊

ယင်း တောင်သာအသင်းဂုဏ်ပြုပွဲသို့ ရန်ကုန်ထေရဝါဒမှ မန္တလေးသို့ ဆရာတော်

http://www.dhammadownload.com

ကြွရောက် လာခိုက် မိမိကလျှောက်ထား၏၊

ဆရာတော်ဘုရား၊ ဒီနှစ်ဆရာတော်ရဲ့ သက်တော်(၈၀)ပြည့် အထိမ်းအမှတ်အဖြစ် "ပတ္တမြားရတုပူဇာနှင့် ဂုဏပူဇာ" သမိုင်းဝင် မှတ်တမ်းစာအုပ် ထုတ်ဝေရရင် သိပ်ကောင်းမှာဘုရားဟုလျှောက်တော့ ဆရာတော်ကြီးက "အင်း ဒီအကြောင်းကို ကျွန်းလှဝေမိုးကလည်း လျှောက်ဖူးတယ်၊ ကောင်းသားပဲ၊ ဦးဇင်းလုပ်ပေါ့" ဟု မိမိကိုတာဝန်ပေးပါ၏။

မိမိက တိုက်အုပ်ဘုန်းကြီး ဦးကောနှင့် ဦးဝေပုလ်တို့ကို ဒီအကြောင်းပြောပြတော့ သူတို့က အားလုံးသဘောတူ စာအုပ်ထုတ်ကြဘို့ နာယကအစည်းအဝေးခေါ်ပြီး မိမိကို တာဝန်ပေး၍ အခမ်းအနားမှူးလုပ်ကာ စာအုပ်ထုတ်ဝေမည့်အကြောင်းများ ဆွေးနွေးတိုင်ပင်ကြပါ၏။

နောင်လာမည့် ကောဇာသက္ကရာဇ် (၁၃၈၂)ခုနှစ်ရောက်သောအခါ ဗန်းမော်တိုက်တည်နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်စာအုပ်၊ စာပေများ တွေ့မြင်ဖတ်ရှုရလိမ့် ဦးမည်ဟု မျှော်လင့်ရပါ၏ ...

သကကာလံ အဝေကွေယျ၊ ကော ဧသော ဓိတိ ဟာပနော။
ယုတ္တာ ယုတ္တံ ဝိစာရေတွာ၊ သတီမာ ဓုဝဒဿိနာ။

လူတယောက် ဘယ်လိုလူလဲဆိုတာ သိချင်ရင် သူရဲ့ကိုယ်ပိုင်အချိန်မှာ သူဘာတွေ လုပ်နေသလဲဆိုတဲ့ ချိန်ခွင်ပေါ် တင်ကြည့်ပါ။

ကြာရှည်လည်း ကြည့်ဦးမှ၊
သတိလည်း ထားဦးမှ၊
စဉ်းစား ဝေဖန်နိုင်တဲ့ ညဏ်လည်း
ရှိဦးမှ သိနိုင်ပါ၏ ....

သစေ ဣဓ အက္ခရာနိ ဝိခိလိတွာ ပဿေယျာထ၊ တာနိ နမမ ဒေါသော၊ နပရေသမ္ပိ၊ အထခေါ အတ္တနော ပုထုဇ္ဇနဂတိယာဝ ဒေါသော။

နာညမညဿ ဒုက္ခ မိစ္ဆေယျ
ကိုပညာ၊ ဗန်းမော်တိုက်
၂၀၀၉၊ ဇွန်လ-၁၉





http://www.dhammadownload.com

မန္တလေးမြို့၊ ဘုရားကြီးတိုက်

တိပိဋက ပါဋိမြန်မာ အဘိဓာန်ကျမ်းပြုအပွဲ့



ရှေ့တန်းဝဲမှ

ဦးကုသလစာရာဘိဝံသ၊ ဦးသြဘာသာဘိဝံသ၊ ဦးသောဘဏာဘိဝံသ၊
ဦးကုမာရာဘိဝံသ၊ ဦးသုန္ဒရ၊ ဦးစက္ကပါလ၊ ဦးပညောဘာသာဘိဝံသ၊

နောက်တန်းဝဲမှ

ဦးနန္ဒာစရိယ၊ ဦးနန္ဒိယ၊ ဦးကဥ္စန၊ ဦးသဒ္ဓမ္မာနန္ဒ၊ ဦးခေမာစာရ

http://www.dhammadownload.com

နဝမဗန်းမော်ဆရာတော်ကြီး၏ ပတ္တမြားရတုပူဇော အစည်းအဝေးမှတ်တမ်း



ဗန်းမော်တိုက်၊ မဟာနာယကအဖွဲ့.



နဝမဗန်းမော်ဆရာတော်ကြီး

ဝံမှယာ – တိုက်အုပ်ဆရာတော်ဦးကောသလ္လ၊ဦးပညာဒီပ၊ဦးဝေဝုလ္လ၊ဦးကေသရ၊ဦးဥတ္တရ၊ဦးဇောတိက၊ဦးပညာလင်္ကာရ(နာယကဆရာတော်(၈)ပါး)နှင့်

ဦးပညောဘာသ၊ဦးဒေမိန္ဒ

http://www.dhammadownload.com



ရေးဟောင်းဗန်းမော်ကျောင်းဆောင်ကြီး

http://www.dhammadownload.com



ဗန်းမော်ကျောင်းဆောင်ကြီး



မမ္မာဒါသ မင်းကွန်းကိုပညာကျောင်း

http://www.dhammadownload.com



နဝမဗန်းမော်ဆရာတော်ကြီး လက်ရှိသီတင်းသုံးရာ ရတနာဃရကျောင်းဆောင်



နဝမဗန်းမော်ဆရာတော်ကြီး ယခင်သီတင်းသုံးရာ ဓမ္မာယတနကျောင်းဆောင်

http://www.dhammadownload.com



ရွှေစင်ထွန်းကျောင်းဆောင်



ဝိဋ္ဌကတိုက်တော်နှင့် ထေရပွတ္တိပြတိုက်

http://www.dhammadownload.com



ဗန်းမော်ကျောင်းတိုက် မုခ်ပေါက်



သာသနသောဘိဏီသိမ်တော်

http://www.dhammadownload.com



မင်းကတော်ကြီးကျောင်းဆောင်



ဆွမ်းစားကျောင်းဆောင်

http://www.dhammadownload.com



သဒ္ဓမ္မရံသီကျောင်းဆောင်



သာသနဓဇဇောတိကကျောင်းဆောင်

http://www.dhammadownload.com



ဓမ္မမဏ္ဍပဝိပဿနာရိပ်သာ



သဒ္ဓမ္မဝေဟုလ္လတိုက်ကျောင်း

http://www.dhammadownload.com



ရတနာဒီပံကျောင်းဆောင်



ဓမ္မသုခကျောင်းဆောင်

http://www.dhammadownload.com

နဝမဗန်းမော်ဆရာတော်ကြီး၏

ရေးသားထုတ်ဝေ ကျမ်းစာပေ တစ်တိတ်တဆေး



















http://www.dhammadownload.com



ကျေးဇူးအမြွက်နှင့် ဝန်ခံချက်

မြင်းမူ၊ အဋ္ဌမ တိပိဋကဓရဆရာတော်
မြင်းခြံ၊ နဝမ တိပိဋကဓရဆရာတော်
စွန်းလွန်း၊ ဒသမ တိပိဋကဓရဆရာတော်
ရမ္မာဝတီ၊ ကောဒသမတိပိဋကဓရဆရာတော်
(၄)ပါးတို့နှင့် ဓမ္မဒါန လှူဒါန်းကြသော
"တိပိဋက နိကာယ သာသနာပြု ဥပဒ္ဒာကအဖွဲ့
မှ ဥက္ကဋ္ဌ၊ အကျိုးဆောင်၊ အမှုဆောင်၊ အဖွဲဝင်၊
စတုပစ္စယ ဒါယကာ ဒါယိကာမ မိသားစု
အားလုံးတို့အား ဒုတိယမြို့ ကျေးဇူးဆိုပါ၏။

အနယ်အနယ်အရပ်ရပ်မှ ရေးသားပေး
ပို့ကြသော စာမူဆောင်းပါးရှင်များ၊ ရတု၊
တေးထပ်၊ ဂါထာ၊ လင်္ကာ၊ ကဗျာ၊ သမိုင်း
စာဆိုရှင်များ၊ စာစောင်ဖြစ်မြောက်ရေး အထူး
အားပေးတော်မူသော သင်္ကတော်(၈၂)နှစ်ရှိ
ပေါက်မြိုင်ဆရာတော်ကြီး၊ ဗန်းမော်တိုက်အုပ်
ဘုန်းတော်ကြီးကော၊ ဘုန်းတော်ကြီး ဦးဝေပုလ
စသော၊ နာယက အဖွဲ့နှင့်၊ ပန်းချီပန်းပု
ကျောင်းအုပ်ကြီး ဆရာ ဦးတင်ဌေးအောင်တို့
အဖွဲ့အား တတိယမြို့ ကျေးဇူးဆိုပါ၏။

ဤနဝမဗန်းမော်ဆရာတော်ကြီး၏
ပတ္တမြားရတုပူဇာနှင့် ဂုဏ်ပူဇာ သမိုင်းဝင်
မှတ်တမ်းစာအုပ်ထုတ်ဝေနိုင်ရန်အတွက် ခွင့်ပြု
ပေးတော်မူသော သင်္ကတော်(၈၀)ပြည့် မွေးနေ့
ရှင် ကျေးဇူးရှင် နဝမဗန်းမော်ဆရာတော်ကြီး
အား ရှေးဦးစွာ ကျေးဇူးဆိုပါ၏။

နဝမဗန်းမော်ဆရာတော်ကြီး၏
တပည့်ကျော်များဖြစ်ကြသော ...
ရေစကြို၊ ဆဋ္ဌတိပိဋကဓရဆရာတော်
မော်ကွန်း၊ သတ္တမ တိပိဋကဓရဆရာတော်

http://www.dhammadownload.com

နဝမဗန်းမော်ဆရာတော်ကြီး၏ ပါရမီဖြည့်ဖက် ကုသိုလ်ရှင်များ၊ ဆွေတော်မျိုးတော်များ၊ ပါဝင်ကူညီဆောင်ရွက်ပေးကြသော ကျေးဇူးရှင် အားလုံးတို့အား အထူးကျေးဇူးဆိုပါ၏။

ယနေ့မျက်မှောက်၌ စာအုပ်စာပေကလ္လာကို နှစ်မျိုးနှစ်စား တွေ့မြင်ရ၏။

နံပါတ်(၁)အမျိုးအစားက ... ကိုယ်ပိုင်ရေး လုံးချင်းဝတ္ထု၊ ဘာသာပြန်၊ ဆောင်းပါး၊ မှတ်တမ်း၊ သမိုင်းဝင်း၊ အတ္ထုပ္ပတ် စတဲ့ လောကဓမ္မ စာအုပ်ကလ္လာနှင့်

နံပါတ်(၂)အမျိုးအစားက....သုတရသ၊ ကဗျာလင်္ကာ အစုံအလင်ပါဝင်တဲ့ စုပေါင်းစပ်ပေါင်းရေးလောက,ဓမ္မမဂ္ဂဇင်းစာအုပ်ကလ္လာ ဒီနှစ်မျိုးဘဲ တွေ့မြင်ရပါ၏။

ပထမအမျိုးအစားသည် ကိုယ်ပိုင်ကိစ္စဖြစ်၍ အဆင်သင့်ဖြစ်နေလျှင် လွယ်ကူပါ၏။ ဒုတိယအမျိုးအစားက ပရဒတ္ထုပနိဿယမကင်းရကားခက်ခဲပါ၏။ ထို့ထက် ကလ္လာများစွာပါဝင်ရကားပို၍ ခက်ပါ၏။ ထို့ထက် လစဉ်ထုတ်ဝေနေကျမဂ္ဂဇင်းများက(၆)လစာအတွက်စာမူများ အဆင်သင့်ဖြစ်နေတဲ့အတွက် ဖြုတ်ချည်းရုတ်ချည်း ထုတ်ဝေရတဲ့ မဂ္ဂဇင်းများက ပို၍ခက်ပါ၏။

ယခု နဝမဗန်းမော်ဆရာတော်ကြီး၏ ပတ္တမြားရတုပူဇာနှင့် ဂုဏ်ပူဇာ သမိုင်းဝင်မှတ်တမ်းစာအုပ်သည် သမိုင်းကလ္လာ၊ ဩဝါဒကလ္လာ၊ ဆောင်းပါးကလ္လာ၊ ဒဿနထွေတလာကလ္လာ၊ ရတု၊ တေးထပ်၊ ဂါထာ၊ ကဗျာ၊ ဓါတ်ပုံကလ္လာ၊ စာဖောင်ဖြည့်ကလ္လာဟူသော ကလ္လာကြီး(၁၀)ရပ်ကို အချိန်တိုအတွင်း တဦးတယောက်တည်း ပြုလုပ်ဆောင်ရွက်ရပါ၏။

ယင်းကလ္လာ(၁၀)ရပ်အတွက် လုပ်ငန်းစဉ်များမှာ ....

(၁) အတ္ထုပ္ပတ္တိများဖြန့်ဝေရခြင်း
(၂) စာမူများ လိုက်လံသိမ်းဆည်းရခြင်း
(၃) ကွန်ပျူတာစီရခြင်း
(၄) (၃)ကြိမ်တိုင်တိုင်း စစ်ဆေးရခြင်း
(၅) ပန်းချီဆွဲခြင်း
(၆) ဒီဇိုင်းပေးခြင်း
(၇) ဖလင်ဖောက်ခြင်း
(၈) စာအုပ်ရိုက်ခြင်း
(၉) စာအုပ်ချုပ်ခြင်း စတဲ့ အဆင့်များစွာကျော်ဖြတ်ရပါသောကြောင့် တစုံတရာ မနှစ်မြို့ဘွယ် တွေ့ရှိပါက လိုတိုးပိုလျှော့ ပြင်ဆင်ဖတ်ရှုပေးတော်မူကြပါရန် တောင်းပန်ပါ၏။

သူတော်ကောင်းတွေတို့ ...

ကိုပညာ-ဗန်းမော်တိုက်



သမိုင်းကဏ္ဍ

http://www.dhammadownload.com



ခိုးကျူးဆိုက်စွာ ပန်းမော်ဆရာတော်

ပေါက်မြိုင်-ဦးအဂ္ဂဝံသာဘိဝံသ
တိပိဋကဓရ သြဝါဒိစရိယ၊ ဥက္ကဋ္ဌ

http://www.dhammadownload.com

သို့/
ဓမ္မာဒါသ မင်းကွန်းကိုပညာ
ဗန်းမော်တိုက်
မဟာအောင်မြေမြို့နယ်
မန္တလေး ....

ကိုပညာထံစာရေးလိုက်ပါသည်။ ကိုပညာထံမှ ဗန်းမော်ဆရာတော်ကြီး သက်တော်(၈၀)ပြည့် ပတ္တမြားရတုနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဂုဏ်ဟူဇာ သမိုင်းဝင်မှတ်တမ်းစာအုပ်အတွက် စာမူတောင်းခံစာရရှိ၍ တပည့်တော်ဆန္ဒပြည့်စုံသွားပြီဟု ဝမ်းမြောက်ရပါသည်။

တပည့်တော်တို့(၁၃၇၀)ပြည့်နှစ်(၂၀၀၈-၂၀၀၉)ဒီဇင်ဘာ၊ ဇန္နဝါရီလ- ရန်ကုန် ကမ္ဘာအေးမှာ တိပိဋကစာမေးပွဲတာဝန်ဆောင်ရွက်နေချိန် (၂၀၀၉)ခုဇန်နဝါရီလ(၄) ရက်လွတ်လပ်ရေးနေ့ ဘွဲ့ထူး ဂုဏ်ထူးရပုဂ္ဂိုလ်များ ကြေငြာရာ၌ မိတ်ဆွေကြီး ဗန်းမော် ဦးကုမာရ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့ရကြောင်း တွေ့မြင်ကြားသိကြရ၍ တပည့်တော်တို့ တိ=ဩ-အဖွဲ့ဝင်ဆရာတော် (၉) ပါးလုံး အထူးဝမ်းမြောက် ဝမ်းသာဂုဏ်ယူကြပါသည်။ တပည့်တော်တို့အားလုံးကဗန်းမော်ဆရာတော်အပေါ်မှာ မေတ္တာစိတ်ရင်းဖြင့်ချစ်ခင်ကြသူတွေဖြစ်ကြလို့ပါ။ တပည့်တော်ကတော့ အဲဒီအချိန်ကတည်းက ဗန်းမော်အတွက် ဂုဏ်ပြုစာစောင်များ ထုတ်ရင် ငါလဲစာရေးလိုက်အုံးမယ်လို့ စိတ်ကူးတားတာ၊ အခုကိုပညာက စာမူတောင်းတော့ မဆွတ်ခင်က ညွှတ်ချင်တဲ့ဆန္ဒလေး ပြည့်သွားပါတယ်...

တပည့်တော်က ၁၂၈၉-နှစ်ဖွား ဆိုတော့ ဗန်းမော်ဆရာတော်က တပည့်တော်အောက် ၂-နှစ် လောက်ငယ်ပါတယ်။ ဒါပေမဲ့ ဗန်းမော်ဆရာတော်က တပည့်တော်ထက် ကံ၊ဉာဏ်၊ဝိရိယ အားလုံးသာပါတယ်။ ဆရာတော်တင်မကပါဘူးတပည့်တော်နဲ့ ရွယ်တူမိတ်ဆွေတွေဖြစ်ကြတဲ့ ပရိက္ကာ။ တိပိဋကဦးနေမိန္ဒ၊ ထေရဝါဒပါချုပ်ဒေါက်တာသီလာနန္ဒာ ဘိဝံသ၊ မန္တလေး၊ ပရိယတ္တိတက္ကသိုလ်ပါချုပ်(ဦးမိုး) (နဝသ) ထီလင်းတိုက်အုပ်၊ ဦးဇောတိကာဘိဝံသ၊ မြတောင်ခေမာဝင်း ဦးခေမိကတို့လဲတပည့်တော်ထက်သာလွန်တဲ့ပုဂ္ဂိုလ်တွေချည်းပါပဲ၊.....

ကံ-ဆိုတဲ့နေရာမှာ မွေးဖွားရာဇာတိအရပ်ကို ပစ်ချတဲ့ကံလဲပါမှာပါပဲ၊ တပည့်တော်ဇာတိက စစ်ကိုင်းတိုင်းအထက်ပိုင်း ဧရာဝတီမြစ်အနောက်ဖက် ကမ်းနဖူးမှာတည်ရှိတဲ့ ကသာဆိုတဲ့ မြို့လေးပါ၊ ရာသီဥတု အစားအသောက်ကောင်းတယ်၊ နေထိုင်တဲ့ သူတွေကလဲ ရတနာသုံးပါး ကြည်ညိုကြပြီး ရိုးသားကြလို့ နေလို့ထိုင်လို့ကောင်းတဲ့မြို့လေးပါ၊ ရှေးက မန်လည်ဆရာတော်ကြီးများ သာသနာပြုသွားလို့ ယဉ်ကျေးကြပါတယ်၊ ဒါပေမဲ့ သာသနာ၊ ပရိယတ္တိသာသနာပေါ့၊ သိပ်ပြီးထွန်းကားတာ မရှိဘူး၊ ဘုန်းကြီးကျောင်းတွေ၊ ဘုန်းကြီးတွေရှိပေမဲ့ စာပေပို့ချတာမျိုး သိပ်မရှိပါဘူး ဒီလိုနေရာမှာ တပည့်တော်မွေးခဲ့တာ.....

တပည့်တော် မိတ်ဆွေတွေကြတော့ ပရိယတ္တိသာသနာ ထွန်းကားတဲ့အရပ်တွေမှာမွေးကြတာ၊ တိပိဋကဦးနေမိန္ဒကပရိက္ကာနယ်သား၊ ဒေါက်တာသီလာနန္ဒာဘိဝံသက မန္တလေးမြို့သား၊ ထီးလင်းတိုက်အုပ် ဦးဇောတိက-က တောင်ငူ-မြတောင် ဦးခေမိက-က စစ်ကိုင်း ပရိယတ္တိ

http://www.dhammadownload.com

သာသနာထွန်းကားတဲ့ အရပ်မှာ မွေးကြတာ၊ အဲဒီတော့ ငယ်ငယ်တည်းက ပရိယတ္တိနဲ့ရင်းနှီးပြီး တော်ကြတာပေါ့။

အရှင်ဘုရားတို့ ဗန်းမော်ဆရာတော်ကြတော့ သဒ္ဒါနည်းမှာ ကန်မြဲဇျမ်း (ကမြဲဇျမ်း)လို့ နာမည်ကြီးတဲ့ မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြဲဇျမ်းနားက ရဘဲရွာမှာ မွေးခဲ့တာ၊ ဒီတော့ ကန်မြဲဇျမ်း သဒ္ဒါနည်းတွေနဲ့သဒ္ဒါသင်ခဲ့ရတော့ ၁၁-လလောက်နဲ့ အပြီးအပြတ် သုတ်ပြီးရုပ်ပြီးပါမကျန် အာဂုမ် ဆောင်နိုင်ခဲ့ပေါ့...

တပည့်တော်နဲ့ ဗန်းမော်တို့က သာမဏေပြုတာ- ဂျပန်ခေတ် ၁၃၀၅-ခုနှစ် ဝါဆိုလချည်းဆိုတော့ သာသနာဘောင် ဝင်ရောက်တာချင်း အတူတူ တစ်နှစ်တည်းပါ၊ ဒါပေမဲ့ စာသင်ရတာတော့ ဆရာချင်း မတူကြပါဘူး၊ တပည့်တော်ဆရာက အသက်လွန်မှ ရဟန်းပြုပြီး စာဝါသနာပါလို့ ကောလင်း မန္တလေး မစိုးရိမ်ဆရာတော် ဦးစာရိန္ဒထံမှာ စာသင်ဖူးပေမဲ့ စစ်ကြောင့်ကြာကြာ မသင်ရပါဘူး... ဒါပေမဲ့စာဝါသနာပါလို့ တပည့်တော်ကို သဒ္ဒါ၊ သင်္ကြိဟ် ဘေဒစိန္တာ စသည် သင်ပေးပါတယ်၊ ပါဠိအနက်၊ပါဠိလျှောက် အဓိပ္ပါယ်ပေါ့၊ တပည့်တော်က ရှေးဆရာတော်ကြီးတွေ ငယ်ရွယ်စဉ်မှာ သဒ္ဒါသင််ဟ အဘိဓာန်-စတဲ့သဒ္ဒါငယ် အခြေခံကျမ်းတွေရပြီး စာတတ်ကြတာတွေ ဖတ်ရတော့ အားကျပြီး ဆရာချပေးသမျှ စာတွေအားလုံး အာဂုမ်ရအောင်ကျက်တာပဲ၊ ဒါပေမဲ့ တပည့်တော်တို့ ကသာမြို့က စစ်ဘေးဒဏ်အတော်ခံရတယ်၊ ကသာတမြို့လုံးလဲ မီးလောင်တယ်၊ သဘော်တွေလဲ အင်္ဂလိပ် စစ်တပ်က မြုပ်စစ်တယ်၊ ဂျပန်ခေတ်ကြတော့လဲ မဟာမိတ်တွေက နေ့စဉ် လေယာဉ်ပျံတွေနဲ့ ဗုံးကြဲတယ်၊/စက်သေနတ်ပစ်တယ်လေ၊ လေယာဉ်သံတွေကြားရင် ဗုံးခိုကျင်းခေါ်တဲ့ ကာကွယ်ရေးကျင်းထဲ ဆင်းပုန်းကြရတယ်၊ လေယာဉ်ပျံသံတွေ၊ ဗုံးသံ၊ စက်သေနတ်သံတွေစဲသွားမှ ဒီနေ့တော့ မသေသေးဘူးဆိုပြီးကျင်းထဲက ထွက်လာကြရတာ၊ ဒီလိုစစ်ဘေးထဲ တပည့်တော်က စာကျက်ခဲ့တာ၊ ပြီးတော့ စာသင်ရတာ တပည့်တော် တယောက်တည်းပါ စာမေးပွဲတွေ ဘာတွေရှိမှန်းလဲ မသိရပါဘူး... ဗန်းမော်တို့ကတော့ သဒ္ဒါနာမည်ကြီး ကန်မြဲဘက် ဇျမ်းဘက်မှာဖြစ်တော့ (၁၁)လနဲ့ သဒ္ဒါအခြေခံတွေရ၊ ၁၃၁၈-ခုနှစ် ပထမငယ်တန်းအောင်ရော၊ တပည့်တော်က စာကျက်တုန်းပေါ့၊ ဂျပန်ပြေးလို့ (၁၃၀၉)ခုနှစ် နယုန်လပြည့် ကသာ မိဿလင်းကျောင်းမှာ ရဟန်းဖြစ်၊ ဝါဆိုလကြတော့ ဆရာက စစ်ကိုင်း၊ ရေဦးတိုက်သစ်၊ ဒေါ်ရွှေအုတ်ကျောင်းကို ရောက်ပါတယ်... ဒါလဲကံလို့ ဆိုရမှာပဲ၊ ဆရာက မန္တလေးနေရင် မစိုးရိမ်တိုက် သူနေခဲ့တဲ့ ပိဋကနယူပဒေသကျောင်း ဆရာတော် ဦးစာရိန္ဒာဘိဝံသထံအပ်ပေးမယ်၊ စစ်ကိုင်းနေချင်ရင် ရေဦးတိုက်သစ်ဆရာတော် ဦးပညိန္ဒာဘိဝံသ ထံအပ်ပေးမယ်။ မင်းနေချင်တဲ့နေရာ ရွေးလို့ပြောပေမဲ့ တပည့်တော်က ကသာလို ဧရာဝတီမြစ်ကမ်းဖြစ်တဲ့ စစ်ကိုင်းကို ရွေးလိုက်တယ်.. မန္တလေးနေရင် ဒီလိုဖြစ်ချင်မှဖြစ်မှာ၊ ၁၃၀၉-ခု စစ်ကိုင်းရောက်တော့ စာမေးပွဲတွေ ဘာတွေရှိမှန်းသိရပြီ၊ အဲဒီနှစ်က မဟာဝိဇ္ဇောဒယ ချောင်က ဒေါက်တာသီလာနန္ဒဘိဝံသဖြစ်မဲ့ ရှင်သီလာနန္ဒဟာ ပထမလတ်တန်းမှာ တပြည်လုံး

http://www.dhammadownload.com

ပထမဂုဏ်ထူးနဲ့ အောင်တယ်လို့ ကြားရတယ်.. အဲဒီနှစ် ဝါဆိုလပြည့်မှာ ရှင်သီလာနန္ဒ ရဟန်းဖြစ်တယ်၊ ရဟန်းခံမှာ တပည့်တော်ဆရာ ဆရာတော် ဦးပညိန္ဒာဘိဝံသက ရဟန်းလောင်းဆုံးမ အနုသာသက အဖြစ် ဆောင်ရွက်ရတယ်လို့ ဆရာတော်က ပြောပြတယ်။ အဲဒီ ၁၃၀၉၊ ခုနှစ်မှာ အရှင်ဘုရားတို့ ဆရာတော် ဦးကုမာရလဲ ကိုရင်ဘဝနဲ့ ပထမလတ် တန်းအောင်တယ်၊ တပည့်တော်က ဘာမှမအောင်သေးဘူး၊ အဲဒီနှစ် ဝါခေါင်လဆန်း (၂)ရက် ၁၉၄၇-ခု ဂျူလိုင်-၁၉ ရက်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ အလုပ်ကြံခံရတယ်-

၁၃၁၀-ခု လွတ်လပ်ရေးရတဲ့နှစ်မှာ တပည့်တော်က အငယ်တန်းဖြေတယ်.. စာတွေကလဲရ၊ စာတွေကကြည့်တော့ မေးခွန်းအားလုံးဖြေနိုင်တယ်၊ ပထမတွေ ဘာတွေလဲမမှန်းပါဘူး၊ အောင်စာရင်း ထွက်လာတော့ တပည့်တော်က ပထမရတယ်၊ ရွှေကျင်သာသနာပိုင် အဘိဓဇ အလောင်းအလျာ ဦးသုပညိန္ဒာဘိဝံသကလဲ တပည့်တော်တို့ ဆရာထံမှာ ပထမဂန္ဓာရုံကို စာလာလိုက်ရင်း တပည့်တော်တို့ ဒေါ်ရွှေအုဉ်ကျောင်းက စာချတန်း လက်မှတ်ထိုးဖြေရာ စာချတန်းအောင်ပါတယ်။ အဲဒီနှစ်မှာပဲ အရှင်သီလာနန္ဒာဘိဝံသလဲ ပထမကြိုးတန်းမှာ ပထမကျော်အောက် ပထမအမှတ်များဆုံးနဲ့အောင်ပါတယ်။ နောက်တော့ သူမန္တလေး ဘုရားကြီးတိုက် ဒေါနခြံကျောင်းကို ပြောင်းသွားတယ်၊ လူချင်းတော့ မြင်တောင် မမြင်ဘူးသေးပါဘူး၊ ၁၃၁၀-ခုနှစ် အောင်မြင်သူတို့ရဲ့ မဟာဘွဲ့နှင်းသဘင်ကို ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက် နေ့မှာကျင်းပပြီး ပထမပြန်စာမေးပွဲကိုလဲ ခါတိုင်းလို နယုန်လမှာမကျင်းပပဲ တန်ဆောင်မုန်းလ ဘွဲ့နှင်းသဘင်အပြီးမှာ လုပ်ပါတယ် အကြောင်းက လွတ်လပ်ရေးရပြီး သောင်းကျန်းသူတွေက ရထားလမ်းတွေ မိုင်းပုံးထောင် ဖျက်ဆီးတာတွေလုပ်၊ အစိုးရတပ်တွေနဲ့ ခဏခဏ တိုက်ပွဲတွေဖြစ်လို့ပါဘဲ၊ တပည့်တော်နဲ့ စာချတန်းအောင် ပထမဂန္ဓာရုံ ဦးသုပညိန္ဒာဘိဝံသတို့လဲ အစိုးရက ဘွဲ့နှင်းသဘင်ကို လေယာဉ်နဲ့ကြွဖို့ပင့်လို့ မန္တလေးချမ်းမြသာစည်လေဆိပ်က လေယာဉ်စီးသွားရတယ်၊ စစ်ပြီးစမို့ လေဆိပ်ကလဲ အဆောက်အဦးတွေ ကောင်းကောင်းမွန်မွန် မရှိသေးပါဘူး၊ ဘွဲ့နှင်းသဘင်အပြီး စာမေးပွဲအမှီ စစ်ကိုင်းပြန်ဘို့ အချိန်မရလို့ စစ်ကိုင်းပညာအုပ်က ရန်ကုန်မှာ စာဖြေဘို့ ထောက်ခံစာရေးပေးလိုက်လို့ ရန်ကုန် ကန်တော်လေးစာသင်ကျောင်းမှာ ပထမလတ် ဖြေရတယ်။ ဧရာဝတီတိုင်းက စာဖြေသံဃာတွေလဲ ရန်ကုန်မှာ လာဖြေရတယ်၊ သူတို့နဲ့ တပည့်တော်တို့က ရန်ကုန်စာဖြေသံဃာတွေနဲ့အတူ မဖြေရဘဲ သီးခြားအခန်းမှာ ဖြေရတယ်.. အဲဒီခေတ်က အခြေအနေကို ကိုပညာတို့ သိအောင်ရေးပြတာပါ...

တပည့်တော်က အငယ်တန်း ပထမရထားတော့ အလတ်တန်းအတွက်လဲ အဆင့်မြင့်မြင့် အောင်မြင်အောင် ကြိုးစားထားတာ ဝိနည်းနေ.-သဒ္ဒါနေ့-ပုစ္ဆာ အားလုံးဖြေနိုင်တယ်၊ ဒါပေမဲ့ သင်္ကြိုဟ်နေ့ကြတော့ ရန်ကုန်ကစာဖြေသံဃာတွေက သဒ္ဒါနေ့မှာပုဒ်စစ် မပြဌာန်းပဲ မေးတယ်ဆိုပြီး သပိတ်မှောက်ကျဆူပူကြလို့ သင်္ကြိုဟ်နေ့မှာ ပုစ္ဆာ

http://www.dhammadownload.com

အားလုံးမဖြေရပဲ အောင်မှတ်ရရုံ လောက်ပဲဖြေနိုင်ခဲ့တယ်၊ ဒါကြောင့် အလတ်တန်းမှာ ရိုးရိုးပဲအောင်ပါ တယ်။ ၁၃၁၃-ခုနှစ်ကြတော့ သက္ကသီဟ စာသင်တန်းနဲ့ အစိုးရ ပထမ ကြီးတန်း နှစ်မျိုးလုံးဖြေတယ်၊ သက္ကသီဟ စာသင်တန်းကို မအောင်ဘူး၊ အစိုးရ ပထမကြီးတန်းကိုတော့ ပထမကျော်အောက် ပထမ အမှတ် အများဆုံးဖြင့် အောင်ပါတယ်၊ ကိုပညာတို့ ဗန်းမော်ဆရာတော်လဲ အဲဒီနှစ်မှာ ပထမကြီးတန်း အောင် တယ်လို့ အတ္ထုပ္ပတ္တိမှာ တွေ့ရ တယ်.. အဲဒီ၁၃၁၃-ခုနှစ်မှာ ဒေါက်တာသီလာနန္ဒာဘိဝံသက စာသင်တန်းအောင်ပါတယ်... နံပါတ်(၁)ပေါ့။

၁၃၁၄-ခုနှစ်ကြတော့ အစိုး ရစာချတန်းမှာ တပည့်တော်က ကျမ်းရင်း ... ဂုဏ်ထူး(၉)ကျမ်းလုံး အောင်လို့ သိရောမဏိဘွဲ့ရပါ တယ်.. အဲဒီ၁၃၁၄-ခုနှစ်က သိရောမဏိ ဘွဲ့ရ(၄)ပါးပါ.. ၄ပါးက (၁) ယခုမဟန-ဥက္ကဋ္ဌဆရာတော် မကွေးဦးကုမာရ (၂) ပခုက္ကူ တိပိဋကဆရာတော်ဦးနေမိန္ဒ-(၃)ဝိသုဒ္ဓါရုံ သံတော်ဆင့်ကျောင်း ဦးတေဇမ္မ (၄) စစ်ကိုင်း ဓေယျသိန် ပါဠိတက္ကသိုလ်က တပည့်တော် ဦးအဂ္ဂဝံသတို့ ဖြစ်ပါတယ်....

အဲဒီနှစ်မှာ မဟာဘွဲ့နှင်း သဘင်ကို ရန်ကုန် မြို့တော်ခန်းမမှာ လုပ်ပါတယ်.. အဲဒီအချိန်မှာ ဆဋ္ဌ သံဂါယနာတင်တို့ ကမ္ဘာအေးကုန်း မြေမှာ.. ကျောင်းဆောင်ကြီးတွေ မဟာပါသာဏလိုဏ်ဂူကြီးတွေ စပြီး ဆောက်လုပ်နေကြတဲ့ အချိန်ပေါ့၊ သံဂါယနာတင်ဖို့ ထေရဝါဒနိုင်ငံ တွေက သာသနာရေးမစ်ရှင်အဖွဲ့ ကလည်း လာကြပါတယ်။ မဟာဘွဲ့ သဘင်ပြီးတဲ့နောက်ရက်မှာ ထိုင်း သံဃာ့မစ်ရှင်အဖွဲ့နဲ့ တပည့်တော် တို့ "သိရောမဏိ"လေးပါးကို သမ္မတအိမ်တော် သီဟာသနပလ္လင် ခန်းမမှာ သမ္မတကြီးဦးဘဦးက ဆွမ်းကပ်ပါတယ်၊ ဥက္ကဋ္ဌ ညောင်ရမ်း ဆရာတော်ကြီး၊ အကျိုးဆောင် ဝိဇ္ဇာလင်္ကာရဆရာတော်၊ ရန်ကုန် ဗားကရာဦးနာဂဝံသတို့လဲ ပါတာ ပေါ့.. ထိုင်း သံဃာ့မစ်ရှင်အဖွဲ့က ပရိတ်ရွတ်ပါတယ်.. ဒူးတွေတုပ် လက်အုပ်လေးတွေချီ ရွတ်တာပါ.. အသံအနိမ့်အမြင့်နဲ့ ညီညာစွာ ရွတ်ကြလို့ အလွန်နာရတာ ကောင်း ပါတယ်။ အဲဒီအချိန်ကစပြီး ရန်ကုန် မရောက်တော့ပါဘူး..

အဲဒီ၁၃၁၄-နှစ်မှာပဲ အစိုးရစာချတန်းနှင့်အတူ သက္ကသီဟစာသင်တန်း အောင်ပါတယ်။ အဲဒီနှစ်က စာချတန်း(၂)ပါး စာသင် တန်း(၇)ပါး ပေါင်း(၉)ပါး အောင်ပါ တယ်။ စာသင်တန်း (၇)ပါးက တော့....

(၁) ဦးကုမာရ၊ နယား ကျောင်း၊ ဒက္ခိဏာရာမတိုက် (ယခုဗန်းမော်ဆရာတော်) (၂) ဦးအရိယဝံသ၊ စတုတ္ထအုဒ္ဓကျောင်း မဟာနန္ဒိသေနာရာမတိုက် (ယခု နန္ဒိသေနဆရာတော်) (၃)ဦးတေဇော သာရ၊ သာသနနယူပဒေသကျောင်း၊ မစိုးရိမ်တိုက် (ယခု.မ.ဟ.န) (၄)ဦးအဂ္ဂဝံသ၊ ဓေယျသိန်ပါဠိ တက္ကသိုလ်၊ ရေဦးတိုက်သစ်၊ စစ် ကိုင်း (ယခု-စာရေးသူ) (၅) ဦးသုနန္ဒ၊ ဦးကြယ်ကျောင်း၊ ဒက္ခိဏာ ရာမတိုက် (လူထွက်ဦးရွှေအောင်၊ ကွယ်လွန်) (၆)ဦးသီရိပဝရ၊ ဇောတိ ကာရုံအုဒ္ဓကျောင်း၊ တောင်ထိလင်း တိုက် (၇)ဦးနာရဒ၊ ပတ္တမြားကျောင်း၊ မြင်းဝန်တိုက် (လူထွက်ဦးထွန်းလှိုင် ကွယ်လွန်)

http://www.dhammadownload.com

အဲဒီနှစ်ကအောင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ နောက်ကာလကြတော့ ထင်ရှားတဲ့သူတွေ ဖြစ်လာကြတာပါ၊ ဒီစာသင်တန်းအောင်(၇)ပါးမှာ တပည့်တော်က စစ်ကိုင်းက ဖြေတာဆိုတော့ ပရဒေသီ စာအောင်ပေါ့၊ ကျန်(၆)ပါးက မန္တလေးကမို့ သကဒေသီပေါ့၊ ပရဒေသီက ဆန်ထောက်တွေဘာတွေ မရပါဘူး၊ တပည့်တော်က မန္တလေးဆရာတော်တွေထံ စာမသင်ဖူးပါဘူး၊ တပည့်တော်ဆရာတော် ဓေယျသိန်ဆရာတော်ထံမှာပဲ စာသင်ပါတယ်၊ စာဖြေတော့ မိုးကောင်းတိုက် တပည့်တော်တို့ဆရာတော်ရဲ့ ဓေယျသိန်အုတ်ကျောင်းမှာတည်းပြီး ညောင်ရမ်းဆရာတော်ကျောင်းက စာဖြေသံဃာတွေနဲ့အတူ သကျသီဟဘုရားဦးသာညှင်းအုတ်ဓရပ်ကြီးမှာ ဖြေရပါတယ်၊ အတူအောင်(၆)ပါးလည်း မသိပါဘူး စစ်ကိုင်းက လာတာဆိုတော့ သူတို့ကလဲ ကိုယ့်ကိုမသိကြပါဘူး... စာအောင်ပွဲမှာပဲ ခဏမြင်ဘူးတာပါ၊ အမှတ်တရ အဲဒီစာအောင်ပွဲအပြီးမှာ မိုးကြီးသည်းသည်းရွာတာကို မှတ်မိပါတယ်။

အဲဒီ ၁၃၁၄-ခုနှစ်မှာ ဦးသီလာနန္ဒက ဝဋ်သကာမှန်းထားတာတဲ့၊ ဒါပေမဲ့ အဋ္ဌသာလိနီမှာ သူဖြေတာမှန်ပေမဲ့ ပုစ္ဆာကအဖြေကမှားနေသတဲ့၊ ဒါကြောင့် ဝဋ်သကာမရဘူး (၂)ကျမ်းပဲစွဲတာ၊ အဲဒီပြဿနာကြောင့် -၁၃၁၅-ခုကြတော့ ပုစ္ဆာကတွေ ပြောင်းလဲပင့်တယ်၊ တခါမှပုစ္ဆာမထုတ်ဘူးတဲ့ ဆရာတော်တွေလဲပါသတဲ့၊ စာသင်တန်းမှာ သဒ္ဒါတို့ ဂါထာတို့က ခါတိုင်းလိုမခက်တော့ စာချတန်း(၁၇)ပါး စာသင်တန်း(၁၈)ပါး အောင်တဲ့အပြင် စာချတန်းမှာ ဦးကုမာရ၊ ဦးသုနန္ဒ၊ ဦးနာရဒ၊ ဝဋ်သကာသုံးပါးတောင်ထွက်လာလို့ သကျသီဟရာဇဝင်တော့တွင်ရောပဲ၊ ဦးသီလာနန္ဒလဲ စာချတန်းအောင်ပါတယ်၊ တပည့်တော်က ပါရာဇိကဏ်ကျပြီး ကျန်(၂)ကျမ်း အောင်ပါတယ်။ ပါရာဇိကဏ်ပါ အောင်ရင် ဝဋ်သကာရမှာပေါ့၊ အခုတော့ ကံမပါတော့မရဘူး၊ စာအောင်ပွဲလဲမတက်ရဘူး၊ ၁၃၁၆-ခုမှာမှ ပါရာဇိကဏ်အောင်ပြီး ကျမ်းပြီးပါတယ်။ တပည့်တော်တို့အောင်တဲ့နှစ်က စာချတန်း(၃)ပါး အောင်ပါတယ်။ တပည့်တော်က (၂)နှစ်နဲ့အောင်ကျန်(၂)ပါးက (၅)နှစ်မှ အောင်ပါတယ်။ တပည့်တော်ထက် အသက်ကြီးပါတယ်။ (၂)ပါးလုံးပျံလွန်ကုန်ပါပြီ၊ တပါးက ဝိသုဒ္ဓါရုံစည်ရှင်က ဦးဓမ္မာဝုဓ၊ တပါးက ချမ်းသာကြီးတိုက်က နောင်သံဃနာယကခေတ်မှာ ရန်ကုန်သိမ်တော်ကြီးကျောင်းဆရာတော်ဖြစ်သွားတဲ့ ဦးကဝိန္ဒပေါ့၊ အောင်ပြီးတော့ တပည့်တော်လဲ စစ်ကိုင်းမှာ စာချနေတာပေါ့၊ အရှင်ဘုရားတို့ ဆရာ ဦးကုမာရက အဲဒီ၁၃၁၅-ခု သကျသီဟစာချဝဋ်သကာ ဂုဏ်ထူးနဲ့အောင်တဲ့နှစ်မှာ အစိုးရစာချတန်းမှာလဲ ကျမ်းရင်းဂုဏ်ထူး(၉)ကျမ်းလုံးကို ပါဠိဘာသာနဲ့အပြီးအောင်မြင်လို့ သာသနဓဇသိရိပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိဘွဲ့ရော၊ သကျသီဟ ဝဋ်သကာဘွဲ့ရော ရသွားပြန်တယ်၊ တစ်နှစ်တည်း သကျသီဟ၊ အစိုးရ- နှစ်ထပ်ကွမ်းရသွားတဲ့ အလွန်ထူးခြားတဲ့ပုဂ္ဂိုလ်ပေါ့၊ တပည့်တော် ၁၃၁၄-ခုနှစ်ကရတဲ့ သိရောမဏိက မြန်မာလို ဖြေလို့ရတဲ့ဘွဲ့ပါ။ သူ့ကိုမမှီပါဘူး။

ကိုပညာရေ အဲဒီအချိန် စာမေးပွဲသာ ဝင်ဖြေကြတာ ဆဋ္ဌသံဂါယနာကလဲ မတင်ရသေးတော့

http://www.dhammadownload.com

ဂုဏ်ထူးကျမ်းတွေဆိုတာ တချို့ရှိတောင်မရှိကြဘူး။ အဌကထာတွေကိုပြောတာ ဒီတော့သဒ္ဒါအားကိုး၊ အဘိဓာန်အားကိုး၊ ဆရာသမားနည်းတွေ အားကိုးဖြေကြရတာ။ ဦးကုမာရတို့က အားလုံးပါဋိဘာသာနဲ့ ဖြေနိုင်တာကတော့ သဒ္ဒါတော်လွန်း ကျွမ်းကျင်လွန်းလို့ပေါ့၊ သဒ္ဒါတော်တာလဲ မပြောနဲ့ သူ့ကံကိုက ရွှေရေးဆောင်ဆရာတော် ဦးပဏ္ဍဝပြောသလို သဒ္ဒါနည်းနာမည်ကြီးလှတဲ့ ကန်မြဲတို့မှာ သင်ခဲ့ရတာပါ။

ရွှေရေးဆောင်ဆိုလို့ ကိုပညာတို့ မင်းကွန်းဓမ္မနာဒတိုက်တည်ဆရာတော် ဦးပညာစက္ကလဲ ရွှေရေးဆောင်တိုက်ထွက်ပါပဲ။

ဂျပန်အဝင် ရွှေရေးဆောင်တိုက်ကြီး မီးလောင်ပျက်စီးသွားလို့ စစ်အပြီးမှာ တိပိဋကဆရာတော်တိုက်တွန်းလို့ ဗန္ဓုလဦးဆိုင် + ဒေါ်စောတင်တို့က အခုရှိတဲ့အလည်တိုက်ကြီးကို ပြန်လည်ဆောက်လုပ်လှူဒါန်းတယ်။ ဒါတွေသိချင်ရင် ရွှေရေးဆောင်ခေတ် (၃)ခေတ် သမိုင်းစာပေကို ဖတ်ကြည့်ပါ။

အဲဒီအလည်တိုက် ကြီးပြီးတဲ့အခါကစပြီး ရွှေရေးဆောင်တိုက်ယခင် သံကျောင်းဆရာတော် ဦးပဏ္ဍဝက အဲဒီတိုက်ကြီးမှာ စာချပါတယ်။ ဆရာတော် ဦးကြည်ထံ ငယ်ငယ်ကစ စာသင်ခဲ့တဲ့ ဆရာတော်မို့ ဆရာတော်ဦးကြည်နည်းတွေနဲ့ စာချတာပါ။ အင်မတန်တော်-အင်မတန်ကောင်းပါတယ်၊ ရွှေရေးဆောင်နိယံ-ဝါကျ-သဒ္ဒါကြီး ချာသ အဌသာလိနီမူလဋီကာ၊ ဓာတုကထာမူလဋီကာတွေ ချပါတယ်။ တပည့်တော်လဲ ဝါ(၂၀)အရ တော်လှန်ရေး အစိုးရတက်ခါစ စစ်ကိုင်းက မန္တလေးပြောင်း ပေါက်မြိုင်အလယ်တိုက်ကြီးကို လက်ခံစာချနေချိန်မှာ ရွှေရေးဆောင်ဆရာတော်ထံ စာလိုက်ပါသေးတယ်၊ ဆရာတော် ချာသ-ချတော့-သဒ္ဒါ အရေးကြီးပုံကိုပြောတဲ့စကားလေး၊ ဒါကအသံသွင်းထားလို့ ဆရာတော်ပြောတဲ့ အတိုင်းပြန်ပြောနိုင်တာပါ။

ဆရာတော်က-"ဦးဇင်းတို့ သဒ္ဒါတော့ ကြိုးစားလုပ်ရတယ်။ ဘုန်းကြီးတို့မတော့ ငယ်ငယ်ကကံပစ်ချလို့-ဇာတိ-ကန်မြဲကိုက သဒ္ဒါတိုက်ရောက်သွားတယ် သဒ္ဒါကလဲ ဆရာသုံးပါးနဲ့သင်ခဲ့ရတယ်။ ဥပဇ္ဈာယ် ဆရာကလဲ သဒ္ဒါဆရာပဲ ဒီရွှေရေးဆောင် တိုက်ထွက် လူထွက်ပြီးတော့ ပျက်ဆီးသွားတဲ့ဆရာကြီး ဆရာကြွက်ကြီးဆိုတာ ဆရာတော်ဦးဂုဏ၊ သူ့ဆီမှာ တက်ရတယ်၊ ဥပဇ္ဈာယ် ဆရာညီတော် ဦးပညာတဲ့၊ (၁၄)ဝါမှာ ပျံတော်မူသွားတယ်၊ သူ့ဆီတက်ရတယ် ကိုရင်ဘဝနဲ့ပဲ၊ ဦးဇင်းတို့ ယုံချင်ယုံ မယုံချင်နေ၊ ရဟန်း တဝါရ ဆရာတော်ဦးကြည်ဆီ မူလဋီကာဆိုသိတ်များ ကျမ်းကြီးတွေ ကြီးကြီးကျယ်ကျယ် ကျက်ပြီးဆိုတယ် များမအောက်မေ့နဲ့၊ သဒ္ဒါရှစ်ဆောင်ကြည့်ဆိုတာ အနက်ကလဲ ဂူကြီး နိသျဖတ်ပါရဲ့ နိသျကြီးတွေက ရှည်လွန်းလို့ ဒီကသဒ္ဒါရေးလေးတင်ကြည့်ပေးတာတဲ့ ဒီလိုအမိန့်ရှိပါတယ်။ ကန်မြဲက သဒ္ဒါကျွမ်းကျင်ပုံပြောတာ ဦးကုမာရလဲ ကန်မြဲထွက်ဆိုတော့ သဒ္ဒါမှာသိပ်တော်တာပေါ့၊ ဒါကြောင့်လဲ ပါဋိ အဌကထာကြီးကို ကိုးကျမ်းလုံးကို ပါဋိဘာသာနဲ့ ဖြေဆိုအောင်မြင်လို့ ပါဋိသိရောမဏိဘွဲ့ရတာပေါ့၊ အလွန်ထူးခြားပါတယ်၊ မြန်မာပြည်မှာ(၁)ပါးတည်းရှိတာပါ။ အခြား ဘယ်သူမှ မရှိပါဘူး။

http://www.dhammadownload.com

အဲဒီလိုစာမေးပွဲတွေ အပြီးမှာ ဆဋ္ဌသံဂါယနာတင်ဘို့ ကမ္ဘာအေးမှာ ကျောင်းဆောင်ကြီး(၄) ဆောင်ရော လှိုင်ဂူကြီးရော ပြီးပြီမို့ အမြို့မြို့က စာတတ်အကျော် ဆရာတော်ကြီးတွေလဲ ပဋ္ဌမသံဂါယနာမူစာအုပ်တွေကို မှန်မှန်ကန်ကန် ပြင်ကြ ဆင်ကြ သုတ်သင်ကြတာပေါ့၊ အဲဒီမှာ ဦးကုမာရတို့လို ထူးချွန်တဲ့ ပုဂ္ဂိုလ်ငယ်လေးတွေလဲ အကူအညီ အနေနဲ့ပါဝင်ပြီး ပါဠိဝိသောဓက၊ ဩသာနပတ္ထပါဌက၊ ဩသာနသော ဓေယျက အဖြစ်နဲ့ ပါဠိအဋ္ဌကထာ ဋီကာ သံဂါယနာသုံးတန်ကို ဆောင်ရွက်ကြတာ (၅)နှစ်တိုင်အောင်ပေါ့၊ အဲဒီအထဲမှာတပည့်တော်တို့ မပါပါဘူး စစ်ကိုင်းမှာပဲ စာချနေရပါတယ်၊ တပည့်တော်တို့က ကိုယ်နဲ့ရွယ်တူတွေ ဒီလို ဆောင်ရွက်နေကြတာ မသိရပါဘူး ကမ္ဘာအေးကိုလဲ ၁၃၁၄-ခု စာချတန်းအောင်လို့ မဟာဘွဲ့နှင်းတက်ရင်းနဲ့ ရောက်ဘူးတာ နောက်ဆုံးပါ၊ နောက်ထပ် မရောက်ပါဘူး၊ တပည့်တော် ဆရာကလဲ ဘယ်မှသွားတာ မကြိုက်ဘူး၊ ဒီတော့ စစ်ကိုင်းမှာပဲ မူလတန်းကနေ စာချတန်းအထိ စာတွေပဲ ချနေရတယ်။ ဦးကုမာရတို့လို ရွယ်တူတွေ ကမ္ဘာအေးမှာနေကြ၊ စာတွေ ပြင်ဆင်ကြ၊ ဘာသန္တရတွေ သင်ကြ၊ သာသနာ (၂၅၀၀) ပြည့် ဗုဒ္ဓဇယန္တီ ပွဲတော်ကြီးတွေ နိုင်ငံအသီးသီးမှာ ကျင်းပကြ နိုင်ငံခြားသွားကြ ဒါတွေလဲ ဘာမှမသိပဲ ဆရာခိုင်းသလို စာပဲကြိုးစားချခဲ့ရတာ၊ တော်လှန်ရေးအစိုးရတက်၊ ပါဠိတက္ကသိုလ် အက်ဥပဒေတွေ ဖျက်သိမ်းချိန် ဝါ(၂၀) အသက် (၄၀)လောက်မှာ စစ်ကိုင်းကထွက်ပြီး မန္တလေး ပေါက်မြိုင်တိုက်ရောက် စာချနေချိန်မှာမှ ဦးကုမာရနဲ့ ပြန်ဆုံရတာပါ၊ ၁၃၁၄-ခု သကျသီဟစာသင်တန်း အောင်ပွဲမှာ(၁) ရက်ထဲပဲဆုံကြတာ၊ ကိုယ့်လဲသူတို့မသိ သူတို့ကလဲ ကိုယ့်မသိပေါ့ ဒါကြောင့် ကိုပညာက စာမူတောင်းတော့ ဦးကုမာရနဲ့အတူလုပ်တဲ့ အကြောင်းတွေ ရေးပါလို့ ပြောတုန်းက တပည့်တော် အတူမလုပ်ဘူး ကြောင်းပြောခဲ့တာပေါ့

တပည့်တော် မန္တလေး ရောက်တော့ သူကနယ်းကျောင်းမှာ မဟုတ်တော့ဘူး၊ ဗန်းမော်တိုက်ကြီး ဆရာတော်ဖြစ်နေပြီး သူ့ဆရာ အမရပူရဆရာတော်၊ နယ်းဆရာတော် စသည်တို့နှင့်ပတ်သက်ပြီး တဖြေးဖြေး သိကျွမ်းခင်မင်လာကြတာပါ။ သကျသီဟ မေးခွန်းထုတ်ရာမှာလဲ အတူတူပေါ့ အဘယာရာမ ဦးသီလာနန္ဒကျောင်းမှာလဲ သက္ကတဖတ်နေတာ တွေ့ရတယ်၊ ကိုပညာတို့ ဆရာက ဓာတ်(အဂ်ိရတ်) ဝါသနာပါတော့ ဓာတ်လုံးနာမည်ကြီးတဲ့ ဌာနတွေဆို မရောက်ရောက်အောင် သွားတတ်တယ်၊ ဓာတ်လုံးတန်ခိုးကြောင့်လည်း ကျန်းမာနပျိုပြီး အရွယ်တင်နေသလားဘဲ-

ဗန်းမော်ဆရာတော်ရဲ့ကဲက အတိုက်အခံလေးတွေနဲ့ အကျိုးပေးသလားမသိဘူး၊ သူ့ကို အတိုက်အခံလုပ်သူကိုလဲ အပြုံးမပျက် မေတ္တာမပျက် ဆက်ဆံနိုင်တယ်။ စိတ်ဆိုးတာ အမျက်ထွက်တာ မတွေ့ရပါဘူး။ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးအတွက် ဝန်ဆောင်(၆၆)ပါးရွေးရာမှာ မန္တလေးအခြေခံဒေသအတွက် (၄)ပါး ရွေးချယ်ပွဲကို တောင်သမန်တိုက် ဝေဘူဦးသုမနကျောင်းမှာလုပ်တယ်။ နယ်းဆရာတော်က ဝင်ခေါ်လို့ တပည့်တော်လဲ လိုက်သွားတယ်။

http://www.dhammadownload.com

မန္တလေးက တိုက်အုပ်ဆရာတော်တွေ အစုံပေါ့ ကိုပညာနားထောင်ချင်လား မသိဘူး အဲဒီအကြောင်းနဲနဲပြောပြ ချင်ပါတယ်၊ အဲဒီရွေးချယ်ပွဲမှာ-ရဟန်းပျိုဦးကုသလက (၁) တောင်သမန်တိုက် ပုသိမ်ဆရာတော် ဦးရေဝတ (၂)မိုးကောင်းတိုက် ဝါးတန်းကျောင်း ဦးဉာဏာဘိဝံသ (၃) မစိုးရိမ်တိုက်သစ်ဆရာတော် ဦးသီရိန္ဒာဘိဝံသ (၄) ဗန်းမော်တိုက် ဦးကုမာရာဘိဝံသ လေးပါးကို အဆိုတင်တယ်။ မျက်ပါးရပ်ဇီးဘနီ ဦးစာရိန္ဒက ထောက်ခံတယ်။ အဲဒီမှာ တောင်ပြင်က တိုက်အုပ် ဆရာတော်တစ်ပါးကထပြီး သူ-တို့က ဒီလိုကိစ္စတွေမှာ မန္တလေးက ရှေ့တန်းက နေရမှကြိုက်တယ်။ ဒါကြောင့် မနေ့ကအစည်းအဝေး လုပ်ပြီး(---)တိုက်၊ တိုက်အုပ် ဆရာတော်ကြီးကို သဘောတူ ရွေးချယ်ထားပါတယ်လို့ ပြောတယ်။ ဒီလိုပြောတော့ မြတောင်တိုက်က ဆရာတော်တစ်ပါး အဲဒီအစည်း အဝေးမှာ သူပါပါတယ်.. အဲဒီ ဆရာတော်ကြီးကို ရွေးထားတာ မဟုတ်ပါဘူး၊ အားလုံးညှိပြီး ရွေးဘို့ သာ စည်းဝေးတာပါလို့ပြောတယ်... အဆိုရှင် ဆရာတော်ကထပ်ပြီး အခု ရွေးထားတဲ့ဆရာတော်တွေက ပညာအရည်အချင်းစသည် ပြောစရာ မလိုပါဘူး "အနာယကာ ဝိနဿန္တိ၊ နဿန္တိ ဗဟုနာယကာ။ ထိ နာယကာ ဝိနဿန္တိ၊ နဿန္တိ သုသုနာယကာ" အရ "နဿန္တိ သုသုနာယကာ" ဆိုတဲ့အတိုင်း အသက်ငယ်နေရင် နာယကမဖြစ်သင့်ဘူး ဗန်းမော်က.. ငယ်ပါသေးတယ်လို့ ပြောပြန်တယ်.. တောင်သမန်ပုသိန်ဆရာတော်က ဗန်းမော်ကို သိက္ခာအသက်မေးပါ တယ်၊ ဗန်းမော်က ဝါ(၂၀)ကျော်ပါ ပြီလို့ဖြေတယ်.. ဒီတော့ ပုသိန် ဆရာတော်က ဝါ(၂၀)ကျော် ဘယ် ငယ်တော့မလဲ မဟာထေရ်ဖြစ်နေပြီ.. ဒီကိစ္စက ရွေးချယ်ခံရတဲ့ပုဂ္ဂိုလ် တွေက အမြို့မြို့သွားပြီး ဂိုဏ်း ပေါင်းစုံအဖွဲ့ကြီး အောင်မြင်အောင် ဆောင်ရွက်ရမှာဖြစ်တယ်၊ အသက် ကြီးနေရင် ဆောင်ရွက်နိုင်မှာ မဟုတ် ဘူးလို့ပြောတယ်... အဲဒီတော့ မူလ တဘက်ကရွေးချယ်ထားတဲ့ ဆရာတော်ကြီးက သူအသက်ကြီး နေလို့ မလုပ်လိုပါဘူးလို့ ပြောတယ်၊ တောင်ပြင်ကပဲ ဆရာတော် တပါးက ဗန်းမော်ကို တင်လို့မဖြစ်ဘူး ဗန်းမော်ကို တင်ရင် ပက္ခ ဖြစ်လိမ့် မယ်လို့ ပြောပြန်တယ်.. အဲဒီဆရာ တော်ရဲ့နှလုံးသွင်းက ဗန်းမော် နေခဲ့တဲ့ ကျောင်းတိုက်ကြီးက နှစ်ခြမ်း သုံးခြမ်းကွဲနေတာကို ရည်ရွယ် ပြောတာပါ တောင်သမန်ပုသိန် ဆရာတော်က ဦးကုမာရ အခုဘယ်မှာ နေလဲလို့မေးတော့ ဗန်းမော်တိုက်မှာ နေပါတယ်လို့ဖြေတယ် ဗန်းမော် တိုက်မှာတခြားဘုန်းကြီး (ကျောင်း ထိုင်) ရှိသေးလားလို့မေးတော့ မရှိပါဘူး တပည့်တော်တပါးတည်း ပါလို့ဖြေတယ် ပုသိန်ဆရာတော်က ဒါဆိုရင် ဘာပက္ခ ဖြစ်နိုင်ပါလဲ.. ဒီလေးပါးကို အတည်ပြု သာခု ခေါ်ဘို့ ပြောတယ်.. ဒီတော့တောင်ပြင်က တိုက်အုပ်တစ်ပါးက မပြီးသေးဘူး ဗန်းမော်အစား တစ်ပါးရွေးရမယ်လို့ ပြောတော့ ကဲဒီလိုဆို အဲဒီတစ်ပါး တင်ပါလို့ပြောတော့ ခုနဆရာတော် (---)တိုက်၊ တိုက်အုပ်ကိုတင် ပါတယ်၊ ပုသိန်ဆရာတော်က ဒီလိုဆို ဘယ်သူ ထောက်ခံမလဲမေးတော့ ထောက်ခံသူမရှိပဲ ပွဲကျသွားတယ် ရယ်ကြတာပေါ့၊ ပုသိန်ဆရာတော်က ဒီလို မလုပ်ကြပါနဲ့... အခုဟာက သာသနာရေးဝန်ကြီးက ဓမ္မဝိနယ

http://www.dhammadownload.com

နှင့်အညီ ဆောင်ရွက်ဘို့ လျှောက်ထားတယ်.. ဒါကြောင့် အစဆုံးရွေးထားတဲ့(၄)ပါးကို အတည်ပြုဘို့ သာဓုခေါ်ပါဆိုတော့ အားလုံး ဝိုင်းသာဓုခေါ်ကြတယ်... ဒါနဲ့ ဗန်းမော်လဲ မူလ(၆၆)ပါးထဲပါသွားပြီး ဂိုဏ်းပေါင်းစုံအဖွဲ့ကြီးဖြစ်အောင် မန္တလေးတိုင်းက မြို့နယ်တွေ သွားပြီး ဆောင်ရွက်တာပါ...

နောက်တော့ မန္တလေး၊ လေးပြင်လေးရပ်မှာ ရပ်ကွက်သံဃာ့နာယက၊ မြို့နယ်သံဃာ့နာယက မြို့နယ်ဝန်ဆောင် ဝိနည်းခိုရ်တွေရွေးဘို့ ဗန်းမော်က တပည့်တော်ထံ ရောက်လာပြီး ရပ်ကွက် ဥက္ကဋ္ဌယူဘို့ပြောတယ် ... ဘာကြောင့်လဲမေးတော့ အာဏာဆိုတာ ကောင်းတဲ့သူ လက်ထဲရှိဘို့ လိုပါတယ်လို့ ပြောတော့ ကောင်းတဲ့လူနဲ့ မကောင်းတဲ့သူ ဘယ်သူများလဲလို့ မေးတော့ ရယ်နေတယ်၊ အရှင်ဘုရားတို့က အရှင် မဟာကဿပထုံး နှလုံးမူပြီး များရာဆန္ဒရွေးဘို့ ပြောတာမဟုတ်လား ပထမသံဂါယနာတင်ဘို့ ရဟန်းငါးရာရွေးတုန်းက (၄၉၉) ပါးကို အရှင်မဟာကဿပက ကိုယ်တိုင်ရွေးတာ၊ သံဃာကလဲ ထောက်ခံတာပဲ၊ အရှင် အာနန္ဒာတပါးအတွက် ပရူပဝါဒ ဖြစ်မှာစိုးလို့ ချန်ထားတာ၊ ဒီတော့ အရှင်အာနန္ဒာ မပါရင် မဖြစ်လို့ အရှင်အာနန္ဒာကို ရွေးဘို့ ဝိုင်းတောင်းပန်လို့ ရွေးလိုက်တာ မဟုတ်လား လို့ ပြောရတယ်၊ တပည့်တော်တို့ တိုင်းနာယကဖွဲ့ဘို့ စည်းဝေးတော့ ဥက္ကဋ္ဌလုပ်ချင်တဲ့သူကို ဥက္ကဋ္ဌတင်ပေးလိုက်တော့ အေးသွားရော....

ကိုပညာရေ သံဃာ့အဖွဲ့ အစည်းလဲပေါ်လာရော တပည့်တော်လဲ ကျောင်းအမှုဖြစ်ရော... တပည့်တော်ရဲ့ ဥပဇ္ဈာယ် ဆရာတော်ကြီးက တပည့်တော်ကို စာသင်တိုက်ဖြစ်အောင်အပ်နှံထားတဲ့ကျောင်းကိုတပည့်တော်ရဲ့ စာလိုက်တပည့်တပါးကိုထားပြီး စာသင်တိုက်လုပ်လို့မကြာဘူး အဲဒီတပည့်ကသေရော ဒီမှာတင် တပည့်တော်ရဲ့ ခွင့်ပြုချက်အရ သူကအကူအညီခေါ်ထားတဲ့ စာချဆိုတဲ့(၃)ပါးက ကသာ ဘုန်းကြီးတွေနဲ့ပေါင်းပြီး သူတို့က စောဒက၊ တပည့်တော်ကို စုဒိတကလုပ်ပြီးအမှုလုပ်တော့ အဲဒီသုံးပါးက နိုင်ငံတော်အဆင့်မှာ သူတို့အမျိုးသူတို့ဆရာတွေပါတယ်၊ အဲဒီမှာ သူတို့အမျိုးက ပခုက္ကူဘက်က ဆိုတော့ အမှုနိုင်အောင် တိုင်းတပါးနဲ့ တိုင်းတပါးအမှုဆိုပြီး မကွေးတိုင်းပခုက္ကူတိုက်ကြီး သုံးတိုက်က ဝိနည်းခိုရ်တွေ စစ်ခိုင်းတာ ဝိနိစ္ဆယချတော့ စောဒကတွေရှုံး စုဒိတကဖြစ်တဲ့ တပည့်တော်ကနိုင်တယ်၊ ဒါနဲ့ သူတို့ ဆရာ သူတို့အမျိုးဖြစ်တဲ့ဆရာကြီးတွေက နိုင်ငံတော်တက်ခိုင်းပြီး သူတို့ တိုက်ထွက် သူတို့နဲ့စာသင်ဘက်ဖြူးမြို့က ဝိနည်းခိုရ်တွေ စစ်ခိုင်းတယ် အဲဒီမှာ မလိမ့်တပတ်နဲ့ သူတို့ကို အနိုင်ပေးလိုက်တယ်၊ အဲဒီအချိန်က နိုင်ငံတော် အဆင့်ရောက်လာတဲ့အမှုတွေကို နိုင်ငံတော် ဝိနည်းခိုရ်တွေပင့်ပြီး ကမ္ဘာအေးအပရဂေါယာနကျောင်းမှာ စစ်တာမျိုးမဟုတ်သေးဘူး၊ တပည့်တော်လဲ အသနားခံစာတင်ရတာပေါ့၊ ရန်ကုန်လဲကိုယ်တိုင်သွားရတယ်၊ ကမ္ဘာအေးလဲ ၁၃၁၄-ခုနှစ်ကနောက် တခါမှ မရောက်ဘူးတော့၊ ဗန်းမော်ဦးကုမာရက တပည့်တော်နဲ့ လိုက်ကူပေးပါတယ်။ သူက မင်းကွန်းမှာလဲ တိပိဋကဆရာတော်ကြီးအားကိုးရတဲ့ ပုဂ္ဂိုလ်ဆိုတော့ ရန်ကုန် တိ=နိ ကျောင်းလဲသူခေါ်သွားလို့ ရောက်

http://www.dhammadownload.com

တယ် နောက်ကမ္ဘာအေးရောက်ကမ္ဘာအေး ဆိုင်တွေအခုလို မဟုတ်သေးဘူး ဘုရားသွားတဲ့ လမ်း ဟောမှာ ဆိုင်လေးတွေနဲ့ တတန်းချည်းပဲ၊ အဲဒီမှာ ဗန်းမော်က သူ့အသိဆိုင်တဆိုင်မှာဝင်သွားတော့ အဲဒီဆိုင်က ဆွမ်းကပ်တယ် ဗန်းမော်ကျေးဇူးပေါ့ အခုထိမမေ့ပါဘူး။ ဆွမ်းစားပြီး ပုဗ္ဗဝိဒေဟကျောင်း အရှေ့ဘက်က သစ်ပင်အောက် မြက်ခင်းပြင်မှာ ခဏသင်းပိုင်လေးတွေ ခင်းပြီး အပန်းဖြေကြတယ်၊ နောက်မှဆရာတော် ဦးခမာ ဝုဓအခန်းသွားပြီး အမှုကိစ္စလျှောက်တယ် အဲဒီနေ့ဘဲ ရန်ကုန်ပြန်တယ် မင်းကွန်း တိပိဋကဆရာတော်ထံလဲ ဗန်းမော်ပဲပို့ပေးတယ် တပည့်တော်က ရောက်ဘူးတာမှ မဟုတ်တာ၊ ဆရာတော်ကြီးက အမှုဖြစ်တဲ့ ကသာကျောင်းကိုရောက်ပြီး တရားဟောဘူးတယ် တပည့်တော်လဲ အဲဒီအချိန်ရှိနေတော့ ဆရာတော်ကြီးလဲ အကုန်သိပြီးသားပါ။ ဗန်းမော်နဲ့ ဆရာတော်ထံရောက်တော့ တပည့်တော်လဲ ပြောသင့်သလောက် ပြောပါမယ်၊ ပေးပေးလို့အမိန့်ရှိပြီး အသနားခံစာကို လက်ခံထားလိုက်ပါတယ်၊ ဒါပေဲမထူးပါဘူး တပည့်တော်ကတော့ပခုက္ကူဆရာတော်တွေနဲ့ မင်းကွန်းဆရာတော်စတဲ့ ဆရာတော်တွေက တပည့်တော်က သာသနာအတွက် ဓမ္မဝိနယနဲ့ အညီ လုပ်တာဆိုတာ သိသွားကြတဲ့အတွက် ဒါအမြတ်ပဲ ကိုယ့်အတွက် လုပ်တာမဟုတ်တော့ သာသနာရဲ့ကံပဲလို့ ထားလိုက်ရတာပါ။

အဲဒီနောက်ပိုင်းမှ နိုင်ငံတော်အဆင့် ဝိနိစ္ဆယများကို နိုင်ငံတော်ဝိနည်းဓိရိုရ်များက အပရဂေါယာနကျောင်း၌ ရုံးထိုင်၍ ဆုံးဖြတ်ကြပါတယ် ဗန်းမော် ဦးကုမာရတို့ပါဝင်တဲ့ မန္တလေးတိုင်း ဝိနည်းဓိရိုင်ပါးက စစ်ကိုင်းတိုင်း ကောလင်းမြို့၊ တောင်အင်းကျောင်း အမှုကိစ္စကို ဆုံးဖြတ်တဲ့နေရာမှာ အကြီးအကျယ် ပြဿနာဖြစ်ပြီး အထက်ဆရာကြီးတွေက သူတို့ကို တောင်းပန်ဝန်ချရမယ် လုပ်ကြတော့ဗန်းမော်တို့ကလဲ သူတို့က ဓမ္မဝိနယနှင့်အညီ လုပ်တာမို့ မတောင်းပန်ဘူးပေါ့ ဆရာကြီးတွေက မကြေနပ်လို့ စစ်ကိုင်းပထမဂန္ဓာရုံဆရာတော် စစ်ကိုင်း၊ ဓမ္မူထိန်လင်းဆရာတော် ပြင်ဦးလွင်ရတနာမာရ်အောင်ဆရာတော်(၃)ပါးကို ကော်မရှင်ဖွဲ့ပြီး စစ်ဆေးစေတယ်။ ဗန်းမော်တို့က အဲဒီအဖွဲ့ကို နှုတ်နဲ့မထွက်ဆိုပဲ စာရေးထားတာ ဖတ်ပြီးထွက်ဆိုခဲ့တယ် (၂)နာရီလောက်ကြာသတဲ့ ဗန်းမော်တဦးတည်းက ဖတ်တာဆိုပဲ အာခြောက်သွားလို့ရေကို ပိုက်ကလေးနဲ့စုပ်ပြီး ဖတ်လိုက်ဆိုပဲ၊ ကော်မရှင်အဖွဲ့ကလဲ ကြေနပ်သွားပြီး အထက်ဆရာတော်ကြီးတွေကိုပြန်အစီရင်ခံသတဲ့ နောက်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဗန်းမော်တို့ကို ဘာမှ အပြစ်မရှာတော့ဘူးလို့ ကြားရတယ်။ ပညတ်သွားရာဓာတ်သတ်ပါဆိုသလို ဗန်းမော်တိုက်နေလို့ မင်းတုန်းမင်းလက်ထက်က ဗန်းမော်ဆရာတော်ကြီးနဲ့ မင်းတုန်းဘုရင်ကြီး ခဏ ခဏ အတိုက်အခံ ဖြစ်ပေမဲ့ ဆရာတော်ကြီးကို ရှင်ဘုရင်က ဘာမှမတတ်နိုင်ပဲ အလျော့ပေးရသလို ဦးကုမာရလဲ အတိုက်အခံတွေက ဘာမှမတတ်နိုင်ပဲ ဗန်းမော်ကချည်း နိုင်တာပါပဲ။ တပည့်တော်ကို သူငယ်ချင်း ဦးကောဏ္ဍညက ပြန်ပြောတာ အဲဒီအစစ်ခံထွက်ဆိုတာတွေက စာအုပ်ထွက်လာတယ်၊ ပုံနှိပ်တော့မဟုတ်ဘူး စာကူးစက်နဲ့လှည့်ထားတဲ့ လက်နှိပ်

http://www.dhammadownload.com

စက်ရိုက်စာမူပါ မျက်နှာဖုံးက "သူတော်ကောင်းဓာတ်၊ တရားမြတ် လွှမ်းပတ် ကမ္ဘာတည်ရမည်၊ စစ်ကိုင်းတိုင်း ကောလင်းမြို့ တောင်အင်းအနောက်ကျောင်းကြီးတိုက် (၁၉/၈၅)မှုခင်းကိစ္စအတွက် နိုင်ငံတော်စုံစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ အမှတ်(၁)မှ ထွက်ဆိုလျှောက်ထားချက်" အဲဒီမျက်နှာဖုံးနဲ့ထွက်လာတာ တပြည်လုံးဘုန်းကြီးတွေက အများကြီးဝယ်ယူကြည့်ရှုကြသတဲ့၊ ကိုပညာကြည့်ဖူးဖတ်ဖူးလား အလွန်ကောင်းပါတယ် ဗန်းမော်တို့နိုင်ငံတော် ဝိနိစ္ဆယအဖွဲ့ အမှတ်(၁)က မှန်မှန်ကန်ကန် ဓမ္မဝိနယနဲ့အညီ သတ္တိရှိရှိထွက်ဆိုချက်ပေါ့

အဲဒီအချိန်ကစပြီး ဗန်းမော်ကို ကမ္ဘာအေးက လက်ရောင်ထားတာ အတော်ကြာတယ် နောက်စမ်းကလေး ဝါဒဆုံးဖြတ်ဖို့ ပြင်ဦးလွင် ဦးပညာသီဟ(မဟာန)ကပြန်ထည့်လို့ ဝိနိစ္ဆယတွေအများကြီး မှန်ကန်စွာဆုံးဖြတ်ခဲ့ရတယ်။

အဲဒီနောက် ထေရဝါဒတက္ကသိုလ်ပေါ်လာတော့ ဒုတိယပါမောက္ခချုပ်အဖြစ် တာဝန်ယူရတယ် သူနဲ့ထိုက်တန်တဲ့ တာဝန်ပါပဲ။

ဗန်းမော်ဆရာတော် ပြုစုရေးသားထုတ်ဝေခဲ့တဲ့ ကျမ်းစာများလဲကြည့်ပါဦး သူ့လိုကျမ်းဂန်နှံ့စပ်ကျမ်းကျင်ပြီး ပါဠိဘာသာနှင့်တကွ သက္ကတ အင်္ဂလိပ်စာတွေပါ စတဲ့ဘာသန္တရတွေ ကျွမ်းကျင်မှ ပြုစုရေးသားနိုင်တဲ့ ကျမ်းစာတွေပါ၊ တော်ရုံတန်ရုံ တတ်ကျွမ်းရုံနဲ့ မရေးသားနိုင်ပါဘူး ကျမ်းစာအမှတ် (၇)ထေရီအပဒါနဒီပနီ ပါဠိဘာသာဆိုရင် အဋ္ဌကထာ နာမည်မတပ်ပေမဲ့ အဋ္ဌကထာပါပဲ ဒီလို အဋ္ဌကထာမရှိတဲ့ ပါဠိတော်ကို ဒီပနီနာမည်တပ်ပြီး ဖွင့်ဆိုရေးသားနိုင်တာ မြန်မာပြည်အတွက်တော့ ဂုဏ်ယူစရာပါပဲ ရှေးက မင်းကွန်းတောရ ဇေတဝန်ဆရာတော်ကြီးက-မိလိန္ဒပဉှာ အဋ္ဌကထာရေးတယ်လို့ ကြားဖူးပါတယ်၊ အခု ဗန်းမော်က ဒုတိယအဋ္ဌကထာဆရာပေါ့၊ ရေးသမျှ ကျမ်းစာတွေကလဲ သာသနာအတွက် ပရိယတ္တိသာသနာအတွက်ပါ အလွန်ကျေးဇူးများလှပါတယ်။ ဒီလောက်ကြီးလေးတဲ့ တာဝန်တွေ ထမ်းဆောင်နေတဲ့ကြားက ဒီလိုခက်ခဲနက်နဲတဲ့ကျမ်းစာတွေကို မြန်မာ-ပါဠိ- အင်္ဂလိပ်ဘာသာများဖြင့် ပြုစုရေးသားနိုင်တဲ့ ဉာဏ် ဝိရိယတွေနဲ့ပြည့်စုံတာ ဒီလိုပြည့်စုံအောင် ပြုလုပ်ပေးတဲ့ ရှေးကံပါရမီတွေနဲ့ ပြည့်စုံတာ အံ့မခန်းအောင် ချီးကျူးစရာပါပဲ

ဒါကြောင့် တပည့်တော်တို့ထက် အလွန်သာလွန်တယ်လို့ ပြောရတာပေါ့၊ တပည့်တော်ဆိုရင် ရဟန်း(၄)ဝါ အစိုးရစာချတန်းအောင်တဲ့အချိန်ကစပြီး အခု အသက် (၈၀)ကျော်အထိ စာတွေချခဲ့ပေမဲ့ တစ်ကျမ်းတစ်ဖွဲ့ မရေးနိုင်ပါဘူး ရေးနိုင်တဲ့ ဉာဏ်၊ ဝိရိယကလဲလိုနေသေးတယ်ဆိုရမှာပေါ့၊ စာချတာကတော့ စေတနာလဲပါ ဝါသနာလဲပါ အနစ်နာခံတာလဲပါတယ်ဆိုရမှာပါ နားလည်အောင် သဘောပေါက်အောင် ချပေးတာမို့ စာလိုက်တွေက နှစ်သက်ကြပါတယ် စာလိုက်သူတွေ စာမေးပွဲအောင်ကြတာတော့ တပည့်တော် အစွမ်းချည်းမဟုတ်ပါဘူး- တပည့်တော်အပြင် အခြားသော သူတို့ဆရာများထံမှာ သင်ခဲ့ကြတာလဲပါတာပါ သူတို့ကို တပည့်တော်ရဲ့ တပည့်တွေလို့တော့ မပြောရဲပါဘူး ပြောလဲ

http://www.dhammadownload.com

မပြောပါဘူး သူတို့ဆရာတွေလဲ ရှိတာကို တပည့်တော်က မစိုးရိမ် ဆရာတော် ကြီးပြောသလို ရေနွေးကြမ်းနှင့် ဆားလောက်တိုက်ပေးရတာပါ။

အခု ဗန်းမော်ဆရာတော်ရဲ့ စိတ်နေစိတ်ထားကို ပြောရဦးမည်။ ဗန်းမော်ဆရာတော်ကမေတ္တာသုတ် မှာလာတဲ့ မေတ္တာရဲ့ ပုဗ္ဗဘာဂ အကျင့်တွေဖြစ်တဲ့ သက္က-ဥဇု-သုဟုဇု စတဲ့ အကျင့်တွေ ပြည့်စုံတော်မူလို့ မေတ္တာဓာတ်ကလဲ ကြီးမားပါတယ် ဘယ်တော့တွေ့တွေ့ ကြည်သာရွှင်လန်း အေးမြတဲ့ အမူအရာနဲ့ တွေ့ရပါတယ်၊ ဘယ်တော့မှ စိတ်ဆိုးတာ အမျက်ထွက်တာ မတွေ့ရ အကူအညီတောင်းရင်လဲ အလွယ်တကူ တတ်နိုင်သမျှကူညီလိုက်တာပါ ရိုးသားဖြောင့်မတ်တဲ့ နေရာမှာလဲ တိပိဋကဆရာတော်ကြီးများကိုယ်တိုင် ချီးမွမ်းရလောက်အောင် စံနမူနာထိုက်တဲ့ ပုဂ္ဂိုလ်ပါ။

ဗန်းမော်ဆရာတော် မန္တလေးပရိယတ္တိတက္ကသိုလ်မှာ ပါမောက္ခချုပ် မဖြစ်တာနဲ့ ပတ်သက်ပြီး မင်းကွန်းဆရာတော်ကြီးက အမိန့်ရှိတာ "ဗန်းမော်၊ မန္တလေးပရိယတ္တိတက္ကသိုလ်မှာပါမောက္ခချုပ်မဖြစ်တာ မင်းကွန်းတိ=နိ စာသင်သားတွေအတွက် ကံကောင်းကြောင်း ပါမောက္ခချုပ်ဖြစ်ရင်- မိုးမိတ်တိ=နိ စာသင်သားတွေကို စာချနိုင်မှာ မဟုတ်ကြောင်း" စသည်ဖြင့် ဗန်းမော်ဆရာတော်ရဲ့ရိုးသားပုံ စသည်တွေကို ချီးကျူးအမိန့်ရှိတဲ့ စကားတွေ တိတ်ခွေထဲမှာ နားထောင်ရတယ် ကိုပညာတို့လဲ နားထောင်ရမှာပါ နားမထောင်ရသေးရင်ရှာပြီး နားထောင်ပါ၊ ပြီးတော့ ဗန်းမော်ကျန်းမာရေးအလွန်ကောင်းတာလဲ အထူးပြုတတ်မှာ ဖတ်ရတယ် ဒါလဲ တပည့်တော်တို့နဲ့ ကွာတာပဲ တပည့်တော်က ငယ်ငယ်တည်းက ဆေးဝါး အမြဲမှီဝဲရတယ် ခုလိုနေနိုင်တာလဲ ဆေးတန်ခိုးပဲပေါ့

ဗန်းမော်ဆရာတော် ရိုးသားပုံ မေတ္တာကြီးမားပုံ သူများနဲ့ဆန့်ကျင်ဘက် မလုပ်ပုံတွေကို တပည့်တော်ထံ စာလိုက်ဖူးတဲ့- မစိုးရိမ်တိုက်သစ်က ခွဲပြီး အခုဝိဘင်္ဂစာသင်တိုက်ဖွင့်နေတဲ့ ဦးဝိလာသာဘိဝံသ ပြောတာလေး ပြောပြရဦးမယ် ဦးဝိလာသာဘိဝံသက "ဆရာတော်" တဲ့ "ဗန်းမော်ဆရာတော်ကြီးက တကယ်ရိုးသား ဖြောင့်မတ်တယ် ဗန်းမော်ဆရာတော်ကြီးက တကယ် ချစ်စရာကြီးပါဘုရားလို့ ပြောဘူး တယ် သူပြောတဲ့ ဗန်းမော် ဆရာတော်ကြီးက ချစ်စရာကြီးပါဆိုတဲ့ အသုံးအနှုန်း စကားလုံးလေးကို တပည့်တော်သိပ်ကြိုက်သိပ်ကျေနပ်တယ် ဦးဝိလာသာဘိဝံသက စကားလုံးလေး ရွေးတတ်လိုက်တာလို့ပဲ ချီးကျူးမိတယ် ချစ်စရာကြီးပါဆိုတာ မုန်းစရာကောင်းတဲ့ အပြစ်တွေမရှိလို့ပေါ့ အများကလဲ ဒီလိုပြောကြမှာပဲလို့ ထင်ပါတယ်။

ကဲ စာလဲရှည်သွားပြီ မုန်းစရာအပြစ်တွေ ကင်းစင်ပြီး ချစ်စရာကောင်းတဲ့ မိတ်ဆွေကြီးဗန်းမော်ဆရာတော်ဦးကုမာရာဘိဝံသသည် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေ၊ပရိယတ္တိပဋိပတ္တိသာသနာအတွက် ကျေးဇူးများများမည့် ကျမ်းဂန်တွေကို ဘာသာအမျိုးမျိုးနဲ့ ရေးသားထုတ်ဝေနိုင်ပါစေ၊ နောက်နှစ်တွေမှာလဲအဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုထိုက်တန်စွာ ဆက်ကပ်တာကိုခံယူရပါစေဟုစိတ်ရင်းနဲ့ ဆုမွန်ကောင်းတောင်းလိုက်ပါ၏။

http://www.dhammadownload.com



၅တု ဝေါဟာရပြောစကားများ

ဘဒန္တ သီလဂုဏာဘိဝံသ - မော်ကွန်းတိပိဋကဓရဆရာတော်

http://www.dhammadownload.com

လွန်ပြီးတဲ့ ၁၃၅၃-ခုနှစ်၊ ၁၉၉၁- ခုနှစ်က ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၏ သက်တော် (၈၀) ပြည့် "ပတ္တမြားရတု" ဝိဇ္ဇာတမဂ်လာပူဇော်သဘင် ဆင်ယင်ကျင်းပခဲ့ပါတယ်။

ထို့အတူပဲ လွန်ခဲ့တဲ့ ၁၃၆၁-ခုနှစ် သင်္ကြာဇ် ၂၀၀၀-က မုံရွာ၊ ဇောတိကကျောင်းတိုက်ကြီးရဲ့ "အခါရှိသော၊ ဇောတိကာ၊ ဆရာ့တိုက်တာတည်" (၁၂၈၆-ခုနှစ်) (၇၅) နှစ်ပြည့် "စိန်ရတု" ပူဇော်သဘင်ဆင်ယင်ကျင်းပခဲ့ပါတယ်။

ထို့အတူပဲ လွန်ခဲ့တဲ့ ၁၃၆၅-ခုနှစ်၊ ၂၀၀၃-ခုနှစ်က မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်ကြီးရဲ့ (၂၅) နှစ်ပြည့် "ငွေရတု"နှင့် မင်းကွန်းဆရာတော်ကြီးရဲ့ တိပိဋကဓရ ဖြစ်ခဲ့သည့်နှစ်မှ ယခုနှစ်တိုင်အောင် နှစ် (၅၀)ပြည့် "ရွှေရတု" ပူဇော်သဘင်ဆင်ယင် ကျင်းပခဲ့ပါတယ်။

ထို့အတူပဲ အခြားအခြား ကျောင်းတိုက်ကြီးများ ဆရာတော်ကြီးများကလည်း ဆိုင်ရာဆိုင်ရာ အသက်ပြည့်တိုင်း ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု၊ နဝရတ်ရတု ပူဇော်သဘင်များ ကျင်းပလေ့ရှိကြပါတယ်။

ထို့အတူပဲ ယခုနှစ် (၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ၊ ၂) ၁၃၇၁-ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက် ပုဒ္ဓဟူးနေ့မှာ ဗန်းမော်ဆရာတော်ကြီးရဲ့ သက်တော် (၈၀) ပြည့် "ပတ္တမြားရတု" ဝိဇ္ဇာတပူဇော်သဘင် ဆင်ယင်ကျင်းပမှာ ဖြစ်ပါတယ်"

ဒီ ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြား စတဲ့ အသုံးအနှုံးနဲ့ **"ရတု"** ဆိုတဲ့ ဝေါဟာရ အတ္ထုပ္ပတ္တိသမိုင်းကြောင်းလေးတွေကို စူးစမ်းကြည့်ကြရအောင် . . . . .

ရှေးဦးစွာ "ရတု" ဆိုတာ ဘာလဲ! ပါဠိသက် ဝေါဟာရအဘိဓာန် စာ၊ ၂၆၈ ၌ ရတု ဟူသည် . . . . .

၁။ ရာသီဥတု

"ခိုးမှိုက်မြူမှတ်၊ အထက်မဝှန်၊ ရတု မွန်၏" (ပါမိ - ၃၃)

"မှတ်သားကာလ၊ ညီမျှ ရတု၊ သာမှု ငြိမ်းချမ်း" (ဟသ်၁၊ နိဂုံး (က))

"အခါလည်းပျိုနှေ၊ လပြာသိုလ်ရတု၏" (ပုည၊ ၁ + ၂)

၂။ သုံးပိုဒ် အချီအချည် ဖွဲ့ဆိုသော လေးလုံးစပ်ကဗျာ (တစ်ပိုဒ်တည်းရေးသော ဧကပိုဒ်ရတုနှင့် နှစ်ပိုဒ်သာရေးသော အဖြည့်ခံရတု ဟုလည်း ရှိသည်)

"စောင်းညင်းလိုက်၍၊ ဧရိုက် ချည်းချည်း၊ ဖြည်းဖြည်းညင်းညင်း၊ သာချင်း ရတု၊ ပျော်မှု တသီး" (သံ၊ ၁၆၈)

"ခြီးမွမ်းချေပြု၊ ရယ်စမှုနှင့်၊ ရတု ကဗျာ၊ ချိုသာသာလည်း" (ဘုံ၊ ၁၀)

"ပျို့ ကဗျာ လက်ာ ဧချင်းရတု ရကန်မှ စ၍" (စပယ် - ၁၄)

http://www.dhammadownload.com

၃။ (ပေါ ?) မင်းပွဲသဘင်။

"ရွှေနန်းတွင်း၌ မင်း၏ရတု၊ ရွှင်ဘွယ်ပြုလျက်" (ဘူလင် - ၁၇၂)

"တထွေ ဆန်းပြု နန်းရတုဖြင့် မျက်ရှုပျော်ဤ" (ဘုံ - ၁၄)

သ + ရိတု - ရမန္တိ သတ္တာ ဧတ္ထ ဧတေနာတိဝါ ရတု။ ဧတ္ထ၊ ဤကာလ၌ (ဝါ) ဤသီချင်း၌ (တနည်းကား) ဧတေန၊ ဤ ကာလဖြင့်။ (ဝါ) ဤသီချင်းဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ = တသ္မာ၊ ထိုသို့ မွေ့လျော်ရာ မွေ့လျော်ကြောင်းဖြစ်သောကြောင့်။ ရတု၊ ရတု မည်၏။ ဤသို့ ဝစနတ္ထပြု၍ ရမုဓာတ် တု-ပစ္စည်းဖြင့် ရုပ်ပြီးဟန် ဆိုကုန်သည်ကား သဒ္ဒါမှု ကျွမ်းဟန်ဖြင့် လက္ခဏာတမူကား ထင်၏။

သီချင်းစေ၊ ကာလဟော ရတု-ဟူသော ပါဠိ ပါဠို မထင်။ ဆိုခဲ့ပြီးတိုင်း မြန်မာဘာသာ ပျို့ကဗျာလင်္ကာသာ ထင်သောကြောင့် ဆင်ခြင်ဖွယ်ရှိ၏။ (ဝေါ၊ ၃၇၀)

ဤအလို ပါဠိသက်မဟုတ်ဟု ဆိုနိုင်သော်လည်း "ရိတု" ဟူသောသက္ကဋ္ဌစကား မှလာသည်ဟု ဆိုကြသဖြင့် ဖော်ပြလိုက်သည်။

ရတု-ဟူသည် သံညင်းသာယာစွာ မွေ့လျော်နှစ်သက်ဘွယ်ရှိသော ပိုဒ်စုံ ၃-ပိုဒ် ရှိသော ကဗျာအထူးကို ဆိုသည်။

ရမန္တိ ဧတ္ထ ဧတေနာတိဝါ ရတု-ဟူ၍ ရမုဓာတ် တု ပစ္စည်း အဓိကရဏသာဓ၊ ကရဏသာဓ် အဖြစ်ဖြင့် ဆရာကြီးတို့ ကြံတော်မူကြသည်။ (လီနတ္ထ၊ ၂၉၅)

ဤအလိုအားဖြင့် ရတု-ဟူသည်...

(၁) ရာသီဥတု

(၂) ပျို့ကဗျာ လင်္ကာ ဧချင်း ရတု ရကန်

(၃) မင်းပွဲသဘင် တို့ကို ဟောသော ပုဒ်တည်း။

ထိုသုံးပါးတို့တွင် ဤ "ပတ္တမြားရတု" ဝိဇာတပူဇာဝယ် နံပါတ်သုံးဖြစ်သော သက်တော် (၈၀) ပြည့် ဝိဇာတပူဇာသဘာနှင့်

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့ရ ဂုဏ်ပူဇာသဘာကို ရည်ညွှန်းဖွဲ့ဆိုထား သောပုဒ်ဖြစ်ကောင်းရာ၏။

ပြဟ္မ နိရုတ္တိနယ သင်္ဂဟကျမ်း၌ကား-

ရတု-ဟူသည် ပါဠိအားဖြင့် ရတု ပုဒ် သက္ကဋ္ဌ အားဖြင့် ရိတု ပုဒ်သက်တည်း။

(၁) ရာသီဥတု၊

(၂) မိန်းမတို့၏ ဓမ္မတာရာသီပန်း၊

(၃) အခမ်းအနား အတင့်တယ်၊

(၄) ပူမှု အေးမှု စသော အနက်တို့ကို ဟောသည်။

"ရတု သာစွ၊ လ မဏ္ဍာလျှင် သဘင်ဂိမှန်" (ကျော်-တော-၁)

"မိမာတာ ကြာခန်းက၊ ပန်းရတုရာသီ၊ ပွင့်ဆဲဆ အခါဆီ" (သတပဒီက)

"သဘင် ရတု၊ မင်းမှု ပိုက်ဖြား၊ ကြူးလျှောက်ကြားသည်" (သခင်ကြီး-၁)

"ထွေထွေရောရု၊ တောရတု၌ စက္ခု

http://www.dhammadownload.com

အရသာ" (ဇနက - ၉၆)

"နှစ်ကွဲ ရတု၊ ပူချမ်းမှုလည်း သာမု နုမော်" (ပါ - ၂၈)

ဤအလိုအားဖြင့် "ရတု" ဟူသည် . . "ပတ္တမြားရတု" ဝိဇာတပူဇာသဘာ အခမ်းအနား အတင့်အတယ်နှင့် "အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကဝုဏ္ဏပူဇာသဘာ အခမ်းအနား အတင့်အတယ်-ဟူသော အနက် အဓိပ္ပါယ်ရသည်။ (စာ - ၆၆၃)

ဆရာ၏ မှတ်တမ်းမှတ်ရာအဖြာဖြာ၌ "ရတု" အကြောင်းသိကောင်းစရာ-ဟု ဤသို့ ဤနှယ် မှတ်တမ်းတင်ထား၏။

"ရတု" ဟူသည် အချိန်အခါတခုကို "ရတု" အဖြစ် သတ်မှတ်ပြီး "ပွဲလမ်းသဘင် အခမ်းအနား" ကျင်းပလေ့ရှိတဲ့ ဓလေ့ထုံးတမ်း အစဉ်အလာ မြန်မာ့ယဉ်ကျေးမှုတခုဖြစ်သည်။

"YOBLE" ယုဘီလီ ဟူသော ဟီဘရူး ဝေါဟာရမှ စတင်ဆင်းသက်လာသော အသုံးအနှုံးဖြစ်၏။ လွတ်လပ်မှု အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အခမ်းအနား တခုပေါ့။

ရှေးရှေးကြီးအခါတုံးဆီက ဂျူးသူဌေးများသည် ငွေဝယ်ကျွန်များကို ကျွန်စာရင်းက ပယ်ဖျက်ကာ ဒါသစာရိတ္တနည်းနှင့် လွတ်လပ်ခွင့်ပေးကြကုန်၏။ တင်ရှိနေတဲ့ ကြွေးမြီများကို လျှော်ပစ်လိုက် ဖွတ်ပစ်လိုက်ကြကုန်၏။ ပေါင်နှံထားသော ပစ္စည်းဥစ္စာများကိုလည်း ပိုင်ရှင်အထံတို့သို့ ပြန်လည်ပေးလေ့ ရှိကြကုန်၏။

ဒီလို လွတ်လပ်ခွင့် ပွဲသဘင်အခမ်းအနားများကို (၂၅) နှစ်မှာ တစ်ကြိမ်၊ နှစ် (၅၀) မှာ တစ်ကြိမ် ပြုလုပ် ကျင်းပလေ့ရှိကြကုန်၏။

အနှီကဲ့သို့ ဘဝလွတ်မြောက်တဲ့ပွဲ၊ ပျော်ပွဲရွှင်ပွဲ အထိမ်းအမှတ်ပွဲမျိုးကို ဟီဘရူး ဘာသာဝေါဟာရ အရ ယုဘီလီ၊ ပြင်သစ် ဘာသာအားဖြင့် ဂျူဘီလမ်၊ အင်္ဂလိပ်ဝေါဟာရသို့ ရောက်သွားသောအခါ ဂျူဘီလီ (ဂျူဗလီ)အဖြစ် သတ်မှတ်ပြောဆိုကြပါတယ်။

အနှာလို ဘဝလွတ်မြောက်တဲ့ပွဲတွေမှာ မိတ်ဆွေအပေါင်းအသင်းတွေ၊ ဆွေမျိုးသားချင်းတွေ တွေ့ဆုံကြ၊ စားသောက်ကြ၊ ပျော်ပါးကြ၊ လက်ဆောင်ပစ္စည်းတွေ ပေးကမ်းကြနဲ့ အထိမ်းအမှတ်ပွဲသဘင် ဆင်ယင်ကျင်းပကြပါတယ်။

သက်မဲ့ပစ္စည်းတွေကို ခဝါချ လျှော်ဖွတ်ပစ်သလို သက်ရှိတိရစ္ဆာန် ဆိတ်သိုးနွားဝက်တွေကိုလည်း ဘေးမဲ့ အ,ဘယဒါန လွှတ်ပေးကြပါ၏။

မင်းအစိုးရနှင့် မှူးကြီးမတ်ရာ သေနာပတိ အမှုထမ်းအရာထမ်းတွေကလည်း ဖမ်းထားဆီးထားတဲ့ ကျွန်တွေ၊ သုံ့ပန်းတွေ၊ အကျဉ်းသားတွေကိုလည်း လွတ်မြောက်ခွင့်တွေ ပေးကြတယ်။

ဒီလို (၂၅) နှစ်တစ်ကြိမ်၊ နှစ် (၅၀) မှာ တစ်ကြိမ် ထောင်တွေ တန်းတွေ၊ အချုပ်ခန်းတွေကို ဟင်းလင်းဖွင့်ကာ ဘဝလွတ်မြောက်ခွင့်တွေ ပေးကြတဲ့ ထုံးတမ်းစဉ်လာ

http://www.dhammadownload.com

ပွဲသဘင်မျိုးကို အင်္ဂလိပ်လို ဂျူဗလီလို့ ခေါ်ကြသတဲ့။

အောက်တစ်ပိုင်းချုံး အယုတ်ဆုံး အားဖြင့် အိမ်မှာအလှမွေးထားတဲ့ ကြက်တူရွေး လေးတွေ၊ သာလိကာလေးတွေ၊ ပူးလေးတွေ၊ ယုံလေးတွေကိုတောင်မှ နှောင်အိမ်မှ လွှတ်ပေး ရတဲ့ ထုံး နှလုံးရှိခဲ့ဘူးသတဲ့။

အင်္ဂလိပ်အခေါ် ဂျူဗလီကို မြန်မာမှုနဲ့ ဆီလျော်အောင်သုံးကြတော့ "ရတု" အနေနဲ့ ခေါ်ဝေါ်ပြောဆိုကြပါတယ်။

နှစ်ပတ်လည်	ရွှေချည် ငွေချည်	ရတု
၂ နှစ်ပြည့်	ရွှေစက္ကူ ငွေစက္ကူ	ရတု
၃ နှစ်ပြည့်	သားရေ	ရတု
၄ နှစ်ပြည့်	ပိုး	ရတု
၅ နှစ်ပြည့်	သစ်	ရတု
၆ နှစ်ပြည့်	သံ	ရတု
၇ နှစ်ပြည့်	ကြေး	ရတု
၈ နှစ်ပြည့်	ရာဘာ	ရတု
၉ နှစ်ပြည့်	မြေထည်	ရတု
၁၀ နှစ်ပြည့်	အလူမီနီယမ်	ရတု
၁၁ နှစ်ပြည့်	သံမဏိ	ရတု
၁၂ နှစ်ပြည့်	ချည်ပိတ်	ရတု
၁၃ နှစ်ပြည့်	ဇာ	ရတု
၁၄ နှစ်ပြည့်	ဆင်စွယ်	ရတု
၁၅ နှစ်ပြည့်	ဖန်ထည်	ရတု
၂၀ နှစ်ပြည့်	ကြွေ	ရတု
၂၅ နှစ်ပြည့်	ငွေ	ရတု
၃၀ နှစ်ပြည့်	ပုလဲ	ရတု
၃၅ နှစ်ပြည့်	သန္ဓာ	ရတု
၄၀ နှစ်ပြည့်	ပတ္တမြား	ရတု
၄၅ နှစ်ပြည့်	နီလာ	ရတု
၅၀ နှစ်ပြည့်	ရွှေ	ရတု
၅၅ နှစ်ပြည့်	မြ	ရတု
၆၅ နှစ်ပြည့်	စိန်	ရတု
၉၀ နှစ်ပြည့်	နဝရတ်	ရတု
၁၀၀ နှစ်ပြည့်	ရာပြည့်	.....

စသည်ဖြင့် "ရတု"ပေါင်းများစွာ ပွဲလမ်းသဘင် အခမ်းအနားများ ကျင်းပပြုလုပ်လေ့ ရှိကြ၏ တဲ့။

မုံရွေးဆရာတော်၏ ဂမ္ဘီရကထာ ရတနာကြေးမုံကျမ်း၌ "ရတု" ဟူသည် ပေါရာဏကထာ = ရှေးစကားဟောင်း ဖြစ်၏ ဟု မိန့်ဆိုထား၏။

ရတု-ဟူသည် (၁) ပွဲသဘင် (၂) အခမ်းအနား (၃) အခြေအနေကို ဟောသော ပုဒ် ဖြစ်သတဲ့။

ဂျူဗလီ ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရကို မြန်မာမှုပြုလိုက်တော့ ပွဲသဘင် ဖြစ်သွားပါရော

အဲဒီ ရတုသဘင်ပွဲများကို . . .

- ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၊
- မြို့ရွာတည်ထောင်ခဲ့သော နှစ်ပရိစ္ဆေဒများ
- အဖွဲ့အစည်း တည်ထောင်ခဲ့သော နှစ်ပရိစ္ဆေဒများ၊
- ကျောင်းတိုက်ကြီးများ၊
- တက္ကသိုလ် ကျောင်းတော်ကြီးများ၊
- စာမေးပွဲကျင်းပပေးခဲ့သောနှစ်ပရိစ္ဆေဒများ၊

http://www.dhammadownload.com

☞ ဘွဲ့တံဆိပ် ရရှိမှု အထိမ်းအမှတ် ပွဲသဘင်
များ၊

ဆင်ယင်ကျင်းပရာ အခါကာလများ၌ ပြုလုပ်လေ့ရှိကြ၏။

ယခုကျင်းပပြုလုပ်သော ပွဲသဘင်ကား ဗန်းမော်ဆရာတော်ကြီး၏ သက်တော် (၈၀) ပြည့် "ပတ္တမြားရတု" ဝိဇာတပူဇာသဘာ ဖြစ်၏။

အင်္ဂလိပ်ဝေါဟာရမူကား (၂၅) ပြည့် အထိမ်းအမှတ်ပွဲသဘင်ကို "ဆစ်လ်ဗား ဂျူဗလီ" နှစ် (၅၀) ပြည့် အထိမ်းအမှတ်ပွဲသဘင် ကို "ဂိုလ်းဒင်းဂျူဗလီ"၊ နှစ် (၆၀) ပြည့် အထိမ်းအမှတ်ပွဲသဘင်ကို "ဒိုင်းမွန်းဂျူဗလီ" ဟု ခေါ်ဝေါ်သုံးစွဲကြသောထုံး ရှိခဲ့ဘူးပါ၏။

မြန်မာဝေါဟာရ ရောက်သွားသော အခါ နှစ် (၆၀) ပြည့်အစား (၇၅) နှစ် အထိမ်းအမှတ်ပွဲသဘင်ကို "စိန်ရတုသဘင်" ဟု ပြောဆို သုံးနှုံးကြ၏။

ယင်းသို့သောထုံး နှလုံးမူ၍ မြန်မာဝေါဟာရ ပြောစရာစကားအရ ရတုဟူသည် ပွဲသဘင်အခမ်းအနားမည်၏ ဟု ဤနေရာ ဤဌာန၌ ယူမှသင့်လျော်ပေမည်သာတည်း။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
မော်ကျွန်းတိပိဋကဓရဆရာတော်

ဘာမှမဖြစ်သေးခင် ဖြစ်မှာမဟုတ်ဘူးလို့ရပ်တန့်
လိုက်ရင် ခင်ဗျားပြောတဲ့အတိုင်းပါဘဲ။

သုခသာနန္တရံ ဒုက္ခံ၊ ဒုက္ခသာနန္တရံ သုခံ

လူတွေဟာ ချမ်းသာသုခကိုလိုချင်လို့ ဒုက္ခခံနေကြသည်မဟုတ်၊ ဆင်းရဲဒုက္ခကိုလိုချင်လို့ ဆင်းရဲဒုက္ခခံနေကြတာပါ၊ စားဘို့ရန် ဆင်းရဲဒုက္ခခံနေကြတာ၊ အိပ်ဖို့ရန် မေထုန်မှီဝဲဖို့ရန် သားသမီးကိုပြုစုစောင့်ရှောက်ဘို့ရန် ထင်ပေါ်ဖို့ရန် တိုက်ခိုက်ဖျက်ဆီးဖို့ရန် စိုးမိုးအုပ်ချုပ်ဖို့ရန် ဒုက္ခခံနေကြတာပါ။

မိမိ၏ မပြည့်နိုင်၊ မပြီးနိုင်တဲ့ အလိုဆန္ဒတွေ၊ ကြံစည်စိတ်ကူးမှုတွေ ပြည့်ဝဘို့၊ ပြည့်စုံဘို့၊ ဒုက္ခခံနေကြရင်း မပြည့်ခင်၊ မပြီးခင်၊ သေကြရတာပါ၊ ချမ်းသာတယ်ထင်တဲ့ တဒင်္ဂအတွက် တဘဝလုံး ဒုက္ခခံနေကြတာပါတဲ့။

- ◈ ဆင်းရဲနောက်မှာ မြတ်ချမ်းသာ စောင့်ကာကြိုလျှက်ရှိ။
- ◈ ချမ်းသာနောက်မှာ ဆင်းရဲဟာ အသင့်ကြိုဆိုဘိ။
- ◈ ဆင်းရဲ ချမ်းသာ ဤနှစ်ဖြာ တလှည့်တခါ ကြုံရ၏။

(ဗုဒ္ဓ)
ဗောဓိရာဇကုမာရသုတ္တန်

http://www.dhammadownload.com



မန်းဟ်တိုက်သမိုင်း

နှင့်

အာဝရိယပရမ္ပရ

ကိုပညာ–မန်းမော်တိုက်

http://www.dhammadownload.com

"ဗန်းမော်တိုက်သမိုင်းနှင့် အာစရိယပရမ္ပရာ"

ကောဇာသက္ကရာဇ် ၁၁၇၈-ခုနှစ်၊ဝါခေါင်လဆန်း (၁) ရက် ဗုဒ္ဓဟူးနေ့၌ ဝဇီတိုင်း၊ ဝေသာလီပြည်၏ အာရာမ်ဖြစ်သော တိုးလျားစော်ဘွားက (၁၁) နှစ်အရွယ်ရှိ သမီးတော်၊ အာသံမင်းစန္ဒရကန်ရှိန်၏ နှမတော်ကို ဘိုးတော်ဘုရားအား ဆက်သခဲ့သည်။

ယင်းမင်းသမီးသည် ဘိုးတော်၊ ဘကြီးတော်၊ သာယာဝတီမင်း၊ (မင်းသုံးဆက်-တနည်း) ပုဂံမင်း၊ မင်းတုန်းမင်း ဤမင်းငါးဆက်တိုင်တိုင် မိဖုရားမြောက်ခံရ၍ ဗန်းမော်မြို့ကိုစား၍။ ကောဇာသက္ကရာဇ် ၁၂၂၆ - ခုနှစ်တွင် ကွယ်လွန်၏။

ယင်းဗန်းမော်မြို့စား မိဖုရားဆောက်လုပ်လှူဒါန်းသောကြောင့် ဗန်းမော်ကျောင်းတိုက်ဟု အမည်တွင်၏။

ဗန်းမော်ကျောင်းတိုက်၌ သီတင်းသုံးသောဆရာတော်များကိုလည်း ဗန်းမော် ဆရာတော်ဟု ခေါ်တွင်သမုတ်ကြ၏။

ဗန်းမော်ကျောင်းတိုက်သည် မူလက အမရပူရမြို့၏ အရှေ့ပြင် မြိတ်တန်းခေါ် ဘိတ်တန်း၊ ယခုခေတ်အခေါ် တံခွန်တိုင်ဘူတာ၏ အရှေ့ဘက် ပုဂံတိုက်၊ ပြည်တိုက်တို့၏ အနီး၌ တည်ရှိခဲ့၏။

ပဌမဗန်းမော်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတသည် ကောဇာသက္ကရာဇ် ၁၁၆၈-ခုနှစ်တွင် ဖွားမြင်တော်မူ၏။ သက်တော် (၄၃) နှစ် အရွယ်၊ ပုဂံမင်းလက်ထက်၊ ကောဇာသက္ကရာဇ် ၁၂၁၀ - ခုနှစ် နှောင်းတန်ခူး လဆန်း (၁၅) ရက်နေ့၌ ပဏ္ဍိတဝံသာဘိဓဇ မဟာရာဇာဓိ ရာဇဂုရု ဘွဲ့-တံဆိပ် ရရှိတော်မူခဲ့၏။

သက်တော် (၄၉) နှစ်အရွယ်၊ မင်းတုန်းမင်းလက်ထက်၊ ကောဇာသက္ကရာဇ် ၁၂၁၆ - ခုနှစ် ဝါဆိုလဆန်း (၂) ရက်နေ့၌ ပဏ္ဍိတဓဇ မုနိန္ဒယောသ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့-တံဆိပ်တော် ရရှိတော်မူခဲ့၏။

ကောဇာသက္ကရာဇ် ၁၂၂၀ - ခုနှစ်တွင် မင်းတုန်းမင်း၏ပင့်လျှောက်ချက်အရ အမရပူရမြို့ မူလဗန်းမော်ကျောင်းတိုက်ဟောင်းနေရာမှ မန္တလေးမြို့တောင်ပြင် ယခုခေတ် အခေါ် မန္တလေးတက္ကသိုလ် (တက္ကသိုလ်မိန်းကြီး) ဘောလုံးကွင်းနေရာသို့ ပြောင်းရွှေ့ပေးခဲ့၏။

ပထမဗန်းမော်ဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၂၃၆ - ခုနှစ်၌ စစ်ကိုင်းတောင်ရိုး ခိုတောင်ရွာအနီး တောရကျောင်း၌ တရားအားထုတ်ရင်း ပျံလွန်တော်မူခဲ့သည်။

http://www.dhammadownload.com

ပဉ္စမဗန်းမော်ဆရာတော် ဘဒ္ဒန္တနန္ဒိမာလင်္ကာရမဟာသာမိသီတော် ဗန်းမော်ဝန်မင်း၏ တူမ၊ ကောင်းတုံနယ်စား မယ်ဆွေရုံအမည်ရှိ မင်းသမီးက ဗန်းမော်ကျောင်းတိုက်၌ ကျောင်းသစ်ဆောက်လုပ်လှူဒါန်းသည်။

ယခုလက်ရှိပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင်၊ ဘောဂဆောင်တို့ဖြင့် ကြီးကျယ်ခမ်းနားသော ရှေးဟောင်းကျောင်းတော်ကြီးသည် မယ်ဆွေရုံမင်းသမီး၏ ကုသိုလ်တော်ဖြစ်၏။

ပဉ္စမဗန်းမော်ဆရာတော်ကြီး၏ မြေးတော်စပ်သူ ဆဋ္ဌဗန်းမော်ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသသည် ဆန်းကျမ်းအရာ၌ ကျော်ကြား၏ "ဆန်းကျော်သည့် မန်းဗန်းမော်" ဟု ဆိုးရိုးပြုကြ၏။

ယင်းဆရာတော်လက်ထက် ကောဇာသက္ကရာဇ် ၁၂၈၈-ခုနှစ်၊ ခရစ်နှစ် ၁၉၂၈-ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ဗန်းမော်တိုက်၊ စီးတော်မြင်းဝန်တိုက်၊ ဆီးဘန်းနီတိုက် နေရာများကို စိုက်ပျိုးရေးသိပ္ပံနယ်မြေပြုလုပ်လို၍ မန္တလေးတက္ကသိုလ် ဘောလုံးကွင်းနေရာမှ ယခုလက်ရှိ ဗန်းမော်တိုက်နေရာသို့ ပြောင်းရွှေ့ပေးတော်မူခဲ့၏။

နဝမဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် ကောဇာသက္ကရာဇ် ၁၃၂၄-ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့ ဗန်းမော်ကျေးရွာမဘုရားကြီးတိုက်၊ နယားကျောင်းမှ ယခုလက်ရှိ ဗန်းမော်တိုက်သို့ ပဓာနနာယကအဖြစ် စတင်သီတင်းသုံးတော်မူ၏။

ယင်းဆရာတော်ကြီးလက်ထက် ဗန်းမော်ကျောင်းတိုက်ကြီး ယိုင်လုလု ပျက်စီးနေသည်ကို အသစ်တဖန် ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ခဲ့၏။ ယခုလက်ရှိမြင်တွေ့နေရသော ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင်၊ ဘောဂဆောင်တို့ဖြင့် ကြီးကျယ်ခမ်းနားသော ဗန်းမော်ကျောင်းဆောင်ကြီးဖြစ်လာပုံကား-

(၂၁.၉.၂) ရက်နေ့က မင်းကွန်းတိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မင်းကွန်းဆရာတော်ကြီး မဟာမကျန်းဖြစ်စဉ် သာသနာရေးဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီး မျိုးညွှန့်၏ လျှောက်ထားချက်အရ ရန်ကုန်မြို့သို့ ဆေးစစ်ခံယူရန် ကြွတော်မူခဲ့၏။

ထိုစဉ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အတွင်းရေးမှူး (၁) ဒုတိယပိုလ်ချုပ်ကြီး ခင်ညွန့်တို့ မင်းကွန်းဆရာတော်ကြီးအား လာရောက်ဖူးမြော်ကြသည်။

မင်းကွန်းဆရာတော်ကြီးက မန္တလေး မြို့၊ မဟာအောင်မြေမြို့နယ်၊

http://www.dhammadownload.com

မဟာနွယ်စဉ် ရပ်ကွက်ရှိ ရှေးဟောင်း ဗန်းမော်ကျောင်းဆောင် ကြီး ယိုင်လုလုဖြစ်နေ-သည်ကို ပြင်ဆင်သင့် ကြောင်းနှင့် အနီးအပါးရှိ အထူးကုဆရာဝန်ကြီး ဦးသာလှကလည်း ဗန်းမော်ကျောင်းဆောင်ကြီး၏ သမိုင်းဖြစ် ရပ်အကြောင်းအထွာပွတ်များကို ရှင်းလင်း တင်ပြခဲ့၏။

ဗိုလ်ချုပ်မှူးကြီးက အတွင်းရေးမှူး (၁) အား ကျောင်းတော်ကြီးပြင်ဆင်ပေးရန် လမ်းညွှန်မှုပေးခဲ့၏။

(၂) အတွင်းရေးမှူး (၁) ၏ လမ်းညွှန်ချက်အရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သန်းသည် (၉.၂.၉၃) ရက်နေ့က ဗန်းမော်ကျောင်းတိုက်ကြီးသို့ လာရောက်၍ ဗန်းမော်ဆရာတော်ကြီးအား ကျောင်းတိုက်ကြီးကို ရှေးမူမပျက် ပြင်ဆင်ရန် လျှောက်ထားခဲ့၏။ စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးထွန်းကြည်အား ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးခဲ့၏။

ထို့နောက် (၁၀.၂.၉၃) ရက်နေ့က အမရပူရမြို့၊ ဗားကရာကျောင်းတိုက်ကြီး အုဋ္ဌမြစ် စီအခမ်းအနားကို တက်ရောက်လာသော အတွင်း ရေးမှူး (၁) က မန္တလေးတိုင်းမှူးအား ဗန်းမော် ကျောင်းတော်ကြီး ပြုပြင်ရန် ဒုတိယမြို့ ညွှန်ကြား ခဲ့၏။

(၃) (၁၅.၂.၉၃) ရက်နေ့မှစတင်၍ မူလက ပျက်စီးယိုယွင်းနေသော ပြာသာဒ်ဆောင်၊ စနု ဆောင်၊ ဇေတဝန်ဆောင်တို့နှင့် ထိုထိုဌာနဌာ အလီလီသော ပြင်ဆင်မှုများကို ဆောင်ရွက် ခဲ့၏။

အဆောင် (၃) ဆောင် ဆောင်ရွက် နေစဉ် အတွင်း ဗန်းမော်ဆရာတော်ကြီး၏ မေတ္တာရပ်ခံ ချက်အရ မူလကရှိရင်းစွဲ ဘောဂဆောင်ကိုပါ ပူးတွဲပါရှိဘို့အမိန့်ရှိရာ မြို့တော်ဝန်မှ ဘောဂ ဆောင်အသစ် ဆောက်လုပ်ရန် ညွှန်ကြားခဲ့သဖြင့် (၂၅.၇.၉၃) ရက်နေ့မှစတင်၍ ဆောက်လုပ် ခဲ့၏။

(၁.၄.၉၃) ရက်နေ့က အတွင်း ရေးမှူး (၁)နှင့် ဝန်ကြီးများအဖွဲ့သည် ဗန်းမော် ကျောင်းတော်ကြီးကို လာက်ရောက် ကြည့်ရှု စစ်ဆေးကြ၏။

(၁၉.၈.၉၃) ရက်နေ့က ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေး၊ အတွင်းရေးမှူး (၁) နှင့် ဝန်ကြီးများအဖွဲ့သည် ဆောက်လုပ်ဆဲ ဗန်းမော်ကျောင်းတိုက်ကြီးကို ဒုတိယမြို့ လာရောက်ကြည့်ရှုစစ်ဆေးကြ၏။

(၃.၁၀.၉၃) ရက်နေ့က ဝန်ကြီးများ ရုံးဝန်ကြီး ဗိုလ်ချုပ်လွန်းမောင်နှင့်အဖွဲ့ လာရောက် ကြည့်ရှုစစ်ဆေးကြ၏။

http://www.dhammadownload.com

ဗန်းမော်ကျောင်းတိုက်ကြီး ရှေးမူမပျက် ပြင်ဆင်ရန် မြို့တော်ဝန်မှ အနီးကပ်ကြပ်မတ်၍ ကော်မတီအဖွဲ့ဝင် ဦးစောလွင်၊ ဆောက်လုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းကြည်၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်တင်တင်အုန်း နှင့် မြန်မာ့ဗိသုကာအဖွဲ့တို့ သည် ဗန်းမော်ကျောင်းတော်ကြီးအား ရှေးမူမပျက်စေဘဲ တာဝန်ယူ ဆောင်ရွက်ခဲ့ကြ၏။

(၄) မူလက ပျက်စီးယိုယွင်းနေသော ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင် (၃) ဆောင်၏ ကုန်ကျစရိတ် ကျပ်သိန်းပေါင်း (၄၇. ၃၄) အသစ်ထပ်မံတည်ဆောက်သည့် ဘောဂဆောင်မှာ ကျပ်သိန်းပေါင်း (၁၀. ၆၄) ကုန်ကျခဲ့၏။

ကျောင်းတိုက်အတွင်းရှိ အလျား (၄၂၅) ပေ၊ အနံ (၁၄) ပေ နှိုင်းလွန်ကတ္တရာလမ်းအတွက် ကျပ်သိန်းပေါင်း (၁. ၂၆) ကုန်ကျခဲ့၏။

(၂၄. ၁၀. ၉၃) ရက်နေ့က ဗန်းမော်ကျောင်းတော်ကြီး အသစ်တဖန် ပြန်လည်တည်ဆောက်မှု ကိစ္စအဝဝ ပြီးဆုံးခဲ့၏။ အစ-အဆုံး (၇) လနှင့် (၁၀) ရက် အချိန်ကာလ ကြာမြင့်ခဲ့၏။

(၂၅. ၂. ၉၄) တပို့တွဲလပြည့်နေ့၌ နဝမဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အရှင်မြတ်၏ သမ္မုခီဘူတ ရေစက်သွန်းချကာ သာသနာတော်အား အပ်နှင်းလှူဒါန်းခဲ့ပါသတည်း။

"နဝမ ဗန်းမော်ဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်"

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သ, စ, အ ဓမ္မာစရိယ၊ ဝင်္သကာ
ပါဠိဋီသိရောမဏိ၊ ဘီအေ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်
ဒုတိယပါမောက္ခချုပ် (သင်ကြား)

မွေးသက္ကရာဇ် - ၁၂၉၁-ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက်၊ တနလ်ာနေ့၊

၁၉၂၉-ခုနှစ်၊ စက်တင်ဘာလ(၁၆) ရက်။

သီတင်းသုံးရာဌာန - ဗန်းမော်ကျောင်းတိုက်၊ မန္တလေးမြို့။(ခ)ဒုတိယပါမောက္ခချုပ် ဆရာတော် (သင်ကြား) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သာသနာရေးဝန်ကြီးဌာန၊ ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီတော် အနီး၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သ . ဓ . အ ဓမ္မာစရိယ၊ ဝဠံသကာ၊ ဗါဠိသိရောမဏိ၊ ဘိအေ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယဗါဟောက္ခချုပ်

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ



http://www.dhammadownload.com

ဇာတိချက်ကြွေမွေးရပ်မြေ - မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရာဘဲကျေးရွာ ဦးဘိုးသစ် + ဒေါ်အေးသိုက်တို့မှဖွါးမြင်။ မွေးချင်း (၈) ယောက်ရှိရာ စတုတ္ထမြောက် သားရတနာ။ ငယ်မည် မောင်ကျော်စိန်။

"ပြည်ပြဘာသာအထက်တန်း ရွာဒီရေဟန်း"

ဂျပန်ခေတ် ရွာသစ်ရွာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းအောင်ပြီးနောက် ၁၃၀၅-ခုနှစ် ဝါဆိုလတွင် ဆင်မင်းရွာကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ ဘောင်ဝင်ရောက်၊ ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း (၁၀) ရက် နေ့၌ ရာဘဲရွာ ကံမြဲဆရာတော်ဘဒ္ဒန္တ သောဘိတကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဘောင် တက်ရောက်ခဲ့။

"စာပေသင်ကြား ထူးခြားအောင်မြင် ဗန်းမော်ရွာ"

လောကုတ္တရာစာပေဆိုင်ရာ သဒ္ဒါ၊ သဂြိုဟ်တို့ကို (၁၁) လတည်း အပြီးအပြတ် သုတ်ပြီးရုပ်ပြီးပါမကျန် အာဂုမ်ဆောင်နိုင်ခဲ့။ ၁၃၀၈-ခုနှစ်၊ ပထမငယ်တန်း၊ ၁၃၀၉-ခုနှစ် ပထမလတ်တန်း၊ ၁၃၁၃-ခုနှစ်၊ ပထမကြီးတန်း၊ ၁၃၁၄-ခုနှစ် သကျသီဟ သီးခြား စာသင်တန်း၌ နံပါတ် (၁) အမှတ်အများဆုံး၊ ၁၃၁၅-ခုနှစ် ဓမ္မာစရိယ ကျမ်းကြီး (၃) ကျမ်းကို နှစ်မခြားဘဲ နံပါတ်(၁) အမှတ်အများဆုံး အောင်မြင်၍ ရွှေတံဆိပ် ဦးဆောက်ပန်းပိုင်ရှင် သကျသီဟ ဓမ္မာစရိယ ဝဋ်သကာဘွဲ့၊ ယင်း ၁၃၁၅-ခုနှစ်မှာပင် ဓမ္မာစရိယ (၉) ကျမ်းကို ပါဠိဘာသာဖြင့် (၁) နှစ်တည်းအောင်မြင်၍ အစိုးရစာချတန်း "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ" ဘွဲ့ရရှိခဲ့

ယနေ့အချိန်ထိ မြန်မာတစ်နိုင်ငံလုံး၌ ပါဠိဘာသာဖြင့် ဓမ္မာစရိယ (၉) ကျမ်းကို တစ်နှစ်တည်းအောင်မြင်သူမှာ ဗန်းမော်ဆရာတော်ကြီး (၁) ပါးသာရှိခဲ့။

ထို့နောက် လောကီစာပေဆိုင်ရာ အတန်းစာများလေ့လာသင်ယူပြီး မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့။

မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ပုသိမ်ကျောင်းဆရာတော်ထံ သိဒ္ဓန္တကောမုဒီ မည်သော သက္ကဋဘာသာကို (၃) နှစ်ခန့် သင်ယူခဲ့။

ပြာကရိုက်ဘာသာနှင့် အဒ္ဓမာဂဓီ ဘာသာတို့ကို အဘယာရာမဆရာတော် ဦးသီလာနန္ဒ အကူအညီဖြင့် သင်ယူခဲ့။

http://www.dhammadownload.com

"သာသနာရေး ဆောင်ရွက်ချက်များ"

၁။ ၁၃၁၈-ခုနှစ်မှစ၍ ၁၃၂၃-ခုနှစ်ထိ (၅) နှစ်တိုင်တိုင် ဆဋ္ဌသင်္ဂီယနာတင်စဉ် စာမူများကောင်းမွန်စေရေးအတွက် သြသာနပတ္တပါဠိက၊ သြသာနသောဓေယျက အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့။

၂။ နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ တိပိဋကပါဠိပဒ ကျမ်းညွှန်းကြီးနှင့် ပါဠိ မြန်မာအဘိဓာန် (အ) ဝဂ် (၄) ကျမ်းတွဲကြီးကို ပါဝင်ပြုစုဆောင်ရွက်ခဲ့။

၃။ သာသနာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးသည့် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့။

၄။ တိပိဋကဓရ = နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ မင်းကွန်းဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို လက်ပွန်းတတီး ပါဝင်ကူညီဆောင်ရွက်ပေးရင်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်၌ (၅) နှစ်တိုင်တိုင် စာချနာယကချုပ်အဖြစ်ဖြင့် တိ=နိ သံဃာတော်များအား စာချပေးခဲ့။ တိပိဋကဓရ (၁) ပါး၊ တိပိဋကကောဝိဒ (၅) ပါး ပေါ်ထွန်းခဲ့။

၅။ သာသနာတော်သန့်ရှင်းတည်တန့် ပြန့်ပွားရေးကိုကြံးပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးစတင်ဖွဲ့စည်းရာ၌ ဥသျှောင်ဆရာတော်များအဖွဲ့မှလည်းကောင်း၊ (၆၆) ပါးသော ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့မှလည်းကောင်း အဖွဲ့ဝင်တစ်ပါးအနေဖြင့် လိုက်လံစည်းရုံး ဆောင်ရွက်ခဲ့။

၆။ ဝိနည်းဓမ္မသတ်မှုခင်းဆိုင်ရာ ဥပဒေရေးဆွဲရာ၌ အတွင်းရေးမှူးဆရာတော်အဖြစ် ပြီးမြောက်အောင်မြင်သည်ထိ ဆောင်ရွက်ပေးခဲ့။

၇။ ဓမ္မနီတိ မိစ္ဆာဝါဒနှင့် စမ်းကလေးဝါဒကိုလည်း သီးခြားဝိနည်းဓိရိဆရာတော်အဖြစ် နိုင်ငံတော်အစိုးရ၏ လျှောက်ထားတောင်းပန်ချက်အရ ပြီးပြတ်ပြေငြိမ်းအောင် ဆုံးဖြတ်ပေးခဲ့။

၈။ နိုင်ငံတော်အရပ်ရပ်မှ မပြီးပြတ်သေးသော ဝိနိစ္ဆယတို့ကိုလည်း နိုင်ငံတော်ဝိနည်းဓိရိဆရာတော်အဖြစ် ဆုံးဖြတ်ပေးခဲ့။

၉။ ၁၉၉၄-ခုနှစ်၊ စက််ပူနိုင်ငံ၊ ဆရာတော်ဦးပညာဝံသ၏ ပင့်လျှောက်ချက်အရ ဥပရိပါသာဒ သိမ်သမုတ်ပွဲတွင် ပဓာနနာယက အဖြစ် ဆောင်ရွက်ပေးခဲ့။

၁၀။ ၁၉၉၆-ခုနှစ် မစ္စတာဂိုအင်ဂါ၏ ပင့်လျှောက်ချက်အရ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အနီး၊ ရွှေတိဂုံစေတီတော်နှင့် ဥာဏ်တော်တူစေတီတော်ကြီးတည်ဆောက်ရာ၌ ပါဝင်ခဲ့

၁၁။ အင်္ဂပူရီမြို့၊ ဝိပဿနာတရားစခန်းပြန့်ပွားရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့။

http://www.dhammadownload.com



"ရေးသားထုတ်ဝေ ကျမ်းစာပေ"

၁။ သိမ်တောင်သာသနာဝင်ကျမ်း (မြန်မာဘာသာ) (ရိုက်ပြီး)

၂။ နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ ပြုစုသော တိပိဋက ပါဋိပဒ ကျမ်းညွှန်း။ (ရိုက်ပြီး)

၃။ တိပိဋက ပါဋိ + မြန်မာအဘိဓာန် (အ) ဝဂ် (၄) အုပ်

၄။ မောဂ္ဂလာန် သဒ္ဒါကျမ်းကြီး အဖွင့်ပယောဂ သိဒ္ဓိနိဿယ ပ+ဒု (၂) အုပ် (ရိုက်ပြီး)

၅။ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာ ရှုနည်းကျမ်းကို ပါဋိဘာသာသို့ ပြန်ဆို ရေးသား ပ+ဒု (၂) အုပ် (ရိုက်ပြီး)

၆။ မန္တလေး ရတနာမဥ္ဇူဘုရားသမိုင်း (ရိုက်ပြီး)

၇။ ထေရီ အပဒါနဒီပနီ (ပါဋိဘာသာ) (ရိုက်ပြီး)

၈။ တိပိဋကပါရာဇိကဏ်ပုစ္ဆာဝိသဇ္ဇနာကျမ်း (၂၈) နှစ်စာ (ရိုက်ပြီး)

၉။ တိပိဋက ပါစိတ်ပုစ္ဆာ ဝိသဇ္ဇနာကျမ်း (၂၈) နှစ်စာ (ရိုက်ပြီး)

၁၀။ တိပိဋက မဟာဝါ စူဋဝါ ပရိဝါ ပုစ္ဆာ ဝိသဇ္ဇနာကျမ်း။

၁၁။ အောက်ယမိုက်ပါဋိတော်(၅)ကျမ်း။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား။ (ရိုက်ပြီး)

(ဘဒ္ဒန္တနာရဒနှင့်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ)

၁၂။ အထက်ယမိုက်ပါဋိတော် (၅) ကျမ်း။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား။ (ရိုက်ဆဲ)

"ဘွဲ့တံဆိပ်မှတ် ဆက်ကပ်ပူဇော်"

၁။ ၁၉၉၂-ခုနှစ်၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့။

၂။ ၁၉၉၉-ခုနှစ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့။

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်မှ ဒီလစ်ဘွဲ့။

၄။ ၂၀၀၅-ခုနှစ်၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇေဘွဲ့။

၅။ ၂၀၀၉ -ခုနှစ်၊ အဘိဇေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘွဲ့။

ဗန်းမော်ဆရာတော်ကြီးသည် သက်တော်ကလည်းရှည် ကျန်းမာရေးကလည်း အလွန်ကောင်း နေ့စဉ်တရားအားမထုတ်သောရက် (၁) ရက်မှ မရှိမူ၍ ယနေ့အချိန်ထိ ဘာသာရေး၊ သာသနာရေးများကို စွမ်းစွမ်းတမံ ထမ်းဆောင်နေဆဲပါ။



http://www.dhammadownload.com

ကောဇာ ၁၃၂၄ ခု၊ ဝါဆိုလမှစ၍ ဤဗန်းမော်တိုက်၌ သီတင်းသုံးသော နဝမ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မထေရ်မြတ်ရောက်စဉ် ရှေးကျောင်းဆောင်ကြီးတဆောင်သာ ရှိခဲ့၏။

ဆရာတော်ရောက်စက အသက် အရွယ် (၃၃) နှစ်သာရှိသေး၏။ "ကြမ်းဆွေး၊ ကျောင်းအို၊ လက်ရမ်းပြို၊ အမောင်ဘယ်လို လျှောက်မှာနည်း။ ရဟန်းပျိုပျို၊ ကျောင်းအိုအို အမောင် မည်သို့ နေမည်နည်း" ဟု ပြောရမလို ကျောင်းအို ကျောင်းဆွေးကြီးမှာ နှစ်ပေါင်းများစွာ သာသနာပြုခဲ့ရ၏။

ယနေ့အချိန်ထိ ဆရာတော် သီတင်းသုံးလာသည်မှာ (၄၇) နှစ်သက်တမ်းသို့ ရောက်ခဲ့ပါပြီ၊ ယင်း (၄၇) နှစ်ကာလတလျှောက် တိုးတက်ဖြစ်ထွန်းလာသည့် ကျောင်းဆောင်များမှာ လက်ချောင်း ခြေချောင်းမက များပြားလှတော့၏။

၁၃၂၄-ခု၊ မန္တလေးမြို့၊ ဒါးတန်းရပ်၊ မင်းကတော်ကြီး ဒေါ်ဒေါ်ညွန့် မှ (၃×၂) ခန်း အသားကျောင်း ဆောက်လှူ၏။

ဗန်းမော်ကျောင်းတိုက်၏ တောင်ဘက်ခြမ်းမြေကို သာသနာ့မြေဖြစ်ရန် ဝိသုဂါမ သိမ်မိန့်ရအောင် ဒါယကာ ဦးဆောင်းက ဆောင်ရွက်ပေးသည်။

ဝိသုဂါမ ဘောဇကအဖြစ်ဖြင့် မန္တလေးမြို့၊ မဟာအောင်မြေရပ်ကွက်၊ သိမ်ဒါယိကာမ ဒေါ်နီက ရယူပြီး သိမ်အတွက် (၆၀၀၀၀) ကျပ်၊ စာအားဖြင့် ခြောက်သောင်းကျပ် လှူဒါန်းသည်။

ဒိုင်တော်ရပ်၊ ဒေါ်အေး၏ သားသမီးမြေးမြစ်တို့က (၅၀၀၀၀) ကျပ်၊ စာအားဖြင့် ငါးသောင်းကျပ် လှူဒါန်းသည်။ အမျှားစုပေါင်းကောင်းမှုအနေဖြင့် (၆၀၀၀၀) ကျပ်၊ စာအားဖြင့် ကျပ်ခြောက်သောင်း လှူဒါန်းကြသည်။

အလျား (၆) ပေ၊ အနံ (၃) ပေရှိ ကျောက်စာချပ်ကို တပည့်မောင်ကျော်ဝင်းက (၂၀၀၀) ကျပ် လှူဒါန်း၏။

မန္တလေးမြို့၊ တမွဝတီရပ်၊ ဘဲလေးဆပ်ပြာစက်ရုံပိုင်ရှင် ဦးသောင်းကျော် + ဒေါ်သန်းစိန် မိသားစုတို့က သိမ်သွား အုင်္ဂလမ်းကို (၁၃၀၀၀) ကျပ်၊ စာအားဖြင့် တစ်သောင်းသုံးထောင်ကျပ် အကုန်အကျခံ၍ လှူဒါန်းကြသည်။

၁၃၆၅ ခုနှစ်၊ ရန်ကုန်မြို့၊ ဦးသန်းဆက်ဝင်း + ဒေါ်စိန်းဌေး မိသားစုတို့က မူလသိမ်ဟောင်းကို ထပ်မံပြုပြင် ဆောက်လုပ်လှူဒါန်းကြသည်။

..... ခုနှစ်က၊ မိုးညှင်းမြို့၊ ဦးဘဉာဏ် + ဒေါ်သိန်းညှာ မိသားစုတို့က ဆရာတော်ကြီး သီတင်းသုံးရန် ဓမ္မာယနတ (၂)

http://www.dhammadownload.com

ထပ်တိုက်ကျောင်းကို လျှုဒါန်းပါသည်။

. . . . ခုနှစ်၊ မိုးကုတ်မြို့၊ ဦးလှအောင် + ဒေါ်ရွှင်ကြည်မိသားစုနှင့် စေ့းကျောင်း ဆရာတော်ကြီး၏တူ ဦးလှ မိသားစုတို့က (၂) ထပ်၊ မိုးကုတ်တိုက်ကျောင်းခေါ် ပိဋကတ်တိုက်တော်နှင့် ဆရာတော်ကြီး၏ ထေရုပတ္တိ ပြတိုက်ကို လျှုဒါန်းကြသည်။

. . . . ခုနှစ်က၊ မန္တလေးမြို့၊ ဦးသန့်ဇင် + ဒေါ်မြင့်မြင့်ရီ မိသားစုတို့က (၁) ထပ်တိုက် ဆွမ်းစားကျောင်းကို လျှုဒါန်းသည်။

၁၃၅၆-ခုနှစ်က၊ မန္တလေးမြို့ ဦးစံငြိမ်း + ဒေါ်ခင်မြင့် မိသားစုတို့က ကထိန်အလျှုတော် မဂ်လာနှင့်အတူ ဆရာတော်ကြီး သီတင်းသုံးရန် (၁) ထပ်တိုက်၊ ရတနာယရ ကျောင်းဆောင်ကို လျှုဒါန်းသည်။

၁၃၆၄-ခုနှစ်၊ မန္တလေးမြို့ ဦးကျော်ကျော်ဝင်း + ဒေါ်ဌေးသန်း မိသားစုတို့က သဒ္ဓမ္မရံသီတိုက်ကျောင်းကို လျှုဒါန်းသည်။

၁၃၆၄-ခုနှစ်၊ ရန်ကုန်မြို့၊ ဦးချစ်မွေး + ဒေါ်မြင့်မြင့်ရီ မိသားစုတို့က သာသန ဇောတိက တိုက်ကျောင်းကို လျှုဒါန်းသည်။

၁၃၆၇-ခုနှစ်၊ မင်းကွန်းကိုပညာမှ ကျပ်သိန်း (၅၀) ခေတ္တ အမေရိကရောက် ညီမောင် ကိုစိုးနိုင် + မနန်းစန်းယဉ်မွန်မြင့်မှ ကျပ်သိန်း (၅၀) အများစုပေါင်းမှ ကျပ်သိန်း (၅၀) နှင့် မိဘနှစ်ပါးအတွက် ကျပ် (၂၇) သိန်း ကုန်ကထိန်အလျှုတော်မဂ်လာကို ဓမ္မာဒါသ မင်းကွန်းကိုပညာမှ ဓမ္မာဒါသတိုက်ကျောင်း ရေစက္ခုပွဲနှင့်အတူ လျှုဒါန်းသည်။

၁၃၅၆-ခုနှစ်၊ မန္တလေးမြို့ ဦးပေါက် + ဒေါ်စိန်ဌေး မိသားစုတို့က ဓမ္မသုခတိုက်ကျောင်းကို လျှုဒါန်းသည်။

၁၃၅၃-ခုနှစ်၊ မန္တလေးမြို့၊ ဦးအိကင်း + ဒေါ်မြမေ မိသားစုတို့က ရတနာဒီပံတိုက်ကျောင်းကို လျှုဒါန်းသည်။

၁၃၇၀-ခုနှစ်၊ မန္တလေးမြို့၊ ဦးသိန်းထွန်း + ဒေါ်စိုးစိုးအေး မိသားစုတို့က ရွှေစင်ထွန်းကျောင်းကို လျှုဒါန်းသည်။

၁၃၅၇-ခုနှစ်၊ မိုးကုတ်မြို့ ဦးအောင်သိန်း + ဒေါ်လုံးတင် မိသားစုတို့က သဒ္ဓမ္မဝေဗုလ္လတိုက်ကျောင်းနှင့်၊ မိုးကုတ်မြို့ ဒေါက်တာကျော်ခိုင် + ဒေါ်စိန်အေး မိသားစုတို့က သဒ္ဓမ္မဝေဗုလ္ဆွမ်းစားကျောင်းတို့ကို လျှုဒါန်းသည်။

သမ္မာဒိဋ္ဌိကျောင်း စသော မဂ္ဂင် (၈) ပါးအမည်ရှိ ကမ္မဋ္ဌာန်းကျောင်း (၈) ကျောင်းတို့ကို လျှုဒါန်းကြသည်။

၁၃၇၁-ခုနှစ်၊ ဆော်လုပ်ဆဲ တိပိဋကဓရကျောင်းတော်နှင့် ဆောက်လုပ်ဆဲ ဗုဒ္ဓတက္ကသိုလ်ကျောင်းတော်တို့ကို လျှုဒါန်း ကြသည်။

http://www.dhammadownload.com

၁၉၉၈-ခုနှစ်၊ လူပုဂ္ဂိုလ်များ ချမ်းချမ်းသာသာနှင့် ဝိပဿနာတရားပွားများ အားထုတ်ရန်အတွက် ဦးဂိုအင်ဂါအား ဓမ္မမဏ္ဍပအမည်ရှိ ဓမ္မဂိရိဝိပဿနာရိပ်သာကို ဗန်းမော်တိုက်၊ သံယိကမြေ "သာသနဝတ္တကမြေ" မှ ယာယီအဆောက်အဦးများ ဆောက်ခွင့် တရားအားထုတ်ခွင့် ပြုထားပါသည်။

"ဗန်းမော်တိုက်၊ ဓာတ်ရိုးယပစ္စန္တရ"

၁။ ပဌမ ဗန်းမော်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ။
ပဏ္ဍိတဝံသာဘိဓဇ မဟာရာဇာဓိရာဇဂုရုဘွဲ့
(ပုဂံမင်းဆက်ကပ်)
ပဏ္ဍိတဓဇ မုနိန္ဒယောသ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ (မင်းတုန်းမင်းဆက်ကပ်)
၂။ ဒုတိယ ဗန်းမော်ဆရာတော် ဘဒ္ဒန္တဇာဂရ။
၃။ တတိယဗန်းမော်ဆရာတော် အရိယာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။
၄။ စတုတ္ထဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရ။
၅။ ပဉ္စမ ဗန်းမော်ဆရာတော် ဘဒ္ဒန္တနန္ဒိမာ။
၆။ ဆဋ္ဌမဗန်းမော်ဆရာတော်ဘဒ္ဒန္တဥတ္တမသာရ။
၇။ သတ္တမ ဗန်းမောဆရာတော် ဘဒ္ဒန္တဇဋိလ။

ယင်းဆရာတော်သည် ဆန်းကျမ်း အရာ၌ ကျော်ကြား၍ "ပတ္ထာရ တံခွန်" ကျမ်းကြီးကို ပြုစုသည် "ဆန်းဇဋိလ" ဟု ထင်ရှား၏။
၈။ အဋ္ဌမ ဗန်းမော်ဆရာတော် ဘဒ္ဒန္တနာယက။
၉။ နဝမ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သက္ကသီဟ ဓမ္မာစရိယ ဝင်္သကာ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ အစိုးရ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ၊ ဘီအေ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ဖြစ်ကြသည်။

ဗန်းမော်တိုက်သည် "မုံရွာမြို့မြောက်၊ လေးတထောက်၊ ခြသေ့ဟောက်လတဲ့" ဟူသော တဘောင်အတိုင်း အောင်နိမိတ် အရပေါ်ထွန်းလာသော "လယ်တီတိုက်ကြီး" ပမာ ..... ယခုနှစ် ယခုအချိန်ထိ ဆရာတော် အစဉ်အဆက်ပေါင်း "၉" ပါးမြောက် ရှိကြသော ကျောင်းတိုက်ဟောင်းကြီးများ ဖြစ်ပါသတည်း။

ကိုပညာ (ဗန်းမော်တိုက်)

လူကျင့်ဝတ် စည်းကမ်းကလနားဆိုတာ လူမျိုးတိုင်း ဘာသာတိုင်း နိုင်ငံတိုင်း ရှိကြစမြဲပါ။ "လူတန်ဖိုး"ကို အဲဒီအပေါ် ဘယ်လောက် လိုက်နာစောင့်ထိန်းသလဲ! ဆိုတဲ့ ပေတံနဲ့ တိုင်းထွာတာပါ။

(ပေါရာဏာစရိယ)

http://www.dhammadownload.com



မြန်မာနိုင်ငံသာသနာဝင်မှာ

ထင်ရှားသော

ဆရာတော်ကြီး

■

မစိုးရိမ်စာသင်သား
၂၉-၄-၂၀၀၉

http://www.dhammadownload.com

(က)

မဟာသက္ကရာဇ် (၁၀၃) ခုနှစ်ဂေါ်တမဗုဒ္ဓလောင်းလျာသည် ပါရမီ (၃၀) တို့ကို ဖြည့်တော်မူပြီး ကိလေသာအားလုံးကို ချိုးဖျက်တော်မူကာ သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိမြင်တော်မူခြင်းကြောင့် သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူခဲ့ပါသည်။ ယခု-နှစ် (၁၃၇၁)မှပြန်၍ရေတွက်လျှင် နှစ်ပေါင်း (၂၅၉၇) နှစ်ခန့်ကြာခဲ့ပါပြီ။ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူပြီးစ (၂)လ အတွင်းမှာပင် မြတ်ဗုဒ္ဓ၏ ဆံတော်များနှင့် မြတ်ဗုဒ္ဓ၏ သရဏဂုံဒေသနာ၊ ငါးပါးသီလဒေသနာ စသည်များ မြန်မာနိုင်ငံတော်သို့ ရောက်ရှိလာကြပါသည်။ တပုဿနှင့် ဘလ္လိက ညီနောင်တို့က ယူဆောင်လာကြသည်။ ဤသို့သောနည်းမျိုးဖြင့် သာသနာတော် (၃)ကြိမ်ရောက်ရှိခဲ့ သော်ငြားလည်း ပြန့်ပွါးခြင်းမရှိဘဲ အားနည်းခဲ့ပါသည်။ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူသောမြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် (၁၄၈) ခုတွင် ပရိနိဗ္ဗာန်စံတော်မူရာ ထိုနှစ်မှစ၍ အဇာတသတ်မင်းက သာသနာနှစ်ကို စတင်၍သုံးစွဲရန် အမိန့်ဖြန့်ခဲ့ပါသည်။ ထိုနှစ်တွင် တောထွက်ကြီးသုဘဒ္ဒ၏ အဓမ္မ အဝိနယဝါဒကြောင့် ပထမသင်္ဂါယနာ တင်ကြရပါသည်။ မြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက် ဒေသနာတို့ကို ပေါင်းစု၍ အတည်ပြု ပြဋ္ဌါန်းကြရပါသည်။ မြတ်ဗုဒ္ဓသည် ဓမ္မစကြာကဲ့သို့သောဒေသနာ တို့ကို ဟောပြောတော်မူရာတွင် မဟောမီမှာလည်း တရားနှင့်စပ်ဆိုင်ရာတို့ကို မြောက်များစွာပင် ဟောပြောတော်မူကာ ဟောပြီးမှာလည်း တရားနှင့်စပ်ဆိုင်ရာတို့ကို မြောက်များစွာပင် ဟောပြောတော်မူလေ့ ရှိပါသည်။ သို့ရာတွင် ပထမသင်္ဂါယနာတင်သောအခါမှာမူ မူလကိုယ်ထည် ဖြစ်သော ဒေသနာတော် (စကားစု) တို့ကိုသာ ပဓာနပြု၍ ထားရှိကြပါသည်။ သို့သော်လည်း မဟောမီမှာ ဟောပြောသမျှတို့နှင့် ဟောပြီးရာမှာ ဟောပြောသမျှတို့ကိုလည်း မဟာအဋ္ဌကထာအနေဖြင့် သင်ပြကြ၊ သင်ယူကြပါသည်။ ဤသို့ဖြင့် မြတ်ဗုဒ္ဓ၏ အခြံအရံ ဟောပြောချက်များသည် သာသနာနှစ် (၉၀၀) ကျော်တိုင်တိုင် တည်ရှိခဲ့ကြပါသည်။ သာသနာနှစ် (၁၀၀) ရောက်တွင် ဝဇ္ဇီတိုင်းသားတို့၏ အဓမ္မဝါဒ၊ အဝိနယဝါဒကြောင့် ဒုတိယသင်္ဂါယနာတင်ကြရပါသည် အဓမ္မဝါဒ၊ အဝိနယဝါဒတို့ကိုပယ်ချ၍ ဝဇ္ဇီတိုင်းသားတို့ကို သာသနာဝင်အဖြစ်မှ နှင်ထုတ်ကြပါသည်။ နှင်ထုတ်ခံရသူတို့က စည်းရုံးမှုအားကောင်းပြီး သံဃာတစ်သောင်း ရွေးချယ်ကာ စင်ပြိုင်ပြု၍ သင်္ဂါယနာတင်ကြသည်။ မဟာသံဃိကဂိုဏ်းဟု နာမည်တွင်ပါသည် ထိုဂိုဏ်းသည် ယခုခေတ် တွေ့မြင်ကြားသိနေရသော မဟာယာနဂိုဏ်းတို့၏ မူလပင်မဖြစ်ပါသည်။

http://www.dhammadownload.com

ဝဇိုတိုင်းသားများသည် ဝိနည်းတော်ကို ပယ်ချကြသည်။ ထို့ကြောင့် မဟာယာနအဆက်ဆက်တို့ကလည်း ဝိနည်းတော်ကို လက်မခံသူများချည်းဖြစ်ကြသည်။ အိမ်ထောင်ရှင် ရဟန်းများအထိ ရှိလာကြသည်။ သာသနာတော်နှစ် (၂၃၅) တွင် တိတ္ထိယအုပ်စုများက ခြောက်သောင်းကျော်အထိ သင်္ကန်းဝတ်ကာ သာသနာတော်အတွင်း အတင်းဝင်လာကြပြီး တိတ္ထိယဝါဒများကို ဟောပြောနေကြသောကြောင့် တတိယသင်္ဂါယနာတင်ကြပါသည်။ တိတ္ထိအပေါင်း မကောင်းသူများကို လူဝတ်လဲစေကာ သာသနာတော်ကို သန့်စင်အောင်ပြုကြရပါသည်။ သို့သော်လည်း တိတ္ထိတို့အထဲက လိမ္မာသူတို့သည် သာသနာတော်လာဓမ္မဝိနယတို့ကို အကြမ်းဖျင်းအားဖြင့် သင်ယူထားကြသူများဖြစ်၍ လူဝတ်လဲရသူများထဲမှာမပါဘဲ သင်္ကန်းဝတ်ဘဝပင် ကျန်ရှိခဲ့ကြပါသည်။ သာသနာ့ဝန်ထမ်းရဟန်းသံဃာများတွင် မူလပင်မဖြစ်သော ဗုဒ္ဓဝါဒီများလည်းရှိကြပါသည်။ မဟာသံဃိကဝါဒီ (အဝိနယဝါဒီ) များလည်းရှိကြသည်။ တတိယသင်္ဂါယနာခေတ်တွင် မူလပင်မဗုဒ္ဓဝါဒီတို့တည်းမှာပင် ဗုဒ္ဓဝါဒီ စစ်စစ်တည်သောရဟန်းသံဃာများဟူ၍လည်းကောင်း၊ တိတ္ထိယဝါဒီနှင့် ရောထွေးနေသောရဟန်းများဟူ၍လည်းကောင်း ပူးတွဲလျက် ကွဲပြားစွာ ရောထွေးလာကြပြန်ပါသည်။

တတိယသင်္ဂါယနာကိစ္စတို့ကို ဦးဆောင်ကြသော ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် နှင့် သီရိဓမ္မာသောကမင်းကြီးတို့က ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ရဟန်းတော်များ အဖွဲ့လိုက် စေလွှတ်တော်မူကြပြီး သာသနာတော်ပြန့်ပွါးအောင်လည်း ပြုကြပါသည်။ ဤသို့ပြုရာ (၉) ဌာနတို့တွင် မြန်မာပြည်က သထုံနယ်သည်လည်း ပါဝင်လာပါသည်။ ရှင်သောဏ၊ ရှင်ဥတ္တရ ခေါင်းဆောင်သော သာသနာပြုရဟန်းတော်အဖွဲ့က သာသနာတော်ပြန့်ပွါးအောင် သထုံဒေသမှာ ပြုတော်မူကြပါသည်။ သထုံပြည် မနူဟာမင်းလက်ထက်တွင် သထုံမှာ သာသနာတော် အထူးပြန့်ပွားခဲ့ စည်ကားပါသည်။သထုံပြည်က ရှင်အရဟံ (ရှင်ဓမ္မဒဿီ) သည် ပုဂံပြည်သို့ ကြွရောက်တော်မူကာ အနော်ရထာမင်းကြီးအား တရားစစ်တရားမှန်တို့ကို ချီးမြှင့်တော်မူသည်။ အနော်ရထာမင်း လက်ထက်တွင် ပုဂံပြည်မှာ သီဟိုဠ်ကျွန်းရှိ အဘယာဂီရိဂိုဏ်းဆက်ထဲက မဟာယာနအရည်းကြီးများ လွှမ်းမိုးလျက် မဟာယာနသာသနာဖြစ်သော တရားတုတရားယောင်များ ပြန့်နှံ့နေကြပါသည်။ (သီဟိုဠ်မှာ ထွန်းကားခဲ့သော ဂိုဏ်းကြီး (၃) ဂိုဏ်းတို့တွင် မဟာဝိဟာရဝါသီဂိုဏ်းသည် ထေရဝါဒဂိုဏ်းဖြစ်၍ဇေတဝနဝါသီဂိုဏ်း၊ အဘယာဂီရိဂိုဏ်းတို့သည် မဟာယာနဂိုဏ်းကြီးနှစ်ဂိုဏ်းဖြစ်သည်။) ရှင်အရဟံ၏ ဆုံးမမှု၊ အနော်ရထာမင်း၏

http://www.dhammadownload.com

အားထုတ်မူတို့ကြောင့် ပုဂံပြည်မှစ၍ ယခုခေတ် မြန်မာနိုင်ငံတော်တစ်ခုလုံးမှာ ထေရဝါဒသာသနာ (၀၊) မူလပင်မဗုဒ္ဓဝါဒ၊ ဗုဒ္ဓဒေသနာတော်များ အလွန်အားကြီးစွာ ပြန့်နှံ့ထွန်းကားခဲ့ကြပါသည်။ သို့သော်လည်း ဒုတိယသင်္ဂါယနာက-စခဲ့သော မဟာယာနဝါဒီများနှင့် တတိယသင်္ဂါယနာက ရောပါလာသော တိတ္ထိယများကလည်း ပူးကာပူးကာ ရောကာရောကာ ပါနေကြပြန်သောကြောင့် ထေရဝါဒီသံဃာတော်များနှင့်ထေရဝါဒီအစိုးရမင်းတို့က သာသနာတော်မြတ်ကို အလေးဂရုပြုလျင် ပြုသလောက်အထိ စင်ကြယ်သန့်ရှင်းစွာ ပြန့်ပွားကြပါသည်။ မဟာယာနဝါဒများနှင့် တိတ္ထိယဝါဒများက မှေးမှိန်ကာ ငြိမ်ဝပ်ကြရပါသည်။ ထေရ ဝါဒီသံဃာတော်များနှင့် ထေရဝါဒီအစိုးရ မင်းတို့က သာသနာတော်မြတ်ကို အလေးဂရုမပြုသော ခေတ်ကာလတို့မှာမူ သာသနာတော်ကြီးသည် သန့်ရှင်းစင်ကြယ်စွာ မပြန့်ပွားနိုင်ရှာပေ။ သာသနာနှစ် (၄၅၀) တွင် သူပုန်ဘေးကြီး ပေါ်ပေါက်လာပြီး သီဟိုဠ်နိုင်ငံတစ်ခုလုံး ဒုက္ခကြုံကြပါသည်။ သာသနာ့ဝန်ထမ်းရဟန်းသံဃာတို့လည်း အသက်ဘေးဆိုက်လောက်အောင်ထိ ဘေးသင့်ကြပါသည်။

ထို့ကြောင့် ရှေးအခါတုန်းကလို ဒေသနာတော်တို့ကို နှုတ်တိုက်ရွတ်ဆိုမှု၊ နှုတ်တိုက်သင်ပြပေးမှု၊ နှုတ်တိုက်သင်ယူမှုတို့ကို မပြုနိုင်ကြတော့ဘဲ အခက်အခဲ ကြုံတွေ့ကြရပါသည်။ ဝမ်းဗိုက်အောက်မှာ သဲအိတ်ငယ်များထား၍ ဝမ်းလျှားမှောက်လျှက်ဖြင့်ပင် မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့ကို မမေ့မပြောက်အောင် ဆောင်တော်မူကြရပါသည်။ ဤအဖြစ်ဆိုးကို အကြောင်းပြု၍ ဒေသနာတော်တို့ကို ပေထက်အက္ခရာ တင်နိုင်ရန် စတုတ္ထသင်္ဂါယနာ တင်ကြပါသည်။ သင်္ဂါယနာတင်မူဖြစ်သော ဒေသနာတော်တို့ကို ပေထက်မှာ အက္ခရာတင်ကြသော်လည်း ဓမ္မစကြာသုတ်ကို မဟောမီမှာ ဟောပြောထားသည့်တရားနှင့် စပ်ဆိုင်ရာများ ဟောပြောပြီးရာမှ ဟောပြောထားသည့် တရားများနှင့် စပ်ဆိုင်ရာများကိုမူ ပေထက်မှာအက္ခရာမတင် နိုင်ကြပေ။ သို့သော်လည်း သဒ္ဓါတရား၊ ဝီရိယတရားအားကြီးလှသော ရဟန်းတော်များက ကြိုးစားအားထုတ်၍ ပေထက်အက္ခရာ တင်နိုင်ခဲ့ပါသည်။ ၎င်းတို့ကို အန္ဓကဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ-စသည်ဖြင့် သမုတ်ကြပါသည်။ထို့ကြောင့် သာသနာဝင် သံဃာအားလုံး သဘောတူထားသည့် ပ၊ ဒု၊ တ - သင်္ဂါယနာမူအတိုင်း ပေထက်အက္ခရာတင် ဒေသနာများရော ဝီရိယကြီးသော၊ စာရေးစာမှတ်ဝါသနာကြီးသော အရှင်မြတ်များက ရေးသားထားသည့် မဟာအဋ္ဌကထာများ၊ အန္ဓကဋ္ဌကထာများ၊ ကုရုန္ဒီအဋ္ဌကထာများပါ အစုံအလင် အက္ခရာတင်မိလျက် ရှိကြပြီးဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့ဖြင့် သာသနာနှစ်သည် (၅၀၀) သို့တိုင် ရောက်ရှိလာခဲ့သည်။ ရှင်နာဂသေနနှင့် မိလိန္ဒ တို့ပေါ်ပေါက်ခဲ့ကြပါသည်။ မဓုရာပြည်ဇာတိ၊ [အရှင်အာနန္ဒာ၏ တပည့်ဖြစ်သော အရှင်သာဏ၊ ၎င်း၏တပည့်ဖြစ်သော] ရှင်ဥပဂုတ္တ (အစစ်) တို့လည်းပေါ်ပေါက်ခဲ့ကြပါသည်။ (ယခု ရှိနေ-ကြသော လည်စောင်းပုံ ရှင်ဥပဂုတ်သည် မဟာ ယာန တို့၏ လက်ချက်အရရှိနေသော ရှင်ဥပဂုတ် (အတု)ပါ။) ထို့နောင် သာသနာနှစ်(၉၇၃) ဝန်းကျင်တွင် ရှင်မဟာဗုဒ္ဓဃောသမထေရ် ပေါ်ထွန်းခဲ့ပါသည်။ ရှင်မဟာဗုဒ္ဓဃောသသည် အဆိုပါ မဟာအဋ္ဌကထာကြီးများကို တူရာ တွေဖြုတ်၍ အကျဉ်းချုံးကာ သင်္ဂဟအဋ္ဌကထာ (ကျဉ်း) တို့ကို ပါဠိဘာသာဖြင့် သေချာကျန စီရင်ရေးသားခဲ့ပါသည်။ အကျယ်ဖြစ်သော အဋ္ဌကထာကြီးများက တဖြေးဖြေးချင်း ကွယ်ပျောက်သွားကြကာ အကျဉ်းဖြစ်သော အဋ္ဌကထာများကမူ ယနေ့တိုင်အောင် သင်ပြ ပေးသူ ဆရာများနှင့် သင်ယူနေသူတပည့်များ၏ နှုတ်ဖျား လက်ဖျားတို့မှာ ပါရှိလျှက်ပင်ရှိကြ ပါသည်။ ဤသို့ဖြင့် သာသနာဝင် စာပေ ကျမ်းဂန်များနှင့် သာသနာဝင် ရဟန်းသံဃာ များ ပြန့်ပွားနေခဲ့ကြရာ - သာသနာနှစ် (၂၂၂၂) ခန့်တွင် ပုဂံမှာ 'သာသနာအကြီးအကျယ် ပြန့်ပွားထွန်းကားခဲ့ပါသည်။

သာသနာနှစ် (၂၄၁၅) တွင် မင်းတုန်းမင်းကြီးက ပဋ္ဌမသင်္ဂါယနာတင်၍ ကျောက်ထက်အက္ခရာ တင်ခဲ့ပါသည်။ သာသနာနှစ် (၂၄၉၈)တွင် မြန်မာအစိုးရက ဆဋ္ဌသင်္ဂါယနာ တင်ခဲ့ပါသည်။ ဤပဋ္ဌမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာကြားတွင် အတိအကျအားဖြင့် (၈၃) နှစ်ကြာရှည်ခဲ့ရာ-ထိုကာလသည် မြန်မာနိုင်ငံသာသနာတော် အတွက် အလွန်အရေးကြီးနေသော ခေတ် ပင်တည်း။ မှန်၏။ မြန်မာတို့သည် အင်္ဂလိပ်တို့၏ အုပ်ချုပ်ခံဘဝများဖြစ်ခဲ့ကြရသည်။ခရစ်ယာန် ဝါဒီ အင်္ဂလိပ်တို့က လွှမ်းမိုးနေခြင်းကြောင့် ခရစ်ယာန်ဘာသာ လွှမ်းမိုးခံကြရသည်။ ထေရဝါဒီ သံဃာများနှင့် ထေရဝါဒီအစိုးရတို့က ဦးဆောင် နေရာမှာ မရှိကြတော့သဖြင့် မဟာယာနဝါဒီ အဖွဲ့ဝင် ရဟန်းများက အရည်းကြီးခေတ်သစ် ထူထောင်ကြပါသည်။ တိတ္ထိယဝါဒီအဖွဲ့ဝင် ရဟန်းများက တိတ္ထိယဝါဒီခေတ်သစ် ထူထောင် ကြပါသည်။ ဥပမာအားဖြင့် ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒများ၊ ဆူးလေ ဦးမြင့်သိန်း၏ တရားများ၊ ဦးမြတ်သိန်းထွန်း၏ တရားများ စသည်တို့ပင်တည်း။



http://www.dhammadownload.com

[ခ]

ဖော်ပြပါအဓမ္မဝါဒီများ၊ အဝိနယဝါဒီများသည်ဆဋ္ဌသင်္ဂီယနာမူ (ပိဋကတ်တော်) တို့ကို လက်မခံနိုင်ကြသောကြောင့် ဆဋ္ဌသင်္ဂီယနာမူ (ပိဋကတ်တော်) တို့ကို အမြဲတမ်း ကဖျက်ယဖျက် ပြုလုပ်ကြပြီး ဝါဒသစ်များကိုထူထောင်လျက်သာ ရှိကြပါသည်။ ဆဋ္ဌသင်္ဂီယနာတင်ဝံ့သော အစိုးရအဖွဲ့သည် တော်လှန်ရေးအစိုးရအဖွဲ့ကြောင့် နေရာရွေ့သွားပါသည်။ ဤသို့ဖြင့် နှစ်ပေါင်း (၂၀) လောက်အထိပင် တော်လှန်ရေးအစိုးရအဖွဲ့က သာသနာရေးတို့ကို မေ့လျော့လာခဲ့ပါသည်။ တောင်တွင်းကြီး ရှင်ဥက္ကဋ္ဌ၊ တောင်တွင်းကြီး ဦးကိုကိုကြီး စသူတို့၏ ရုပ်ဝါဒဟုခေါ်သော ကွန်မြူနစ် ဝါဒများထဲက တစ်စိတ်တစ်ပိုင်း ဝါဒများက တော်လှန်ရေးအစိုးရအကြီးအကဲ တချို့အပေါ်မှာသြဇာစူးခဲ့ကြပါသည်။ မြန်မာနိုင်ငံမှာ ဘုန်းကြီးကျောင်းပညာရေးများနှင့် ဘုန်းကြီးများ၏အခန်းကဏ္ဍများ ဖျောက်ဖျက်ခံခဲ့ကြရပါသည်။ တော်လှန်ရေး အစိုးရအကြီးအကဲများသည် သာသနာနှစ် (၂၅၂၁)ကျော်၊ ခရစ်နှစ် (၁၉၈၀) ခုနှစ်ရောက်တော့မှ သာသနာရေးတို့ကို ပြန်လည်၍ ဂရုပြုနိုင်ခဲ့ကြပါသည်။ ထို့ကြောင့်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးမှစ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးနှင့် နိုင်ငံတော်ဗဟိုဝန်ဆောင် သံဃာ့အဖွဲ့ကြီး- စသည်တို့ကို သီးသန့်တည်ထောင်၍ ဖွဲ့စည်းနိုင်ကြပါသည်။ ကျေးရွာအထိပင် သံဃာ့အဖွဲ့များဖွဲ့နိုင်ကြပါသည်။ အစိုးရအဖွဲ့အစည်းထဲတွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန အဆင့်ဆင့်တို့ကို တရားဝင်ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။ အကျိုးရှိသော သာသနာရေးတို့ကို အားထုတ်နိုင်ခဲ့ကြပါသည်။ ဝိနိစ္ဆယရေးအရ ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ စသည်တို့ကို အဓမ္မဝါဒ ဖြစ်ကြောင်း တိုင်းသူပြည်သားတို့အား ကြေငြာချက် ထုတ်ပြန်ပေးနိုင်ခဲ့ကြပါသည်။ အဓမ္မဝါဒများစွာတို့ကို ရှင်းလင်းပယ်ဖျက်နိုင်ခဲ့ကြပါသည်။ တစ်ဖန် (၁၉၈၈) တွင် တော်လှန်ရေးအစိုးရသည်လည်း နေရာရွှေ့ရပြန်ပါသည်။ သို့သော်လည်း တော်လှန်ရေးအစိုးရခေတ်တွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ စသည်တို့နှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန စသည်တို့ကမူ ဆက်လက်၍တည်ရှိကာ သာသနာရေးဆိုင်ရာများ၊ ပညာရေးဆိုင်ရာများ၊ ဝိနိစ္ဆယရေးဆိုင်ရာများကိုလည်း ဆက်လက်၍ ဆောင်ရွက်နေကြမြဲပင် ဖြစ်ကြပါသည်။ ဤသို့စဉ်ဆက်မပြတ် အောင် ဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်ပေါင်း (၃၀) နီးနီး ရှိခဲ့ကြပြီဖြစ်ပါသည်။ နှစ်ပေါင်း (၃၀) အတွင်းမှာဆောင်ရွက်ကြရသည့်ကိစ္စတို့တွင် အစပိုင်းဖြစ်သောမူတည်ကိစ္စမှာ ဂိုဏ်းပေါင်းစုံ

http://www.dhammadownload.com

သံယာများညီညွတ်ရေး (ညီညွတ်မှုရရှိရေး) ဖြစ်ပါသည်။ ဤကိစ္စသည် အလွန်ခက်ခဲသော ကိစ္စဖြစ်ပါသည်။ မိမိတို့အကြိုက်အတိုင်း မိမိတို့ဝါဒအတိုင်း အင်္ဂလိပ်ခေတ်ကအတိုင်း လွတ်လွတ်လပ်လပ်ဖြင့်ပင် နေထိုင်လိုသော အဖွဲ့အစည်းများက အပြင်းအထန်ငြင်းဆန် ကန့်ကွက်ကြပါသည်။ အခို့အဖွဲ့စည်းများသည်-

(၁) ဘုန်းကြီးရဟန်းသံယာတို့၏ အရှိန်အဝါ ဂုဏ်သိက္ခာကိုလည်း အလိုရှိကြသည်။

(၂) ဘုန်းကြီးရဟန်းသံယာတို့၏ သာသနာပြုလုပ်ငန်းတို့ကိုကျတော့ မလုပ်လိုကြပေ။

(၃) ဘုန်းကြီးရဟန်းသံယာတို့၏ သိက္ခာပုဒ်တော် ကျင့်ဝတ်တို့ကိုလည်း မလိုက်နာလိုကြပေ။

(၄) ဘုန်းကြီးရဟန်းသံယာတို့ ရရှိအပ်သော စားဝတ်နေရေးဆိုင်ရာ ချမ်းသာမှုများနှင့် ပစ္စည်းလေးပါး လွယ်ကူမှုများကိုလည်း အချောင်လိုက်၍အရယူလိုချင် ကြပေသည်။ ဤသို့သော ရဟန်းသံယာ အမည်ခံအဖွဲ့အစည်းများ ရှိနေကြရာတွင် ဂိုဏ်းပေါင်းစုံညီညွတ်ရေးကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်တော့ပေ။ ယခုခေတ်မှာပင်လျှင် ထိုကဲ့သို့သဘောရှိသော ဘာသာရေးအဖွဲ့အစည်းများ ရှိနေကြပါသေးသည်။ ရံခါရံခါမှာ ငြိမ်ဝပ်တိမ်မြုပ်နေကြသော်လည်း ရံခါ ရံခါမှာ ခေါင်းထောင်ပေါ်ထွက်လာကြပါသည်။

ယခုမျက်မှောက်ခေတ်နှင့်စပ်၍ မည်သို့မည်ပုံရှိနေကြသနည်းဟု သေချာစစ်ကြည့်ကြမည်ဆိုလျှင် (၂၃-၁၁-၂၀၀၈) နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) တွင် "ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မည်သောရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတား ဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိ" ဟူသော ခေါင်းစီးဖြင့် နိုင်ငံတော်သံယာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ သာရဏီယသြဝါဒကထာကိုလည်းကောင်း၊ (၂၆-၂-၂၀၀၉) နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၄) တွင် "ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၌ မည်သည့်အညစ်အကြေးများ၊ မည်သည့်ဘေးရန်များ၊ မည် သည့်အနှာက်ယှက်များ ဖြစ်ပေါ်နေသည်ဟု တိကျပြတ်သားစွာ သိမြင်အောင် ဆင်ခြင်ထောက်လှန်း လေ့လာစုံစမ်းမှု အမြဲပြုနေကြဖို့လို" ဟူသော ခေါင်းစီးဖြင့် နိုင်ငံတော် သံယာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ သာရဏီယသြဝါဒကထာကိုလည်းကောင်း၊ (၁-၃-၂၀၀၉) နေ့ထုတ် ကြေးမုံသတင်းစာစာမျက်နှာ(၃)တွင် "သံယာ့ အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ ဓမ္မစက်၊

http://www.dhammadownload.com

အာဏာစက်တွဲဖက်လျှက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခဲ့" ခေါင်းစီးဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ သာရဏီယသြဝါဒကထာကို လည်းကောင်း ဖတ်ရှုသုံးသပ်ကြည့်တော်မူကြရန် လိုအပ်လှပါသည်။ ဤသြဝါဒကထာ (၃) ခုတို့ကို ဖတ်ရှုမိလျှင် ယခုမျက်မှောက်ခေတ်ရဟန်း သံဃာအမည်ခံ ဘာသာရေးအဖွဲ့များ မည်သို့မည်ပုံ လုပ်စားနေကြောင်းတို့ကို နားလည်လာကြမည်ဖြစ်ပါသည်။ ထို့ပြင် ၁၃၆၉-ခုနှစ် ဝါဆိုလတွင် စောဒကဆရာတော် (၁) ဘဒ္ဒန္တမဏ္ဍာလာစာရ (၂)ဘဒ္ဒန္တနာရဒ (၃) ဘဒ္ဒန္တဉာန္ဒာစရိယာဘိဝံသ တို့က တင်ပြစွဲဆိုထားသော အဓမ္မဝါဒအမှုတွဲကို ၁၃၇၀-ခုနှစ် တပို့တွဲလပြည့်ကျော် (၈)ရက်(၁၇-၂-၂၀၀၉) အင်္ဂါနေ့မှာ ဗန်းမော်ဆရာတော်ကြီး အမှူးရှိသော နိုင်ငံတော်သီးခြား ဝိနည်းဓိရ်အဖွဲ့က ဆုံးဖြတ်ချက် ချမှတ်တော်မူခဲ့ကြပါသည်။ ဤအမှုတွဲနှင့် ဆုံးဖြတ်ချက်တို့ကို ကြည့်ရှုလျှင်လည်း ယခုမျက်မှောက်ခေတ် ဘာသာရေးအခြေအနေတို့ကို နားလည်လာကြမည်ဖြစ်ပါသည်။ စောဒကဆရာ (၃) ဘဒ္ဒန္တဉာန္ဒာစရိယာဘိဝံသ၏ ဆုံးဖြတ်ချက်ချမှတ်ပွဲ မှတ်တမ်းစာတစ်မျက်နှာဖြင့် ဤဆောင်းပါးကိုနိဂုံးချုပ်လိုက်ပါသည်။ ဗန်းမော်ဆရာတော်ကြီး၏ သာသနာရေးဆောင်ရွက်ပေးပုံ (၁၁) ချက်တို့တွင် (၅) သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းရာ၌ ဥသျှောင်ဆရာတော်များ အဖွဲ့မှလည်းကောင်း၊ (၆၆) ပါးသောဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့မှ လည်းကောင်း အဖွဲ့ဝင်တစ်ပါးအနေဖြင့် လိုက်လံစည်းရုံးဆောင်ရွက်ခဲ့။ (၆) ဝိနည်း ဓမ္မသတ် ------ (၇) ဓမ္မနီတိ မိစ္ဆာဝါဒနှင့် ------- (၈) နိုင်ငံတော်အရပ်ရပ်မှ --------တို့ကို စာမူတောင်းခံလွှာထဲတွင် တွေ့မြင်ရခြင်းကြောင့် ဤဆောင်းပါးကို ရေးဖြစ်ပါကြောင်း ဝန်ခံလျှက် ဤဆောင်းပါးဖြင့် ပူဇော်လိုက်ပါသည်။

ဘဒ္ဒန္တဉာန္ဒာစရိယာဘိဝံသ၏ မှတ်တမ်းစာ

၁၃၇၀-ခုနှစ် တပို့တွဲလပြည့်ကျော် (၈) ရက် အင်္ဂါနေ့ (၁၇-၂-၂၀၀၉) နေ့လယ် (၁) နာရီ အချိန်မှစတင်၍ ကမ္ဘာအေးကုန်းမြေရှိ အပရဂေါယာနကျောင်းဆောင်တော်တွင် မြစ်ကြီးနား ဝိစိတ္တသာရဝါဒဝိနိစ္ဆယကို ဆုံးဖြတ်ချက်ချမှတ်ကြသည်။ ဗန်းမော်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးရှိကုန်သော ဝိနည်းဓိရ်ဆရာတော်ငါးပါးတို့ အစုံအညီကြွရောက်တော်မူကြသည်။ ဆရာကြီး ဦးအုံမောင်၊ ညွှန်မှူး ဦးခင်မောင်ဝင်း၊ ဒု-ညွှန်မှူး၊ ဦးစီးအရာရှိ နှစ်ဦး၊ အခြားပရိသတ် (၇) ဦးခန့် တို့လည်း တက်ရောက်

http://www.dhammadownload.com

ကြသည်။ လုံခြုံရေးဝန်ထမ်းများလည်း လာရောက် စောင့်ရှောက် ကြသည်။ အခမ်းအနား ဖွင့်ပြီးနောက် သီလယူကြသည်။ (၁း၃၀) နာရီခန့်တွင် ညွှန်မှူး အခန်းရှေ့မှာ နေရာယူနေကြရသော စောဒက ဆရာတော်သုံးပါးတို့ကို ဝိနိစ္ဆယခန်းမဆောင်သို့ ပင့်ခေါ်ကြသည်။ စောဒကဆရာတော်များ ရောက်ရှိပြီး နေရာယူပြီးချိန်တွင် (စုဒိတက ဖြစ်သူ ဝိစိတ္တသာရာဘိဝံသ တက်ရောက်လာခြင်း မရှိသောကြောင့်) ဗန်းမော်ဆရာတော်ကြီးက သဘာပတိမိန့်ခွန်းကို မိန့်သည်။ " သုဘဒ္ဒ ရဟန်းကြီး အကြောင်းနှင့် သင်္ဂီယနာတင်ပုံ အကြောင်း" တို့ကို အကျဉ်းချုပ်မျှသာမိန့်သည်။ ဆက်လက်၍ စုဒိတက မတက်ရောက်ခြင်း ကြောင့် ဝိနိစ္ဆယများကို အစမှစ၍ ဆုံးဖြတ်ချက် (၁) ဆုံးဖြတ်ချက် (၂) တို့ကိုလည်းကောင်း၊ နောက်ဆုံးပိတ် ဆုံးဖြတ်ချက် (၂၀)တို့ကို လည်းကောင်း ၊ နိဂုံးပိတ်တိုက်တွန်းလွှာတို့ကို လည်းကောင်း ဝိနည်းဓိုရ်ဆရာတော်(၄)ပါးတို့က အသီးသီးအလှည့်ကျ ဖတ်တော်မူကြသည်။ ဝိနိစ္ဆယ ဆုံးဖြတ်ချက် နိဂုံးချုပ်အနေဖြင့် သဘာပတိ ဆရာတော်ကြီးက စုဒိတက စောဒက တို့သည် တစ်ဖက်တည်းသားများချည်းဖြစ်၍ ညီနောင်အချင်းချင်းပင်ဖြစ်ကြပါကြောင်း၊ ဝိနည်းဓိုရ်များက ဝိနိစ္ဆယချမှတ်ပေးကြသည် ကိုလည်း မုန်း၍ချစ်၍ဟု မမှတ်ယူကြဘဲ မှန်ရာတို့ကို လက်ခံကြရန် တိုက်တွန်းပါကြောင်း" စသည်များပါဝင်သည့် ဩဝါဒကထာကို တိတိကျကျဖတ်ပြလျက် ဩဝါဒပေးတော်မူသည်။ ထို့နောင် ညွှန်မှူးက စောဒကဆရာတော် သုံးပါးတို့အား မြစ်ကြီးနား ဝိစိတ္တသာရဝါဒဝိနိစ္ဆယ စာအုပ် (၂) အုပ်စီ ကပ်လှူသည်။ ထို့နောင် ညနေ (၃) နာရီ ကျော်ကျော်တွင် ဝိနိစ္ဆယခန်းမဆောင်မှ နိုင်ငံတော်သံဃ့မဟာနာယက စည်းဝေးခန်းမ ဆောင်သို့ ပင့်ကြ ကြွကြသည်။ သဘာပတိ ဆရာတော်ကြီးက မဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးထံသို့ မြစ်ကြီးနား ဝိစိတ္တသာရ ဝါဒဝိနိစ္ဆယကို အပ်နှံ ဆက်ကပ်သည်။

မအပ်နှံ မဆက်ကပ်သေးမီအတွင်း နိုင်ငံတော်သံဃ့မဟာနာယကဆရာတော် ကြီးများသို့ ရှင်းလင်းလျှောက်ထားဖွယ်များကို လျှောက်ထားသည်။ "နိုင်ငံတော်သံဃ့မဟာ နာယကအဖွဲ့က ပေးအပ်ထားသည့်တာဝန် ကြီးကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ စုဒိတက က အဋ္ဌကထာ ဋီကာတို့ကို လုံးဝမယုံသူဖြစ် ကြောင်း၊ ထို့ကြောင့် ပါဠိတော်များကိုသာ အမှားဆုံးကိုးကား၍ ဤဝိနိစ္ဆယကို ဆုံးဖြတ် ထားပါကြောင်း၊ စုဒိတက-က ပါဠိတော်တို့ ကိုလည်း သူ့ဝါဒနှင့် ကိုက်ညီလောက်ရုံမျှ သာ အယုံအကြည်ရှိသူဖြစ်၍ ပါဠိတော်အုပ်ရေ (၄၀) တို့ထဲက (၁)အုပ်မျှပင် အပြည့်အစုံ

http://www.dhammadownload.com

ကျန်ရှိဖွယ်မမြင်ပါကြောင်း၊ ဤဝါဒကြီးသာ ကျယ်ပြန့်လာပါက သာသနာတော် ကြီးတစ်ခုလုံး ပျက်စီးဖို့သာရှိပါကြောင်း၊ ယခုဝိနိစ္ဆယ ချမှတ်ပွဲအခမ်းအနားသို့ စုဒိတက မလာခြင်း ကြောင့် စုဒိတက၏ ဝိနိစ္ဆယရုံးတော် အပေါ်မှာ မထီမဲ့မြင်ပြုမူတို့ကို နိုင်ငံတော် သံဃာ့မဟာ နာယက အဖွဲ့အစည်းကနေ တင်းတင်းကြပ်ကြပ် ဆောင်ရွက်ပေးရန် တောင်းပန်ပါကြောင်း၊ သို့မဟုတ်ပါက နောင်ကာလတွင်လည်း အလားတူ ရောင့်တက်သူများ ဖြစ်ပွါးလာလျှင် သာသနာရေး စိတ်အေးဖွယ်မရှိကြောင်း၊ အကယ်၍ နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့က စုဒိတကအပေါ် တင်းတင်းကြပ်ကြပ် မဆောင်ရွက်နိုင်ပါက နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့သည် အဓိပ္ပါယ်မရှိသော အဖွဲ့ အစည်းပုံ ပေါက်ရုံမျှမကဘဲ ဝိနည်းဓိုရ် ဆရာတော်များ၏ ဝိနိစ္ဆယချမှတ်ချက်တို့ သည်လည်း အဓိပ္ပါယ်မရှိနိုင်တော့ကြောင်း" စသည် တို့ကို ထည့်သွင်း၍ လျှောက်ထားကြသည်။ ထို့နောင် မြစ်ကြီးနား ဝိစိတ္တာသာရဝါဒဝိနိစ္ဆယ ကို နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး (ကိုယ်စား) တတိယအဖွဲ့ခွဲ ဥက္ကဋ္ဌ ဆရာတော်ကြီးထံ သဘာပတိဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်ကြီး) က ဆက်ကပ် အပ်နှံသည်။ (မဓုရိန်စာသင်သား)

လူလို သူလို ကျင့်သုံးနေထိုင်နည်း

▶▶ ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို မကယ်ပါ လေနှင့်၊ ဒုက္ခနှင့်လွှဲလွှဲကြိုး ပေးလိမ့်မည်။

▶▶ မျက်စိစွေစောင်း လက်မောင်းတို့ရှည် မပေါင်းလေနှင့်။

▶▶ သံပြာ သွားမဲ၊ သွားကျဲ ပုကွ၊ နီစွအသား ဆံပင်ခွေလိပ်၊ တင်ကောက်ချိပ်နှင့်၊ မျက်မှိတ် ထစ်အ၊ ဤကိုးဝ၊ ရှောင်ကြစတမ်း၊ လူ ကောက်ကြမ်း။

▶▶ လူမျှားအပေါ် ဆက်ဆံကျင့်သုံးတဲ့နေရာမှာ ခြေဖဝါးလို့ တသမတ်တည်းကျင့်ပါ၊ လက်ဖဝါးလို့ မှောက်ချည် လှန်ချည် မကျင့်ပါနှင့်။

▶▶ နေလို့ မိုးလို့ ပူပြင်းအောင် မကျင့်ပါနှင့်၊ လလို့ ရေလို့ အေးမြအောင် ကျင့်သုံးပါလေ။

▶▶ ညောင်ကွဲသို့ အရိပ်ရအောင် ကျင့်သုံးပါ၊ ကြောင်ကွဲသို့ ဒုက္ခရောက်အောင် မကျင့်ပါနှင့်။

▶▶ ခွေးကွဲသို့ သစ္စာ မေတ္တာရှေ့ထား၍ ကျင့်ပါလေ၊ ကြိုးကွဲသို့ တဖွတ်ထိုး မကျင့်ပါနှင့်။

▶▶ ဘုံဆိုင်ကစကား အိမ်ရောက်ရင်မျောက်သလို လူရှေ့ လူပျက်လို့ မကျင့်ပါလေနှင့်၊ ချိန်ခွင်ပမာ တည့်မတ်စွာကျင့်သုံးပါလေ။

(ပေါရာဏာစရိယ)

http://www.dhammadownload.com

အမရပုရ မဇ္ဈလေး ပန်းမော်ကျောင်းတိုက်သမိုင်းခရီး

နှင့်

ပန်းမော်ဆရာတော်များ

နတ်မောက်ထွန်းရိုန်



http://www.dhammadownload.com

၁၂၁၄-ခုနှစ်တွင် နောင်တော်ပုဂံမင်းထံမှ အမရပူရရွှေနန်းကို တိုက်ခိုက်ရယူခဲ့သော ညီတော်မင်းတုန်းမင်းတရားသည် နေပြည်တော်ဟောင်း အမရပူရတွင် ဆက်လက်မင်းလုပ်စိုးစံရန် ဆန္ဒလုံးဝမရှိတော့ဘဲ ထီးသစ်နန်းသစ် မြို့သစ်ဖြင့် စိုးစံနေထိုင်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။ ထို့ကြောင့် ၁၂၁၈-ခုနှစ်တွင် မန္တလေးတောင် မန္တလေးအရပ်ရှိ ပြန့်ပျံသာယာသောမြေပြင်တွင် တောခုတ်ရှင်းလင်းစေပြီး ၁၂၁၉-ခုနှစ် မြို့တည်နန်းတည် အမိန့်ထုတ်ကာ သက္ကရာဇ် ၁၂၃၁-ခုနှစ်တွင် သတ္တဋ္ဌာနတစ်ပြိုင်တည်းပန္နက်တင်တည်ထားပြီး ရတနာပုံရွှေမြို့တော်ကြီးကို တည်ထောင်ကာ ပြောင်းရွှေ့စံတော်မူသည်။

အမရပူရမှ မန္တလေးသို့ မင်းတုန်းမင်းတရားကြီး မြို့တည်နန်းတည် ရွှေ့ပြောင်းရာတွင် အမရပူရနေပြည်တော်ရှိ ပရိယတ္တိစာသင် ဘုန်းတော်ကြီးကျောင်းတိုက်ကြီးများကိုလည်း တစ်ပါတည်းရွှေ့ပြောင်းစေသည်။ ဘုန်းတော်ကြီးကျောင်းတိုက်များမှာ နန်းတော်ရှေ့တွင်လည်းကောင်း၊ မဟာမုနိဘုရားကြီးဝန်းကျင်တွင်လည်းကောင်း၊ တက္ကသိုလ် ပတ်ဝန်းကျင်တွင်လည်းကောင်း ရွှေ့ပြောင်းရသည်။ ဗန်းမော်ကျောင်းတိုက်ကြီးသည် ကျောင်ဦးပြာသာဒ်ကြီးနှင့် တင်တယ်ခမ်းနားသောကျောင်းတော်ကြီးဖြစ်သည်။ ဗန်းမော်ကျောင်းတိုက်ကြီးသည် ယခုမန္တလေးတက္ကသိုလ်တောင်ဖျား၊ ယခင်စိုက်ပျိုးရေး တက္ကသိုလ်နေရာတွင် ရွှေ့ပြောင်းတည်ဆောက်သည်။ ယခုမန္တလေးတက္ကသိုလ် ခမ္မာရုံဝင်းအတွင်းတည်ရှိသည်။

အမရပူရမြို့ကောင်းစားစဉ် အမရပူရမြို့အရှေ့ပြင် မြိတ်တန်းရပ်ကွက်၌တည်ရှိခဲ့သည်။ ဘိုးတော်၊ ဘကြီးတော်၊ သာယာဝတီ (ရွှေဘိုမင်း) သုံးဆက်(ငါးဆက်)တွင် မိဖုရား မြှောက်ခံရသော ဗန်းမော်မိဖုရား "ဥပေါတရာ" ကသက္ကရာဇ် ၁၁၈၂-ခုနှစ်(သို့မဟုတ်)၁၁၉၄-ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတိုက်ဒါယိကာမ ဗန်းမော်မိဖုရားကို အကြောင်းပြုပြီး ဗန်းမော်ကျောင်းတိုက်ဟုတွင်လျက်ရှိသည်။

အမရပူရမြို့မှ ရွှေ့ပြောင်းလာသော ဆီးဘန်းနီကျောင်းတိုက်၊ ဗန်းမော်ကျောင်းတိုက်၊ စီးတော်မြင်းဝန်ကျောင်းတိုက်များသည် မန္တလေးနန်းတော်၏ တောင်ဘက်တည့်တည့်၊ ယခုတက္ကသိုလ်နယ်မြေတောင်ဘက်ဝန်းကျင်တွင် ပြောင်းရွှေ့ဆောက်လုပ်ခဲ့ကြသည်။ မဟာမုနိဘုရားကြီးနှင့်လည်း မနီးမဝေးဖြစ်သည်။ ရှေးယခင်က ခေတ်လက်ရာဖြစ်သည်။ စေတီတော်မုခ်ဦးမှာ အမရပူရခေတ်နှောင်း မန္တလေးခေတ်ဦးပန်းတော့်လက်ရာများဖြစ်သည်။

http://www.dhammadownload.com

နှစ်ပေါင်း၁၅၀-ခန့်က လက်ရာများဖြစ်သည်။ မန္တလေးတက္ကသိုလ်ကဦးစီး၍ ရှေးဟောင်းစေတီ၊ ရှေးဟောင်းသိမ်တော်များကို ရှေးမူမပျက်ပြုပြင်ခဲ့ကြသည်မှာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ သဒ္ဓါတရားမွန်မြတ်သော အလှူဒါနကုသိုလ်များပင်ဖြစ်သည်။

ရတနာပုံခေတ် သီပေါမင်းလက်ထက်တွင် ဗန်းမော်တိုက် ဗန်းမော်ဆရာတော်အဖြစ် နရိန္ဒာဘိသိရိ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇာဂုရု နရိန္ဒာဘိဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်သုံးထပ်ရ ဆီးပန်းနီဆရာတော်အားတင်လှူရာ ဆရာတော်က လက်မခံသဖြင့် ထိုဆရာတော်ညွှန်ကြားချက်ဩဝါဒအတိုင်း သက်ပန်းတိုက်၊ ဆွမ်းစားကျောင်းတိုက်နှင့် ဆီးပန်းနီတိုက်တို့၌ သီတင်းသုံးတော်မူသော တပည့်ကြီးအရှင် နန္ဒိမာအားတင်လှူစေသည်။ ဗန်းမော်ကျောင်းတိုက်သည် မင်းတို့၏အလိုဆန္ဒအရ အဆင့်ဆင့်ရွှေ့ပြောင်းပေးခဲ့ရသည်။ ယခုအခါ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်၌ရှေးမူမပျက် ကျောင်းဦးပြာသာဒ် ဘုံအဆင့်ဆင့်နှင့်ရှေးဟောင်းကျောင်းတော်ကြီးအဖြစ် ခံ့ညားထယ်ဝါစွာတည်ရှိလျက်ရှိသည်။ ကျောင်းတိုက်သမိုင်းကျောက်စာများကိုလည်း စိုက်ထူထားရှိသည်။

ကျောင်းတိုက်ဦးစီး ပဓာနနာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိဝိသေသ မဏိ ပရိယတ္တိသာသနဟိတ(သကျသီဟ) ဓမ္မာစရိယ ဝဠံသကာ၊ ဘီအေ၊ နိုင်ငံတော်ဗဟိုသံဃ့ဝန်ဆောင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဘိဓမ္မာဌာနပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက-ဒုတိယပါမောက္ခချုပ်၊ (သင်ကြား) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော် သီတင်းသုံးတော်မူသည်။ ဆရာတော်သည် သာသနာတော်ကြီး၏ ကြီးမားသောတာဝန်များ ထမ်းဆောင်ရသည်ဖြစ်၍ မန္တလေးရန်ကုန် သီတင်းသုံးတော်မူရသည်။

ဗောဓိကုန်း၊ မဟာနွယ်စဉ်ရပ်ကွက်တွင် ဤကျောင်းတိုက်တည်ရှိသဖြင့် ချောင်ကျပြီးလေ့လာသူများ အရောက်အပေါက်နည်းသည်ဟုယူဆသည်။ ဗန်းမော်ကျောင်းတိုက်ဟောင်းနေရာမှာမူ ပို၍ပင်လူသိနည်းမည်ဖြစ်သည်။ ရှေးဟောင်းသာသနိကအဆောက်အအုံများလေ့လာလိုပါက ဤဗန်းမော်ကျောင်းတိုက်ကို ချန်ထား၍မရပေ။ဗန်းမော်ကျောင်းတိုက်သမိုင်းတွင် ပဏ္ဍိတဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်ပဏ္ဍိတ

http://www.dhammadownload.com

ဗန်းမော်ဆရာတော်သည် မင်းတုန်းမင်း လက်ထက်တွင် အထူးထင်ရှားပြီး စာပေအရာ၌ သမိုင်းတင်ခံရသော ဆရာတော်ဖြစ်သလို ဆရာတော်၏ စာပေကဗျာများသည်လည်း မြန်မာစာပေသမိုင်းတွင် ထင်ရှားလျက်ရှိသည်။ ဗန်းမော်ဆရာတော်၊ သင်္ဃာဆရာတော်တို့ဟောကြားသောပုံပြင်များလည်း ထင်ရှားလှသည်။

ထို့အတူ ဗန်းမော်တိုက်၏ အစဉ်အလာစာပေအရာ၌ အထူးထင်ရှားပြီး မျက်မှောက်သာသနာတွင် သာသနာ့အာဇာနည်ဟု ဆိုအပ်သော လက်ရှိဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမှာ နေလို လလို ထင်ရှားသည်။ ဗန်းမော်ဆရာတော်ကြီးသည် ၁၃၇၁-ခုနှစ် တော်သလင်းလဆန်း(၁၄)ရက်၊ ဗုဒ္ဓဟူးနေ့ (၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ-၂ရက်)တွင် သက်တော်(၈၀)ပြည့်ပြီးဖြစ်၍ ပတ္တမြားရတုဝိဇာတမင်္ဂလာကို ဝှဲခိုးကျင်းပ ပူဇော်ကြမည်ဖြစ်သည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သ,စ,အ,ဓမ္မာစရိယ၊ ဝဠုံသကာ ပါဠိဋီသိရောမဏိ၊ ဘီအေ၊ အပြည့်ပြည့်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဒုတိယပါမောက္ခချုပ်(သင်ကြား)တာဝန်များကို သက်တော် ကြီးရင့်သော်လည်း အားကြိုးမာန်တက် သာသနာ့တာဝန်များ ထမ်းရွက်လျက်ရှိပေရာ သက်တော်ရာပြည့်ပူဇော်ပွဲသို့ ကြုံကြိုက်ရပါလိုကြောင်း မေတ္တာပို့ ရေးသားပူဇော်အပ်ပါသည်။

နတ်မောက်ထွန်းရှိန်

ကျမ်းကိုး-

မန္တလေးသာသနာဝင် ပဉ္စမတွဲ၊ ဗန်းမော်သာသနာဝင် စာမျက်နှာ-၂၀၃၊

အရှင်ကေလာသ၊ ဓမ္မာစရိယဂဏဝါစက (ဝိဇ္ဇာဂုဏ်ထူး) (သီရိလင်္ကာ) နှင့်ကွင်းဆင်းလေ့လာချက်များ (၂၀၀၄-ခုနှစ် ဇူလိုင်လ၊ ၁၈ ရက်တနင်္ဂနွေနေ့ထုတ် ရတနာပုံသတင်းစာဆောင်းပါးကို ပြုပြင်ထားသည်။

စာဖေပဟ္မသည်ု သိမ့်မှုနှင်နားလည်မှုတို့ကို ဖေးထိ။ သိမ့်မှုကိုဖေးဖေသောစာဖေပသည်ု သူတာစာဖေ။ နားလည်မှုကိုဖေးဖေသော စာဖေပသည်ု ရုသစာဖေပဟူဖေဆိုထိ၊ (ဆရာတော်ကြီး)

စာဖေပဆိုသည်ုမှာ ကမ္ဘာ့ကျော်စိတ်ကို ကြည်နူး ရန်မဟုတ်။ တကယ်ကြီးစစရန်ပင်ဖြစ်ထိ၊

(ဆရာမြသန်းတင့်)

စာဖေပဆိုသည်ုမှာဆိုတာကယ်.ဘဝကိုထင် ဟပ်မှသော စာဖေပမည်ုထိ၊ (ဒေါက်တာမာတီ မှ)

http://www.dhammadownload.com

သာသနာဝင်မှတ်တမ်းသမိုင်း

သင်္ကိုယနာ ၆ - တန်ဇေယား

စဉ်	ဦးစီးခေါင်းဆောင်	သံဃာ အရေအတွက်	အမှီအခို	ခုနှစ်သက္ကရာဇ်
ပဌမ	အရှင်မဟာကဿပ	၅၀၀	အဇာတသတ်	ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး ၃-လ၊ ၄-ရက်
ဒုတိယ	ရှင်မဟာယသ	၇၀၀	ကာလာသောက	နှစ်-၁၀၀
တတိယ	ရှင်မဟာမောဂ္ဂလိပုတ္တတိဿ	၁၀၀၀	ဓမ္မာသောက	နှစ်-၂၃၅ (တနည်း)၂၃၈
စတုတ္ထ	သီဟိုဠ်၊ ရှင်မဟာဓမ္မရက္ခိတ	၅၀၀	ဝဋ္ဋဂါမဏိ	နှစ်-၄၅၀ ပေါတ္ထကာရုဠ္ဟ
ပဉ္စမ	မြန်မာ၊ အရှင်ဇာဂရာဘိဝံသ	၂၄၀၀	မင်းတုန်း	၂၄၅၀
ဆဋ္ဌ	မြန်မာ၊ ညောင်ရမ်းဆရာတော် မစိုးရိမ်ဆရာတော် မင်းကွန်းဆရာတော် မဟာစည်ဆရာတော်	၂၅၀၀ (ဥက္ကဋ္ဌ) (ဥက္ကဋ္ဌ) (ပုစ္ဆက) (ဝိဿဇ္ဇက)	ပါလီမန် ဒီမိုကရေစီအစိုးရ	၂၄၉၈ ၁၃၁၆-ခုကဆုန်လပြည့်နေ့မှစ၍ ၁၃၂၃-ခု တပို့တွဲလဆန်း ၁၂-ရက်နေ့ပြီး၏။

http://www.dhammadownload.com



* မှန်မှန်ကန်ကန် ယထာဘူတကျကျ ဆုံးဖြတ်နိုင်ဘို့ စာပေပရိယတ်ကို သင်ကြားကျက်မှတ်ရာ၏။

* ကောင်းစွာကျင့်ကြံအားထုတ်နိုင်ဘို့ သီလကိုစောင့်ထိမ်းရာ၏။

* သမာဓိ-ပညာကိုရရှိဖို့ တရားတော်က ညွှန်ပြသည့်အတိုင်း မဂ္ဂင်လမ်းကြောင်းအကျင့်ကောင်းကိုလျှောက်လှမ်းရာ၏။

"ပြန်မာနိုင်ငံသာသနာဝင်နှင့်ဂိုဏ်းဝင်"

ပင်းယခေတ်နောက်ပိုင်း အင်းဝခေတ်ဆီလောက်က ပွဲကျောင်းဂါမဝါသီဂိုဏ်း၊ အရည်ဝါသီတောရဂိုဏ်းဟု ဂိုဏ်း၂-ဂိုဏ်းကွဲခဲ့။ ဂါမဝါသီဂိုဏ်းသည် အဓမ္မဝါဒီဂိုဏ်း၊ အရည်ဝါသီတောရဂိုဏ်းသည် ဓမ္မဝါဒီဂိုဏ်းဖြစ်ခဲ့။

ထိုဂိုဏ်းနှစ်ဂိုဏ်းတို့ အစဉ်အဆက် လာခဲ့ကြရာ ညောင်ရမ်းခေတ်နောက်ပိုင်းအချိန် အရည်ဝါသီတောရဂိုဏ်းက အတင်ဂိုဏ်း၊ အရံဂိုဏ်းဟု ဂိုဏ်းနှစ်ဂိုဏ်း ထပ်ကွဲပြန်သဖြင့် ဂိုဏ်းသုံးဂိုဏ်း ပေါ်ပေါက်လာခဲ့။

ကုန်းဘောင်ခေတ်၊ အလောင်းမင်းတြားကြီးလက်ထက် ပွဲကျောင်းဝါမဝါသီ အဓမ္မဝါဒီဂိုဏ်းကို ရှင်းလင်းသုမ်သင်ခဲ့။

နောက်စဉ်ကူးမင်း၊ ဘိုးတော်မင်း တြားကြီးလက်ထက်အဓမ္မဝါဒီ အတင်ဂိုဏ်း ပျောက်ကွယ်ခဲ့။

နောက်ပြီး ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတြားကြီးလက်ထက် ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်းဟု ပေါ်လာခဲ့။

နောက်တခါ ဆဋ္ဌအင်္ဂါယနာတင်စဉ်

http://www.dhammadownload.com

ကာလမှာ– ရွှေကျင်၊ သုဓမ္မာ၊ ဒွါရ၊ ဝေဠုဝန်– စသည် ဂုဏ်ကြီးကိုးဂိုဏ်းဖြစ်ပေါ်လာခဲ့။

ယနေ့ခေတ်မှာကြတော့ မဟိုရိမ် နိကာယ်၊ လယ်တီနိကာယ်၊ ပခုက္ကူနိကာယ်၊ ရွှေကျင် နိကာယ်၊ မင်းကွန်း တိပိဋကာ=နိကာယ စသည်ဖြင့် နိကာယ်သာသနာဝင်များအဖြစ် သုံးနှုံးပြောဆို ကြ၏။

မြန်မာနိုင်ငံ၌ မုတ္တမခေတ်က သီဟိုဠ်ပြည် ပြန်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ တခါဂိုဏ်းကွဲ ဘူး၏။ (ကာလမကြာမြင့်ပါ)

ပုဂံပြည်၌ သီဟိုဠ်ပြန် ဆပဒဆရာ တော်ကိုအကြောင်းပြု၍ တခါဂိုဏ်းကွဲဘူး၏။ (အချိန်မကြာပါ)

အလောင်းမင်းတုန်းကြီး ဦးအောင်ဇေယျ လက်ထက်၌ ၁၁၁၄–ခုမှ ၁၁၂၄–ခုခန့်ထိ တံဂိုဏ်း၊ ရံဂိုဏ်းတခါကွဲဘူး၏။ (ကာလမကြာမြင့်ပါ)

သီဟိုဠ်ကျွန်း၌ ဝဠဂါမဏိမင်း နောက် ပိုင်း (သာသနာတော်နှစ် – ၄၅၅ ခန့်မှစ၍) နှစ်ပေါင်း (၁၀၀၀) ကျော်ကွဲသော ဂိုဏ်းသုံး ဂိုဏ်းကို ပရက္ကမဗာဟုမင်းလက်ထက် (သာရ တ္ထဒီပကာ) ပရက္ကမဘုဇမင်းလက်ထက် (အဘိဓာန်) အတူတူပင်၊ သာသနာတော်နှစ်–၁၇၁၈–ခုနှစ် ခန့်၌ ညီညွတ်အောင်ဆောင်ရွက်ပေးနိုင်ခဲ့

သုဓမ္မာ၊ ရွှေကျင်

သုဓမ္မာ–ဟူသော အမည်နာမပညတ် သည် မင်းတုန်းမင်းလက်ထက်၌ သာသနာ ရေး သံဃာအရေးနှင့်စပ်သော အမှုအခင်း များကို ရှင်းလင်းဆုံးဖြတ်တော်မူကြရန် သင့်လျော် သောဆရာတော် (၈)ပါးတို့ကိုရွေးချယ်၍ သုဓမ္မာ စရပ်ခေါ် သံဃာ့တရားရုံး၌ စည်းဝေးရုံးထိုင် တော်မူကြပြီး ဝိနည်းဓမ္မကံနှင့်အညီ စီရင် ဆုံးဖြတ်တော်မူကြသည်။

သုဓမ္မာအဖွဲ့ဝင် ဆရာတော်များကို သုဓမ္မာဆရာတော်များဟု ခေါ်ဝေါ်ပညတ် ကြလေသည်။

ထို သုဓမ္မာဆရာတော်အဆက်ဆက် တို့၏ တပည့်သားမြေးသံဃာတော် အဆက်ဆက် ကိုလည်း သုဓမ္မာသံဃာဟု ခေါ်ကြ၏။

ရွှေကျင်ဂိုဏ်းဟူသည်မှာ ရွှေဘိုတောင် ဘက် ဝက်လက်မြို့နယ်၊ လှတောရွာငါးရွာအဝင် ရွှေကျင်ရွာ၌ ဖွါးမြင်သောဆရာတော်ဖြစ်၍ ရွာကိုအစွဲပြုပြီး ရွှေကျင်ဆရာတော်ဟုခေါ်ဝေါ် ပညတ်လေသည်။

ထို ရွှေကျင်ဆရာတော်၏ တပည့် သားမြေးသံဃာအဆက်ဆက်ကိုလည်း ရွှေကျင် ဂိုဏ်းဟူ၍ ခေါ်ကြ၏။

http://www.dhammadownload.com

"ဆဋ္ဌသင်္ဂါယနာသမိုင်း"

၁၃၁၆-ခုကဆုန်လပြည့်နေ့မှစ၍ ၁၃၁၈-ခုကဆုန်လပြည့်နေ့တိုင်အောင် (၂)နှစ်တိတိ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်ပါပြီးဆုံးခဲ့။

ပါဠိတော်သင်္ဂါယနာတင်ရာတွင် ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်၊ ပါဠိတော်အုပ်ရေ (၄၀)ကို သင်္ဂါယနာတင်ခဲ့။

၁၃၁၈-ခုနှစ်တွင်လပြည့်ကျော် (၉)ရက်မှစ၍ ၁၃၂၁-ခုနှစ်တပေါင်းလဆန်း (၆)ရက်နေ့ထိ အဋ္ဌကထာကျမ်းစာအုပ်ပေါင်း (၅၂)အုပ်ကို ပထမ, ဒု, တ, စတုတ္ထသန္နိပါတ လေးကြိမ်ခွဲကာ သင်္ဂါယနာတင်ခဲ့။

၁၃၁၈-ခုနှစ်၊နတ္တော်လပြည့်ကျော် (၉)ရက်မှာစ၍ ၁၃၁၈-ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်နေ့ထိအဋ္ဌကထာ(၆)အုပ်ကို စာမျက်နှာ (၂၁၅)ကို သင်္ဃီတိကာရက (၃၀၀)ကျော်တို့ သင်္ဂါယနာတင်ခဲ့။

၁၃၁၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၅)ရက်နေ့မှစ၍တပို့တွဲလဆန်း (၄)ရက်နေ့ထိ အဋ္ဌကထာ(၁၃)အုပ်၊ စာမျက်နှာ (၄၄၆၅)ကို ဒု-သန္နိပါတအဖြစ် သင်္ဃီတိကာရက (၃၀၀) ကျော်တို့ သင်္ဂါယနာတင်ခဲ့။

၁၃၂၀-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့မှစ၍ ၁၃၂၀-ခုနှစ်၊တပို့တွဲလဆန်း(၃)ရက်နေ့ထိ အဋ္ဌကထာ (၁၅)အုပ်၊ စာမျက်နှာ(၂၃၀၇)ကို တ-သန္နိပါတ အဖြစ်ဖြင့် သင်္ဃီတိကာရက (၃၀၀) ကျော်တို့ သင်္ဂါယနာတင်ခဲ့။

၁၃၂၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၄)ရက်နေ့မှစ၍တပေါင်းလဆန်း (၆)ရက်နေ့ထိ အဋ္ဌကထာ(၁၇)အုပ်၊ စာမျက်နှာ (၅၁၂၈)ကို စတုတ္ထသန္နိပါတ အဖြစ်ဖြင့် သင်္ဃီတိကာရက (၃၀၀) ကျော်တို့ သင်္ဂါယနာတင်ခဲ့။

သင်္ဂါယနာတင်ရာတွင် မကြုံကဲ့သည့် အောက်သီဟိုဠ်မူဆိုလျှင် "သီ"ဟု မူရှိပြရသည်၊ အင်္ဂလိပ်မူဖြစ်လျှင် "က္က"ဟု မူရှိပြရသည်။ ယိုးဒယားမူဖြစ်လျှင် "သ္ဃာ" ဟုမူရှိပြရသည်။ ကတ္ထစိမူ အချို့မူရှိလျှင် "က" ဟုမူရှိပြရသည်။

ဆက်လက်၍ ဋီကာကျမ်းစာအုပ်ပေါင်း (၂၆)အုပ်ကို သန္နိပါတ (၂)ကြိမ်ခွဲ၍ သင်္ဂါယနာတင်ခဲ့။

၁၃၂၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်နေ့မှစ၍ ၁၃၂၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃)ရက်နေ့ထိ ဋီကာ (၁၁)အုပ်၊ စာမျက်နှာ (၅၁၂၁)ကို ပထမသန္နိပါတ အဖြစ်ဖြင့် သိင်္ဃီတိကာရက (၁၅၀)တို့ သင်္ဂါယနာတင်ခဲ့။

http://www.dhammadownload.com

၁၃၂၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ကျော်(၄)ရက်နေ့မှစ၍ တပို့တွဲလဆန်း (၁၂)ရက်နေ့ထိ ဋီကာ (၁၅)အုပ်၊ စာမျက်နှာ (၆၀၅၂) ကို သင်္ဂီတိကာရက (၁၅၀)တို့ ဒု-သန္နိပါတ အဖြစ်ဖြင့် သင်္ဂါယနာတင်ခဲ့။



ဋီကာ (၂၆)အုပ်

၁။ ဝဇီရဗုဒ္ဓိဋီကာ
၂။ သာရတ္ထဒီပနီ ပ၊ဒု၊တ (၃)အုပ်
၃။ ဝိမတိဋီကာ ပ၊ဒု (၂)အုပ်
၄။ ကခ်ါဋီကာဟောင်း၊ ဋီကာသစ်
၅။ သီလက္ခန်ဋီကာဟောင်း (၂)အုပ်
၆။ သီလက္ခန်ဋီကာသစ် (၂)အုပ်
၇။ သုတ်မဟာဝါဋီကာ
၈။ သုတ်ပါထေယျဋီကာ (၂)အုပ်
၉။ ပဏ္ဏာသဋီကာ (၂)အုပ်
၁၀။ သံယုတ်ဋီကာ (၂)အုပ်
၁၁။ အင်္ဂုတ္တရနိကာယဋီကာ (၃)အုပ်
၁၂။ နေတ္တိဋီကာဟောင်းနှင့်နေတ္တိဝိဘာဝိနီ
၁၃။ ဝိသုဒ္ဓိမင်္ဂမဟာဋီကာ (၂)အုပ်

ပိဋကပါဋိအဋ္ဌကထာဋီကာ ကျမ်းဂန်များသမိုင်း

၁။ ပဒရူပသိဒ္ဓိကျမ်း"

ပဒရူပသိဒ္ဓိကျမ်းပြု အရှင်ဗုဒ္ဓပိ့ယပေါ် ထွန်းချိန်ကို ပုလတ္ထိပုရခေတ်၊ သာသနာသက္ကရာဇ်(၁၆၈၈-၁၇၆၈)လောက်ဖြစ်ကြောင်း မဇ္ဇမခုကျမ်းနိဒါန်း၌လာရှိ၏။ သီဟိုဠ်သာသနာဝင်ကျမ်း၌မူ ဒမ္မဒေဏိယခေတ်၊ သာသနာသက္ကရာဇ် (၁၇၈၉- ၁၇၉၃) လောက်တွင်ထင်ရှားသည့် မထေရ်ဖြစ်၏။

မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ မထေရ်၏ တပည့်ဟုဆိုသဖြင့် သာသနာသက္ကရာဇ်(၉၅၀)ကျော်(၁၀၀၀)အတွင်းလောက်ဖြစ်နိုင်ဘွယ်ရှိ၏။ အရှင်ဗုဒ္ဓပိ့ယထေရ်သည် (၁) ပဒရူပသိဒ္ဓိကျမ်း (၂)ပဒရူပသိဒ္ဓိဋီကာကျမ်း၊ (၃)မဇ္ဇမရူဘုရားဂုဏ်တော်ပြကျမ်းတို့ကိုပြုစီရင်ခဲ့။

ယင်းပဒရူပသိဒ္ဓိကျမ်းကို သီဟိုဠ်၊ ထိုင်း၊ မြန်မာနိုင်ငံတို့၌ ပါဋိသဒ္ဒါကျမ်းကောင်းအဖြစ် အသုံးပြုခဲ့၊ မြန်မာ၌မူ ရတနာပူရခေတ်ကစ၍ အသုံးတွင်ကျယ်ခဲ့ရာ ကုန်းဘောင်ခေတ် နောက်ပိုင်း လယ်တီဆရာတော်ကြီး စသည် လက်ထက်မှစ၍ ပိုမိုတွင်ကျယ်လာခဲ့၊ စာမျက်နှာ (၄၀၀) ကျော်ရှိ။

http://www.dhammadownload.com

၂။ အဘိမေ္မတ္တဝိဘာဝိနီခေါ် ဋီကာကျော်

သီဟိုဠ်ကျွန်း ပုလတ္ထိပုရခေတ် အရှင်သုမင်္ဂလသာမိသည် မိမိ၏ဆရာအရင်းဖြစ်သော ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ-စသည့်အဋ္ဌကထာဋီကာကျမ်းများ ပြုစီရင်ခဲ့သော အရှင်သာရိပုတြာ ပြုစီရင်သည့် သီဟိုဠ်ဘာသာ သင်္ဂြိုဟ်နိဿယ ကိုမှီငြမ်းပြု၍ ပါဠိဘာသာဖြင့် မွမ်းမံပြင်ဆင်ထားသည်။

ဝါကျသွား ဝါကျလာ ကျစ်လစ်သိုသိပ်သည့်ကျမ်းကောင်းဖြစ်ခဲ့။ စာမျက်နှာ (၂၀၀) ကျော်ရှိ။

၃။ "ကခ်ါဝိတရဏီအဋ္ဌကထာ"

သာသနာ-၉၅၀-ခန့်ပေါ်သောကျမ်းစာ၊ အရှင်သောဏထေရ် တောင်းပန်၍ အရှင်မဟာဗုဒ္ဓဃောသထေရ်-ပြုစု။ "ခါ "၃" ကောင်တကောင်ကောင် မိအောင်ဖမ်း"

* ကခ်ါဝိတရဏီအဋ္ဌကထာ(ခါကြီး)
* ခုဒ္ဒသိက္ခာ (ခါလတ်)
* မူလသိက္ခာ (ခါငယ်)

ခုဒ္ဒသိက္ခာ ဂါထာ(၄၇၆)ရှိ၊ သီရိလင်္ကာ၊ အရှင်ဓမ္မသီရိထေရ်ပြုစု။
မူလသိက္ခာ(၁၁၆)ဂါထာနှင့်စုဏ္ဏိယ(၁၂)ပိုဒ်ရှိ။

၄။ "ဒီဃနိကာယ်ပါဠိ+အဋ္ဌကထာ"

ဒီဃနိကာယ်သည် ဝဂ်အားဖြင့် သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ်၊ သုတ်အားဖြင့်(၃၄)၊ ဘာဏာဝါရအားဖြင့်(၆၄)၊ စာမျက်နှာအားဖြင့် သီ၊ ပါဠိ၊ ၂၃၆၊ မဟာဝဂ္ဂ၊ ၂၈၃၊ ပါထိကဝဂ္ဂ၊ ၂၆၀။

ယင်းဒီဃနိကာယ်၃-ကျမ်းကို သာသနာ ၉၅၅-ခန့်၌ ပေါ်ထွန်းသည့် အရှင်မဟာဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ကျွန်း သုမင်္ဂလပရိဝေဏဝါသီ ဒါဌာနာဂသံဃထေရ် တောင်းပန်သဖြင့် သုမင်္ဂလဝိသာလိနီ အမည်ဖြင့် အဋ္ဌကထာဖွင့်ဆို၏၊ ကျမ်းစာအုပ် ၃-အုပ်ရှိ၏၊ သီ၊၌၊ ၃၃၈၊ နှာ၊ မဟာ၊ ၌၊၄၀၃၊ နှာ၊ပါ၊၌၊ ၂၅၀၊ နှာ၊ ရှိ၏။

၅။ "မဇ္ဇိမနိကာယ်ပါဠိ+အဋ္ဌကထာ"

မဇ္ဇိမနိကာယ်သည် ပဏ္ဏာသအားဖြင့် မူလပဏ္ဏာသ၊ မဇ္ဇိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ-၃-ပါး၊ ဝဂ်အားဖြင့် မူလပရိယာယဝဂ် စသောအားဖြင့်(၁၅)ဝဂ်၊ သုတ်အားဖြင့် မူလပရိယာယသုတ်-စသောအားဖြင့် (၁၅၂) သုတ်၊ စာမျက်နှာအားဖြင့် ၄၁၅၊ မဇ္ဇိမ-၄၃၉၊ ဥပရိ-၃၅၂၊ရှိ။

ယင်းဌ၊ အရှင်ဗုဒ္ဓမိတ္တထေရ် တောင်းပန်၍ "ပပဥ္စသူဒနီ" အမည်ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစု။

http://www.dhammadownload.com

မူလ၊ ဌ၊ ပ၊ အုပ်၊ ၃၉၈၊ မူလ၊ ဌ၊ ဒု၊ အုပ်၊ ၃၂၀။ မဇ္ဈိမ၊ ဌ၊ ၃၀၉၊ ဥပရိ၊ ဌ၊ ၂၅၄-စာမျက်နှာရှိ။

၆။ "သံယုတ္တာနိကာယ်ပါဠိ+အာဋ္ဌကထာ"

သံယုတ္တနိကာယ်သည် သဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်အားဖြင့် သံယုတ်(၅)ကျမ်းရှိ၊ သုတ်အားဖြင့်(၇၇၆၂)သုတ်ရှိ၊ ကျမ်းစာအုပ်အားဖြင့် ၃-အုပ်ရှိရာ သဂါထာ, နိဒါနသံယုတ် ပ၊ အုပ်၊ စာမျက်နှာ၊ ၄၇၂၊ ခန္ဓ, သဠာယတနသံယုတ်၊ ဒု၊ အုပ်၊ ၅၆၇၊ မဟာဝဂ္ဂသံယုတ်၊ တ၊ အုပ်၊ ၄၁၅-မျက်နှာရှိ။

ယင်းသံယုတ်နိကာယ်၊ ပါ၊ ဌ၊ ကို အရှင်ဇောတိပါလထေရ် တောင်းပန်၍ "သာရတ္ထပကာသိနီ" အမည်ဖြင့် ပ၊ဒု၊တ၊သုံး၊တွဲရှိရာ ပ၊တွဲ၊ ၃၂၅၊ ဒု၊ တွဲ၊ ၃၂၄၊ တ၊ တွဲ၊ ၃၄၁-နှာရှိ၏။

၇။ "အင်္ဂုတ္တရနိကာယ်ပါဠိ+အာဋ္ဌကထာ"

အင်္ဂုတ္တရနိကာယ်သည် ပ၊ဒု၊တ၊သုံး၊ တွဲရှိ၏။ ပ၊တွဲ၊ ၅၈၀၊ နှာ၊ ဒု၊တွဲ၊ ၅၁၃၊ တ၊ တွဲ၊ ၅၁၃-နှာရှိ။ ယင်းဌ၊ကို အရှင်ဇောတိပါလထေရ် တောင်းပန်၍ "မနောရထပူရဏီ" အမည်ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစု။

ယင်းဌ၊သည် ပ၊ဒု၊တ၊သုံး၊တွဲရှိ၊ ပ၊တွဲ၊၄၁၆၊နှာ၊ဒု၊တွဲ၊၃၉၇၊တ၊တွဲ၊၃၅၇၊နှာရှိ။

၈။ "ဗိသုဒ္ဓိမဂ္ဂအာဋ္ဌကထာ"

သီလ, သမာဓိ, ပညာ-အကျယ်ပြုနိဗ္ဗာနမဂ္ဂ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစု၊ ပ၊ ဒု၊ ၂၊ တွဲရှိ၊ ပ၊တွဲ၊ နိဒ္ဒေသ၊ ၁၁၊ခု ဒု၊တွဲ၊ နိဒ္ဒေသ၊ ၂၃-ခု။ ပ၊တွဲ၊ ၃၇၀၊ နှာ၊ ဒု၊ တွဲ၊ ၃၅၆၊ နှာရှိ၏။

၉။ "ဓနဉ္ဇဝါးကျမ်းပါဠိ+အာဋ္ဌကထာ"

ပါရာဇိက, ပါစိတ္တိယ, မဟာဝဂ္ဂ, စူဠဝဂ္ဂ၊ ပရိဝါရ-အားဖြင့် ၅-ကျမ်းရှိ။ ဝိ၊ ၁၊ ၃၈၁၊ နှာ၊ ဝိ၊ ၂၊ ၄၇၀-နှာ၊ ဝိ၊ သုံး၊ ၅၁၁-နှာ၊ ဝိ၊ ၄၊ ၅၀၈-နှာ၊ ဝိ၊ ၅၊ ၃၉၀-နှာ။

ယင်းဌ၊ကို အရှင်ဗုဒ္ဓသိရိထေရ် တောင်းပန်၍ မဟာအဋ္ဌကထာ၊ မဟာပစ္စရီအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ-စသည်တို့ကို မှီငြမ်းပြု၍ "သမန္တပါသာဒိကာအဋ္ဌကထာ" အမည်ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစု။ အုပ်ရေ၊ အတွဲ၊ ၄၊ အုပ်။

ယင်းသမန္တပါသာဒိကာဝိနည်း

http://www.dhammadownload.com

အဋ္ဌကထာသည် ပ၊ တွဲ၊ ၃၄၆- နှာ၊ ဒု၊တွဲ၊ ၃၁၂-နှာ၊ (ပါရာဇိကဏ်၊ ၌၊ ၂၊ အုပ်) ပါစိတျာဒိအဋ္ဌကထာ၊ ၄၃၇-နှာ၊ စူဋ္ဌဝဂ္ဂါဒိ အဋ္ဌကထာ၊ ၂၆၅-နှာရှိ။

၁၀။ "အဘိဓမ္မာခုနှစ်ကျမ်းပါဋ္ဌ+အဋ္ဌကထာ"

အဘိဓမ္မာပိဋ္ဌကသည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း-အားဖြင့် ၇-ကျမ်းရှိ။ ဓမ္မသင်္ဂဏီ၊ ၂၉၈-နှာ၊ ဝိဘင်း။ ၄၅၄-နှာ ယမိုက်ကျမ်းသည် ပ၊ဒု၊တ၊ ၃၊ တွဲရှိရာ၊ ပ၊ တွဲ၊ ၂၆၅၊ ဒု၊တွဲ၊ ၃၁၆၊ တ၊တွဲ၊ ၃၃၁-ပဋ္ဌာန်းပါဋ္ဌိတော်ကြီးသည် ပ၊ဒု၊တ၊စ၊မ-၅၊တွဲရှိရာ ပ၊တွဲ၊ ၄၆၃၊ ဒု၊တွဲ၊ ၄၉၃၊ တ၊တွဲ၊ ၆၀၅၊ စ၊ တွဲ။ ၆၃၆၊ မ၊တွဲ၊ ၄၄၂၊ရှိ။

ယင်း၊၌၊များသည် အဋ္ဌသာလိနီ အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဉ္စပကရဏအဋ္ဌကထာဟုရှိ။ ဏီ၊၌၊ ၄၅၄၊ သမ္မော၊၌၊ ၅၀၈၊ ပဉ္စပ၊ ၌၊ ၄၉၉၊ ရှိ။

၁၁။ "ခုဒ္ဒကပါဋ္ဌပါဋ္ဌ+အဋ္ဌကထာ"

ခုဒ္ဒကပါဋ္ဌိသည် သရဏတ္တယ၊ ဒသသိက္ခာပဒ၊ ဒွတ္တိံသာကာရ၊ ကုမာရပဉ္ဍ၊ မင်္ဂလသုတ်၊ ရတနသုတ်၊ တိရောကုဋ္ဌသုတ်၊ နိဓိကဏ္ဍသုတ်၊ မေတ္တသုတ်-ဟူသော သုတ်ကျဉ်း ၉-သုတ်တို့၏ စုစေးရာကျမ်းစာပါဋ္ဌိ။

ယင်းကို ခုဒ္ဒကပါဋ္ဌပါဋ္ဌိဟု သင်္ဂီတိကာရကရဟန္တာမထေရ်မြတ်တို့နာမည်ပေးထားခဲ့။

ယင်း၊ ၌၊ ကို "ပရမတ္ထဇောတိကာ အဋ္ဌကထာ"အမည်ဖြင့် အရှင်မဟာဗုဒ္ဓ ဃောသထေရ်ပြုစု၊ ၂၁၆-နှာရှိ။

၁၂။ "ဓမ္မပဒပါဋ္ဌ+အဋ္ဌကထာ"

ဓမ္မပဒပါဋ္ဌိသည် ဝတ္ထု၊ ၃၀၅၊ ဂါထာ၊ ၄၂၃၊ ရှိ၊ဝဂ်၊ ၂၆၊ ရှိ။

ယင်း၊၌၊ကို အရှင်ကုမာရကဿပထေရ်တောင်းပန်၍ အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစု၊ ပ၊ဒု၊၂၊တွဲရှိ။ ပ၊ တွဲ၊ ၄၄၇၊ ဒု၊ တွဲ၊ ၄၅၆-နှာရှိ။

၁၃။ "ဥဒါနပါဋ္ဌ+အဋ္ဌကထာ"

ဥဒါနပါဋ္ဌိသည် ဝဂ်၊၁၆၊ ဝဂ်၊ သုတ်၊ ၈၀၊ရှိ၊၁၇၇နှာ၊ ယင်း၊၌၊ကို သာသနာ၊ ၁၀၀၀၊ ခန့်တွင်ပေါ်ထွန်းသော "သကသမယန္တရ" ပညာရှင်အာစရိယဓမ္မပါလထေရ်သည် "ပရမတ္ထဒီပနီ"အမည်ဖြင့်ပြုစုခဲ့။ ၃၉၃-နှာရှိ၏။

http://www.dhammadownload.com

၁၄။ "ကုတိဝုတ္တကပါဠိ+အဋ္ဌကထာ"

ကုတိဝုတ္တကပါဠိတော်သည် ၁၁၂-သုတ်ကို ဧကနိပါတ်, ဒုက, တိက, စတုက္ကနိပါတ်၊ ၄၊ ပါးရှိ၊ ၈၂-နှာရှိ။ ယင်း၊ ဌ၊ကို အာစရိယဓမ္မပါလ-ဟုထင်ရှားသော ပဒါတိတ္ထဝိဟာရဝါသီ အရှင်ဓမ္မပါလမဟာထေရ်ပြုစုခဲ့။ ၃၅၅-နှာရှိခဲ့။

၁၅။ "သုတ္တနိပါတပါဠိ+အဋ္ဌကထာ"

သုတ္တနိပါတပါဠိတော်သည် ၃၇၈-ဝဂ်၊ စူဠဝဂ်၊ မဟာဝဂ်၊ အဋ္ဌကဝဂ်၊ ပါရာယဏဝဂ်-ဟုဝဂ်၊ ၅-ဝဂ်၊ရှိ။ သုတ်ပေါင်း၊ ၇၀၊ ဝတ္ထုဂါထာ၊ ပါရာယဏဝတ္ထုဂါထာ၊ပါရာယနာနုဂီတိဂါထာတို့နှင့်မူ၇၃၊ သုတ်ရှိ။ ခက်ခဲနက်နဲကျင့်ကြံရန် ကျမ်းကောင်းကျမ်းမွန်ဖြစ်။

ယင်း၊ ဌ၊ကို အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစုခဲ့။

၁၆။ "ဝိမာနဝတ္ထုပါဠိ+အဋ္ဌကထာ"

ဝိမာနဝတ္ထုပါဠိတော်သည် ကုတ္ထိဝိမာန၊ ပုရိသဝိမာန-ဟု ၂-မျိုးရှိ၊ ကုတ္ထိဝိမာနဝတ္ထု၌ ဝဂ်၊ ၄၊ ဝတ္ထု၊ ၅၀ရှိ။ ပုရိသဝိမာနဝတ္ထု၌ ဝဂ်၊ ၃၊ ဝတ္ထု၊ ၃၅၊ ရှိ၊ ၁၂၅-နှာရှိ။
ယင်း၊ဌ၊ကိုအရှင်ဓမ္မပါလထေရ်သည်"ပရမတ္ထဒီပနီ"အမည်ဖြင့်အဋ္ဌကထာပြုစုခဲ့။၃၃၅နှာရှိ၏။

၁၇။ "ပေတဝတ္ထုပါဠိ+အဋ္ဌကထာ"

ပေတဝတ္ထုပါဠိတောသည် ဝဂ်၊ ၄၊ ဝတ္ထု၊ ၅၁၊ ရှိ။ ၉၃-နှာရှိ။
ယင်း၊ဌ၊ကို"ပရမတ္ထဒီပနီ"အမည်ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ်ပြုစုခဲ့၊၂၇၀-နှာရှိ၏။

၁၈။ "ထေရဂါထာပါဠိ+အဋ္ဌကထာ"

ထေရဂါထာပါဠိတော်သည် ဧကနိပါတ်။ ပ ။ဧကာဒသကနိပါတ်၊ တိံသတိ၊ စတ္တလီသ၊ ပညာသ၊ သဋ္ဌိ၊ မဟာနိပါတ်အားဖြင့် ၂၁-နိပါတ်ရှိ၊ ၁၂၈၈-ဂါထာရှိ၊ ၁၅၇-နှာရှိ။ ယင်း၊ဌ၊ကို "ပဒရတိတ္ထဝိဟာရဝါသီ" အရှင်ဓမ္မပါလထေရ်ပြုစု၊ ပ၊တွဲ၊ ၄၈၅၊ ဒု၊တွဲ၊ ၅၄၆-နှာရှိ၏။

၁၉။ ထေရီဂါထာပါဠိ+အဋ္ဌကထာ

ထေရီဂါထာပါဠိတော်သည် ဧကက။ ပ။ ဒွါဒသက၊ သောဠသ၊ ဝီသတိ၊ တိံသတိ၊ စတ္တာလီသတိ၊ မဟာနိပါတ်-အားဖြင့် ၁၆-နိပါတ်၊ ၅၂၄-ဂါထာ၊ ၃၈-နှာ၊ ရှိ၏။

ယင်း၊ ဌ၊ကို "ပရမတ္ထဒီပနီ"အမည်ဖြင့်ပြုစုခဲ့။

http://www.dhammadownload.com

၂၀။ **"အာပဒါနိပါဠိ+အဋ္ဌကထာ"**

ခုဒ္ဒကနိကာယ်အဝင် အပဒါန် ပါဠိတော်သည် တေရာပဒါန်၊ ထေရီပဒါန်ဟု ၂-ကျမ်းရှိ။

ထေရာပဒါန်ပါဠိတော်၌ ဗုဒ္ဓဝင်၊ ဗုဒ္ဓ အပဒါန်၊ ပစ္စေကဗုဒ္ဓအပဒါန်၊ ထေရာပဒါန်-ဟု ၃မျိုးရှိ၏။ ယင်း(၃)မျိုးကိုပေါင်းစု၍ "ထေရာပဒါန်"ဟုခေါ်၏။ ယင်းသည် ၆၄၄-ဂါထာရှိ၊ ထေရီအပဒါန်၌ ၁၃၅၉-ဂါထာရှိ။

ယင်းထေရာပဒါန်ပါဠိတော်ကို "အပဒါနအဋ္ဌကထာ" အမည်ဖြင့် သာသနာ (၁၀၀၀)ကျော်လောက်တွင် သီဟိုဠ်ကျွန်း တိပိဋကဓရမထေရ်တပါးပြုစုခဲ့၊ ယင်း၌၊ သည်၊ ပ၊ဒု၊ ၂၊ တွဲ၊ ရှိ၊ ပ၊တွဲ၊ ၃၅၂-နှာ၊ ဒု၊တွဲ၊ ၃၀၂-နှာရှိ၏။

ထေရီအပဒါန်ပါဠိတော်၏အဖွင့်ကို သာသနာ ၂၅၃၅၊ကောဇာ၊ ၁၃၅၃၊ ခရစ် ၁၉၉၂-ခုနှစ်၊ အဂ္ဂါဘိဓဇမဟိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ မဟာထေရ်မြတ်တောင်းပန်၍ မန္တလေးမြို့၊ ဗန်းမော်တိုက်၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သ-စ-အ ဓမ္မာစရိယ၊ ဝဋ်သကာ၊ ပါဠိသိရောမဏိ၊ ဘိအေ၊ တိပိဋကပါဠို + မြန်မာအဘိဓာန်ကျမ်းပြု အဖွဲ့ဝင်ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်၊ဒီလစ်၊ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသမဟာထေရ်သည် "ထေရီအပဒါနဒီပနီ"အမည်ဖြင့်ပြုစုခဲ့။ ၅၈၆-နှာရှိသည်။

၂၁။ **"ဗုဒ္ဓဝံသပါဠိ+အဋ္ဌကထာ"**

ဗုဒ္ဓဝံသပါဠိတော်သည် ဒီပင်္ကရဗုဒ္ဓဝံသမှစ၍ ဂေါတမဗုဒ္ဓဝံသ-ထိဘုရား(၂၅) ဆူတို့၏ ဗုဒ္ဓဝင်နှင့်ဗုဒ္ဓပကိဏ္ဏကကထာ၊ ဓာတုဘာဇနိယကထာတို့ပါရှိ၏။ ၈၆-နှာရှိ၏။

ယင်း၌၊ကို "မဓုရတ္ထဝိလာသိနီ" အမည်ဖြင့် သာသနာ၊ ၉၅၀-ကျော်ခန့် အရှင်မဟာဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် "မဟာကဝိဗုဒ္ဓဒတ္တမဟာထေရ်" ပြုစုခဲ့၊ ၃၅၄-နှာရှိ၏။

၂၂။ **"စရိယာပိဋကပါဠိ+အဋ္ဌကထာ"**

စရိယာပိဋကပါဠိတော်သည် အကိတ္တိဝဂ်၊ ဟတ္ထိနာဂဝဂ်၊ ယုဓဉ္ဇယဝဂ်အားဖြင့် ၃-ဝဂ်၊ရှိ၏၊ အကိတ္တိစရိယာ-စသော စရိယာပေါင်း ၃၅-ပါးရှိ၏။ ၃၆-နှာ၊ရှိ၏။ယင်း၌ကို "အာစရိယဓမ္မပါလ"ပုဂ္ဂိုလ်ကျော်သည်။ "ပရမတ္ထဒီပနီ"အမည်ဖြင့်ပြုစုခဲ့။၃၂၈-နှာရှိ၏။

http://www.dhammadownload.com



၂၃။ "ဇာတကပါဠိ+အဋ္ဌကထာ"

ဇာတကပါဠိတော်သည် အပဏ္ဏက ဇာတ်စသည်ဖြင့် ၅၄၇-ဇာတ်ရှိ၏၊ ဧကနိပတ်၌ ၁၅၀၊ ဇာတ်၊ ဒုကနိပါတ် ၁၀၀၊ ဇာတ်၊ တိကနိပါတ်၌ ၅၀-ဇာတ်၊ စတုက္ကနိပါတ်၌ ၅၀-ဇာတ်၊ ပဉ္စကနိပါတ်၌ ၂၅-ဇာတ်၊ ဆက္ကနိပါတ်၌ ၂၀၊ဇာတ်၊ သတ္တကနိပါတ်၌ ၂၁၊ ဇာတ်၊ အဋ္ဌကနိပါတ်၌ ၁၀၊ ဇာတ်၊ နဝကနိပါတ်၌ ၁၂၊ဇာတ်၊ ဒသကနိပါတ်၌ ၁၆၊ ဇာတ်၊ ဧကာဒသက နိပါတ်၌ ၉၊ ဇာတ်၊ ဒွါဒသနိပါတ်၌ ၁၀၊ ဇာတ်၊တေရသနိပါတ်၌ ၁၀၊ဇာတ်၊ပကိဏ္ဏက နိပါတ်၌ ၁၃၊ ဝီသတိ-နိပါတ်၌ ၁၄၊ ဇာတ်၊ တိံသနိပါတ်၌ ၁၀၊ဇာတ်၊ စတ္တာလီသနိပါတ်၌ ၅-ဇာတ်၊ ပဏ္ဏာသနိပါတ်၌ ၃-ဇာတ်၊ သဋ္ဌိနိပါတ်၌ ၂-ဇာတ်၊ သတ္တတိ နိပါတ်၌ ၂-ဇာတ်၊ အသီတိနိပါတ်၌ ၅-ဇာတ်၊ မဟာနိပါတ်၌ ၁၀-ဇာတ်၊အားဖြင့် ဇာတ်ပေါင်း ၅၄၇-ဇာတ် "အပ္ပက မဓိကံ ဂဏနူပဂံ နဥပေတိ" အရ ၅၇၄-ဇာတ်ရှိသော်လည်း ဝါစာသိလိဋ္ဌ အလို့ငှါ "၅၅၀"ဇာတ်တော်ဟုခေါ်သည်။

ဇာတ်တော်ကြီးသည် ပ၊ဒု၊၂ တွဲရှိ၏၊ ပ၊ တွဲ၊ ၄၀၀၊နှာ၊ ဒု၊တွဲ၊ ၃၇၈၊ နှာရှိ၏။

ယင်း၊ဋ္ဌ၊ကို အရှင်အတ္ထဒသီမထေရ်၊ အရှင်ဗုဒ္ဓမိတ္တမထေရ်နှင့်အရှင်ဗုဒ္ဓဒေဝမထေရ် တို့တောင်းပန်၍ အရှင်မဟာဗုဒ္ဓဃောသ ထေရ်ပြုစုခဲ့။ ပတွဲ။ပ၊ သတ္တမတွဲ-ဟု ၇၊ တွဲရှိ၏။ ပ၊တွဲ၊ ၅၃၈၊နှာ၊ ဒု၊တွဲ၊ ၄၀၈၊ တ၊တွဲ၊ ၅၁၇၊ စ၊ တွဲ၊ ၅၀၄၊ မ၊တွဲ ၅၅၃၊ ဆဋ္ဌမတွဲ - ၃၃၂၊ သတ္တမတွဲ၊ ၃၈၇၊ နှာ၊ရှိ၏။

၂၄။ "မဟာနိဒ္ဒေသပါဠိ+အဋ္ဌကထာ"

မဟာနိဒ္ဒေသပါဠိတော်သည် ပညာ ဥာဏ်ဧတဒဂ် လက်ယာရံ အဂ္ဂသာဝက အရှင်သာရိပုတြာထေရ်သည် သုတ္တနိပါတ်၊ အဋ္ဌကဝဂ်လာ ဒေသနာတော်ကို အကျယ် ဝေဘန်၍ဟောသည့်ကျမ်း၊ ပိဋကသုံးပုံတွင် သုတ္တန္တပိဋက၊နိကာယ်ငါးရပ်တွင် ခုဒ္ဒက နိကာယ်ဝင်၊ ၄၁၀၊ နှာ၊ ရှိ၏။

ယင်း၊ဋ္ဌ၊ကို သာသနာ၊ ၁၁၀၇-ခု-တွင် သီဟိုဋ္ဌ်ကျွန်း၌ နန်းတက်သည့် ပထမ အဂ္ဂဗောဓိမင်းလက်ထက်လောက်တွင် ထင်ရှား သည့် အရှင်ဥပသေနမထေရ်သည် "သဒ္ဓမ္မပ္ပ ဇ္ဇောတိကာ"အမည်ဖြင့်ပြုစုခဲ့။ ၄၁၉၊နှာ၊ရှိ၏။

၂၅။ "စူဋ္ဌနိဒ္ဒေသပါဠိ+အဋ္ဌကထာ"

စူဋ္ဌနိဒ္ဒေသပါဠိတော်သည် သုတ္တ နိပါတ်၌ ဗုဒ္ဓမြတ်စွာဟောတော်မူသော ပါရာယဏဝဂ်နှင့် ခဂ္ဂဝိသာဏသုတ်တို့၏ အနက်အဓိပ္ပါယ်ကို ခွဲခြမ်းဝေဘန်၍ ဓမ္မသေနာပတိ အရှင်သာရိပုတြာ မထေရ်မြတ် ဟောကြားသည့် ပါဠိတော်ဖြစ်၏။

http://www.dhammadownload.com

၃၀၇၊နှာ၊ ရှိ၏။ ပိဋ္ဌကသုံးပုံတွင် သုတ္တန္တပိဋကက၊ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်ဝင်၊ အင်္ဂါကိုးတန်တွင် အရှင်မဟာဗုဒ္ဓဃောသထေရ်နှင့် အရှင်ဓမ္မပါလထေရ်တို့က သုတ္တန်သွင်း၏။ အရှင်ဥပသေနထေရ်ကမူ ဂါထာဝေယျာကရဏ်သွင်း၏။

ယင်း၊ဌ၊ကိုလည်း မဟာနိဒ္ဒေသအဋ္ဌကထာကျမ်းပြုအရှင်ဥပသေနထေရ်သည်ပင် "သဒ္ဓမ္မပွဒ္ဒေါတိကာ"အမည်ဖြင့်ပြုစုခဲ့၊၁၄၀၊နှာရှိ၏။

၂၆။ "ပဋိသမ္ဘိဒါမဂ္ဂပါဠိ+အဋ္ဌကထာ"

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်သည် ဓမ္မသေနာပတိ အရှင်သာရိပုတြာမထေရ်မြတ်ကြီးဟော၏၊ မဟာဝဂ်၌ ဉာဏကထာ၊ ဒိဋ္ဌိကထာ–စသောအားဖြင့် ကထာ၊ ၁၀–ခု၊ ယုဂနဒ္ဓဝဂ်၌ ယုဂနဒ္ဓကထာ၊ သစ္စကထာ–စသော ကထာ– ၁၀၊ ခု၊ ပညာဝဂ်၌ မဟာပညာကထာ၊ ကွဒ္ဓိကထာ စသောကထာ ၁၀၊ ခုတို့ဖြင့် တန်ဆာဆင်ထား၏။ ၄၁၉၊နှာ၊ရှိ၏။

ယင်း၊ဌ၊ကို သီဟိဠ်ကျွန်း၊ သာသနာ၁၀၆၀၊ ခု၊လောက်တွင်ပေါ်ထွန်းသည့် အရှင်မဟာနာမထေရ်သည် "သဒ္ဓမ္မပွကာသိနီ" အမည်ဖြင့်ပြုစုခဲ့။ ပ၊ ဒု၊ ၂၊ တွဲရှိရာ ပ၊တွဲ၊ ၃၄၅၊ ဒု၊တွဲ၊ ၄၁၉ – နှာ၊ ရှိ၏။

၂၇။ "နေတ္တိပါဠိ+အဋ္ဌကထာ"

နေတ္တိကျမ်းသည် အရှင်မဟာကစ္စည်းထေရ်ဟောတော်မူသည့်ကျမ်း၊ ယင်း၌ သင်္ဂဟဝါရ၊ ဥဒ္ဒေသဝါရ၊ နိဒ္ဒေသဝါရ၊ ပဋိနိဒ္ဒေသဝါရ၊ ယင်းပဋိနိဒ္ဒေသဝါရ၌ ဒေသနာဟာရဝိဘင်္ဂ–စသောအားဖြင့် ဝိဘင်္ဂ၊ ၁၆၊ပါး၊ ဒေသနာဟာရသမွာတ–စသောဟာရသမွာတ၊ ၁၆–ပါး၊ နယသမုဋ္ဌာန်၊ သာသနပဒဋ္ဌာန်တို့ ပါရှိ၏။ ၁၆၆၊ နှာ၊ ရှိ၏။

ယင်း၊ ဌ ၊ ကို "ပဒရတိတ္ထဝိဟာရဝါသီအာစရိယဓမ္မပါလထေရ်" သည် အရှင်ဓမ္မရက္ခိတထေရ် တောင်းပန်၍ ပြုစုခဲ့ ၂၇၀၊နှာ၊ရှိ၏။

၂၈။ "ပေဋကောပဒေသပါဠိတော်"

ပေဋကောပဒေသပါဠိတော်သည် ပိဋကသုံးပုံကို နည်းမျိုးစုံဖြင့် အနုစိတ်ဝေဘန်ဖေါ်ပြရာကျမ်းခက်၊ နေတ္တိပါဠိနှင့် စာသွားစာလာများစွာတူ၊ အရှင်မဟာကစ္စည်းထေရ်သည်ပင် ပြုစုခဲ့။

အာစရိယဓမ္မပါလထေရ်သည် နေတ္တိအဋ္ဌကထာကို ပြုခဲ့စဉ်က ပေဋကောပဒေသကျမ်းကို တိုက်ဆိုင်ဖွင့်ဆိုခဲ့ဟန်တူ၏။

ယင်းပေဋကောပဒေသကျမ်း၌ အရိယသစ္စပွကာသနပဌမဘူမိ၊ သာသန

http://www.dhammadownload.com

ပဗ္ဘာနဒုတိယဘူမိ၊ သုတ္တာဓိဋ္ဌာနတတိယဘူမိ၊ သုတ္တဝိစယစတုတ္ထဘူမိ၊ ပဉ္စမဘူမိ၊ သုတ္တတ္ထ သမုစ္စယဘူမိ၊ ဟာရသမ္ပာတဘူမိ၊ သုတ္တ ဝေဘင်္ဂိယအားဖြင့် မာတိကာ ၈-ခုပါရှိ၏၊ ၁၇၅-နှာရှိ၏။

၂၉။ "မိလိန္ဒပဉ္ဍာပါဠိတော်"

မိလိန္ဒပဉ္ဍာပါဠိတော်သည် မိလိန္ဒမင်းကြီး၏အမေးကို အရှင်နာဂသိန်ထေရ် ဖြေသောကျမ်း။ သာသနာ၊ ၅၀၀၊ ခရစ် မပေါ်မီနှစ်၊ ၁၀၀၊ ခန့်က ယောနကတိုင်း သာဂလမြို့တော်၌ ပညာရှိမိလိန္ဒမင်းကြီး ပေါ်ခဲ့ရာ မိမိမရှင်းလင်းသည့် ဗုဒ္ဓဝါဒအယူ အဆတို့ကို အရှင်နာဂသိန်ရဟန္တာထေရ်အား လျှောက်ထား၏။

ဤကျမ်းကို မှတ်တမ်းတင်ခဲ့သော ပုဂ္ဂိုလ်မှာ သီဟိုဠ်ကျွန်း ဇမ္ဗုဒေါဏိမြို့၌ သီတင်းသုံးသည့် ဒေါဏိထေရ်ဖြစ်၏။

မူလက သက္ကတဘာသာ သို့မဟုတ်၊ ပြာကရိုက်ဘာသာဖြင့် ရှိခဲ့ပြီးနောက် သီဟိုဠ်ကျွန်းရောက်မှ ပါဠိဘာသာပြန်ဆိုကြဟန်တူ၏။

ဗာဟိရကထာနှင့် မိလိန္ဒပဉ္ဍာ၌ မဟာဝဂ် စသော ၇ဝဂ်၊ မေဏ္ဍကပဉ္ဍာ ရမ္ဘကထာနှင့် မေဏ္ဍကပဉ္ဍာ၌ ကုဒ္ဒိဗလဝဂ်-စသော၅၊ဝဂ်၊ အနုမာနပဉ္ဍာ၌ ဂဒြဘဝဂ် စသော ၇၊ ဝဂ်တို့ပါရှိ၏။ အမေးအဖြေပေါင်း ၂၉၇၊ ရှိ၏၄၀၈၊ နှာရှိ၏။

ကိုပညာ၊ ဗန်းမော်တိုက်

အ နှာယကာ ဝိနှဿန္တိ၊ နှဿန္တိ ဗဟုနှာယကာ။
ထိနှာယကာ ဝိနှဿန္တိ၊ နှဿန္တိ သုသုနှာယကာ။

☞ ခေါင်းဆောင်မဂ္ဂိုက၊ ပျက်တတ်ခွ၊ များက မကောင်းပါ။

ဖ- ကိုထိပ်ထား၊ လူငယ်များ၊ ပျက်ငြား ခေါင်းဆောင်ပါ။

☞ ခေါင်းဆောင်ကောင်းဟူသည် မိမိလမ်း ကြောင်းကို မိမိကိုယ်တိုင်ဖေါက်ယူ၏၊ စားပွဲ ကုလားထိုင်နှင့် အသင့် လာပါ ကြွပါဟု လုပ်ယူလို့ မရနိုင်ပါ ...

လမ်းသစ်ဖေါက်ခြင်းသည်လမ်းဟောင်းပြုပြင်ရ သည်ထက် ပိုချဉ်ခက်ခဲ၏ ...

☞ ခေါင်းဆောင်လုပ်သူက ရှေ့ကနေ မားမား မတ်မတ်ရပ်ပြီး အလုပ်လုပ်ပြတဲ့အခါ အောက်လက် ငယ်သားတွေရဲ့ ကျောများဟာ အလိုလိုမာတောင့် လာတတ် သတဲ့ ....

(ပေါရာဏာစရိယ)

http://www.dhammadownload.com



မန္တလေးမြို့

ရတနာမဉ္ဇူတရားသမိုင်းကို သုတေသနအမြင်နဲ့ ပူဇော်ကြည်ညိုခြင်း

စိုးနိုင် (မန္တလေးတက္ကသိုလ်)

http://www.dhammadownload.com

နိဒါန်း

မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ဘုရားကြီးအရှင်ကုမာရာဘိဝံသ မဟာထေရ်မြတ်ရဲ့ သက်တော်(၈၀)ပြည့် ပတ္တမြားရတုပူဇော်နဲ့ ဂုဏ်ပူဇော်သမိုင်းဝင် မှတ်တမ်းစာအုပ်အတွက် စာမူတောင်းတဲ့ သတင်းထုတ်ပြန်ချက်ကို မန္တလေးနေ့စဉ် သတင်းစာမှာ (၂၀-၄-၂၀၀၈)နေ့က တွေ့လိုက်ရတာနဲ့ တပြိုင်နက် စာပေနဲ့ပူဇော်ဖို့ သဒ္ဓါကစိတ်မှာ အလိုလိုဖြစ်ပေါ်လာပါတယ်။

ဒါနဲ့ဘယ်လိုရှုထောင့်ကနေ ရေးသားပူဇော်ရရင် ကောင်းမလဲလို့ စဉ်းစားလိုက်တဲ့အခါ အောက်ပြည်၊ အောက်ရွာက ရဟန္တာတစ်ဆူရယ်လို့ ထင်ရှားကျော်ကြားတော်မူတဲ့ ဦးသီလဆရာတော်ဘုရားကြီး လွန်တော်မူတဲ့ ရာပြည့်အထိမ်းအမှတ်မှာ စာပေနဲ့ပူဇော်ခဲ့စဉ်ကလိုပဲ ခပ်တွန့်တွန့်၊ ခပ်ရွံ့ရွံ့နဲ့ ချီတုံချတုံ ဖြစ်နေတာ အမှန်ပါပဲ။

ဦးသီလဆရာတော်ဘုရားကြီးနဲ့ ဂုဏ်ကို ဟပ်မိအောင် ကိုယ်ကပေမီဒေါက်မီ မပူဇော်နိုင်ပေဘူးဆိုတာ သိနေတော့ အဲဒီစာအုပ်မှာ ဓမ္မနဲ့ပဲ ပူဇော်ဖို့ ဆုံးဖြတ်နိုင်တော့မှ ဟင်းကနဲ အသက်ရှူချောင်သွားရတာပါ။

အခုလဲဒီလိုပါပဲ။ ဗန်းမော်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိစာပေကျွမ်းကျင်တတ်မြောက်မှုဂုဏ်ကြီးက ကြီးကျယ်ပြောင်မြောက်လှတာမို့ ကျွန်တော်တို့လို ပါဠိမတတ်တဲ့သူက ဘယ်သို့ဘယ့်နယ်မှ ပူဇော်နေလို့ အရာမရောက် မှန်းသိနေတော့ ခက်လိုက်တဲ့ဖြစ်ခြင်းထဲကပါပဲလို့ ပြောရတော့မှာပါပဲ။

ဆရာတော်ဘုရားကြီးက ဝဋ်ဆင်းသက်၊ ပါဠိသိရောမဏိဆိုတော့ မန္တလေးသကျသီဟ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) (သီးခြားစာချ) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားတွေ၊ ပညာပြည့်ဝ နှလုံးလှတဲ့ ရဟန်းရှင်လူတွေ အောက်ထစ်ပူဇော်ရင်တောင် ဂုဏ်ကရောက်ချင်မှရောက်မှာ။ ဘာပြုလို့လဲဆိုတော့ ခုနေခါမှာ ဝဋ်ဆင်းသကာဘွဲ့ပိုင်ရှင်က တစ်ပြည်လုံးရဲ့ ရဟန်းလောကမှာ(၂)ပါးထဲကျန်တော့တာကိုး။

သိရီပဝရဓမ္မာစရိယ၊ ပါဠိသိရောမဏိဆိုတဲ့ ဓမ္မာစရိယ(၉)ကျမ်းလုံးကို ပါဠိဘာသာနဲ့ ဖြေဆိုရာမှာ တစ်နှစ်ထဲနဲ့ အောင်မြင်တော်မူတဲ့ပုဂ္ဂိုလ်က မြန်မာနိုင်ငံ ဓမ္မာစရိယစာမေးပွဲသမိုင်းမှာ ဗန်းမော်ဆရာတော်ကြီး တစ်ပါးထဲသာရှိတာမို့ ဒီအရည်အသွေးကို ပူဇော်ဖို့က ဝဋ်ဆင်းသကာထက်တောင်ခက်သွားပြီ မဟုတ်ဘူးလား။ ဒါ့အပြင် အဋ္ဌကထာအကျော်ဆရာတော်ဘုရားကြီး ဖြစ်တော်မူတဲ့

http://www.dhammadownload.com

အရှင်ဗုဒ္ဓဃောသပြန်ဆိုမသွားတဲ့ ထေရီအပဒါနကို ပါဠိဘာသာနဲ့ ရေးသားဖွင့်ဆို ပြုစုသူက ဗန်းမော်ဆရာတော်ဘုရားကြီးလို့ ဆိုလိုက်ပြန်တော့ ဘာပူဇော်လို့ ဘာဆက်လုပ်ရပါ့မလဲ။ ကိုယ့်ကလောင်ကို ဒီမှာပဲအဖုံးပိတ်ပြီး အိပ်နေလိုက်ဖို့ပဲ ရှိတော့တာပေါ့။

ဒါတွေကြောင့် ကျွန်တော့်မှာ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကိုပူဇော်ဖို့ကိစ္စက အနားတောင်မသီရဲပါဘူးဖြစ်နေရတာပါ။ဒါပေမယ့် ကျွန်တော့် ဆင်ခြင်တုံတရားက ဒီလိုခွင့် မပြုလေ ကျွန်တော့်သဒ္ဓါတရားက ရှေ့တိုးတိုးလာလေနဲ့ ခက်မနေပေဘူးလားလို့ကို ဖြစ်နေတော့ ဒီလိုပွဲမျိုးမှာ မဖြစ်ဖြစ်အောင် ပူဇော်ဖို့ နတ်သိကြားများက ကူညီကာဝိုင်းလို့ မှိုင်းမတော်မူပါဆိုပြီး ဟိုကြံ ဒီကြံနဲ့ အကြံထုတ်ရာက ကံကောင်းထောက်မစွာဘဲ ထုံးစံအတိုင်း ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ဖို့ စိတ်ကူးရလာပါတော့တယ်။ ကျွန်တော်တို့လို ပါဠိမတတ်သူတွေအတွက် ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ရတာ အရသာအလွန်ရှိတဲ့ အလုပ်ပါပဲ။

ကိုယ်ရဲ့ထက်သန်တဲ့ သဒ္ဓါတရားက ဆောင်သွားလို့ပဲ ဖြစ်မယ်ထင်ပါတယ်။ ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူတဲ့ "ရတနာမဥ္ဇူ" ဘုရားသမိုင်းစာအုပ်ကို ဖျပ်ဆိုသွားသတိရလိုက်တဲ့အခါ အတွေးထဲမှာ လင်းသွား လက်သွားပုံက ဝမ်းသာအားရ ဖြစ်သွားရတာနဲ့အတူ စိတ်ရောကိုယ်ပါ၊ ပေါ့ပါးသွားပြီး၊ မန္တလေးအနောက်ပြင်၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအိကင်းရပ်မှာ သီတင်းသုံးတော်မူတဲ့ "ရတနာမဥ္ဇူ" မြတ်စွာဘုရားကို အပြေးအလွှားသွားဖူး၊ ဘုရားသမိုင်းစာအုပ်မှ ရနိုင်လေမလားဆိုပြီး မေးမြန်းစုံစမ်းလိုက်တော့ ကံကောင်းထောက်မစွာနဲ့ ဘုရားရဲ့အရှေ့စောင်းတန်းမှာ တရားဆွေးနွေးနေကြတဲ့ လူကြီးသူမတွေထဲက ဦးလေးဦးအောင်ဘဆီက ဘုရားသမိုင်းစာအုပ်ကလေး ရလာတဲ့အတွက် ဒီဆောင်းပါးလေးနဲ့ ပူဇော်နိုင်တာဖြစ်တဲ့အကြောင်း နိဒါန်းသွယ်လိုက်ပါရစေ။

မန္တလေးမှာ မန္တလေးတောင်ထိပ်က ဆုတောင်းပြည့်မြတ်စွာဘုရားနဲ့ မဟာမုနိရုပ်ရှင်တော်မြတ်ကို အမှူးအဦးထားပြီး မြို့ရဲ့လေးပြင်လေးရပ်မှာ သီတင်းသုံး တည်နေတော်မူတဲ့ သမိုင်းကြောင်း အခိုင်အမာနဲ့တကွ ဖြစ်တော်မူတဲ့ တန်ခိုးကြီးဘုရား စေတီတော်တွေ အများအပြားပါ။ ဒါပေမယ့် ဘုရားသမိုင်းစာအုပ် အခိုင်အမာ ပြုစုရေးသားပြီး မှတ်တမ်းတင်ထားတဲ့ဘုရားက နည်းပါးလှပါသေးတယ်။ သမိုင်းအကျဉ်းချုပ်လောက်ပဲ ပြုစုထားနိုင်သေးတဲ့ ဘုရားစေတီ

http://www.dhammadownload.com



တွေက အများအပြားဆိုသလို ဖြစ်နေသေးလို့ ဒီကွက်လပ်ကို သေသေချာချာ ဖြည့်ဆည်းဖို့ လိုနေပါသေးတယ်။

အခုတော့ ဗန်းမော်ဆရာတော် ဘုရားကြီး ရေးသားပြုစုတော်မူတဲ့ မန္တလေးမြို့၊ ရတနာမဥ္ဇူ မြတ်စွာဘုရားသမိုင်းစာအုပ် အကြောင်းကို သုတေသနသဘောလေးနဲ့တကွ ဆန်းစစ်၊ သုံးသပ်ကြည့်ကြရအောင်ပါ။ ဒီစာအုပ်ကို ဝေဖန်အကဲခတ်တဲ့သဘောထက် စာအုပ်ရဲ့တန်ဖိုး စာရေးသူဆရာတော်ဘုရားကြီး ဂုဏ်ကျေးဇူး အပိုင်းကိုပိုပြီး ကြည်ညိုနိုင်အောင် ဆစ်ပိုင်းပြတဲ့ သဘောဖက်ကို သုတေသနသဘောလေးနဲ့တကွ ဆန်းစစ်၊ သုံးသပ်ကြည့်ကြရအောင်ပါ။ ဒီစာအုပ်ကို ဝေဖန်အကဲခတ်တဲ့သဘောထက် စာအုပ်ရဲ့ တန်ဖိုး စာရေးသူ ဆရာတော်ဘုရားကြီး ဂုဏ်ကျေးဇူးအပိုင်းကိုပိုပြီး ကြည်ညိုနိုင်အောင် ဆစ်ပိုင်း ပြတဲ့သဘောဖက်ကို သုတေသနရှု့ ထောင့်နဲ့တွဲဖက်ပြီး ရေးဖွဲ့သွားပါ့မယ်။

မန္တလေးမြို့

ရတနာမဥ္ဇူဘုရားသမိုင်းစာအုပ်

ဒီစာအုပ်ရဲ့ အဖုံးကိုမြင်လိုက်ရတယ် ဆိုရင်ပဲ အပြာရောင်အနားကွပ် ကနှုတ်ဘောင်ရဲ့ အလယ်မှာ အဝါရောင်မျက်နှာဖုံးက ပေါ်ပေါ်လွင်လွင်နဲ့ကျက်သရေရှိလှတာကို တွေ့ရပါတယ်။

အဖုံးပေါ်မှာ ရေးသားပုံနှိပ်ထားတဲ့ စာသားတွေကိုလည်း-

မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဝဋ္ဌံသကာ၊ ပါဋ္ဌိသိရောမဏိ (ဘီအေ)စီရင်ရေးသားအပ်သော ရတနာမဥ္ဇူသမိုင်းဆိုပြီး ထင်ထင်ရှားရှား ဖော်ပြထားရုံမက မန္တလေးမြို့ သုခဝတီပိဋကတ် စာပုံနှိပ်တိုက်ရဲ့ တံဆိပ်ဝိုင်းအမှတ်အသားနဲ့ အတူ သာသနာနှစ် ၂၅၃၅၊ မြန်မာနှစ် ၁၃၅၃၊ ခရစ် ၁၉၉၂- ဆိုတဲ့ အမှတ်အသားများကိုပါ ညို၊ နီ၊ စိမ်း၊ ဖြူ၊ ပြာ အရောင်များနဲ့ သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်း တွေ့မြင်ရပါတယ်။

စာမျက်နှာ(၇၆)မျက်နှာနဲ့ ဖွဲ့စည်းထားတဲ့ ဒီဘုရားသမိုင်းစာအုပ်ကို မန္တလေးမြို့၊ အနောက်မြောက်မြို့နယ်(ယခု အောင်မြေသာစံမြို့နယ်) ရတနာမဥ္ဇူဘုရားဂေါပကအဖွဲ့က ၁၃၅၄-ခု တော်သလင်းလ၊ ၁၉၉၂-ခုနှစ်၊ စက်တင်ဘာလက ထုတ်ဝေခဲ့တာဖြစ်ပြီး မန္တလေးမြို့၊ ၈၄-လမ်း (ဗိုလ်ချုပ်လမ်း) သုခဝတီ ပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ပေးတဲ့ အကြောင်းကိုလည်း စာအုပ်ရဲ့နောက်ကျောဖုံးမှာ မှတ်တမ်းအဖြစ် ဖော်ပြထားပါသေးတယ်။





http://www.dhammadownload.com

ရတနာမဉ္ဇူဘုရားသမိုင်း

ဆရာတော်ဘုရားကြီးက ရတနာမဉ္ဇူဘုရားသမိုင်းကို ရေးသားတဲ့ မြန်မာစာပေအရေးအသားဟာ အလွန်ကျစ်လျစ် ပီပြင်ပါတယ်။ ရေးဖွဲ့တည်ဆောက်ပုံဟာလည်း အစီအစဉ်တကျရှိပြီး တင်ပြပုံအလွန်ကောင်းမွန်ပါတယ်။

ရတနာမဉ္ဇူဘုရားဟာ ကျောက်စာအခိုင်အမာ ရေးထိုးထားတဲ့ဘုရားဖြစ်တဲ့ အတွက် သမိုင်းအထောက်အထား တိကျခိုင်ခန့်လှတာမို့ ပြုစုသူ ဆရာတော်ဘုရားကြီးဟာ ဒီကျောက်စာကို ကိုယ်စားပြုပြီး မြန်မာရာဇဝင်ကျမ်း အကိုးအကားတွေနဲ့ စာဖတ်သူတွေ ရှင်းလင်း လွယ်ကူသိသာအောင် အားထုတ်ရေးသားတော်မူတာကို ထင်ထင်ရှားရှား တွေ့ရပါတယ်။

ဒီကျောက်စာကို မြန်မာသက္ကရာဇ် (၈၄၀)ခုနှစ်က ရေးထိုးထားခဲ့တာဖြစ်လို့ ယခု ၁၃၇၁-နှစ်ဆိုတဲ့ ကာလနဲ့တွက်ကြည့်ရင် နှစ်ပေါင်း(၅၃၁)နှစ်ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက် သမိုင်းတန်ဖိုး ရေးဟောင်းနှစ်ပရိစ္ဆေဒ ကာလတန်ဖိုး၊ ဘာသာ၊ သာသနာယဉ်ကျေးမှုတန်ဖိုးစတဲ့ ရှုထောင့်အသီးသီးက တွက်ချက်ကြည့်တဲ့အခါ တန်ဖိုးသင့်ဖို့မလွယ်တဲ့ တန်ဖိုးအနေအထားမျိုးနဲ့တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ဒီဘုရားကျောက်စာဟာ ရှေးခေတ်ကျောက်စာအရေးအသားနဲ့ ရေးထိုးထားတာဖြစ်လို့ သာမန်လူတွေမဖတ်တတ်ပါဘူး။ ဒါ့ကြောင့်မို့ မန္တလေးမြို့က၊ မြန်မာပညာရှိအငြိမ်းစား ကျောက်စာရုံးစာရေးကြီး သီရိစတုရင်္ဂလဦးဘေက မူရင်းကျောက်စာနဲ့အတူ၊ မြန်မာသက္ကရာဇ်- ၁၁၄၆-ခုနှစ် ဘိုးတော်ဘုရားလက်ထက် စစ်တမ်းကောက်ယူရာမှာ မင်းတဲရွာမြေတိုင်မ၊ (သူကြီး-အမျိုးသမီး)၊ မိငြိမ်းက ရတနာမဉ္ဇူသမိုင်းကျောက်စာကို ပုရပိုက်နဲ့ကူရေးပြီးဆက်သွင်းတဲ့ ပုရပိုက်စာမူနဲ့ကျောက်စာမူရင်းကို တိုက်ဆိုင်ပြီး ယခုခေတ်သုံးမြန်မာအက္ခရာနဲ့ ပြန်ဆိုထားတာဖြစ်လို့ အလွန်တိကျကောင်းမွန်တာကိုတွေ့ရတဲ့အကြောင်း ဒီစာအုပ်ကို ရေးသားပြုစုတော်မူတဲ့ ဆရာတော်ဘုရားကြီးက သုံးသပ်ရေးသားထားတာကိုလည်း အထင်အရှားတွေ့မြင်ဖတ်ရှုရပါတယ်။

ဒီစာအုပ်ရဲ့ ထူးခြားချက်တစ်ခုက ပင်းယမင်းဆက်၊ အင်းဝမင်းဆက်နဲ့ ကုန်းဘောင်မင်းဆက်တွေကို ခုနှစ် သက္ကရာဇ်နဲ့တကွ ဖော်ပြထားတာပါ။ ဒီမှာတော့ ရှေးတုန်းက ရှင်ဘုရင်တွေနဲ့အမည်နာမတွေကို အထိုက်အလျောက် သတိတရရှိလေအောင် သုတေသနလေး နည်းနည်းစွက်ပြီး တင်ပြပေးလိုက်ပါ့မယ်။

http://www.dhammadownload.com

ပင်းယမင်းဆက်

မင်းဆက်(၆)ဆက် ၆၆၀ - ၇၂၆၊ မြို့သက်-၆၆

၁။ တစီးရှင်သီဟသူ
၂။ သားဥဇနာ
၃။ ညီ-ငါးစီးရှင်ကျော်စွာ
၄။ သား-ကျော်စွာ
၅။ ညီ-နရသူ
၆။ နောင်တော်-ဥဇနာပြောင်

ပထမအင်းဝမင်းဆက်(မင်းဆက်-၂၀)

မင်းဆက် - ၃၀၊

၁။ သတိုးမင်းဖျား
၂။ မင်းကြီးစွာစော်ကဲ
၃။ သား-ဆင်ဖြူရှင်တရဖျား
၄။ ညီ-မင်းဆွေ(ပထမမင်းခေါင်)
၅။ သား-သီဟသူ
(အောင်ပင်လယ်ဘိုးဘိုးကြီး)
၆။ မင်းလှငယ်
၇။ ကလေးကျေးတောင်ညို
၈။ မိုးညှင်းမင်းတရား
၉။ သား-မင်းရဲကျော်စွာ
၁၀။ ညီ-နရပတိ
(စစ်ကိုင်းထူပါရုံဘုရားဒါယကာ)

ဒုတိယအင်းဝမင်းဆက်(မင်းဆက်၁၀-ဆက်)

၇၂၆ - ၁၁၁၃၊ မြို့သက်(၃၈၇)နှစ်

၂၁။ ညောင်ရမ်းမင်းတရား
၂၂။ သား-အနောက်ဖက်လွန်
၂၃။ ညီ-သာလွန်
၂၄။ သား-မင်းရဲနန္ဒမိတ်
၂၅။ ပြည်မင်း
၂၆။ သား-နရာဝရ
၂၇။ ညီမင်းရဲကျော်ထင်(အင်္ဂါမင်း)
(ဝမ်းဘဲအင်းစံဟုလည်းခေါ်သည်)
၂၈။ သား-စနေမင်း
၂၉။ တနင်္ဂနွေမင်း
၃၀။ ဟံသာဝတီရောက်မင်း
(ကြာသပတေးမင်း)

http://www.dhammadownload.com

* ၁၁။ သား–ပြည်စုန်မင်း(မဟာသီဟသူရ)
၁၂။ သား–ဒုတိယမင်းခေါင်
၁၃။ သား–ရွှေနန်းကြွေ့ရှင်

၁၄။ သိုဟန်ဘွား
၁၅။ အုန်းဘောင်ခွန်မိုင်း
၁၆။ သား–မိုးဖြိုနရပတိ
၁၇။ စစ်ကိုင်း စည်သူကျော်ထင်
၁၈။ သတိုးမင်းစော
၁၉။ မင်းလက်ျာ
၂၀။ မင်းရဲကျော်စွာ

မှတ်ချက်–ဒုတိယအင်းဝမင်းဆက်ကို ညောင်ရမ်းမင်းဆက် ဟုခေါ်သည်။

ကုန်းဘောင်မင်းဆက်

မင်းဆက်–၁၁ဆက် ၁၁၁၄–၁၂၄၇
(ရွှေဘို–မန္တလေး ၁၃၃နှစ်)

၁။ အလောင်းမင်းတရား
၂။ သား–နောင်တော်ကြီး
၃။ ညီ–ဆင်ဖြူရှင်
၄။ သား–စဉ့်ကူးမင်း
၅။ နောင်တော်ကြီး သား–မောင်မောင်(ဖောင်းကားရွာစား)
၆။ အလောင်းမင်းတရား စတုတ္ထသား–ဘိုးတော်ဘုရား
၇။ မြေး–ဘကြီးတော်
၈။ ညီ–သာယာဝတီမင်း(ကုန်းဘောင်မင်း)
၉။ သား–ပုဂံမင်း
၁၀။ ညီ–မင်းတုန်းမင်း
၁၁။ သား–သီပေါမင်း

ဆက်လက်ပြီး ရတနာမဉ္ဇူဘုရား သမိုင်းစာအုပ်ရဲ့ ရေးသားတင်ပြပုံ အစီအစဉ်ကို ဖော်ပြလိုပါတယ်။ အခန်း(၁၅)ခန်း ခွဲခြားပြီး ရေးသားထားတဲ့ ဒီစာအုပ်မှာ နိဒါန်းမပါပေမယ့် အချီးသဘောမျိုးလို့ ယူဆအပ်တဲ့ ပါဠိနှစ်ဂါထာ၊ အနက်နှစ်ပိုဒ်နဲ့ စတင်ရေးသားထားတာကို ကြည်ညိုရပါတယ်။ မာတိကာစာမျက်နှာ ထည့်သွင်းဖို့ လိုအပ်ပြီး အခန်း(၅)အထိ အခန်းခွဲ ထားတာကိုမတွေ့ရပဲအခန်း(၆)မှ(၁၅)အထိသာ ခွဲခြားဖော်ပြထားတာကိုတွေ့ရပါတယ်။

ဒီစာအုပ်မှာထူးခြားပြီး အဖိုးတန်လှတဲ့ အပိုင်းကတော့ ကျောက်စာမူရင်း၊ အဓိပ္ပါယ် ပြန်ဆိုဖွင့်ပြချက်နဲ့ ကျောက်စာပါအချက်အလက် တွေကို ဦးကုလားရာဇဝင်နဲ့ ဖြည့်စွက်ပြီး ခေတ်သုံးစကားပြေဝါကျအစဉ်နဲ့ ရှင်းရှင်း လင်းလင်း ရေးသားပြုစုတင်ပြထားပုံပဲ ဖြစ်ပါ တယ်။ ဒီအချက်က ဘုရားသမိုင်းစာအုပ် ရေးသား သူတွေ စံနမူနာယူအပ်တဲ့အချက်ဖြစ်လို့ အရေး ကြီးတယ်လို့ ဆိုချင်ပါတယ်။

ဆရာတော်ဘုရားကြီးအနေနဲ့ ဘုရား

http://www.dhammadownload.com

တည်တဲ့ အင်းဝခေတ်ကနေ မျက်မှောက်ခေတ် ရတနာမဋ္ဌမြတ်စွာဘုရား ဝါတော်(၅၀၀)ပြည့် ပွဲတော်ကြီးကျင်းပတဲ့ မြန်မာသက္ကရာဇ်-၁၃၄၀ (ခရစ်-၁၉၇၈)ခုနှစ်အထိ အမိုင်းစဉ်ကို အရှင်းလင်းဆုံး ဖော်ပြထားရုံသာမက ၁၉၄၇-ခုနှစ်က စတင်ရေးဆွဲ အတည်ပြုပြီး ယခုမျက်မှောက်ကာလအထိ လိုက်နာကျင့်သုံးလျက်ရှိတဲ့ ဂေါပကအဖွဲ့. စည်းမျဉ်းများကိုပါ စုံစုံလင်လင် ဖော်ပြထားပုံဟာလည်း သာသနာတော်ဆိုင်ရာ လုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

နိဂုံးစာမျက်နှာကို အပိုဒ်(၄)ပိုဒ် ခွဲခြားရေးသားထားတာကိုလည်း ဖတ်ရှုရပါတယ်။

ရတနာမဋ္ဌဘုရားသမိုင်းအကျဉ်းချုပ်

ရတနာမဋ္ဌဘုရားဟာ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်း ရပ်ကွက်ကြီးအတွင်းမှာ တည်ရှိသီတင်းသုံးတော်မူပြီး၊ ပထမအင်းဝခေတ်ဘုရင် မဟာသီဟသူရ (ပြည်စုန်မင်း)ရဲ့ မိဖုရားခေါင်ကြီး အမိတ္တသီရိမဟာဓမ္မဒေဝီက သာသနာတော်နှစ်-၂၀၂၂၊ ကောဇာသက္ကရာဇ်-၈၄၀ပြည့်နှစ်၊ ပြာသိုလလပြည့်ကျော် (၁)ရက်၊ အင်္ဂါနေ့မှာ တည်ထားကိုးကွယ်ခဲ့တဲ့ ကောင်းမှုတော်ကြီးဖြစ်ပါတယ်။

ပြည်စုန်မင်းဟာ (၈၃၀-၈၄၂) နန်းစံနှစ် (၁၂)နှစ် စိုးစံသွားသူဖြစ်ပြီး ဘုရားတည်တဲ့ ခုနှစ်မှာ သူနတ်ပြည်မစံသေးပါဘူး။ ဒါပေမယ့် ဘုရားသမိုင်းမှာ သူနတ်ပြည်စံပြီးမှ သူ့မိဖုရားကြီးက အလွမ်းပြေလွမ်းစေတီ တည်တယ်လို့ ဆိုထားပြီး ဘုရားတည်တဲ့ခုနှစ်ကိုလည်း သက္ကရာဇ်-၈၄၀လို့ ဆိုထားတာဟာ ရှေ့နောက်မညီဘူးဖြစ်နေပါတယ်။ စဉ်းစားကြည့်မိတာက သူတို့နှစ်ဦးအင်းဝက မန္တလေးကို ရေကြောင်းနဲ့ လာကြပြီး မန္တလေးချောင်းပေါက်ရွာ ဆိပ်ကမ်းမှာ ဖောင်တော်ကပ်၊ မန္တလေးတောင်ပေါ်မှာ မြတ်စွာဘုရားရဲ့ အောက်မေးရိုး ဓာတ်တော်တွေကို ဌာပနာပြီး စေတီတော်တွေ တည်ထားခဲ့တဲ့ အာသောကမင်းကြီးရဲ့ ကုသိုလ်ကောင်းမှုတွေကို စေတီတစ်ဆူတည်းဖြစ်အောင် ပြုပြင်တည်ဆောက်၊ ထီးတော်တင်စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတဲ့အခါ အခုရတနာမဋ္ဌဘုရား တည်ထားကိုးကွယ်မယ့် နေရာမှာ မင်းတို့ရဲ့ သဘာဝအတိုင်းဆင်ရေး၊ မြင်းရေးပြုပြီးမှ အင်းဝပြန်တယ်ဆိုတာတွေက ကျောက်စာမှာသေသေချာချာဖော်ပြထားလို့သိကြရတာပါ။

ဒီကအပြန် ဘာမှမကြာတဲ့ ကာလမှာ ပြည်စုန်မင်းနတ်ပြည်စံပါတယ်။ သူနတ်ပြည်စံတာ သက္ကရာဇ် ၈၄၂-မှာပါ။ ဒီတော့

http://www.dhammadownload.com

ဘုရားတည်သက္ကရာဇ်ကို ၈၄၀-မှာဆိုရင် သူနှတ်ပြည် မစံသေးပါဘူး။ ဘုရားတည်တဲ့ သက္ကရာဇ်ကို ၈၄၀-လို့ ရေးထိုးသူကလည်း ပြည်စုန်မင်းရဲ့ မိဖုရားခေါင်ကြီးမဟုတ်ပါဘူး။ သူတို့ရဲ့ မြေး-ရွှေနန်းကြော့ရှင် (ဒုတိယမင်းခေါင်ရဲ့သား) ဖြစ်ပါတယ်။

ပြည်စုန်မင်းရဲ့ မိဖုရားကြီးဟာ သူ့မြောက်သားတော် ဆင်ရေး၊ မြင်းရေးပြခဲ့တဲ့ နေရာမှာ ဘုရားတည်ထားခဲ့ရုံသာမက ဘုရားတည်တဲ့ခုနှစ်ကိုပါ ဆင်ရေး၊ မြင်းရေးပြခဲ့တဲ့ ကာလကို အမှတ်တရအဖြစ် ရေးထိုးစေခဲ့ဟန်တူပါတယ်။ တကယ်ဘုရားတည်တဲ့ ခုနှစ်ကတော့ ပြည်စုန်မင်း နတ်ရွာစံတဲ့ ၈၄၂-ကလွဲပြီး တခြားဖြစ်ဖို့ မရှိပါဘူး။ ထပ်ပြီးစဉ်းစားကြည့်မိတာက ပြာသိုလ်လဆိုတာ ရှေးက ရှင်ဘုရင်တွေ ဆင်ခင်းသဘင်၊ မြင်းခင်းသဘင် ကျင်းပလေ့ရှိတဲ့လဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောက်စာကပြောတဲ့ သက္ကရာဇ် ၈၄၀- ပြာသိုလ်လပြည့်ကျော်(၁)ရက်ဟာ ဒီပွဲသဘင် ကျင်းပချိန်နဲ့အံကျဖြစ်နေတာ သတိပြုစရာပါပဲ။ တကယ်လည်း ခရီးလမ်းမှာ ခဏနားချိန် မန္တလေးရောက်ခိုက် ဆင်ရေး၊ မြင်းရေးပြသွားတာကို ကျောက်စာက အသေအချာ ပြဆိုထားပါတယ်။ စီးတဲ့ ဆင်တွေ၊ မြင်းတွေရဲ့ အမည်ကအစ အတိအကျပါ။

ဆက်ပြီးပြောချင်တာက ဆရာတော်ဘုရားကြီးရဲ့ ကျောက်စာစကားပြေ အနက်ဖွင့်ဆိုချက်တွေကနေ ရှေးကအသုံးအနှုန်းတွေကို သိရတာကလည်း အဖိုးတန်ပါတယ်ဆိုတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

ဥပမာ - တိုင်စား = မြေခွန်
ရေစား = ရေခွန်

ဆိုတာတွေကို ခုခေတ်စကား အသုံးအနှုန်းနဲ့ ဖလှယ်ကြည့်ဖို့ အထောက်အကူပြုတာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြည်စုန်မင်းရဲ့ မိဖုရားကြီးရဲ့ အလှူအရပ်ရပ်၊ မြေး-ရွှေနန်းကြော့ရှင်ရဲ့ အလှူအရပ်ရပ်နဲ့ ဘုရားဝတ္ထုကမြေသတ်မှတ်သွားပုံ၊ ရတနာမဋ္ဌူဘုရား ရာဟုထောင့်မှာ သမိုင်းကျောက်စာ ရေးထိုးသွားပုံတွေဟာ သမိုင်းရဲ့ကွင်းဆက်ကို လိုက်တဲ့နေရာမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အထောက်အထား အခိုင်အမာတွေမို့ ရှေးခေတ်၊ မန္တလေး အနေအထားကို သမိုင်းတန်ဖိုး အမှန်အတိုင်း သိရှိရတာဟာ အံ့ဩစရာပါပဲ။

ဒါ့အပြင် "မန္တလေး"ဆိုတဲ့ အမည်နာမနဲ့တကွ မန္တလေးမြို့ရယ်လို့ ဖြစ်လာရပုံ သမိုင်းပုံရိပ်ကို အများတကာချဉ်းကပ်ဖော်ထုတ်ပုံနဲ့ ခြားနားတဲ့သမိုင်းကြောင်းဟာလည်း သမိုင်း

http://www.dhammadownload.com

သုတေသီတွေအတွက် ရှေ့ဆက်တူးဆွဖို့ ကိစ္စမှာပဲဖြစ်ဖြစ်၊ တူးပြီးဖော်ပြီးဖြစ်ပေမယ့် အများကြားမှာပြန်နှံ့ဖို့ နှေးကွေးနေသေးရင်လည်း မြန်မြန်နဲ့မှန်မှန် သိသာထင်ရှားစေဖို့ ကိစ္စအတွက်ပဲဖြစ်ဖြစ်၊ ဒီဘုရားသမိုင်းစာအုပ်ဟာ လမ်းစဖြစ်အောင် ညွှန်ပြနေပုံကိုလည်း တွေ့ကြရမှာ ဖြစ်ပါတယ်။

ရတနာမဉ္ဇူမြတ်စွာဘုရားရဲ့မြသပိတ်ပွဲ

မန္တလေးဘုရားပွဲတွေထဲက မြသပိတ်မဲနှိုက်ပြီး တခမ်းတနားကျင်းပရာမှာ နာမည်အကြီးဆုံးနဲ့ နှစ်ပရိစ္ဆေဒ အကြာဆုံးဘုရားက ရတနာမဉ္ဇူဘုရားပဲ ဖြစ်ပါတယ်။

မဲနှိုက်ပုံစနစ်ဟာလည်း တစ်နိုင်ငံလုံးမှာ အထူးခြားဆုံးလို့ ဆိုချင်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ဒီစာအုပ်ထဲမှာ ဒီအကြောင်းကိုလည်း ချန်မထားရစ်ပဲ ၁၉၉၂-ခုနှစ်ကာလရဲ့ပုံရိပ်တွေကို အထင်းသားဖော်ပြထားတာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ဆိုင်ရာရပ်ကွက်တွေက သပိတ်အသင်းများဖွဲ့စည်းပုံ၊ ဘုရား၊ ကျောင်းတိုက်နဲ့ မြသပိတ်တွဲဖက်ပုံ၊ မဲနှိုက်ပုံ၊ မဲပေါက်လို့ တခမ်းတနား ပူဇော်ကြပုံ၊ မြသပိတ်မဲ မပေါက်တဲ့အသင်းတွေက ကျောင်းတိုက်မဲကျရာမှာ လှူဒါန်းကြပုံတွေဟာ နှစ်စဉ်ဘုရားပွဲ ကျင်းပတဲ့ သီတင်းကျွတ်လဆန်း ၁၃၊ ၁၄-နဲ့ လပြည့်နေ့ (၃)ရက်မှာ ပီတိတဖွားဖွားနဲ့ ကုသိုလ်ကို အရင်းခံပြီး ပျော်ရွှင်ကြည်နူးကြရမြဲ ဖြစ်ပါတယ်။

ဒီဆောင်းပါးမှာတော့ ၂၀၀၈-ခုနှစ် ဘုရားပွဲရဲ့မြသပိတ်ပွဲဆိုင်ရာ ဇယားနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

ဒီဘုရားသမိုင်းစာအုပ်ဟာ လမ်းစဖြစ်အောင်ညွှန်ပြနေပုံကိုလည်းတွေ့ကြရမှာ ဖြစ်ပါတယ်။



- ဒီဆောင်းပါးရေးသားနိုင်ဖို့ ကူညီကြတဲ့ မင်းတဲအီကင်းရပ်က ဦးလေးဦးအောင်ဘ၊ ဘုရားဂေါပကအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ စာရင်းစစ်ဦးဝင်းမောင်၊ ဓါတ်ပုံတွေနဲ့ ကူညီတဲ့ ဆရာရွှေနောင်ရိုး (မန္တလေး)တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

(စာရေးသူ)

http://www.dhammadownload.com

၁၃၇၀ – ခုနှစ်၊ရတနာမဉ္ဇူမြတ်စွာဘုရားမြသပိတ်မဲစာရင်းနှင့် ဂေါစရဂါမ်ကျောင်းတိုက်များ

စဉ်	ရပ်ကွက်	မဲ အမှတ်စဉ်	စဉ်	ကျောင်းတိုက်
၁။	ဆင်ရွာအနောက်ရပ်		၁။	မြတ်စွာဘုရား
၂။	ကုန်းတော်ပေါ်အသင်း		၂။	မြို့ပြင်ကြီးကျောင်းတိုက်
၃။	ကုန်သည်တော်ရပ်		၃။	ကုန်သည်တော်ကျောင်းတိုက်
၄။	ဆင်ရွာအရှေ့ရပ်		၄။	မြေနီအိုင်ကျောင်းတိုက်
၅။	ဈေးကုန်းရပ်		၅။	မြို့ဝန်ကျောင်းတိုက်
၆။	ဈေးကုန်းရပ်		၆။	စောလှကျောင်းတိုက်
၇။	ပေါက္ကရိုရပ်		၇။	တောင်တွင်းကြီး ကျောင်းတိုက်
၈။	မလဲသာရပ်		၈။	ဓမ္မာရာမကျောင်းတိုက်
၉။	မလဲသာရပ်		၉။	ရွှေပြည်ကျောင်းတိုက်
၁၀။	မြရေနံရပ်		၁၀။	ထီးတစောင်းကျောင်းတိုက်
၁၁။	မြအရာတော်ရပ်		၁၁။	ကံသစ်ကျောင်းတိုက်
၁၂။	မင်္ဂလာရဲညွှန့်ရပ်		၁၂။	တံတားဦးကျောင်းတိုက်
၁၃။	မင်းကဲ စက်မြေရပ်		၁၃။	မဟာသိမ်
၁၄။	ရွှေပြည်ရပ်		၁၄။	ရွှေပြည်ကျောင်းတိုက်
၁၅။	ရွှေပြည်ရပ်		၁၅။	တိုက်တော်ကျောင်းတိုက်
၁၆။	ရွှေဒေါင်းရပ်		၁၆။	လယ်ပြင်တောင်တိုက်
၁၇။	အီကင်းအနောက်ရပ်		၁၇။	ဆင်များရှင်ကျောင်းတိုက်
၁၈။	အီကင်းအနောက်ရပ်		၁၈။	ဒုတ်လှမ်းကျောင်းတိုက်
၁၉။	အီကင်းအရှေ့ရပ်		၁၉။	ရွှေဓါးကျောင်းတိုက်
၂၀။	အီကင်းအရှေ့ရပ်		၂၀။	အေးစေတီကျောင်းတိုက်
၂၁။	အီကင်းအလယ်ရပ်		၂၁။	လေသာကျောင်းတိုက်
၂၂။	ဥယျာဉ်အရှေ့ရပ်		၂၂။	လယ်ပြင်မြောက်တိုက်

http://www.dhammadownload.com

နိဒုံး

ဆရာတော်ဘုရားကြီးရဲ့ ရတနာမဥ္ဇူ မြတ်စွာဘုရားသမိုင်းဟာ စာအုပ်လေးကြည့်ပြီး အပေါ်ယံကိုမြင်ရင် အထဲမှာဘာတွေပါသလဲ ဆိုတာသိမှာမဟုတ်ဘူး။ အထဲမှာ မြန်မာစာပေ ရတနာတွေနဲ့ ဖွဲ့သီထားတာ သိရအောင်စေ့စေ့ စပ်စပ် ဖတ်ကြည့်ဖို့ လိုအပ်ပါတယ်။

ဒီစာအုပ်ဟာ ၁၉၉၂-ခုနှစ်ကတစ်ကြိမ်ပဲ ထုတ်ဝေဖူးသေးတာမို့ ခုနေခါရှားပါးသွားပါပြီ ဒုတိယအကြိမ်ကိုလည်း ပြင်ဆင်၊ ဖြည့်စွက်၊ တည်းဖြတ်မှုတွေကို လိုအပ်သလိုပြုလုပ်ပြီး ဆရာတော်ဘုရားကြီးကိုယ်တိုင် ထပ်မံရေးသား ပြုစုပေးဖို့ ဂေါပကလူကြီးများက တောင်းပန် လျှောက်ထားပြီး ထုတ်ဝေဖို့ လိုအပ်နေပါပြီ။

မန္တလေးဟာ အထင်ကရ ဘုရားစေတီ တွေနဲ့ တင့်တယ်လှတဲ့မြို့ဖြစ်ပေမယ့် ဘုရား သမိုင်း ရေးသားပြုစုပြီး ဘုရားစေတီတွေဟာ နည်းပါးနေသေးတာက လိုအပ်ချက်တစ်ရပ် ဖြစ်နေသေးတာဟာ အံ့ဖွယ်တစ်ပါးလို့ ဆိုရလေ မလား မပြောတတ်ပါ။

မန္တလေးတောင်၊ မဟာမုနိဘုရားကြီး၊ ရတနာမဥ္ဇူမြတ်စွာဘုရား၊ ဟေမာဇလရပ် ငပယင်းဝင်း ဆုတောင်းပြည့်မြတ်စွာဘုရားတို့ လို သမိုင်းရေးရာ ခိုင်ခိုင်ခံ့ခံ့နဲ့ ဘုရားသမိုင်း စာအုပ်တွေ ပြုစုရေးသားဖို့ ကြိုးစားကြစေ လိုကြောင်း ဒီဆောင်းပါးကတဆင့် နှိုးဆော် တိုက်တွန်းချင်တာ အမှန်ပါပဲ။

ရတနာမဥ္ဇူမြတ်စွာဘုရား သာသနာ အရှည်ခံလို တည်တံ့ပါစေ.....

ဗန်းမော်ဆရာတော်ဘုရားကြီးလည်း သက်တော်ရာကျော်ရှည်လျက်၊ သာသနာတော်ရဲ့ အသရေတော်ကို လင်းလင်းလက်လက် ဆောင် တော်မူနိုင်ပါစေ။

မြန်မာဗုဒ္ဓဘာသာဝင်အားလုံး အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆထက်တံပိုး တိုးလို့ ဆောင်ရွက်ပြုစုနိုင်ကြပါစေ.....သော်။

မှတ်ချက်။ ။ အင်းဝဘုရင်မဟာသီဟသူရဟာ မြန်မာစာပေသမိုင်းမှာ စာဆိုတော် စစ်လျင် ထောင်မှူးရှင်ထွေးညီရဲ့ ပြည်စုန်မော်ကွန်းနဲ့အတူ ထင်ရှားသူဖြစ်လို့ သူ့ကို မဟာသီဟသူရဆိုတဲ့ ဘွဲ့ထက်ပြည်စုန်မင်းလို့ပဲ အလွယ်တကူ ခေါ်လေ့ ရှိပါတယ်။ ပြည့်စုံမင်းမဟုတ်ပါ။

တပည့်တော်-
စိုးနိုင်(မန္တလေးတက္ကသိုလ်)

http://www.dhammadownload.com

တစ်ခါတုန်းကဗန်းမော်

အရှင်ကောသလ္လဉာဏ (မန်း-ဗန်းမော်)



http://www.dhammadownload.com



"ဘုန်းဘုန်းဘုရား တပည့်တော် သိန်းကို ပါ"၊အသံကြားလောက်ရာက အသံပေးပြီး ရောက်လာတတ်သော တကာကြီးဦးသိန်းကို။ ဦးသိန်းကိုသည် ဗန်းမော် တိုက်လမ်းပေါ်ရှိ ဧကရီစက်ချုပ်ဆိုင်ကဖြစ်သည်။ မကြာမကြာလာတတ်၍ သူနှုတ်တတ်ဆောင်ထားသော လယ်တီဆရာတော်ကြီး၏ ဗုဒ္ဓဝင်လက်ာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်လက်ာများ ရွတ်ဆိုပူဇော်လေ့ရှိသည်။ မရှင်းသည်ကို မေးမြန်းလေ့ရှိသည်။ အသံနေအသံထား (အသံထွက်) ချိုမြိန်သည်။ ဗောဓိမဏ္ဍိုင် ဓမ္မာရုံ၏ နိဗ္ဗာန်ဆော်ဥပါသကာ ဖြစ်သည်။

ဒကာကြီး စာရွတ်ဦးမှာလား? ဒီတစ်ခါ စာမရွတ်တော့ဘူးဘုရား၊ အထူးမေးစရာရှိလို့ တမင်လာခဲ့တာ မေးခွင့်ပြုပါ၊ "စာကြီးပေကြီးဆိုရင် ဆရာတော်ကြီး သွားမေးလေဗျာ၊ ကဗျာ လက်ာဆိုရင်တော့ရပါတယ်။

တင်ပါ့ဘုရား----မေးမှာက ဗန်းမော်ဆရာတော်ကြီး ရောက်ခါစ အခြေအနေကို သိခြင်လို့ပါ။ အရှင်ဘုရားက မရွေးမနှောင်း ရောက်တာဆိုတော့ ပိုသိမယ်ထင်လို့ပါဘုရား။

ဟုတ်တာပေါ့ ဒကာကြီး၊ ဆရာတော် အရှင်ကုမာရ (ဗန်းမော်ဆရာတော်) က ၁၃၂၄-ခုနှစ်ရောက်ပြီး၊ ဦးဇင်းက ၁၃၂၅-ခုနှစ်၊ နယုန်လ ရောက်ခဲ့တာဆိုတော့ မရွေးမနှောင်းပါဘဲ။ ကျောင်းဝိုင်းက(၈)ဧကကျယ်တယ်။ ဗန်းမော်ကျောင်းကြီးရယ်၊ အခု ဦးဇင်းနေတဲ့ကျောင်းလေးရယ်၊ အခုဆွမ်းစားကျောင်းအနောက်ဘက် အရှေ့မျက်နှာလှည့် အလျား (၅) ခန်း၊ အနံ ၃ခန်း၊ (၁) ထပ်အမြင့် သွပ်မိုးကျောင်း ဟောင်းလေးရယ်၊ သုံးကျောင်းပဲရှိတယ်။ အဲဒီကျောင်းမှာ အရှင်ကုမာရနဲ့ ပါလာတဲ့ ဦးဂန္ဓမာနေလို့ ဂန္ဓမာအဆောင်လို့ ခေါ်နေကြတယ်။

ကျောင်းကြီးနောက်ဘက်၊ မြောက်ဘက်နဲ့ အရှေ့ဘက်ခြမ်းတွေမှာ လယ်စိုက်တယ်။ လယ်စိုက်တဲ့သူက ကျောင်းအတွက်ဆွမ်းဆန်ပြန်လှူတယ်။ ခုဒကာကြီးတို့အိမ်အထိ လယ်ကွက်တွေချည်းပဲ။ ကျောင်းကြီးရဲ့တောင်ဘက် (၃) ဧကလောက်ကဆူးပင်တောရှိတယ်။ ထင်းအသုံးဝင်တယ်။ တစ်ခို့နေရာတွေမှာ ညံပင်၊ ဂုံမင်း၊

http://www.dhammadownload.com

ကညို့၊ ကနဖော့၊ မြင်းခွါ၊ ဇရစ်၊ ရွှေပန်း၊ ငွေပန်း ပင်တွေ၊ပိတ်စွယ်တွေတောဖြစ်လို့ထူတာပေါ့ဗျာ။

ဂုံမင်းအသုံးဝင်ပုံ ပြောဦးမယ်။ တစ်ခါ-တစ်လေ အရှင်ကုမာရ ကိုယ်ပူပြီး ဖျားချင်သလိုလို ဖြစ်နေရင် ကိုရင်တွေက ဂုံမင်းဥကို ပါးပါးလှီး ဆန်နဲ့ဟင်းချိုကြိုပြီး ဆေးအဖြစ်ကပ်တယ်၊ ကိုယ်ပူကျဆေးပေါ့။ ဗန်းမော်ကျောင်းကြီးကို လယ်ကွက်တွေနဲ့ ယှဉ်တွဲကြည့်မယ်ဆိုရင် တကယ် တောကျောင်းကြီးစစ်စစ်ဗျ။ တင်ပါ့ဘုရား။

တပည့်တော်တို့ ရောက်စမှာတော့ ဗန်းမော် တိုက်လမ်းကလည်း ချောလို့၊ အိမ်ကြီး အိမ်ကောင်း တွေနဲ့၊ ကျောင်းအဝင် မုခ်ဦးကြီးနဲ့၊ ကျောင်းထဲမှာလည်း ကျောင်းတွေတစ်သီ တစ်တန်းကြီးမြင်ရတော့ ကြည်နူးမိခဲ့တာအမှန်ပဲ။ ခုအရှင်ဘုရား အမိန့်ရှိသလိုဆိုရင် ဗန်းမော် ဆရာတော်ရောက်ခါစက တောကြီးမျက်မည်း ကြီးပဲ။ ဘယ်နေချင်စရာရှိမှာလဲဘုရား။ သည်းမ ခံနိုင်တဲ့ဘုန်းကြီးဆို ပြန်ပြေးလောက်ပါတယ်။

ဟုတ်တယ် ဒကာကြီး၊ အရှင်ကုမာရဟာ တော်တော်သည်းခံနိုင်ပါတယ်။ အဲဒီတုန်းက လယ်ကွင်းပတ်လည် ဖြစ်နေတဲ့ ဗန်းမော် ကျောင်းကြီးဟာ မြေစိုက်ဆိုတော့ လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်ကြောင့် အရှေ့တောင်ဘက်(၅) ဒီဂရီလောက် ယိမ်းနေတယ်။ ကျောင်းကြီးပေါ် ပတ်လမ်း တလျှောက်လုံး ကြမ်းခင်းတွေက အကျိုး၊ ရဲရဲမသွားဝံ့ကြဘူး။ အသံမမြည်အောင် မသွား နိုင်ကြဘူး အရှင်ကုမာရလည်း ကျောင်းကြီး ပေါ်မှာ ဦးဇင်း၊ ကိုရင်အချို့နဲ့ဖြစ်သလိုနေတာ၊ လုံးဝမငြီးငြူဘူး။ လောကဓံတကယ်ခံနိုင်တာ၊ အံ့စရာပဲ။

ဒါနဲ့ သွားလာရေးအန္တရာယ် ကင်းအောင် ဆိုပြီး သတိပေးတဲ့အနေနဲ့ "အတက်အဆင်း ဖြေးဖြေးနင်း" စာကြောင်းထုံးဖြူနဲ့ရေးထား လိုက်တယ်။ ခုကျောင်းကြီးအသစ်ပြင်တော့မှ မရှိတော့တာ။ ကြည့်တတ်မယ်၊ မြင်တတ်မယ်၊ နေတတ်မယ်ဆိုရင် ဗန်းမော်ကျောင်းကြီးဟာ ပန်းချီကားတစ်ချပ်လိုပဲ။ အရှေ့ဘက်ဆုံးက ပြာသာဒ်ဆောင်ရယ် မြောက်ဘက်ရေကန်က အုန်းပင်တွေရယ်၊ သရက်ပင်တွေရယ်၊ လယ်ကွင်း စိမ်းစိမ်းတွေရယ်ပေါ့။ စိတ်ကိုကြည်လင်စေတယ်။ ဖြတ်သန်းလာတဲ့ လေနုအေးကလည်း တော်တော် အရသာရှိတယ်လို့ခံစားရတယ်။

အရှေ့ဘက်ဗောဓိရိပ်သာနဲ့ စည်းရိုး ပဲခြားတယ်။ အဲဒီတုန်းက ဗောဓိရိပ်သာလည်း မြောက်ဘက်ခြမ်းက တောကြီးမျက်မည်းပဲ။ မဟာ ဗောဓိစေတီကြီး မတည်ရသေးဘူး။ ဒီဘက်ကနေ ဟိုဘက် ဒိုးယိုပွင့်နေတယ်။ ရေခြင်းယားခြုံတွေမှာ ရေကြက်တွေနေကြ၊ အော်ကြပေါ့။ ခုလည်း အော်နေတုန်းပဲ။ တစ်ကျောင်းဝိုင်းလုံး တံတိုင်း မရှိဘူး။ ဆူးခြုံခရိုး (စည်းရိုး) ပဲရှိနေတယ်။ မြစိမ်း

http://www.dhammadownload.com

ရောင်တံတိုင်းပေါ့။ ဒါပေမယ့် အနောက်တောင်ထောင့်မှာက နမူနာတံတိုင်းတည်ထားတာ တွေ့ရတယ်။ ကျောင်းနယ်နိမိတ်အဖြစ်၊ ကျောင်းမှန်းကန်မှန်းသိအောင် ကျောင်းဝိုင်းပတ်ပတ်လည် ရေမြောင်းတူးပြီး ကျောက်ခဲတွေနဲ့အုတ်မြစ်ချပြီးသား ရှိနေတော့ထူးထူးဆန်းဆန်းတွေ့ရတယ်။

ဆွမ်းခံသွားခြိန်လောက်မှာ(၁၀)ကောင် လောက်ရှိတဲ့ ကုလားတစ်ယောက်ရဲ့ နွားအုပ် ရောက်လာတယ်။ တစ်နေကုန် မြတ်စား၊ ကျောင်းကြီးအောက်အရိပ်ခို၊ ခြေးယိုသေးပေါက်၊ ကိုရင်တွေက နွားခြေးကြဲ၊ ကျောင်းကြီးက မိုးမလုံတော့ မိုးရွာရင် အနေခက်၊ ကျောင်းကြီးပတ်လည် ရေမြောင်းက တက်တက်လာတဲ့ငါးတွေ ကျောင်းကြီးအောက် မိုးရေနဲ့ရောပြီး ဘေးမဲ့ငါးမွေးကန်ပဲ။

ကုဋီကလည်း တစ်လုံးတည်း၊ မြေကြွင်းကုဋီ၊ မိုးရေပြည့်နေရင် တော်တော်. အထိုင်ရခက်တယ်။ ကျောင်းကြီးကနေပြီး လယ်ကံသင်းအတိုင်းသွား၊ အနောက်ယွန်းယွန်းမှာ ကုဋီရှိတာ၊ အရေးကြီးရင် အပြေးသွားပေတော့။ အရှင်ကုမာရရော၊ ဦးဇင်းရော၊ ကိုရင်ရော အတူ-တူပဲ။ ဥပုသ်နေ့တိုင်း ဘုရားဝတ်တက်အပြီးမှာ ဦးဇင်းတို့ကိုရင်တို့ "အာဟာရရယ်၊ သက်နှံးရယ်၊ ကျောင်းရယ်၊ ဝစ္စကုဋီရယ် " သည်းခံကြဦးပေါ့၊ သည်းခံရင် ချမ်းသာပါတယ်လို့ ဩဝါဒပေးလေ့ရှိတယ်။

အရှင်ဘုရားတို့ တော်တော်ဆင်းရဲခဲ့တာပဲ။ ဆင်းရဲတွင်းက လွတ်လာတာတွေးပြီး တပည့်တော် သာခုခေါ်ပါတယ်ဘုရား-----။

နောက်တစ်ခုပေါ့ မိုးတွင်းဈေးခြိုသွားမယ် ဆိုရင် ကျောင်းကထွက်ကတည်းက ဖိနပ်ချွတ်သွား၊ လမ်းထိပ်ရောက်မှ ရေမြောင်းက ခြေထောက်ဆေးပြီး အမှတ် (၃)ကားပေါ်တတ်ရတယ်။

အရှင်ကုမာရဟာ တော်တော်သည်းခံနိုင်ပါတယ်။ မင်းတုန်းမင်းခေတ်က မတ္တရာဆရာတော်လောက် သည်းမခံနိုင်သော်လည်း ရာခိုင်နှုန်း (၉၀) လောက်သည်းခံနိုင်တာတွေ့ရတယ်ပေါ့။ မှတ်မှတ်ရရ သည်းခံနိုင်တာတစ်ခုပြောဦးမယ်။ အရုဏ်ဆွမ်း ဝိုင်းဖွဲ့ဘုန်းပေးတဲ့ ဇလုံအညိုကြီးတစ်လုံးပဲရှိတယ်။ ဖင်ကပေါက်နဲ့၊ အကွာတွေရယ်၊ နှုတ်ခမ်းကလိပ်နေတယ် ကြေးဇွန်းကအကွဲ၊ ရေနွေးအိုး အပြာကလည်း အကွာတွေနဲ့၊ ဒါနဲ့ပဲ ဘုန်းပေးရတာ။

တင်ပါ့ဘုရား--- တွေးပြီး တပည့်တော် စိတ်မကောင်းပါဘူး။

ဒကာကြီး ကျန်သေးတယ်။ အဲဒီအချိန်တုန်းက ဗန်းမော်တိုက်အပါအဝင် ဗောဓိကုန်းတစ်ရပ်ကွက်လုံးရယ်ပေါ့။ ရေနီမြောင်းကလာတဲ့ရေကို ခိုးရေရောသုံးရေပါ သုံးစွဲရတာ။ သောက်ရေကတော့ မန္တလေးတက္ကသိုလ်ဝင်းထဲက ပေးတဲ့သိပ္ပံရေကို သုံးရတယ်။ အဲဒီတုန်းက ရေနီမြောင်း

http://www.dhammadownload.com

ရေ အသန့်ဆုံးပဲ။ ရောဂါပိုးလုံးဝမရှိဘူး။

အရှင်ဘုရား ဗန်းမော်ဆရာတော် ရောက်စက တော်တော်ဆင်းရဲဒုက္ခရောက်ခဲ့တာပဲ။ ခု တပည့်တော်တို့ အမြင်နဲ့က ပြဒါးတစ်လမ်း-သံတစ်လမ်းပဲ။ အသားကြမ်း ပန်းပုထုသလိုပါပဲ။ တပည့်တော်တို့က အချောပဲမြင်တဲ့သူတွေပါဘုရား၊ အရှင်ဘုရား ပြောပြလို့ ဖြစ်ကြောင်းကုန်စင်သိရတာ ကျေးဇူးတင်ဝမ်းသာပါတယ်။ ဒါနဲ့ ဘုရား၊ ဗန်းမော်ဆရာတော် ဘုရားဟာ အထက်အညာ ဗန်းမော်က ဇာတိလားဘုရား၊ နောက်ပြီးဘယ်ကနေပြီး ဒီကို ရောက်လာတာလဲဘုရား။ သိရင်ပြောပြပါဦး။

အထက်အညာ ဗန်းမော်ဇာတိ တောင်သာမြို့နယ်၊ ရဘဲရွာ ဇာတိပါ။ ဧရာဝတီ မြစ်ကမ်းဘေးမှာပါ။ ဘုရားကြီးတိုက် နယားကျောင်းမှာ နေခဲ့တာပါ။ မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယက ကျောင်းထိုင် လွှဲအပ်လိုက်လို့ ရောက်လာတာပါ။ ဗန်းမော်တိုက် ကျောင်းထိုင်လို့ ဗန်းမော်ဆရာတော် ခေါ်ကြတာပါ။ အရှင်ကုမာရ ဒီကို ရောက်လာတော့မှ ဒီနယ်မြေက ဘာသာရော၊ သာသနာရော၊ ပညာရော ထွန်းကားလာခဲ့တာ။ ၁၉၆၃ - ခုနှစ်ကစပြီး ဘုန်းတော်ကြီး မူလတန်းကျောင်း (ဘက ကျောင်း) ဖွင့်ပြီး သင်ပေးခဲ့တာတော်တော်အောင်မြင်ခဲ့တယ်။ နောက် ဗန်းမော်ဘက အတက်တန်းကျောင်းအထိ အဆင့်တိုးမြှင့်သင်ပေးခဲ့ပါတယ်။

တင်ပါ့ဘုရား၊ ဗန်းမော်ဆရာတော် ဘုရားကြီးရဲ့ ကြီးရင့်သောဉာဏ်၊ မြင့်မားသောစေတနာ၊ ထားရှိသော မေတ္တာတွေ ပေါင်းစည်းပြီး ထုဆစ်ထားလိုက်တော့ ဗန်းမော်တိုက် တစ်တိုက်လုံးဟာဖြင့် အနုပညာမြောက်တဲ့ ပန်းပုရုပ်နဲ့ တူနေတာပေါ့ဘုရား။ တပည့်တော်တို့ကတော့ ပုံချော ကိုပဲ ကြည့်တတ်မြင်တတ်သူပါဘုရား။ ခု အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း တစ်ခါတုန်းက ဗန်းမော်ကို ပုံဖော်ကြည့်နိုင်ပါပြီးဘုရား---။ ဟုတ်တာပေါ့ ဒကာကြီး---

အရှင်ကောသလ္လဉာဏ
(မန်း၊ ဗန်းမော်)

◆မှားယွင်းမှာ ကြောက်ရွံ့လို့ ဘယ်အရောမဆို စချီမလုပ်ဝံ့သူလောက် ညံ့ဖျင်းတာ လောကမှာ တလုပ္ပမရှိ၊

◆အစာမကြေမှာကြောက်လို့ ဘယ်သူက မစားဘဲ နေသလဲ ...? လို့ ။

◆ပုထုဇဉ် အမှားကင်းသူ တလုပ္ပ မရှိပါ။

စီစဉ်သူ

http://www.dhammadownload.com



ပန်းမော် ဘက
မူလတန်းကျောင်း

ကောင်းမြတ်သူ မန်း-ပန်းမော်



ဒုတိယကမ္ဘာစစ်ကြီးကာလတွင် မြန်မာနိုင်ငံ၏ ပညာရေးသည် ရပ်တန့်သွားခဲ့ ရတော့၏။ စစ်ပြီးကာလအချိန်တွင် ရပ်တန့်သွားခဲ့သော ပညာရေး အကောင်အထည် ဖော်နိုင်ရန် ကျေးလက်တောရွာရှိ ဘုန်းကြီး ကျောင်းများကို အားထားမှီခိုရတော့၏။ ထို အချိန်မှစ၍ ဘုန်းတော်ကြီးကျောင်းပညာရေး ပေါ်ပေါက်လာခဲ့သည်။

ထိုစဉ်ကအုပ်ချုပ်ရေးပိုင်း တာဝန်ရှိ သူများက ဘုန်းတော်ကြီးကျောင်းများကို ပညာသင်ကြားရေး အထောက်အကူပြု စာရေး သင်ပုန်းကြီးများ၊ မြေဖြူများ၊ ကျောက်သင်ပုန်း၊ ကျောက်တံ များ၊ မြန်မာဖတ်စာအုပ်များ ထောက်ပံ့ပေးခဲ့လေသည်။ (ထိုခေတ်ကာလသည် အသား သင်ပုန်းတွင် ကံ့ကူဆံရေးသော အချိန်ဖြစ်၏)။ မြန်မာနိုင်ငံ ပြန်လည် ထူထောင်ရေး

http://www.dhammadownload.com

ပြည်တော်သာခေတ် ပုံဖော်နေသောအချိန်လည်း ဖြစ်သည်။ ပြည်တော်သာခေတ် ပုံဖော်သောအခါ စာပေဗိမာန်ထုတ် လူထုသိပ္ပံကျမ်း၊ စွယ်စုံကျမ်း၊ ဘာသာပြန်စာအုပ်များ လျှုဒါန်းပုံပိုး ကူညီခဲ့၏။ ပြည်တော်သာခေတ် ပုံဖော်သော ဘုန်းတော်ကြီးကျောင်း ပညာရေးကို ထိုစဉ်က "လူထုပညာရေး" ဟုခေါ်လေသည်။

ဤသို့တစ်စတစ်စဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် "ပြည်တော်သာမူလတန်းကျောင်း"များ ဖွင့်ပေးလေသည်။ ထိုသို့ ဖွင့်ပေးသောအခါ လက်ရှိဘုန်းတော်ကြီးကျောင်းသားများသည် ပြည်တော်သာကျောင်းသားများ ဖြစ်သွားရသည်။ မိမိသည်လည်း ပြည်တော်သာကျောင်းသား ဖြစ်ခဲ့ရဘူးသည်။ ဘုန်းတော်ကြီး ကျောင်း(လူထုပညာရေး)မှ အခြေခံကောင်းမွန် ခဲ့ကြသောကြောင့် အလွယ်တကူပင် မူလတန်းအဆင့် ဆင့်တို့၌အောင်မြင်ခဲ့ကြလေသည်။

၁၉၆၂၊ ၁၉၆၃-ခု၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် မန္တလေးတစ်မြို့လုံး ဘက်-မူလတန်းကျောင်းများ ဖွင့်လှစ်သင်ကြားကြလေသည်။ ဘကကျောင်းအဖြစ် မှတ်ပုံတင်ကြရသည်။ မှတ်ပုံတင်ပြီးသော ဘကကျောင်းများသည် မြို့နယ်အတွင်း သတ်မှတ်သော စတုတ္ထတန်းစာစစ်ဌာနများတွင် ဖြေဆိုကြရသည်။ စတုတ္ထတန်း အောင်မြင်ပါက နီးစပ်ရာ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများသို့ တက်ခွင့်ရလေသည်။ ယင်း ဘက-ကျောင်းများတွင် ဗန်းမော်တိုက် ဘက-မူလတန်းကျောင်းလည်း ပါဝင်လေသည်။ မန္တလေးတစ်မြို့လုံး ဘက-ကျောင်းပေါင်း(၂၂) ကျောင်းရှိကြောင်း သိရှိရလေသည်။ ပညာရေးဌာနကလည်း ဘက-ပညာရေးမှူး ခန့်ထားပေးပါသည်။

ဆရာ-ဟူသည် "တပည့်မရှား ဆိုတာလည်း မှန်တယ်၊ တပြားမရှိ ဆိုတာလည်း မှန်တယ်၊ ပိတိကိုစား အားရှိ-မရှိ ဆိုတာကတော့ ကိုယ်တိုင်စားကြည့်မှသိမယ်"။ "ပြန်လည်ထူထောင်ရေး"ခေတ် "ဘက" လုပ်ငန်းနဲ့ အခုခေတ် ကောင်း "ပရဟိတ" လုပ်ငန်းနှစ်ခုကို အတူရောကြိတ်လို့ မရနိုင်ပါ၊ အတူတူနဲ့ အနှူးပါပဲလို့ တတန်းတန်း တပြေးညီထဲယှဉ်တွဲထားမယ်ဆိုရင် ပြန်လည် ထူထောင်ရေးခေတ်က "ဘက" လုပ်ငန်းအတွက် အင်မတန်မှနစ်နာလှပါ၏။

ပြန်လည်ထူထောင်ရေးခေတ်က "ဘက" လုပ်ငန်းဆိုတာ ကူညီထောက်ပံ့ ဖေးမလှူဒါန်းမည့်သူ တဦးတလေမျှ မရှိပါချေ၊ အထက်က ပေးနိုင်တာက ကလေးများအတွက် သန်မဲ့စာစာအုပ်မျှအနိုင်နိုင်၊ ဒါတောင်မှ ကျောင်းသားစေ့မရ၊ သူတို့မိဘများကလည်း၊ ပြန်လည်

http://www.dhammadownload.com

ထူထောင်ရေးခေတ်ကာလမှာ စားစရာမလောက်ငှ လို့ မွေးပြီး "ဘက" ပို့လိုက်တာဘဲ၊ "ဘက" ဘုန်းတော်ကြီးက သူစားမည့် ဝတ်မည့်ဟာလေးတွေကို မရှိမဲ့ ရှိမဲ့ စုဆောင်းပြီး ဒီကလေးတွေကြီးပြင်းအောင် ရေးတတ်ဖတ်တတ်အောင်၊ လိမ္မာရေးချားရှိအောင် ကျွေးမွေးပြုစုစောင့်ရှောက်လိုက်ရတာ-

ခုကာလ "ပရဟိတ"လုပ်ငန်းတွေမှာတော့ နိုင်ငံတော်ရဲ့ အထောက်အပံ့, ကုမ္ပဏီများ, ကုသိုလ်ရှင်များ, တတ်နိုင်တဲ့မိဘပြည်သူများက ကြည့်ရှုစောင့်ရှောက်စောင်မကြလို့ တစ်သွေး တမွေး တပြောင်တရောင် " ပါးများကိုပြောင်" လို့.... "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကြင်ကြင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့" ဆိုသည့် မဃဒေဝနှင့်အညီ မေတ္တာအရင်းခံ၍- သနားညှာတာသော ကရုဏာ၊ အတတ်သင်ပေးချင်စိတ်ရှိသော ဝါသနာ၊ တတ်စေချင်သော စေတနာ၊ ပရဟိတ စိတ်ထားရှိသော အနစ်နာ-ဟူသော နာလေးနာ အရင်းတည်ရလေသည်။

ထိုသို့ ဗန်းမော် ဘက-မူလတန်းကျောင်းဖွင့်လှစ်သင်ကြားသည်နှင့်အမျှ ကျောင်းနေကျောင်းသားကျောင်းသူများလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့၏။ ကျောင်းအုပ်ဆရာတော်အဖြစ် အရှင်ကုမာရ(ဗန်းမော် ဆရာတော်) စီမံခန့်ခွဲသည်။ မိမိတို့ တပည့်များက ဝိုင်းဝန်းကူညီရသည်။ စည်းကမ်းနှင့် စနစ်တကျ သင်ကြားပေးမှုကြောင့်လည်း မူလတန်းအထက်ဆင့် စတုတ္ထတန်းအောင်ချက်သည်လည်း ရာနှုန်းပြည့် အထိသို့ ရောက်ရှိခဲ့လေသည်။

အတန်းပညာနှင့် တွဲဖက်၍လည်း ယဉ်ကျေးမှုအခြေခံဖြစ်သော ဘာသာရေး သင်ခန်းစာကိုလည်း ကြားညှပ် သင်ကြားပေးရလေသည်။ လယ်တီဆရာတော်ကြီး၏ သုကုမာရမဂ္ဂဒီပနီ၊ ဝိုင်-အမ်-ဘီ-အေ- မဂ်လာတရားတော်များ၊ အရှင်ဇနကာဘိဝံသ၏ ဗုဒ္ဓဘာသာသင်ခန်းစာများ၊ နိပါတ်တော်လာ ဇာတ်ဝတ္ထုများ ထည့်သွင်းသင်ကြားပေးခြင်းအားဖြင့် ကလေးသူငယ်ကျောင်းသားများ၏ ဘာသာသွေးကို ခိုင်မာစေပါသည်။

"ဦးပဉ္စင်း - ဗန်းမော်တိုက်ဆိုတာ- ဒီမစိုးရိမ်တိုက်ကြီးလို ချောချောမွေ့မွေ့ မဟုတ်ဖူး၊ အင်မတန်မှ ခြောက်သွေ့တာ၊ ဦးပဉ္စင်း ကျောင်းထိုင်ပြီး အဲဒီမှာ သာသနာ ပြုပေတော့" ဟူသော မစိုးရိမ်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာ သာသနာပြုဖို့ ထွက်လာခြင်းဖြစ်သည်။ ထို့ကြောင့် သာသနာပြုအခြေခံဖြစ်သော ဘက-

http://www.dhammadownload.com

မူလတန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ဘက-ကျောင်းသားများသည် နွေရာသီကျောင်းပိတ်ချိန်တွင် ရှင်သာမဏေဝတ်ကြသည်၊ တစ်ချို့သည် အပြီးဝတ်ကြ၍ ပရိယတ်ဘက်ကူးကာ ရဟန်းပြုကြသည်။ 'ကျောက်ရိုင်းတစ်တုံးခွဲစိတ်ရင် ကျောက်ကောင်းတစ်ပွင့် ရတတ်ပါတယ်" အရှင်ကုမာရသည် ကျောက်ကောင်းများကို ရွေးထုတ်၍ အရောင်တင်ပေးလေတော့၏။

"သာသနာပြုတယ်ဆိုတာ ကလေးတွေကစပြီး သာသနာတည်အောင် လုပ်ရတယ်၊ လူကြီးတွေက ဘာသာသာနာရဲ့သဘောသိပြီးသားဆိုတော့ သာသနာကို ပစ္စည်းလေးပါးနဲ့ထောက်ပံ့လှူဒါန်းနေကြတာ၊ သာသနာအခြေခံက ကလေးတွေပဲ"ဟု အရှင်ကုမာရက မိမိတို့အား မိန့်ကြားလေသည်။

သို့ဖြင့် ဗန်းမော်ဆရာတော်ဘုရားကြီးသည် ဗန်းမော်တိုက်ရောက်ခါစ ဘက-ကျောင်းဖွင့်၍ ပရဟိတလုပ်ငန်း ကြိုးပမ်းအားထုတ်ခဲ့လေသည်။ ဘုရားရှင်၏ အနဝဇ္ဇကမ္မမင်္ဂလာ၊ အမှုပြုလုပ်ခဲ့ပါကြောင်းကို ပြန်ပြောင်း၍ တင်ပြလိုက်ရပေသည်။

မှတ်ချက်။ ၁၉၈၁-ခု ပညာသင်နှစ် ပြီးဆုံးချိန်တွင် တစ်နိုင်ငံလုံးရှိ ဘက-ကျောင်းများ သင်ကြားခွင့် မပြုတော့ပါ။

"ကောင်းမြတ်သူ"

အမှောင်ကြောက်တတ်တဲ့ ကလေးတွေကို
ကျွန်ုပ်တို့ အလွယ်တကူ ခွင့်လွှတ်နိုင်၏၊
ခက်တာက... တို့လူကြီးတွေက
အလင်းရောင်ကို ကြောက်ကြလို့ပဲ...
ကလေးတွေကို မဟုတ်တာတွေ
သင်ပေးမည့်အစား လုံးလုံးမသင်စေတာက
ပိုကောင်းတယ်၊
သူတို့ရဲ့ နှလုံးသားက ပကတိအဖြူရောင်၊
ကြိုက်တဲ့အရောင် ဆိုးပေးလို့ရတယ်၊

ဒီအချိန်
မဲညစ်ပုပ်ပွတဲ့အရောင်
ဆိုးပေးလိုက်ရင် ဒီကလေး ကြီးလာတဲ့အခါ
အဇာတသတ် လက်သစ်ကလေးတွေ
ဖြစ်လာနိုင်တယ်၊
ကိုယ့်ရဲ့ သားသမီး
နောင်ရေးစိတ်အေးရအောင်ဘို့
အရောင်ရွေးပြီး ချယ်ပေးကြပါစို့။

ကိုပညာ

http://www.dhammadownload.com

ပန်းမော်ဟူသော ပဲတောင်သံ

ဦးအောင်မြင့် (ဓမ္မာစရိယ၊ B.A, H.G.P)



http://www.dhammadownload.com



ရတနာပုံ မန္တလေးခေတ်တွင် သမိုင်းဝင်မော်ကွန်းတင်ထိုက်သောဖြစ်စဉ်များ များစွာပေါ်ထွန်းခဲ့သည်၊ ထိုဖြစ်စဉ်များ၌ "ဗန်းမော်" ဟူသောအမည်သည် နေလအသွင် ပါဝင်ထင်ရှားခဲ့၏၊ ထိုသမိုင်းမော်ကွန်း၌ ဗန်းမော်ဆရာတော် မင်းတုန်းမင်းတရား, သီလရှင်မယ်ကင်း တို့သည် မြင်သာသော ဇာတ်ရုပ်များဖြစ်ကြသည်။ ထိုအထဲမှ "ဗန်းမော်"-ဟူသောအသံသည် နှစ်ပေါင်း (၁၅၀) ကျော်တိုင် ပဲ့တင်သံလျှံဆဲ-ဟု ဆိုချင်ပါသည်။ "ဗန်းမော်"-ဟူသော အသံကြားသည်နှင့် သက်ဦးဆံပိုင် ဘုရင်မင်းတရားကို ပညာသားဖြင့်တုပြိုင်ခဲ့သော ဗန်းမော်ဆရာတော်ကို ကွက်ကနဲ သတိရတမ်းတမိဆဲဖြစ်ပါ၏။ ဗန်းမော်ဆရာတော်သည်လည်းကောင်း, မင်းတုန်းမင်းတရားသည်လည်းကောင်း, မယ်ကင်းသည်လည်းကောင်း အဆိပ်မကင်းသူများအဖြစ် ထင်မြင်ယူဆဖွယ်ဖြစ်သော်လည်း ဗန်းမော်ဆရာတော်သည် သာသနာတော်အရေး, နိုင်ငံတော်အရေး, ပြည်သူတို့အရေးသည် သူ့အရေးဟု ခံယူဟန်ရှိ၏၊ ထိုအရေးများနှင့် ပတ်သက်သော လွဲချော်တိမ်းစောင်း မကောင်းဟု မြင်သမျှကို ရှင်ဘုရင်သော ဘာသောညာသော နော ဇာနာမိ-ငါမသိမှတ်သိနာယူလောက်အောင် စာချိုးဖြင့် အသံထွက်ကန့်ကွက်တတ်လေ၏။ မထောက်မညှာ ထိခိုက် နာကျင်ဘွယ်ဖြစ်သော ထိုစာချိုးများသည် ဘုရင်ဇကရာဇ်အတွက် မနှစ်သက် အမျက်သိုစရာ ဖြစ်ခဲ့၏၊ မင်းတရားသည် ဝန်ကြီးများကိုစေ၏၊ မဟာဒါဝန်ကိုလွှတ်၏၊ မရသည့် အဆုံး၌ မင်းတရားကိုယ်တိုင် ရှေ့တော်သို့ပင့်ခေါ်၍ ကျိုးကြောင်း ဆိုးကောင်းကို ဖျောင်းဖျလျှောက်ထားလေ၏။ သို့သော် မရပ်မနား ဆက်၍သာပွါးသဖြင့် မျက်မာန်ယှက်ကာ ဗန်းမော်ဆရာတော်အား ဗန်းမော်သို့ပို့လွှတ်ပြစ်ဒဏ်ချမှတ်လေ၏။ ဗန်းမော်သည် မင်းပြစ်မင်းဒဏ်ကို ခွင့်လွှတ် တောင်းပန်ငြင်းဆန်ခြင်းမရှိ ဗန်းမော်သို့ တစ်ပါးတည်းကြွတော်မူသည်၊ ဗန်းမော်ဆရာတော်၏ စိတ်ဓာတ်ကား သက်ဦးဆံပိုင် နိုင်ငံအချုပ် မင်းလုပ်သူ ဖြစ်သော်လည်း မလျော့လျှင်ဆော်မည်ဟူသော သတ္တိထူး ရှိသော ပုဂ္ဂိုလ်တည်း။

လ-အတန်ကြာသော် ဗန်းမော်မိဖုရား၏ တောင်းပန်လျှောက်တင်ချက်ကြောင့် အမျက်ပြေသဖြင့် နေပြည်တော်သို့ ပြန်ပင့်စေသည်။ ထိုသို့ပင့်စေသော်လည်း ဗန်းမော်ဆရာတော်သည် မန္တလေးသို့ မကြွတော့ဘဲ စစ်ကိုင်းတောင် မြောက်ဖျား၌ တောဝင်သွားတော်မူ၏၊ မင်းတုန်းမင်းတရားသည် ဗန်းမော်

http://www.dhammadownload.com

ဆရာတော်အား မန္တလေးသို့ကြွရန် ထပ်မံပင့်ခေါ်စေသော်လည်း ကြွရောက်တော်မူရန် ဆန္ဒရှိပုံမရချေ၊ ရောက်လာသူဝန်မင်းအား ထူးဆန်းစွာ စကားဆိုလေသည်၊ အမောင်ဝန်မင်း, ဝန်မင်းတို့အမှုထမ်းတွေမှာ "ပါးကွက်သား" ဆိုတာရှိသလား–ဟု မေးတော်မူရာ ဝန်မင်းက ရှိပါကြောင်း လျှောက်ထား၏၊ ပါးကွက်သားဟု ဘာကြောင့်ခေါ်သလဲဟု မေးပြန်ရာ ဝန်မင်းက သေဒဏ်အပြစ်ကျသူများကို သေဒဏ်မှလွတ်ခွင့်ရသူဖြစ်ကြောင်းသိစေရန် ပါးတွင်မှင်ကွက်အထိုးခံရသူ ဖြစ်သောကြောင့် "ပါးကွက်သား"–ဟု ခေါ်ပါကြောင်း လျှောက်ထား၏။ အဲဒီပါးကွက်သားများ မင်းစိုးရာဇာတို့ အရိပ်ကို နင်းမိကျော်မိလျှင် ဘယ်လိုပြစ်ဒဏ် ချမှတ်သလဲဟု မေးတော်မူပြန်ရာ ဝန်မင်းက ဖျဉ်ဖြူဖျဉ်နီ အုန်း, ငှက်ပျောဖြင့် ကန်တော့ရပါကြောင်း လျှောက်ထား၏။ ထိုအခါ ဗန်းမော်ဆရာတော်က "ငါသည် မင်းပြစ်မင်းဒဏ်သင့်ထားသူဖြစ်သည်၊ ဝန်မင်းပြောသော ပါးကွက်သားနှင့်အလားတူ ဒဏ်သမားဖြစ်သည်၊ ထပ်၍မှားမိပါက လျော်စရာ ဖျဉ်နှင့်ငှက်ပျော မရှိ၍ မင်းတရား ပင့်သော်လည်း ငါမလိုက်ပြီ"–ဟု မိန့်တော်မူလိုက်၏။

မင်းတုန်းမင်းတရားကြီးကား ယောဂီအဖြစ် တောမှီတော်မူသည့်ဗန်းမော်အား စိတ်လက်မချနိုင်၊ မြို့သို့ခိုသော်လည်း လှိုင်ဆဲဖြစ်သော ဗန်းမော်အသံကိုလန့်ဆဲ ဖြစ်ပုံရ၏။ မင်းတုန်းမင်းတရားသည် နောက်တဖန် တမန်လွှတ်၍ ဘုရင်မင်းမြတ်အား သိက္ခာကို ထိပါးစေသည့်စကားကို စောင့်ထိန်းတော်မူပါဟု လျှောက်ထားစေသည်၊ မင်းတရားလျှောက်ထားသောစကားကို ကြားရသောအခါ ဗန်းမော်ဆရာတော်က "ပေါင်ကြားနေသူက တောင်ကြားနေသူကို ဆုံးမရန် မလို"–ဟု မိန့်တော်မူလိုက်၏၊ ထိုစကားသည် ဗန်းမော်ဆရာတော်၏ နောက်ဆုံးစကား ဖြစ်ဟန်ရှိလေသည်။

ဗန်းမော်–ဟူသောအမည်သည် အမရပူရခေတ်မှစတင်ခဲ့၏၊ အမရပူရခေတ် ဗန်းမော်မိဖုရားက ဆောက်လုပ်လှူဒါန်းသောကြောင့် မိဖုရားအမည်ကို အကြောင်းခံ၍ ဗန်းမော်တိုက်–ဟု အမည်တွင်ခဲ့သည်၊ သက္ကရာဇ် ၁၂၁၀–တွင် ပုဂံမင်းလက်ထက်၌ "ပဏ္ဏိတဝံသ သိရီပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော် ရရှိတော်မူသည်၊ "ဗန်းမော်ဆရာတော်"ဟု ပေါ်လွင်ထင်ရှားကျော်ကြားလာခြင်းသည် ပညာပါရမီ ပြည့်မီထူးခြားခြင်းက ပထမ၊ အမှားဒဏ် ဟူသမျှ အများသူငါမခံရအောင် ဦးဆောင်လိုသော စိတ်ထားက ဒုတိယ၊ တွေ့ရကြုံရ ဆုံသမျှကို တခဏအတွင်း စာဖွဲ့သီနိုင်ခြင်းက တတိယ–ဟူသော ဂုဏ်ရည်တို့ကြောင့် "ဗန်းမော်ဆရာတော်"ဟု ထင်ရှားပီပြင်သိမြင် လာကြကုန်သည်။

သက်ရှိသက်မဲ့ဖြစ်ကုန်သော မြင်မြင်

http://www.dhammadownload.com

သမျှတို့သည် သခ်ါရသဘော လောကဓံတရား တို့၏ ကြိတ်ဝါးခြင်းမှ ကင်းလွတ်ခြင်းမရှိရကား မည်သူမဆို ကိုယ့်သမိုင်းနှင့်ကိုယ် သခ်ါရလှိုင်းအကြား လွင့်ပါးပျောက် ကွယ်ကြရပေ၏၊ ဗန်းမော်ဆရာတော်ဘုရား၏ ဂုဏ်သတင်းကား အတိတ်မှပစ္စုပ္ပန် စုံဆန်တရေးရေး မွေးကြိုင်နေဆဲဟုဆိုချင်၏၊ ဗန်းမော်ဆရာတော်ဘုရားကြီး သီတင်းသုံး တော်မူရာ ဗန်းမော်ကျောင်းတိုက်ကြီးသည် ၁၁၈၂-ခုနှစ်တွင် (၁၁၉၄) စတင်တည်ထောင်ခဲ့၏၊ နှစ်ပေါင်း(၁၉၀) ကာလအတွင်း သုံးကြိမ်မျှ ရွှေ့ပြောင်းခဲ့ရ၏။

၁၉၉၃-ခုနှစ်တွင် မန္တလေးမြို့ရှိ သမိုင်းဝင် ရွှေဟောင်းအဆောက်အဦးများကို ရှေးမူမပျက် မွမ်းမံခြင်းလုပ်ငန်းစာရင်းတွင် နိုင်ငံကျော် ဗန်းမော်ကျောင်းတော်ကြီးလည်း ပါဝင်၏၊ ဗန်းမော်ကျောင်းတော်ကြီးသည် မြောက်ပြင် ရွှေကျင်ကျောင်းတော်ကြီးနှင့် တပြိုင်နက်ပြီးစီးခဲ့သည်၊ ထိုနှစ်မှာပင် ရေစက်ချအခမ်းအနားကျင်းပခဲ့သည်၊ မိမိသည် လက်ရှိဗန်းမော်ဆရာတော်ဘဒ္ဒန္တကုမာရာ ဘိဝံသနှင့် ထိုအခမ်းအနားတွင် ပထမအကြိမ် ဖူးခွင့်ဆုံခွင့်ရခဲ့၏။ သို့သော် မိမိသည် အခမ်းအနားပြီးဆုံးလျှင် ဗွီအိုင်ပီလူကြီးများနှင့်အတူ အမရပူရ ဗားကရာကျောင်းတိုက်ကြီးသို့ ခရီးဆက်ခဲ့ ရသဖြင့် ဗန်းမော်ဆရာတော်အား တွေ့ဆုံလျှောက်ထားစကားပြောခွင့်မရခဲ့ပါ၊ ကံအားလျော်စွာ နောက်နှစ်ရက် ခန့်အကြာတွင် မြန်မာ့အလင်းသတင်းစာ၌ လက်ရှိ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကုမာရာဘိဝံသ-ဆရာတော်အား ချီးကျူးပူဇော်သည့် အမွှမ်းတင်ဆောင်းပါးကို ဖတ်ရှုခွင့်ရလေ၏၊ ထိုဆောင်းပါးကို ဖတ်ရှုပြီးသောအခါ အတိတ်မှအရိပ်တခု ခေါင်းတွင်းသို့ တိုးဝင်လာမိ၏၊ ၁၁၂၃-ခုတွင် အလောင်းမင်းတရား၏ အရိုက်အရာကို သားတော်ကြီးခေါ် နောင်တော်ကြီးဆက်ခံ၏၊ နောင်တော်ကြီး မင်းဖြစ်လာသည်နှင့် တောင်တွင်းဆရာတော်ခင်ကြီးဖျော်ကို သာသနာပိုင်ခန့်အပ်၍ "ဉာဏာဘိဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"ဘွဲ့ တံဆိပ်ဆက်ကပ်ကိုးကွယ်တော်မူသည်၊ ထို တောင်တွင်းဆရာတော်သည် သံဃာ့လောကတရပ်လုံးက "မကာရလောပ"ဟူသောဘွဲ့ကို စိတ်တူကိုယ်မျှကင်ပွန်းတပ်ခဲ့ကြ၏၊ မကာရလောပ-ဟူသည် မသိသော အရာ, မတတ် သောပညာဟူ၍မရှိ-ဟူသော အဓိပ္ပါယ်ဖြစ်၏၊ မ-တစ်လုံးကျသောပုဂ္ဂိုလ်ဟူ၍လည်း သမိုင်းတွင်လေသည်၊ မြန်မာ့အလင်းသတင်း စာ၌ပါရှိသည့် ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ-၏ ထေရုပ္ပတ္တိသည် "ဒုတိယမကာရလောပ"-ဟုပင် ဆိုထိုက်ပေ၏၊ ထိုသို့ဆိုပါလျှင် ဝဠုံသကာ, ပါဠိဿိရောမဏိ-စသော ဂုဏ်ရည်တို့သည် မကာရလောပ ဟူသော ဂုဏ်ရည်အတွင်း၌ ထည့်သွင်းပါဝင်ပြီး ဖြစ်ပေလိမ့်မည်။

http://www.dhammadownload.com

ဤလောက၌ အရည်အချင်းရှိသူကို အရည်အသွေးသိသူကသာလျှင် လေးစားမြတ်နိုး တတ်သည်မှာ ဓမ္မတာဖြစ်၏၊ နိုင်ငံကျော် ဗန်းမော်ကျောင်းတိုက်ကြီးကို အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကိုယ်တိုင် ဗန်းမော်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ-အား အပ်နှင်းခဲ့သည်၊ ဗန်းမော်သည် စာချအကျော် အဘိဓဇမဟာရဋ္ဌဂုရု၊ နယားဆရာတော်ဘုရားကြီး၏ လက်ရင်းတပည့်ဖြစ်ခဲ့၏။ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး၏ အလွန်လေးစားမြတ်နိုး တန်ဖိုးထားခြင်းကို ခံခွင့်ရသူဖြစ်၏၊ ဘာသာရပ်များစွာ၌ ကျွမ်းကျင်လိမ္မာ၏၊ စိတ်ထားမြင့်မား သန့်စင်၏။ ဝိနည်းတရားတော်ကို ရိုသေလေးစား၏၊

နိုင်ငံကျော် ဗန်းမော်ဆရာတော်ဘုရားကြီး၏ သာသနာ့အမွေကို ထိုက်တန်စွာ ဆက်ခံတော်မူသော ဘဒ္ဒန္တကုမာရာဘိဝံသ-သည် သက်တော်(၈၀)တွင်းသို့ ချင်းနင်း ဝင်ရောက်သည့် ရတုသာစွ ခြိန်ကာလ၌ နိုင်ငံကျော် ဗန်းမော်ဆရာတော်ကြီးအလား မားမတ်စွာရပ်၍ သာသနာတော်မြတ်အား ပညာသတ္တိ စွမ်းအားညှို၍ အားပြည့်ထမ်းဆောင် အောင်ပါစေသတည်း။

ဦးအောင်မြင့်
(ဓမ္မာစရိယ၊ B.A, H.G.P)

တောက်မည်မှီးခဲတရံရံ

မင်းတုန်းမင်းလက်ထက် ရုပ်ရောအသံပါ
ထူးခြားကောင်းမွန်သူ နှစ်ဦးရှိကြောင်း
အဆိုရှိခဲ့၏။
မင်းတုန်းမင်းကြီးနှင့်
ပထမဗန်းမော်ဆရာတော်ကြီးတို့တည်း။
ရုပ်ရောအသံပါ
ထူးခြားကောင်းမွန်သူသည်
လောကီ လောကုတ္တရာ
နှစ်ဘက်စလုံးဖြစ်စေ တစ်ဘက်-
ဘက်၌ဖြစ်စေ ထူးချွန်အောင်မြင်သော
လက္ခဏာတည်း။
(ဗန်းမော်သာသနာဝင်မှ)

သူလိုလူ...

ပညာရှိရဲ့စိတ်ဟာ
ဘယ်တော့မှ မရှုပ်ထွေးပါ။
သူများအကျိုးဆောင်သူဟာ ဘယ်တော့မှ
မကြောင့်ကြပါ။
ရဲစွမ်းသတ္တိရှိသူကတော့
ဘယ်တော့မှ မကြောက်ပါ။
(ကွန်ဖြူးရှပ်-ဘိစ္စ၅၁၁)

http://www.dhammadownload.com

မန္တလေးသာသနာဝင်၌ ဗန်းမော် ဆရာတော် အမည်ဖြင့် ထင်ရှားသောဆရာတော်(၂)ပါးတွေ့ရ၏။ တစ်ပါးမှာ ပုဂံခေတ် မင်းတုန်းမင်းခေတ် ဗန်းမော်ဆရာတော် ဖြစ်သည်။ ဆရာတော်သည် ပုဂံမင်းလက်ထက်တွင် ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရုဘွဲ့ တံဆိပ်တော် ရရှိခဲ့ပေသည်။ (မေမြို့မိုးကြည်၊ စာပေတိုက်ပွဲ၊ နှာ၊ ၉၇) ယင်းဆရာတော်မှာ ရှင်ဘုရင်နှင့် ဆက်ဆံရာ၌လည်းကောင်း၊ မူးကြီးမတ်ရာသေနာပတိတို့နှင့် ဆက်ဆံရာ၌လည်းကောင်း ပြတ်သားလှ၏။ တချိန်တွင် မင်းတုန်းမင်းတရားကြီးကကြည်စယ်လိုသည့် အနေဖြင့် ဗန်းမော်ဆရာတော်အား လျှောက်ထားသည်။

မင်းတုန်း။ ။တပည့်တော် ငရဲသူ ငရဲသားတွေအကြောင်း စာဖတ်တယ်ဘုရား၊ ငရဲသူ ငရဲသားတွေက ကတုန်းများတာပဲတဲ့ဘုရား။

သည်တွင် ဗန်းမော်ဆရာတော်က ချက်ခြင်းတုန့် ပြန်လိုက်သည်။

ဗန်းမော်။ ။ဒကာတော်မင်းတရား

ဗန်းမော်ဆရာတော် (၂) ပါး

ဘဒ္ဒန္တရာဇမ္မောဘိဝံသ
မဟာနာယကချုပ်-မစိုးရိမ်တိုက်သစ်



http://www.dhammadownload.com

ငရဲသူငရဲသားတွေဟာ ငရဲကျစတုန်းကတော့ ဒကာတော့်ဆထုံးလိုဘဲ မဖြစ်စလောက် ဆံထုံးလေးတွေ ပါသတဲ့၊ ငရဲမီးလောင်တဲ့အထဲ ဆံပင်တွေပါသွားလို့ ကတုန်းကြီးဖြစ်နေတာလို့ ဘုန်းကြီးတော့ ဖတ်ရဖူးတယ်။

မင်းတုန်းမင်းကြီးလဲ ပြုံးပြီး နားထောင်နေရှာ၏ ၊ ဆက်ပြီးမကြည်စယ်ရဲတော့။

ရေငုတ်ပြုင်ရအောင်

တချိန်၌ မင်းတုန်းမင်းတရားကြီးသည် ဘိက္ခုပါတိမောက် မရသောရဟန်းတော်များ နေပြည်တော်၌ မနေရဟု အမိန့်ထုတ်လိုက်သည်ဟူ၏။ ယင်းအမိန့်ကို ဗန်းမော်ဆရာတော်က မကြိုက်၊ ဘိက္ခုပါတိမောက် ရသည်ဖြစ်စေ မရသည်ဖြစ်စေ ရဟန်းဟာ ရဟန်းသာဖြစ်သည်။ ဘုရားလက်ထက်ကလည်း ပါတိမောက်မရသော ရဟန်းတော်များ တောအရပ် တောရွာမှာသာ နေရမည်ဟု ပညတ်ချက်မရှိ၊ ဗန်းမော်ဆရာတော်က မင်းတုန်းမင်းတရားကြီးအမိန့် မကြိုက်သော်လည်း မင်းတရားကြီးထံ ဒါရိုက်စာမသွင်း၊ မန္တလေးတောင်ပေါ်တွင်ရှိသည့် ဗျာဒိတ်ပေးမတ်ဘုရားကြီးနှင့် တောင်ခြေတွင်ရှိသည့် ကျောက်တော်ကြီးဘုရားကြီး၌ စာကပ်၍ မင်းအမိန့်ကို ပျက်ရယ်ပြုလိုက်သည်၊ ဗျာဒိတ်ပေးကိုယ်တော်ကြီး၏ လက်ညှိုး၌ "တောင်ခြေက မောင်ဖြူ၊ ပါတိမောက် ရရဲ့လား၊ မရရင်တော့ နေပြည်တော် နေခွင့်မပြုနိုင်ဘူးမောင်ရေ" ဟု စာကပ်ထားလိုက်၏။ တောင်ခြေမှ ကျောက်တော်ကြီးဘုရားကား စကျင်ကျောက်အဖြူဖြစ်သည်၊ ထို့ကြောင့် မောင်ဖြူ-ဟု စာပြောင်ကပ်ခြင်းဖြစ်၏။ ကျောက်တော်ကြီးဘုရား၌လည်း ကျောက်တော်ကြီးဘုရားက ပြန်ပြောသည့်-အနေဖြင့် "အမယ်..ကိုယ်မတ်ရပ်က အထက်က နေပြီးကြီးကျယ်လိုက်တာ၊ဘယ်သူမဆို တမျိုးတော့ စွမ်းကြတာချည်းပေါ့၊ သ တ္တိရှိရင် မင်းနှင့်ငါ ရေငုပ်ပြိုင်ရအောင်" ဟု စာကပ်ထား၏။ ယင်းစာများကိုမင်းတုန်မင်းတရားကြီး သိသည့်အခါ ပါတိမောက်မရသောရဟန်းများ နေပြည်တော်မနေရ-ဟူသောအမိန့်ကို မသိမသာ ချိုထားလိုက်သည်ဟု ဆို၏။

ဗိုက်ထဲကြီး စုံပါလိမ့်မယ်

ဗန်းမော်ဆရာတော် ကိုရင်ဘဝက ကင်းဝန်မင်းကြီးက ဆွမ်းပင့်ကျွေးသည်ဟူ၏၊ ဆွမ်းပွဲပြင်ရာတွင် ဟင်းတခွက်ပြီးတခွက် လာချနေ၏၊ ဗန်းမော်ဆရာတော်လောင်းကိုရင်က တခွက်လာချလိုက် ကုန်အောင်စားလိုက်၊ တခွက်လာချလိုက် ကုန်အောင်စားလိုက်နှင့် စားနေသဖြင့် ကင်းဝန်မင်းကြီးက "ကိုရင် ဟင်းစုံမှစားရတယ်" ဟု လျှောက်ထားသည်ဆို၏။ သည်တွင် ကိုရင်က "ဗိုက်ထဲကြီးစုံပါလိမ့်မယ်ဗျာ" ဟု ပြန်ပြောသည်ဆို၏။

ဗန်းမော်ဆရာတော်က နွေအခါဝယ် ရေအိုးသစ်ကလေးနှင့် မန်းကျည်းသီးမှည့်ဖျော်

http://www.dhammadownload.com

ရည် သီးသန့်ဖျော်စရာမလို၊ "မန်းကျည်းသီးမှည့်စား၊ ထန်းလျက်စား၊ ရေသောက်၊ ဗိုက်ထဲကြဖျော်ရည်ဖြစ်လိမ့်မည်"ဟုအယူအဆရှိသူတည်း။

ဘုရင့်ခေတ် ဗန်းမော်ဆရာတော်ကား ပြတ်သားသူဖြစ်သည်။လွတ်လပ်ရေးခေတ် ဗန်းမော်ဆရာတော်ကိုလည်း တပည့်ဒါယကာများက ဘုရင့်ခေတ် ဗန်းမော်ဆရာတော်လို ပြတ်သားစေချင်ကြဟန်တူ၏။ဆရာတော်ကား ပြတ်သား,မပြတ်သား မသိပါ။

နှိုင်ငံခြားခရီးသွားခဲ့စဉ်က

လွတ်လပ်ရေးခေတ် ဗန်းမော်ဆရာတော်သည် မိမိ(ဦးရာဇ)နှင့် နိုင်ငံခြားခရီး သုံးခေါက်လောက် အတူသွားဖူး၏။ တခေါက် မွန်ဘိုင်း(ဘုံဘေ)၊ တခေါက်အင်ဒိုနီးရှား စက််ာပူဖြစ်သည်။ အင်ဒိုနီးရှားသွားစဉ်က ဥတမီဟိုတယ်တွင် တခန်းတည်းအတူ တည်းကြ၏။ အခန်းထဲရှိ မီးခလုတ်များ သူ့ခလုတ်နှင့်သူ အားလုံးညှိမ်းပြီးသော်လည်း ဧည့်သည်ကုဋ္ဌင်နှစ်လုံးကြား စားပွဲပေါ်၌ ထားသည့်မီးတလုံးက လုံးဝငြိမ်းမရ၊ ခလုတ်လည်း ရှာမတွေ့၊ သည်တွင် ဗန်းမော်ဆရာတော်က စားပွဲမီးလုံးညှိမ်းဘို့ ဟိုတယ်ဝန်ထမ်းကို ခေါ်မည်ဟုပြောဆို၏။ ဤတွင် မိမိက 'ဟာ ဦးဇင်း၊ မီးညှိမ်းမရတာနှင့်တော့ ဟိုတယ်ဝန်ထမ်း မခေါ်ပါနှင့်၊ မီးမညှိမ်းတတ်လို့ ဟိုတယ်ဝန်ထမ်းခေါ်ရတယ်ဆိုတာ ရှက်စရာကြီး၊ သည်မီးအရောင် မထွက်အောင်ဆိုပြီး နိသီဒိုင်ဖြင့် မီးလုံးကို ပတ်ထားလိုက်သည်၊ ကဲ သည်လိုဆိုတော့ မီးရောင်မထွက်တော့ပါဘူး၊ အိပ်လို့လည်းရပါပြီ"။ ယင်းမီးလုံးကား မိမိတို့တည်းခိုသည့် ဟိုတယ်အခန်းသော့နှင့် ချိပ်ဆက်ထားသော မီးလုံးဖြစ်သည်၊ မနက်လင်းသည့်အခါ အခန်းသော့နှုတ်ပြီး အပြင်ထွက်တော့မှ ယင်းမီးလုံးငြိမ်းသွားတော့၏၊ အဓိပ္ပာယ်မှာ ဟိုတယ်တည်းခိုသည့် ဧည့်သည်များ အပြင်ထွက်လျှင် အခန်းတွင်းရှိ မီးလုံးများလင်းမကျန်ရစ်အောင် အခန်းသော့နှင့် ဆက်ထားခြင်း ဖြစ်ဟန်တူ၏၊

ဘာ့ကြောင့်ဗန်းမော်ဆရာတော် အမည်တွင်သနည်း၊

ဘုရင်ခေတ် ဗန်းမော်ဆရာတော်ကမူ ဘုရင်ကို ကပ်ဘက်လုပ်လွန်းသဖြင့် ဗန်းမော်အပို့ခံရသောကြောင့် ဗန်းမော်ဆရာတော် အမည်တွင်ခဲ့ဟန်တူ၏။ လွတ်လပ်ရေးခေတ် ဝဠုံသကာသိရောမဏိဘွဲ့ရ ဗန်းမော်ဆရာတော်ကား ဗန်းမော် အပို့မခံရပါ၊ မင်းအစိုးရကို ကတ်ဘက်လည်း မလုပ်ပါ၊ ပထမ အဘိဓဇ မဟိုးရိမ်ဆရာတော်ကြီးက သူပိုင်ဆိုင်သည့် ဗန်းမော်ကျောင်းတိုက်ကို အရည်အချင်းပြည့်ဝသည့် ဦးကုမာရာဘိဝံသအား လှူဒါန်းလိုက်၏၊ လှူဒါန်းသည့် အချိန်မှစ၍ ယင်းကျောင်းတိုက်၌ စဉ်ဆက်မပြတ် သီတင်းသုံးသောကြောင့် ဗန်းမော်ဆရာတော်ဟု အမည်တွင်ခြင်း ဖြစ်သည်။

http://www.dhammadownload.com



အနိုင်မခံ

ငါ့အား ဖုံးလွှမ်းထားသော လက္ခဏာ သန်းခေါင်ကျ အမှောင်မိုက်တွင်းမှ နေ၍ အနိုင်မခံ အရှုံးမပေးသော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးဆိုပါ၏။

လောကခံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုပ်အတွင်းသို့ ကျရောက်နေရသော်လည်း ငါကား မတုံ့လှုပ်၊ မငိုကြွေး။

ကံတရားရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ့ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကား မညွတ်။

ဤလောဘ ဒေါသတို့ ကြီးစိုးရာဌာန၏ အခြားမဲ့၌ သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငုံ့လင့်လျက်ရှိ၏၊ သို့သော် ငါ့အား မတုံ့လှုပ်သည်ကိုသာ တွေ့ရဖူး၊ နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကိုသာ တွေ့ရဖူး။

သုဂတိသို့သွားရာ တံခါးဝသည် မည်မျှ ကျဉ်းမြောင်းသည်ဖြစ်စေ၊ ယမမင်း၏ ခွေးရေပုရပိုက်၌ ငါ့အပြစ်တို့ကို မည်မျှပင် များစွာရေးသားထားသည်ဖြစ်စေ ငါကား ဂရုမပြု။

ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍
ငါသာလျှင် ငါ့စိတ်၏ အကြီးအမှူးဖြစ်လေသည် .....

အိုးဝေမဂ္ဂဇင်း



ဆောင်းပါးကဏ္ဍ

http://www.dhammadownload.com

ဗန်းမော်ဆရာတော်နှင့် ကျွန်တော်



ပထမဆုံးအကြိမ်တွေ့ဆုံခြင်း

ဗန်းမော်ဆရာတော်နှင့် ကျွန်တော်တို့သည် လွန်ခဲ့သော (၁၃၁၅)ခုနှစ်က ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ကြပါသည်။

ထိုနှစ် နယုန်လစာချတန်းစာမေးပွဲ၌ ဗန်းမော်ဆရာတော်က စာချတန်းအဋ္ဌကထာကြီး (၉)ကျမ်းလုံးကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်သည့်အတွက် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိရောမဏိ(ပါဠို)" ဘွဲ့ရရှိခဲ့ပါသည်။ ထိုဘွဲ့ကိုဗန်းမော်ဆရာတော် တစ်ပါးတည်းသာ ဦးစွာရရှိခဲ့ပြီး ယနေ့တိုင် နောက်ထပ်၍ တစ်ပါးမျှမပေါ်ထွက်ခဲ့ပါ။

ကျွန်တော်က ကျမ်းရင်း(၂)ကျမ်းနှင့် ဂုဏ်ထူး (၅)ကျမ်း ပေါင်း(၇)ကျမ်း အောင်မြင်၍ ကျမ်းရင်း အဋ္ဌသာလိနီနှင့် ဂုဏ်ထူးပါစိတျာဒီတို့ကျရုံးခဲ့ပါသည်။

http://www.dhammadownload.com

ကျရှုံးသည့် ကျမ်းစာများ သင်ယူလေ့လာနိုင်ရန်အတွက် ပခက္ကူအလည်တိုက်ကြီးမှ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်ရှိပြီး စည်ရှင်အသားကျောင်းလေးဌ အာဂန္ဆုအဖြစ် တည်းခိုနေထိုင်ခဲ့ပါသည်။

အဋ္ဌသာလိနီကျမ်းပို့ချသည့် ဆရာတော်များထံ စာလိုက်ရင်း သံတော်ဆင့် ဆရာတော် ဦးဝါသဝ၊ မစိုးရိမ်ဆရာတော် ဦးဝိစိတ္တ၊ နယားဆရာတော်ဦးမေဓိယ–တို့ထံရောက်ရှိခဲ့ပါသည်။ နယားဆရာတော်ထံ ရောက်ရှိခြင်းမှာ ဗန်းမော်ဆရာတော်၏ ကျေးဇူးပြုအကျိုးဆောင်မှုကြောင့် ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်သည် ဗန်းမော် ဆရာတော်နှင့်ကျွန်တော်တို့ ပထမဆုံး အကြိမ် တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။

ဒုတိယအကြိမ်တွေ့ဆုံခြင်း

ကျွန်တော်သည် ၁၃၁၅–ခု၊ တပေါင်းလတွင် ကျင်းပသည့် စာချတန်းစာမေးပွဲ၌ အဋ္ဌသာလိနီကျမ်းကို အောင်မြင်၍ "သာသနဓဇသိရီပဝရ ဓမ္မာစရိယ"ဘွဲ့ ရရှိခဲ့ပါသည်။

ကျန်ရှိနေသည့် ပါစိတျာဒိကျမ်းစာကို ပါဠိလိုဖြေဆိုနိုင်ရန်ဘုရားကြီးတိုက်အမရပူရဆရာတော် ဦးဥက္ကံသ–၏ပါစိတျာဒိပါဠိဘာသာ ပို့ချချက်ကို သင်ယူလေ့လာရန်အတွက် ၁၃၁၆–ခုနှစ်တွင် ဘုရားကြီးတိုက် ပုခန်းကျောင်းသို့ ပြောင်းရွှေ့ဝါဆိုခဲ့ပါသည်။

ဗန်းမော်ဆရာတော်သည် ပညာရပ်တစ်ခုကို သင်ယူရာ၌ မိမိသာ ပညာရမည်ဆိုလျှင် ပုဂ္ဂိုလ်မရွေး, လူမျိုးမရွေး, ဘာသာ မရွေး, အရွယ် အတန်းအစားမရွေး တရိုတသေ ချဉ်းကပ်သင်ယူတတ်သူဖြစ်ပါသည်။ ဂါရဝ, နိဝါတ တရားများလည်း အလွန်ကြီးမားပါသည်။

(အတုယူဖွယ်ကောင်းလှ၏)

ပုခန်းကျောင်း၌ ဝါဆိုရင်း ဝါတွင်းကာလ ဗန်းမော်ဆရာတော်နှင့် ကျွန်တော်တို့ အင်္ဂလိပ်စာအတူတွဲ၍ဖတ်ကြပါသည်။ ထိုစဉ် ကျွန်တော်က နည်းနည်းပို၍တတ်သည့်အတွက်အင်္ဂလိပ်စာဖတ်ရာတွင်ဦးဆောင်ပေးခဲ့ပါသည်။

ဤကား ဗန်းမော်ဆရာတော်နှင့် ကျွန်တော်တို့ ဒုတိယအကြိမ်တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။

တတိယအကြိမ်တွေ့ဆုံခြင်း

တဖန် ဘိုကလေး–မှ မင်းကွန်း မနောမယျောင်သို့ ရောက်ရှိပြီး ပါဠိပါရဂူဘွဲ့နှင့် ဒီဃဘာဏက–ဘွဲ့တို့ကို ရရှိခဲ့ပါသည်။ ၁၃၂၈–ခုနှစ်၊ နယုန်လ၌ ကျွန်တော် ရဟန်းဘဝမှ လူ့ဘဝသို့ သက်ရောက်ခဲ့ပါသည်။

ကျွန်တော်၏တူ–တူမများ (၁၀)တန်း စာမေးပွဲ

http://www.dhammadownload.com

ဖြေဆိုရာ၌ အင်္ဂလိပ်စာအခက်အခဲရှိ နေသည့် အတွက် ကျွန်တော်က ဗန်းမော်ဆရာတော်ထံ သွားရောက်သင်ယူပြီး တူ, တူမများအား တဆင့် သင်ကြားပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့ပါသည်။

ဤကား ဗန်းမော်ဆရာတော်နှင့် ကျွန်တော်တို့ တတိယအကြိမ် တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။

စတုတ္ထအကြိမ်တွေ့ဆုံခြင်း

၁၃၂၈-ခုနှစ်၊ လူ့ဘောင်သို့ ရောက်ခဲ့ပြီး နောက် ရရာအလုပ်များဖြင့် အသက်မွေး ဝမ်းကျောင်းပြုရင်း တိုင်ရင်းဆေးပညာ စာမေးပွဲ ကို ဝင်ရောက်ဖြေဆိုခဲ့ရာ သုံးဘာသာလုံး ဂုဏ်ထူး ဖြင့်အောင်မြင်ခဲ့ပါသည်။ စာပေသဘောအရ အောင်မြင်ခဲ့သော်လည်း လက်တွေ့သဘောအရ ဘာတစ်ခုမျှမရှိခဲ့ပါ။ ဘာတစ်ခုမျှ မလုပ်တတ် ခဲ့ပါ။

တိုင်းရင်းဆေး ပညာရပ်၌ ထူးချွန်ရန်မှာ ပါဠိမြန်မာဆေးကျမ်းများ ဖတ်တတ်ရုံ စာမေးပွဲများ အောင်ရုံမျှဖြင့် မဖြစ်နိုင်ပါ၊ တိုင်းရင်း ဆေးပညာ၏ အခြေပြုမြစ်ဖျားခံရာ သက္ကတ ဘာသာကိုလည်း တတ်မြောက်ရန် လိုအပ်နေ သည့်အတွက်ဗာရာဏသီဆရာတော်ဦးဥက္ကံသ ထံမှာ အခြေခံသက္ကတနှင့် နက္ခတ္တဗေဒ ပညာရပ် များသင်ယူပြီး အဘယာရာမ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ-ထံ သက္ကတ ဖတ်စာများ သွားရောက်ဖတ်နေစဉ် အမှတ်မထင် ဗန်းမော် ဆရာတော်နှင့် ပြန်လည်တွေ့ရှိရပြန်ပါသည်။

ဆရာတော် - ခင်ဗျားဘာလာလုပ်နေတာလဲ?

ကျွန်တော်-သက္ကတလာဖတ်နေပါတယ်ဘုရား၊

ဆရာတော်-ခုကလေးဘယ်နှစ်ယောက်ရပြီလဲ?

ကျွန်တော် - သား(၂)ယောက်ရပါပြီဘုရား၊

ဆရာတော် - သား(၂)ယောက်ရနေတာတောင် စာလာဖတ်နေရသေးရင် ခင်ဗျားတော့ ထမင်း ငတ်တော့မှာပဲ (ကရုဏာဒေါသ)၊

ကျွန်တော် - တိုင်းရင်းဆေး ကျောင်းဖွင့်လျှင် အလုပ်ကလေးများ လျှောက်မလားလို့ လာဖတ် တာပါဘုရား၊

ဆရာတော်-အလုပ်ကနောက်ထား လောလော ဆယ်ထမင်းစားရဖို့က အရေးကြီးတယ်၊ ခင်ဗျား လက်တွေ့ကုထုံး သင်ကြားနိုင်အောင် ဆရာကြီး တစ်ယောက်ထံ ကျူပ်အပ်ပေးမယ်ဟု ပြောဆိုကာ သွားရောက်အပ်နှံ့မည့်ရက်ကို ချိန်းဆိုလိုက်ကြ ပါသည်၊ ဘယ်ဆရာကြီးထံ အပ်မည်ကိုတော့ ကျွန်တော်မသိပါ။

သမားတော်ကြီး ဦးအုန်းရွှေ-ထံအာပ်နှံခြင်း

ချိန်းဆိုသည့် ရက်သို့ရောက်သောအခါ ဆရာတော်ထံ ကျွန်တော်သွားပြီး ဆရာတော်နှင့် အတူ (၈၂)လမ်း၊ ၁၄×၁၅-လမ်းကြား

http://www.dhammadownload.com

သမားတော်ကြီး ဦးအုန်းရွှေ-ဆေးတိုက်သို့ လာခဲ့ကြပါသည်။ ထိုအခါကျမှသာ ကျွန်တော် ဆေးပညာကုထုံး သင်ယူရမည့် ဆရာကြီးမှာ သမားတော်ကြီး ဦးအုန်းရွှေ-ဖြစ်ကြောင်း သိရပါသည်။

ဆရာတော်နှင့် ဆရာကြီးတို့မှာ မူလကပင် ဆရာဒကာ ရင်းနှီးကြပြီးဖြစ်၍ ဆရာတော်အား နေရာထိုင်ခင်းများပေးကာ သီတင်းသုံးစေပါသည်။

ဆရာကြီး -ဘုန်းကြီးဘာတွေဖြစ်လာလို့လဲ?

ဆရာတော် - ဒကာကြီး၊ ကျုပ် ဘာမျှမဖြစ်ပါဘူး၊ နေကောင်းပါတယ်။

ဆရာကြီး - နေကောင်းလျက်သားနဲ့ ဘာကိစ္စကြွလာတာလဲ?

ဆရာတော် - ကျောင်းသားတစ်ယောက် အပ်ချင်လို့ပါ။

ဆရာကြီး - ဘယ်ကကျောင်းသားလဲ၊ တပည့်တော်က တွေ့ကရာဆရာတွေလက်ခံမှာမဟုတ်ဘူး။

ဆရာတော် - ဆရာကြီးသူပါ (ကျွန်တော့်အားလက်ညှိုးထိုး၍ ပြောပါသည်) ကျုပ်နဲ့ကတော့ ဆရာတပည့်လည်းဟုတ်၊ စာသင်ဖော် စာသင်ဖက်လည်းဟုတ်ပါတယ်၊ သူက ပါဠိစာပေတွေလည်း တတ်ပါတယ်၊ ဆေးပညာ စာမေးပွဲတွေလည်းပဲ အောင်ထားပါတယ်၊ လက်တွေ့ကတော့ ဘာမျှမလုပ်တတ် မကုတတ်ပါဘူး၊ ဆရာကြီးက သားသမီးအရင်းသဖွယ်သဘောထားပြီး ပညာလည်းသင်ပေးပါ၊ ခိုင်းစရာရှိလဲ အားမနာတမ်းခိုင်းပါ၊ သူ ရိုရိုသေသေ ကြိုးကြိုးစားစား လုပ်ပါလိမ့်မယ်ဟု မိဘနှစ်ဦးက မိမိတို့သားသမီးများအား ဆရာဘုန်းကြီးထံ ကျောင်းအပ်ဘိသကဲ့သို့ ကျွန်တော့်အား ဆရာကြီး ဦးအုန်းရွှေ-ထံ အပ်နှံခဲ့ပါသည်။(ကျေးဇူးအထူးကြီးလှပါပေသည်။)

ဤစတုတ္ထအကြိမ် ဗန်းမော်ဆရာတော်နှင့်ကျွန်တော်တို့ တွေ့ဆုံရခြင်းသည် ကျွန်တော်အတို့ ဘဝထွက်ရပ်ပေါက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ (၃)ကြိမ်ရှိမှ နတ်ပြင်းသည်ဟု လောကအဆို ရှိခဲ့သော်လည်း ဗန်းမော်ဆရာတော်နှင့် ကျွန်တော်တို့မှာ (၄)ကြိမ်ရှိမှ နတ်ပြင်းခဲ့ပါသည်။

ဤကား ဗန်းမော်ဆရာတော်နှင့် ကျွန်တော်တို့ စတုတ္ထအကြိမ်တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။

ဗန်းမော်ဆရာတော်၏ ဝိသေသဂုဏ်ထူးများ

ဗန်းမော်ဆရာတော်သည် လောကုတ္တရာ, လောကီအလိုလိုသော ပညာရပ်တို့ကို ရှာမှရှား ဆိုရလောက်အောင် တတ်မြောက်အောင်မြင်ပြီး သူ ပုဂ္ဂလဝိသေသတပါးပင် ဖြစ်သော်လည်း ဝင့်ကြွားပ-လွှားခြင်းမရှိ၊ လောဘ,ဒေါသ, မာန, ဣဿာ, မစ္ဆရိယတရားတို့လည်း အလွန်

http://www.dhammadownload.com

ခေါင်းပါး၍-အတ္တုက္ကံသန စကားများ ကိုလည်း ပြောကြားလေ့မရှိသလို ပရဝဏ္ဏန အခြင်းအရာများကိုလည်း မပြောဘူးပါ။

မိမိအတွက်ဖြစ်သလိုနေ၊ ဖြစ်သလိုသွား၊ ဖြစ်သလိုစားတတ်သူ ဆရာတစ်ပါးဖြစ်သော်လည်း သူတပါးအတွက်ဆိုလျှင် ပေါ့ပေါ့ပါးပါး လျင်လျင်မြန်မြန် တက်တက်ကြွကြွ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လေ့ရှိသူ ပုဂ္ဂိုလ်ထူးသာဖြစ်ပါသည်။

ဆိုလိုသည်မှာ အတ္တဟိတထက် ပရဟိတကို ဦးစားပေးတတ်သူ ပုဂ္ဂိုလ်ထူး တစ်ပါးဖြစ်ပါသည်။ သက်တော်(၈၀)ပြည့်သည့် ယနေ့အထိ မိမိကျောင်း၌ ထာဝရသီတင်း မသုံးမူ၍ တိုင်းတကာ, ပြည်တကာ, နယ်တကာ, ရပ်တကာ လှည့်ပတ်လျက် ပရဟိတလုပ်ငန်းများကိုသာ ဦးစားပေး လုပ်ဆောင်နေသည်ကို မြင်တွေ့နေကြရပြီး ဖြစ်ပါသည်။

ဆရာတော်ရရှိထားသည့် သူမတူ ဘွဲ့ထူး ဂုဏ်ထူးများသည်လည်း ဆရာတော်၏ ကာယအား ဉာဏအား ဝီရိယအား ပါရမီအား တို့ဖြင့်လည်းကောင်း သက်ဆိုင်ရာတို့မှ ဒီအချိန်-ဒီဘွဲ့ထူးနှင့် သင့်တော်ပြီဟူသော ဆုံးဖြတ်ချက်များဖြင့်လည်းကောင်း ရရှိ, ဆက်ကပ်, လှူဒါန်းခဲ့ကြသည့် ဘွဲ့ထူးဂုဏ်ထူး များသာဖြစ်ကြပါသည်။ ထိုကဲ့သို့ ဘွဲ့ထူးဂုဏ်ထူးတွေ အကြိမ်ကြိမ်အထပ်ထပ် ရရှိခဲ့သော်လည်း တကြိမ်တခါမျှ ဖေါ်ထုတ်ပြောကြား ဝါကြွားခဲ့ခြင်း မရှိသည်မှာလည်း ဆရာတော်၏ ကြည်ညိုဖွယ်ရာ ဝိသေသလက္ခဏာများပင် ဖြစ်ပါသည်။

မည်ကဲ့သို့သော အကြောင်းပင်ရှိရှိ မည်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးငယ်တွေနှင့် သန္ဓေသစကား ပြောကြားနေနေ မိမိအချိန်ကျလျှင် ရွတ်ပွါးနေကြ ပရိတ်နှင့်ပဋ္ဌာန်းတို့ကို ပျက်ရက်မရှိ နိဗ္ဗဒေတ်ထား၍ ရွတ်ဖတ်ပွါးများခဲ့သည်မှာလည်း အံ့သြဖွယ် ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်ပါသည်။

အခြားအခြားသောပုဂ္ဂိုလ်တို့က အခြားအခြားသော ဂုဏ်ထူးဝိသေသများကို မိမိတို့၏ အမြင်များဖြင့် ဖော်ထုတ်ဂုဏ်ပြုကြဦးမည်ဖြစ်ပါသည်။

ကျွန်တော့်အဘို့မှာမူ ကျွန်တော့်အား လောကဝတ် ဆင်းရဲမှထွက်မြောက်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည့်ထွက်ရပ်ပေါက် ဆရာတော်တစ်ပါးဖြစ်၍ ဆရာတော်၏ ဝိသေသဂုဏ်ထူးများကို မည်သို့ပင်ရေးရေး ကုန်စင်အောင် ဖေါ်ထုတ်နိုင်စွမ်း ရှိမည်မဟုတ်ပါ။

ဗန်းမော်ဆရာတော်အား
မနောမယဈောင်ကို လှူဒါန်းခြင်း

ဗန်းမော်ဆရာတော်သည် မင်းကွန်းတောင်ရိုး တိပိဋကနိကာယကျောင်းတိုက်ကြီး၌

http://www.dhammadownload.com

တိပိဋကဓရစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သာသနာ့အာဇာနည်လောင်းလျာများအား အထက်တန်းပိဋကတ်စာပေများ ပို့ချရင်း မင်းကွန်းတောင်ရိုးနှင့် နီးနွယ်အကျွမ်းဝင်ပြီး ဖြစ်ပါသည်။

ယခုလက်ရှိ တိ=နိ-တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကနှင့် တိပိဋကဓရအောင် ဆရာတော်အားလုံးတို့သည် ဗန်းမော်ဆရာတော်၏ စာပေတပည့်များသာ ဖြစ်ကြပါသည်။

ဆရာတော်သည် စာပေကျမ်းဂန် ပို့ချရေးသားခြင်း၌ ဝီရိယအားကြီးသလို တောရကျောင်းများ ဆောက်တည်ခြင်း, အဂ္ဂိယထိုးခြင်းတို့၌လည်း ဝီရိယအားကြီးသူ ဖြစ်ပါသည်။

ထိုအကြောင်းကို ကောင်းစွာသိထားသည့် ကျွန်တော်သည် ဆရာတော် အသက် ဝါများကြီး၍ တောရပိမ်းလိုသည့်အခါ ရေကန်အသင့် ကြာအသင့် ဖြစ်စေ ဘဝ အမောပြေ အဂ္ဂိယတ်များ ကစားလိုသည့်အခါ ဝါသနာနှင့် လိုက်ဖက်သည့် နေရာလည်း ဖြစ်စေဟူသော ရည်ရွယ်ချက်များဖြင့် ဆရာတော်အား မင်းကွန်းတောင်ရိုးမှ မနောမယျောင်ကြီးကို အပြီးအပိုင် လှူဒါန်းပြီး ဖြစ်ရုံမက အရိယာဝါသဇတဒဂ်ကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းထားပြီး ဖြစ်ပါ၍ ဗန်းမော်ဆရာတော်၊ မနောမယဆရာတော် ဟူသော ဘွဲ့အမည်တော် (၂)မျိုးတို့ဖြင့် ထင်ရှားကျော်ကြားလျက် သဒ္ဓမ္မသုံးဖြာယသာသနာသုံးရပ်၏အကျိုးကို ဆက်လက်သည်ပိုး ဆောင်ရွက်နေဦးမည်သာဖြစ်ပါတော့သတည်း။

(၁) ဗန်းမော်တိ ဝိသုတော ထေရော၊
နာနာဂုဏာ သဟဂတော။
န သက္ကာ ဂဏေတုံ တာသ၊
အနုဇာနာတု မေ ဘဝံ။ ။

(၂) ဒီဃာယုကောစ အာရောဂျ၊
သဒ္ဓမ္မကာရကောစေဝ။
အတ္တနောစ ပရဿစ၊
ဟိတံ ဓာရေတု ယတ္တကံ။ ။

(၁) **နာနာဂုဏာ သဟဂတော**၊ ပါဠိသိရောမဏိ၊ ပရိယတ္တိဝဋ်သကာ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒီလစ်ဘွဲ့။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ- အဘိဓဇအဂ္ဂမဟာသမ္မဇောတိက - ဟူသော အမျိုးမျိုးသော ဂုဏ်ထူးနှင့်တကွ ဖြစ်တော်မူသော။

ဗန်းမော်တိ ဝိသုတော၊ မြန်မာပြည်အရပ်ရပ်ကမ္ဘာကိုပင်ပတ်လျက် ဗန်းမော်ဆရာတော်ဟု ထင်ရှား ကျော်ကြားတော်မူသော။

ယောထေရော-အကြင် ဘန္ဒန္တကုမာရာဘိဝံသဟူသော မထေရ်မြတ်သည်။

အတ္ထိ၊ တစ်နိုင်ငံ တစ်ယောက်ဖွား မြောက်စား

http://www.dhammadownload.com

ဂုဏ်ယူဖွယ်ရာ အမှန်ပင်ရှိခဲ့ပါသည်ဘုရား။

တဿ ထေရဿ၊ ထိုမထေရ်မြတ်၏။

ဂုဏော–ဂုဏ်တော်အဖုံဖုံ ကျေးဇူးတော်အစုံစုံတို့ကို။

ဂဏောတုံ–ဤ၍ ဤမျှ ဂဏန်းပြ၍ မှန်းဆရေတွက်ခြင်းငှါ။

နသက္ကာ – ဘုရား တပည့်တော် ဒါယကာ ဉာဏ်ထွန်းအနေဖြင့် မစွမ်းနိုင်ရိုး အမှန်ဖြစ်ပါသည် ဘုရား။

ဘဝံ၊ အတ္တ+ပရ နှစ်ဝအကျိုး မျော်ကိုးရှုမြင်ဆင်ခြင်ပေတတ် အရှင်မြတ်သည်။

မေ–ဆရာတော်၏ ဂုဏ်တော်ကျေးဇူးတော်တို့ အမှန်တကယ် ရှိနေပါလျက် ဖော်ထုတ်ရေတွက်ခြင်းငှါ မစွမ်းနိုင်သော တပည့်တော်အား။

အနုဇာနာတု–ကရုဏာထား မေတ္တာပွားလျက် သနားခွင့်လွှတ်တော်မူပါဘုရား။

(၂) **ထေရော**–ဗန်းမော်ဆရာတော်ဟု မှည့်ခေါ်ထင်လတ် မထေရ်မြတ်သည်။

ဒီဃာယုကောစ–အသက်ရာကျော် ရှည်တော်မူသည်ဖြစ်၍လည်းကောင်း။

အာရောဂျဉ္စ၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့မရှိသည်ဖြစ်၍လည်းကောင်း။

သဒ္ဓမ္မ ကာရကောစေဝ၊ သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ် မပြတ်မလပ် ကြီးပွားတိုးတက်အောင် ပြုစွမ်းနိုင်သည်ဖြစ်၍လည်းကောင်း။

အတ္တနောစ ပရဿစ၊ မိမိ သူတပါးနှစ်ဦးသား၏။

ဟိတံ၊ လောကုတ္တရာ လောကီ အလိလီသော အကျိုးစီးပွားကို။

ယတ္ထကံ–အသက်နှင့်ခန္ဓာ မကွဲမကွာ စွဲမြဲစွာ တည်ရှိနေသမျှ ကာလပတ်လုံး။

ဓာရေတု၊ ကိုယ်စိတ်မနွမ်း မပင်ပမ်းပဲ ကြိုးပမ်းဆောင်ရွက်တော်မူနိုင်ပါစေဘုရား။ ။

ဒါယကာကြီး ဦးဉာဏ်ထွန်း
သာသနာတော်လုံးဆိုင်ရာ
ဗုဒ္ဓဘာသာ ဗဟိုအဖွဲ့ကြီးနှင့်
ပရိယတ္တိသာသနဟိတ အသင်းကြီးတို့၏
ဥက္ကဋ္ဌ

ဘယ်ဘာရာမှာမဆို . . . မှန်တယ်လို့လည်း ထင်တယ်၊ သူ့ကိုလည်း မယိုင်ဂိုက် မနစ်နာ၊ ဘာကျိုးလည်းရှိမယ်၊ ငရဲလည်းမကြီးဘူးဆိုရင် ဘယ်ဘီဋ္ဌူးသားရဲ့ တစ္ဆေမှ ကြောက်စရာမလိုပါ။

ကိုပဉ္ဇာ(ဗန်းမော်တိုက်)

http://www.dhammadownload.com

ဟိုဟိုရူအစစ်

အရှင်ကောဝိဒ(ယော)



http://www.dhammadownload.com



ဗန်းမော်ဆရာတော်ဘုရားကြီး၏ ပါဠိဘာသာ ကျွမ်းကျင်နိုင်နင်းမှုနှင့် ပတ်သက်၍ တပည့်ဖြစ်သူများက ပဋိသမ္ဘိဒါဉာဏ်ရ ပုဂ္ဂိုလ်တမျှ သိရှိတတ်မြောက်ကြောင်း ချီးကျူးစကားဆိုကြသည်ကို ကြားသိရဘူးပါသည်။ ထိုချီးကျူးစကားကို အများသဘောတူ လက်ခံနိုင်သည်ဖြစ်စေ လက်မခံနိုင်သည်ဖြစ်စေ ဆရာတော်ကြီး ရရှိတော်မူသော ဘွဲ့ထူးဂုဏ်ထူးများ ဆရာတော်ကြီး ရေးသားပြုစုတော်မူခဲ့သော ပါဠိဘာသာ ရေးကျမ်းစာများကို ထောက်ဆ၍ ဆရာတော်ကြီး၏ ပါဠိဘာသာတက် မြောက်ကျွမ်းကျင်မှုသည် မျက်မှောက်ခေတ်တွင် ထိပ်တန်းအဆင့်၌ ရှိကြောင်း မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်ပါ။ ဆရာတော်ကြီး၏ ပါဠိဘာသာနိုင်နင်းမှုနှင့် ပတ်သက်၍ အားကျ ကြည်ညိုရသော အဖြစ်အပျက်နှစ်ခုကို ထုတ်ပြလိုပါသည်။ တခုမှာ ဆဋ္ဌသင်္ဂါ ယနာတင်ခေတ်ကဖြစ်၏။ ဦးကာသင်္ဂါယနာတင်ရန် အရေးကြီးနေသဖြင့် ဩသာန သောဓေယျကအဖွဲ့ကို ၂- ဖွဲ့ ခွဲပြီးပြင်ဆင်နေကြသည်။ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင် အလယ်ထပ်၌ တစ်ဖွဲ့၊ အောက်ထပ်၌တဖွဲ့ ပြင်နေကြသည်။ အလယ်ထပ်အဖွဲ့က သုတ်ပါထိကဦးကာ ၂၆၂-ကို ပြင်နေ၍ အောက်ထပ်အဖွဲ့က အင်္ဂုတ္တိုရ်ဦးကာ- ၃။ ၂၃၆- နှာကို ပြင်နေကြသည်။ **မုဒုစိတ္တော ဟောတိ လဒ္ဓါ ဒါယကေ ဣမိနာ မယံ သင်္ဂီဟော ကတော တိ၊ ဒါတာပိ လဒ္ဓရိ**။ ဤဝါကျ၌ လဒ္ဓါ ဒါယကေ- နှင့် လဒ္ဓရိပုဒ်- နှစ်ပုဒ်အတွက် ခက်နေကြသည်။ လဒ္ဓရိ- ၌ လဒ္ဓမိ-ဟူ၍ လည်း မူကွဲရှိသည်။ လဒ္ဓေါ + အမိ ပုဒ်ဖြတ်ပြီး အနက်ဖော်ကြသည်။ လဒ္ဓါကိုလည်း လဘ ဓါတ်၊ တွာ-ပစ္စည်းကြ၍ လဒ္ဓါ=လဘိတွာ၊ ရရှိ၍ဟု အနက်ဖော်နေကြသည်၊ အနက်ဖော်သော်လည်း ဝါကျတွင် အနေဖြင့် အဓိပ္ပါယ် မကောင်းဘဲဖြစ်နေကြသည်၊ တနေ့တဖေါင်နှုန်းပြီးအောင် စာပြင်နေရသဖြင့် အထူး မစဉ်းစားနိုင်တော့ဘဲ မူကွဲသာပြထားရတော့သည်။ ညနေ(၃)နာရီ ခေတ္တနား ချိန်ဝယ် ဦးကုမာရာဘိဝံသ (ယခု မန္တလေး ဗန်းမော်ဆရာတော်လေး)အား ၎င်းဝါကျကို မေးမြန်းနေကြသည်။ ဩသာန ၂- ဖွဲ့လုံး အခက်တွေ့နေသည်။ ၎င်းဝါကျကို ဗန်းမော်ဆရာတော်လေးက အလွယ်တကူ ဖြေရှင်းပေးနိုင်ခဲ့သည်။ လဒ္ဓါ-သည် သတ္ထာ- ကဲ့သို့ သတ္ထာဒိဂုဏ်းဝင် လဒ္ဓပုဒ်၊ လဘ + တု ပစ္စည်းဖြင့်ပြီးသည်။ လဒ္ဓါ၊ ရသောပုဂ္ဂိုလ် သည်။ ဒါယကေ၊ ပေးသောပုဂ္ဂိုလ် အပေါ်၌။ မုဒုစိတ္တော၊ နူးညံ့သောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ လန္ဓရိ-ပုဒ်သည်လည်း သတ္ထရိ-ပုဒ်ကဲ့သို့ လဒ္ဓု+သ္မိ ဖြင့်ပြီးသော သတ္တာမျိုးပုဒ်တည်း၊ ဒါတာပိ၊ ပေးသောပုဂ္ဂိုလ်ကလည်း။

http://www.dhammadownload.com

လဒ္ဓရိ၊ ရသောပုဂ္ဂိုလ်အပေါ်၌။ မုဒုစိတ္တော၊ နူးညံ့သောစိတ်ရှိသည်။ ဟောတိ၊ဖြစ်၏။ ဤကဲ့သို့ အနက်သမ္မန်ပြလိုက်ရာ ၂- ဖွဲ့လုံး ကျေနပ်သဘောကျသွားကြသည်။ လက်ခံအတည်ပြုကြသည်။ သို့ရာတွင် ၎င်းလဘ ဓါတ် + တု ပစ္စည်းဖြင့် ပြီးသည့် လဒ္ဓုပုဒ်-ကို ပါဠိအဘိဓါန်,သက္ကတအဘိဓါန်ကြီးတို့၌ ရှာမတွေ့ပဲဖြစ်နေသည်။ နောက်ဆုံး ဆာမောနိယာဝိလျံ သက္ကတအင်္ဂလိပ်အဘိဓါန်ကျမှ ရှာတွေ့လေသည်။

(ပိဋကကျမ်းညွှန်း အပိုင်း ၄- နိဒါန်းမှ)

ဆရာတော်ကြီး၏ ပါဠိဘာသာကိုလည်းကောင်း၊ ပါဠိနှင့် နီးနွယ်ဆက်စပ်သောဘာသာတို့ကိုလည်းကောင်း တတ်မြောက်ကျွမ်းကျင်ပုံ နောက်ထပ်သာဓကတရပ်ကို စိန္တာမဏိမဂ္ဂဇင်းတွင် ဖတ်ရှုကြည့်ညိုရ၏။

ဗဟန်း၊ ညောင်တုန်းတိုက်မှ လှရတနာဆရာတော ဦးနာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ စေတိယင်္ဂဏဝဋ်သကာ၊ ဝိနယပါဠိပါရဂူ) သည် ဗုဒ္ဓခြေတော်ရာတို့ကို အလွန်ကြည်ညိုသူဖြစ်၏။ မြန်မာပြည်တွင်းမှ ခြေတော်ရာပေါင်းတရာကျော်ကို ဖူးထားရုံမျှ အားမရသဖြင့် အိန္ဒိယ၊ နီပေါ၊ ထိုင်း၊ သီရိလင်္ကာနိုင်ငံတို့မှ ခြေတော်ရာတို့ကိုပါ သွားရောက်ဖူးမြော်၏။ ပြင်ဦးလွင်မြို့၊ နန္ဒမူလိုဏ်ဂူ၊ ရန်ကုန်မြို့အိမ်တော်ရာဘုရား၊ ဆူးလေဘုရား၊ မဟာဝိဇယဘုရားတို့၌ ခြေတော်ရာ ပါဒစေတီတို့ကို တည်ထားရုံမျှမက ပါဠိတက္ကသိုလ်ညောင်တုန်းတိုက် အတွင်း၌လည်း စကျင်ကျောက်၊ သစ်သား၊ ကြေး၊ ရွှေ၊ ကျောက်မျက်ရတနာတို့ဖြင့် ခြေတော်ရာ တို့ကိုပူဇော်ထား၏။ ပါဒစေတိယဝန္ဒနာကျမ်း၊ သင်္ကဿနဂိုရ် ဗုဒ္ဓခြေတော်ရာကျမ်းတို့ကိုလည်း ပြုစုထားသေး၏။

ထိုလှရတနာဆရာတော်သည် ဗန်းမော်ဆရာတော်ထံချဉ်းကပ်၍ ဗုဒ္ဓ ခြေတော်ရာတွင် အဓိကဖြစ်သည့် စက်ဝန်း၏ တည်နေရာနှင့် ၁၀၈-ကွက် လက္ခဏာတော်များကို စာပေနှင့်အညီ စီစစ်ပေးပါရန်တောင်းပန်လျှောက်ထားလာ၏။

ဗန်းမော်ဆရာတော်ကြီးသည် လျှောက်ထားချက်ကို လက်ခံ၍ ဗုဒ္ဓခြေတော်ရာကို စာပေနှင့်အညီ ပူဇော်နိုင်ရန် လှရတနာကျောင်း၌ အစည်းအဝေးပြုလုပ်ကာ လေးကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ရ၏။ ဆွေးနွေးပွဲ၌ ဗုဒ္ဓခြေတော်ရာတွင် စက်ဝန်း၏ တည်နေရာအမှန်ကိုလည်းကောင်း၊ လက္ခဏာတော် ၁၀၈- ကွက်တွင် ဝမ္ဗုမာနက လက္ခဏာတော်အမှန်ကိုလည်းကောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့၏။

၁၀၈- ကွက် လက္ခဏာတော်များ အနက် ၆- ခုမြောက် ဝဒ္ဓမာနက (ဝမ္ဗုမာနက) လက္ခဏာကို ရှေးခေတ်မှစ၍ ယခုကာလ အထိ ဝဒ္ဓမာနက (ဝမ္ဗုမာနက) ထမင်းအုပ်၊ ဆွမ်းအုပ်ဟု ဘာသာပြန်၍ ပုံတော်၌ ဘုန်း တော်ကြီးများကျောင်းသို့ပို့သော ဆွမ်းအုပ် ပုံသဏ္ဌာန် ရေးထုပြကြ၏။ ရေးဆွဲပြကြ

http://www.dhammadownload.com

၏။ ၎င်းဝမ္ဗမာနက– ပုဒ်ကို အဒ္ဓမာဂဓီအဘိဓါန်၌ ဝဒ္ဓမာဏ (ဝဒ္ဓမာဏဂ) ဟုတည်ပုဒ်ပြု၍ အောက်ပါအတိုင်း အတ္ထုဒ္ဓါရ (၅)နက် ထုတ်ပြ၏။

၁။ **Mahavira Svami, the 24th Tirthankara** မဟာဝီရသွာမီ၊ (၂၄)ယောက်မြောက်တိတ္ထင်္ကရမဟာဝီရ အရှင်သခင် = (၂၄)ယောက်မြောက် အယူဝါဒတည်ထောင်သူ။

၂။ **An earthen vessel, an insignia of stanita kumara god, a sign like an earthen cap in their crowns,** = မြအိုးခွက် စတန်နိမင်းသား နတ်သား၏ အဆောင်အယောင်၊ သူတို့၏ သရဖူများထဲ၌ မြေဖြင့်ပြုလုပ်ထားသော ဦးထုပ်ကဲ့သို့ အမှတ်အသား။

၃။ **A man who carries a man on his shoulders betore a processien** = ပရိသတ်ရှေ့၌ ပခုံးများဖြင့် လူတစ်ယောက်ကို ထမ်းနေသော လူတစ်ယောက်

၄။ **A kind of limited knowl edge** = အကန့်အသတ်ရှိသော ပညာရပ်တစ်မျိုး။

၅။ **A house built on the principlse of archi tecture**=ဗိသုကာပညာဖြင့် ဆောက်လုပ်ထားသည့်အိမ်၊ ၎င်း (၅) နက်တို့တွင် တတိယအနက်အဖွင့်သည်။

ဝမ္ဗမာနကန္တိ ပုရိသဟာရိ ပုရိသင်္ဂ၊ ဟူသော ဗြဟ္မာယုသုတ် မဇ္ဈိမပဏ္ဏာသဋ္ဌီကာ (၃/၁၇၂)အဖွင့်နှင့်ညီ၏။ ဋီကာ အဖွင့်ကိုလည်း ပုရိသဟာရိ ပုရိသင်္ဂ = ယောက်ျားတစ်ယောက်ကို ပခုံးပေါ်မှာတင်၍ ပရိသတ်ရှေ့၌ထမ်းဆောင်နေသောယောက်ျား၏လက္ခဏာသည်။ဝမ္ဗမာနကန္တိ=ဝမ္ဗမာနကံနာမ၊ ဝမ္ဗမာနမည်၏။ ဟူ၍ အနက်ပေးပါ။ ပြဆိုခဲ့သော ပဏ္ဏာသဋ္ဌီကာနှင့် အဒ္ဓမာဂဓီအဘိဓါန်၊ ပါကတ အဘိဓါန်များနှင့် အညီ ဝမ္ဗမာနက–ဟူသည် ယောက်ျားတစ်ဦးကို ပခုံးပေါ်တင်၍ ပရိသတ်ရှေ့မှာ ထမ်းဆောင်နေသော ယောက်ျား၏ပုံကို ဖော်ပြရပေမည်။ သို့မှသာအဘိဓါန်သက္ကတသဒ္ဒါကျမ်း ပဏ္ဏာသဋ္ဌီကာကျမ်းများနှင့်ညီညွတ်ပေမည်။

ဤအဖွင့်ဋီကာများကို အဒ္ဓမာဂဓီပါကတ သက္ကတအဘိဓါန်တို့နှင့် တိုက်ဆိုင်ညှိနှိုင်းမှု မပြုနိုင်သဖြင့် ရှေးခေတ်အဆက်ဆက်တို့အဆိုအမိန့်များယွင်း နေခြင်းဖြစ်ပေသည်။ ဝမ္ဗမာနက–ပုဒ်နှင့် ပတ်သက်၍ ပဏ္ဏာသဋ္ဌီကာ သင်္ဂီယနာတင်ချိန်က မူအမျိုးမျိုးဖြစ်နေ၍ အနက်မှန် ပါဠိမှန်ကို

http://www.dhammadownload.com

ဆုံးဖြတ်ရန် ခဲယဉ်းနေကြသည်၊ ပါဠိရှိတိုင်းပင်ထားခဲ့ရသည်။ အဘယာရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ–**Ph.D**–အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ်၊ တိပိဋက ပါဠိမြန်မာ အဘိဓါန်ကျမ်းပြု အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ)တို့မှ ပြန်ကြွလာမှ အဒ္ဓမာဂဓီ အဘိဓါန်ရခဲ့၍ ကြည့်ရှုရာ ပဏ္ဍာသဋ္ဌီကာ အဖွင့်နှင့် အဒ္ဓမာဂဓီအဘိဓါန်တို့အဆို ညီညွတ်နေသည်ကို တွေ့ရသည်။ ပဏ္ဍာသဋ္ဌီကာ ဆရာတော်နှင့် အဘယာရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသတို့အဆိုအတိုင်း ယခုဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်ပါသည်။ အမှားပယ်ဖျောက်၍ အမှန်လိုက်နာကျင့်သုံး ပူဇော်နိုင်ကြပါစေကုန်သတည်း။

ဤကား ဆရာတော်ကြီး၏ ကိုယ်တိုင်ရေးဆောင်းပါးမှ ကူးယူဖော်ပြချက် ဖြစ်ပါသည်။ ဆရာတော်ကြီးသည် သာမန် စာမေးပွဲအောင်မြင်သဖြင့် ပါဠိပါရဂူဟု ဂုဏ်ထူး ဝိသေသရခြင်းမျိုးမဟုတ်ပဲ ပါဠိစာပေ၌ အမှန်တကယ်ထိပ်တန်းသို့ ရောက်တော်မူသော ပါဠိပါရဂူအစစ်ကြီး ဖြစ်တော်မူပါ၏။

အရှင်ကောဝိဒ (ယော)



ယောကျ်းဖြစ်လျက် ရှက်ခရာ

ပလ္လဝဂ္ဂါ ဟိ ပဏ္ဍိတျံ၊ နေဏ္ဍီတဉ္စ မေထုန်။
ဘောဇနဉ္စ ပရာဓီန်၊ တိသော ပုံသံ ဝိဋမ္ဗနာ။

- ဒသွန်ချိုးစားသည့် (ဝါ) ဦးဏှောက်စားသည့် ပညာရှိယောင်ဆောင်ခြင်း၊
- မေထုန်ကို ဝယ်စားခြင်း၊
- သူတပါးကို မှီခိုစားခြင်း၊

ဤသုံးဦး ဒထူးရှက်စရာ။

ပြဿနာကို
ဂဃနဏ သိနိုင်ခြင်းသည်
တဝက် ဖြေရှင်းပြီးသား
ဖြစ်တော့၏...

စီစဉ်သူ

http://www.dhammadownload.com

သာသနာကိုဘယ်သူစောင့်တယ်

အရှင်ကောသလ္လဥာဏ (ဗန်းမော်တိုက်)



အရှင်ဘုရားသာသနာကို သိကြားမင်းက စောင့် ရှောက်နေသလို လို၊ သူ ရဿတီက စောင့်ရှောက်သယောင်ယောင်နဲ့ လူတွေပြောနေကြတာ၊ ဘယ်ဟာမှန်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိပါရစေဘုရား...

ပြောနေကြတာကြာပြီ ဒကာကြီး...၊ ခင်မောင်ရင်ရဲ့ သိကြားသာသနာသီချင်း ကြည့်ပါလား၊ ခေါင်းစဉ်ကိုက သိကြားသာသနာတဲ့။ သိကြားသာသနာလည်းဆိုလိုက်ရော၊ မူလပိုင်ရှင် ဘုရားသာသနာမရှိတော့ဘူး၊ တစ်ခုတော်သေး

http://www.dhammadownload.com

တာပေါ့၊ ဘယ်နှစ်ခုနှစ်က ဘယ်ရုံးတော်မှာ မှတ်ပုံတင်အမှတ် ဘယ်လောက်နဲ့ဆိုပြီး မူပိုင်ခွင့် ရှိမနေလို့သာပေါ့။ နို့မို့ရင် ရုံးတော်မှာ တရားမမှုနဲ့ ရင်ဆိုင်နေကြရမှာ သေချာတယ်။


တင်ပါ့ဘုရား...အရှင်ဘုရား အမိန့်ရှိသလိုသာ တရားမ-မှုဖြစ်နေရင် တပည့်တော်တို့လည်း ခုလိုလွတ်လွတ်လပ်လပ် ကြည်ညိုခွင့်ရချင်မှရမှာပါဘုရား...


ဒကာကြီး အဲဒီသီချင်းထဲမှာက လူတွေအတွက် နှိုးဆော်တိုက်တွန်းထားတဲ့ ကောင်းတဲ့အချက်လေးတွေပါနေတယ်။ ဘာတဲ့-"ပဉ္စသီငါးပါးကို လုံခြုံအောင် ထိန်းသိမ်းကွယ်၊ စိတ်ရင်းကောင်းဖို့လိုပါတယ်၊ အဘိဇ္ဈာပွားရင် မှားပါလိမ့်မယ်"တဲ့။ ဒီအပိုဒ်တွေကတော့ ကောင်းတာကို ညွှန်ပြလို့ တန်ဖိုးရှိပါတယ်။


ဟုတ်တယ်ဘုရား...၊ ငါးပါးသီလလုံခြုံဖို့ စိတ်ထားကောင်းဖို့၊ အဘိဇ္ဈာ ဣဿာတွေ မပွါးကြဖို့၊ ဒါမှ သိကြားသာသနာနဲ့မနီးမယ်၊ မေတ္တာပွားပြီး ပုတီးနာနာစိတ်ဖို့ နှိုးဆော်ထားတာတွေ ကောင်းတယ်ဘုရား...အဲဒီ သိကြားသာသနာဆိုတဲ့ အသုံးအနှုန်း တပည့်တော်က မကြိုက်ဘူးဘုရား...


ဒါက ဒီလိုရှိတယ်ဒကာကြီး... သီချင်းဆိုတာကတော့ များသောအားဖြင့် နားထောင်ကောင်းအောင် တင်စားရေးဖွဲ့ကြတာများပါတယ်။ ဘုရားက သာသနာကိုဘယ်သူ့ကိုမှ စာချုပ်နဲ့အပိုင်မပေးခဲ့ပါဘူး။ မြတ်စွာဘုရားရှင်တို့ရဲ့ အဆုံးအမမှန်သမျှကို သာသနာလို့ ခေါ်တယ်။ အဆုံးအမတည်းဟူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွေကို သင်အံလေ့ကျက် ပွါးများအားထုတ်နေသမျှကာလပတ်လုံး ငါဘုရားရဲ့သာသနာ မပျောက်မပျက်နိုင်လို့ ဘုရားရှင်မိန့်တော်မူခဲ့တာပဲ ဒကာကြီး။


ဒီလိုဆိုရင် သာသနာတည်နေအောင် ဘယ်လိုစောင့်ရှောက်ရမလဲဘုရား၊ အမိန့်ရှိပေးပါဦး...။


'ဝိနယေ ဌိတေ သာသနံ ဌိတံ' = ဝိနည်းတရား (သိက္ခာ) တည်နေသည်ရှိသော် သာသနာတည်၏။ 'ဝိနယော နာမ သာသနဿ အာယု' = ဝိနည်းသိက္ခာသည် သာသနာ၏ အသက်ဖြစ်၏"တဲ့။ ဒီအဆိုအမိန့်တိုင်းဆိုရင် သာသနာကို ဝိနည်းသိက္ခာကစောင့်တယ်လို့ အဓိပ္ပါယ်ရတယ်၊ ဝိနည်းသိက္ခာကျင့်နေကြ တာက သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေပဲ ဖြစ်တယ်။ ဒီတော့-သာသနာကိုရှင်ရဟန်းတွေကစောင့်တယ်လို့တိုက်ရိုက်အဓိပ္ပါယ်ရတယ်ဒကာကြီး...


ဟုတ်ပီဘုရား။ အဲဒါအမှန်ပဲ။ တပည့်တော်တို့က ဆွမ်းခံကိုယ်တော်တွေကို ဆွမ်း

http://www.dhammadownload.com

နေ့တိုင်းလောင်းနေတာဟာ သာသနာတော်ကို ပြုစုခြင်း၊ စောင့်ရှောက်ခြင်းပဲ မဟုတ်လား ဘုရား၊ ဒါမှ ကိုယ်တော်ခမြာများ ပရိယတ်, ပဋိပတ်အားရှိစွာနဲ့ အားထုတ်နိုင်၊ ကျက်မှတ်နိုင်၊ နှုတ်ဆုံဆောင်နိုင်ပြီး သာသနာ့ခရီးအရှည်ကြီးသွားနိုင်ကြမယ် မဟုတ်လား ဘုရား...။


ဟုတ်တာပေါ့ ဒကာကြီး။ ဒကာကြီးတို့ ထောက်ပံ့နေတဲ့ ပစ္စည်းလေးပါးမရှိရင် ကိုရင်လေးမှအစ၊ ဦးဇင်းများ အလယ်၊ တိပိဋကဓရ ကိုယ်တော်များအဆုံး၊ စာတစ်လုံးမှ ကျက်နိုင်၊ မှတ်နိုင်၊ ဆောင်နိုင်မှာမဟုတ်ပေဘူး။


တင်ပါဘုရား... ဒီအတိုင်းဆိုရင် သာသနာစောင့်ရှောက်နေတာ ဘယ်သူတွေဆိုတာ ပေါလောကြီး ပေါ်နေပြီဘုရား၊ ဟဲ၊ ဟဲ၊ ဟဲ-ဟဲ၊ တပည့်တော်ဆင်ကောင်ကြီး မြင်ပြီဘုရား။ သာသနာဆိုတာ သိကြားမင်းကြီးနဲ့လည်းမဆိုင်၊ မပိုင်။ သူရဿတီမကြီးနဲ့လည်း မဆီမဆိုင်ကိုး၊ ဆရာဒကာတွေနဲ့သာဆိုင်တဲ့ သာသနာမြတ်ကြီးဆိုတာ ရှင်းရှင်းသိရလို့ တပည့်တော် ဝမ်းသာပါတယ်ဘုရား။ ဒါနဲ့တစ်ဆက်တည်းတပည့်တော် သိချင်တာလေး မိန့်ပေးပါဦးဘုရား၊ ဒီဗန်းမော်တိုက် ဗန်းမော်ဆရာတော်ကြီးကျတော့ သာသနာပြုနေတာလား၊ စောင့်ရှောက်နေတာလားဘုရား...


အဲ-ဟုတ်တာပေါ့၊ ဒါက မေးစရာတွေပဲ။ ဗန်းမော်ဆရာတော်ကြီးဟာ ဟို ငယ်ငယ်ကတည်းက ရှင်သာမဏေအဖြစ်နဲ့ ပရိယတ်စာပေတွေကို သင်ယူမှတ်သား။ စာမေးပွဲအမြင့်ကြီးတွေအောင်၊ စာဝါတွေပို့ချ၊ ကျမ်းစာတွေရေးနဲ့၊ စာဝါချတာတောင်မှ ရိုးရိုးရော၊ ဆန်းဆန်းရောချတာ၊ ရိုးရိုးဆိုတာက ပိဋကသင်ရိုးစာတွေပါ၊ ဆန်းဆန်းဆိုတာက မင်းကွန်းဆရာတော်ကြီး ဩဝါဒအတိုင်း မင်းကွန်းဆရာတော်ကြီးရဲ့ ကိုယ်ပွါးပေါ့။ တိပိဋကလောင်းလျာ-သာသနာ့အာဇာနည်များကို စာချပေးတာကိုပြောတာပါ။ အဲဒီလုပ်ငန်းစဉ်တွေကြည့်မယ်ဆိုရင် ဗန်းမော်ဆရာတော်ဟာ သာသနာမကွယ်ပအောင်၊ မပျောက်မပျက်အောင် သာသနာကိုစောင့်ရှောက်နေတာပါ၊ နောက်တစ်ခါ နိုင်ငံတော်ရဲ့ ကမ္ဘာ့သာသနာပြု လုပ်ငန်းစဉ်ဖြစ်တဲ့ "ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးမှာလည်း နှစ်ပေါင်းများစွာ ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော်အဖြစ် သင်ကြားပို့ချခြင်းဟာ၊ ကမ္ဘာ့သာသနာ ပြုပြီး သာသနာတော်ကို စောင့်ရှောက်နေတာပါ ဒကာကြီး"


တင်ပါဘုရား...သာသနာကို ဘယ်သူစောင့်ရှောက်တယ်ဆိုတာ ရှင်းသွားပါပြီဘုရား။ ခုလို စိတ်ရှည်လက်ရှည် ရှင်းပြတာကို ကျေးဇူးတင်ပါတယ်ဘုရား...

သာဓု-သာဓု-သာဓု

http://www.dhammadownload.com



ပရိယတ္တိသာသနဟိတ အသင်းနှင့် ဝန်းဟော်သရာတော်

အရှင်ဒေဝိန္ဒာဘိဝံသ
(သီတဂူ) သီရိလက်ာ

http://www.dhammadownload.com



၁၃၆၉-ခုနှစ်တွင် မိမိသည် တက္ကသိုလ် တက်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့၏။ အိန္ဒိယတက္ကသိုလ် ပါဠိဌာနတို့မှ ပါမောက္ခ ဆရာကြီးများသည် ပါဠိစာပေနှင့်ပတ်သက်လျှင် ဗမာဘုန်းကြီးများကို အထင်ကြီးကြ၏။ လေးစား ကြ၏။ သူတို့ကလည်း ပါဠိစကားကို ထိုက် သလောက် ပြောတတ်၏။ အိန္ဒိယတက္ကသိုလ်များ၌ ကျောင်းတက်နေကြသည့် ထိုင်း, လာအို, ကမ္ဘောဒီးယားတို့မှ ဘုန်းကြီးများသည် မိမိတို့ ဗမာဘုန်းကြီးများလောက် ပါဠိပိဋကတ်စာပေကို ကျွမ်းကျွမ်းကျင်ကျင် မတတ်မြောက်ကြသည်ကို တွေ့ရ၏။ သို့သော် သူတို့သည် ဘာသန္တရ စာပေ ကိုတော့ ကောင်းကောင်းကြီးတတ်မြောက် ကြ၏။

အိန္ဒိယပြည်ကြီးသည် ဘာသာစကား ပေါင်းစုံ, လူမျိုးပေါင်းစုံ, ယဉ်ကျေးမှုပေါင်းစုံ, ကိုးကွယ်ရာပေါင်းစုံတို့ဖြင့် ရောယှက်နေသော နိုင်ငံကြီးဖြစ်၏။ စာပေသမိုင်း, ဘာသာရေး သမိုင်း, လူမျိုးရေးသမိုင်း စသည် သမိုင်းမျိုးစုံကို စိတ်ဝင်စားသူများ လေ့လာသင့်သော နိုင်ငံကြီး ပေတည်း။ ထို့ကြောင့် နိုင်ငံမျိုးစုံက လူမျိုး ပေါင်းစုံတို့သည် မိမိစိတ်ဝင်စားသည့် အကြောင်း အရာများကို စိတ်ပါဝင်စားစွာ လေ့လာနေကြ သည်ကိုတွေ့ရပါသည်။

မိမိတို့မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ သည်လည်း သံဃနာယ ၄-ဌာနကို ဖူးမျှော်ဖို့ရန် အတွက် အိန္ဒိယနိုင်ငံသို့ လာရောက်ကြပါသည်။ ထိုနည်းတူစွာ ကမ္ဘောဒီးယား, ထိုင်း, သီရိလင်္ကာ စသည့်နိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များသည်လည်း ဘုရားဖူးရန်အတွက် အိန္ဒိယသို့ လာရောက် ကြ၏။

မိမိသည် နွေရာသီအချိန်၌ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွား၏။ ထိုသို့ဘုရားဖူးသွားသည့်အခါ ဗုဒ္ဓဂယာ၌ သီရိလင်္ကာနိုင်ငံမှ ဘုရားဖူးများ တည်းခိုသည့် "မဟာဗောဓိအသင်းတိုက်ကြီး"ကို တွေ့ရလေသည်။ ထိုမဟာဗောဓိအသင်းကြီး သည် သူတို့နိုင်ငံမှ ခရီးသွားပြည်သူများ တည်းခို ဖို့ရန်အတွက် အိန္ဒိယပြည် အနှံ့အပြား၌ ကြီးမားခိုင်ခံ့သည့် "အသင်းတိုက်ကြီး"များကို တည်ဆောက်ထားပါသည်။

ထိုအသင်းတိုက်ကြီးကို တွေ့ရသော အခါ "ငါတို့နိုင်ငံမှာလည်း မဟာဗောဓိတို့လို သာသနာပြုအသင်းကြီးတွေရှိရင် ကောင်းမှာပဲဟု

http://www.dhammadownload.com

တွေးရင်းနှင့် သာသနာတော်အတွက် အလွန်အားကိုးရသော "ပရိယတ္တိသာသနဟိတ" အမည်ရသည့် သာသနာပြုအသင်းကြီးကို စိတ်ထဲ၌ပြေး၍ မြင်ယောင်မိပါသည်။ ပရိယတ္တိ သာသနဟိတအသင်းပိုင် ပရိယတ္တိဗိမာန်ကြီးမှာ မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာ ကောင်းလှပေသည်။ ခန့်ညားထည်ဝါလှသော "ပရိယတ္တိဗိမာန်ကြီး"မှာ တာဝတိံသာက ဝေဇယန္တာပြာသာဒ်ကြီးကိုပင် ပြက်ရယ်ပြုသကဲ့သို့ ရှိချေ၏။ မြန်မာမှုမြန်မာ့ဟန်တို့ဖြင့် တည်ဆောက်ထားသောဗိမာန်ကြီးကို မြင်ရသူတိုင်းသည် "ဟယ်... ခန့်ညားလိုက်တာ၊ ဟာ ... သိပ်လှတာပဲ"ဟု ရင်သပ်ရှုမော အံ့သြဘနန်းဖြစ်ကြလေသည်။

မန္တလေးမြို့ရှိ "ပရိယတ္တိသာသနဟိတအသင်းကြီး"သည် သာသနာတော်အတွက် အသက်တမျှ အရေးပါလှ၏။ ယင်းအသင်းကြီးသည် မြန်မာ့သာသနာ၏ "ရေသောက်မြစ်"ဟု ပြောလျှင်ရ၏။ ပရိယတ္တိ စာတော်ပြန်ပွဲများနှင့် ပတ်သက်လျှင် ဤအသင်းကြီးသည်မြန်မာနိုင်ငံ၌ ထိပ်ဆုံးအဆင့်မှာရှိ၏။ အနယ်နယ်အရပ်ရပ်ရှိ စာတော်ပြန်ပွဲ အသင်းများသည်လည်း ဤအသင်းကြီးကိုသာလျှင် အားကိုးရ၏။ ဤအသင်းကြီး၏ "မူဝါဒ"သည်စာတော် ပြန်ပွဲအားလုံး၏ "မူဝါဒ" ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဤအသင်းကြီးသည် စာတော်ပြန်ပွဲအားလုံး၏ "အရှင်သခင်"ဟု ပြောလျှင်ရပေသည်။

အသင်းကြီးသည် သြဝါဒါစရိယဆရာတော်ကြီးများ, စာထောက်, စာမဆရာတော်များ, အဖွဲ့ဝင်လူကြီးများဖြင့် စနစ်တကျ ဖွဲ့စည်းထားခြင်းကြောင့် ခိုင်မာတောင့်တင်းလှ၏။ သြဝါဒါစရိယ ဆရာတော်များကလည်း အသင်းကြီးကို အဘက်ဘက်မှ ပြည့်စုံအောင် လမ်းညွှန်ပြသတော်မူကြ၏။ စာထောက်စာမဆရာတော်များကလည်း စာသင်သား ရှင်ငယ်, ရဟန်းငယ်များကို ပိဋကတ် စာပေများကို ကျွမ်းကျင်တတ်မြောက်ဖို့အတွက် မေးသင့်မေးထိုက်သည့် မေးခွန်းများကို မေးမြန်းကာ အဖြေလွှာများကို တိတိကျကျ စီစစ်တော်မူကြ၏။ ထို့ကြောင့် အသင်းကြီးက အပ်နှင်းလိုက်သော ဘွဲ့လက်မှတ်များကို မည်သည့်ပုဂ္ဂိုလ်ဖြစ်ဖြစ် လေးလေးစားစားနှင့် အသိအမှတ်ပြုကြပေသည်။

အဖွဲ့ဝင်လူကြီးများကလည်း ကိုယ့်ကျိုးစီးပွါးကိုစွန့်လွှတ်၍ အသင်းကြီးအတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို ကိုယ်တိုင်လည်းလှူ၏။ အခြား အလှူရှင်များ၏ အလှူငွေများကိုလည်း လက်ခံပြီး အသင်းကြီးအတွက် ထိန်းသိမ်း စောင့်ရှောက်ထား၏။ တချို့အလှူရှင်များကလည်း သဒ္ဓါတရားကောင်းလှ၏၊ မိမိပိုင်ဆိုင်သည့် တိုက်တာအဆောက်အဦးကြီးများကို အသင်းကြီးအတွက် ရက်ရက်ရောရော လှူဒါန်း

http://www.dhammadownload.com

ကြ၏။ ထိုအလှူရှင်များကား ငွေပြားခင်း၍ ကျောင်းမြေဝယ်လှူသော ကျောင်းဒကာကြီး "အနာထပိဏ်"ကို အတုယူဟန်ရှိလေသည်။

အဖွဲ့ဝင်လူကြီးများကလည်း ထို အဆောက်အဦးများကို ဂရုတစိုက် စောင့်ရှောက်ထားလေသည်။ ယင်းအဆောက်အဦးများသည် အသင်းကြီးအတွက် လိုအပ်သလို အသုံးပြုရမည့် "ထာဝရပဒေသာပင်"များပင်တည်း။ အလွန်ကောင်းမွန်သော စီမံကိန်းဖြစ်၏။ အခြားအခြားသော အသင်းအဖွဲ့များ အတုယူစရာ ကောင်းလှပါသည်။

မိမိသည် အသင်းကြီး၏ လုပ်ကိုင်ဆောင်ရွက်ပုံကို သိတဂူဆရာတော်ကြီးအား လျှောက်ထားသောအခါ ဆရာတော်ကြီးက "မန္တလေးက ပရိယတ္တိအသင်းကြီးဟာ ပရိယတ္တိသာသနာအတွက် တော်တော်အားကိုးရတယ်ကွ၊ ဒီအသင်းကြီးက ဘွဲ့တံဆိပ်ရတဲ့ ဆရာတော်များဟာ ယနေ့သာသနာ့ထိပ်ပိုင်းမှာ ရောက်နေတာကို တွေ့ရတယ်။ ဒီလိုအသင်း မျိုးတွေကို ငါတို့ မြန်မာနိုင်ငံမှာ များများတည်ထောင်ပေးရမယ်။ ဒါမှ သာသနာတော်ကြီးဟာ အခြေခိုင်မှာ" ဟု မိန့်တော်မူ၏။

ပြည်ပရောက်လာသောအခါ ဤအသင်းကြီး၏ တန်ဖိုးကြီးမားပုံကို ပို၍သိရပါသည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ မည်သည့်ကိစ္စမဆို "ငွေ" နှင့် အလုပ်လုပ်ရ၏။ "ငွေ"မပါ၍ မဖြစ်ပေ။ တက္ကသိုလ်တက်မည်ဆိုလျှင် တက္ကသိုလ် ဖီးကြေးကို ပိုက်ဆံကျပ်ငွေသိန်းချီ၍ပေးရ၏။ တက္ကသိုလ်အဆောင်နေမည်ဆိုသောအခါ အဆောင်နေထိုင်ကြေး ပေးရပြန်၏။ ဆိုင်ရာ ဆိုင်ရာ ဝန်ထမ်းများကလည်း "ငွေ" ရ၍ အလုပ်လုပ်ကြခြင်းဖြစ်၏။ ထို့ကြောင့် သူတို့ဆီ၌ပြောကြ၏။ ငွေသည် ဒုတိယဘုရားဟူ၏။

သို့သော် ဤအသင်းကြီးသည်ကား စာဖြေမည့် သံဃာများအတွက် မည်သည့်ကိစ္စဖြစ်ဖြစ် ငွေပေးစရာမလိုပေ။ စာဖြေကြေးလည်း ပေးစရာမလို။ ဆွမ်းစရိတ်လည်း ပေးစရာမလို။ စာရွက်စာတမ်းခလည်း ပေးစရာမလို။ အစစအရာရာ အခမဲ့ရ၏။ ငွေမတောင်းသည့်အပြင် စာမေးပွဲအောင်လျှင် နဝကမ္မ အလှူတော်ငွေများဖြင့်ပင် ပူဇော်လိုက်သေး၏။ အကျိုးဆောင်သည့် သူများကလည်း "စေတနာ, သဒ္ဓါ အရင်းအနှီး"များဖြင့်လုပ်နေကြ၏။ "ငွေ"ကို တန်ဖိုးမထား၊ "စေတနာ, သဒ္ဓါ"ကိုသာ တန်ဖိုးထားသော အသင်းကြီးပါတကား။

နိုင်ငံခြားတက္ကသိုလ်များသည် ဘွဲ့ဒီဂရီရဖို့အတွက် လာရောက်တက်ကြသည့် ကျောင်းသားများကို အခကြေးငွေမြောက်များစွာတောင်း၏။ ထို့ကြောင့် နိုင်ငံခြားတက္ကသိုလ်များမှ ဘွဲ့ဒီဂရီရသူများသည် ပိုက်ဆံသိန်းချီပြီး ကုန်ကျ၏။ ဤအသင်းကြီးကား ဘွဲ့တံဆိပ်ရရှိသော ရဟန်းတော်များကို နဝကမ္မအလှူတော်ငွေ

http://www.dhammadownload.com

သိန်းပေါင်းမြောက်မြားစွာဖြင့် ပူဇော်၏။ ဘွဲ့တံဆိပ်ရရှိသူများကို ပညာလည်းပေး, ပစ္စည်းဖြင့်လည်းပူဇော်သော အသင်းကြီးပါဟကား။ နိုင်ငံရပ်ခြားမှ တက္ကသိုလ်များ နှင့် နိုင်းယှဉ်ကြည့်လျှင် ဆီနှင့်ရေလို ကွာခြားလှပေသည်။



ဤအသင်းကြီးမှ စာထောက် စာမ ဆရာတော်များကား မည်သည့်ထောက်ပံ့ စရိတ်ကိုမျှ မမျှော်ကိုးပဲ အသင်းကြီး၏ ကျရာတာဝန်ကို လုပ်ကိုင်ဆောင်ရွက်နေကြ၏။ မေးခွန်းထုတ်ဆို လျှင်လည်း ထုတ်လိုက်၏ စာစစ်ဆို ရင်လည်း စစ်လို က် ဘာသာရပ်မျိုးစုံကိုလည်း ထို ဆရာတော်ကြီးများပင် ပို့ချကြ၏။ ထို့ကြောင့် မိမိသည် စာထောက်, စာမဆရာတော်များကိုလည်း ပို၍ကြည်ညိုမိ၏။ ပို၍လေးစားမိ၏။ ထို ဆရာတော်များကား "ဂုဏ်ပကာသန, လာဘ်လာဘ"များကို အဆိပ်အတောက်ကဲ့သို့ သဘောထားကြဟန်ရှိလေ၏။

အသင်းလူကြီးများကလည်း "စေတနာ့ဝန်ထမ်း" များဖြစ်ကြ၏။ မည်သည့်လစာမျှ ရသည်မဟုတ်ပေ။ ထိုသို့ တစ်ပြားတစ်ချပ်မျှ မရရှိဘဲ အသင်းကြီးအတွက် တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်နေကြသည်မှာ သူတို့၏ နှလုံးသားထဲ၌ "ဘုရားအဆူဆူ" တည်ထားသော ကြောင့် ဖြစ်ပေလိမ့်မည်။ တကယ်စင်စစ်ကား ထိုအသင်းလူကြီးများသည် သူတို့၏ ဘဝကို သာသနာတော်၌ ရင်းနှီးမြှုပ်နှံထားကြသူများပင်တည်း။

အသင်းကြီး၏ လုပ်ငန်းများသည် သာမန်လုပ်ငန်းကလေးများမဟုတ်ပေ။ "သာသနာ့ဂေဇက်ဝင်အလုပ်ကြီး"များဖြစ်၏။ ထိုသို့ကြီးမားသည့် အလုပ်ကြီးများကိုလုပ်နေကြရကား အခက်အခဲပေါင်း မြောက်မြားစွာကို တွေ့ကြုံရင်ဆိုင်ရပေလိမ့်မည်။ ထိုအခက်အခဲများကို ဂရုမစိုက်ပဲ မိမိတို့၏ ပန်းတိုင်ကို အရောက်လှမ်းနေကြသည်မှာ သာသနာပြု "အသောကမင်းကြီး"ကိုပင် အတုယူနေရော့သလားဟု ထင်ရပေသည်။

ဤအသင်းကြီးသည် သိန်းပေါင်း

http://www.dhammadownload.com

မြောက်မြားစွာ အကုန်အကျခံ၍ တစ်နှစ်လျှင် သုံးကြိမ် စာတော်ပြန်ပွဲများ ကျင်းပပေးလျက် ရှိသည်ကို တွေ့ရပေသည်။ ယင်းစာတော်ပြန်ပွဲများမှာ သာသနာလက်ံာရ သာမဏေကျော် စာတော်ပြန်ပွဲ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ စာတော်ပြန်ပွဲ၊ နိကာယ်စာတော် ပြန်ပွဲတို့ ဖြစ်ပေသည်။ ဤစာပြန်ပွဲများကား မြန်မာနိုင်ငံ ပရိယတ္တိစာပေလောက၏ အထင်ကရ "ဒေါက်တိုင်ကြီး သုံးတိုင်" ပင်ဖြစ်ချေ၏။

''သာသနာလက်ံာရသာမဏေကျော်''

ကိုးတိုင်းကိုးဌာနကို ဗုဒ္ဓသာသနာ ပြန့်ပွါးအောင်ဆောင်ရွက်ခဲ့သော ဓမ္မရာဇာမင်းတရားမှာ "အသောကမင်းကြီး"ပင်တည်း။ထိုမင်းတရား၏ ကျေးဇူးကြောင့် ယနေ့ မြန်မာ ပြည်သူပြည်သားများသည် "ရှင်တော်မြတ်ဘုရား၏ အေးမြသည့် အရိပ်"ကို ခိုလှုံနေရခြင်းဖြစ်၏။ ယင်းသို့ ခိုလှုံရသောကြောင့် နှလုံးစိတ်ဝမ်း အေးချမ်းနေကြခြင်းဖြစ်ပေသည်။

"အရင်းစစ်လျှင် အမြစ်မြေ"က ဆိုသကဲ့သို့ အသောကမင်းတရားကြီးသည် ယင်းကဲ့သို့ နိုင်ငံမျိုးစုံ ဒေသမျိုးစုံတို့၌ ထေရဝါဒ ဖောင်ဒေးရှင်းကို တည်ဆောက်နိုင်ခြင်းမှာ သာမဏေကျော် ရှင်နိုင်္ဂြောဓ၏ ကျေးဇူးကြောင့်ပင်တည်း။ ကိုရင်နိုင်္ဂြောဓသည် ဘုရင်အသောက၏ နှလုံးသားထဲသို့ "အပွမဒေါ အမတံ ပဒံ" သတိတရားဟာ မသေခြင်းရဲ့ အကြောင်းတရားပဲ ဟု စသည်ဖြင့် ဓမ္မမျိုးစေ့ကို ချခဲ့၏။ ယနေ့ကမ္ဘာ့နေရာတော်တော်များများ၌ ရောက်ရှိနေသော ဓမ္မရောင်ခြည်များသည် ကိုရင်နိုင်္ဂြောဓ ချခဲ့သော မျိုးစေ့မှ ပေါက်ဖွားလာသော "အသီး, အပွင့်"တို့ ပင်တည်း။

ဤအချက်ကို ကောင်းကောင်း သဘော ပေါက်သော အသင်းလူကြီးများသည် သာသနာ့အခြေခိုင်စေဖို့အတွက် ရှင်နိုင်္ဂြောဓကဲ့သို့သော သာမဏေကျော်ကို ရင်များကို မွေးထုတ်ပေးချင်၏။ ထို့ကြောင့် သာသနာလက်ံာရ သာမဏေကျော်စာတော်ပြန်ပွဲကို ကျင်းပပြုလုပ်ကြလေသည်။

သာသနာလက်ံာရ သာမဏေကျော် စာတော်ပြန်ပွဲသည် ပိဋကတ်စာပေကို စတင်ခြေလှမ်းသည့် ရှင်သာမဏေများအတွက် ဖြစ်၏။ သာမဏေကျော်စာပြန်ပွဲ "နည်းစနစ်" သည် အလွန်ကောင်းသောကြောင့် အချိန်တိုအတွင်းမှာပင် ပိဋကတ်စာပေ အတတ်မြန်လှ၏။ ထို့ကြောင့် ယင်းသာမဏေကျော် စာမေးပွဲကို မထေရ်အဆူအဆူတို့ကနှစ်ခြိုက်တော်မူကြ၏။

အသင်းကြီးမှ မွေးထုတ်ပေးလိုက်သော သာမဏေကျော်ဘွဲ့ရပုဂ္ဂိုလ်များကို ပရိယတ္တိစာသင်တိုက်ကြီးများက အထူးအလေးထားပြီး

http://www.dhammadownload.com

နေရာပေးလျက်ရှိသည်ကို တွေ့ရပေသည်။ ဆရာသခင်ကျေးဇူးရှင် သီတဂူဆရာတော် ကလည်း "ငါတို့ဗုဒ္ဓတက္ကသိုလ်မှာ သာမဏေကျော်ဘွဲ့ရ ရဟန်းတွေကို ဦးစားပေးပြီးခေါ်ရမယ်၊ ဘာ့ကြောင့်လဲဆိုတော့ သူတို့က ပါဠိကို ကောင်းကောင်းတတ်တယ်, ပိဋကတ်ကိုလည်း နှံ့နှံ့စပ်စပ်သိတယ်"ဟုမိန့်တော်မူဖူးပါသည်။

လူတိုင်းလူတိုင်းက "ပတ္တမြား"ကို သဘောကျကြသည်မှာ သူ့"အဆင်း"နှင့် သူ့ "အရည်အချင်း"ကြောင့်ပင်ဖြစ်၏။ ထိုနည်း တူစွာပင် သာမဏေကျော်ဘွဲ့ရ ကိုယ်တော်လေး များဆိုရင် စာသင်တိုက်ကြီးများကလည်း ကြိုဆို၊ တရားပြ ဌာနကြီးများကလည်းလိုချင်၊ တက္ကသိုလ် များကလည်းဖိတ်ခေါ်၊ တိပိဋကနိကာယ ကျောင်းတိုက်ကြီးများကလည်း လိုလိုလားလား ရှိနေကြသည်မှာ "အရည်အချင်း" ပြည့်ဝသော ကြောင့်ပင် မဟုတ်ပါလော။ ယင်းအရည်အချင်း ကို တောက်ပြောင်အောင် သွေးပေးသည့်သူမှာ အခြားမဟုတ်၊ "ပရိယတ္တိ သာသနဟိတ" တည်းဟူသော ကျောက်သွေးသမားပင် ဖြစ်ပေ သည်။

"ပရိယတ္တိသာသနဟိတဓမ္မာစရိယ"

"အဲဒီဆရာတော်ကြီးက စာသိပ်တော် တာ၊ သက္ကသီဟဘွဲ့ရပြီးသား။ အခုစာချနေတဲ့ ဆရာတော်က စာတော်တာမပြောနဲ့၊ အဘိဝံသ ကြီးပဲ"ဟု အခြားခြားသော သီတင်းသုံးဖော်များ၏ ပြောစကားကြောင့် မိမိသည် ငယ်ရွယ်စဉ် ကိုရင်ဘဝကပင် "သက္ကသီဟ၊အဘိဝံသ" ဟူသော စကားလုံးတို့ကို ကြားခဲ့ရ၏။ စာသင် သားလောက၌ "သက္ကသီဟ၊ အဘိဝံသ" ဟူသော စကားလုံးတို့သည် အလွန်ရေပန်းစား လှ၏။ ထိုသက္ကသီဟဆိုသည်မှာ အခြားမဟုတ်၊ ဤ" ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"ပင် ဖြစ်သည်။ "အဘိဝံသ" ဆိုသည်မှာလည်း ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ရရှိသော ရဟန်း တော်များ၏ ဘွဲ့နာမည်နောက်မှတွဲစပ်၍ ထည့်ရ သော ပါဠိပုဒ်တစ်ခုဖြစ်ပေသည်။

ထို"ပရိယတ္တိသာသနဟိတ(သက္ကသီဟ) ဓမ္မာစရိယ"သည် ခက်သလားဟုမေးလျှင် အဖြေ ပေးဖို့ မလွယ်ကူလှပေ၊ တချို့က "အလွန်ခက်ခဲ သည်"ဟုပြော၏။ တချို့က "အလွန်အမင်း မခက် ပါဘူး"ဟုပြော၏။ ခက်သည်ဟုပင်ဆိုဆို၊ မခက် ဘူးဟုပင်ပြောပြော၊ ထို "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"သည် နာမည်ကြီးသည်ကတော့ အမှန် ပင်ဖြစ်သည်။

ပရိယတ္တိလောကမှာပဲကြည့်ကြည့်၊ ပဋိပတ္တိလောကမှာပဲကြည့်ကြည့် မြန်မာ သာသနာ ထိပ်ပိုင်း၌ အလုပ်လုပ်နေသည့် ဆရာတော်ကြီး များကိုကြည့်လျှင် များသောအားဖြင့် ဤအသင်း ကြီးက ဆက်ကပ်သော ဘွဲ့တံဆိပ်ရဆရာတော် များဖြစ်နေသည်ကိုတွေ့မြင်ရပေမည်။

http://www.dhammadownload.com

စာသင်တိုက်ကြီးများကို တည်ထောင်ဖန်ဆင်းနေသည့် ဆရာတော်ကြီးများ, စာကြီးပေကြီးများကို ပို့ချနေသည့် ဆရာတော်ကြီးများ, ကျမ်းပေါင်းအဆူဆူကို ပြုတော်မူသည့်ဆရာတော်ကြီးများ နိုင်ငံတကာ၌ ဝိပဿနာတရားပြနေသည့် ဆရာတော်ကြီးများ, သာသနာ့ရန်စွယ် မိစ္ဆာဝါဒကို သုမ်သင်ရှင်းလင်းသည့် ဆရာတော်ကြီးများ, အမှားအမှန် ဆုံးဖြတ်တော်မူကြသည့် ဝိနိစ္ဆယဆရာတော်ကြီးများသည် များသောအားဖြင့် ဤအသင်းကြီးက ဆက်ကပ်သောဘွဲ့တံဆိပ်ရ ဆရာတော်များပင်ဖြစ်ပေသည်။

မစိုးရိမ်တိုက်ကြီး၌ကား ဤ "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"ဘွဲ့ ရမှသာလျှင် နာယကဆရာတော်အဖြစ် တရားဝင်ခန့်အပ်၏။ ဤဘွဲ့မရလျှင် မစိုးရိမ်တိုက်ကြီး၌ "နာယကဆရာတော်" ဖြစ်ခွင့်မရှိ။ အလွန်ခိုင်ခံ့သော "စည်းမျဉ်းဥပဒေ"ဖြစ်၏။ မစိုးရိမ်တိုက်ကြီး၏ အသက်မှာအခြားမဟုတ်။ ဤ "ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ"ပင် ဖြစ်ပေသည်။ တချို့ကျောင်းတိုက်ကြီးများ၌ ယင်းကဲ့သို့ စည်းမျဉ်းဥပဒေ မခိုင်မာသောကြောင့် နောက်နောင်ဆရာများ၏ လက်ထက်၌ တိုးတက်မှုမရှိ ဘဲဆုတ်ယုတ်ကျဆင်းသွားလေတော့သည်။

ဤဘွဲ့တံဆိပ်ရရှိသည့် ရဟန်းတော်များကို အတူနေသီတင်းသုံးဖော်များက လေးလေးစားစား ဆက်ဆံကြ၏။ သာသနာ့ထိပ်ခေါင်ဆရာတော်ကြီးများကလည်း လေးလေးစားစားပင် ဆက်ဆံကြ၏။ ပညာကို တန်ဖိုးထားကြခြင်းပင်တည်း။ မိမိနှင့်ရင်းနှီးသော ကိုရီးယားသီလရှင်လေးတစ်ပါးရှိ၏။ သူကား ရန်ကုန်ထေရဝါဒတက္ကသိုလ်၌ ကျောင်းတက်ဖူး၏။ မိမိကို ဤဘွဲ့တံဆိပ်ကို ရမှန်းသိသောအခါ "အရှင်ဘုရား သကျသီဟ(ပရိယတ္တိသာသနဟိတဓမ္မာစရိယ)ဘွဲ့ရပြီးပြီလား၊ ဟာ...သိပ်တော်တာပဲ၊ ဒီသကျသီဟက ရဖို့မလွယ်ဘူးနော်၊ ရန်ကုန်ထေရဝါဒတက္ကသိုလ်က ပါမောက္ခချုပ်ဆရာတော်နှင့် ဗန်းမော် ဆရာတော်တို့က သကျသီဟဘွဲ့ရပြီးပြီပဲ၊ စာသိပ်တတ်တယ်၊ ထေရဝါဒတက္ကသိုလ်မှာ ကျောင်းတက်နေတဲ့ ကိုယ်တော်လေးတွေက ပြောပြလို့ ဒီသကျသီဟစာမေးပွဲအကြောင်းတပည့်တော် ကောင်းကောင်းသိတယ်၊ သိပ်ခက်တယ်လို့ ပြောကြတယ်၊ စည်းကမ်းလည်း တိကျတယ်တဲ့"ဟု ပြောပြလေ၏။

နှင်းဆီပန်းကို လူတိုင်းကြိုက်ခြင်းသည် "သူ့အလှ"နှင့် "သူ့ရနံ့"ကြောင့်ဖြစ်၏။ ထိုနည်းတူစွာပင် ဤဘွဲ့တံဆိပ်ကို ရရှိသောသူများကိုလည်း ရဟန်းရှင်လူအားလုံးတို့က လေးစားကြခြင်း ကြည်ညိုကြခြင်းမှာလည်း "စစ်မှန်သောအရည်အချင်း" ရှိသောကြောင့်ပင် ဖြစ်ပေသည်။ ယင်းစစ်မှန်သော အရည်အချင်းကို ပြုစုတည်

http://www.dhammadownload.com

ထောင်ပေးသူမှာ အခြားမဟုတ်၊ "ပရိယတ္တိသာသနဟိတ"တည်းဟူသော ဥယျာဉ်မှူးကြီးပင် ဖြစ်ပေသည်။



''နိကာယ်စာတော်ပြန်ပွဲ''

"သဒ္ဓါယ တရတိ ဩဃံ –ယုံကြည်မှုသည် သံသရာတည်းဟူသောဝဲကြီးကို (သို့မဟုတ်) အခက်အခဲမှန်သမျှကို (သို့မဟုတ်) သာသနာ့ရန်စွယ် အန္တရာယ်များ ကိုကျော်လွှားနိုင်၏"ဟု ဆိုသည့်အတိုင်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ ယုံကြည်မှု "သဒ္ဓါတရား" ရှိဖို့လိုအပ်၏။ ရှင်ရဟန်းများသည် ယင်းယုံကြည်မှုတရား ပပျောက်လျှင် သာသနာတော်ကို တည်တန့်အောင် မလုပ်နိုင်တော့ပေ။

ထို့ကြောင့် အသင်းကြီးက ရဟန်းတော်များ ယုံကြည်မှုသဒ္ဓါတရား တိုးပွါးဖို့အတွက် နိကာယ်စာတော်ပြန်ပွဲကြီးကို ကျင်းပလျက်ရှိပေသည်။ ယင်းသို့ ကျင်းပခြင်းကြောင့် ရဟန်းတော်များသည် ဘုရားစကားတော်များကို အလွတ်ကျက်မှတ်ရ၏။ ယင်းသို့ ကျက်မှတ်ရသဖြင့် ရတနာသုံးပါးကို ယုံကြည်သည့် သဒ္ဓါတရားများ တိုးပွါး၍လာလေ၏။

ထို့ကြောင့် မင်းကွန်းဆရာတော်ကြီးသည် ရဟန်းတော်များ နိကာယ်ကျမ်းကြီးများကို ချမ်းချမ်းသာသာ ကျက်မှတ် သင်ယူနိုင်ဖို့အတွက် မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့၏။ ဗန်းမော်ဆရာတော်ကြီးသည် ယင်းကျောင်းတိုက်ကြီး၌ ၅–နှစ်တိုင်တိုင် စာချနာယကချုပ်အဖြစ်ဖြင့် စာချပေးတော်မူပြီး သာသနာ့အုတ်မြစ်ချတော်မူခဲ့ပါသည်။

ယနေ့ခေတ်ပေါ် တိပိဋကဓရဆရာတော်များသည် ဤအသင်းကြီး၏ စာတော်ပြန်ပွဲများ ကို တစ်ပွဲမဟုတ်တစ်ပွဲ များသောအားဖြင့် ဝင်ရောက်ဖြေဆိုခဲ့ဖူးကြလေသည်။ မင်းကွန်းဆရာတော်ကြီးသည်ပင် ဤအသင်းကြီးက ဆက်ကပ်သော ရွှေတံဆိပ်ဆုရှင် ဝဋ်သကာဘွဲ့ရ ပုဂ္ဂိုလ်ထူးကြီး

http://www.dhammadownload.com

ပင်ဖြစ်ပေ၏။ "တိပိဋကဆရာတော်"များ တစ်ပါး ပြီးတစ်ပါး ပေါ်ထွက်ဖို့အတွက် အသင်းကြီးက ကြီးမားသောအထောက်အပံ့ကို ပေးလျက်ရှိပေ၏။ ထို့ကြောင့်ကမ္ဘာကျော် တိပိဋကစာမေးပွဲကြီး၏ "အခြေခံအုတ်မြစ်"ကို တည်ဆောက်နေသောသူမှာ အခြားမဟုတ်၊ "ပရိယတ္တိသာသနဟိတ" အမည်ရသည့် ဗိသုကာကြီးပင် ဖြစ်ပေသည်တကား။

ကမ္ဘာကျော် စာရေးဆရာကြီး တစ်ယောက်သည် ဘုရားရှင်ကိုယ်တော်မြတ်ကို အလွန်လေးစားကြည်ညိုု၏။ ထို့ကြောင့် သူက "ဘုရားရှင်ကိုယ်တော်မြတ်၏အကြောင်း ပို၍သိရလေလေ၊ ဘုရားရှင်ကိုယ်တော်မြတ်ကို ပို၍ကြည်ညိုလေလေ"ဟု ပြောခဲ့ဖူးလေသည်။ မိမိသည်လည်း ပရိယတ္တိအသင်းကြီးကို အလွန်လေးစား၏၊ မြတ်နိုး၏၊ တန်ဖိုးထား၏။ ထို့ကြောင့် "ပရိယတ္တိအသင်းကြီး၏အကြောင်းကို ပို၍သိရလေလေ ပရိယတ္တိ အသင်းကြီးကို ပို၍လေးစားလေလေ"ဟုပြောချင်ပါတော့သည်။

သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သည့် ပရိယတ္တိသာသနဟိတအသင်းကြီးသည် ဗန်းမော်ဆရာတော်ကြီးအတွက် အလွန်အရေးပါလှပေသည်။ ဆရာတော်ကြီးသည် ၁၃၁၄-ခုနှစ်က ဤအသင်းကြီးက ကျင်းပသော သီးခြားစာသင်တန်း၌ အမှတ်အများဆုံးနံပါတ်(၁)မှ အောင်မြင်ခဲ့ပြီး ၁၃၁၅ -ခုနှစ်တွင် ဓမ္မာစရိယကျမ်းကြီး၃-ကျမ်းကို နှစ်မခြားဘဲ နံပါတ်(၁)မှပင် အောင်မြင်သောကြောင့် ရွှေတံဆိပ်ဆု ဝင်္ဆံသကာဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ ပါဠိစာပေဆိုင်ရာ အရည်အချင်းမှာ သူမတူအောင် ထူးချွန်ထက်မြက်နေခြင်း ဖြစ်ပေသည်။

ထေရီအပဒါနဒီပနီနှင့် မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်းတို့ကို ပါဠိဘာသာဖြင့် ရေးသားပြန်ဆိုတော်မူခြင်းကို ကြည့်သောအားဖြင့် ဆရာတော်ကြီးသည် ပါဠိစာပေထူးချွန်သော "သာသနာ့အာဇာနည်တစ်ပါး" ဖြစ်တော်မူကြောင်းကို ကောင်းကောင်းကြီးမှတ်ချက်ချနိုင်ပေသည်။

တချို့ဆရာတော်များသည် ပိဋကတ်စာပေကို တတ်မြောက်ကြသော်လည်း ကျမ်းပြုခြင်း, စာရေးခြင်း ပြုလုပ်တော်မမူကြသောကြောင့် ထိုဆရာတော်များ၏ "အယူအဆ၊ အတွေးအခေါ်၊ ဒဿန"တို့သည် တာမှာကြွေသောပန်းကဲ့သို့ ပျောက်ကွယ်သွားကြသည်မှာ နှမြောစရာကောင်းလှပေသည်။ ဗန်းမော်ဆရာတော်ကြီးကား ထိုသို့မဟုတ်ပေ။ စာပေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သကဲ့သို့ စာပေကျမ်းဂန်များကိုလည်း ရေးသားတော်မူခဲ့လေသည်။ စာတတ်ပေတတ် ရဟန်းတော်များ အတုယူသင့်လှ၏။

ဆရာတော်ကြီးသည် ပရိယတ္တိစာပေကို သာ ထူးချွန်သည်မဟုတ်ပေ။ လောကီ ဘာသာရ

http://www.dhammadownload.com



စာပေများကို တတ်ကျွမ်းတော်မူ၏။ ထို့ကြောင့် လောကီစာပေဆိုင်ရာ **B.A** ဘွဲ့ကို လည်း မန္တလေး တက္ကသိုလ်မှ ရရှိခဲ့ပါသည်။ "ရဟန်းတော်များသည် လောကီဘွဲ့ကိုရလျှင် လူထွက်ကြလိမ့်မည်"ဟု ထိုခေတ်က ထင်မြင်ယူဆကြ၏။ ထို့ကြောင့် ဘာသန္တရစာပေကို လေ့လာမှုအားနည်းသော ရှေးခေတ်မှာ ယခုကဲ့သို့ လောကီဘွဲ့တံဆိပ်ကို ရရှိဖို့ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်ပေ။ တကယ် သိချင်စိတ်,တတ်ချင်စိတ်ရှိသောကြောင့် သာ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ပြီး လောကီဘွဲ့တံဆိပ်ကို ရအောင်ယူခဲ့ရပါသည်။

"လမ်းရိုးဟောင်းတွင်ဆင့်ကာထွင်" ဆိုသကဲ့သို့ ရှေးခေတ် ပညာရေးစနစ်ကို ခေတ်သစ် ပညာရေးစနစ်ဖြင့် ရောစပ်မွှေနှောက်ပြီး လေ့လာသင်ကြားခဲ့သောကြောင့် ဆရာတော်ကြီးသည် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုမှာ ပညာရှင်တို့၏ အားကိုးရာ "ပညာရှင်ပုဂ္ဂိုလ်ကျော်" အဖြစ် ထင်ရှားကျော်ကြားနေခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာပြန့်ပွားရေးကို အထူးတလည် စိတ်ဝင်စားကြသည့် ရှင်ရဟန်းတို့သည် ဗန်းမော်ဆရာတော်ကြီးကဲ့သို့ လောကီ လောကုတ် စွယ်စုံတတ်မြောက်အောင် လေ့လာဆည်းပူးသင့်လှပေသည်။

အရှင်ဒေဝိန္ဒာဘိဝံသ(သီတဂူ)
သီရိလင်္ကာ

သက္ကရာဇ်

(၁) ဘုန်းမိုးလူ့ဗျား၊ ဘုရားရှင့်ဘိုး၊ နေမျိုးဝံသ၊ အဥ္ဇနနှင့် (၂) ဇာတသတ္တု၊ (၃) သုမုန္ဒရီ မဟီပိုင်သ (၄)သံဃရာဇာ မင်းမြတ်စွာတို့ (၁) ဗာဏာဇောဆ (၂) အဌပညတ် (ဏဝစန္ဒ ကိန်း= ၈၆၄၅)၊ (၂)အင့် ဇယျအေး(၁၄၈)၊ (၃) ဒွေဒွေရသ(၆၂၂)၊ (၄)ခဆ ပဥ္စမံ(၅၆၀) ကိန်းစီမံ၍ အာလမ္ပိက (၁၃၃၀) ဖြိုချပြီးနောက် များမြောက်ဂေါဇာ။

(သဒ္ဒါနုသာရီသတ်ပုံကျမ်း)

အာလမ္ပိက = အဌဇယဇော၊ ဒေါဒေါရသ၊ ခဆ ပဥ္စ ပေါင်း

(၁)ဏဝစန္ဒကိန်း–ဘိုးတော်အဥ္ဇနမင်းကြီးသည် သက္ကရာဇ်ရှည် ၈၆၄၇–ခုနှစ်တွင် ဏဝစန္ဒကိုဖြို၍ ၂ခုကြွင်းထားကာ ရေတွက်သော သက္ကရာဇ်သည် မဟာသက္ကရာဇ်။

(၂) အဌဇယဇောကိန်း–အဇာတသတ်မင်းနှင့် အရှင်မဟာကဿပတို့သည် ဘုရားပရိနိဗ္ဗာန်ပြုသော ၁၄၈ကို ချေ၍ အကြွင်းတစ်ခု ထားခဲ့၏၊ သာသနာနှင့် ဂေါဇာ အညီတည်း။ (သရေခေတ္တရာ သိရီရာဇ်မင်းသည် သက္ကရာဇ် ၄၂၄ကို ၁ခုကြွင်းထား၍ ဖြိုသောဟူ၏၊ ကိန်းလက်မမြောက်၍ မပြို)။

(၃) ဒေါဒေါရသကိန်း–သရေခေတ္တရာပြည်၌ပင် သုမုန္ဒရီမင်းကြီးသည် (နန်းတက်၍ ၇–နှစ် အကြာတွင်) သက္ကရာဇ်ရှည် ၆၂၄ကို ၆၂၂ခု ဖြို၍ အတိုသက္ကရာဇ် ၂ခု ထားခဲ့၏၊ ထိုမှစ၍ သာသနာ ဂေါဇာ မညီခဲ့၊ သို့သော် သကနှစ်နှင့်ကားညီ၏။

(၄)ခဆပဥ္စကိန်း–ပုဂံပြည်ပုပ္ပါးစောရဟန်းသည်မင်းဖြစ်၍ ၇၇နှစ်အကြာတွင် သက္ကရာဇ်၅၆၂ကို၅၆၀ဖြို၍ ၂ခုအကြွင်းထားခဲ့၏။

http://www.dhammadownload.com

လုံအောင်ဆန္ဒများ ပြည့်ဝခဲ့ရပါသည်

အရှင်ပညောဘာသာလင်္ကာရ
တိ=နှိ မိုးမိတ်ကုန်းပြေ မင်းကွန်း



http://www.dhammadownload.com

(က)

"အဲဒီကားက ဗန်းမော်ဆရာတော်ကြီးရဲ့ကား၊ မန္တလေး ပရိယတ္တိသာသနဟိတ အသင်းကြီးကနေ ဝဋ်သကာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးရှိတဲ့အထဲက ဘုန်းကြီးဘဝ သက်ရှိထင်ရှားဆိုလို့ ဒို့ဆရာတော်နှင့် ဗန်းမော်ဆရာတော်ကြီး ဒီနှစ်ပါးပဲ ရှိတော့တာ၊ အဲဒီတော့ ပရိယတ္တိသာသနဟိတ အသင်းကြီး ရဲ့ ရာပြည့်ပွဲတော်ကြီးကျင်းပတဲ့အခါ ဝဋ်သကာဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးက သံဂါယနာတင်သလို အမေး+အဖြေ ပြုလုပ်ဖို့ အတွက် ကြိုတင်ပြင်ဆင်ရန် ကြွလာတာဖြစ်တယ်"။

အထက်ပါစကားကို မိမိ သာမဏေကျော်စာမေးပွဲဝင်နေစဉ် အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်သို့ ရောက်သွားခိုက် အောင်ချမ်းသာဆရာတော်၏တပည့်ဖြစ်သော သူငယ်ချင်းတစ်ပါးအထံမှ ကြားသိရသော စကားဖြစ်ပါသည်။

မိမိသည် ထိုစဉ်က အသက် (၁၅) နှစ်သာရှိသေးသော ငယ်ရွယ်သူဖြစ်သောကြောင့် ဗန်းမော်ဆရာတော်၏ အကြောင်းကို ထိုအခါမှ စတင်သိရှိ၍၊ ဗန်းမော်ဆရာတော်၏ မော်တော်ကားကို စတင်မြင်ဘူးရုံသာရှိပါသည်။

ထိုအချိန်မှစ၍ ဗန်းမော်ဆရာတော်ကို ဖူးတွေ့လိုသောဆန္ဒ၊ ဆရာတော်အထံမှ ဩဝါဒကထာများကို နာယူလိုသော ဆန္ဒ၊ ဆရာတော်အထံမှ စာပေဗဟုသုတများကို သင်ယူမှတ်သားလိုသော ဆန္ဒ၊ ဖြစ်နိုင်ပါက ဆရာတော်နှင့် စာပေရေးရာများ ဆွေးနွေးလိုသောဆန္ဒ– စသည်ကောင်းမွန်သောဆန္ဒများ တဖွါးဖွါး ဖြစ်ပွားခဲ့ပါသည်။

သို့သော် အခြေအနေမပေးသေးသဖြင့် ထိုဆန္ဒများ ပြည့်ဝရေးအတွက် အခွင့်အလမ်းများ ရေးရေးမျှပင် ပေါ်မလာခဲ့ပါ။

အချိန်ကာလများ တဖြေးဖြေး ရွှေ့လျားလာသည်နှင့်အတူ မိမိသည်လည်း သာမဏေကျော်၊ ဓမ္မာစရိယ၊ ဝိနယဓရဘွဲ့များ ရရှိအောင်မြင်ကာ ရဟန်းခံပြီး ၁၃ဖြ၅ ခု၊ နယုန်လတွင် မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကဓရ = နိကာယ ကျောင်းတိုက်ကြီးသို့ ရောက်ရှိခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနှစ်၌ပင် တိပိဋကဓရ = နိကာယ ရွှေရတု ငွေရတုပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းနှင့်လည်း မိမိကြုံခဲ့ပါသည်။ သံဃာအသစ်ဖြစ်သောကြောင့်လည်း ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခွင့်ရရုံမှလွဲ၍ အခြားမည်သည့် နေရာမှမပါဝင်ခဲ့ရပါ။ ထို့ကြောင့်ပင် တိပိဋကဓရ = နိကာယ ရွှေရတု ငွေရတုပွဲတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာသော ဗန်းမော်ဆရာတော်ကြီးကို ဖူးမြော်ခွင့်၊ ဆရာတော်ကြီးအထံမှ ဩဝါဒကထာ နာယူခွင့်

http://www.dhammadownload.com

ဟူသော အခွင့်အရေးများ လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

၁၃၆၆–ခုနှစ် ရမ္မာဝတီ တိပိဋကဓရ ဆရာတော်၏ မွေးနေ့ပွဲသို့ ဗန်းမော်ဆရာတော်ကြီး ကြွရောက်ချီးမြှောက်တော်မူသဖြင့် မိမိဘဝမှာ ပထမဆုံး ဗန်းမော်ဆရာတော်ကြီးကို ဖူးမြော်ခွင့်၊ ဆရာတော်ကြီးအထံမှ သြဝါဒကထာ နာယူခွင့် ရရှိခဲ့ပါသည်။ ထိုမွေးနေ့ပွဲ အခမ်းအနား၌ ဆရာတော်ကြီးသည် ဘုရားအလောင်းတော်များ ပါရမီဖြည့်တော်မူပုံ၊အဓိကပဓာနအားဖြင့် ဂေါတမမြတ်စွာဘုရားအလောင်း ပါရမီဖြည့်တော်မူပုံနှင့် ပတ်သက်၍ အကျယ်တဝင့် သြဝါဒပေးတော်မူပါသည်။ မိမိတို့လူငယ်များ မသိရှိသေးသော အချက်အလက်များ စုံလင်စွာပါဝင်သဖြင့် လွန်စွာအကျိုးရှိကာ မိမိ၏လိုအင်ဆန္ဒအချို့ ပြည့်ဝခဲ့ပါသည်။

(ခ)

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးသည် တစ်နှစ်လျှင်သုံးကြိမ် စာမေးပွဲများကျင်းပလျက်ရှိရာ တပေါင်းလ နိဂၢဟ်စာမေးပွဲ၌ မိမိသည် ၁၃၆၇–ခုနှစ်တွင် ပါစိတ်ပါဠိတော်ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ထိုနှစ် စာအောင်သံဃာပူဇော်ပွဲ အခမ်းအနား၌ ဗန်းမော်ဆရာတော်ကြီးအထံမှ သြဝါဒကထာနာယူခွင့် ကြုံခဲ့ရပြန်ပါသည်။ ဆရာတော်ကြီးက သြဝါဒပေးရာ၌ မိမိတို့ စာအောင်သံဃာများကို အဓိကပဓာနထား၍ "အရှင်ဘုရားတို့အနေဖြင့် စာမေးပွဲဖြေဆိုရုံလောက်သာမကဘဲ နိကာယ်ကျမ်းများ ကို နှံ့စပ်အောင်လေ့လာစေလိုကြောင်း၊ ဘုန်းကြီးတို့ ဆိုရင် ဆဋ္ဌသံဂါယနာတင်တဲ့ ခေတ်မှီခဲ့လို့ ပါဠိ+ အဋ္ဌကထာ + ဋီကာကျမ်းများကို စုံလင်အောင် ခေါင်းထဲမှာစွဲနေအောင် လေ့လာမှတ်သားခွင့်ရခဲ့ကြောင်း အစချီကာ လယ်တီဆရာတော်ကြီး အကြောင်းကို ဆက်လက်မိန့်ကြားသည်မှာ...

ရတနာပုံခေတ်က လယ်တီဆရာတော်ကြီး ပါဠိ + အဋ္ဌကထာ + ဋီကာများကို လေ့လာပုံမှာ လွန်စွာမှတ်သားထိုက်ကြောင်း၊ လယ်တီဆရာတော်ကြီးက စာတတ်လို၍ ယောမင်းကြီး ဦးဖိုးလှိုင်ကို သွားရောက်မေးမြန်းရာ ယောမင်းကြီးက "စာတတ်လိုလျှင် ပါဠိတော်ကို အပြီးအဆုံးပေါက်အောင် လေ့လာပါဘုရား" ဟု လျှောက်ထားလိုက်ပါသည်။ လယ်တီဆရာတော်ကြီးက ပါဠိတော်လေ့လာမှု ပြီးဆုံးသောအခါ ထပ်၍မေးပြန်ကြောင်း ထိုအခါ ယောမင်းကြီးက "ပါဠိတော်ကို အဋ္ဌကထာနှင့်တွဲဖက်၍ လေ့လာပါဘုရား"ဟု လျှောက်ထားလိုက်ပြန်ပါသည်။ ဆရာတော်သည် ပါဠိ + အဋ္ဌကထာ တွဲဖက်လေ့လာမှု ပြီးဆုံးသောအခါ ယောမင်းကြီးကို တဖန် မေးမြန်းပြန်ကြောင်း ထိုအခါ ယောမင်းကြီးက "ပါဠိ+ အဋ္ဌကထာကို ဋီကာနှင့် တွဲ၍ လေ့လာပါဘုရား" ဟု လျှောက်ထားလိုက်ပြန်ပါသည်။

http://www.dhammadownload.com

ဆရာတော်ကြီးက ပါဠို + အဋ္ဌကထာ + ဋီကာ တွဲဖက်လေ့လာမှု ပြီးစီးသောအခါ ယောမင်းကြီးကို မေးပြန်ကြောင်း ထိုအခါ ယောမင်းကြီးက ' 'ဒါဖြင့် အရှင်ဘုရား စာတတ်, မတတ်သိရအောင် ကျမ်းစာများ ရေးသားပါဘုရား" ဟု လျှောက်ထားလိုက်ပါသည်။ ထိုအချိန်မှစ၍ လယ်တီဆရာတော်ကြီးသည် ကျမ်းစာပေါင်းများစွာကို ပြုစုရေးသားခြင်းဖြစ်ကြောင်း" သွန်သင်ညွှန်ပြ ဆုံးမသြဝါဒ ပေးတော်မူပါသည်။

ဤတစ်ကြိမ် ဗန်းမော်ဆရာတော်ကြီး အထံမှ သြဝါဒနာယူခဲ့ရာတွင် မိမိအနေဖြင့် အတိုင်းမသိ ပီတိဖြစ်ကာ လိုအင်ဆန္ဒ ပြည့်ဝခဲ့ရပါသည်။



(၈)

မောင်းထောင်၊ မြေဇင်းတောရ ဆရာတော်ကြီးသည် ၁၃၆၇-ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်သော "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခဲ့ပါသည်။ တပည့်ဒကာဒကာမများက မြေဇင်းတောရဆရာတော်ကြီးအား အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် အလှူခံ ရရှိခြင်းအထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲကို ရန်ကင်းတောင်ခြေ မြေဇင်းတောရရိပ်သာခွဲ၌ ကျင်းပရာ ဗန်းမော်ဆရာတော်ကြီးလည်း ကြွရောက်လာပါသည်။ မိမိသည် သူငယ်ချင်းတစ်ပါးနှင့်အတူ မိုးမိတ်ကုန်းမြေမှ ရန်ကင်းတောင်ခြေ မြေဇင်းတောရရိပ်သာခွဲသို့ ကိုယ့်အစီအစဉ်နှင့်ကို သွားရောက်ခဲ့ပါသည်။

အခမ်းအနားကို နံနက်ခင်းအပြီး ဆောင်ရွက်ကာ နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ ပူဇော်ပွဲ ပြီးသွားပါသည်။ မိမိနှင့် သူငယ်ချင်းသည် အပြန်ခရီးတွင် ဗန်းမော်ဆရာတော်ကြီး မော်တော်ကားဖြင့် မန္တလေးအထိ စီးနင်းလိုက်ပါခွင့် ရခဲ့ပါသည်။ ဆရာတော်ကြီးက မျက်စိကိုနေရောင်ထိုးသောကြောင့်ဟု ဆိုကာ ကားရှေ့ခန်းမှာမထိုင်ဘဲ မိမိနှင့်အတူ နောက်ခန်းမှာသာထိုင်၍ လိုက်ပါခဲ့ပါသည်။ လမ်းခရီးတွင် ဆရာတော်ကြီးက "အရှင်ဘုရားတို့လည်း ပရိယတ္တိချည်းသာ အချိန်

http://www.dhammadownload.com



မကုန်ဘဲ ပဋိပတ္တိကိုလည်း ပြုလုပ်သင့်ကြောင်း ယခု မြေဇင်းတော်ရဆရာတော်ကြီး၏ နည်းလမ်းသည် ရိုးရှင်းလွယ်ကူကြောင်း၊ စမ်းသပ်ကြိုးစား အားထုတ်သင့်ကြောင်း၊တိုက်တွန်းစကား မိန့်ကြား၍ နန်းရှေ့ဈေးအရောက်တွင် "ဤဈေးကြီးက နန်းတော်ကြီးရဲ့ အရှေ့ဘက်မှာ တည်ရှိသဖြင့် သီးခြားနာမည်မတွင်ဘဲ နန်းရှေ့ဈေး" ဟု ခေါ်ဆိုကြောင်း၊ တဖန် ကျူးကေားရောက်ပြန်သော အခါ နန်းမြို့ရိုးကြီးကို လက်ညှိုးညွှန်လျက် "ဒါက ပစ်စဉ်၊ ဒါက သူရဲခိုး၊ ဒါကိုတော့ ပြအိုး" ဟု ခေါ်ဆိုကြောင်း၊ တပည်တော်တို့ မန္တလေးမြို့မှာ နန်းတော်ကြီးရဲ့ လေးဘက်လေးတန်ရှိလမ်းများကို ပြအိုးတစ်နေရာတွင် လမ်းတစ်လမ်း ဖောက်လုပ်ထားသဖြင့် မန္တလေးမြို့နေလူထုက တစ်လမ်းနှစ်လမ်းစသည် မခေါ်တွင်ဘဲ တစ်ပြနှစ်ပြ စသည် ခေါ်ဆိုပါကြောင်း" ဟုမိန့်ကြားသည်ကို ဗဟုသုတအဖြစ် နာယူမှတ်သားခွင့်ရခဲ့ပါသည်။

ယခင်က ရွှေမန်းမြို့သူမြို့သားတို့ရဲ့ တစ်ပြ နှစ်ပြ ခေါ်ဆိုကြသည်ကို "ဘာကြောင့် တစ်လမ်း နှစ်လမ်း စသည် မခေါ်ကြတာလဲ" ဟူသော ထိုမေးခွန်းမှာ ဆရာတော်ကြီးနှင့် တွေ့ဆုံခွင့်ရလိုက်သောအခါ အလိုအလျောက် အဖြေကို သဘောပေါက်ခဲ့ရပါသည်။

ဤတစ်ကြိမ် ဗန်းမော်ဆရာတော်ကြီးနှင့် တွေ့ဆုံခွင့်ရလိုက်သည်မှာ ဩဝါဒစကား တိုက်တွန်းစကားတို့ကိုသာ နာယူခွင့်ရရုံမကဘဲ "သက်ကြီးစကား သက်ငယ်ကြား" ဆိုသကဲ့သို့ ရှေးခေတ်အသုံး အနှုံးများကိုပါ သိရှိခွင့်ရခဲ့သဖြင့် လွန်စွာတန်ဖိုး ကြီးမားလှပါသည်။

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၊ တိပိဋကဓရ = နိကာယကျောင်းတိုက်ကြီး အတွင်း၌ မန္တလေးမြို့နေ ပြည်စိုးဟိန်း (ရွှေစင်နန်းတော်) သကြားစက် မိသားစုတို့က ရွှေစင်နန်းတော် သုံးထပ်သိမ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းကြပါသည်။ ထိုသိမ်တော်ကြီး သမုတ်ပွဲ၌လည်း မိမိသည် ဗန်းမော်ဆရာတော်ကြီးအထံမှ သိမ်နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာများကို လေ့လာမှတ်သားခွင့် ရခဲ့ပြန်ပါသည်။ ထိုသိမ်တော်ကြီး သမုတ်သောအခါ သိမ်နိမိတ်ကြားရန် အတွက် တိ=နိ စာသင်သားသံဃာများကို ရွေးချယ်ရာ မိမိလည်း ပါဝင်ခဲ့ပါသည်။ သိမ်နိမိတ်ကြားမည့် ရဟန်းများကို သီးခြားဩဝါဒပေးပါသည်။ ထိုသို့ ဩဝါဒပေးသောအခါ ဆရာတော်ကြီးက ကျောက်နိမိတ်ပမာဏနှင့်ပတ်သက်၍ လည်းကောင်း၊ သိမ်အပိုင်းအခြားနှင့် ပတ်သက်၍ လည်းကောင်း၊ သံသယမရှိစေရန် တိကျသော အဆုံးအဖြတ်များကို ဦးစွာပြောပြ၍ ကမ္မဝါစာတွင်ပါဝင်သော ပါဠိတော်များ၏ အဓိပ္ပါယ် အသေးစိတ်နှင့် ပါဠိ အမှန် + အမှား ဝိနိစ္ဆယများကို တစ်နာရီခန့်ကြာ သေချာစွာ ရှင်လင်းမိန့်ကြားပါသည်။

ဤတစ်ကြိမ်တွင်ကား ဗန်းမော်ဆရာ

http://www.dhammadownload.com

တော်ကြီးအထံမှ သာသနာတော်၌ လွန်စွာအရေးပါသော သိမ်နှင့်စပ်၍ မှတ်သားဖွယ်ရာ ဗဟုသုတများကို မိမိနာယူခွင့်ရခဲ့ပါသည်။

ဤသို့လျှင် မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီး၏ နှစ်ပေါင်းတစ်ရာ ခရီး၌ ရှားရှားပါးပါး ဝင့်သကာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော၊ စာပေးရေးရာ အဖြာဖြာ၌ လွန်စွာနှံစပ်ကျွမ်းကျင်သော၊ ဝိနိစ္ဆယလိုလားသော သုတေသီတို့အတွက် တိကျခိုင်မာသောသာဓကများဖြင့် ပိုင်နိုင်စွာ ဝိနိစ္ဆယပေးစွမ်းနိုင်သော၊ ဗန်းမော်ဆရာတော်ကြီးကို ဖူးတွေ့လိုသောဆန္ဒ၊ ဆရာတော်ကြီးအထံမှ ဩဝါဒကထာနှင့် စာပေဗဟုသုတများကို နာယူမှတ်သားလိုသော ဆန္ဒ–အစရှိသော ကောင်းမွန်သော ဆန္ဒများသည် မိမိအတွက် အထိုက်အလျှောက် ပြည့်စုံခဲ့ပါသည်။ အနာဂတ်ကာလ၌ အခွင့်သာလျှင်လည်း နာယူမှတ်သား ဗဟုသုတပွားလိုသော ဆန္ဒများသည် မိမိသန္တာန်၌ အစဉ်ထာဝရ တည်ရှိနေပါတော့သည်။

ဆရာတော်ဘုရားသည် သက်ရှည်ကျန်းမာဘေးရန်ကွာ သာသနာပြုနိုင်ပါစေဘုရား ဟုအကြိမ်ကြိမ် ဆုမွန်ကောင်းတောင်းကာ၊ ဆရာတော်ဘုရား၏ ခြေတော်အစုံကို လက်အုပ်အဥ္ဇလီဖြင့် အခါခါဦးတင်လျှက် .....

အရှင်ပညောဘာသာလင်္ကာရ

ငါ့လူ...ကြီးပွါးချင်သလား၊ လွယ်ပါ၏ –

- အအိပ် မမက်နဲ့၊
- အစား မမက်နဲ့၊
- လုံ့လမဖက် အေးစက်စက် မနေနဲ့၊
- အပျင်း မထူနဲ့၊
- ဒေါသ မကြီးနဲ့၊
- မကြောက်နဲ့၊
- ဖင်နာသလေး ခေါင်းနာသလေးနဲ့ ဖင့်နွဲမနေနဲ့၊ ဒါဆို သေချာပြီ၊ မင်း မကြာခင် ကြီးပွါးတော့မှာ.....

- ရိုးရိုးကျင့်၊
  - မြင့်မြင့်ကြံ၊
    - မှန်တာလုပ်၊
  - ဟုတ်တာပြော၊
- စောစောထ၊

ဝု ဆို မ ဂ္ဂ ဒေ သ က.....

- ယုံကြည်မှုနဲ့ လူလုပ်ပါ၊
- လေးစာမှုနဲ့ ချစ်ခင်ပါ၊
- ရိုးသားမှုနဲ့ ဂုဏ်ယူပါ၊
- ကြိုစားမှုနဲ့ လှမ်းတက်ပါ၊
- နိုးကြားမှုနဲ့ သုတရှာပါ.....

(ကိုပညာ–ဗန်းမော်တိုက်)

http://www.dhammadownload.com

တိပိဋကနိကာယ စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်များတွင် တစ်ပါးအပါအဝင် ဖြစ်တော်မူသော သက်တော်ရှည် ဗန်းမော်ဆရာတော်ဘုရားကြီးသည် ပတ္တမြားရတု ဝိဇာတမဂ်လာကျင်းပရာ သက်တော်(၈၀)ပင် ပြည့်စာချ နာယကချုပ်အဖြစ် (၅)နှစ်တိုင်အောင် ပါဝင်ကူညီဆောင်ရွက်တော်မူခဲ့ပြီး ယခုတိုင်အောင်ပင် တိပိဋကနိကာယ စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်များအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူဆဲ ဖြစ်ပါသည်။



မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ဆရာတော်သည် အာဒိကမ္မိကာ တိပိဋကဓရ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တိပိဋကနိကာယ သာသနာပြုလုပ်ငန်းတွင်လည်း ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို အပြည့်အစုံ မသိရှိ၊ မိမိတို့ ဉာဏ်မမီနိုင်၍ တိတိကျကျ မကြည်ညိုနိုင်ကြစေကာမူ မိမိတို့ဉာဏ်ရည် စံမီသမျှ မှန်းဆ နှိုင်းချင့်၍ပင်

http://www.dhammadownload.com

အားရပါးရ ကြည်ညိုခွင့်ရခဲ့ကြပါသည်။ ဆရာတော်သည် သာသနာတော်နှင့် ဆက်စပ်သော တာဝန်အရပ်ရပ်ကို မခိုမကပ် ထမ်းဆောင်တော်မူတတ်သည့် သာသန ဓုရာဝဟဂုဏ်, နိကာယ ငါးရပ် ပိဋကတ်သုံးဖြာ ကျမ်းများစွာတို့၌ တတ်ကျွမ်းလိမ္မာ ရဲရင့်တော်မူပါသော ပရိယတ္တိ ဝိသာရဒဂုဏ်, မဟာပဋ္ဌာန်း ပါဠိတော်ကြီးများကို ရွတ်ပွားပူဇော်လေ့ရှိတော်မူသည့် ပဋ္ဌာန ဘာဏကမဟာရဂုဏ်၊ ဝိပဿနာတရားကို နေ့စဉ် ပွားများအားထုတ်တော်မူသည့် ပဋိပတ္တိဓုရာဝဟဂုဏ်၊ အင်္ဂလိပ်–သက္ကတ စသည့် ထိုထိုဘာသာခြားစာပေတို့ကို တတ်ကျွမ်းတော်မူသည့် ဘာသန္တရ ဆေကဂုဏ်, ပင်ကိုသဘာဝ ရိုးဖြောင့်တော်မူသည့် ဥဇုဂုဏ်, ပို၍ပို၍ ရိုးသားဖြောင့်မတ်တော်မူသည့် သုဟုဇုဂုဏ်, အားနည်းသူတို့အပေါ် ငဲ့ညှာသနားတော်မူတတ်သည့် ဒယာ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပါသည်။

ထို့အပြင် အများသူငါ အသိအမြင် ဖြစ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ, အဂ္ဂမဟာပဏ္ဍိတ, အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ, အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက, စာပေပါရဂူ (ဒေါက်တာ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) တာဝန်ဟူသော မင်းလှုဆက်ကပ် ဘွဲ့ထူးဂုဏ်ထူးအရပ်ရပ်တို့ကိုလည်း ဂုဏ်နှင့်ငြိပ် အပ်စပ်ညီညွတ်စွာ ပိုင်ဆိုင်တော်မူပါသည်။

စာမေးပွဲဝင် အရှင်မြတ်များ ကြိုးစား ဖြေဆိုကြရသည့် ပရိယတ္တိစာမေးပွဲများတွင်လည်း ဆရာတော်၏ အောင်မြင်မှုများက သမိုင်းဝင်၍ မော်ကွန်းတင်ဖွယ်ရာများသာ ဖြစ်ပါသည်။ နိုင်ငံတော်မှ ကျင်းပသည့် ဓမ္မာစရိယစာမေးပွဲတွင် ပိဋကတ်သုံးပုံ၏ မူလကျမ်းရင်း(၃)ကျမ်းနှင့် တကွ ဂုဏ်ထူးဆောင်(၆)ကျမ်း စုစုပေါင်း (၉)ကျမ်းကို ၁၃၁၅ခုနှစ်က တစ်နှစ်တည်းမှာပင် ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်တော်မူ၍ 'သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ' ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း, မန္တလေး ပရိယတ္တိသာသန ဟိတ (သက္ကသီဟ) စာမေးပွဲကြီးတွင် ၁၃၁၄–ခုနှစ် စာသင်တန်း၌ အမှတ်အများဆုံး ပထမ၊ ၁၃၁၅–ခုနှစ် စာချတန်း၌ အမှတ်အများဆုံး ပထမရရှိပြီး နှစ်မခြားဘဲ အောင်ပွဲယူနိုင်သဖြင့် 'ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယ ဝဠဲသကာ'ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်းတို့သည် ဆရာတော်၏ ထူးခြားဆန်းကြယ်အံ့သြဖွယ်ဖြစ်သော ပရိယတ္တိ စွမ်းဆောင်ရည် သမိုင်းဝင် မှတ်တမ်းများပင် ဖြစ်ပါသည်။

ရန်ကုန် စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ကိုလည်း ရရှိခဲ့၍ ပရိယတ္တိနယ်ပယ်တွင် (သ–စ–အ–ဓမ္မာစရိယ) ထေရ်အရှင်အဖြစ် ပေါ်လွင်ထင်ရှား ကျော်ကြားတော်မူခဲ့ပါသည်။ လောကီစာပေတွင်လည်း မန္တလေး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်အထိ အောင်မြင် ပြီးမြောက်ခဲ့

http://www.dhammadownload.com

သည့်အပြင် သက္ကတ, ပြာကရိုက်, အဒ္ဓမာဂီ-စသော ဘာသန္တရ စာပေများကိုပါ လေ့လာသင်ယူကျွမ်းကျင်တတ်မြောက်တော်မူခဲ့ပါသည်။

ထိုသို့ ပရိယတ္တိဝိသာရဒ, ဘာသန္တရဆေက ဖြစ်တော်မူသော မွေးနေ့ရှင် ဗန်းမော်ဆရာတော်ဘုရားကြီးသည် မိမိတို့၏ ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်များ၏ သာသနာ့ ခမည်းတော် အာဒိကမ္မိက တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး လွန်တော်မမူမီကပင် တိပိဋကနိကာယ စာချနာယကဆရာတော်အဖြစ် တာဝန်ယူ၍ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်များ ပေါ်ထွန်းလာအောင် အားပေးစွမ်းဆောင်တော်မူခဲ့ရာ တိပိဋကဓရ တိပိဋက ကောဝိဒ အရှင်မြတ်များစွာ ပေါ်ထွန်းလာခဲ့ပါသည်။

ဤသို့ဖြင့် ဆရာတော်သည် မိမိတို့ တိပိဋက နိကာယ သာသနာပြု ဥပဒ္ဒာကအဖွဲ့ကြီး၏ ဦးစီး ဦးဆောင် မဟာနာယက ဆရာတော်တစ်ပါးအဖြစ် ဆက်စပ်ယှက်နွယ် လာခဲ့ရာ ဆရာတော်ကို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်ခွင့် ရခဲ့ကြပါသည်။

ဆက်လက်၍လည်း ပတ္တမြားရတု ဝိဇာတပူဇော မဂ်လာပွဲမှသည် သက်တော်ရာပြည့်ပူဇော်ပွဲကြီးဟိုဘက်ကာလများတိုင်အောင်ဆရာတော်ကို ယခုလိုပင် ကျန်းမာပျော်ရွှင် ချမ်းမြေ့စွာ ကြည်ညိုလေးမြတ် ဆည်းကပ် ဖူးမြော်ပူဇော်ခွင့် ရချင်ပါသေးသည်။ သာသနာတော်၏ ဘုန်းကံဆရာတော်၏ ဘုန်းကံတို့ကြောင့် ကြုံတောင့်ကြုံခဲ့ ပတ္တမြားရတု ဝိဇာတပူဇော်မဂ်လာပွဲ ဆင်နွှဲနိုင်သလို ဆရာတော် သက်တော်ဝါတော် ရာကျော်ရှည်မြင့် ဘုန်းတေဇောတော်ပွင့်၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ပါစေကြောင်း တိပိဋက နိကာယ သာသနာပြုအဖွဲ့ကြီးမှ ဆရာတော်၏ တပည့်သာဝက ဒကာ, ဒကာမများနှင့်အတူ ဆုမွန်ကောင်းတောင်းယူ၍ နိဂုံးချုပ်အပ်ပါသတည်း။ ။

ဦးသူတော်
ဥက္ကဋ္ဌကြီး
တိပိဋက နိကာယ
သာသနာပြု ဥပဒ္ဒာကအဖွဲ့.



http://www.dhammadownload.com

ကျွန်တော်သိသော ဗန်းမော်ဆရာတော်

ဉာဏ်ထွန်း
ဒီယဘာဏကဓမ္မာစရိယ



ကျွန်တော်သည် လူ့ဘဝသို့ရောက်ပြီး ၁၃၂၈-ခုနှစ်နောက်ပိုင်းမှသာ ဗန်းမော်ဆရာတော်ဟု သိခဲ့ရခြင်းဖြစ်ပါသည်။ ရှေးယခင်ကာလများကမူ သာမန်စာသင်သားလေး သာမန်စာချဘုန်းကြီးလေး ဦးကုမာရာဘိဝံသ" ဟုသာ သိခဲ့ပါသည်။

ဗန်းမော်ဆရာတော်ဟု စသိသည့် အချိန်တွင် ဗန်းမော်ကျောင်းတိုက်ကြီးကို ရရှိပြီး ကျောင်းထိုင်ဘုန်းကြီးအဖြစ်သို့ ရောက်ပြီးနေပြီ။ စာတွေကလည်းတတ်လှပါပြီ၊ လောကုတ္တရာလောကီဘွဲ့တွေကလဲ ရထားပါပြီ၊ အရည်အချင်းတွေက ပြောင်းလဲနေသော်လည်း ကိုယ်အမူအရာစိတ်နေသဘောထားတို့ကမူ ပြောင်းလဲခြင်းမရှိကြောင်း သတိပြုမိပါသည်။

ထိုအချိန်က ဗန်းမော်တိုက်တွင် အခြားကျောင်းများမရှိသေးပဲ ရှေးဟောင်းအသားကျောင်းကြီးတစ်ကျောင်းသာရှိပါသည်။

အဆိုပါ ရှေးဟောင်းအသားကျောင်း

http://www.dhammadownload.com

ကြီးပေါ်တွင် တူ-တူမများအတွက် (၁၀)တန်း အင်္ဂလိပ်စာ သင်ယူရန် ရောက်ရှိသွားခြင်း ဖြစ်ပါသည်။

ဘုရားကြီးတိုက် ပုခန်းကျောင်းတုံးက ကျွန်တော်က လူတတ်ကြီးလုပ်ခဲ့သော်လည်း ဗန်းမော်ကျောင်းတိုက်သို့ ရောက်သောအခါ ပြားပြားဝပ် တပည့်ကျောင်းသားဖြစ်ပြီး ဆရာတော်၏ရှေ့မှောက်၌ ပုဆစ်တုတ်လေး ဝတ်ချ၍ ရိကျိုးပျဉ်ဝပ်စွာ သင်ယူခဲ့ရပါသည်။ (ဘဝဟူသည် ပြောင်းအလဲတွေအမျိုးမျိုးနှင့် ရင်ဆိုင်ကျော်ဖြတ်နေရသော ခရီးလမ်းတစ်ခုသာ ဖြစ်ကြောင်း မှတ်သားမိခဲ့ပါသည်။)

ဆရာတော်ကားသူတပါးထံမှ ပညာသင်ယူသည့်အခါတွင်လည်း ရိုသေပျဉ်ဝပ်မှု ရှိသလို သူတပါးအားပညာပေးရာ၌လည်း လေးလေးစားစားရှိလှပါသည်။

အခြားသောကျမ်းစာများကိုပို့ချရာ၌လည်း ယခုကဲ့သို့ပင် လေးလေးနက်နက် စိတ်ပါလက်ပါပို့ချလေ့ရှိပါသည်။

ဆရာတော်၏ စရိုက်လက္ခဏာများ

ဆရာတော်၏ ပင်ကိုယ်စရိုက်လက္ခဏာများကို ကျွန်တော် သတိထားမိသလောက် တင်ပြရမည် ဆိုပါက-

(၁) စာပေကျန်းဂန်သင်ယူခြင်း -

(၂) စာပေကျန်းဂန်ပြုစုရေးသားခြင်း

(၄) ဘာသန္တရစာပေများလေ့လာခြင်း

(၅) အများသူငါဆုံးဖြတ်ရန်ခက်ခဲသည့် ပုဒ်ပါဠိအကွဲရာများကို ရဲဝံ့စွာ ဆုံးဖြတ်ခြင်း-

(၆) အများသူငါဆုံးဖြတ်ရန် ခက်ခဲသည့် ဓမ္မကံဝိနိစ္ဆယများကို ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်ခြင်း-

(၇) မထေရ်ကြီးတို့က တာဝန်ပေးရာ၌ ရိုသေကျိုးနွံစွာ ခံယူဆောင်ရွက်ခြင်း-

(၈) မထေရ်ငယ်တို့က စာပေအကြောင်းအရာ မေးမြန်းရာ၌ လေးစားစွာ ရှင်းလင်း ပြောကြားခြင်း-

(၉) မိမိဘုန်းကံကြီးမားရန် ရည်ရွယ်ချက်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရိပ်အမြွက် မပြခြင်း, မစည်းရုံး, မလှုံ့ဆော်ခြင်း-

(၁၀)သူတပါးအကျိုးအတွက် သာသနာတော်အကျိုးအတွက် ဆောင်ရွက်ပေးရမည်ဆိုပါက မိမိကိုယ်ကျိုးမှန်သမျှ စွန့်လွှတ်နိုင်ခြင်း -

(၁၁)မိမိကဲ့သို့စွမ်းဆောင်နိုင်သူ ပုဂ္ဂိုလ်ထူး

http://www.dhammadownload.com

များရှိနေပါက မိမိနေရာမယူပဲ ဖယ်ရှားပေးခြင်း-

(၁၂) လောက+ဓမ္မ နှစ်ဌာနတို့၌ မျှတအောင် ကျင့်သုံးခြင်း ယှဉ်ပြိုင်လာပါက "ဓမ္မ" ကိုဦးစားပေးခြင်း -

(၁၃) ရံဖန်ရံခါ တောရဆောက်တည်ခြင်း, ရံဖန်ရံခါအဂ္ဂိယများကစားခြင်း, ရံဖန်ရံခါ ဆေးမီးတိုများ ဖော်စပ်သုံးစွဲဝေငှခြင်း -တို့ဖြစ်ပါသည်။

ပစ္စည်းလေးပါး၌ မခင်တွယ်ခြင်း

ဆရာတော်သည် မိမိပိုင်ပစ္စည်းလေးပါးတို့၌ မက်မက်မောမော ခင်တွယ်မှုမရှိသူ ဖြစ်ပါသည်။ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ တာဝန်အရ သွားရောက်ထမ်းဆောင်နေသည်မှာ (၁၀)နှစ်(၁၀) မိုယ်း ကျော်လွန်လာပြီဖြစ်သော်လည်း၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်၏ ပစ္စည်းလေးပါး အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းခြင်းစီစစ်ခြင်းများ မရှိခဲ့ပါ။ မိမိရသမျှ လာဘ်များထဲမှ တပည့်များနှင့် သင့်တော်အပ်စပ်သည်များကိုသာ ပြန်လည်ပေးပို့ထောက်ပံ့ခြင်းအမှု ပြုလျက်ရှိပါသည်။



ထို့အတူ မင်းကွန်းမနောမယဆောင်ကြီးကို အပြီးအပိုင် လှူဒါန်းထားသော်လည်း ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ယနေ့အထိ တစ်စုံတစ်ရာ မေးမြန်းစီစစ်ခြင်းမရှိပါ။ ချောင်စောင့်ရဟန်းငယ်များ သီလရှင် ဆရာလေးများအတွက် သင့်တော်ရာရာတို့ကိုသာ ပေးပို့ထောက်ပံ့လျက်ရှိပါသည်။

ဆရာတော်၏ပတ်ဝန်းကျင်၌ ရှိရှိသမျှ အသုံးအဆောင် ပစ္စည်းများသည်လည်း မိမိထံသို့ ရောက်လာသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအား ကလေးသူငယ်မှစ၍ သင့်ရာသင့်ရာတို့ကို မေးမြန်း ပေးစွန့်လေ့ရှိပါသည်။

အတ္ထဂ္ဂါဟ- ငါပိုင်ငါ့ဥစ္စာ-ဟူသော သိမ်းဆည်းခြင်းမျိုးဖြင့် သိမ်းဆည်းထားခြင်း မဟုတ်ပါ၊ ဤသည်တို့ကပင် ဆရာတော်၏ ပစ္စည်းလေးပါးတို့၌ ခင်တွယ်မှုမရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။

(ပစ္စည်းမသို၊စိတ်မတို(ဝန်မတို)- ခင်ပျို့ကြီးဟွားကြောင်း
ပစ္စည်းလည်းသို၊စိတ်လည်းတို(ဝန်လည်းတို)
ခင်ပျို့ပျက်စီးကြောင်း)

http://www.dhammadownload.com

တစ်ပါးသူတို့အား အခွင့်အရေးပေးခြင်း

ဘုရားလောင်း သုမေဓာရှင်ရသေ့သည် နိဗ္ဗာန်ယူမည်ဆိုပါက ယခုဘဝနှင့်ပင် ရနိုင်ကြောင်း သိပါလျက် အများသတ္တဝါတို့အား ကယ်တင်လိုသော ဓမ္မာဆန္ဒဖြင့် နိဗ္ဗာန်ကိုပင် စွန့်လွှတ်၍ စွန့်ခြင်းကြီးငါးပါး ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။

ဆရာတော်သည်လည်း မိမိ၏ပကတိပင်ကိုယ်အရည်အချင်းများအရ ယခုရရှိဆောင်ရွက်နေသည့်တာဝန်(ရာထူး)များထက် အဆင့်မြင့်နေရာများကို ရယူမည်ဆိုပါက ရနိုင်သည့် အခြေအနေရှိသော်လည်း မိမိကဲ့သို့ စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များရှိနေပါက စွန့်လွှတ်သည်သာဖြစ်ပါသည်၊ နည်းမျိုးစုံပြ၍ ရှောင်ရှားပေးသည်သာဖြစ်ပါသည်။

(ဒုက္ကရံဝတ = ပြုနိုင်ခဲလေစွတကား)

ကျွန်တော်၏ ကိုယ်တွေ့တစ်ခုကို တင်ပြပါဦးမည်၊ မန္တလေးမြို့၌ တိုင်းရင်းဆေးတက္ကသိုလ်ကြီးဖွင့်သည့်အခါ သင်ကြားနိုင်ရန် "အခြေခံပါဠိ ဘာသာ သင်ရိုးသင်ခန်းစာ" လိုအပ်လျက်ရှိပါသည်။ ကျွန်တော်ကလည်း ဆရာတော် အားကိုးဖြင့် တာဝန်ယူခဲ့ပါသည်။

ဆရာတော်ထံချဉ်းကပ်၍ အဆိုပါသင်ခန်းစာကို ရေးသားပြုစုပေးပါရန် လျှောက်ထားပန်ကြားသည့်အခါ "ဒီမှာ ကျုပ်ကအလုပ်တွေများတယ် အချိန်မရဘူး ခင်ဗျာရေးလည်းဖြစ်မှာပါ" ဟု အမိန့်ရှိပြီး မိုရာနိုဿယရရှိစေရန် သီရိလင်္ကာနိုင်ငံ တက္ကသိုလ်တစ်ခုမှ အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသည့် ပါဠိဘာသာသင်ရိုးညွှန်းတမ်း စာအုပ်ငယ်တစ်အုပ် ချီးမြှင့်လိုက်ပါသည်။

အဆိုပါ စာအုပ်ငယ်ကို အမှီပြု၍ စကားလုံးဝါကျပေါင်း (၁၀၀၀)ခန့်ပါဝင်သည့် တိုင်းရင်းဆေးတက္ကသိုလ်"အခြေခံပါဠိ ဘာသာသင်ရိုးညွှန်းတန်း" သင်ခန်းစာကို ကျွန်တော် ရေးသားပြုစုပေးနိုင်ခဲ့ပါသည်။ (ဤကား ဆရာတော်က ကျွန်တော်အား ချီးမြှောက်ခြင်း အခွင့်အရေးပေးခြင်းပင် ဖြစ်ပါသည်။)

တဖန် ဆရာတော်နှင့် ကျွန်တော်တို့သည် ဆရာတပည့်, ဆရာတကာ, ညီကိုရင်းချာတမျှ ဖြစ်နေပါလျက် ကျွန်တော်ကလည်းအထိုက်အလျောက် လျှာ့ဒါန်းနိုင်သည့် အခြေ အနေအင်အား ရှိနေပါလျက်(ဝါ)သဲသဲမဲမဲ ကြည်ညိုကိုးကွယ်နေပါလျက်" နှုတ်မှမြွက်၍ ဘာတစ်ခုမျှ အလှူမခံဘူးပါ။ မိမိ သုံးစွဲနေကြဆေးများကိုသာ အလှူခံလေ့ရှိပါသည်။

(ကရုဏာမေတ္တာတရားတို့ကား ကြီးမားလှပါပေ၏။)

http://www.dhammadownload.com

စာဖတ်သူတို့အားပန်ကြားချက်

စာဖတ်သူများခင်ဗျား ဆရာတော်၏ အကြောင်းကို ရေးသားရသည်မှာ အလွန်ခက်ခဲပါသည်။ အခြားပုဂ္ဂိုလ်များလည်း ကျွန်တော်ကဲ့သို့ပင် အခက်အခဲရှိကြလိမ့်မည်ဟု ယုံကြည်ပါသည်။

မှန်ပါသည် ယနေ့အထိဆရာတော်က မိမိအကြောင်း မိမိအတ္ထုပ္ပတ္တိကို ကိုယ်တိုင်ပြောကြားရေးသားပြုစုထားခြင်းမရှိပါ။ ဆရာတော်၏ ကိုယ်နှုတ်အမူအရာနှင့် သီတင်းသုံးနေထိုင်ပုံ အချင်းအရာများကိုသာကြည့်ပြီး အကဲခတ်၍ စဉ်းစားတွေးခေါ်၍ ရေးသားကြရခြင်းဖြစ်ပါသည်။ စာဖတ်သူတို့အနေဖြင့်လည်း ကျွန်တော်တို့ ရေးသားတင်ပြခဲ့ သည်မှတပါး အခြားကြည်ညိုဖွယ်ရာများကို မိမိတို့ကိုယ်တိုင် တွေ့ထိဖူးမျော်၍ ခံစား ကြည်ညိုနိုင်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်ခင်ဗျား။ ။

သာမဏေရ သမဏ ယာဝဇ္ဇတ္တန ကာလံ၊
သီလာဒိဂုဏောသန ပိယဒဿနကာယံ။
သမာဓိပညာသာဟာ လင်္ကာရေဟျလင်္ကတံ၊
တောင်သာနဂရ ရဘဲဂါမဇာတိက ထေရံ။

သာမဏေရ သမဏ ယာဝဇ္ဇတ္တန ကာလံ – သာမဏေဘဝ ရှင်ကုမာရ၊ ရဟန်းဘဝ ဦးကုမာရ၊ ဗန်းမော်ဆရာတော်ဘဝ ဘဒ္ဒန္တကုမာရာဘိဝံသ – ဟူသော ယနေ့ကာလတိုင်အောင်။

သီလာဒိဂုဏောသန ပိယဒဿန ကာယံ – သီလအစရှိသော သမဏဂုဏ်တို့ကို ရှာမှီးကျင့်သုံးခြင်းဖြင့် ကြည်ညိုဖွယ် ရှုချင်ဖွယ်သောကိုယ် ရှိတော်မူသော။ **သမာဓိ ပညာသာဟာ လင်္ကာရေဟျ လင်္ကတံ**–သမာဓိ ဂုဏ်, ပညာဂုဏ်, ဝိရိယဂုဏ်–ဟူသော လောကုတ္တရာ အဆင်တန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်သော (ဝါ) ပါဠိသိရောမဏိ၊ ပရိယတ္တိ ဝဠုံသကာ၊ အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒီလစ်ဘွဲ့–ဟူသော လောကီအဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော။ **တောင်သာ နဂရ ရဘဲဂါမဇာတိကထေရံ** –မြင်းခြံခရိုင် တောင်သာမြို့နယ် ရဘဲရွာလျင်မွေးရာဇာတိ မြေရိတော်မူသော “ဘဒ္ဒန္တကုမာရာဘိဝံသ” မထေရ်မြတ်ကို။ **အဟံ** –ဉာဏ်ထွန်းမှည့်ခေါ် တပည့်ဒကာတော်သည်။ **ပူဇေမိ** – ဆရာတော်၏ အချို့အချို့သော တပည့်တော်သိသမျှ ဂုဏ်တော်ကျေးဇူးတော်တို့ကို ထုတ်ဖော်ချီးကျူး ဂုဏ်ပြုသောအားဖြင့်ပူဇော်ပါဘုရား။

ဒါယကာကြီး ဦးဉာဏ်ထွန်း
သာသနာတော်လုံးဆိုင်ရာဗုဒ္ဓဘာသာဗဟို
အဖွဲ့ကြီးနှင့် ပရိယတ္တိသာသနဟိတ
အသင်းကြီးတို့၏ဥက္ကဋ္ဌကြီး

http://www.dhammadownload.com



ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

ဗန်းမော်ဆရာတော်ကြီး၏

ပဋိပတ္တိသာသနာတော်အတွက် ဆောင်ရွက်ချက်

ခင်မောင်စိုး(စံရိပ်ငြိမ်)
ဓမ္မမဏ္ဍပဝိပဿနာရိပ်သာ ယောဂီများအဖွဲ့
ဗန်းမော်တိုက်၊ မန္တလေး

http://www.dhammadownload.com

ဗန်းမော်ဆရာတော်ကြီးသည် မိမိ အမြဲသိတင်းသုံးရာ မန္တလေးမဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် အကွက်အမှတ်(၆၉၁) ဗန်းမော်ကျောင်းတိုက်အတွင်းတွင် ပရိယတ္တိသာသနာသာမက ပဋိပတ္တိသာသနာတော်ထွန်းကားရန် ရည်ရွယ်ဆန္ဒပြင်းပြလျက် ရှိခဲ့ပါသည်။

ဗန်းမော်ဆရာတော်ကြီးကိုယ်တိုင်လည်း နေ့စဉ်ဝိပဿနာတရား အားထုတ်၍ ဝိပဿနာတရားကျင့်စဉ်များကို အခါအခွင့်သင့်တိုင်း ညွှန်ကြားပြသခြင်းနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနီးရှိ အင်ပူရီမြို့တွင် အပြည်ပြည်ဆိုင်ရာ ဝိပဿနာတရားကျင့်စဉ်များကို ထူထောင်အခြေပြုလျက် ကမ္ဘာ့ဝိပဿနာသာသနာပြု ကမ္မဋ္ဌာန်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိက ၁၉ ဂုရုကြီးဦးဂိုအင်ကာသည် ၎င်း၏ဆရာကြီးဦးဘခင်၏ဆန္ဒအရ ကမ္ဘာတဝှမ်းသို့ ဝိပဿနာတရားဖြန့်ဝေရာ ကမ္ဘာနိုင်ငံပေါင်း(၉၀)ကျော်တွင် ဝိပဿနာရိပ်သာများ ထူထောင်ဖွင့်လှစ်နိုင်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရန်ကုန်မြို့၌ ဓမ္မဇောတိဝိပဿနာရိပ်သာကို ၁၉၉၃-ခုနှစ် အောက်တိုဘာလ(၇) ရက်မှ စတင်အခြေစိုက်ထူထောင်ပြီးဖြစ်ပါသည်။

ဂုရုကြီးဦးဂိုအင်ကာသည် မွေးဖွားရာ ဇာတိမြို့ဖြစ်သော မန္တလေးမြို့တွင်လည်း ဝိပဿနာတရားပတ်များ ဖြန့်ဝေလိုသည့် အလျှောက် ၆၂-လမ်းရှိ တောင်စလင်းတိုက်နှင့် ၈၅-လမ်းရှိ သာသနာ့ဗိမာန်တို့တွင် ယာယီတရားစခန်းအဖြစ် အသုံးပြုကာ ၁၉၆၆-ခုနှစ်မှ ၁၉၉၈-ခုနှစ်ထိ (၁၀)ရက်တရားပတ်(၈)ကြိမ် ဆောင်ရွက်ခဲ့ကြပါသည်။

မန္တလေးမြို့တွင် အမြဲတန်းအချိန်မရွေး ဝိပဿနာတရားပတ်များ ကျင်းပနိုင်ရန်အတွက် ဗန်းမော်ကျောင်းတိုက် အရှေ့ပိုင်းမဟာဗောဓိရိပ်သာအုတ်တံတိုင်းနှင့်ကပ်လျက်ရှိသော မြေနေရာကို 'ဓမ္မမဏ္ဍပ'ဝိပဿနာရိပ်သာအဖြစ် အသုံးပြုခွင့်ကို ဗန်းမော်ဆရာတော်ကြီးထံမှ ပဋိပတ္တိသာသနာတော်ထွန်းကားရေးကို မျှော်ကိုးလျက် ၁၉၉၈-ခုနှစ်ဩဂုတ်လ(၁၆)ရက်နေ့တွင် စာချုပ်စာတန်းဖြင့် လွှဲအပ်ခဲ့ပါသည်။ သို့အတွက် ၁၉၉၉-ခုနှစ် ဧပြီလ(၈)ရက်မှ စတင်၍ ဗန်းမော်ကျောင်းတိုက်အတွင်းဆောက် လုပ်ပြီးစီးသော 'ဓမ္မမဏ္ဍပ'ဝိပဿနာရိပ်သာတွင် (၁၀)ရက်တရားပတ်များ စတင်ကျင်းပနိုင်ခဲ့ပါသည်။ လစဉ်(၁၀)ရက် တရားပတ်အပြင် ကြားရက်၌ (၃)ရက်၊(၁)ရက် တရားပတ်များ၊ ကလေး၊ အာနာပါနသင်တန်းများကိုလည်း အခါအားလျော်စွာ ကျင်းပနိုင်သည့်အပြင် မန္တလေးမြို့

http://www.dhammadownload.com



ပေါ်ရှိ ယောဂီဟောင်းများသည် နေ့စဉ်နံနက်နှင့် ညနေ ပုံမှန်စုပေါင်းတရားထိုင်ခြင်း၊ ဘာဝနာ တရားများ၏ အကျိုးကျေးဇူး ခံစားကြရခြင်းမှာ ဗန်းမော်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများပင် ဖြစ်ပါသည်။

ထို့နောက် ဗန်းမော်ကျောင်းတိုက်အတွင်းရှိ ဓမ္မမဏ္ဍပရိပ်သာကို အခြေပြုလျက် မန္တလေးမြို့မှ(၁၀)မိုင်ကွာဝေးသော ရေတံခွန်တောင်ခြေတွင် (၈.၁)ဧကကျယ်သော မြေဧရိယာပေါ်တွင် ဓမ္မမဏ္ဍလဝိပဿနာရိပ်သာ ကြီးတစ်ခုကိုလည်း (၂၂.၂.၂၀၀၃)ရက်နေ့မှ စတင်တိုးချဲ့ အကောင်အထည်ဖော်ကာ (၂၁.၃.၂၀၀၄) ရက်နေ့တွင် ရိပ်သာစတင် ဖွင့်လှစ်နိုင်ခဲ့ပြီး (၂၄.၃.၀၄)ရက်နေ့တွင် သံဃာတော်များ၏ (၁၀)ရက်တရားပတ်ဖြင့် စတင်ခဲ့ပါသည်။

ရေတံခွန်တောင်ခြေရှိ ဓမ္မမဏ္ဍလ ဝိပဿနာရိပ်သာတွင် (၁၀)ရက်တရားပတ်များ သာမက (၂၀)ရက်၊ (၃၀)ရက် စသည့် ရက်ရှည် တရားပတ်များကျင်းပနိုင်ရန် တရားထိုင်ဂူ (၈၁)ခု ပါရှိသော ရွှေတိဂုံပုံတူဓမ္မစေတီတော်ကြီးတည် ဆောက်ခဲ့ရာ ရွှေထီးတော်တင်အခမ်းအနားသို့ အိန္ဒိယပြည်မှဂုရုကြီးဦးဆောင်လျက် ကမ္ဘာ့နိုင်ငံ ပေါင်းစုံမှ နိုင်ငံခြားသားယောဂီပေါင်း(၇၀၀) ကျော် တက်ရောက်ခဲ့ပါသည်။

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာဆေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် စာပေသင်ကြားပို့ချလျက်ရှိသော ဗန်းမော်ဆရာတော်သည် ရေတံခွန်တောင်ခြေရှိ ဓမ္မမဏ္ဍလ ဝိပဿနာရိပ်သာ၏ ဓမ္မစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင် အခမ်းအနားသို့ (၁၈.၁၂.၀၄) ရက်နေ့ လေယာဉ်ခရီးဖြင့်ကြွရောက်ခဲ့ပါသည်။ ရွှေထီးတော်တင်အခမ်းအနားတွင် စစ်ကိုင်းတောင်ရိုးသီတဂူကမ္ဘာ့ဗုဒ္ဓဗုဒ္ဓတက္ကသိုလ် သပိတ်အိုင် တောရသီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ၊ မန္တလေးမှ ဇေယျမေဒနီဝါဆိုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိယ (ရွှေကျင်သာသနာပိုင်)၊ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ ရွှေဝါဝင်းကျောင်း မြတောင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနာဘိဝံသ၊ မစိုးရိမ်တိုက်သစ် မဟာနယကချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ တောင်စလင်းကျောင်းတိုက် ဗဟိုသံဃ ဝန်ဆောင်ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခအမှူး ပြုသောမြို့နယ်/ရပ်ကွက်သံဃနယကဥက္ကဋ္ဌ ဆရာတော်များ၊ အခြားပင့်သံဃာတော်များနှင့်အတူ ဗန်းမော်ဆရာတော်ကြီးသည် အနေကဇာတင်ခြင်းကိုလည်း ဆောင်ရွက်တော်မူပါသည်။ ထို့နောက် ဂုရုကြီးဦးဂိုအင်ကာနှင့်မာတာကြီး၊ ပြည်တွင်း၊ ပြည်ပတရားပြဆရာများ၊ အလှူရှင် မိသားစုများ၊

http://www.dhammadownload.com

ပြည်တွင်း၊ ပြည်ပယောဂီဟောင်းများမှ ရထားပုံဖြင့် ကြိုးဆွဲ၍တင်လှူသော ရွှေထီးတော်မြတ်ကို ဓမ္မစေတီတော်၏ထိပ်ဖျား ငြမ်းစင်ပေါ်မှ ဗန်းမော်ဆရာတော်ဘုရားကြီးကိုယ်တိုင် ဆက်ကပ်လှူဒါန်းပူဇော်ကာ ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ပြီးဆုံးသည့်တိုင် ဆောင်ရွက်တော်မူပါသည်။

ဤဓမ္မမဏ္ဍာလရိပ်သာ (ရေတံခွန်တောင်) တွင် ဓမ္မမဏ္ဍာပရိပ်သာ(ဗန်းမော်ကျောင်းတိုက်) ကဲ့သို့ပင် လစဉ်(၁၀)ရက်တရား ပတ်များကို ဆက်လက်ကျင်းပနိုင်ရန် ဗန်းမော် ကျောင်းတိုက်အတွင်းရှိ ဓမ္မမဏ္ဍာပရိပ်သာတွင်းရှိ ဂေါပကရုံးခန်းတွင် အခြေပြုလျက် တရားဝင်လိုသောယောဂီကြီတင်စာရင်းပေးပို့ခြင်း၊ ပုံစံရေးသွင်းခြင်း၊ မော်တော်ယာဉ်ကြို၊ ပို့ခြင်း၊ တရားပတ်ဝင်ယောဂီများအတွက် စျေးဝယ်ခြင်း၊ ဝေယျာဝစ္စကိစ္စရပ်များ ဆောင်ရွက်ခြင်း စသည်ဖြင့် ဆက်သွယ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ဗန်းမော်ကျောင်းတိုက်အတွင်းရှိ ဓမ္မမဏ္ဍာပရိပ်သာသည် အထက်မြန်မာပြည်ရှိ မိုးကုတ်မြို့၊ ပြင်ဦးလွင်မြို့၊ မုံရွာမြို့များရှိ အမြဲတမ်းရိပ်သာများနှင့် ရွှေဘို၊ မိတ္ထီလာ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ ကလေး၊ တမူး၊ လားရှိုး၊ ပင်းတယမြို့များရှိ ယာယီတရားစခန်းများသို့ ဆက်သွယ်ခြင်း၊ တရားပြဆရာ၊ ဆရာမများ၊ ဓမ္မလုပ်အားပေးများ၊ သွားရောက်မည့်ယောဂီ ဟောင်းများတို့အတွက် အထောက်အကူပြု ကြားစခန်းအဖြစ် အသုံးချကာ ပဋိပတ္တိ သာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် များစွာအထောက်အကူပြုနိုင်ခြင်းတို့မှာလည်း ဗန်းမော်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး တော်များပင်ဖြစ်ပါသတည်း။

တပည့်တော် ခင်မောင်စိုး(စံရိပ်ငြိမ်)
ဓမ္မမဏ္ဍာပဝိပဿနာရိပ်သာ
ယောဂီများအဖွဲ့
ဗန်းမော်တိုက်၊ မန္တလေး

အကျင့်နှင့်ဆုတောင်း

အကျင့်ဆိုတာ လှလှလှော်ခတ်ထိုးခြင်းနှင့်တူ၏။
ဆုတောင်းဟာ လှေကို ပဲ့ထိန်းခြင်းနှင့်တူ၏။
မလှော် မခတ် မထိုးဘဲ ပဲ့ကာမျှနှင့် လှေမဆန်။
ပဲ့မထိန်းဘဲ လှော်ခတ်ထိုးရုံမျှနှင့် လိုရာခရီး
ဖြောင့်ဖြောင့်ကြီးမရောက်။

လယ်တီဆရာတော်

http://www.dhammadownload.com



အစစ်နှင့်အတု

ကိုရင်သာဂိ(ဗန်းမော်)

လောကဌ် အစစ်နှင့်အတု-ဟူ၍ နှစ်မျိုး နှစ်စားရှိလေသည်။ နားလည်တတ်သိသော (အတတ်သိသော) သူသည် အစစ်ကိုသာ သုံးစွဲလေ့ရှိ၏။ အစစ်သည်တန်ဖိုးရှိ၍ လူတိုင်း နှစ်သက်မြတ်နိုးကြ၏၊ အတုကိုတော့ တန်ဖိုးမထားကြပါ၊ ဝေးဝေးက ရှောင်ရှားကြလေသည်။ ယင်းအစစ်နှင့် အတုကို ထင်ရှားအောင် ပြရမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်သော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ ဘုရားရှင်သည် ဘုရားအစစ်ဖြစ်ချေ၍ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည် ကိုးကွယ်ခြင်း ပြုကြသည်။ အတုကိုတော့ လုံးဝရှာဖွေခြင်း

http://www.dhammadownload.com

မပြုကြတော့ပေ။

တစ်ခါရွှေအစစ်ကို ရာနှုန်းပြည့်သုံးစွဲနေကြ၏၊ ရွှေအစစ်ကိုသာလျှင် အမာခံပြု၍ ရောင်းဝယ်နေကြသည်။ အတုကား ပွဲမဝင်တော့ချေ။ ဤနည်းတူ လူသုံးကုန်ပစ္စည်း အတုများ၊ တံဆိပ်အတု ငွေအတု၊ မဟုတ်မမှန် စကားအတုများ၊ မိတ်ဆွေအတုများကို ဝေးစွာပင် ရှောင်ရှားကြလေသည်။ ထိုအတုများကို ဗာလာနနှင့် တစ်အုပ်စုတည်း ထည့်သွင်းထားရန်သာဖြစ်တော့၏။

ထင်ရှားသော သာဓကတစ်ခုရှိနေ၏။ ဘုရားရှင်လက်ထက်က ဒေဝဒတ်သည် နာမည်ဆိုးစာရင်းဝင်ဖြစ်၏။ တစ်ယောက်တည်း အားမရှိသဖြင့် အဇာတသတ်ကို အဖော်ပြုကာ အဖွဲ့အစည်းတစ်ခုတည်ထောင်သည်။ ဒေဝဒတ်မြှောက်ပေး၍ အဇာတသတ်သည် လူမိုက်ဖြစ်ကာ နာမည်ဆိုးစာရင်းဝင်ဖြစ်သွား၏။ ထိုဒေဝဒတ်သည် ဘုရားအစစ်ရှိနေပါလျက် ဘုရားအတုလုပ်ချင်နေသူဖြစ်သည်။ မည်သို့ပင် ဘုရားအတုလုပ်ချင်နေစေကာမူ ဘုရားအတုလည်းဖြစ်မလာ ကြံစည်မှုအားလုံး ပျက်သုဉ်းကာ ဘဝတစ်ခုလုံး ဆုံးပါးသွားရသည်နှင့် နိဂုံးချုပ်ခဲ့ရတော့၏။

တစ်ခါသော်....ဒေဝဒတ်သည် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့၏ တပည့်ငါးရာတို့အား လာဘ်ဖြင့် သွေးဆောင်ခေါ်ယူသွားသည်။ သူပိုင်ကျောင်း၌ ထိုရဟန်းငါးရာတို့အား တရားဟောလေသည်။ ဟောပြီးသောအခါ "ငါကိုယ်တော်မြတ် သောင်းညာတော်မူ၍ ကျိန်းစက်တော်မူဦးမည်" ဟုဆိုကာဘုရားရှင်လျောင်းတော်မူသည့်အတိုင်း (အတုပြုကာ) ကျိန်းစက်လေသည်။ အိပ်ပျော်သွားသည်။ ထိုအချိန်တွင် အရှင်သာရိပုတ္တရာတို့ အကြောင်းစုံသိရှိ၍ တပည့်ရဟန်းငါးရာတို့အား ပြန်၍ခေါ်ယူသွားတော့၏၊ ပရိသတ်လည်းမရှိတော့ပြီ...

ထိုအခါ- ရှင်ဒေဝဒတ်၏ လက်ရင်းတပည့် ကောကာလိကသည် "ကိုယ်တော်-ထတော့၊ တစ်ယောက်မျှမရှိတော့ဘူး၊ ကိုယ်တော်ဟာ ကြီးပွားချင်တာ ဘုန်းကြီးချင်တာတစ်ခုပဲသိတာ၊ မောဟအမိုက်နဲ့ လောဘတိုက်နေလို့ကတော့ ဘုရားဖြစ်လာမှာမဟုတ်ဘူး၊ ဘုရားအတုလည်း ဖြစ်လာမှာမဟုတ်ဘူး၊ အလကားမိုက်တွင်းနက်နေတာပဲ။ ကဲ..ကိုယ်တော်တစ်ပါးတည်း နေခဲ့ပေတော့" ဆိုပြီး အားကျုံး၍ ဖနောင့်နှင့်ရင်ဝ ဆောင့်ကန်ပြီး ကောကာလိက ထွက်သွားတော့၏။ ကန်ချက်ပြင်းသဖြင့် ဒေဝဒတ် သွေးအန်လေတော့သည်။ သွေးအန်ရုံမှတစ်ပါး ဘုရားအတုလည်း ဖြစ်မလာခဲ့ပါ....။

လောကရဲ့အတုတွေ အကြောင်းကို

http://www.dhammadownload.com

သက်မဲ့ကနေပြီး သက်ရှိအထိ အထက်ပါအတိုင်း လေးလေးနက်နက် စဉ်းစားကြည့်မိသည်။ အကောင်းနှင့်အဆိုး အကြောင်းနှင့် အကျိုးတရား တို့သည် အစဉ်အမြဲဒွန်တွဲဖြစ်တည်နေကြ၏။ အနည်းနှင့်အများ အတိုရှည်.... လောကဓံတရား ရှစ်ပါးနှင့် မကင်းပါချေ။ ခုမျက်မှောက်ခေတ်တွင် အစစ်နှင့်အတုသည်လည်း ယှဉ်တွဲလျက်ပင် ရှိနေ၏။

ငယ်စဉ်အခါကာလများက ဆရာဘုန်းကြီးသင်ပေးခဲ့သော သမ္မုဒ္ဓေဂါထာသည် အချိန်ကြာမြင့်လေလေ ကောင်းလေလေ၊ ဟောင်းလေလေ, တန်ဖိုးရှိလေလေ, အသုံးဝင်နေပါသည်။ နောက်သော်.... ဘာသာရေးစာစောင်များ၌–ဘုရားဟော "ဒီဝါ တပတိ" စသော ဂါထာတော်များ ဖော်ပြပါရှိလာသည်၊ ယုံကြည်စွာ ရွတ်ပွားလာကြသည်၊ နောက်သော်–ဘာသာရေးနှင့်ဆက်နွယ်၍ ခုနစ်ရက်သားသမီးအတွက်–ဟု ဆိုပြီး ဗေဒင်ဟောစာတမ်းပါရှိသော မဂ္ဂင်းများ ပေါ်လာကြသည်၊ ဂါထာအမျိုးမျိုး ဖော်ပြသည်။ ဒီဌအကျိုးပေးသည် ဆိုခြင်းကြောင့် ရွတ်ပွားကြသည်။ ထိုဂါထာအမျိုးမျိုးသည် ကျမ်းဂန် အထောက်အထားပြနိုင်ခြင်း မရှိသည်ကိုတွေ့ရသည်။

ပုံစံအားဖြင့်–

ပိဋ္ဌကတ္တယ သမ္ပန္နံ၊
သဗ္ဗသိဒ္ဓိ သုခါဝဟံ ။
ဇိဂုဂ္ဂေ မေ နိသီဒိကွာ၊
မံ ဓာရေတု သူရဿတီ ။

ဖော်ပြပါ သူရဿတီ (မယ်တော်) ဂါထာ... စသည်များ .....။ ထိုဂါထာများသည် အတုဖြစ်ကြလေသည်။

ဗန်းမော်ဆရာတော်ကြီးသည် ရွတ်ဖတ်ပွားများသူတို့အား အကျိုးစီးပွား ဖြစ်ထွန်းနိုင်ရန် ရည်ရွယ်၍ ဘုရားဟောသော ဂါထာအစစ်များကို ချီးမြှင့်လေ့ရှိသည်။ သက်တော်ရှည် စံကင်းဆရာတော် အမိန့်ရှိသော(၀၀)ဝိနည်း မဟာဝါပါဠိတော်မှလာသော "အဋ္ဌာန မေတံ" ဂါထာပါဠိတော်ကို တပည့်၊ ဒကာ၊ ဒကာမတို့အား ရွတ်ပွားစေခြင်းဖြင့် အန္တရာယ်မှန်သမျှ ကင်းစေနိုင်ကြောင်းကို အစစ်နှင့်အတုဖြင့် တင်ပြလိုက်ရပါသည်။

အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနူပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တီ။

အစစ်ကိုသုံး၍ ပြီးနိုင်ကြပါစေ

ကိုရင်သဂိ(ဗန်းမော်)

ဝန်ခံချက်။ ။ စံကင်းဆရာတော် ထေရပွတိစာအုပ်နှင့် ဗန်းမော်ဆရာတော်၏ အမြဲရွတ်ပွားသည်ကို မှီငြမ်း၍ 'အဋ္ဌာနမေတံ' ဂါထာပါဠိကို အသုံးပြုပါသည်။

http://www.dhammadownload.com



ဆရာကောင်းတပည့်

ဘဒ္ဒန္တဝံသပါလာလင်္ကာရ
မြင်းမူ၊ တိပိဋကဓရဆရာတော်

"လောကမှာ ဆရာကောင်းတပည့်ရဘို့ ခဲယဉ်းသလို တပည့်ကောင်းဆရာ ကြုံကြိုက်ဘို့ ဆိုတာလည်း ရတောင့်ရခဲပါ"

"ငယ်ငယ်က တပည့်ကောင်းဖြစ်ခဲ့ပြီး ကြီးလာတဲ့အခါ တပည့်ကောင်းကို ရချင်မှရတတ်သလို ဆရာကောင်းနဲ့ ကြုံကြိုက်ခဲ့ ရငြားသော်လည်း ကိုယ်ကိုယ်တိုင်က ဆရာကောင်း ဟုတ်ချင်မှလည်း ဟုတ်တတ်ပါ၏"

"တပည့်ကောင်းဖြစ် တပည့်ကောင်းရ, ဆရာကောင်းဖြစ် ဆရာကောင်းရ ဥဘ တောပက္ခ ပြည့်စုံမှုဆိုတာ တကိုယ်တည်း မဟုတ်တဲ့အတွက် မသေချာ မရေရာလှပါဘူး"

သတ္တ သခီါရကိစ္စတွေမှာ "မကြံလည်းဖြစ်၊ ကြံလည်းနစ်" ဆိုတာလို ဘယ်အရာဝတ္ထုမဆို လုပ်ယူမှ ရကြ ဖြစ်ဩလို မလုပ်ဘဲ နေရင်းထိုင်ရင်း အဆင်ပြေနေတာတွေကိုလည်း တွေ့နေရလို့ပါ ဒါကတော့ ကံ ကိစ္စ တွေပါဘဲ . . . . .

"ဂုဏဝန္တေ ပဿန္တိ ဇနာ" အရ ထင်ပေါ်

http://www.dhammadownload.com

လျှင် စင်တော်က ကောက်ကြသလို ပင်ကိုယ်က မထင်ပေါ်သော်လည်း ထင်ပေါ်အောင်ဟဲ့-လို့ စင်တော်ပေါ် အတင်းတိုးတက်နေသူတွေလည်း ဒုနဲ့ဒေး ပါ"

မူရင်းက မချို့တဲ့သစ်သီးများကို ချိုကြောင်း မွှေးကြောင်း အရသာရှိကြောင်း လျှာအရိုးမရှိတိုင်း ပြောရသည်မှာ ကြော်ငြာသမား သစ်သီးဆိုင်ရှင်ရဲ့ အလုပ်ကိစ္စပါ။

လောကမှာ အကုသိုလ်စျေးဆိုင်နဲ့ ကုသိုလ်စျေးဆိုင်ရယ်လို့ စျေးဆိုင်နှစ်ဆိုင် ဖွင့်လှစ်ထားတယ်။

အကုသိုလ်စျေးဆိုင်မှာ တင်ထားတဲ့ ပစ္စည်းတွေက အတုတွေချည်းဘဲ အရေအတွက်ရော၊ အရည်အချင်းရော၊ အရည်အသွေးရော ဘယ်သင်းမှမမှန်ဘူး အသုံးလဲမခံဘူး စိတ်မချရဘူး သို့သော် လူတွေကြိတ်ကြိတ်တိုး စည်ကားနေကြ၏။ အလုအယက် ဝယ်ယူနေကြ၏။ အရောင်းအဝယ် အင်မတန်တွင်ကျယ်၏။ (၂၄)နာရီပိတ်ခြံန် မရှိ အမြဲဖွင့်လှစ် ရောင်းချပေးနေ၏။ ရောင်းသူဝယ်သူ ပြတ်လပ်သည်မရှိ။

ဟို့ . . ဟို ချောင်ထဲက ကုသိုလ်စျေးဆိုင် မှ-ာတော့ ခြောက်ခြောက်ကပ်ကပ် ရောင်းသူ ဝယ်သူ မရှိသလောက် အင်မတန် နည်းပါး၏။ (၈) ရက်သီတင်း၊ လပြည့်လကွယ်နေ့နဲ့ အခါကြီးရက်ကြီးတွေမှာ လူအနည်းငယ် အမျိုးသမီးတွေ ခပ်များများ အရောင်းအဝယ် အသင့်အတင့်ရှိကြ၏။ ကျန်တဲ့ရက်တွေမှာတော့ ဆိုင်ပိတ်ထားလေ ရှိ၏။

အကုသိုလ်စျေးဆိုင်ရဲ့ပစ္စည်းတွေက ဘယ့်ကလောက်လူစည်ကားပြီး တွင်ကျယ် အောင်ရောင်းရပေမယ်လို့ ပစ္စည်းတွေက စိတ်မချရပါ။ အတု ဆိုတဲ့အတိုင်း ခဏတာသုံးစွဲပြီးနောက်ပိုင်းမှာ ပူပန်ရတတ်ပါ၏။

ကုသိုလ်စျေးဆိုင်ကပစ္စည်းတွေ ဆိုတာ အရောင်းထိုင်းပေမဲ့ ပစ္စည်းကအကောင်းစားဖြစ်တဲ့အတွက် ဘဝအာမခံချက်ရှိပါ၏။ ဘဝပေါင်းများစွာ ပျော်ပျော်ကြီးသုံးစွဲနိုင်ပါ၏။ ရေရှည်လည်း ခံပါ၏။ သုံးစွဲစဉ်အခိုက်၊ သုံးစွဲပြီးနောက်ပိုင်းတွေမှာလည်း ပူပန်မှု နောင်တရမှု မရှိပါ။

အမောင်တို့ အမိတို့ဟာ လူစည် ကားရာ လူအုပ်ကြီးနောက် ကောက်ကောက်ပါ လိုက်ပြီး အကုသိုလ်စျေးဆိုင်မှာ တန်းစီတိုးခွေ ဝယ်ယူသုံးစားနေကြမှာလား!

အချို့ရက်တွေမှာ ဆိုင်ပိတ်ထားရပြီး ဝယ်သူ ရောင်းသူ နည်းပါးလှတဲ့ ဘဝအာမခံချက် အပြည့်အဝပေးနိုင်မည့် ကုသိုလ်စျေးဆိုင်မှာ ဝယ်ယူစားသုံးနေကြမှာလား!

အကုသိုလ်စျေးဆိုင်က ပစ္စည်းတွေ ဟာကြော်ငြာအား သိပ်ကောင်းတယ်။ အလကားပေးနေသယောင် ထင်ယူရလောက်အောင် သိပ် အရောင်းသွက်တယ်။ ကိုလောဘတို့၊ ကိုဒေါသတို့၊ မယ်ကွသာတို့၊ မယ်မာနတို့ အုပ်စုတွေက အဲဒီဆိုင်မှာပဲ တဝဲလယ်လယ် ခြေချင်းလိမ်နေကြတယ်။ ချောင်းပေါက်မတတ် သွားရောက်အားပေး

http://www.dhammadownload.com

ကြတယ်။ ဝယ်ယူစားသုံးပြီးလို့ ပူပန်နေရငြားသော်လည်းနေ့စဉ်နေ့တိုင်းတိုးခွေ့အားပေးနေကြတုံးဘဲ။

ကုသိုလ်စေ့းဆိုင်ကတော့ ဘာကြော်ငြာဆိုင်းဘုတ်မှ မကပ်ဘူး၊ လောကရှိ ပစ္စည်းဝတ္ထုအမျိုးမျိုးနဲ့ ပေးဝယ်ယူလို့ရသလို ဘာမှမပေးဘဲ စေတနာမေတ္တာအဖြာဖြာနဲ့ ကိုယ်အား စိတ်အားနဲ့ ပေးယူလို့လဲ ရတယ်။ ကိုမေတ္တာ၊ ကိုစေတနာတို့၊ မယ်သဒ္ဓါတို့ မယ်ဝိဇ္ဇာတို့ အုပ်စုတွေက ဒီဆိုင်မှာဘဲ အမြဲအားပေးကြတယ်။ စိတ်ကောင်း နှလုံးကောင်းရှိသူတွေ အမြဲဝင်ထွက် ရောင်းဝယ်ဖေါက်ကားရာဌာနကြီးပေါ့။ "အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ" ကိုယ်ပမ်းသော်လဲ စိတ်ကမန္ဓမ်းပါတဲ့ အမြဲလန်းဆန်း ကြည်လင်အေးချမ်းနေတယ်။

ဆရာကောင်းရဲ့ အဆုံးအမသြဝါဒကိုရပြီး လေးစားလိုက်နာကြတဲ့ တပည့်ကောင်းတွေဟာ ဒီလိုကြော်ငြာကောင်းလှတဲ့ အကုသိုလ်စေ့းဆိုင်နား လားလားမှ မကပ်ရောက်ကြချေ။

"ဆရာကောင်းတပည့် ပန်းကောင်း ပန်" ဆိုတာလို ဆရာကောင်း တပည့်ကောင်း တို့မည်သည် ကုသိုလ်စေ့းဆိုင်မှာဘဲ အမြဲဇောက်ချ အမြဲစ်တွယ်လေ့ရှိကြတယ်။

အချို့ ဆရာကကောင်းသော်လဲ တပည့်က ဟန်မကျ၊ အချို့ တပည့်က ဟန်ကျချင်ပါသော်လဲ လမ်းညွှန် မြေပုံကားချပ်က မမှန်၊ အချို့ အထက်အောက်က ချိန်ခွင်ညှာဇောထိုးဖြစ် ကမောက်ကမ ကလေကချေ အလေအလွင့်တို့နောက်ပါ။ ကြီးလာမှ ဒုက္ခရောက်တော့ ဗုဒ္ဓရှေ့ ရောက်ရမဲ့အစား အကုသိုလ်စေ့းဆိုင်မှာ စတည်းချ၊ ကလေးဘဝကတည်းက ပြုပြင်ခဲ့ရင်တော့ အကောင်းစား၊ အလောင်းဘုရားတို့တောင်မှ တစ်ကြိမ်တစ်ခါ လွဲချော်ကြသေး၏ရှင့်တဲ့။

ဆရာကောင်းဆိုတာ "အာစာရသမာ စာရသိက္ခာပနက အာစရိယံ" တဲ့ ဝိနည်း၊ မဟာဝါ အဋ္ဌကထာမှာ ဆိုထားတယ်။ ကုသိုလ်စေ့းဆိုင်မှာ အမြဲထိုင်ပြီး သိက္ခာသုံးရပ် အကျင့်မြတ်လို့ခေါ်တဲ့ ကောင်းတဲ့လမ်းစဉ်ကို ကိုယ်တိုင်လဲ ကျင့်သုံးသင်ယူ၊ တပည့်တွေကိုလည်း အကျင့်ကောင်း၊ အလုပ်ကောင်း၊ စိတ်ကောင်း၊ နှလုံးကောင်းတွေကို သင်ယူစေတတ်၊ ကျင့်စေတတ်သူဟာ ဆရာကောင်း ပါတဲ့။

အချို့ ဆရာကောင်းအမည်ခံပုဂ္ဂိုလ်တွေက ကိုယ်ကိုယ်တိုင်က အကုသိုလ် စေ့းဆိုင်မှာ အမြဲစတည်းချနေသော်လည်း တပည့်တွေရှေ့မှာတော့ ကုသိုလ်စေ့းဆိုင်က ပြန်လာသလို ဟန်ပန်ကတော့ သိပ်ကောင်းသပေါ့။ သို့သော်ငြား အတွင်းစိတ်ထဲမှာတော့ အမြဲပူပန်နေရသပေါ့။ ငါ့အကျင့်တွေ သူတို့သိသွားမှဖြင့် အခက်၊ တယ် ရက်စက်တဲ့ ငါ လို့. . .

အချို့ ဆရာကကောင်းပါလျက် တပည့်က ပေါ့ပြက်ပြက်၊ အချို့ တပည့်က ကောင်းချင်ပါလျက် ဆရာက ငန်တန်တန်။ အချို့ ပေါ့ပြက်ပြက်နဲ့ ငန်-တန်တန်၊ ဟန်ပန်က မရ၊ ယုံမရခင်က သံပုရာရှာ၊ မုဆိုးမ လက်နှီးစုတ်လို ဖန်တရာတေနေတဲ့ စကား

http://www.dhammadownload.com

လုံးကိုပဲ ထယ်လဲသုံး။ အပါယ်ငုတ်က ပေါ်မထွက်။ တသက် တကိုယ်၊ နှစ်ကိုယ် သုံးကိုယ် အထင်မှတ်၊ ငုတ်ပြန်ပြီဗျ ပါယ်လေးရွာ၊ ဒီမသာ ဒီအမှု ဘယ်သူမပြု မိမိမှု။

ဆရာကောင်းဆိုတာ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန် ၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ . . ကျင့်ဘို့ ဝတ်ငါး ဖြာ" လို့ သိဂ်ါလောဝါဒသုတ်မှာ�ဘုဒ္ဓဟောထားတော်မူ၏။

နံပါတ်တစ် - အတတ်လည်းသင် = ဘုရားအလောင်းတော်ကလွဲရင် မည်သူမဆို ဆရာ့ထံမှာ သင်ယူရတာချည်း၊ ကိုယ်တိုင် အလိုလို တတ်သိတဲ့လူဆိုတာ ဤဇမ္ဗူ တလူမှမရှိပါ။ ဒါ့ကြောင့် မိမိသင်ယူတတ်မြောက် ထားသမျှကို တပည့်တွေကို ပညာအမွေ လက်ဆင့်ပေးရမည်မှာ ဆရာ့ဝန်တာပါ။

နံပါတ်နှစ် - ပဲ့ပြင်ဆုံးမ = သတ္ထာ ဝိယသတ္ထာ-အရ မြတ်ဗုဒ္ဓကို သတ္တဝါတို့ရဲ့ လှေမျှူးလှည်းမှူး ဦးစီးခေါင်းဆောင်နှင့် တူသောကြောင့် သတ္ထာ ဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့် ချီးကျူးတော်မူထားတာပါ။ ပဲ့ပြင်ဆိုတာ လှေကို ကိုယ်လိုရာရောက်ပြီး လမ်းမချော်ရလေအောင် တပည့်ကိုလည်း "မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံး" ဆိုတဲ့ ဥဇုမဂ္ဂမှ သွေဖီ မသွားရလေအောင် ပဲ့ပြင်ရာ၏, ဆုံးမရာ၏, အဖန်ဖန်ဆုံးမရာ၏, ကံမြစ်ရာ၏။ အကျင့်နှင့် ဆုတောင်းဟာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဖွယ် လယ်တီဆရာတော်ကြီးက ဤသို့ မိန့်ထားပါ၏။

"အကျင့်ဆိုတာ လေ့လေ့ကျင့်ခတ်ထိုးခြင်းနှင့် တူ၏။

ဆုတောင်းဆိုတာ ပဲ့ထိမ်း (ပဲ့ပြင်) ခြင်းနှင့် တူ၏။

မလေ့ကျင့် မခတ် မထိုးဘဲ ပဲ့ကာမျှဖြင့် လေ့မဆန်၊

ပဲ့မထိမ်း (ပဲ့မပြင်) ဘဲ လေ့ကျင့်ခတ် ထိုးနှံ့မျှဖြင့် လှိုင်းခရီး ဖြောင့်ဖြောင့်ကြီး မရောက်နိုင်" တဲ့။

ဒါကြောင့် တပည့်ကို ပဲ့ပြင်ရာ၏။ ဆုံးမရာ၏။

ဩဝါဒေယျာ နုသာသေယျ - စသည်ဖြင့် ဆုံးမရခက်တဲ့တပည့်ပင် ဖြစ်သော်ငြား ဆုံးမရာ၏၊ အဖန်ဖန်ဆုံးမရာ၏၊ ကံမြစ်ရာ၏ - ဟု တတိယသာဝက အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးအား မြတ်ဗုဒ္ဓ ဩဝါဒပေးတော်မူဘူး၏။

နံပါတ် သုံး - သိပ္ပမချန် = ကိုယ်သင်ယူထားတဲ့ အသိပညာ၊ အတတ်ပညာ အားလုံးကို ဆရာစားမချန်၊ ကလေးတို့ နားမလည်ကြရင် အိမ်လာခဲ့ကြ - ဟု အခြွင်းအချန်မထားဘဲ ပညာကုန် သင်ပေးရမတဲ့။ "ပေါတ္ထ ကေသုစ ယံသိပ္ပံ၊ ဝါထံ မလာက ပျက်တတ်စွ။ တစ်ကြိမ် နှစ်ကြိမ် သွားလေပါ။ သပြာစရိယာ မှတ်လေကြ" ဟူသော အသပြာစရိယတဖြာ၊ "အိတ်သွန်လို့ ဖါမှောက်၊ လာရောက်တဲ့ တပည့်တွေ၊ ယုတ်မြတ်မသွေ။ သ ဓန-အ-ဓနေ၊ သပြာငွေ မကြည့်ရှု။ နိဂ္ဂဟ ပဂ္ဂဟေ - ထိုနှစ်ထွေ

http://www.dhammadownload.com

အစဉ်ပြု၊ မှတ်မှု အာစရိ" ဟူသော ဗျုပ္ပတ်အရ " တပည့်မရှား၊ တပြားမရှိ၊ ပိတိကိုစား အားရှိပါ၏" တဲ့ တပည့်မရှား ဆိုတာလဲမှန်တယ်၊ တပြားမရှိ ဆိုတာလဲမှန်တယ် ပိတိကိုစားကြတဲ့ ငြဟ္မာကြီးများ မဟုတ်သောကြောင့် အားရှိနိုင်မည့် အစားအစာများ စားနိုင်ဘို့အတွက် တတ်နိုင်တဲ့ တပည့်မိဘ



များက စေတနာရှိသလောက် ကန်တော့ကြမည်ဆို လျှင် ထိုသည့်အာစရိသည် ငတ်ပြီး မသေနိုင်လောက်ပါ။ အနှီသို့ သော စေတနာစရိယတဖြာ၊ ဤသည့် နှစ်ဖြာ တွင် သိပ္ပမချန်တဲ့ စေတနာစရိယဖြစ်ပါမှ ဆရာကောင်းတဲ့"

နံပါတ်လေး - ဘေးရန်ဆီးကာ = ဘေးရန်ရောက်က ကြောက်ရွံ့တတ်သည့် ဆရာ၊ သစ္စာမရှိကတိမတည်သောဆရာ၊ အကြင်နာ အသနားကင်းသော ဆရာ၊ မစွန့်ကြဲ မချီးမြှောက်သော ဆရာသည် ဆရာသာကြီး ဆရာကြီးပေါသော ဟု ဗုဒ္ဓ မိန့်မှာလေ၏။

အနှီသို့သော ဆရာကြီးပေါသော မဖြစ်စေမူ၍ တပည့်တို့အပေါ် ဘေးရန်မရောက်ခင် တွေးကြောက်စေပြီး ဘေးရန်ရောက်လာသော် ဆရာကိုယ်တိုင် တပ်ဦးက ဦးဆောင်ကာ ပြေးတွေ့လိုက်ပါ။ မိုးကြိုးပစ်မှ ထန်းလက်နှင့် ကာနေလို့ စက်ကွင်းက မလွတ်နိုင်ပါချေ။

နံပါတ်ငါး - သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဘို့ဝတ်ငါးဖြာ။ တပည့်ကို မိမိအထံမှာ နေစေတာထက် မိမိထက်ကျွမ်းကျင်လိမ္မာ တတ်သိကြသော ဆရာကောင်း သမားကောင်းတို့ အထံသို့ ပို့ရန်သင့်လျော်သော် မိမိ၏ အကျိုးစီးပွါးကို မကြည့်ရှုမူ၍ တပည့်၏ကြီးပွါးရာ တိုးတက်ရာ လမ်းကြောင်းကို မပိတ်ပင် မတားဆီးဘဲ သင့်ရာအရပ်၊ သင့်သောဆရာအထံတွင် အပ်နှံပေးရမတဲ့ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" အရ ပုဂ္ဂိုလ် ထူးပုဂ္ဂိုလ်မြတ်ကို သိထိုက် ချီးမြှောက်ထိုက်၏။

နောက်ပြီး တပည့်ကောင်းအနေနဲ့ "ညီညာထက်ကြွ၊ ဆုံးမနာယူ၊ လာမူ ကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ" တဲ့။

နံပါတ်တစ် - ညီညာထက်ကြွ = စည်းလုံးညီညာ အောင်ကြောင်းဖြာသတဲ့၊ ညီညွတ်မှုသည် အင်အားတဲ့ ပညာသင်ကြားရာမှာဖြစ်စေ၊ ကိစ္စကြီးငယ် ဆောင်ရွက်ရာမှာဖြစ်စေ တဦးနဲ့တဦး မခိုမကပ် လူပါးလူနပ်မလုပ်ဘဲ ညီညီညွတ်ညွတ်နဲ့ ကြိုးစားသင်ယူ လုပ်ကိုင်ပါတဲ့။

http://www.dhammadownload.com

နောက်ပြီး ပညာရေး ကြီးပွားရေး စီးပွားရေးတွေမှာ ဝီရိယက ပဓာနကျပါတယ်။ ကြိုးစားအားထုတ်နေသူအတွက် ကံကောင်းတွေက အဖော်သဟဲအဖြစ် လာရောက် လက်တွဲကြပါတယ်။ ဉာဏ်လမ်းကြောင်းကလည်း ပွင့်လာတတ်ပါတယ်။ စိတ်ဓာတ်တွေကလည်း ရင့်ကျက်တည်ကြည်လာတတ်ပါတယ်။ သတိတရားကလည်း အားကောင်းလာပါတယ်။ အကောင်းတွေအကုန်ဝင်ရောက်လာတဲ့ ကြိုးစားမှုရဲ့နောက်ကွယ်မှာ ကျက်သရေမင်္ဂလာ အဖြာဖြာတွေကတော့ ထားစရာ နေရာမရှိလောက်အောင် အတင်းတိုးဝှေ့လာကြမှာ သေချာပါ၏။

နံပါတ်နှစ် - ဆုံးမနာယူ = နိမိန်ဝ ပဝတ္တာရံ - စသည်ဖြင့် ကောင်းစေလိုလို့ ပြောဆိုဆုံးမ အပြစ်ပြလာသူကို ရွှေထုတ်ကြီး လာပေးသူကဲ့သို့ မှတ်ပါတဲ့၊ မိမိရဲ့အပြစ်တွေကိုပြပြပြီး ဆုံးမလာသော ပုဂ္ဂိုလ်များ ဟော့ဒီ သဲဆုပ် အရေအတွက်နှင့်အမျှ နေ့စဉ်တွေ့ပါရစေ-ဟူသော အရှင်ရာဟုလာ၊ အရှင်ရာဓ ရဟန်းကြီးတို့ထုံး နှလုံးမူ၍ လည်းကောင်း၊ "တဒဟု ပဗ္ဗဇိတော သန္တော၊ ဇာတိယာ သတ္တ ဝဿိကော။ သောပိ မံ အနုသာသေယျ၊ သမ္မဒ္ဓိဿာမိ မတ္ထကေ" (သာရိပုတ္တထွေရ၊ ဥဒါန ဝဓန) အရ အသက်အားဖြင့် (၇)နှစ်သာ ရှိသေး၍ ဒီနေ့ပင် ရှင်ပြုလာတဲ့ ကိုရင်လေးကသော်မှ ငါ့ကို အကြောင်းအကျိုးပြပြီး ဆုံးမလာမယ်ဆိုရင် ဟော့ဒီငါဦးခေါင်းကြီးနဲ့ ငါ့ရဲ့အပြစ်ကို ရဲရဲကြီး ခံယူပါ့မယ်တဲ့ အရှင် သာရိပုတြာ ကိုယ်တော်မြတ်ကြီး၏ထုံးကို နှလုံးမူ၍လည်းကောင်း၊ "ရှေးရှေ့ မေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို့ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့" အရ ကောင်းစေလိုလို့ ဆုံးမလာရင် နာယူရပါမည်။

နံပါတ်သုံး - လာမူကြိုဆီး = မိမိဆရာစာသင်ဘို့၊ ဩဝါဒပေးဘို့၊ တစုံတရာ ကိစ္စကြီးငယ်ရှိလို့၊ ခရီးဝေးကသော်မှ ရောက်လာသော် ခရီးဦးကြိုမှု ပြုရမတဲ့၊ နေရာထိုင်ခင်းပေးရမတဲ့၊ သောက်ရေ သုံးရေ ချိုးရေ ပေးရမတဲ့၊ အစားအစာများ ပေးရမတဲ့၊ ကိုယ့်ပစ္စည်းနဲ့ကို အခပေးသင်တာဘဲ ဘာဂရုစိုက်လို့ ဆိုတဲ့ မျက်နှာရှစ်ခေါက်ချိုးအောက်သိုးသိုးကြီး မနေရဘူးတဲ့၊ "ပညာချင့်ထောက် မာန်မမောက်နှင့် ကိုယ့်အောက်တန်းတူ အထက်လူဟု မှတ်ယူမြဲသိုဝ် သုံးပုဂ္ဂိုလ်တွင် အောက်ကိုသနား တန်းတူအားမူ မြှောက်စားသမျှ မရှုံ့ချနှင့် ထက်ကလူမှာ ရိုသေရာ၏" ဆိုတာလို ကျင့်သုံးနေထိုင်ရမတဲ့။ အနှစ်မရှိ အကာအဝိုပြီးတဲ့ စပါးဖျင်း စပါးသိမ်လို (ထောင် ထောင်)မနေနဲ့တဲ့၊ အနှစ်အဆန် အတိုပြီးတဲ့ စပါးအနှံလို "ပါဒပဉ္စနစောဋ္ဌက = ခြေသုတ် ပုဆို၊ ဆိန္နဝိသာဏသဘ = ဦးချိုကျိုးသော နွားလား၊ ဥဒ္ဓတ ဒါဋ္ဌ သပ္ပ = အစွယ်ထုတ်ပြီး မြွေလို၊ သဒိသော ဟုတ္တာ ဥပသင်္ကမေယျ = အတူထားပြီး ကျင့်သုံးဆည်းကပ်ရမတဲ့။

နံပါတ်လေး - ထံနှီးလုပ်ကျွေး = လူဆိုတာ ရှေးဦးစွာ ကိုယ့်ဒေသအရပ် ကောင်းစားရေးကို ဦးဦးဖျားဖျား လုပ်ရမတဲ့၊ ထို့နောင် ကိုယ့်ပတ်ဝန်း

http://www.dhammadownload.com

ကျင် အသိုင်းအဝိုင်း ကောင်းစားရေးကို ဒုတိယ လုပ်ပေးရမတဲ့၊ ထို့နောင် ကိုယ့်အတွက် ကောင်းစားရေးကို နောက်ဆုံးပိတ်ကျမှ လုပ်ရမတဲ့၊ ဒါမှသာ လူကောင်းလက္ခဏာ ပီသမှာပါတဲ့။

နောက်ပြီး လူဆိုတာ ဥဋ္ဌာရဇ္ဈာ သယာနံ = စိတ်ကောင်းနှလုံးကောင်း ရှိရမတဲ့၊ နိသမ္မ ကာရိနံ = စူးစမ်းနှိုင်းချိန်ပြီး လုပ်ကိုင်တတ်ရမတဲ့၊ ပယောဂသမ္ပတ္တိနာမ = လုပ်ပုံကိုင်နည်း မှန်ကန်ရမတဲ့ သို့ကလို အင်္ဂါသုံးတန်နဲ့ ပြည့်စုံမှ မနာပါယေဝ = နှစ်သက် ဖွယ်ရာ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာရှိတဲ့ လူကောင်းလက္ခဏာ ရယ်လို့ ပေါရာဏာစရိယများနှင့် . . .

အထူးအားဖြင့် အဘိဓမ္မာ အနုဋ္ဌီကာ ကျမ်းပြု အကျော်အရှင်ဓမ္မပါလ ပုဂ္ဂိုလ်အမော်တို့ မိန့်မှာကြ၏။

သို့ပါ၍ သင်ဆရာ မြင်ဆရာ ကြားဆရာများကို ရိုသေလေးမြတ်စွာ ပြုစုလုပ်ကျွေး မွေးမြူကြပါတဲ့။

နံပါတ်ငါး - သင်တွေး အံရွတ် = ဒီနေ့ စာမတတ်သူ ပညာမတတ်သူဟာ လူ့အသိုင်းအဝိုင်းရဲ့ အပြင်လူ ဖြစ်ပါသတဲ့။ ပညာသင်ကြားရတဲ့ ရည်ရွယ်ချက်ဟာ ရာထူးရဘို့မဟုတ်ပါ။ အမှားနဲ့ အမှန်ကို ယထာဘူတကျကျ ဆုံးဖြတ်နိုင်ဘို့ တရားမှုနဲ့ မတရားမှုကို ခွဲခြားသိမြင်နိုင်ဘို့ ဒါပါဘဲ . . .

အသိပညာ အတတ်ပညာ သင်ကြားပို့ချရာမှာ အတန်းကျောင်းထဲမှာသာ ပိတ်ဆို့ ကန့်သတ်ထားတာတို့၊ လောကဖြစ်ရပ်နဲ့ ကင်းကွာနေတာတို့ သို့ကလိုဖြစ်နေရင် ယင်း ပညာသည် ဘာတန်ဘိုးမှ မရှိပါတဲ့။

ပညာသင်ကြားရာမှာ လွတ်လွတ်လပ်လပ်တွေးတောဝေဖန် ဆုံးဖြတ်နိုင်စွမ်း ရှိရမတဲ့။ ဒီအချက်ကို **Academy Freedom** ပညာသင်ကြားရေး လွတ်လပ်ခွင့်လို့ ခေါ်သတဲ့။

သို့ကလို သင်အံကျက်မှတ်လေ့လာပွါးများနိုင်ရမည်။

အနှီကဲ့သို့ "ဆရာကောင်းတပည့် ပန်းကောင်းပန်ခဲ့သော" ဗန်းမော်ဆရာတော်ကြီးဘုရား ဤနေ့ ဤရက် ဤအချိန် အခါသည်ကား ဆရာတော်ကြီး၏ ဘဝ သက်တမ်း နှစ် (၈၀) ပြည့် "ပတ္တမြားရတု" အခါတော်နေ့ကြီးပါဘုရား။

ဆရာတော်ကြီး၏ထုံး နှလုံးမူ၍ တပည့်တော်များလည်း ဆရာကောင်းတပည့် ပန်းကောင်းပန်ဆင်နိုင်ကြသည့် တပည့်ကောင်းများဖြစ်အောင် လမ်းညွှန်ပြသ ဆိုဆုံးမပေးတော်မူပါမည့် အကြောင်း ခြေတော်စုံဦးခိုက်၍ ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဘဒ္ဒန္တဝံသပါလာလင်္ကာရ
မြင်းမူ၊ တိပိဋကဓရဆရာတော်

တော်တည့် ဖြောင့်မတ် မှန်ကန်သူ၏
လက်ညှိုးသည့် တစုံတရာ မှားသွားပါက
မိမိဘက်သို့ မျက်နှာမူတတ်၏။
ကိုပညာ(ဗန်းမော်တိုက်)

http://www.dhammadownload.com



ဗန်းမော်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသကို မိမိစတင်ဖူးတွေ့သိရှိခဲ့သည်မှာ လွန်ခဲ့သောသက္ကရာဇ် ၁၃၃၀ ခုနှစ်က နှစ်ပေါင်း(၄၀)ကျော်က ဖြစ်ပါသည်။ ထိုစဉ်က ဗန်းမော်တိုက်၌ သီတင်းသုံးနေထိုင်ခဲ့ကြသည့် ဦးတေ(ပျဉ်းမနား)၊ ဦးမိုး(မိုးကောင်း)တို့နှင့် မိမိရင်းနှီးကျွမ်းဝင်သဖြင့် မိမိနေထိုင်ရာ တောင်ပြင်ခမ္မီကာရာမတိုက်မှ ဗန်းမော်တိုက်သို့ ညနေခင်းလမ်းလျှောက်ရင်း မကြာခဏ ရောက်လေ့ရှိခဲ့ပါ၏။ ထိုစဉ်က ဗန်းမော်ကျောင်းတိုက်သည် မဟာရံတံတိုင်းမှအစ သေနာသနအဆောက်အဦးများ ခိုင်မာခဲ့ဆဲဖြစ် တင့်တယ်စွာမတွေ့ရသေးပါ။

ဗန်းမော်ဆရာတော်အသွင်
မိမိအမြင်

ဘဒ္ဒန္တကောသဝ - မန္တာစရိယ၊ ဘီအေ
ကျောင်းအုပ်ဆရာတော်
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေး။

http://www.dhammadownload.com

ဆရာတော် သီတင်းသုံးသည့် အလယ်ခေါင် ရှေးဟောင်းကျွန်းသားကျောင်းတော်ကြီးသည် ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်၍ ကျွန်းသားကြမ်းပြားကြီးများ၌ သံမှိုများပြုတ်ပျက်နေသဖြင့် နင်းလျှောက်သောအခါ မောင်းလန် ဖြုံးဖြင်းမြည်သံများကြားရပါသည်။ သတိထား၍ နင်းလျှောက်ရပါသည်။

စာသင်သား ရဟန်းသာမဏေများ မူလတန်းကျောင်းသား၊ ကျောင်းသူကလေးများ အတော်များများ တွေ့ရပါသည်။ သီတင်းသုံးဖော်များ၏ ပြောပြချက်အရ ဆရာတော်သည် သာမဏေငယ်၊ ကျောင်းသား/လူကလေးများ ကျောင်းပေါ်၌ ပြေးလွှားဆော့ကစား၍ ဖြုံးဖြုံးဖြင်းဖြင်း အသံများကို ကြားရသော်လည်း ကြည့်မြဲ စာချမြဲအတိုင်း သမာဓိမပျက်ကြောင်း၊ ရံဖန်ရံခါတွင် ကလေးများ ဆော့ကစားသော ဘောလုံးက ဆရာတော်အခန်းပြတင်းမှ ဝင်လာပြီး ထိမှန်သည်ကိုပင် ဆရာတော်က ဒေါသမပွား ဆူပူခြင်းမပြုသည့်အပြင် ထိုသို့ ဆော့ကစားသော သာမဏေကလေးသူငယ်များကိုတပည့်ရဟန်းတော်များက ငေါက်ငမ်းရိုက်ပုတ်ခြင်း မပြုရန်ပင် ဆရာတော်က တားမြစ်လေ့ရှိကြောင်း သိရှိရသည်။

ဆရာတော်သည် ကျောင်းနေရဟန်းတော်အားလုံးအား နေ့စဉ် နံနက်စောစော ဝိနည်းစာဝါ (၁)ဝါကို မလိုက်မနေရ။ အမြဲ ပို့ချတော်မူလေ့ရှိကြောင်း၊ အဆင့်အတန်းလိုက် အခြားလောကုတ္တရာစာဝါများ လောကီစာပေများကိုလည်း ပို့ချလေ့ရှိကြောင်း ကျောင်းသား/ကျောင်းသူများ ပြင်ပပုဂ္ဂိုလ်များအားလည်း အခွင့်အခါအားလျော်စွာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သမိုင်း၊ ပထဝီဝင်နှင့် ကောင်းကင်နက္ခတ်တာရာဂြိုဟ်သွား စသည့် ဗဟုသုတများ၊ ခါတ်ကျမ်း၊ ဆေးကျမ်းများကိုလည်း သင်ကြားပို့ချပေးလေ့ရှိကြောင်းကိုလည်း သိရှိရပါသည်။ ထို့ပြင် ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ် အရည်အချင်းများကို အနီးအဝေးပုဂ္ဂိုလ်များမှ တဆင့်လည်းကောင်း၊ စာအုပ်စာစောင်များမှလည်းကောင်း သိရှိကြည်ညိုအားကျခဲ့ရပါသည်။

ဆရာတော်သည် အစိုးရပထမပြန်စာမေးပွဲ၊ ငယ်၊ လတ်၊ ကြီးတို့ကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့ကြောင်း၊ သကျသီဟစာချတန်းကို ပါဠိဘာသာဖြင့်ပင် အမှတ်အများဆုံးဖြင့် ဝဋ်ံသကာ=ဦးဆောက်ပန်းဘွဲ့ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း၊ အစိုးရဓမ္မာစရိယစာမေးပွဲ၌ ကျမ်းရင်း(၃)ကျမ်းနှင့် ဂုဏ်ထူး(၆)ကျမ်း၊ ပေါင်း(၉)ကျမ်းလုံးကို ပါဠိဘာသာဖြင့် နှစ်ချင်းပေါက် ဖြေဆိုအောင်မြင်တော်မူခဲ့သဖြင့် သာသနဓဇသီရိပဝရ ဓမ္မာစရိယပါဠိသိရောမဏိ

http://www.dhammadownload.com

(ဦးထိပ်ပန်ဆင်ရတနာရှင်)ဘွဲ့တံဆိပ်ကိုလည်း ခံယူရရှိတော်မူခဲ့ကြောင်း၊ လောကီပညာ အရာဌာန်လည်း မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ဘီအေဝိဇ္ဇာကိုလည်း အောင်မြင်ရရှိခဲ့ကြောင်း ကောင်းစွာသိရှိရပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါ မောက္ခချုပ်တာဝန်ကို ပေးအပ်ခြင်းခံရပြီး ထို တာဝန်ကို ထမ်းဆောင်စဉ်၌ နိုင်ငံတကာမှ စာသင်သားရဟန်းရှင်လူ ကျား/မတို့အား သက်ဆိုင်ရာဘာသာရပ်နှင့် အခြားနှီးနွယ်သော ပါဠိဘာသာရပ် ဗဟုသုတများကို အင်္ဂလိပ် ဘာသာ၊ ပါဠိဘာသာတို့ဖြင့် သင်ကြားပို့ချ ဟောပြောပေးခဲ့ရာ နိုင်ငံတကာ သင်တန်းသား/ သူများက အားရကျေနပ်စွာ နာယူလေ့လာ မှတ်သားကြကြောင်း မိမိအနေဖြင့် ကောင်း ကောင်းကြီး သိရှိရပါသည်။ ကောင်းကောင်းကြီး သိရှိရသည်ဟု အဘယ့်ကြောင့် ဆိုနိုင်သနည်းဟူမူ မိမိနှင့် တွေ့ဆုံသိကျွမ်းခဲ့သော ဗီယက်နမ်ရဟန်း၊ ပြင်သစ်ရဟန်း၊ အင်ဒိုနီးရှားသီလရှင်၊ ဘင်္ဂလား ဒေ့ရှ်အမျိုးသမီးစသော ပုဂ္ဂိုလ်များနှင့် စကားစပ်မိ ရာ၌ 'ဗန်းမော်ဆရာတော်၏ အင်္ဂလိပ်ဘာသာ စကားပြောဆိုသင်ကြားမှု ဘယ်လိုလဲ'ဟု မိမိက မေးကြည့်ရာ 'ဆရာတော်၏ အင်္ဂလိပ်ဘာသာ စကားဖြင့် ပြောဆိုရွတ်ဖတ်သင်ကြားမှုသည် အပြည်ပြည်ဆိုင်ရာ အင်္ဂလိပ်လေယူလေထား ကောင်းလှသည်ဟု မဆိုနိုင်ပေမယ့် အားလုံးက စိတ်ဝင်တစား သဘောကျနားလည်ကြပါသည်။' ဟုငှင်းတို့က တုံ့ပြန်ပြောပြကြပါသည်။ ထိုနိုင်ငံခြားသားများ တုံ့ပြန်ပြောဆိုချက်သည် မိမိ ကိုယ်တိုင် ဆရာတော်အပေါ် အကဲခတ် နားလည် ထားသည်နှင့် ကိုက်ညီနေပါသည်။ မိမိအနေဖြင့် ဆရာတော်အပေါ် အကဲခတ် နားလည်မိသည်မှာ ဆရာတော်သည် သက်ဆိုင်ရာကျမ်းရင်းကို လိမ္မာ ကျွမ်းကျင်ခြင်း၊ သဒ္ဒဗေဒကို နိုင်နင်းခြင်း၊ လုံလ ဝီရိယနှင့် စေတနာကောင်းခြင်း၊ စိတ်ရှည် သည်းခံခြင်းတို့ကြောင့် သောတုဇန ကြားနာရသူ များအဖို့ စိတ်ဝင်စား နားလည်သဘောပေါက် အောင် ပြောဆိုပို့ချနိုင်စွမ်းရှိသည်ဟု အကဲခတ် နားလည်ထားပါသည်။

ဤသည်တို့အား မိမိအနေဖြင့် ဆရာတော်၏အသွင်ကို ဉာနစက္ခု အတွေးအမြင်ဖြင့် သိမြင် ထားခြင်းများ ဖြစ်ပါ၏။ ထိုသို့သော ဉာနစက္ခု ဖြင့် တွေးမြင်မိသည်မှတပါး ပက္ခန္ဓရအားဖြင့် လက်တွေ့မျက်တွေ့မံသြစက္ခုဖြင့် တွေ့မြင်သိရှိ ချက်များလည်း များစွာရှိပါသေးသည်။ ၄င်းတို့မှာ (၁၉၇၄/၇၅)ခုနှစ်များတွင် မိမိသည် ပြင်ပဝိဇ္ဇာ ပါဠိမေဂျာ ဘီအေစာမေးပွဲကို ဖြေဆိုနေဆဲဖြစ်ရာ သက္ကဋသဒ္ဒါနှင့် ဖတ်စာကို ဆရာတော်ထံ ချဉ်းကပ်တောင်းပန်၍ ရက်တိုကာလအတွင်း

http://www.dhammadownload.com

အချိန်များများယူ၍ သင်ယူနာခံခဲ့ရပါသည်။ ထိုအချိန်မှစ၍ ဆရာတော်သည် မိမိ၏ ဓမ္မာစရိယ သင်ဆရာ တော်စပ်ခဲ့ပါတော့သည်။

ထို့နောက် ၁၉၈၇ခုနှစ်တွင် မိမိသည် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း၏ ကျောင်းအုပ်တာဝန် ထမ်းဆောင်သော အခါတွင်လည်း ဆရာတော်သည် နိုင်ငံတော်ဗဟို သဃ္ဃဝန်ဆောင်ပုဂ္ဂိုလ်-(၁)ပါး ဖြစ်သည့် အလျောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း နာယကအဖွဲ့ဝင်ပုဂ္ဂိုလ်-၁ပါးအဖြစ် ပါဝင်ထမ်းဆောင်ခဲ့ပြီး သင်တန်းအမှတ်စဉ်-၂မှ စ၍ အမှတ်စဉ်-၇ အထိ ၆နှစ်တာကြာအောင် သင်တန်းကျောင်း နာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် ပါဝင်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်မှာပင် ဆရာတော်သည် မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီး၏ မန္တလေးပရိယတ္တိသာသနာ့ တက္ကသိုလ်၊ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းတို့၌ ပဓာန ဆောက်လုပ်ထူထောင် ထောက်ပံ့လှူဒါန်းရေးကို တာဝန်ယူဆောင်ရွက် နေဆဲဖြစ်ကြောင်း မင်းကွန်းဆရာတော် ဘုရားကြီး၏ ညာလက်ရုံးဖြစ်သော ဗန်းမော် ဆရာတော်နှင့် မိမိသည် နီးကပ်စွာ ပူးတွဲ ဆောင်ရွက်ခဲ့ရခြင်း၊ သာမူနာမူများ၌ မကြာခဏ တွေ့ဆုံရခြင်းများဖြင့် ကာလတာရှည်စွာ တွေ့ထိ ကြည်ညိုခွင့် ရခဲ့ပါသည်။

မပိုမယုတ် အတိုချုပ်၍ နိဂုံးအုပ်တင်ပြ ရသော် ဗန်းမော်ဆရာတော်သည် မြန်မာနိုင်ငံ သာသနာတော်၌ ရာမှရား ဆရာတော်တစ်ပါး မြန်မာမဆုံ ကမ္ဘာနှံ့သည် အထိ အတိပါကဋ္ဌ ဒုလ္လဘပုရိသာဇည ပုဂ္ဂိုလ်-၁ပါး မမှားစင်စစ် ဧကန်ဖြစ်သည်ဟု မိမိဉာဏ်စက္ခု မံသစက္ခု အတွေးအမြင် ၂-ခုဖြင့် သိရှိရပါကြောင်း အောက်ပါဂါထာလင်္ကာစကားရပ်ဖြင့် အနှားသတ်အပ်ပါသည်။

ဒုလ္လဘော ပုရိသာဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဝိရော၊
တံ ကုလံ သုခ မေဓတိ။

ဇာနည်ဂုဏ်အင် ပြည့်စုံလင်သည့် ထိပ်တင်စရာ ထေရ်မဟာကား ဤမှာမျိုးဆွေ ဤနယ်မြေဟု၊ ပုံသေမှတ်စွဲ၊ ဖြစ်မြဲတံထွာ၊ မရှိပါတည်း။ ရပ်ရွာမြို့နယ်၊ ပြည်နယ်နှင့်တိုင်း နိုင်ငံပိုင်းတွင် ၁-ပါးဇာနည်၊ ထိုမထီ(ထေရ်)မျိုး၊ ယုံကြည်ကိုးခွင့် ရတုံလင့်သော်၊ ရပ်နှင့်အမျိုး၊ ချမ်းသာတို့၍ ကောင်းကျိုးလိုင်လိုင်ဖြိုးဖြိုးတည်း။

ဦးကေသဝ
ဓမ္မာစရိယ၊ ဘီအေ-အဂ္ဂမဟာပဏ္ဍိတ
ကျောင်းအုပ်ဆရာတော်
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
မန္တလေးတိုင်း၊ မန္တလေးမြို့။

http://www.dhammadownload.com

အားကိုးထိုက်ပေ
ဆရာထေရ်

အရှင်ကဿပါလ
(၁၁)ပါးမြောက်
တိပိဋကဓရဆရာတော်



http://www.dhammadownload.com

လောကဥ္စ ဆရာပေါင်းမြောက်များစွာရှိကြသော်လည်း တပည့်များအားကိုးထိုက်သည့် ဆရာအရေအတွက်ကား အလွန့်အလွန် နည်းပါးလှပေသည်။ ခေတ်သစ်ဗန်းမော်ဟု တင်စားထိုက်သော ပတ္တမြားရတုရှင် ကျွန်ုပ်တို့၏ဆရာ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသမထေရ်ကျော်သည်ကား တပည့်များအားကိုးထိုက် နည်းယူထိုက်သော အရေအတွက်နည်း အရည်အချင်းပြည့် တန်းဝင်ဆရာ တစ်ဆူဖြစ်တော်မူသည်ဟုဆိုလျှင်လွန်အံ့မထင်ပါ ....

မှန်၏၊ လောကဥ္စ ဆရာများသည် တပည့်များအား ဆိုင်ရာအသိပညာ အတတ်ပညာများကို သင်ကြားပေးရာဝယ် လှေကြီးထိုးရိုးရိုးဆိုသကဲ့သို့ သူ့သင်ရိုးညွှန်း တမ်းများအတိုင်း ယောဘုယျအားဖြင့် သင်ပေးနေကြကုန်၏။ တပည့်များစိတ်ဝင်စားမှု ရှိ၊ မရှိကို အလေးမထားဘဲ သင်ရိုးညွှန်းတမ်းကုန်လျှင်ပြီးရောဆိုသည့် သဘောမျိုးဖြင့် သင်ပေးသော ဆရာတို့သာလျှင် အရေအတွက်များလှကုန်၏။ တပည့်များ စိတ်မဝင်စားသည်ကို သိကြသော်လည်း အရည်အချင်းမပြည့်မှု၊ စကားမကြွယ်ဝမှု၊ ပါရမီမပါမှုကြောင့် စိတ်ဝင်စားအောင် မသင်ပြနိုင်သော ဆရာအရေအတွက်လည်း များစွာများစွာပင် ရှိကြပေလိမ့်မည် ....

တပည့်များ စိတ်ဝင်စားအောင် ဆွဲဆောင်မှုအပြည့်ဖြင့် သင်ပြနိုင်သော ဆရာအရေအတွက်သည်ကား အလွန့်အလွန် နည်းပါးမည်မှာ မြေကြီးလက်ခတ်မလွဲသေချာလှပေသည်။

ကျွန်ုပ်တို့၏ဆရာ ဗန်းမော်ဆရာတော်ကြီးသည်ကား တပည့်များစိတ်ဝင်စားအောင် ဆွဲဆောင်မှုအပြည့်ဖြင့် သင်ပြ ဟောပြ ပြောပြပေးနိုင်စွမ်းသော တန်းဝင်ဆရာတစ်ဆူ ဖြစ်သည်ဟု ဆိုချင်ပါသည် ...

ဗန်းမော်ဆရာတော်ကြီးနှင့် စာရေးသူတို့ ဆရာတပည့်အဖြစ် ဆုံတွေ့ခွင့်ရသည့်အချိန်ကား အာဒီကမ္မိက တိပိဋကဓရ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသက်တော်ထင်ရှား ရှိစဉ်ကပင်ဟု ပြောလျှင်လည်းမှန်၏။ မင်းကွန်းဆရာတော်ကြီး ခန္ဓာဝန်ချပြီး ဘဝနတ်ထံပျံလွန်တော်မူပြီးနောက်၌ဟု ပြောလျှင်လည်းမှန်၏။ အကြောင်းမှာ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတိပိဋကနိကာယ ကျောင်းတိုက်ကြီးကို မြန်မာကောဇာသက္ကရာဇ် ၁၃၄၀–ပြည့်နှစ်တွင် စတင်တည်ထောင်ပြီးသည်နှင့် ရှေ့ဆင့်နောက်ဆင့် ဆိုသကဲ့သို့ တိပိဋကနိကာယ သာသနာပြုမဟာနာယကဆရာ တော်ကြီးများအဖွဲ့နှင့် တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ကို မင်းကွန်း

http://www.dhammadownload.com

တိပိဋကဓရဆရာတော်ကြီး ကိုယ်တိုင်ဖွဲ့စည်းပေးတော်မူခဲ့သည်။

စာရေးသူသည် မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်ကြီးသို့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် စတင်ရောက်ရှိလာခဲ့ပါသည်။ မိမိတို့ရောက်ပြီးမှ ဗန်းမော်ဆရာတော်ကြီးသည်လည်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက သဘောကျနှစ်သက်တော်မူသဖြင့် တိပိဋကနိကာယသာသနာပြု မဟာနာယကဆရာတော်ကြီးများအဖွဲ့တွင် ပါဝင်လာခဲ့သည်ဟု သိရပါသည်။

ဗန်းမော်ဆရာတော်ကြီးအနေဖြင့် တိ=နိသံဃာတော်များကို အုပ်ချုပ်သော တိ=နိမဟာနာယကအဖွဲ့တွင် ပါဝင်သော်လည်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သက်တော်ထင်ရှားရှိနေသဖြင့် မိမိတို့ စာသင်သားများနှင့် ထိတွေ့ခွင့်မရခဲ့ပါ။ မကြာခင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက ဗန်းမော်ဆရာတော်အား တိ=နိသံဃာတော်များကို စာပေပို့ချပေးဘို့ မိန့်တော်မူသဖြင့် ဗန်းမော်ဆရာတော်သည် တိ=နိစာသင်သား သံဃာတော်များစွာတို့အား တိပိဋကစာမေးပွဲဆိုင်ရာစာပေများကို သင်ကြားပို့ချပေးလျက် ဆရာ၊ တပည့်အသွင် ဆောင်နေကြချိန်တွင် မိမိသည် ဝိနည်းပိဋကတစ်ပုံ အာဂုံ+ရေးဖြေ အောင်မြင်ပြီးဖြစ်၍ ရန်ကုန်တိပိဋကကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးနေလေပြီ။ ထို့ကြောင့် ဗန်းမော်ဆရာတော်နှင့် မိမိတို့ ထိတွေ့ခွင့်၊ တွေ့ဆုံခွင့် မကြုံခဲ့ပါ။

ရက်၊ လ၊ နှစ်တွေပြောင်းလို့ အချိန်တွေကြာညောင်းလာသည်နှင့်အမျှ မိမိသည်လည်း စာမေးပွဲတွေ အဆင့်ဆင့်အောင်မြင်လာခဲ့သည်။ ပိဋကနှစ်ပုံ၊ နှစ်ပုံခွဲ အာဂုံ + ရေးဖြေအောင်မြင်သည့်နှစ် မြန်မာကောဇာ ၁၃၆၀-ခုနှစ်တွင် ဗန်းမော်ဆရာတော်ကြီးနှင့်မိမိတို့ ဆရာ၊တပည့်အဖြစ် လနှင့်ချီ၍ ဆုံတွေ့ခွင့်ရကြလေပြီ။

အဘိဓမ္မာ ဒုတိယပိုင်း ယမိုက်ပဋ္ဌာန်း၊ အာဂုံ စာမေးပွဲအတွက် ဗန်းမော်ဆရာတော် ဒုတိယပါမောက္ခချုပ်အဖြစ် သာသနာပြုတာဝန်ထမ်းဆောင်ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်တွင် စွန်းလွန်းဂူဆရာတော် တိပိဋကဓရဦးသုန္ဒရနှင့်အတူ ပဋ္ဌာန်းစာဝါတက်ကြသည်။ ဘုန်းကြီးဦးသုန္ဒရက စွန်းလွန်းရိပ်သာ သဃ်နိုးကျွန်းမှ ကိုယ်ပိုင်ကားဖြင့် ကြွသည်။ မိမိက ကမ္ဘာအေးကုန်းမြေဥတ္တရကုရုကျောင်းတော်တွင်နေ၍ ဘတ်စ်ကား(၂)မှတ်တိုင်စီး၍ပဋ္ဌာန်းသင်တန်းတက်ရသည်ကဆုန်၊ နယုန်လဖြစ်၍ အမြဲစိုစိုဖတ်ဖတ်နဲ့ပင် ပဋ္ဌာန်းစာဝါ တက်ခဲ့ကြရသည်။

ပဋ္ဌာန်းစာဝါ စတက်သည့်နေ့တွင်

http://www.dhammadownload.com

ပဋ္ဌာန်းစာဝါ မပို့ချမီ ပဋ္ဌာန်းဒေသနာတော်၏ အာနုဘော်ကြီးမားပုံ၊ ပဋ္ဌာန်းကျမ်းကို ရွတ်ဖတ် ပူဇော်ကြသူများ ဘုန်းတန်ခိုးကြီးပုံတို့ကို ဤသို့မိန့်တော်မူပါသည် ။

ဦးဇင်းတို့ ဒီပဋ္ဌာန်းကျမ်းဆိုတာ အင်မတန် တန်ခိုးကြီးတယ်၊ မန္တလေးမြို့မှာ ဒေါ်စိတြာဆိုတဲ့ သီလရှင် ဆရာကြီးတစ်ယောက် ရှိခဲ့ဖူးတယ်၊ မဟာဗောဓိရိပ်သာမှာ မဟာဗောဓိ စေတီကို ဒေါ်စိတြာက တည်ဆောက်တယ်၊ လက်ထဲမှာ အလှူငွေက သိပ်ပေါလှတာမဟုတ်ဘူးတဲ့၊ ဆန္ဒပြင်းပြလွန်းလို့သာ တည်ဆောက်တာတဲ့၊ စေတီတည်ဆောက်နေတုန်း ငွေပြတ်သွားချိန်မှာ ဒေါ်စိတြာအလှူငွေရှာပုံက ထူးဆန်းတယ်၊ ဒီသီလရှင်ဆရာကြီးက နေ့စဉ်အမြဲတမ်း ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ပွားပူဇော်သတဲ့၊ ပဋ္ဌာန်းရွတ်ပြီးတော့ နတ်တွေကို အထူးအားဖြင့် သီးခြားအမျှဝေသတဲ့၊ 'ငါ ဤနေ့ ဤအချိန် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ပွားပူဇော်ရသော ကုသိုလ်၏အဖိုးဘာဂကို နတ်ဒေဝတာတို့အား အမျှ အမျှ အမျှ ပေးဝေပါကုန်၏၊ ငါ့မှာ စေတီတည်နေတာ ပိုက်ဆံကုန်ပြီ၊ ကူညီကြပါအုံး' အဲဒီလိုပြောလိုက်သတဲ့၊ ဒီတော့ နောက်နေ့မှာ အလှူရှင်တွေရောက်လာပြီး ငါးသောင်းလှူ၊ တစ်သိန်းလှူ စသည်ဖြင့် လာလှူကြသတဲ့၊ ငွေကုန်ခါနီးပြီဆိုရင် အမြဲတမ်း ပဋ္ဌာန်းရွတ် အမျှဝေပြီးတဲ့အချိန်မှာ အဲဒီလို မေတ္တာရပ် စကားပြောကြားသတဲ့၊ အမြဲတန်းလည်း အလှူရှင်တွေက လာလာလှူကြသတဲ့၊ အဲဒါနဲ့ဘဲ မဟာဗောဓိစေတီ တော်ကြီးပြီးသွားသတဲ့၊ ဒေါ်စိတြာ အဲဒီလိုနာမည်ကြီးတော့ တပည့်တော်လည်း တစ်နေ့မှာ ဒေါ်စိတြာဆီသွားတွေ့တယ်၊ သွားတွေ့တော့ ဒေါ်စိတြာက ဒီအကြောင်းအရာတွေကိုပြောပြတယ်။

ပဋ္ဌာန်းရွတ်တဲ့အခါ ဘယ်လိုစံထားရွတ်သလဲလို့ တပည့်တော်က မေးကြည့်တယ်၊ ပီပီသသ မှန်မှန်ကန်ကန် အသံကျယ်ကျယ်နဲ့ အချိန်မှန်မှန်ရွတ်ပါတယ်၊ ဥပမာ–ညနေ(၆)နာရီသတ်မှတ်ရင် နေ့စဉ် ညနေ(၆)နာရီပုံမှန်ရွတ်ဖို့လိုအပ်တယ်၊ အဲဒီလို အချိန်မှန်မှန်ရွတ်တော့ ဒီပုဂ္ဂိုလ် ဒီအချိန် အမြဲပဋ္ဌာန်းရွတ်တယ်လို့ စွဲမှတ်ယူပြီး နတ်တွေက အချိန်မှန်လာလာ ပဋ္ဌာန်းတရားနာတာပေါ့တဲ့၊ မြတ်စွာဘုရား တာဝတိံသာမှာ ပဋ္ဌာန်းတရားဟောတုန်းက နာဖူးလိုက်ကြတဲ့ နတ်တွေက ဒီပဋ္ဌာန်းတရားကိုနာချင်တဲ့အခါ၊ လူ့ပြည်မှာရွတ်မည့်သူရှိတဲ့အခါ လာနာတဲ့သဘော၊ အချိန်မှန်ဘို့လိုတယ်၊ အချိန်မှန်မှန်ရွတ်မှ လာတဲ့နတ်တွေလည်း ဒီအချိန်ပဋ္ဌာန်းတရားနာချိန်ဘဲဆိုပြီး လာလို့အဆင်ပြေမပေါ့၊ ဒီနေ့(၆)နာရီရွတ်၊ နောက်နေ့ အဆင်မပြေလို့(၉)နာရီရွတ်၊ အဲဒီလိုအချိန်မှန်ဘူးဆိုရင်တော့

http://www.dhammadownload.com

စိတ်ပျက်ပြီးလာကြမှာ မဟုတ်တော့ဘူး၊ အဲဒီလို အချိန်မှန်မှန်ရွတ်ပွားပူဇော်တော့ အချိန်ကြာ ညောင်းလာတဲ့အခါ 'စံ အနေနဲ့ မွေးကြိုင်တဲ့ရနံ့ ရလာတယ်၊ လိုချင်တာရလာတယ်' လို့ ပြောတယ် စသည်ဖြင့် ဗန်းမော်ဆရာတော်က သီလရှင်ဆရာကြီး ဒေါ်စိတြာလျှော်ပုံတွေကို မိမိယူဆချက်ပါဖြည့်စွက်ပြီး မိန့်ပါသည်၊ တပည့်တော်လည်း ပြန်လည်ပြီး 'မိန်းမသားတောင်မှ ဒီပဋ္ဌာန်းရွတ်လို့ ဒီလိုစွမ်းတယ်ဆိုရင် ယောကျ်ားကောင်းဖြစ်တဲ့ ငါရွတ်ရင် ပိုစွမ်းမပေါ့' အဲဒီလိုဆုံးဖြတ်ပြီး ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို အချိန်မှန်ပိပိသသ အသံကျယ်ကျယ်ရွတ်ပြီး နတ်တွေကိုအမျှပေးဝေခဲ့တယ်၊(၃)နှစ်လောက်ကြာတော့ ပဋ္ဌာန်းရွတ်တဲ့ အချိန်တွေမှာ မွေးကြိုင်တဲ့ရနံ့တွေရလာတယ် ကိုယ်တော်တို့၊ ညနေ(၆)နာရီ တပည့်တော် ပဋ္ဌာန်းရွတ်နေတဲ့အချိန် တစ်နေ့မှာ ဒကာကြီး တစ်ယောက် ကျောင်းရောက်လာတယ်၊ ရောက်လာပြီးတော့တပည့်တော်ကိုခပ်လှမ်းလှမ်းက အသံကျယ်ကျယ်နဲ့လျှောက်တယ် 'ဆရာတော် မွေးလှချည့်လားဘုရား၊ ရေမွေးတွေဆွတ်ထားတာလား၊ ဟာ–မဟုတ်ရပါဘူး၊ ဘုန်းကြီးရေမွေးမသုံးပါဘူး ဆိုတော့ မဟုတ်သေးဘူးဆရာတော်၊ တပည့်တွေ ရေမွေးပုလင်းမှောက်ကျ ဖိတ်ကျနေပြီထင်တယ်၊ မွေးလွန်းပါတယ်' လို့ လျှောက်ထားတယ်၊

အမှန်က အဲဒါ ရေမွေးပုလင်းဖိတ်ကျတာမဟုတ်ဘူး ကိုယ်တော်၊ နတ်တွေလာလို့မွေးတာ၊ နတ်ဗြဟ္မာတွေက တပည့်တော် ပဋ္ဌာန်းရွတ်တော့ ပဋ္ဌာန်းတရားနာဘို့လာကြတယ်၊ နတ်ဗြဟ္မာတွေလာတော့ မွေးတာပေါ့။

ပဋ္ဌာန်းဆိုတာ အဲဒီလိုတန်ခိုးရှိတာကိုယ်တော်၊ လိုချင်တာရတယ်၊ ကားလိုချင်ရင် ကားရတယ်၊ တပည့်တော်လည်း ပဋ္ဌာန်းရွတ်လို့ ဒကာတစ်ဦးလှူလို့ ကားတစ်စီးရထားတယ်။

ကျောင်းလိုချင်ရင်လည်း ကျောင်းရတယ်၊ ရန်ကုန်–ငွေကြာရံဆရာတော်ကြီး ငွေကြာရံစာသင်တိုက်ကို တည်ထောင်တုန်းက ကျောင်းအဆောက်အဦမပြည့်စုံဘူးတဲ့၊ တပည့်တော်နှင့်တွေ့တဲ့အခါ 'စာသင်သားသံဃာတွေက တိုးတိုးလာတယ်၊ ကျောင်းအဆောက်အဦးက မပြည့်စုံဘူး'လို့မိန့်တယ်၊ ဒီတော့ တပည့်တော်က ဒီလိုလျှောက်လိုက်တယ် 'ကျောင်းအဆောက်အဦးတွေရချင်ရင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို တစ်ရက်မှာ (၂၄)ခေါက်စီ၊ (၂၄)ရက်ဆက်တိုက်ရွတ်ပြီး နတ်တွေကို အမျှဝေပါ၊ အဆောက်အဦးတွေ ရလာပါလိမ့်မည်ဘုရား' လို့၊ နောက် ငွေကြာရံကျောင်းတိုက်မှာ အဆောက်အဦးတွေ၊ (၂)ထပ်(၃)ထပ်ကျောင်းကြီးတွေ တိုးလာသတဲ့၊ ဆရာတော်ကလည်း

http://www.dhammadownload.com

တပည့်တော်လျှောက်တဲ့အတိုင်း ပစ္စယနိဒ္ဒေသ ပါဠိတော်ကို တနေ့၂၄-ခေါက်စီ ၂၄-ရက် ဆက်တိုက်ရွတ်သတဲ့ ကိုယ်တော်။

အဲဒါ ဦးဇင်းတို့ကလည်း လိုချင်တာရှိရင် ပဋ္ဌာန်းရွတ်ကြပါ၊ ပဋ္ဌာန်းပို့ချသင်ကြားတဲ့ ကျောင်းမှာ ပစ္စည်းလေးပါး မရှားဘူးကိုယ်တော် ဟု မိန့်လျက် ပဋ္ဌာန်းပို့ချသင်ကြားမှုကို ပြုပါတော့သည်။

ပဋ္ဌာန်းစာဝါ ပြီးဆုံးတဲ့နေ့မှာလည်း ပဋ္ဌာန်းရဲ့ တန်ဘိုးကြီးပုံကို ဤသို့ မိန့်ပြန်ပါသည်၊ ဦးဇင်းတို့ ဒီနေ့ ပဋ္ဌာန်းစာဝါ ပြီးဆုံးတဲ့နေ့မှာ ပဋ္ဌာန်းရဲ့ တန်ခိုးကြီးပုံကို အမှတ်တရအနေနဲ့ ကိုယ်တွေ့ ပြောပြပါ့မယ် ....

တပည့်တော် တနေ့မှာ ညပဋ္ဌာန်းရွတ်ပြီးလို့ နတ်ဗြဟ္မာတွေကို အမျှဝေပြီးတဲ့အချိန် ဒီထေရဝါဒတက္ကသိုလ် ဒီအဆောင် ဒီအခန်းထဲမှာပင် နတ်ဗြဟ္မာများကို ဒီလို တိုင်တည်လိုက်တယ်၊ နတ်ဗြဟ္မာတွေ ရှိတယ်ဆိုတာ ကြားသာကြားဘူးတယ်၊ တခါမှလည်း မမြင်ဘူးပါ၊ နတ်ဗြဟ္မာများကို မြင်ချင်ပါတယ်၊ ပြုသမျှ ကုသလကိုလည်း အမျှပေးဝေပါတယ် လို့ တိုင်တည်လိုက်တဲ့ အချိန်မှာလည်း . . .

ဗြုန်းဆို အဝတ်အစားတွေ ဖိတ်ဖိတ်တောက် ဝတ်ဆင်ထားတဲ့ နတ်သားတယောက်နဲ့ နတ်သမီးတယောက်ပေါ်လာပြီး တပည့်တော်ရှေ့မှာ လက်အုပ်ချီ မတ်တတ်ရပ်နေကြတာကို တွေ့မြင်ခဲ့ရဘူးတယ်၊ ဗြဟ္မာတွေဖြစ်ဖို့ များပါတယ်၊ အပြင်မှာ ပုံထုလုပ်ထားတဲ့ နတ်သား နတ်သမီးတွေထက် ပိုပြီးခမ်းနားလှပ တင့်တယ်ကြတယ်၊ ငါမြင်ချင်တဲ့ နတ်ဗြဟ္မာတွေကိုလည်း မြင်ရပြီ၊ ပြန်လို့ရပြီလို့ပြောတော့ ပျောက်သွားကြတာ ကိုယ်တော် - ဟု နတ်ဗြဟ္မာတွေကို ကိုယ်တွေ့မြင်ရပုံကို မိန့်တော်မူပြီးလျှင် ဆက်လက်ပြီးတော့ ဤသို့ မိန့်ပြန်ပါတယ်။



http://www.dhammadownload.com

တပည့်တော် မိုးမိတ်ကုန်းမြေ တိ=နိမှာ စာချစဉ်တုန်းကလည်း ညညဆို အမြဲပဌာန်းရွတ်ပြီး အမျှဝေခဲ့တယ်၊ တညမှာတော့ တပည့်တော် သတိရတာနဲ့ ပဌာန်းရွတ် အမျှဝေပြီးတဲ့အခါ 'ငါတစ္ဆေသရဲတွေ ရှိတယ်လို့သာကြားဘူးတာ၊ ကိုယ်တွေ့ တစ်ခါမှမမြင်ဘူးသေးပါ၊ တစ္ဆေသရဲတွေ ရှိတယ်ဆိုရင် ငါမြင်ချင်တယ်၊ ပြကြပါ' လို့ တိုင်တည်လိုက်တယ်ဆိုရင်ပဲ စူးစူးဝါးဝါး အပုပ်နံ့တွေရလာတာ၊ ခွေးဟောင်သံတွေကလည်း ဆူညံနေတာပဲ၊ အဲဒီအပုပ်နံ့ရခြင်းသည် ပင်လျှင် တစ္ဆေသရဲတွေ လာတာပဲလို့ စိတ်ထဲကသိလိုက်တယ်၊ ဒါနဲ့ပဲ ငါမြင်တွေ့ချင်နေတဲ့ တစ္ဆေသရဲတွေကိုလည်း ဒီအပုပ်နံ့ပဲ တွေ့ရပြီလို့ ပြောလို့ရတယ်၊ ပြန်ကြပေတော့၊ ပြုသမျှကုသလကို အမျှပေးဝေပါတယ်လို့ ပြောလိုက်တော့ အဲဒီ အပုပ်နံ့တွေ ပျောက်သွားကြတယ်တဲ့' ဟု ဆရာတော်က တစ္ဆေသရဲများကို မြင်တွေ့ရပုံကိုလည်း မိန့်ပါတယ်။

ဦးဇင်းတို့ ပဌာန်းဆိုတာ အဲဒီလို မြင်ချင်တာကိုလည်း မြင်တွေ့ရတယ်၊ အင်မတန် တန်ခိုးကြီးတာဟု ဆရာတော်က အားရပါးရ မိန့်ပါသည်၊ မိမိတို့လည်း ဆရာတော်ကြီးကို အံ့သြငေးမောစွာ ကြည့်နေမိကြပါသည်။

ဗန်းမော်ဆရာတော်သည် တရားဟောရာ၌လည်း အခြားဆရာတော်များထံမှ မကြားဘူးသော တရားများကို စိတ်ဝင်စားအောင် ဟောစွမ်းနိုင်ပါသည်၊ ဥပမာ... အလှူဒါနနဲ့ ပတ်သက်လို့ နားလည်သဘောပေါက်အောင် ဥပမာပြု၍ ဟောပြပုံမှာ- ဒါနကို ဥပမာပြုရမယ်ဆိုရင် နံရံကို ဘောလုံးနဲ့ပစ်ပေါက်တဲ့ဥပမာကို ပြုရလိမ့်မယ်၊ နံရံကို ဘောလုံးနဲ့ပစ်ပေါက်လိုက်တဲ့အခါ နံရံကိုထိပြီး ဘောလုံးလွင့်စင်ထွက်လာမယ်၊ ဒီတော့ နံရံနဲ့ အလှူခံပုဂ္ဂိုလ်နဲ့တူတယ်၊ ဘောလုံးနဲ့ အလှူပစ္စည်းနဲ့တူတယ်၊ ဘောလုံးကို ပစ်ပေါက်သူနဲ့ အလှူရှင်နဲ့တူတယ်၊ နံရံကို ဘောလုံးထိလို့ စင်ထွက်လာတာနဲ့ ဒါနအကျိုးပေးပုံတူတယ်။

(၁)ဝါးထရံ၊ ဝါးနံရံကို ဘောလုံးနဲ့ ပစ်ပေါက်လိုက်တော့ စင်ထွက်လာတဲ့ တန်ပြန်အင်အားသည် သိပ်မကောင်းဘူး၊ သိပ်ဝေးဝေးမပြေးဘူး၊ တစ်တောင်နှစ်တောင်လောက်ဘဲ ပြေးသလို အကျင့်သီလမရှိသူများအား လှူတဲ့အခါ ရရှိလာတဲ့အကျိုးဟာ သိပ်အင်အားမကောင်းဘူး၊ အကျိုးတော့ပေးတယ်၊ နည်းတယ်ပေါ့။

(၂)သစ်သားနံရံကို ဘောလုံးနဲ့ပစ်ပေါက်လိုက်လို့ လွင့်စင်ထွက်လာတဲ့ တန်ပြန်အင်အားသည် အတော်အသင့် အားရှိသလို အကျင့်သီလ အတော်အတန် အလယ်အလတ် တန်းစားရှိသူ အလှူခံပုဂ္ဂိုလ်တို့အား လှူတဲ့

http://www.dhammadownload.com

အခါ ရရှိလာတဲ့ ဒါနအကျိုးဟာ အတော် အားကောင်းတယ်။

(၃)အုင်္ဌန်ရံကို ဘောလုံးနဲ့ပစ်ပေါက် လိုက်တဲ့အခါ လွင့်စင်ထွက်လာတဲ့ တန်ပြန် အင်အားသည် အလွန်ကောင်းသလို အကျင့် သီလ အလွန်ကောင်းတဲ့ အလှူခံပုဂ္ဂိုလ်များအား လှူတဲ့အခါ ရရှိလာတဲ့ အကျိုးအာနိသင်သည် လည်း သိပ်ပြီးတော့ အားကောင်းတယ်၊ အကျိုး ပေးကောင်းတယ်။ စသည်ဖြင့် အလှူဒါနနဲ့ ပတ်သက်လို့ နားလည်သဘောပေါက်အောင် ပြောပြတော်မူပါသည်။

တနေ့သောအခါ၌ စာရေးသူတို့ တိပိဋက(၄)ပါး ဦးဣန္ဒပါလ၊ ဦးသီလကွန္ဓ၊ ဦဝံသပါလ၊ ဦးဂန္ဓမာလာတို့ သိက္ခာထပ်ပွဲကို ရန်ကုန်တိပိဋကကျောင်းတော် ခဏ္ဍသိမ်တော် အတွင်း၌ ပြုလုပ်ရန်နေရာယူထားကြသည်၊ ဗန်းမော်ဆရာတော်ကြီးက ကမ္မဝါစာကို အဆင် သင့်ကိုင်၍ ကမ္မဝါဖတ်ရန် ဟန်ပြင်နေသည်၊ စာရေးသူတို့ တိပိဋက(၄)ပါးတို့သည်လည်း (၂)ပါးတတွဲစီ လက်အုပ်ချီလျက် ငြိမ်သက်စွာ အရှိအသေပေးနေကြသည်၊ ထိုအခါ ဆရာတော် ကြီးက စာရေးသူတို့ဘက်သို့လှည့်၍ "ကမ္မဝါစာ၌ 'နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ' လို့ တိုက်ရိုက်ပါရှိနေတဲ့အတွက် ကဲ-တောင်းပန် လိုက်ကြအုံး" ဟု မိန့်တော်မူလိုက်သောအခါ-တွင်မှ စာရေးသူတို့ တိပိဋကများသည်လည်း 'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ' ဟူ သောပါဋိကို(၃)ကြိမ်ရွတ်ဆိုလျက် တောင်းပန်မှု ပြုကြပါတော့သည်။

သိက္ခာထပ်ပွဲ၊ ကံထပ်ပွဲနှင့်ပတ်သက်၍ တဆရာတော်များ၏ သဘောထား အယူအဆ ကွဲပြားမှု အလွန်များပြားနေခြင်းကို ကြုံတွေ့ဘူး ပါသည်။ အချို့အချို့ ဆရာတော်များက 'ရဟန်း ဖြစ်ပြီးသားပဲ၊ ဘာတောင်းပန်နေစရာမှ မလိုဘူး' ဟု မိန့်ကြသည်ကိုလည်း ကြုံခဲ့ဘူးပါသည်။



http://www.dhammadownload.com

စာရေးသူအနေဖြင့် သိက္ခာထပ်၊ ကံထပ်ပွဲများ အကြိမ်များစွာ ပြုလုပ်ခဲ့ရာတွင် ထုံးစံအတိုင်း ' သံဃံ ဘန္တေ ဥပသမ္မဒံ ယာစာမိ ' ဟု ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ထားသည့် ပါဠိစတင်ရွတ်ဆိုမိသောအခါ အချို့ဆရာတော်များက ဟင်-ဒီလိုလည်း ရှိသေးသလား' ဟု ပြော၍ မနှစ်သက် မကြည်ဖြူသည့် အမူအယာပြမှုကို ခံခဲ့ရကြုံခဲ့ရဘူးပါသည်၊ ထို့ကြောင့် မရင်းနှီးသော ဆရာတော်များ ဦးဆောင်သည့် ပွဲတွင် ' သံဃံ ဘန္တေ ဥပသမ္မဒံ ယာစာမိ' အစရှိသော တောင်းပန်စကားပါဠိကို မရွတ်ဆိုမိစေရန် အထူးသတိထားနေရပါတော့သည်။ အချို့ဆရာတော်များအနေဖြင့် တောင်းပန်သည်ဖြစ်စေ၊ မတောင်းပန်သည်ဖြစ်စေ ကျေနပ်နှစ်သက်သော အမူအယာရှိကြသည်ကိုလည်း တွေ့ကြုံခဲ့ဖူးပါသည်။

သိက္ခာထပ်၊ ကံထပ်ပွဲ၌ တောင်းပန်မှုနှင့် ပတ်သက်၍ ထိုသို့သော သဘောထားအယူအဆ မတူထူးခြား ကွဲပြားမှုမျိုးရှိကြရာဝယ်... ပိဋကတ်(၃)ပုံကို အဋ္ဌကထာ ဋီကာများနှင့်တကွ မွှေနှောက်လေ့လာထားသော လောကီ,လောကုတ္တရာ စွယ်စုံပညာရှင်ဖြစ်တော်မူသော စာပေအယူအဆ အလွန်ကောင်းမွန် သဘာဝကျတော်မူသော ဗန်းမော်ဆရာတော်ကြီး၏ ' သံဃံ ဘန္တေ ဥပသမ္မဒံ ယာစာမိ' လို့ ကမ္မဝါစာ၌ တိုက်ရိုက်ပါရှိမှုကြောင့် "တောင်းပန်လိုက်ကြအုံး" မိန့်ကြားသံသည်ကား စာရေးသူတို့၏ နားထဲ နှလုံးသားထဲ ဦးဏှောက်ထဲ၌ စွဲကျန်ရစ်ပါတော့သည်၊ နည်းယူထိုက်သော ရှာမှရှား တို့ဆရာပါပေတကား...။

ဗန်းမော်ဆရာတော်ကြီးနှင့်အတူ ဆွမ်းစားကွမ်းစားလိုက်ရသည့်ပွဲမျိုး၊ ကျောင်းရေစက်ချ အနုမောဒနာပွဲမျိုး၊ ကထိန်အလှူရေစက်ချပွဲမျိုး စသည်တို့၌ နှလုံးသားထဲစွဲသွားအောင် မှတ်စရာတွေများများ ရရှိသည့်အတွက် အလွန်ကံကောင်းသည်ဟု မှတ်ယူမိပါသည်။

ပွဲတစ်ပွဲကျင်းပလို့ ဗန်းမော်ဆရာတော်တရားဟောမည့်ပွဲမျိုးဆိုလျှင် မှတ်သားနည်းယူစရာအမြဲပါစမြဲပင်ဖြစ်၍ မိမိနှင့်ပတ်သက်သည့်ပွဲမျိုးဖြစ်လျှင် ဗန်းမော်ဆရာတော်အား အမြဲတရားဟောပလွင်ပေါ်သို့ တင်စမြဲပင်၊ အခြားမှတ်သားနည်းယူစရာတွေ ဟောပြောချက်များစွာ ကျန်ရှိနေပါသေးသည်၊ ဆောင်းပါးတစ်ပုဒ်၏ အတိုင်းအတာအရ ဤမျှသာဖော်ပြနိုင်သည်ကို နားလည်းပေးကြပါရန် မေတ္တာရပ်ပါသည်၊ ဆရာတော်၏ ရာပြည့်ပူဇော်ပွဲ ပြုလုပ်သည့်အခါရောက်မှသာ ဆက်လက်ရေးသားဖော်ပြပါတော့မည်။

စာရေးသူသည်လည်း ဗန်းမော်ဆရာတော်ကြီးထံမှ ပဋ္ဌာန်းစာဝါ နည်းခံယူမှုကြောင့်

http://www.dhammadownload.com

လည်းကောင်း၊ ပဋ္ဌာန်း၏အကျိုးကျေးဇူးကို နာကြားခွင့်ရခဲ့ခြင်းကြောင့်လည်းကောင်း၊တိပိဋကဓရဘွဲ့ထူးကို ဖြေဆို အောင်မြင်ရယူနိုင်ခဲ့သည်ဆိုလျှင် လွန်အံ့မထင်ပါ။

တရားပွဲသြဝါဒပေးပွဲများစွာတို့၌လည်း ဗန်းမော်ဆရာတော်ကြီး၏ ဟောပြောမှုများကို လက်ကိုင်ပြု၍ ပြည်တွင်းပြည်ပ၌ တရားပွဲပေါင်းများစွာတွင် ဟောပြောလျက် လူလည်လုပ်လာခဲ့သည်မှာ အရသာရှိလှပါသည်၊ နောင်လည်း ပွဲပေါင်းများစွာ ဆရာတော်ကြီး၏ ဟောမှုများဖြင့် စခန်းသွားရဦးမည်ဖြစ်၍ ဆရာတော်ကြီးအား အထူးကျေးဇူးတင်ဂါရဝပြုလျက်ပါ။

ဤသို့လျှင် ဗန်းမော်ဆရာတော်ကြီးသည် ရာခိုင်နှုန်းများစွာသော ရှေးရိုးသမားစဉ်ဆရာစာရင်းတွင် မပါဝင်ဘဲ တပည့်များ နားဝင်လောက်အောင် မှတ်သားစွဲမက် နည်းယူနိုင်လောက်အောင် နှလုံးသားထဲ စွဲသွားအောင် ဥပမာပေး၍ ဟောကြားသင့်ပြ ပို့ချပေးနိုင်သောအားကိုးထိုက်သည့် ရာမှရား တို့ဆရာစာရင်းဝင်မဟာထေရ် ဆရာတော်ကြီးတစ်ပါး ဖြစ်ပါပေသည်တကား...။

ဤဆောင်းပါးဖြင့် ပတ္တမြားရတုရှင် ဗန်းမော်ဆရာတော်ကြီးအား ပူဇော်ကန်တော့ပါသည်၊ ဆရာတော်ကြီးသည် သက်ရှည်ကျန်းမာ ဘုန်းကြီးစွာဖြင့် အမျိုးဘာသာသာသနာအကျိုးကို သည်ပိုးဆောင်ရွက်နိုင်ပါစေ၊ ရာပြည့်ပူဇော်ပွဲကို ဆက်၍ကျင်းပနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသတည်း။

ဦးခိုက်လျက်-
အရှင်ဣန္ဒပါလ
(၁၁)ပါးမြောက်
တိပိဋကဓရဆရာတော်



အကယ်၍...

အယူအဆတခုဝါဒတခုဟာ စူးစမ်းမှုနဲ့ဝေဖန်မှုကို ကြောက်ရွံ့တယ်ဆိုရင် အဲဒါကို မင်း ဦးထွာက်ထဲမှာ နေရာမပေးပါနဲ့၊

လှုပ်လဲ့လှုပ်လဲ့ အိပ့်ပဲ့ဖြစ်နေတဲ့ ခြင်းတောင်းထဲကို တယ်သူက ကြက်ဥတွေ အပြည့်အသိပ် ထည့်ချင်မှာလဲလို့ ...

အယူအဆတခုဟာ ဘဝမှာ အသုံးဝင်ပြီး အကျိုးရှိလျှင်၊ စိတ်ချမ်းသာမှုနှင့် ကျေနပ်မှုကို ပေးနိုင်လျှင် ယင်း အယူအဆသည် မှန်၏...

စိစဉ်သူ

http://www.dhammadownload.com



ပညာရေးစနစ်၏ ပန်တီးရှင်

ဦးပညောဘာသ၊ ဗန်းမော်တိုက်

It is high time to create an education system that can generate a learning society capable of facing the challenges of today's | knowledge Age, for our material and spiritual progrerss.

ကျွန်ုပ်တို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖို့ အတွက် မျက်မှောက်ပညာရေးခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသော ပညာဆည်းပူးနေသည့် လူ့အဖွဲ့အစည်းကို ပေါ်ထွက်စေနိုင်သော ပညာရေးစနစ်တခု ဖန်တီးပေးရန် အချိန်တန်ပါပြီ။

ပညာသည် လူတိုင်းအတွက် အလိုအပ်ဆုံးသော အရာဖြစ်သည်၊ ဗုဒ္ဓမြတ်စွာက ပညာနှင့်တရက်အသက် ရှင်နေထိုင်ခြင်းသည် ပညာမဲ့စွာအနှစ်တရာနေထိုင်ရခြင်းထက် ပိုမိုမြင့်မြတ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ပညာသည် အရာရာကိုဖြစ်ထွန်းစေနိုင်သည်၊ ပညာဖြင့် ဆင်ခြင်စဉ်းစားတွေးခေါ်တတ်သူသည် ရရှိအပ်သောလက်ရှိဘဝတွင် အကျိုးရှိရှိနေထိုင်သွားနိုင်ပေသည်။

ထို့ကြောင့် ယနေ့ခေတ်ကာလတွင် တကမ္ဘာလုံးက ပညာကို အထွဋ်အထိပ်တင်လာကြပေသည်။ ပညာအရည်အသွေးမြင့်မားသူက ပညာအရည်အသွေးနိမ့်ကျ သူတို့ကိုကျော်ဖြတ်ကာ ကောင်းကျိုးချမ်းသာများကို ရယူသွားကြပေလိမ့်မည်။

http://www.dhammadownload.com

ပညာသည် လောကီ၊ လောကုတ္တရာ နယ်ပယ် အားလုံးတို့တွင် အဓိကကျသောအရာ ဖြစ်သည်။ ပညာမပါဘဲ လောကီ၊ လောကုတ္တရာ နယ်ပယ်တို့၌တိုးတက်မှုကိုရရှိနိုင်မည်မဟုတ်ပါ။

ထိုကဲ့သို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ပညာနှင့်ပြည့်စုံတတ်မြောက်သော နဝမဗန်းမော်ဆရာတော်ကြီးသည် ရှေးရှေးသော နာမည်ကျော်ကြား ဆရာတော်များနည်းတူ 'တာဝန်သိသူမှာ တာဝန်ရှိ၏' ဟူသော ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၏ ဩဝါဒအတိုင်း မိမိတတ်ထားပညာများကို ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အစဉ်တည်တံ့ခိုင်မြဲရေးနှင့် သာသနာတော်မြတ်ကြီး ကမ္ဘာအနှံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓစာပေများကို ရေးသားပြုစုခြင်း၊ စာပေများကိုပို့ချနေခြင်းတို့မှာ အများသူငါ သိရှိပြီးဖြစ်ပါသည်။

ကျမ်းစာများရေးသားရာတွင် တမူထူးခြားချက် ရှိသည်မှာ မြန်မာဘာသာ၊ ပါဠိဘာသာတို့ဖြင့် ရေးသားပြုစုခြင်း၊ ခေတ်နှင့်လျော်ညီစွာ ပါဠိတော်အဋ္ဌကထာများကို ကမ္ဘာသုံးဖြစ်အောင် အထက်ယမိုက်ငါးကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားပြုစုထားသည်ကို စာရေးသူ ဖတ်ရှုတွေ့မြင်ရပါသည်။

ထိုကဲ့သို့ဘာသာပြန်ဆိုနိုင်စွမ်းရှိခြင်းသည် လောကီပညာသက်သက် တတ်မြောက်ရုံလောက်နှင့်လည်း အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းကို မပြုလုပ်နိုင်ပါ၊ လောကုတ္တရာပညာသက်သက်တတ်မြောက်ရုံလောက်နှင့်လည်း မပြုလုပ်နိုင်ပါ၊ လောကီ၊ လောကုတ္တရာနှစ်ဖြာသောပညာကို တတ်မြောက်မှသာလျှင် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော် ဖြစ်သော ယမိုက်ကျမ်းကို ပိုင်နိုင်စွာ ဘာသာပြန်ဆိုနိုင်ပါလိမ့်မည်။

အထက်ယမိုက်ငါးကျမ်းဟူသည် ..... သင်္ခါရယမက၊ အနုသယယမက၊ စိတ္တယမက၊ ဓမ္မယမက၊ ဣန္ဒြိယ ယမကတို့ဖြစ်ကြသည်၊ မြတ်စွာဘုရားဟောကြားတော် မူအပ်သော ခက်ခဲနက်နဲသည့် အဘိဓမ္မာဒေသနာတော်ကြီး ဖြစ်သည့်အားလျော်စွာ တစုံတရာရှည်လျားလှသော နောက်ဆုံးဖြစ်သည့် ဣန္ဒြိယ ယမက ဒေသနာတော်ကို ဆရာတော်ကြီးသည် ပါဠိတော်+ဝိဘင်းအရ ကောက်စုံလင်စွာဖြင့် (A4) ဆိုက် လက်နှိပ်စက်မူ စာမျက်နှာ(၄၀၀)ကျော်ခန့် ပ-ဒုနှစ်အုပ် ဘာသာပြန်ဆိုထားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ဆရာတော်ကြီးသည် ပိဋကဘာသာပြန်စာပေဖြန့်ချိရေး(Pitaka Translation Society)အဖွဲ့၏ လျှောက်ထားချက်အရ သုတ်-ဝိနည်း-အဘိဓမ္မာ အခန်းကဏ္ဍများမှာ ဘာသာပြန်ဆိုထားခြင်းသည် ပါဠိတော် အဋ္ဌ

http://www.dhammadownload.com

ကထာများနှင့် ညီ၊ မညီ၊ သင့်၊ မသင့် မှတ်ချက်ပြုကာ စာမူများပြင်ဆင်မှတ်ချက်ပေးခဲ့ရသည်များကို '၁၉၈၂-ခုနှစ်၊ ဇွန်လ(၁၂)ရက်နေ့စွဲဖြင့် ဒကာချန်ထွန်း ခြေတော်စုံကိုဦးခိုက်လျှက်' ဟူသောလျှောက်ထားစာကို တွေ့မြင်ရ၍လည်းကောင်း၊ ဆရာတော်ကြီးဘာသာပြန်မှတ်ချက်ပေးထားသော ပိဋကအင်္ဂလိပ်ဘာသာပြန်စာအုပ်များကို ဖတ်ရှုတွေ့ မြင်ရ၍လည်းကောင်း ဆရာတော်ကြီးသည် ပညာရေးခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသော၊ ပညာဆည်းပူးနေသည့် အဖွဲ့အစည်းကို ပေါ်ထွက်စေနိုင်သော၊ ပညာရေးစနစ်တခုကို ဖန်တီးပေးနိုင်စွမ်းသော ဆရာတော်ကြီးတပါးဖြစ်ပါပေတော့သတည်း။

အသိပွါးမှု၊ နာကြားရှုလျှက်၊ ဖတ်ပြုခါခါ၊ များလေ့လာလေ့၊ ဝါသနာဘာဂီ၊ ထုံဝသီဖြင့်၊ လောကီ လောကုတ်၊ ကျိုးမယုတ်ဘူး၊ ဗဟုသုတ၊ နားဝဘန်ဘန်၊ ကျမ်းဂန်အကြား၊ သိမြင်များက၊ ယောကျ်ားလူမွန်၊ သူ့ထက်လွန်၍၊ တံခွန်မစိုက်၊ ဘိချေကား။ ။

(မဃဒေဝ၊ စာပိုဒ် - ၅၄၉)

တပည့် -----

ပညောဘာသ

ဗန်းမော်တိုက်



ကံ၊ ဉာဏ်၊ ဝိရိယမှာ ဝိရိယက အချုပ်ကျပါတယ်၊

ဉာဏ်ကောင်း လွန်းအားကြီးရင် စဉ်းလဲကောက်ကျစ်တဲ့ဘက် ယိုင်သွားတတ်တယ်၊

ကံကောင်းလွန်းအားကြီးရင် ထင်ရာစိုင်းပြီး နောင်ရေး ပူဆွေးရတတ်တယ်။

ကြိုးစားသူကို ဉာဏ်က ထောက်ခံအားပေးတယ်။

ကံကလည်း လက်တွဲဖော် အဖြစ် ပါလာတတ်တယ်။

ယုံကြည်မှုနဲ့ တည်ကြည်ခိုင်မြဲမှုက ခုံသမာဓိ လူကြီးနှစ်ဦးပေါ့ ...

ကိုပညာ-ဗန်းမော်တိုက်

http://www.dhammadownload.com



စာတော်ရှိ စိတ်ထားကောင်းသောဆရာတော်

ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ(လန်ဒန်)
ပါမောက္ခချုပ်၊ ဗုဒ္ဓဘက္ကသိုလ်

'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့ရရှိပြီး သက်တော်(၈၀)ပြည့် နဝမဗန်းမော်ဆရာတော်ကြီး၏ ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာအခါသမယ၌ ဂုဏ်ပြုပူဇော်စာတန်းကို ရေးသားခွင့်ရရှိ၍ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

(က) နဝမဗန်းမော်ဆရာတော်ကြီးသည်-

(၁) မြန်မာနိုင်ငံတော်တွင် အခက်ဆုံးစာမေးပွဲဟု ဆိုကြသော သကျသီဟပရိယတ္တိအသင်းကြီးမှ ကြီးမှူးကျင်းပသည့် စာသင်တန်းနှင့်စာချတန်းနှစ်တန်းလုံးကို ဆက်တိုက်ထူးချွန်စွာအောင်မြင်သည့်အပြင် ပါဠိဘာသာဖြင့်လည်း ဖြေဆိုအောင်မြင်သောကြောင့် ဆက်ကပ်ဂုဏ်ပြုအပ်သော သကျသီဟဓမ္မာစရိယဝဋ်သကာဘွဲ့ထူးကို ရရှိခဲ့ပါသည်။

(၂) မြန်မာနိုင်ငံတော်အစိုးရကကျင်းပအပ်သောအမြင့်ဆုံးစာမေးပွဲစာချတန်း၌ ကျမ်းပေါင်း(၉)ကျမ်းစလုံးကို တကြိမ်တည်းဖြင့် ထူးချွန်စွာအောင်မြင်သည့်အပြင် ပါဠိဘာသာဖြင့်လည်း ထူးချွန်စွာအောင်မြင်သောကြောင့် ဆက်ကပ်ဂုဏ်ပြုအပ်သော သာသနဓဇသိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိဘွဲ့ထူးကိုလည်း ရရှိခဲ့သည်။

http://www.dhammadownload.com

(၃) ဖော်ပြပါ လောကုတ္တရာစာမေးပွဲများကို သာမက လောကီစာမေးပွဲ၌လည်း ထူးချွန်စွာ အောင်မြင်သောကြောင့် ဆက်ကပ်ဂုဏ်ပြုအပ်သော B.A=ဝိဇ္ဇာဘွဲ့ကိုလည်း ကိုယ်တိုင် စာကြိုးစား၍ ရရှိတော်မူခဲ့ပါသည်။

(၄) ကမ္ဘာကျော်ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး စတင်ကျင်းပသည့် ၁၃၁၅-ခုနှစ်မှစ၍ ၁၃၂၀-ခုနှစ်အထိ (၅)နှစ်တိုင်တိုင် ပိဋကကျမ်းစာများ ဆိုင်ရာလုပ်ငန်းအဝဝတို့၌ ထူးချွန်စွာပါဝင်လုပ်ဆောင်ခဲ့ခြင်း ။

ကြီးကျယ်ခမ်းနားလှသော တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးကို ရေးသားပြုစုရာ၌ တာဝန်ကျသည့်အပိုင်းကဏ္ဍက တက်ကြွစွာ ပါဝင်ရေးသားခဲ့ခြင်း။

အာဒိကမ္မိကတိပိဋကဓရ မင်းကွန်းဆရာတော်ကြီး တည်ထောင်ခဲ့သော မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီး၌ တိပိဋကဓရလောင်းလျာ ရဟန်းတော်များအား (၅)နှစ်တိုင်တိုင်စာချပေးတော်မူနိုင်ခဲ့ခြင်း။

အထူးအရေးကြီးသော သာသနာတော်ဆိုင်ရာ သံဃဝိနိစ္ဆယ အမှုကြီးများကို စစ်ဆေးစီစစ်ဆုံးဖြတ်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်တော်မူခဲ့ခြင်း။

နိုင်ငံတော်အစိုးရက တည်ထောင်ဖွင့်လှစ်ခဲ့သော အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး၌ စတင်ဖွင့်ခဲ့သည်မှစ၍ ယခုတိုင်အောင် ဒုတိယပါမောက္ခချုပ်အဖြစ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိခြင်း။

မန္တလေးမြို့ပေါ်ရှိ ပရိယတ္တိအကျော်ဆရာတော်ကြီး (၁၀)ပါးတို့၏ သြဝါဒကိုခံယူ၍ ၁၉၉၄-ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ဗုဒ္ဓတက္ကသိုလ်တွင် အဓိပတိဆရာတော်ကြီးအဖြစ်ဖြင့် သွန်သင်ဆုံးမသြဝါဒ အကြံပြုချက်များဖြင့်အမြဲထောက်ခံအားပေးလျက်ရှိခြင်း

နိုင်ငံတော်တွင် အမြင့်ဆုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၌ ဗဟိုဝန်ဆောင်အဖြစ်ဖြင့် တာဝန်ထမ်းလျက်ရှိခြင်း။

မဟာစည်ဆရာတော်ကြီးက မြန်မာလိုရေးသားပြုစုခဲ့သော ဝိပဿနာရှုနည်းကျမ်းကြီးကိုလည်းကောင်း၊ ထေရီအပဒါန ဒီပနီမည်သော အဋ္ဌကထာကျမ်းကြီးကိုလည်းကောင်း ပါဠိ-ဘာသာဖြင့် ရေးသားပြုစုနိုင်ခဲ့ခြင်း။

အလွန်ခက်ခဲလှသည့် အဘိဓမ္မာပိဋကတော်ဝင် အောက်ယမိုက်(၅)ကျမ်းနှင့် အထက်ယမိုက်(၅)ကျမ်းတို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်ခဲ့ခြင်း။

အခြားဘာသာရေးဆိုင်ရာ ကျမ်းများစွာတို့ကို မြန်မာဘာသာဖြင့်ရေးသားခဲ့ခြင်း ဟူသောဘက်စုံမဟာ ပဏ္ဍိတ်လုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ခြင်းတို့ကြောင့်

http://www.dhammadownload.com

နိုင်ငံတော်အစိုးရကဂုဏ်ပြုပူဇော်အပ်သော-

'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ထူး'၊

'အဂ္ဂမဟာပဏ္ဍိတဘွဲ့ထူး'၊

'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ထူး'၊

'အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ထူး'

'ပညာရေးအမြင့်ဆုံး ဒေါက်တာ D. Litt ဘွဲ့ထူး' များကို ခံယူရရှိတော်မူခဲ့ပါသည်။

(ဂ) အထက်ကဖော်ပြခဲ့သည့် အတိုင်း လောကီပညာရေးဆိုင်ရာ၊ လောကုတ္တရာ ပညာရေးဆိုင်ရာ စာမေးပွဲများ၌ ကြိုးစားအားထုတ်၍ ရရှိခဲ့သောဘွဲ့၊ ဒီဂရီများအပြင် သာသနာရေးဆိုင်ရာလုပ်ငန်းတို့၌ သာသနာ့တာဝန်တို့ကို ထူးချွန်စွာထမ်းဆောင်၍ ရရှိသောဘွဲ့တံဆိပ်တော်များဖြင့် ချီးမြှောက်ခြင်းခံရသော နဝမဗန်းမော်ဆရာတော်ကြီး၏ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်းဟုမေးလျှင် ဤသို့ဖြေရပေမည်။

စာရေးသူသည် 'သိရီပဝရဓမ္မာစရိယ ဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၊ မဟာဝိဇ္ဇာ(လန်ဒန်တက္ကသိုလ်)ဘွဲ့၊ (၃)မျိုးကိုရရှိပြီး၍ ၁၉၉၄-ခုနှစ်၌ လန်ဒန်ကပြန်ရောက်ချိန်မှစပြီး ဆရာတော်ကြီးနှင့်ရင်းနှီးစွာ ဆက်ဆံဆည်းကပ်ခွင့် ရရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ စာရေးသူရေးသားခဲ့သော 'သက္ကတသဒ္ဒါကျမ်း၊ ပြာကတဘာသာကျမ်း၊ သာသာဗေဒကျမ်း' စသည်တို့ကို ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ယင်းဘာသာရပ်များဆိုင်ရာ၊ ဘာသာရေးဆိုင်ရာတို့၌ ဆရာတော်ကြီးနှင့်မကြာခဏ ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။

ဆရာတော်ကြီးကား လောကီဆိုင်ရာ၊ လောကုတ္တရာဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များကို ကိုယ်ပိုင်ဝယ်ယူ၍ သမာဓိကောင်းကောင်းဖြင့် အမြဲလေ့လာဖတ်ရှု ပညာဆည်းပူးလျက်ရှိပါသည်။ သမာဓိအားကောင်းပြီး ညဏ်ပညာထက်မြတ်သည့်အလျောက် ဖတ်ရှုသမျှ စာများကို အစဉ်ထာဝရစွဲမြဲစွာမှတ်မိနေပေသည်။

ပညာရှာ ပမာသူဖုန်းစား-စိတ် အမြဲရှိသဖြင့် ပညာရပ်အသစ်အဆန်းများကို အမြဲရှာဖွေဆည်းပူးလျက်ရှိပါသည်။ ပညာရပ်များကို အမြဲဖတ်ရှုလေ့လာနေသော်လည်း မာန်မာနကားအလျဉ်းမရှိပေ၊ (ပညာဂုဏ်မမောက်ပေ)။ ဘွဲ့ထူး၊ ဂုဏ်ထူးတွေမည်မျှရနေစေကာမူ လာဘ်လာဘပေါများဘို့၊ ဘုန်းကြီးတို့တွေကို အလျဉ်းမစဉ်းစားဘဲ ဘုရားရှင်အလိုတော်ကျ ရိုးရိုးကုတ်ကုတ်နေလေ့ရှိပါသည်။

အရေးကြီးသော သံဃဝိနိစ္ဆယ ဆုံးဖြတ်ရေးတွင် မည်မျှပင်လာဘ်ထိုးသော်လည်းမရ၊ ဘုရားရှင်အလိုတော်ကျ ဓမ္မဝိနယလာတိုင်းသာ ဆုံးဖြတ်လေ့ရှိပါသည်။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ-ဟူသော အဂတိ

http://www.dhammadownload.com

လေးပါးကို အမြဲရှောင်ကျဉ်လေ့ရှိပါသည်။

ထို့ပြင် အများနှင့်ဆက်ဆံရာမှာလည်း အမျက်ဒေါသမရှိ၊ အမြဲပင်သည်းခံစိတ်၊ မေတ္တာစိတ်ထားရှိပါသည်။ မည်မျှပင်အလုပ်များနေစေကာမူ ညတိုင်း၊ ညတိုင်းတွင် အဘိဓမ္မာ ပဋ္ဌာန်းကျမ်းတော်ကြီးကို အမြဲရွတ်ဖတ်ပူဇော်၍ ဗုဒ္ဓ၏ တရားတော်များကို နှလုံးသွင်းလေ့ရှိသဖြင့် နဝမဗန်းမော်ဆရာတော်ကြီးသည် ပစ္စုပ္ပန် တဘဝတာ ကောင်းစားရေးကို အလျဉ်းနှလုံးမသွင်းဘဲ၊ နောင်သံသရာဘဝအဆက်ဆက် တဘဝပြီး တဘဝ မြင့်သည်ထက်မြင့်အောင် အစဉ်အားထုတ်နေဟန် ရှိပါသည်။

အကျင့်သီလကို အသက်တမျှချစ်မြတ်နိုးသဖြင့် နဝမဗန်းမော်ဆရာတော်ကြီးသည် တဘဝပြီးတဘဝ မဂ် ဖိုလ်နိဗ္ဗာန်ရသည့်တိုင်အောင် သုဂတိဘုံဘဝများ၌သာ ကျင်လည်ဘို့ရန် အကြောင်းရှိပါတော့သည်။

နဝမဗန်းမော်ဆရာတော်ကြီး သက်တော်ရာကျော်ရှည်ပြီး ကျန်းမာချမ်းသာစွာဖြင့် သာသနာ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်တော်မူနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါတော့သတည်း။

မြင့်ဆွေ၊မဟာဝိဇ္ဇာ (လန်ဒန်)
ပါမောက္ခချုပ်၊ ဗုဒ္ဓတက္ကသိုလ်
(မန္တလေး၊ ရန်ကုန်)



တက္ကသီလာ = တက္ကသိုလ်

တက္ကသဒ္ဒေါဦနပူရဏတ္ထေ၊ သီလသဒ္ဒါ
သဘာဝတ္ထေသုအတ္ထော။ (ပါဠိနည်း)

သ–၌ဒီဃ၊ မယှဉ်ရ၊ရသ ဏ္ဍ–နှင့်ယှဉ်။
(တက္ကသီလာ)

(တနည်း) တက္ခ = သေးငယ်အောင်ထုချေရိုက်ခွဲခြင်း၊ ရွေခြင်း။

သီလာ = ကျောက်ခဲ။
တက္ခရိုက်ခွဲ၊ဟောကျောက်ခဲ၊မှတ်မြဲ
သီလာ၊ အနက်သာ။
သတ္တမီဗဟုစ်၊ ဝိဂြိုဟ်လုပ်၊
အဋ္ဌုတ်ညီစွာ၊ မည်သညာ။
(သက္ကတနည်း)

(ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်း–၁၄၀)

http://www.dhammadownload.com



ပုဒ္ဓဋ္ဌဗြတော်ရာမှ ဝမ္မိကာနုကလက္ခဏာ

အာရင်္ဂနာရဋ္ဌာဘိဝံသ(လှရတနာ)

ဘုရားစစ်+မစစ် စစ်ဆေး ကိုးကွယ်နည်း

လောကတွင် ဘုရားဟူ၍ ဝန်ခံလျက် ပေါ်ထွန်းလာသော ပုဂ္ဂိုလ်တို့ကို အမွှဋ္ဌ,ပေါက္ခရသာတိ-စသော ဝေဒပညာရှင် ပုဏ္ဏားတို့က မဟာပုရိသလက္ခဏာတော်(၃၂)ပါးတို့ဖြင့် ဘုရားဟုတ်+မဟုတ် စစ်တမ်းထုတ်လျက် ဆုံးဖြတ်ကြ၏၊ သို့ဖြစ်၍ ပုရာဏကဿပ, မက္ခလိဂေါသာလ, အဇိတ စသော တိတ္ထိဆရာကြီးတို့မှာ လက္ခဏာတော်ကြီး (၃၂)ပါးနှင့် မပြည့်စုံကြ သဖြင့် ဘုရားအတုသာ ဖြစ်ကြရရှာသည်၊ သာကီဝင်မင်းသား ဂေါတမရှင်တော်ဘုရားသာ လက္ခဏာတော်ကြီး (၃၂) ပါး ပြည့်စုံပီပြင် ပြတ်သားစွာပါရှိသဖြင့် ဘုရားစစ်မှန်သည်ဟူ၍ ဆုံးဖြတ်လျက် စိတ်ချလက်ချ ကိုးကွယ်ဆည်းကပ်ကြ၏၊ ဤကား အမွှဋ္ဌ, ပေါက္ခရသာတိ,သေလ, ဥတ္တရ, ဗြဟ္မာယု-စသော ဝေဒပညာရှင်ပုဏ္ဏားတို့၏၊ စစ်ဆေးကိုးကွယ်နည်း ဖြစ်သည်။

ထိုလက္ခဏာတော်ကြီး (၃၂)ပါးတွင် ဒုတိယမြောက်လက္ခဏာတော်မှာ "စက္ကေနက်ိတပါဒလက္ခဏာ" ဖြစ်၏၊ "စက္ကေနက်ိတပါဒလက္ခဏာ" ဟူသည် နှစ်ဖက်သော ခြေဖဝါးပြင်

http://www.dhammadownload.com



တို့၌ တစ်ထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်းအချက်ဟုဆိုအပ်သော စက်ဝန်းနှင့်တကွ လုံမ အိမ်မွန်စသည့် (၁၀၈)ကွက် မင်္ဂလာအမှတ်အသားများ ပါရှိခြင်း လက္ခဏာပင်ဖြစ်သည်၊ ဤစက်ဝန်းနှင့် (၁၀၈)ကွက် မင်္ဂလာအမှတ်အသားများကိုပေါင်း၍ "(၁၀၈)ကွက် စက်လက္ခဏာ"ဟု ခေါ်ဆိုနေကြခြင်းဖြစ်သည်၊ ခြေဖဝါးတွင်ပါရှိသည့် ဤ "စက္ကေနက်ိတပါဒ လက္ခဏာ"သည် ဘုရားဖြစ်မည် ဆုံးဖြတ်ရာ၌ အရေးပါ အရာရောက်သောလက္ခဏာဖြစ်၏။

ဘုရားအလောင်းတော်မင်းသားကို ဖွားမြင်ပြီးသည့်နောက် (၅)ရက်မြောက်နေ့၌ ခမည်းတော် သုဒ္ဓါဓနမင်းကြီးသည် ဗေဒင်သုံးပုံ တဖက်ကမ်းရောက် တတ်မြောက်ကုန်သော ပုဏ္ဏားပညာရှင် (၁၀၈)ယောက်တို့ကို ပင့်ဖိတ်လျက် နန်းတော်တွင်း၌ နို့ဃနာဘောဇဉ်တို့ကို ကျွေးမွေးတော်မူ၏၊ ထိုပုဏ္ဏားပညာရှင်(၁၀၈)ယောက်ထဲမှ အတော်ဆုံး ပုဏ္ဏားပညာရှင်(၈)ယောက်တို့ကို လက်ရွေးစင်ပညာရှင်အဖြစ် တဖန်ရွေးချယ်ပြီး သားတော်မင်းသားလေး၏ လက္ခဏာတို့ကို မည်သို့ဖြစ်လိမ့်မည်ဟူ၍ နိမိတ်ဖတ်ကြားလျောက်ထားစေပါသည်။

(၁၀၈)ကွက် စက်လက္ခဏာဖြင့် ဘုရားဖြစ်မည်ကိုသိနိုင်ပုံ

ထိုလက်ရွေးစင်ပုဏ္ဏားပညာရှင် (၈) ယောက်တို့တွင် ရာမ,ဓဇ-စသော ပုဏ္ဏားပညာရှင်(၇)ယောက်တို့က မင်းသားလေး၏ လက္ခဏာတို့ကို ကြည့်ရှုကြပြီး လက်နှစ်ချောင်းစီထောင်ကြကုန်လျက် ဘုရားသော်၄င်း၊ စကြဝတေးမင်းသော်၄င်း ဖြစ်လိမ့်မည်ဟူ၍ နှစ်ခွစကား လျောက်ထားကြသည်၊ ထိုပညာရှင်(၇)ယောက်တို့အောက် အသက်အရွယ် အငယ်ဆုံးဖြစ်သည့် ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားသည်ကား လက္ခဏာတော်တို့နှင့် ပြည့်စုံပုံကို အသေအချာကြည့်ရှုလေ့လာ စစ်ဆေးစီစစ်လျက် လက်တစ်ချောင်းကိုသာထောင်ပြီး "ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်"ဟူ၍ တစ်ခွန်းတည်းစကား ဟောကြားလေသည်၊ ယင်းသို့ ကောဏ္ဍညပုဏ္ဏား တစ်ခွန်းတည်းစကားဖြင့် ဟောကြားနိုင်သည်မှာ မင်းသားလေး၏ ခြေဖဝါးအပြင်တွင် (၁၀၈)ကွက် စက်လက္ခဏာတို့အပြည့်အစုံ ပီပြင်ပြတ်သားစွာ ပါရှိနေခြင်းကို မြင်တွေ့ရသည်၊ "ထို (၁၀၈)ကွက် စက်လက္ခဏာတွင်လည်း စကြဝတေးမင်း ပါရှိလျက်ရှိရာ ခြေဖဝါးတွင် စကြဝတေးမင်းပုံပါသော ဤမင်းသားလေးသည် စကြဝတေးမင်း ပြုလုပ်မဟုတ်၊ စကြဝတေးမင်းထက် မြတ်သော ဘုရားရှင်သာဖြစ်လိမ့်မည်"ဟူ၍ ဆုံးဖြတ်ချက်ချနိုင်သောကြောင့်ဖြစ်ပေသည်။ ဤသို့လျှင် (၁၀၈)ကွက် စက်လက္ခဏာတို့သည် ဘုရားဖြစ်မည် မဖြစ်မည်ဆုံးဖြတ်ရာ၌ အဓိကပဓာနကြသော

http://www.dhammadownload.com

အမှတ်အသားတို့ဖြစ်ကြသည်။

(အနာဂတဝင်၊ အဋ္ဌကထာ-၅၀)

ပုဒ္ဓခြေတော်ရာ မူမှန် ပူဇော်ရေးအဖွဲ့

သို့ဖြစ်၍ စာရေးသူသည် ဘုရားရှင်၏ စက္ကေနင်္ကိတပါဒလက္ခဏာကို ပုံဖော်ထုလုပ်ပြထားသည့် ဗုဒ္ဓခြေတော်ရာတို့ကို စိတ်ဝင်စားစွာ လေ့လာဖြစ်ပါသည်၊ မြန်မာပြည်တွင်းမှ ဗုဒ္ဓခြေတော်ရာပေါင်း (၂၀၀)ကျော်နှင့် အိန္ဒိယ,နီပေါ, ထိုင်း,ကမ္ဘောဒီးယား,သီရိလင်္ကာနိုင်ငံတို့၌ ရှိသည့် ဗုဒ္ဓခြေတော်ရာတို့ကိုပါ သွားရောက်ဖူးမြော်ခဲ့သည်၊ ယင်းသို့ လေ့လာဖူးမြော်ရာတွင် ခြေတော်ရာမှာပါရှိသည့် (၁၀၈)ကွက် စက်လက္ခဏာတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြပဲ ကွဲပြားကြ၏၊ တစ်နိုင်ငံတွင်းမှာပင် "တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို" ခေတ်အလိုက် မူအမျိုးမျိုးကွဲပြားကြပြန်သည်၊ သူ့နိုင်ငံ သူ့ခေတ် သူ့လူမျိုး ယဉ်ကျေးမှုအလိုက် သဒ္ဓါတရားဖြင့် ထုလုပ်ပူဇော်ထားသည်ဖြစ်၍ အပြစ်မဆိုသာပေ၊ သို့သော် ထေရဝါဒ ဗုဒ္ဓစာပေဖြစ်သည့် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်နိုင်သမျှ ညီညွတ်စွာ ထုလုပ်ထားပါမူကား သဒ္ဓါတရားပို၍ ဖြစ်နိုင်ပေမည်။

စာရေးသူသည် (၂၀၀၇)ခုနှစ် မေလတွင် ထိုင်းနိုင်ငံရှိ ဗုဒ္ဓခြေတော်ရာတို့ကို လေ့လာဖူးမြော်ပြီးပြန်လာခဲ့ပါသည်၊ ဗုဒ္ဓခြေတော်ရာကို ကြေး, ရွှေတို့ဖြင့် ထုလုပ်ပူဇော်မည့် ခြေတော်ရာ ဘုရားဖူးဒေါ်စန်းစန်းဝင်း၏ လျှောက်ထားချက်အရ "ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့"ကို ဖွဲ့စည်းဖြစ်ပါသည်၊ ထိုအဖွဲ့တွင် ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ,သက္ကသီဟဝဋ်သကာ,စာပေပါရဂူ,ဒုတိယပါမောက္ခချုပ်အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)၊ လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်,အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်, ဝဋ်သကာ, သ-စ-အ ဓမ္မာစရိယ,ဝိနယပါဠိပါရဂူ)၊ မင်္ဂလာသီဂီဆရာတော် ဘဒ္ဒန္တစန္ဒာသိရိဘိဝံသ (ပထမကျော်, စေတိယင်္ကာဓမ္မာစရိယ)၊ ချမ်းအေးဘုန်းကြီး ဘဒ္ဒန္တဝိလာသ (ဝေမိုး-ကျွန်းလှ)၊ ဦးမြင့်မောင် (မြန်မာမှုဒီဇိုင်းပညာရှင်)၊ ဦးအောင်ဟိန်း (ဓာတ်ပုံပညာရှင်)၊ ဦးအောင်မြင့်ထွန်း (စာရေးဆရာ) စသော ခြေတော်ရာဆိုင်ရာ ကျွမ်းကျင်သည့် ပညာရှင်တို့ပါဝင်ကြ၏၊ ထိုအဖွဲ့သည် အကြိမ်ကြိမ်စည်းဝေးထိုင်လျက် နိုင်ငံအသီးသီး ခေတ်အဆက်ဆက်မှ ဗုဒ္ဓခြေတော်ရာပုံတော်တို့ကို ပါဠိအဋ္ဌကထာဋီကာ မဂဓ,သက္ကဋ,အင်္ဂလိပ်,အဘိဓာန် စသော ကျမ်းတို့နှင့် တိုက်ဆိုင် စိစစ်ကြပါသည်။

ဖဝါးပြင်မှ စက်ဝန်း၏ တည်နေရာ

ဗုဒ္ဓခြေတော်ရာတွင် စက်ဝန်း၏တည်နေရာမှာ အမျိုးမျိုးဖြစ်နေသည် မြန်မာနိုင်ငံမှ

http://www.dhammadownload.com

ဗုဒ္ဓခြေတော်ရာအများစုတွင် စက်ဝန်းမှာ ဖနောင့်ပိုင်းသို့ရောက်နေပြီး ခြေတော်ရာအနည်းစုတွင်မူ ဖဝါးအလယ်တွင် ရောက်ရှိနေသည်၊ ထိုင်းစသော နိုင်ငံခြားခြေတော်ရာတို့၌ကား စက်ဝန်းမှာ ဖဝါးအလယ်တွင်တည်ရှိသည်၊ ယင်းသို့ကွဲပြားလျက်ရှိရာ စက်ဝန်းသည် ဖဝါးပြင်ဝယ် အဘယ်နေရာ၌တည်ရှိနေပါသနည်း။

စက်ဝန်း၏တည်နေရာကို လေ့လာရာဖွေကြရာ မဟာပဒါနသုတ် မဟာဝါအဋ္ဌကထာ၊ ဗြဟ္မာယုသုတ်အဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာတို့ကို ကိုးကား၍ ဆုံးဖြတ်ထားသော မောင်းထောင်သာသနာပိုင်ဆရာတော်၏ အဆုံးအဖြတ်ကို အမေးတော်ဖြေကျမ်း၌ တွေ့ရသည်၊ သာသနာပိုင်ဆရာတော်၏အဆုံးဖြတ်ကားဤသို့ပါတည်း။





တထာဂတဿ ပန စတ္ထုသု ကောဋ္ဌာသေသု ဒွေ ကောဋ္ဌာသာ အဂ္ဂပါဒေါ ဟောတိ၊ တတိယေ ကောဋ္ဌာသေ ဇယ်ာ ပတိဋ္ဌာတိ။

(မ၊ ဋ္ဌ-၃၊ ၂၅၈။ ဒီ-ဋ္ဌ၊ ၂၊ ၃၇)။

http://www.dhammadownload.com

ဘဂဝတော ပန ပါဒတလံ စတုဘာဂံ ကတွာ ဧကသ္မိံ ပဏ္ဍိ ပတိဋ္ဌိတာ၊ ဧကသ္မိံ ဇဏ္ဍိ ပတိဋ္ဌိတာ၊ ဒွေ ဘာဂါ အဂ္ဂပါဒတလာနိ။

(ဇိနာလင်္ကာရဋ္ဌကထာ၊၁၇၀)။

ယင်းသို့ အဋ္ဌကထာ ဋီကာတို့၌ ခြေတော်ကို (၄)ဖို့ပြုပြီးသော် ရှေ့ (၂)ဖို့ကို ခြေချောင်းနှင့်ဖြစ်၍ ခြေဖျားမည်သည်ဆိုခြင်းကြောင့် ဖမျက် မြင်းခေါင်းတော်အောက် (၃)ဖို့မြောက်သည် ခြေလယ်၊ (၄)ဖို့မြောက် ဖနောင့်တော်သည် ခြေရင်းမည် ရကား ဖမျက်တော်အောက် (၃)ဖို့မြောက်ဟူသော အလယ်အရပ်တွင် စက်တော်တည်သည်။

(အမေးတော်ဖြေကျမ်း၊ ၄၇၆)။

ဝမုမာနကလက္ခဏာ အဆုံးအဖြတ်

ယင်းသို့ ဖဝါးပြင်ဝယ် စက်ဝန်းတော် တည်နေရာအမှန်ကို သိပြီးသည့်နောက် (၁၀၈)ကွက် မင်္ဂလာအမှတ်သား ရုပ်ပုံတော်တို့ကို ဖယားကွက်တွင် ထည့်သွင်းရန်ကိစ္စကို ဆက်လက်ပြီး ဆွေးနွေးကြပါသည်။

(၁၀၈)ကွက် မင်္ဂလာအမှတ်အသားတို့တွင် (၆)ခုမြောက်လက္ခဏာမှာ ဝမုမာနကလက္ခဏာ ဖြစ်၏၊ ထိုဝမုမာနကလက္ခဏာကို ရှေးခေတ်မှစ၍ ယခုကာလအထိ ဝမုမာနက=ဆွမ်းအုပ်၊ ထမင်းအုပ်ဟု ဘာသာပြန်ပြီး ပုံတော်၌ ဘုန်းတော်ကြီးများကျောင်းသို့ပို့သော ဆွမ်းအုပ်ပုံသဏ္ဌာန်ကို ရေးဆွဲပြကြ ထုလုပ်ကြ၏။

ထိုဝမုမာနကလက္ခဏာနှင့်စပ်၍ ဗန်းမော်ဆရာတော်က ဤသို့ အဓိန့်ရှိပါသည်။

ဝမုမာနကပုဒ်ကို အဒ္ဓမာဂမီ အဘိဓာန်၌ ဝဒ္ဓမာဏ=ဝဒ္ဓမာဏဂ ဟု တည်ပုဒ်ပြု၍ အောက်ပါအတိုင်း အတ္ထဒ္ဒါရ (၅)နက်ထုတ်ပြ၏။

ဝဒ္ဓမာဏ-ပုံ (ဝဓမာန-သက္ကတ)

၁။ Mahavira Svami, the 24th Titthankara

မဟာဝီရ သွာမီ၊ (၂၄)ယောက်မြောက် တိတ္ထင်္ကရ=မဟာဝီရအရှင်သခင်၊ (၂၄)ယောက်မြောက် အယူဝါဒတည်ထောင်သူ။

၂။ An earthen vessel; an inslgnia of stanit Kumara god; a sign like an earthen cap in their crowns ; = မြေအိုးခွက် စတန်နီတမင်းသားနတ်သား၏ အဆောင်အရောင်၊ သူတို့၏ သရဖူများထဲ၌ မြေဖြင့်ပြုလုပ်ထားသော ဦးထုပ်ကဲ့သို့ အမှတ်အသား၊

၃။ A man who carries a man on his shoulders before a processien = ပရိသတ်ရှေ့၌ ပခုံးများဖြင့် လူတစ်ယောက်ကို ထမ်းနေသော လူတစ်ယောက်။

၄။ A Kind of limited knowledge = အကန့်အသတ်ရှိသော ပညာရပ်တစ်မျိုး၊

၅။ A house built on the princi-

http://www.dhammadownload.com

plse of architecture =ဗိသုကာပညာဖြင့် ဆောက်လုပ်ထားသည့်အိမ်၊

၄င်း (၅)နက်တို့တွင် တတိယအနက်အဖွင့် သည် ဝမုမာနကန္တိ ပုရိသဟာရိ ပုရိသင်္ဂံ ဟူသော ဗြဟ္မာယုသုတ် မဇ္ဈိမပဏ္ဏာသဋ္ဌီကာ (၃၊ ၁၇၂) အဖွင့်နှင့်ညီ၏၊ ဋ္ဌီကာအဖွင့်ကိုလည်း ပုရိသ ဟာရိ ပုရိသင်္ဂံ= ယောကျ်ား တစ်ယောက်ကို ပုခုံးပေါ်မှာတင်၍ ပရိသတ်ရှေ့၌ ထမ်းဆောင် နေသော ယောကျ်း၏ လက္ခဏာသည် ဝမုမာန ကန္တိ ဝမုမာနကံနာမ ဝမုမာနကမည်၏–ဟူ၍ အနက်ပေးပါ။

ပြဆိုခဲ့သော ပဏ္ဏာသဋ္ဌီကာနှင့် အဒ္ဓမာဂမီ အဘိဓာန်၊ ပါကဋ အဘိဓာန်များနှင့်အညီ ဝမု မာနကဟူသည် ယောကျ်းတစ်ဦးကို ပုခုံးပေါ် တင်၍ ပရိသတ်ရှေ့မှာ ထမ်းဆောင်နေသော ယောကျ်း၏ပုံကို ဖော်ပြရပေမည်၊ သို့မှသာ အဘိဓာန် သက္ကတသဒ္ဒါကျမ်း ပဏ္ဏာသဋ္ဌီကာ ကျမ်းများနှင့် ညီညွတ်ပေမည်။

ဤအဖွင့်ဋ္ဌီကာများကို အဒ္ဓမာဂမီ ပါကဋ သက္ကတအဘိဓာန်တို့နှင့် တိုက်ဆိုင်ညီနှိုင်းမှု မပြုနိုင်သဖြင့် ရှေးခေတ် အဆက်ဆက်တို့ အဆိုအမိန့် မှားယွင်းနေခြင်းဖြစ်ပေသည်၊ ဝမုမာနကပုံနှင့် ပတ်သက်၍ ပဏ္ဏာသဋ္ဌီကာ သင်္ဂီယနာ တင်ချိန်က မူအမျိုးမျိုးဖြစ်နေ၍ အနက် မှန် ပါဠိမှန်ကို ဆုံးဖြတ်ရန် ခဲယဉ်း နေကြသည်၊ ပါဠိရှိအတိုင်းပင် ထားခဲ့ရသည်၊ အဘယာရာမ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ, Ph.D အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်–ပါမောက္ခချုပ်၊ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြု) အိန္ဒိယ သိဟိုဠ်တို့မှ ပြန်ကြွလာမှ အဒ္ဓမာဂမီ အဘိဓာန် ရခဲ့၍ ကြည့်ရှုရာ ပဏ္ဏာသဋ္ဌီကာအဖွင့်နှင့် အဒ္ဓမာဂမီ အဘိဓာန်တို့အဆို ညီညွတ်နေသည် ကို တွေ့ရသည်၊ ပဏ္ဏာသဋ္ဌီကာ ဆရာတော်, အဘယရာမဆရာတော် ဦးသီလာနန္ဒာဘိဝံသတို့ အဆိုအတိုင်း ယခုဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်ပါ သည်၊ အမှားပယ်ဖျောက်၍ အမှန်ကို လိုက်နာ ကျင့်သုံး ပူဇော်နိုင်ကြပါစေကုန်သတည်း။

ဗန်းမော်ဆရာတော် မိန့်ကြားသည့်အတိုင်း ပင် တိပိဋကပါဠိမြန်မာအဘိဓာန် အဝဂ် အတွဲ (၁၈) ဝမုမာနကပုဒ်၌လည်း အောက်ပါအတိုင်း မှတ်ချက်ရေးသားထားလေသည်။

ပါကဋ္ဌ၌ ခန္ဓရောပိတ ပုရိသ= ပခုံးပေါ်၌ ထမ်း ထားအပ်သော ယောကျ်းဟု ဖွင့်သည်။ အလားတူ အဒ္ဓမာဂမီ၌ ပခုံးပေါ်မှာ ယောကျ်းတစ်ယောက် ကိုထမ်းပြီး လမ်းလျှောက်နေသော ယောကျ်း–ဟု ဖွင့်သည်၊

(အဝဂ်အတွဲ၊ ၁၈၊ ၅၅၈)

ယင်းသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဘယာ

http://www.dhammadownload.com

ရာမဆရာတော်၊ ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော်နှင့် တိပိဋကပါဠိဗြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ ဆုံးဖြတ်ချက်အရ –ဝမုမာနကလက္ခဏာကို ပုံဖော်ရာ၌ ယောကျ်ားတစ်ဦးကို ပခုံးပေါ်တင်၍ ပရိသတ်ရှေ့မှာ ထမ်းဆောင်နေသော ယောကျ်ားပုံကိုရေးသား၍အတည်ပြုကြသည်။

အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ

ဗုဒ္ဓခြေတော်ရာ မူမှန်ပူဇော်ရေးအဖွဲ့သည် စက်လက္ခဏာတော်တို့၏ အနေအထား မင်္ဂလာအမှတ်အသား ပုံတော်တို့ကို အကြိမ်ကြိမ် အစည်းဝေးထိုင်ပြီး (၁၅၊ ၇၊ ၂၀၀၉)နေ့တွင် အတည်ပြု ဆုံးဖြတ်ကြသည်၊ ဆွေးနွေးအတည်ပြု ဆုံးဖြတ် ထားသည့် ဗုဒ္ဓခြေတော်ရာမူကိုလည်း "အနန္တဇိန" ဘုရားရုပ်ပွားတော်ရှေ့၌ ပူဇော်ထားမည်ဖြစ်၍ "အနန္တဇိန" ဗုဒ္ဓခြေတော်ရာမူဟူ၍ အမည်ပေးတော်မူကြ၏၊ ယင်းသို့ အတည်ပြုဆုံးဖြတ် အမည်ပေးပြီးသောအခါတွင် ဥက္ကဋ္ဌဦးကြည့်ဝင်းအမှူးရှိသော "ဗုဒ္ဓဂယာပုညသဟာယ" အဖွဲ့က ထိုအနန္တဇိနဗုဒ္ဓခြေတော်ရာ မူသစ် ဒီဇိုင်းသစ်အတိုင်း ရတနာ(၉)မျိုးပါဝင်သည့် နဝရတ်ဗုဒ္ဓခြေတော်ရာ တစ်ဆူကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် လှရတနာသုံးထပ်တိုက်ကျောင်း မြေညီထပ် အနန္တဇိနဘုရား ရုပ်ပွားတော်ကြီးရှေ့တွင် ပူဇော်ကြပါသည်။

ထိုအနန္တဇိန ဗုဒ္ဓခြေတော်ရာကြီးကို မန္တလေးမြို့ တမွဝတီရပ် ပြည့်ဝ ဦးလှမြင့်က သွန်းလောင်းရာတွင် ဗန်းမော် ဆရာတော်ချီးမြှင့်သည့် ဓာတ်လုံး(၂)လုံး အပါအဝင် ကြေးနီ,ကြေးဝါ,ရွှေ,ငွေ,တင်း(သံဖြူ) သံ,သွပ်,ဒန်,ပြဒါးအားဖြင့် ရတနာ(၉)မျိုးတို့ကို ပေါင်းစုသွန်းလောင်းထားသဖြင့် "နဝလောဟ ဗုဒ္ဓခြေတော်ရာ"ဟူ၍ဌင်း၊ "နဝရတ်ဗုဒ္ဓခြေတော်ရာ" ဟူ၍ဌင်း ခေါ်ကြသေး၏။ ထိုအနန္တဗုဒ္ဓခြေတော်ရာကို ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးဖြစ်ကြသည့် ကကုသန်, ကောဏာဂုမ်, ကဿပ, ဂေါတမ ဟူသော ဘုရားရှင်(၄)ဆူတို့၏ ခြေတော်ရာတို့ကို ရည်မှန်း၍ သွန်းလောင်းထုလုပ် ပူဇော်ထားခြင်း ဖြစ်သည်။

အနန္တဇိနဗုဒ္ဓခြေတော်ရာကား ဘယ်+ညာ(၂)မျိုးတွင် မြန်မာပြည်ရှိချခဲ့သော ဘယ်ခြေတော်ရာဖြစ်သည်၊ အရွယ်ပမာဏမှာမူ အလျား(၅၄)လက်မ၊ အနံခြေဖျားတော် (၂၄ ½)လက်မ၊ ဖြေဖဝါးတော် (၂၃)လက်မ၊ ခြေဖနောင့်တော် (၂၃)လက်မဖြစ်သည်၊ အလေးချိန်အားဖြင့်ကား (၄၁)ပိဿာ (၂၅)ကျပ်သားရှိသည်၊ (၁၀၈)ကွက်ထားနည်း (၂)မျိုးတွင် စက်ဝန်းအဝိုင်း၏ အပြင်ဘက်မှ ခရုပတ်လည် ပတ်၍ပြထားသည်၊ ထိုအနန္တဇိနဗုဒ္ဓခြေတော်ရာကြီးကို ၁၃၆၉-ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ (၂၆၊ ၁၀၊ ၂၀၀၇)နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်

http://www.dhammadownload.com

ပူဇော်လျက် ရေစက်သွန်းချအမျှပေးဝေကြ၏။

ဤသို့ ဗုဒ္ဓခြေတော်ရာ စက်လက္ခဏာမင်္ဂလာ အမှတ်အသားပုံတော်တို့တွင် စက်ဝန်း၏ တည်ရာ အမှန်ကိုငှင်း၊ ဝမူမာနကလက္ခဏာအမှန်ကိုငှင်း စာပေနှင့်စိစစ်တိုက်ဆိုင်လျက် ဆုံးဖြတ်ပေးလိုက်သဖြင့် "အနန္တဇိန ဗုဒ္ဓခြေတော်ရာမူ "ဖြစ်ပေါ်လာသလို "အနန္တဇိနဗုဒ္ဓငေခြေတော်ရာ ရတနာပါဒစေတီ" ပွင့်ထွန်းပေါ်ပေါက်လာရသည် မှာလည်း ဗန်းမော်ဆရာတော်ကြောင့်ပင်ဖြစ်ပါသည်၊ ယင်းသို့ ဗုဒ္ဓခြေတော်ရာကို ပူဇော်ရခြင်း ကုသိုလ်ကံစေတနာကြောင့် ဗန်းမော်ဆရာတော် အသက်ရာကျော်အောင် ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

အရှင်နာရဒါဘိဝံသ (လှရတနာ)

ကံကြမ္မကိုပြောင်းပြန်လှန်ပစ်မယ်

တို့လူတွေက အနာဂတ်ကောင်းစားအောင် အတိတ်က အရိပ်ဆိုးကြီးကို ပစ္စုပ္ပန်မှာ ပြောင်းပြန်လှန်ပစ်ချင်တာ သဘာဝကျပါ၏။ ။ ခက်တာက တို့လူတွေမှာ ခလုတ်ထိမှ အမိတဒုက္ခတွေမှ ဗုဒ္ဓရှေ့ရောက်ကြတာဟာသိပ်နောက်ကျလွန်းမနေဘူးလား... လို့။

ဒီတော့ကာအတိတ်ကိုတွေးပြီးတော့လည်းဆွေးမနေနဲ့။

အနာဂတ်ကိုမျှော်ပြီးတော့လည်း ချော်မနေနဲ့။

အခုပစ္စုပ္ပန်တည့်တည့်မှာ လုပ်သင့်လုပ်ထိုက် လုပ်နိုင်မည့် အလုပ်တွေကို အားသွန်ခွန်စိုက် ကြိုးစားပန်းစား လုပ်နိုင်ကြမယ်ဆိုရင် ကံကြမ္မာအဆိုးတွေပျောက်ပြီး ကံကြမ္မာအကောင်းတွေ ရောက်လာတော့မှာ သေချာပါ၏။

ကိုပညာ-ဗန်းမော်တိုက်

အရိုအသေပြုထိုင်နည်း

ဆောင့်ကြောင့်, ကြုံ့ကြုံ့, နေတမုံ့၊ ထုံ့ပိုင်း ဘယ်က မြတ်သနည်း။

(၁) ရတနာသုံးပါး ရှိခိုးပူဇော်ရာ, လျှောက်ထားရာတို့၌ ဆောင့်ကြောင့်

(၂) ရိုသေရမည့် အရှင့်ထံပါး ခစား ဆည်းကပ်ရာတို့၌ အမှုပလ္လက်ခေါ် ပုဆစ် ဒူးချ (မိန်းမထိုင်ထိုင်)

(၃) အတတ်သင်သောအခါ, ဘုရားအားငှင်း၊ ဆရာအားငှင်း ဝတ်ပြုသောအခါ စသည်တို့၌ ထုံ့ပိုင်းထိုင်။

'ထုံ့ပိုင်းထိုင်-ဟူသည်' ပုဆစ်နှစ်ဘက်ကို ခွေ၍ ခြေနှစ်ခုကို တစ်ဘက်နံပါး၌ ထားလျက်နေခြင်း။

(စွယ်စုံကျော်ထင်၊ပ၊၂၄၂)

ပေါတ္ထကေသုစ ယံ သိပ္ပံ၊ ငါ့ထံ မလာတိ နဿန္တိ။
ဧကဝါရံ ဒွေ တယောစ၊ သပြာစရိယာတိ ဓာရေထ။
စာအုပ်ထဲမှ အတတ်ပညာ ငါ့ထံမလာက ပျက်တတ်စွ။
နှစ်ကြိမ်သုံးကြိမ် သွားလေပါ။ သပြာစရိယာ မှတ်ပါကြ။

(ကိုပညာ-ဗန်းမော်တိုက်)

http://www.dhammadownload.com



ထေရီအပဒါနဒီပနီ မှ ပေးသော အသိဉာဏ်

အရှင်ဓမ္မနိဿိတာဘိဝံသ

မြန်မာပြည်ဖြစ် အဋ္ဌကထာများ

မြတ်စွာဘုရားရှင်သည် ဝေနေယျသတ္တဝါတို့အကျိုးငှါ (၄၅)ဝါ ကာလပတ်လုံး နိကာယ ငါးရပ် ပိဋကသုံးဖြာ တရားဒေသနာ ပါဠိတော်တို့ကို ဟောကြားတော်မူခဲ့ပေသည်၊ ထိုပိဋကသုံးဖြာ ပါဠိတော်ဒေသနာတို့၏ အဖွင့် သံဝဏ္ဏနာအဋ္ဌကထာတို့ကို အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဗုဒ္ဓဒတ္တ၊ အရှင်ဓမ္မပါလ၊ အရှင်ဥပသေန၊ အရှင်မဟာနာမ–စသော အဋ္ဌကထာဆရာတော်တို့က ရေးသားဖွင့်ဆိုခဲ့ကြ၏၊ ထိုသို့ရေးသားဖွင့်ဆိုရာ၌ ပိဋကသုံးပုံတွင် ဝိနယပိဋက၊ အဘိဓမ္မာပိဋကပါဠိတော်တို့၏ အဖွင့် သံဝဏ္ဏနာအဋ္ဌကထာတို့ကို ပြည့်စုံစွာ ရေးသားဖွင့် ဆိုခဲ့ကြ၏၊ သုတ္တန္တပိဋကတွင်မူ ခုဒ္ဒကပါဋ္ဌ စသောပါဠိတော်တို့၏ အဖွင့် သံဝဏ္ဏနာအဋ္ဌကထာတို့ကို ရေးသားဖွင့်ဆိုခဲ့ကြသော်လည်း ပါဠိတော်သုံးကျမ်းတို့ကို ရေးသားဖွင့်ဆိုမှု မပြုခဲ့ကြချေ၊ ထိုပါဠိတော်သုံးကျမ်းတို့ကား–

၁။ ထေရီအပါဒါနပါဠိတော်၊
၂။ ပေဋကောပဒေသပါဠိတော်၊
၃။ မိလိန္ဒပဉ္ဉာပါဠိတော်တို့ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ

http://www.dhammadownload.com

အဋ္ဌကထာဆရာတော်တို့ မဖွင့်ဆိုခဲ့သဖြင့် ကျန်နေသော ပါဋိတော် (၃)ကျမ်းကို မြန်မာနိုင်ငံမှ ဆရာတော်တို့က ဖွင့်ဆိုပြကြ၏၊ ထိုဆရာတော်တို့ကား သထုံဇေတဝန် ဆရာတော် အရှင်နာရဒနှင့် ဗန်းမော်ဆရာတော် အရှင်ကုမာရာဘိဝံသတို့ ဖြစ်ကြသည်၊ သထုံဆရာတော်ဟူသည် မဟာစည် ဆရာတော်စသော ပဋိပတ္တိသာသနာပြု ဆရာတော်တို့၏ ဆရာဖြစ်သည်၊ သထုံဆရာတော်က ပေဋကောပဒေသ ပါဋိတော်နှင့် မိလိန္ဒပဉာ ပါဋိတော်တို့၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာတို့ကို ရေးသားတော်မူသည်၊ ပေဋကောပဒေသ အဋ္ဌကထာ၊ မိလိန္ဒပဉာ အဋ္ဌကထာတို့ ပေါ်ထွက်လာကြသည်။

ဗန်းမော် ဆရာတော်ဟူသည် ဝိမတိစ္ဆေဒနီ ကျမ်းပြု အမရပူရဆရာတော်၊ ပိဋကဝိသောဓနီ ကျမ်းပြု နယား ဆရာတော်တို့၏ တပည့်ရင်းဖြစ်သည်၊ ဗန်းမော်ဆရာတော်က ဆဋ္ဌသင်္ဂါယနာ ဥက္ကဋ္ဌ၊ မစိုးရိမ်ဆရာတော်ကြီး၏ တောင်းပန်ချက်အရ ထေရီအပဒါန်ပါဋိတော်၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ရေးသားပြုစုသည်၊ ထေရီအပါဒါန အဋ္ဌကထာအဖြစ် ပေါ်ထွက်လာရသည်၊ ဤသို့အားဖြင့် လိုနေသည့် ပါဋိတော်သုံးကျမ်း၏ အဋ္ဌကထာ(၃)စောင် ပေါ်ထွက်လာသဖြင့် ပိဋကသုံးပုံလုံး၏ အဋ္ဌကထာများ ပြည့်စုံသွားသည်၊ မြန်မာနိုင်ငံက လိုကွက်ဟာကွက်ကို ဖြည့်လိုက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားတို့အဖို့ ဂုဏ်ယူဖွယ်ပင်။

ထေရဝါဒဗုဒ္ဓဘာသာ သမိုင်းတွင် သင်္ဂါယနာ(၆)ကြိမ်တင်ခဲ့ရာ၌ မြန်မာနိုင်ငံက ပဉ္စမအကြိမ်နှင့် ဆဋ္ဌအကြိမ်အားဖြင့် သင်္ဂါယနာ(၂)ကြိမ်တင်ခွင့်ရလျက် ကမ္ဘာအလယ်တွင် ဗုဒ္ဓဘာသာ ထွန်းကားကြောင်းကို ပြဆိုနိုင်ခဲ့၏၊ အဋ္ဌကထာ သမိုင်းတွင်လည်း ကျန်နေသည့် ပါဋိတော်(၃)ကျမ်း၏ အဖွင့်သံဝဏ္ဏနာအဋ္ဌကထာတို့ကို ရေးသားဖွင့်ဆိုခြင်းဖြင့် မြန်မာနိုင်ငံမှ အဋ္ဌကထာ ဆရာတော်(၂)ပါး ပေါ်ထွက်လာခြင်းကို မော်ကွန်းထိုး မှတ်တမ်းတင်ရပေမည်၊ မြန်မာပြည်ဖြစ် အဋ္ဌကထာ(၃)စောင်တို့တွင် ဤ၌ ထေရီအပဒါန အဋ္ဌကထာကို ဝေဖန်သုံးသပ် တင်ပြပါမည်။ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်တို့ကမူ ထေရီအပဒါနဒီပနီ-ဟု နာမည်တပ်ကြ၏။

သုညကပ်ကမ္ဘာ အဆုံးအဖြတ်

ထေရီအပါဒါန်ပါဋိတော်ဟူသည် အဂ္ဂသာဝိကာ,မဟာသာဝိကာ,ပကတိသာဝိကာဖြစ်ကြသည့် ရဟန္တာထေရီ ဘိက္ခုနီမတို့၏ ဘဝအတ္ထုပ္ပတ္တိ သံသရာဒိုင်ယာရီ မှတ်တမ်းပင်ဖြစ်သည်၊ သို့ဖြစ်၍ ထိုရဟန္တာထေရီ ဘိက္ခုနီမတို့၏ အကြောင်းအရာတို့မှာ ဧတဒဂ္ဂဝဂ် အင်္ဂုတ္တိုရ် ပါဋိတော်,သံယုတ်ပါဋိတော်,ပဏ္ဏာသပါဋိတော်,

http://www.dhammadownload.com

ဗုဒ္ဓဝံသပါဠိတော်, ထေရာပဒါန်ပါဠိတော် ထေရဂါထာပါဠိတော် ထေရီဂါထာပါဠိတော်တို့နှင့် ယင်းတို့၏ အဋ္ဌကထာများ၊ ဓမ္မပဒအဋ္ဌကထာတို့၌လည်း ပါရှိကြ၏။ ထို့အပြင် ထေရီအပါဒါန အဋ္ဌကထာလာ အဖွင့်တို့မှာ အများအားဖြင့် ထိုအဋ္ဌကထာတို့မှ ယူထားသည်ဖြစ်၍ တချို့ပုဂ္ဂိုလ်တို့က ထေရီအပါဒါနအဋ္ဌကထာကို လေးလေးစားစား မလေ့လာကြချေ။

သို့သော် ထေရီအပဒါနအဋ္ဌကထာကို သေချာစွာ ဖတ်ရှုကြည့်သောအခါတွင်မူ ရှိသေလေးစားထိုက်သည်ကို တွေ့ရပေသည်၊ ကပ်ကမ္ဘာ အမျိုးစားသည်=

၁။ သုညကပ်ကမ္ဘာ၊ ၂။ အသုညကပ်ကမ္ဘာ အားဖြင့် (၂)မျိုးရှိသည်၊ ထိုတွင် သုညကပ်ကမ္ဘာ၏ အဓိပ္ပါယ်ကို ဗုဒ္ဓဝံသအဋ္ဌကထာ၌ ဤသို့ဖွင့်ပြထားပေသည်၊ သုညကပ်ကမ္ဘာဟူသည် ဂုဏ်ရှိသောပုဂ္ဂိုလ်တို့မှ ကင်းဆိတ်သည့် ကမ္ဘာဖြစ်သည်၊ ဂုဏ်ရှိပုဂ္ဂိုလ်တို့ဟူသည် ဘုရားရှင်,ပစ္စေကဗုဒ္ဓါ, စကြဝတေးမင်းတို့ပင်၊ သို့ဖြစ်၍ ဂုဏ်ရှိသော ပုဂ္ဂိုလ်တို့ဖြစ်ကြသည့် ဘုရားရှင်,ပစ္စေကဗုဒ္ဓါ, စကြဝတေးမင်းတို့မှ ကင်းဆိတ်သောကြောင့် သုညကပ်ကမ္ဘာဟူ၍ ခေါ်ဆိုရသည်၊ သုညကပ်ကမ္ဘာ၌ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါများ မပွင့်ကြကြောင်း၊ စကြဝတေးမင်းလည်း မဖြစ်ကြောင်းတို့ကို ဖွင့်ပြထားလေသည်၊

(ဗုဒ္ဓဝံသအဋ္ဌကထာ-၂၂၇)

ထေရီအပဒါနအဋ္ဌကထာ၌မူ ဗန်းမော်ဆရာတော်က ဗုဒ္ဓဝံသအဋ္ဌကထာမှာ လာသည့်အတိုင်း မဖွင့်ပါ၊ ပါဠိတော် အဋ္ဌကထာတို့ကို ကိုးကား၍ ဤသို့ဖွင့်ဆိုဆုံးဖြတ်ခဲ့လေသည်။

သုညကပ်ကမ္ဘာ၌ ဘုရားရှင်တို့သာ မပွင့်ကြသည်၊ ပစ္စေကဗုဒ္ဓါနှင့် စကြဝတေးမင်းတို့ကား ဖြစ်ထွန်း ပေါ်ပေါက်ကြ၏၊ ဥပါလိထေရာပါဒါန်ပါဠိတော်နှင့် ဘဒ္ဒဧထေရာပဒါန် အဋ္ဌကထာကိုထောက်၍ သုညကပ်ကမ္ဘာ၌ ပစ္စေကဗုဒ္ဓါများ ပွင့်ကြောင်း၊ ကုသုမာသနိယနှင့် တိဏသန္ထာရက ထေရာပဒါန်ပါဠိတော်တို့ကို ထောက်၍ စကြဝတေး မင်းများလည်းဖြစ်ကြောင်း သိရ၏၊ ထို့ကြောင့် ဘုရားရှင်ပွင့်ခြင်းမဆိတ်သုဉ်းသော ကပ်ကမ္ဘာသည် သုညကပ်ကမ္ဘာမည်၏။ (ထေရီအပဒါနဒီပနီ-၄၄၉)

(၇)နှစ်အောက်ငယ်ရွယ်သူ ရဟန္တာဖြစ် မဖြစ်

မိလိန္ဒပဉ္ဉာပါဠိတော်၌ အရှင်နာဂသေန ရဟန္တာမထေရ်က ကောင်းစွာကျင့်ကြံကြိုးကုတ်အားထုတ်သော်လည်း မင်္ဂ,ဖိုလ်မရနိုင်သည့် ပုဂ္ဂိုလ် (၁၆)ယောက်ကို ထုတ်ပြထား၏၊ ထို(၁၆)ယောက်တို့တွင် နောက်ဆုံးပုဂ္ဂိုလ်ကား (၇)နှစ်အောက်ငယ်ရွယ်သူ ပုဂ္ဂိုလ်ဖြစ်သည်၊ ထို(၁၆)ယောက်တွင် ရှေး(၁၅)ယောက် မင်္ဂ,ဖိုလ်မရသည်ကို ထားလိုက်ပါ၊ နောက်ဆုံးပုဂ္ဂိုလ်ဖြစ်သည့် (၇)

http://www.dhammadownload.com

နှစ်အောက်ငယ်ရွယ်သူသည် ကောင်းစွားကျင့်ကြံ ကြိုးကုတ် အားထုတ်ပါလျက် အဘယ့်ကြောင့် မင်္ဂ,ဖိုလ်ကို မရနိုင်ပါသနည်း-ဟူ၍ မိလိန္ဒမင်း ကြီးက အရှင်နာဂသေနမထေရ်အား မေးမြန်းခဲ့ လေသည်၊ ထိုအခါ အရှင်နာဂသေနမထေရ်က (၇) နှစ်အောက် ငယ်ရွယ်သူသည် စိတ္တဒုဗ္ဗလဖြစ်သော ကြောင့် ဂရုကဖြစ်သော နိဗ္ဗာန်ကို အာရုံမပြုနိုင် သဖြင့် မင်္ဂ,ဖိုလ်ကို မရနိုင်ဟူ၍ ဖြေဆိုခဲ့လေသည်။

(မိလိန္ဒပဉ္ဉာပါဠိတော်-၂၉၈)

ဤမိလိန္ဒပဉ္ဉာပါဠိတော်အလိုဆိုလျှင် (၇)နှစ်အောက် ငယ်ရွယ်သူများ မင်္ဂ,ဖိုလ် မရနိုင် ဟူ၍ မှတ်သားရမလို ဖြစ်နေပေသည်၊ ပဋ္ဌပဒီပိကာ ထေရီ အပဒါန်ပါဠိတော်ကို ဖွင့်ရာ၌ ဗန်းမော်ဆရာ တော်ကမူ အပါဒါန်ပါဠိတော်ကို ကိုးကား၍ (၇)နှစ်အောက် ငယ်ရွယ်သူများလည်း မင်္ဂ,ဖိုလ်, နိဗ္ဗာန်ကို ရကြသည်သာဟူ၍ ဆုံးဖြတ်ထားလေ သည်။

ထေရာပါဒါန်ပါဠိတော်မှ စန္ဒနမာလိယ မထေရ်၊ ပဋ္ဌသီလသမာဒါနိယမထေရ်၊ ပဒုမ မထေရ်အားဖြင့် ဤမထေရ်(၃)ပါးတို့သည် (၅) နှစ် အရွယ်မျှဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု ကြ၏။

ဇာတိယာ ပဋ္ဌဝဿေန၊ အရဟတ္တ မပါပုဏ်။

ဥပသမွဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။ (အပ၊ ၁၊ ၈၅)

ဧကဒီပိယမထေရ်မှာမူ ပရိနိဗ္ဗာန်စံသည့် သိဒ္ဓတ္ထဘုရားရှင်၏ ရုပ်ကလာပ်တော်အား ဆီးမီး လှူဒါန်းခဲ့သည့် ဒီပဒါနကုသိုလ်ကံစေတနာ ကြောင့် ဂေါတမဘုရားရှင်လက်ထက်တွင် (၄)နှစ် သားအရွယ် ငယ်ငယ်ဖြင့်ပင် အရဟတ္တဖိုလ်ကို ဆိုက်ရောက်ခဲ့ရလေသည်။

ဇာတိယာ စတုဝဿေဟံ၊ ပဗ္ဗဇိ အနာဂါရိယံ။

အမုမာသေ အသမွတ္တေ၊ အရဟတ္တ မပါပုဏိ်။ (အပ၊ ၁၊ ၄၄၀)

ဆိုခဲ့ပြီး မထေရ် (၄)ပါးတို့ကို အထောက် ထားပြု၍ (၇)နှစ်အောက် ငယ်ရွယ်သူများလည်း မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်ကြသည်၊ မိလိန္ဒပဉ္ဉာ ပါဠိတော်စကားကိုမူ ယေဘုယျအားဖြင့်သာ မှတ်ထိုက်သည်ဟူ၍ ဖွင့်ပြဆုံးဖြတ်ထားသည်မှာ တရားအားထုတ်နေသူ ယောဂီများအဖို့ အားဆေး ပင်ဖြစ်သည်၊ (ထေရာအပဒါနဒီပနီ၊ ၆၆)

သမ္မုဒ္ဓဂါထာ အဆုံးအဖြတ်

သမ္မုဒ္ဓေ အဋ္ဌဝိသဋ္ဌေ၊ ဒွါဒသဋ္ဌေ သဟဿကေ၊ ပဋ္ဌသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။ အပွကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊ တေသံ ဓမ္မဋ္ဌ သံဃဋ္ဌေ၊ အာဒရေန နမာမဟံ။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ဖော်ပြပါ သမ္မုဒ္ဓေဂါထာကို ရွတ်ဆိုရှိခိုး ပူဇော်ကြသူတို့ အလွန်များလှသည်၊ ကလေးမှစ

http://www.dhammadownload.com

လူကြီးတွေထိအောင် ရွတ်ဆိုကြသည်၊ သက်တော်ရှည် ဆရာတော်ကြီးများလည်း လေးလေးစားစား ရွတ်ဆိုရှိခိုးကြ၏၊ တချို့သဒ္ဓါတရား ထက်သန်သူများမှာ သမ္မုဒ္ဓေဂါထာဌ်လာသည့် ဘုရားအဆူပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈)အရေအတွက်အတိုင်း သမ္မုဒ္ဓေသုံးဂါထာကို ခေါက်ရေပေါင်း (၅၁၂၀၂၈)ခေါက်တိုင်အောင် ရွတ်ဆိုလျက် ပူဇော်ကြ၏၊ ဤမျှအထိ သမ္မုဒ္ဓေဂါထာကို ယုံကြည်မှု သဒ္ဓါတရား ထက်သန်စွာ ရှိကြ၏။

ဤမျှအထိ သမ္မုဒ္ဓေဂါထာ ထင်ရှားကျော်ကြားရခြင်းမှာ သမ္မုဒ္ဓေဂါထာမှာလာသည့် ဘုရားရှင်ပေါင်း ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်ဖြစ်သည်၊ ထို့အပြင်-



"အန္တရာယ်တွေ ကင်းဝေးမလေ ရွတ်ဖတ်ကြသမျှဒ္ဓေ၊ မြန်နယ်ပြေ မယွင်းရွတ်စေ ရွတ်ဖတ်ကြ သမျှဒ္ဓေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြမလေ သမျှဒ္ဓေ သမျှဒ္ဓေ၊ ဘေးအပေါင်း မကောင်းတွေ ဝေးကွာရှောင်းမဲ့ ကောင်းတဲ့သမျှဒ္ဓေ"

စသော ဂီတစာဆို ကိုတင်အုန်း၏ သမ္မုဒ္ဓေသီချင်းကလည်း ပံ့ပိုးပေးလျက်ရှိသည်၊ သမ္မုဒ္ဓေသီချင်းကို ခေတ်အဆက်ဆက်၌ အဆိုတော် အမျိုးမျိုး ပြောင်းလဲသီဆိုခဲ့ကြသော်လည်း ဘယ်အဆိုတော်ပဲဆိုဆို နားထောင်လို့ သုတိသာယာမှု ရှိသဖြင့် ပရိသတ်က လက်ခံနှစ်ခြိုက်အားပေးကြ၏။

သမ္မုဒ္ဓေ သီချင်းအပြင် သမ္မုဒ္ဓေဂါထာအကျိုးကြီးမားပုံကို ပြဆိုသည့် သမ္မုဒ္ဓေအကျိုးပြအညွှန်းလက်ာကလည်း သမ္မုဒ္ဓေဂါထာ ရွတ်ဆိုချင်လောက်အောင် တွန်းအားပေးလျက်ရှိသည်၊ သမ္မုဒ္ဓေအညွှန်းလက်ာမှာ -

"သမ္မုဒ္ဓေဟု၊ ဆုဝေကျော်ကြား၊ မြတ်ဘုရား၏၊ ကြီးမားတေဇော်၊ ဂါထာတော်ကား၊ ကွမ်းစားသတ္တော်၊ ခေါင်းလျော်ဒသ၊ ဘတ္တာတြိန်း၊ ဆီလိမ်းပဋ္ဌ၊ စီးထလေမှာ၊ ရှစ်ကြိမ်သာတည်း၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ မိုးချုပ်သည့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ထိုးသောခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွါးနေမူ၊ ရေမှာ

http://www.dhammadownload.com

ကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏" စသော လင်္ကာဖြစ်သည်။

ဤအညွှန်းလင်္ကာမှာ လာသည့်အတိုင်း ပင် သမ္ဗုဒ္ဓေဂါထာကို ယုံကြည်စွာရွတ်ဆိုသူတို့ ဘေးအဝဝ ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှမှ အံ့ဩဘွယ်ကောင်းလောက်အောင် လွတ်မြောက် ခဲ့ကြသည်၊ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်း၌ စစ်ဘေး,လက်နက်ဘေး အမျိုးမျိုးတို့မှ ကင်းလွတ် ခဲ့ကြရ၏၊ ကောင်းကျိုးချမ်းသာ အဖြာဖြာ ကိုလည်း ရရှိခဲ့ကြသည်၊ မိုးညှင်းဆရာတော်ကြီး က "သမ္ဗုဒ္ဓေ စေတီတော်ကြီး"ကို တည်လိုက်သော အခါတွင်မူ သမ္ဗုဒ္ဓေဂါထာသည် ကမ္ဘာကျော် သွားတော့၏၊ သမ္ဗုဒ္ဓေစေတီတော်ကြီးမှာ သမ္ဗုဒ္ဓေ ဂါထာ၌လာသည့် ဘုရားအဆူပေါင်း (၅၁၂၀၂၈) ဆူ တို့ကို ကိုယ်စားပြု ပုံဖော်လျက် တည်ထား ရကား သမ္ဗုဒ္ဓေဂါထာ၏ သက်သေသာဓက ပင်ဖြစ်သည်။

သမ္ဗုဒ္ဓေဂါထာ၏ ပိဋကစာပေ သက်သေ သာဓကကိုမူ ဗန်းမော်ဆရာတော်က ထေရီ အပါဒါနအဋ္ဌကထာ၌ ဖော်ထုတ်ဖွင့်ပြထား ပါသည်၊ ဗန်းမော်ဆရာတော်သည် ဗုဒ္ဓအပါဒါန် ပါဋိတော်,ယသောဓရာထေရီအပါဒါန်ပါဋိ တော်, သုတ္တနိပါတ်အဋ္ဌကထာနှင့် သောတတ္တကီ အဋ္ဌကထာတို့ကို အမှီပြု၍ သမ္ဗုဒ္ဓေဂါထာ အဆုံးအဖြတ်ကို ရေးသားဖွင့်ဆိုသည်၊ ယခု ထို အဆုံးအဖြတ်ကို ဖော်ပြပါမည်။

ဘုရားလောင်း(၃)မျိုးတို့၏ ပါရမီဖြည့်ရာကာလ

ဘုရားအလောင်းတော်တို့သည် (၃)မျိုး ရှိကြ၏၊ ပညာဓိကဘုရားလောင်း၊ သဒ္ဓါဓိက ဘုရားလောင်း၊ ဝီရိယာဓိက ဘုရားလောင်းတို့ ပင်ဖြစ်ကြသည်၊ ထိုတွင် ပညာဓိကဘုရားလောင်း သည် (၄)အသေချေ်နှင့် ကမ္ဘာတစ်သိန်း ကာလ ကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ပါမှ ဘုရား အဖြစ်သို့ရောက်၏၊ သောဘိတဘုရားရှင်, နာရဒဘုရားရှင် စသည်တို့နှင့် ဂေါတမဘုရားရှင် တို့ပင်တည်း။

သဒ္ဓါဓိကဘုရားလောင်းမှာမူ (၈)အသချေ်နှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရ၏၊ ဗြဟ္မဒေဝ ဘုရားရှင်စသည်တို့ပင် ဖြစ်သည်၊ ဝီရိယာဓိကဘုရားလောင်းသည်ကား (၁၆)သချေ်နှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ပြီးသောအခါ ဘုရားဖြစ် ပေသည်၊ ဒီပင်္ကရာဘုရားရှင် ကောဏ္ဍညဘုရားရှင် မင်္ဂလဘုရားရှင်နှင့် အနောမဒဿီဘုရားရှင် စသည်တို့ပင်တည်း၊ နောင်ပွင့်လာမည့် အရိမေတ္တေယျဘုရားရှင်မှာလည်း ဝီရိယာဓိက ဘုရားလောင်းပင်ဖြစ်သည်၊ သဒ္ဓါ,ပညာ,ဝီရိယ, ဣန္ဒြေတို့ နှုံ့မှု ထက်မှုအပေါ် အခြေခံ၍ ဘုရား လောင်းတော်(၃)မျိုးတို့ ပါရမီဖြည့်ကျင့်ရာ

http://www.dhammadownload.com

အချိန်ကာလ ကွဲပြားသွားရခြင်းဖြစ်သည်။
(သုတ္တနိပါတအဋ္ဌကထာ-၄၃)

တခြားအလောင်းတော်တို့၏ ပါရမီဖြည့်ရာ ကာလများ

တခြားအလောင်းတော်တို့၏ ပါရမီဖြည့်ရာ ကာလတို့တွင် ပစ္စေကဗုဒ္ဓါလောင်းဟူသမျှတို့သည် (၂)အသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ အဂ္ဂသာဝကလောင်းဟူသမျှတို့သည် (၁) အသင်္ချေနှင့် ကမ္ပာတစ်သိန်း၊ မဟာသာဝကလောင်း ဟူသမျှတို့သည် ကမ္ပာတစ်သိန်း ပါရမီဖြည့်ကြရ၏၊ ဤပုံသေသတ်မှတ်ချက်အတိုင်း မိမိတို့ဆိုင်ရာ ဗောဓိဉာဏ်အလိုက် ပါရမီ ဖြည့်ကြရသည်၊ ပစ္စေကဗုဒ္ဓါစသော အခြားအလောင်းတော်တို့မှာ မိမိတို့ဆိုင်ရာ ဗောဓိဉာဏ်အလိုက် ပါရမီ ဖြည့်ကျင့်ရာ အချိန်အခါကာလတူကြသလို ဘုရားအလောင်း(၃)မျိုးတို့မှာလည်း ပါရမီဖြည့်ကျင့်ရာကာလ မကွဲပြားသင့်ပဲ တူမျှသင့်သည် မဟုတ်ပါလော-ဟူ၍ မေးဖွယ်ရှိလာသည်။

အဖြေကား-စိတ်သက်သက်ဖြင့် ဆုတောင်းခြင်း စေတောပဏိဓာနခေတ်၊ နှုတ်ဖြင့်ဆုတောင်းခြင်း ဝါစာပဏိဓာန ခေတ်၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် ဆုတောင်းခြင်း ကာယဝါစာပဏိဓာန ခေတ်အားဖြင့် ပါရမီဖြည့်ကျင့်ရာကာလကို ရေတွက်ပါမူ ဘုရားလောင်း(၃)မျိုးတို့၏ ပါရမီဖြည့်ကျင့်ရာကာလမှာ အတူတူပင်ဖြစ်သည်၊ ဘုရားလောင်း(၃)မျိုးလုံးပင် စိတ်သက်သက်ဖြင့် ဆုတောင်းခြင်း စေတောပဏိဓာနခေတ်မှစ၍ ဘုရားအဖြစ်သို့ရောက်သည့်တိုင်အောင် ပါရမီဖြည့်ကျင့်ရာ အချိန်ကာလမှာ အသင်္ချေ(၂၀)နှင့် ကမ္ပာတစ်သိန်းပင်ကြာသည်၊ ဘုရားရှင်တစ်ဆူထံမှ မုချဇကန် ဘုရားဖြစ်လိမ့်မည်ဟူ၍ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းသည့်အချိန်အခါမှစ၍ ရေတွက်လျှင်မူ (၄)အသင်္ချေ၊ (၈) အသင်္ချေ၊ (၁၆) အသင်္ချေ-ဟူ၍ ကွဲပြားသွားရခြင်းဖြစ်သည်၊

ထို့ကြောင့် အဋ္ဌကထာဆရာတော်သည် သောတတ္တကီကျမ်းဦး၌-

ယော ဝီသတိ သင်္ချေယျ ကပ္ပကာလေ၊
ကပ္ပသတသဟဿာဓိကေ ပိစ။
ခေဒင်္ကော လောကဟိတာယ နာထော၊
တသော ဗုဒ္ဓသ နမော ကရောမိ-

ဟူ၍ ဘုရားရှင်အား ရှိခိုးခဲ့ခြင်း ဖြစ်ပေသည်၊ အဓိပ္ပါယ်မှာ အသင်္ချေ(၂၀)နှင့် ကမ္ပာတစ်သိန်းကာလပတ်လုံး လောကအကျိုးစီးပွားအလို့ငှါ ပင်ပန်းဆင်းရဲခံလျက် ပါရမီဖြည့်ပြီးမှ ဘုရားအဖြစ်သို့ရောက်လာသော ဘုရားရှင်အား ရှိခိုးမူပြုပါ၏-ဟူ၍ဖြစ်သည်။

အသင်္ချေ (၂၀)ကို ရေတွက်နည်း

အဋ္ဌကထာ ဗုဒ္ဓဝဏ်ာမဂါထာလာ "ဝီသတိ အသင်္ချေယျကပ္ပကာလေ"၌ အသင်္ချေ(၂၀)

http://www.dhammadownload.com

ရေတွက်ပုံကား ဤသို့ဖြစ်၏။
စိန္တိတံ သတ္တသဋ္ဌေယျံ၊ နဝသဋ္ဌေယျ ဝါစကံ။
ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ
-ဟူသော အဌကထာဂါထာနှင့်အညီ-

(က) စိတ်အကြံသက်သက်ဖြင့် ဆုပန်ခဲ့သည့် စေတောပဏိဓာနခေတ်၌ ၇-အသဋ္ဌေ

(ခ) နှုတ်ဖြင့် အသံထွက်လျက် ဆုပန်ခဲ့သည့် ဝါစာပဏိဓာနခေတ်၌ ၉- အသဋ္ဌေ

(ဂ) ကိုယ်နှုတ်တို့ဖြင့် အဓိကာရပြုပြီး ဆုပန်ခဲ့သည့် ကာယဝါစာပဏိဓာနခေတ်၌ ၄- အသဋ္ဌေ စုစုပေါင်း အသဋ္ဌေ = ၂၀- ဖြစ်သည်။

(က) စိတ်အကြံသက်သက်ဖြင့် ဆုပန်ခဲ့သည့် စေတောပဏိဓာနခေတ်၌ ဖြစ်ခဲ့သည့် (၇) အသဋ္ဌေဟူသည် နန္ဒ၊ သုနန္ဒ၊ ပထဝီ၊ မဏ္ဍ၊ ဓရဏီ၊ သာဂရ၊ ပုဏ္ဍရိက အသဋ္ဌေတို့ဖြစ်ကြသည်၊ ဤ(၇)အသဋ္ဌေတွင်း၌ ပွင့်ခဲ့သော ဘုရားရှင်တို့ကား "ဗြဟ္မဒေဝ"ဘုရားရှင်စသော တစ်သိန်းနှစ်သောင်းငါးထောင် (၁၂၅၀၀၀)ကုန်သော ဘုရားရှင်တို့ဖြစ်ကြသည်၊ ဗြဟ္မဒေဝဘုရားရှင်ထံ၌ ဂေါတမဘုရားလောင်း အတိဒေဝမင်းသည် မြတ်လေးပန်းနှင့် ရတနာခုနှစ်ပါး စီချယ်ထားသည့် ရတနာပန်း သုံးပွင့်တို့ကို လှူဒါန်းပြီး စိတ်အကြံသက်သက်ဖြင့် ဆုပန်ခဲ့လေသည်၊ ဗြဟ္မဒေဝဘုရားရှင်ထံမှ ဘုရားဖြစ်လိမ့်မည်ဟူသော နိယတဗျာဒိတ်ကိုမူ မရခဲ့ပေ။

(ခ) နှုတ်ဖြင့် အသံထွက်လျက် ဆုပန်ခဲ့သည့် ဝါစာပဏိဓာနခေတ်၌ သဗ္ဗဘဒ္ဒ, သဗ္ဗဖုလ္လ,သဗ္ဗရတန,ဥသဘကွန္ဓ, မာနိဘဒ္ဒ,ပဒုမ, ဥသဘ, ခန္ဓုတ္တမ,သဗ္ဗမာလအားဖြင့် (၉)အသဋ္ဌေတို့ဖြစ်ခဲ့ကြ၏၊ ထို(၉)အသဋ္ဌေအတွင်း၌ "ပုရာဏဂေါတမ" ဘုရားရှင် စသော သုံးသိန်းရှစ်သောင်းခုနှစ်ထောင်(၃၈၇၀၀၀)ကုန်သော ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခဲ့ကြ၏။ ပုရာဏဂေါတမဘုရားရှင်ထံ၌ ဂေါတမဘုရားလောင်း သာဂလစကြာဝတေးမင်းသည် စန္ဒကူးပြာသာဒ်ကျောင်းတော် စသည်တို့ကို လှူဒါန်းလျက် နှုတ်တော်ဖြင့် အသံထွက်လျက် ဆုပန်ခဲ့လေသည်၊ နိယတဗျာဒိတ်ကိုမူ မရခဲ့ပါချေ။

စေတောပဏိဓာနခေတ်မှ ဗြဟ္မဒေဝဘုရားရှင်၊ ဝါစာပဏိဓာနခေတ်မှ ပုရာဏဂေါတမဘုရားရှင်တို့ထံ၌ ဂေါတမ ဘုရားလောင်း ကုသိုလ်ကောင်းမှုပြုလျက် ဆုပန်ချိန်အခါ၌ ယသောဓရာ အလောင်း အမျိုးကောင်းသမီးသည်လည်း ဂေါတမဘုရားလောင်း၏ ဇနီးမယားအဖြစ် ဆုပန်ခဲ့လေသည်၊ ဤအကြောင်းကို ထေရီအပဒါန်ပါဠိတော်လာ ယသောဓရာ ရဟန္တာထေရီမ ကိုယ်တိုင် ဂေါတမဘုရားရှင်၏ ရှေ့မျက်မှောက်တွင်

ဗြဟ္မဒေဝဥ သမ္ဗုဒ္ဓံ၊ ဂေါတမံ လောကနာယကံ။
အညေသံ လောကနာထာနံ၊ သင်္ဂမံ တေ ဗဟုံ မယာ

http://www.dhammadownload.com

ဟူသော လျောက်ထားချက် ဂါထာအရ သိရခြင်းဖြစ်ပေသည်။ (အပ၊ ၂၊ ၂၆၈)

(ဂ) ကိုယ်နှုတ်တို့ဖြင့် အဓိကာရကုသိုလ် ကောင်းမှုပြုပြီး ဆုပန်ခဲ့သည့် ကာယဝါစာပဏိဓာနခေတ်၌ ဖြစ်ခဲ့သည့် (၄)အသင်္ချေတို့ကား = သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရုစိအသင်္ချေတို့ဖြစ်ကြသည်၊ ဤ(၄)အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းဝယ် ပွင့်ကြသည့် ဘုရားရှင်တို့တွင် တဏှင်္ကရာဘုရားရှင်၊ မေဓင်္ကရာဘုရားရှင်၊ သရဏင်္ကရာဘုရားရှင် ဟူသော ဘုရားရှင်(၃)ဆူတို့ထံ၌ ဂေါတမဘုရား လောင်းသည် နိယတဗျာဒိတ်ပန်းကို မဆင်မြန်းခဲ့ရပေ၊ ဒီပင်္ကရာ အစ ကဿပ အဆုံးရှိသော ဘုရားရှင် (၂၄)ဆူတို့ထံတွင်သာ " ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည် " ဟူသော နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ရပေသည်၊ ဒီပင်္ကရာဘုရားရှင်ထံ၌ ဘုရားလောင်း သုမေဓာရသေ့နှင့် ယသောဓရာ အလောင်း သုမိတ္တာပုဏ္ဏားမတို့သည် အသီးသီး ကြာပန်း (၅)ပွင့် (၃)ပွင့်တို့ကို လှူဒါန်းကြပြီး ဆုပန်ခဲ့ကြခြင်းဖြစ်သည်၊ ဤအကြောင်းကို ဘုရားရှင်ကိုယ်တိုင် ဗုဒ္ဓဝံသပါဠိတော်(၃၁)၌ ဒီပင်္ကရော လောကဝိဒူ၊ အာဟုတိနံ ပဋိဂ္ဂဟော။ ဥသီသကေ မံ ဌတွာန၊ ဣဒံ ဝစန မဗြဝိ -- ဟူ၍ ဟောပြထားပေသည်။

သို့ဖြစ်၍ (၄)အသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌ ပွင့်သောဘုရားတို့မှာ ဗျာဒိတ်မရသော (၃)ဆူ၊ ဗျာဒိတ်ရသော (၂၄)ဆူတွင် ဂေါတမဘုရားရှင်တစ်ဆူပါ ထည့်ပေါင်းလိုက်လျှင် နှစ်ကျိပ်ရှစ်ဆူ (၂၈)ဖြစ်ပေသည်။

(က) စေတောပဏိဓာနခေတ် ၇-အသင်္ချေ ၁၂၅၀၀၀ ဆူ

(ခ) ဝါစာပဏိဓာနခေတ် ၉-အသင်္ချေ ၃၈၇၀၀၀ ဆူ

(ဂ) ကာယဝါစာပဏိဓာနခေတ် ၄-အသင်္ချေ ၂၈ ဆူ

အားလုံးစုစုပေါင်း = ၂၀-အသင်္ချေ၅၁၂၀၂၈ ဆူ

ဤကား ဘုရားရှင်တစ်ဆူတစ်ဆူသည် အသင်္ချေပေါင်း (၂၀)နှင့် ကမ္ဘာတစ်သိန်းကာလ ကြာအောင် ပါရမီတော် တို့ကိုဖြည့်ကျင့်ပြီးပါမှ ဘုရားအဖြစ်သို့ ရောက်ရသည်ဟူသော သောတတ္တကီအဋ္ဌကထာ ဗုဒ္ဓဝဏ္ဏာမဂါထာကို ရေတွက်ပြခြင်းဖြစ်သည်။

သောတတ္တကီ အဋ္ဌကထာနှင့် သမ္ဗုဒ္ဓဂါထာ ညှိနှိုင်းပုံ

ယခု သောတတ္တကီအဋ္ဌကထာ၌လာသည့် စိန္တိတ် သတ္တသင်္ချေယျံ စသောဂါထာ၊ ယော ဝီသတိအသင်္ချေယျ စသောဂါထာတို့နှင့် သမ္ဗုဒ္ဓေ ဘုရားရှိခိုးဂါထာတို့ကို နှိုးနှောတိုက်ဆိုင် ညီညွတ်ပုံကို ဆက်လက်ဖေါ်ပြပါမည်။

စေတောပဏိဓာနခေတ် (၇)အသင်္ချေအတွင်း

http://www.dhammadownload.com

၌ ပွင့်ခဲ့သည့် ဘုရားရှင်ပေါင်း တစ်သိန်းနှစ်သောင်းငါးထောင် (၁၂၅၀၀၀)နှင့် ဝါစာပဏ္ဏိ ခံနခေတ် (၉)အသင်္ချေအတွင်း၌ ပွင့်ခဲ့သည့် ဘုရားရှင်ပေါင်း သုံးသိန်းရှစ်သောင်း ခုနှစ်ထောင် (၃၈၇၀၀၀)တို့ကို ပေါင်းလိုက်လျင် ခေတ်(၂) ခေတ်၊ (၁၆)အသင်္ချေအတွင်း၌ ဗြဟ္မဒေဝဘုရားရှင်စသော ဘုရားရှင်ပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင် (၅၁၂၀၀၀)ဖြစ်သည်၊ ဤခေတ်(၂) ခေတ်အတွင်း၌ ပွင့်ခဲ့သည့် ဘုရားရှင်ပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင် (၅၁၂၀၀၀)တို့ကို ရည်ရွယ်၍ သမ္မုဒ္ဓေဂါထာတော်၌ " ဒွါဒသဒ္ဓ သဟဿကေ၊ ပဒ္ဓသတ သဟဿာနိ " ဟူ၍ ဆိုထားခြင်းဖြစ်သည်။

ကာယဝါစာပဏ္ဏိဓာနခေတ် (၄)အသင်္ချေ တွင်း၌ ပွင့်ခဲ့သည့် တဏှင်္ကရာစသော ဘုရားရှင် (၂၈)ဆူတို့ကို ရည်ရွယ်၍ သမ္မုဒ္ဓေဂါထာတော်၌ "သမ္မုဒ္ဓေ အဋ္ဌဝီသဒ္ဓ" ဟူ၍ဆိုထားပေသည်။

ဂေါတမဘုရားလောင်းသည် အသင်္ချေ(၂၀)၏ အထက် (၁၆)အသင်္ချေတွင် ပွင့်ထွန်းပေါ်ပေါက်ခဲ့သည့် ပုရာဏ ဒီပင်္ကရာဘုရားရှင်ထံတွင်လည်း ကုသိုလ်ကောင်းမှု ပြုလုပ်လျက် ဘုရားဖြစ်ရန် စိတ်အကြံဖြင့် ဆုပန်ခဲ့သေးသည်၊ ဤအကြောင်းကို ဘုရားရှင်ကိုယ်တိုင် ဗုဒ္ဓအပါန်ပါဠိတော်၌-

အဟမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တ မဘိပတ္ထယိ်။
မနာသာယေဝ ဟုတွာန၊ ဓမ္မရာဇာ အသံ်ခိယာ-

ဟူ၍ ဟောပြထားပေသည်။ (အပ-၁၊ ၁)

အသင်္ချေ(၂၀)၏ အထက် (၁၆)အသင်္ချေတွင်း၌ ပွင့်ထွန်းပေါ်ပေါက်ခဲ့သည့် "ပုရာဏ ဒီပင်္ကရာ"စသော ဘုရားရှင် တို့ကိုပါထည့်သွင်းရေတွက်လိုက်ပါမူ ဘုရားအပေါင်းမှာ မရေတွက်နိုင်အောင် များပြားလာခဲ့ပေသည်၊ ဤဗုဒ္ဓအပါဒါန် ပါဠိတော်လာ ဘုရားရှင်တို့ကို ရည်ရွယ်၍ သမ္မုဒ္ဓေဂါထာ၌ "အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ" ဟူ၍ ဆိုထားခြင်းဖြစ်ပေသည်၊ ဤကား သောတတ္ထကီ အဋ္ဌကထာလာဂါထာတို့နှင့် သမ္မုဒ္ဓေဂါထာတို့ ညီညွတ်ပုံကို နှိုးနှော တိုက်ဆိုင်ပြပုံဖြစ်သည်။



http://www.dhammadownload.com

ထေရိအပဒါန်ပါဠိတော်နှင့် သမ္မုဒ္ဓေဂါထာ ညီညွတ်ပုံ

ယခုအခါ ထေရီအပဒါန်ပါဠိတော်လာ ယသောဓရာ ရဟန္တာဘိက္ခုနီမကြီးကိုယ်တိုင် ဟောကြားခဲ့သည့် ပါဠိတော် ဂါထာတို့နှင့် သမ္မုဒ္ဓေ ဂါထာတို့ ညီညွတ်ပုံကို နှိုင်းယှဉ်တိုက်ဆိုင်ပြပါမည်၊ အပါဒါန်ပါဠိတော်ဒုတိယတွဲ စာမျက်နှာ (၂၇၀/၂၇၁) တို့ကို ကြည့်ရှုရပါမည်။

ထိုစာမျက်နှာတို့တွင် ပဋ္ဌကောဋ္ဌိသတာ ဗုဒ္ဓါ ဂါထာမှ စတ္တာလီသကောဋ္ဌိသတာတိုင်အောင် သော (၄)ဂါထာ (၃)ပါဒတို့ဖြင့် စေတောပဏိဓာန ခေတ် (၇)အသင်္ချေတွင်း၌ ပွင့်တော်မူခဲ့ကြသည့် ဖြဟ္မဒေဝဘုရားရှင်စသော တစ်သိန်းနှစ်သောင်း ငါးထောင်ကုန်သော ဘုရားရှင်တို့ထံ၌ အဓိကာရ ကုသိုလ်ကောင်းမှုတို့ ပြုခဲ့ကြောင်းကိုပြသည်။

"ပညာသ ကောဋ္ဌိသတာနိစ=ဟူသောပါဒမှ သတ္တတိံသာစ ကောဋ္ဌိယော–ဟူသော (၈)ဂါထာ (၁)ပါဒတို့ဖြင့် ဝါစာပဏိဓာနခေတ်၊ (၉)အသင်္ချေ တွင်း၌ ပွင့်တော်မူခဲ့ကြသည့် ပုရာဏဂေါတမ" စသော သုံးသိန်းရှစ်သောင်းခုနစ်ထောင်ကုန် သော ဘုရားရှင်တို့ကိုပြသည်။

ကပ္ပေစ သတသဟဿေ၊ စတုရောစ အသံ်ခိယေ။
ဒီပင်္ကရော မဟာဝီရော၊ ဥပ္ပဇ္ဇိ လောက နာယကော–
ဟူသော ဂါထာဖြင့် ကာယဝါစာ ပဏိဓာနခေတ် (၄)အသင်္ချေတွင်း၌ ပွင့်တော်မူခဲ့ကြသည့် တဏှင်္ကရာစသော (၂၈)နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင် တို့ကိုပြသည်၊ ဤယသောဓရာ ထေရီအပါဒါန် ပါဠိတော်လာ ခေတ်(၃)ခေတ်မှ ဘုရားရှင်တို့ကို စုပေါင်းရေတွက်လိုက်လျှင် ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈)တို့ဖြစ် ရကား သမ္မုဒ္ဓေဂါထာတော်မှာလာသည့် ဘုရားရှင် ဆူရေနှင့်အတူတူပင်ဖြစ်သည်ကိုတွေ့ရပေသည်။

ကောဋ္ဌိသဒ္ဒါ၏ အနက်အဆုံးအဖြတ်

ဤကဲ့သို့ ထေရီအပါဒါန်ပါဠိတော်နှင့် သမ္မုဒ္ဓေဂါထာတော်လာ ဘုရားရှင်အဆူပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈)တို့ ကိုက်ညီအောင် ယူနိုင်မှုမှာ ထေရီအပါဒါန်ပါဠိတော်လာ ဂါထာတို့မှ ကောဋ္ဌိ သဒ္ဒါ၏ အနက်မှန်ကို ဖေါထုတ်နိုင်မှုကြောင့် ဖြစ်သည်။

ချဲ့ပါဦးမည်၊ ထေရီအပါဒါန်ပါဠိတော်လာ ဂါထာတို့၌ "ပဋ္ဌ ကောဋ္ဌိသတာ ဗုဒ္ဓါ၊ နဝ ကောဋ္ဌိ သတာနိစ"စသည်ဖြင့် ကောဋ္ဌိ–ဟူသော သင်္ချာ သဒ္ဒါတို့ မြောက်များစွာ ပါရှိကြ၏၊ထိုကောဋ္ဌိ သဒ္ဒါတို့၏အနက်ကို ဂဏန်းသင်္ချာ သဒ္ဒါကျမ်း တို့၌ လာသော ကောဋ္ဌိသဒ္ဒါဟောသည့် တစ်တလုံး၊ သုညပေါင်း (၇)လုံးပါရှိသည့်– တစ်ကုဋေဟူသောအနက်ကို ယူလိုက်လျှင် နမူနာ ထုတ်ပြလိုက်သည့် ပါဒတို့မှာပင် ပဋ္ဌကောဋ္ဌိ သတာ ဗုဒ္ဓါ–ကုဋေငါးရာကုန်သော ဘုရားရှင်တို့၊

http://www.dhammadownload.com

နဝ ကောဋိသတာ ဗုဒ္ဓါ-ကုဋ္ဌေကိုးရာကုန်သော ဘုရားရှင်တို့ဟူ၍ ကုဋ္ဌေရာပေါင်း မြောက်များစွာတို့ ဖြစ်ပေါ်လာကြပေလိမ့်မည်၊ နောက်ဂါထာပါဒ တို့၌လည်း ကောဋိသဒ္ဒါ မြောက်များစွာတို့ဖြင့် ဟောပြထား၏၊ သို့ဖြစ်၍ သဒ္ဒါကျမ်းတို့၌လာသည့် တစ်ကုဋ္ဌေအနက်ဟောကို ယူရန် မသင့်လျော်တော့ချေ။

သို့ဖြစ်လျှင် ကောဋိသဒ္ဒါ အဘယ်အရေအတွက်မျှကို ဟောပါသနည်း? ဗန်းမော်ဆရာတော်က ထေရီအပါဒါန် အဋ္ဌကထာ၌ "ကောဋိသဒ္ဒေါ ဟိ ဒသသင်္ခ်ာတ္ထ ဝါစကော၊ ဝတ္ထ ကောဋိသဟဿာနီတိ အာဒီသု ဝိယ၊ ဧဝ မုပရိပိ" ဟူ၍ ဖွင့်ပြလိုက်ပါသည်။

(ထေရီအပါဒါနဒီပနီ-၄၂၅)

ဆိုလိုသည်မှာ ပဋ္ဌ ကောဋိသတာ ဗုဒ္ဓါ စသော ဂါထာပါဒတို့၌ ပါရှိသည့် ကောဋိသဒ္ဒါသည် ဂဏန်းသင်္ချာ သဒ္ဒါကျမ်းတို့၌လာသည့် တစ်တလုံးနောင် သုည(၇)လုံးပါရှိသည့် တကုဋ္ဌေဟူသော အနက်ကို မဟောပါ၊ ဝတ္ထ ကောဋိသဟဿာနီ-ဟူသော အဂ်ုတ္တိရ် ဝေလာမသုတ်ပါဠိတော်မှ ကောဋိသဒ္ဒါကဲ့သို့ ဒသ သင်္ချာတစ်ဆယ်ဟူသော အရေအတွက်ကို ဟောသည်၊ သို့ဖြစ်၍ ပဋ္ဌ ကောဋိသတာ ဗုဒ္ဓါ-ပါဠိ၌ ကုဋ္ဌေငါးရာဟူသော အရေအတွက်အနက်ကို မမှတ်အပ်၊ ငါးထောင်ဟူသော အရေအတွက်ကိုသာ မှတ်ရမည်၊ ဤသို့သောနည်းဖြင့် နဝကောဋိ သတာနိစသော ပုဒ်တို့၌လည်း ကောဋိသဒ္ဒါ၏ ဒသသင်္ချာတစ်ဆယ်ဟူသောအနက်ကို မှတ်ရမည်ဟူ၍ ဆိုလိုသည်။

ဗန်းမော်ဆရာတော် ယင်းသို့ဖွင့်ပြခြင်းမှာလည်း မိမိ၏ အတ္တနောမတိမျှဖြင့် ဖွင့်ပြသည်မဟုတ်ပါ၊ အဂ်ုတ္တိရ် ဝေလာမသုတ် ပါဠိတော်၏ အဖွင့်အဋ္ဌကထာကို အမှီပြု၍ ဖွင့်ခြင်းသာ ဖြစ်ပါသည်၊ မှန်၏ ဝေလာမသုတ်ပါဠိတော်တွင် စတုရာသီတိ ဝတ္ထကောဋိသဟဿာနိ-ဟူသော ပုဒ်ပါရှိ၏။ (အံ-၃၊ ၁၉၆)

ထိုပုဒ်ကို အဂ်ုတ္တိရ်အဋ္ဌကထာဆရာတော်က "ဝတ္ထကောဋိသဟဿာနီတိ လောကဝေါဟာရတော ဒီသတိ ဝတ္ထယုဂါနိ ဧကာကောဋိ၊ ဣဓ ပန ဒသသာဋကာတိ ဝုတ္တံ" ဟူ၍ ဖွင့်ပြတော်မူ၏။

(အံ-ဋ္ဌ၊ ၃၊ ၂၇၀)

ဆိုလိုသည်ကား ဝတ္ထကောဋိသဟဿာနိ ပုဒ်၌ ကောဋိသဒ္ဒါသည် သင်္ချာသဒ္ဒါကျမ်းတို့၌လာသည့် တစ်တလုံးနောင် သုည(၇)လုံးပါသည့် ကုဋ္ဌေသင်္ချာကို မဟော၊ လောကဝေါဟာရအားဖြင့် ဒီသတိ-နှစ်ဆယ်ဟူသော သင်္ချာကိုလည်း မဟောပါ၊ ဒသ-တစ်ဆယ်ဟူသော သင်္ချာကိုသာ ဟောသည်ဟူ၍ ဆိုလိုပါသည်၊ ဗန်းမော်ဆရာတော်သည် ဤဝေလာမသုတ် ပါဠိတော် အဋ္ဌကထာကို အမှီပြု၍ ထေရီအပါဒါန

http://www.dhammadownload.com

အဋ္ဌကထာ၌ ဖွင့်ဆိုပြခြင်းဖြစ်သည်၊ ယင်းသို့ သမ္မုဒ္ဓေဂါထာတော်လာ ဘုရားရှင် အရေအတွက်ကို ပါဠိတော်အဋ္ဌကထာတို့နှင့် ကိုက်ညီအောင် ဖွင့်ပြလိုက်ခြင်းကပင် ဗန်းမော်ဆရာတော်၏ ထေရီအပါဒါန အဋ္ဌကထာဟာ လေးစားထိုက်သည့်ကျမ်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသွားပေသည်။

ထေရီအပါဒါန်ပါဠိတော်၌ ရဟန္တာထေရီမကြီးတို့သည် သံသရာတွင် မိမိတို့ ဖြတ်သန်းတွေ့ကြုံလာခဲ့ရသည့် ရတနာ(၃)ပါးနှင့်စပ်သည့် ကျင့်သုံးလိုက်နာဖွယ်ရာ ကုသိုလ်များ၊ ရှောင်ရှားဖွယ်ရာ အကုသိုလ်တို့ကို အမျိုးသမီးတို့ဖြစ်သည့် အားလျော်စွာ စေ့စေ့စပ်စပ် မချန်မချွင်း ပွင့်ပွင့်လင်းလင်း ဟောပြထားကြ၏၊ အထူးအားဖြင့် ဘုရားရှင်(၆)ဆူတို့အထံ၌ အာဇာနည် တိပိဋက ဓရအမျိုးသမီး ဖြစ်ခဲ့ပါလျက် ဂေါတမဘုရားလက်ထက်၌မူ ကျွန်မဘဝဖြင့် ရဟန်းပြုပြီး ရဟန္တာထေရီဖြစ်သွားသည့် အရှင်မပုဏ္ဏိကာ၏ သံသရာဒိုင်ယာရီမှာ အလွန်မှတ်သားဖွယ်ရာ ကောင်းလှပါသည်။

ထိုအကြောင်းအရာမျိုးတို့ကို ဖွင့်ပြသည့် ထေရီအပါဒါနအဋ္ဌကထာ၌လည်း လိုက်နာကျင့်သုံး အတုယူဖွယ်ရာများ သံဝေဂဖြစ်ဖွယ်များ ရှောင်ရှားစရာတို့ များစွာပါဝင်လျက်ရှိသည်၊ ဤထေရီအပါဒါနအဋ္ဌကထာကို လေးစားစွာ ဖတ်ရှုလေ့လာပြီး သံဝေဂညာဏ်ဖြင့် အကုသိုလ်များကို ရှောင်ရှားပြီး ကုသိုလ်များ ဖြစ်ပွားနိုင်ပါကြောင်း တင်ပြလိုက် ရပါသည်။

အရှင်ဓမ္မနိမ္မိတာဘိဝံသ



ကိုယ့်အမြင် သူ့အမြင်

သဘောထားခြင်း မတိုက်ဆိုင်လို့ အလကားလူပါ ဆိုရင် သဘောထားသေးသိမ်ရာ ရောက်တယ်။

အများတက အပြေးပြိုင်နေချိန်မှာ ကိုယ့်မှာ ရပ်နေလို့ ရပ်နေမှန်းမသိဘူးဆိုရင် ကိုယ်နှ့် အများတက ကြာလေဝေးလေ ဖြစ်မှာနော်။

အမြင်ချင်း၊ အယူအဆချင်း၊ အတွေးအခေါ်ချင်း၊ သဘောထားချင်း မတိုက်ဆိုင်နိုင်ဘူးဆိုတာ ဒီခေတ်လူတွေ အားလုံးလက်ခံနိုင်ကြပြီ။

အဲ့ဒီ မထူတဲ့အမြင်တွေကို ဗုဒ္ဓ၏ ဓမ္မချိန်ခွင်နှင့် ပညာရှိ လူကောင်းကြီးတို့၏ ချိန်ခွင်ပေါ် တင်ကြည့်ကာ ညှိယူနိုင်လျှင် အတိုအရှည် အဝိုင်းအပြား အငြင်းပွားစရာ မရှိပါ။

ကိုပညာ-ဗန်းမော်တိုက်

http://www.dhammadownload.com



ကျေးဇူးတော်ရှင် ဗန်းမော်ဆရာတော်ဘုရားကြီး၏

သက်တော်(၈၀)ပြည့် ပတ္တမြားရတုပူဇော်ပွဲ၌

ရန်ကင်းတောင်ဆရာတော် ရေးသားပူဇော်အပ်သော

ဗန်းမော်ဆရာတော်နှင့် သိမ်ကဲ့ဆောင်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဗန်းမော်ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ပြုလုပ်မည်ဟု ဓမ္မဒါသ မင်းကွန်းကိုပညာထိမ္မဆောင်းပါးတောင်းစာနှင့်အတူ စာရောက်လာသဖြင့် အထူးဝမ်းသာပီတိ ဖြစ်မိသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဇာတိ, ပဝတ္တိ, အတိတ်, ပစ္ဆုပ္ပန်, အနာဂတ် ဘဝအကြောင်း တရားများကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် မှတ်တမ်းမတင်ခဲ့ပါဘူး။

တတိယမဟာသာဝကဟု ခေါ်ဆိုကြသည့် အရှင်မဟာကဿမထေရ်မြတ်ကြီးနှင့် အရှင်အာနန္ဒာ အရှင်ဥပါလိ မထေရ်ကြီးတို့၏ တွေးခေါ်မျော်မြင် ရှုဆင်ခြင်တတ်သော ဉာဏ်ပညာများဖြင့် သင်္ဂီယနာမှတ်တမ်းတင် ထားခဲ့မှုကြောင့် ယနေ့ မြတ်စွာဘုရားရှင်၏ ဇာတိ-ပဝတ္တိအကြောင်းအရာမျိုးစုံကို ကမ္ဘာ့လူသားအားလုံး လေ့လာသိရှိခွင့် ရပေသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ သတ္တဝါများအပေါ် မဟာကရုဏာ ကြီးမားပုံ မေတ္တာ ကြီးမားပုံ သတ္တဝါအများ ငြိမ်းချမ်းမှု ချမ်းသာမှု ရရှိရေးအတွက်သာ ၄၅-ဝါပတ်လုံး နေ့ရောညပါကြိုးစားအားထုတ် အလုပ်လုပ်ခဲ့ပုံတို့ကို လေ့လာခွင့်ရရှိသူမှန်သမျှ မြတ်စွာ ဘုရားကို ကြည်ညိုလေးစားပြီး ဆည်းကပ်ကိုးကွယ်လာကြပေသည်။

အကယ်၍များ အရှင်မဟာကဿပမထေရ်ကြီး ပထမသင်္ဂါယနာတွင် မှတ်တမ်းမတင်ခဲ့ဘူးဆိုရင် နောင်လာနောင်သားများ ဘုရားရှင်၏ အကြောင်းအရာများကို မည်သည့် နည်းနှင့်မျှ သိရှိနိုင်ကြလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့်ဘုန်းကံကြီးမားသောယောဂျများ ကောင်းယောဂျများမြတ်တို့၏နောက်တွင် တပည့်ကောင်းများ ပေါ်ပေါက်လာတတ်ကြရပေသည်။ ထို တပည့်ကောင်းများက ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့၏ လုပ်ဆောင်ချက်အားထုတ်ပုံကို ရှုဒေါင့်အစုံမှ မှတ်တမ်းတင်ထားသင့်ပေသည်။

သို့ဖြင့် ကျေးဇူးတော်ရှင် ဗန်းမော်ဆရာတော်ကြီး၏စာရေးသူနှင့်ဆက်စပ်သမျှ တစ်စိတ်တစ်ဒေသကို ဉာဏ်မီသမျှ တင်ပြလိုက်ပါသည်။

<u>သိမ်</u>

စာရေးသူသည် ရန်ကင်းတောင်ခြေတွင် အသက်(၃၁)နှစ် (၁၁)ဝါအရတွင် စာသင်တိုက်ခေါင်းဆောင်အဖြစ်နှင့် ရောက်ရှိလာခဲ့သူဖြစ်သည်၊ စာသင်တိုက်ခေါင်းဆောင် ဆိုသည့်



ဩဝါဒကဏ္ဍ

http://www.dhammadownload.com

အားလျော်စွာ ကျောင်းထိုင်ဆရာတော် အများ၏ လေးစားရာ အားထားရာလည်း ဖြစ်ခဲ့ရသည်၊ ထိုသို့ အားကိုးကြရာ၌ ပရိယတ္တိ စာသင်ကြားပေးမှုတွင်မျှ မဟုတ်ဘဲ ကံကြီး-ကံငယ်ဆောင်ရာများတွင်လည်း အားကိုးလာ ကြပေသည်၊ ထို့အပြင် သိမ်သမုတ်ကိစ္စများကိုပါ အားထားလာကြပေသည်။

စာရေးသူ ဦးစီးပြီး သိမ်(၈)လုံး သိမ်နှုတ်-သိမ်သမုတ်ကိစ္စ ပြုလုပ်ခဲ့ဘူးသည်၊ ထို သိမ်သမုတ်ကိစ္စများ ဆောက်ရွက်ရာတွင် များသောအားဖြင့် ကျေးဇူးတော်ရှင် ဗန်းမော် ဆရာတော် ဘုရားကြီးထံ သြဝါဒခံယူပြီး ဆောင်ရွက်ခဲ့ပါသည်၊ ဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း အပင်ပမ်းခံ၍ကြွရောက်ချီးမြှောက်လေ့ရှိခဲ့သည်။

ကြွရောက် ချီးမြှောက်လေ့ရှိတိုင်းလည်း သိမ်နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာများကို နောင်လာနောက်သားများကို သြဝါဒ ချီးမြှင့်ခဲ့ပါသည်။ ထိုအထဲမှ စာရေးသူ မှတ်မိသလောက် ဖော်သည်ချတင်ပြရသော်-

သိမ်နှုတ်မှုကိစ္စ ဆောင်ရွက်ကြရာ၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည်မှာ နှစ်ပေါင်း ၂၅၅၀-ကျော်လာပြီး ဖြစ်သဖြင့် ကမ္ဘာ့လူသားများ နေထိုင်ကြသည့် ကမ္ဘာမြေပြင်ကြီး တစ်ခုလုံးမှာ သိမ်ဟောင်း ရှိ-မရှိ မည်သူမျှ အတတ် မသိနိုင်ပါ။ သို့ဖြင့် သိမ်သစ် သမုတ်တော့ မည်ဆိုလျှင် သိမ်ဟောင်းကို အကြွင်းအကျန် မရှိအောင် နှုတ်ပစ်ရမည်။

ထိုသို့ သိမ်နှုတ်ကြရာ၌ အရေးကြီးသည့် အချက်များကိုသာ ဆရာတော် ဘုရားကြီးမှ အောက်ပါအတိုင်း အမိန့်ရှိခဲ့ဘူးလေသည်။

သိမ်နှုတ်သိမ်သမုတ် ကံဆောင်ရန် ကြွရောက်တော်မူလာကြသော သံဃာတော် အရှင်မြတ်တို့ဘုရား- တပည့်တော်သိမ်နှုတ်-သိမ်သမုတ် ကံဆောင်မှုနဲ့ ပတ်သတ်လို့ အရေးကြီးသည့် အချက်များကို ပြောကြားပါမည် ဘုရား။

"တပည့်တော်တို့ သိမ်နှုတ်-သိမ်သမုတ်ကံဆောင်ရာမှာ-သိမ်နှုတ်ကံဆောင်သည့် နေရာနှင့် ခဲတစ်ပစ်အတွင်း ဂါမသိမ်ပေါ် သံဃာအားလုံး နှစ်ထောင့်ထွာဟတ္ထပါသ်အတွင်း ဝင်ရပါမည်ဘုရား၊

သိမ်နှုတ် ကမ္မဝါစာ ဖတ်ကြရာ၌ တစ်ပါး နဲ့တစ်ပါးမထိရပါ၊ သင်္ကန်းချင်းပင် မထိရပါ

http://www.dhammadownload.com

ဘုရား၊ တပည့်တော်တို့ နှုတ်ကြမည့် သိမ်မြေ နေရာက သိမ်တစ်လုံးထဲလည်း ဖြစ်နိုင်တယ်၊ နှစ်လုံးသုံးလုံး ဒေါင့်ချင်းစပ်နေတဲ့ နေရာလည်း ဖြစ်နိုင်တယ်။ ဒါ့ကြောင့် တစ်ပါးနဲ့တစ်ပါး မထိစပ်ခဲ့ရင် ကိုယ့်သိမ်နဲ့ ကိုယ်နှုတ်ပြီးသား ဖြစ်သွားပါတယ်ဘုရား၊ ကမ္မဝါစာ ဖတ်ရာမှာလည်း အနည်းငယ်လေးလျှောက်ထားပါအုံးမည်ဘုရား၊

ယဒိ သံဃသ ပတ္တကလ္လံ-ပုဒ်ကို 'ပတ်တကန်လံ'- ဟုလည်းကောင်း, 'ပတ်တကတ်လံ'- ဟုလည်းကောင်း နှစ်မျိုးဖတ်တာတွေ့ခဲ့ဘူးပါတယ်ဘုရား၊ မိမိနှစ်သက်ရာကို သာ ဖတ်ကြပါ၊ သို့သော် တစ်ပါး ဖတ်တာကို အခြားတစ်ပါးက မတားမြစ်ဖို့ အရေးကြီးပါတယ်၊ အကယ်၍ မမှန်ကန်ဘူးဆိုပြီး တားမြစ်ခဲ့ရင် ကံပျက်ပါတယ်ဘုရား၊ ဒါကြောင့် နှစ်သက်ရာကို ဖတ်ပါ၊ မတားမြစ်ကြဖို့ အရေးကြီးပါတယ် ဘုရား။

နောက်ပြီး အဝိပ္ပ-ဝါသော၊ အဝိပ္ပဝါသော ဟု ပ-ဥပသာရပုဒ်ကို ဝါသပုဒ်နဲ့ ပေါင်းဖတ်, ခွဲဖတ် နှစ်မျိုးတွေ့ခဲ့ဘူးပါတယ်၊ ပဝါသော-လို့ ပေါင်းဖတ်ရပါမည်ဘုရား၊ ပ-ဝါသော လို့ ခွဲမဖတ်ရပါဘူးဘုရား။

နောက်တစ်ခါ သမ္မနေယျ၊ သမ္မနွေယျ လို့ နှ-သံယုတ်ပါ-မပါ နှစ်မျိုးဖတ်တာတွေ့ဘူးပါတယ်ဘုရား၊ နှ-သံယုတ် မပါပဲ သမ္မနေယျ-ပုဒ်က သဘာဝယုတ္တိ အာဂမယုတ္တိ အားနည်းပါတယ်၊ နှ-သံယုတ်နဲ့ သမ္မနွေယျ-ပုဒ်သာ သဘာဝ,အာဂမဉာပက အားကောင်းသောကြောင့် သမ္မနွေယျ-လို့သာ ဖတ်ကြပါဘုရား။

နောက်တစ်ချက်က သီမံ သမ္မန္ဒတိ၊ သမ္မန္ဒီတုံ၊ သီမာ သမ္မန္ဒီတဗ္ဗာ-တို့၌လည်း ဆိုခဲ့တဲ့ သမ္မနွေယျ-ပုဒ်အတိုင်း မှတ်ပါ။ နောက် တစ်ခါ သမ္မုတိနဲ့သမ္မတိ-ဟု နှစ်မျိုးကွဲနေရာ မှာလည်း သမ္မုတိ-လို့သာ ဖတ်ပါ၊ သမ္မတိ-လို့ မဖတ်ပါနဲ့၊ သမ္မုတိ-ပါဠိသာသင့်လျော် ကြောင်းကို ကျေးဇူးတော်ရှင် နယားဆရာတော်ကြီး ပြုစုရေးသားတဲ့ ပိဋကဝိသောဓနီ-ကျမ်းမှာ အကျယ် ရေးသားထားတာကို လေ့လာကြပါ ဘုရား။

နောက်တစ်ချက် လျှောက်ချင်တာက-

ခမတိ-ပုဒ်ကို ခ-မတိ-ဟုလည်း ကောင်း ခမ-တိ-ဟုလည်းကောင်း သုံးမျိုး သုံးစား

http://www.dhammadownload.com

ဖတ်တာ တွေ့ရပါတယ်၊ ခမတိ–လို့ ဓာတ်နဲ့ ဝိဘတ် တွဲဖတ်တာ အကောင်းဆုံး ပါဘုရား၊ အခု နောက်ဆုံးအနေနဲ့ သီမန္တရိုက် အကြောင်းကို လျှောက်ချင်ပါတယ်ဘုရား၊ သီမန္တရိုက်ဆိုတာ– ဂါမသိမ်နဲ့ခဏ္ဍသိမ်နယ်စပ် သတ်မှတ်ချက်ဖြစ်တယ်၊ အဲဒီနယ်စပ် သတ်မှတ်ချက်ကိုလည်း သိမ်နှုတ်ထား ရပါမည်ဘုရား၊ ခဏ္ဍသိမ်ဆိုတာ ကျယ်ဝန်း သော အဗဒ္ဓဂါမသိမ်ထဲမှ ကဲကြီးကဲငယ် ဆောင်ရာဌ်လည်း လွယ်ကူစေရန် သီးခြား ကန့်ပြီး ခွဲသမုတ်တဲ့ ဗဒ္ဓသိမ်ဖြစ်တယ်၊ အဲဒီသိမ်နဲ့ဂါမသိမ် ဒါမှမဟုတ် မဟာသိမ်တို့ ကွဲပြားအောင် အကြား–သတ်မှတ်ချက်ကို သီမန္တရိုက်–လို့ခေါ်ပါတယ်၊ အဲဒီသီမန္တရက် အကျယ်အဝန်းကို လက်လေးသစ်–တစ်ထွာ–တစ်ထောင်–စသည်ဖြင့် မိမိတို့နှစ်သက် သလောက် ထားနိုင်ကြပါတယ်ဘုရား။

အားလုံးခြုံပြီး လျှောက်ထားရရင်– မိမိတို့နှစ်သက်တဲ့ အသံနဲ့ဖတ်ရာမှာ တစ်ပါးနဲ့ တစ်ပါး မကန့်ကွတ်ဖို့ အရေးကြီးပါတယ်၊ ကန့်ကွက်မှုမရှိရင်ကံအောင်မြင်ပါတယ်ဘုရား။ တပည့်တော်ဩဝါဒကတော့ ဒါပါပဲဘုရား”

–သာဓု–သာဓု–သာဓု၊



ရှေးရှေးကြီးအခါတုန်းဆီက
ဥဒယဗ္ဗယ=အဖြစ်အပျက်ကို ရှုမှတ်နေရာမှ
ဥဒကဗက=ရေဗျိုင်းသို့ ရောက်ခဲ့ဘူးသတဲ့၊
အခုခေတ်မှာ အာနာပါန=ဝင်လေ ထွက်လေ
ရေတွက်ရာမှ အာကာအပါဏာ=ဝင်ငွေထွက်ငွေ
ရေတွက်ရာဆီသို့ ရောက်သွားတတ်သတဲ့၊

စကားရဲ့တန်ဘိုးဆိုတာ စကားပြောသူရဲ့
ဂုဏ်ထူးရာထူးနဲ့ အမြဲတန်း ကင်းရှင်းလွတ်ကျွတ်နေမှ
ကောင်းပါ၏။
လိမ်ဘို့ ညာဘို့ အတွက်သာ ဂုဏ်ထူးရာထူးရဲ့
အကူအညီ အထောက်အပံ့ကို လိုတာပါ။

(စီစဉ်သူ)

http://www.dhammadownload.com



အဆောင်လက်ဖွဲ့ နှင့် အယောင်ဆောင်ခြင်း

ကိုပညာ-ပန်းမော်တိုက်

http://www.dhammadownload.com

ဒီနေ့ (၂၀၀၈ ခု၊ အောက်တိုဘာလ၊ ၂၅ ရက်) နေ့ ည (၇း၀၀) နာရီအချိန်မှာ ကိုပညာနှင့် ဗန်းမော် ဆရာတော်ကြီးတို့ ဆွေးနွေးမေးမြန်းလျှောက်ထားခဏ်း . . .

ကိုပညာ ။ ။ ဆရာတော်ဘုရား၊ မနက်က တက္ကသိုလ်မိန်းကြီးထဲ ရတနာပုံအဆောင်ပေါ်မှာ ပရိတ်ရွတ်ခြင်း၊ အနန္တရာယိကကမ္မဝါ ရွတ်ဖတ်ခြင်း၊ သရဏဂုံလက်ဖွဲ့များပေးခြင်း အကြောင်းအရာများကို အမိန့်ရှိပါဦးဘုရား။

ဗန်းမော်ဆရာတော်ကြီး ။ ။ အဲ . . အဲ့ဒီအဆောင် ကထိကကြီးရဲ့ သမီးအထွေးလေးကို မှောင်တိ မှောင်မွဲမှာ မွေ့လိုလို ကင်းလိုလို ကိုက်လိုက်တယ်လို့ ပြောတယ်။ ဒါနဲ့ ဆေးရုံကို သွားပြကြည့်တော့ ကိုက်တဲ့ အကောင်ကိုလည်း သေချာ မပြောနိုင်၊ ပါလည်းမသွား၊ မွေ့ကိုက်တဲ့ လက္ခဏာလည်း မတွေ့ရတော့ ဆေးရုံက ဘာမှ လုပ်မပေး လိုက်ဘူး။ ဒီအတိုင်းပြန်လွှတ်လိုက်တယ်။

ဒီနောက်နေ့ညမှာတော့ ဒီကလေးမလေးကိုဘဲ တစ်စုံတစ်ခုက ခြောက်လှန့် လိုက်သလို ဘာလိုလိုနဲ့ လန့်ဖျန့်တုန်လှုပ်နေသတဲ့၊ ဘာမှ မတတ်နိုင်တာနဲ့ သူတို့မိသား တစ်စု ဆရာတော့်ဆီ ရောက်လာကြ၊ ကန်တော့ကြ၊ အကျိုးအကြောင်း လျှောက် ထားကြတယ်။

ဆရာတော်က ပရိတ်ရေ၊ ပဌာန်းရေ၊ ဓာတ်လုံးရေလေးများ စိမ်တိုက်လိုက်တာ ဒီကလေးမလေး ရောဂါ ပျောက်သွားတယ်။

ကြောက်လန့်တာတွေ၊ ခြောက်လှန့်တာတွေလည်း ပျောက်သွားတယ်။ ဒါကြောင့် အန္တရာယ်ကင်း လုပ်ရတာပါ တဲ့။

ကိုပညာ ။ ။ ဆရာတော်ဘုရား ဒီသရဏဂုံ လက်ဖွဲ့ ဖြစ်လာပုံအကြောင်း အထူးပြတ်တိလေး အမိန့်ရှိပါဦးဘုရား။

ဗန်းမော်ဆရာတော်ကြီး ။ ။ ဒီသရဏဂုံ လက်ဖွဲ့လေးရဲ့ သမိုင်းကတော့ ဆရာတော့်ကို စံကင်းဆရာတော်ကြီးက ပေးတဲ့နည်းပါ။ စံကင်းဆိုတာက ဟို . . ခနုဖြူ ဟိုဘက်မှာ ရှိတာ အဲဒီမှာ သီတင်းသုံးတော့ ဆရာတော်ကြီးကိုလည်း စံကင်းဆရာတော်ကြီးလို့နာမည်တွင်နေတာပါ။

ဟို့ ဟို ရှေးရှေးကြီးအခါ အင်္ဂလိပ်အုပ်ချုပ်တဲ့ လက်ထက်တုံးက အဲဒီမှာ ကပ်ကြီးသုံးပါး ဆိုက်ရောက်သတဲ့

၁။ ပလိပ်ကပ် ရောဂါဘေး

၂။ ကာလဝမ်း ရောဂါဘေး

၃။ ကျောက် ရောဂါဘေး လို့ ကပ်ကြီးသုံးပါးရောက်တယ်။ လူတွေ လူတွေ သေကြကြေကြ ပျက်စီးလိုက် ကြတာ အတုံးအရုံးဘဲ။

စံကင်းဆရာတော်ကြီးက သနားလွန်းလို့တဲ့ ကျောင်းကဦးဇင်းတွေကိုခေါ် တတ်နိုင်လို့ ပင့်လျှုတဲ့ အိမ်ကိုရော၊ မတတ်နိုင်လို့ မပင့်လျှုနိုင်တဲ့ အိမ်ကိုရော ပလိပ်ကပ်ရောဂါ ဖြစ်နေတဲ့ အိမ်ကို ပင့်ပင့်၊ မပင့်ပင့် ကြွသွားပြီး ပရိတ်ရွတ်ပေး၊ ကမ္မဝါ ဖတ်ပေးသတဲ့။ ဒီလို ရွတ်ဖတ်ပေးနေသော်လည်း ဒီကပ်ဘေးတွေ ကတော့ ဖြစ်ပြုမဲဖြစ်နေ တော့တာဘဲတဲ့ ဘယ်လို မှ မပျောက်

http://www.dhammadownload.com

နိုင်ဘူးတဲ့။

ဒါနဲ့ တစ်ညမှာ စံကင်းဆရာတော်ကြီးက စဉ်းစားမိသတဲ့။ အင်း . . . ငါနဲ့ ငါဦးဇင်းတွေ ပရိတ်ရွတ်ကြ၊ အန္တရာယ်ကင်းရွတ်ကြနဲ့ ဘာကြောင့်များ ဒီကပ်ဘေးတွေက မပျောက်တာပါလိမ့် ဘာများလိုနေပါလိမ့်ပေါ့ စဉ်းစားလိုက်တော့ . . .

သူ ငယ်ငယ်က ဆရာသမားများ အမိန့်ရှိခဲ့ဘူးသတဲ့။ အဲဒါကို သွားအမှတ်ရ မိသတဲ့ " မောင်ပဉ္စင်းတို့ တသက်လုံး မှတ်ထားကြ၊ ဘေးကင်းရန်ကင်း အန္တရာယ် ကင်း ပရိတ် ကမ္မဝါမှ ရွတ်ဖတ်လို့ မရရင် အဋ္ဌာန မေတ်-ဂါထာပါဠိကို ရွတ်ရတယ်။ သရဏဂုံနဲ့ သမ္မုဒ္ဓေဂါထာတို့ ရွတ်ပေးရတယ်" ဆိုတဲ့စကားကို အမှတ်ရတော့ စံကင်း ဆရာတော်ကြီးက "ဩော် . . ဒါ လိုနေတာကိုး လို့ အောက်မေ့ အမှတ်ရပြီး ညတွင်းချင်း ဦဇင်းတွေကို နှိုး၊ ဘလက်ဘုတ် (ဘော) မှာ ရေးထားတဲ့ ဟောဒီ အဋ္ဌာန မေတ်-ပါဠိကို မင်းတို့ ဒီညရအောင်ကျက်ကြ ရတဲ့ ဦးဇင်း သွားအိပ်ချေ၊ မရမချင်း ကျက်ကြ မနက်ကို အဲဒါပါ ထည့်ရွတ်ပေးရမယ်" လို့ အမိန့် ရှိသတဲ့။

ဒီလိုနဲ့ နောက်နေ့ကစပြီး ဆရာတော်ကြီးရော ဦးဇင်းတွေပါ ပရိတ်၊ ကမ္မဝါအပြင် သရဏဂုံ၊ သမ္မုဒ္ဓေဂါထာ၊ အဋ္ဌာနမေတ်-ပါဠိတော်များကို ရွတ်ဖတ်ပေးမှ ဒီကပ်ဘေးတွေ ရောဂါတွေ ပျောက်ကုန်သတဲ့။ အဲဒီလို တစ် အိမ်-တက်ဆင်း ရွတ်ဖတ်ပေးလိုက်တာ ကြာလာတော့ ဆရာတော်ကြီးရော၊ မောင်ပဉ္စင်းတွေပါ တစ်ကျောင်းလုံး အသံတွေဝင်လို့ မရွတ်ဖတ်နိုင်ကြတော့ဘူးတဲ့။

ဒီတော့ကား စံကင်းဆရာတော်ကြီးက "အင်း . . ငါရော၊ ငါ့ပဉ္စင်းတွေပါ အသံဝင်ကုန်ကြပြီ၊ ငါ့ဆရာ အမိန့်ရှိခဲ့ဘူးတဲ့ သရဏဂုံလက်ဖွဲ့အဆောင်လေးတွေ လုပ်ပေးမှ ဖြစ်တော့မယ်" လို စဉ်းစားမိပြီး . . . . .

ဦးဇင်းတွေ အကုန်ခေါ် တတောင်၊ တထွာလောက် ကြိုလေးတွေကိုဖြတ်၊ "ပုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ ဆိုပြီး တစ်ထုံးထုံး၊ ဒုတိယမွိ . . . တစ်ထုံးထုံး၊ တတိယမွိ . . . တစ်ထုံး ထုံး၊ အဲဒီသုံးထုံးထုံးပြီးရင် "အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္က မေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ" ပါဠိတော်ကို ရွတ်ကြ၊ ပြီးရင် ဟော့ဒီ သပိတ် ကြီးထဲ ထည့်ကြပေါ့။

သပိတ်တလုံးပြည့်တော့ ရွာသူရွာသားတွေကိုခေါ်၊ ရောက်တော့ "အေး- တို့တော့ဖြင့် ရွတ်ရ ဖတ်ရလွန်းလို့ ငါရော ငါ့ပဉ္စင်းတွေပါ အသံတွေ ဝင်ကုန်ပြီ၊ ဒီတော့ကား မင်းတို့ ဒါလေးတွေကို လည်ပင်းဖြစ်ဖြစ် လက်မောင်းဖြစ်ဖြစ် ဝတ်ထားကြ၊ ဘေးတွေပျောက်၊ ရောဂါ တွေလည်း ပျောက်ကြလိမ့်မယ်" မင့်အိမ်မှာ လူဘယ်နှစ်ယောက်ရှိလဲ? ငါးယောက်ပါ ဘုရား၊ ရော့ ငါးခု၊ ဝတ်ထားကြ၊ ဟော့- မင့်အိမ်မှာရော၊ ခြောက်ယောက်ပါဘုရား၊ ရော့ ခြောက်ခု ဆောင်ထားကြ။

ဒါလေးတွေ ဝတ်ထားတဲ့အချိန်ကစပြီး

http://www.dhammadownload.com

ရောဂါတွေလည်း ပျောက်၊ ဘေးတွေလည်း ကင်း၊ တစ္ဆေ သရဲ (ပြိတ္တာ) တွေလည်း မတွေ့ရတော့ဘူးတဲ့။

အေးအေး . . မင်းတို့မိသားစုတွေ၊ တပည့်တွေလည်း ပရိတ်တို့၊ ပဌာန်းတို့၊ သမ္မုဒ္ဓေဂါထာတို့၊ သရဏဂုံတို့ ရတတ်သရွေ့ ဘုရားဝုဏ်တော်၊ ဘုရားစာလေးတွေကို တနေ့ (၁) ကြိမ် ဖြစ်ဖြစ်၊ (၂) ကြိမ်ဖြစ်ဖြစ်၊ (၃)ကြိမ်ဖြစ်ဖြစ် အသံကျယ်ကျယ်လေးနဲ့ ရွတ်ကြ၊ ဖတ်ကြတဲ့ ဒီအကောင်တွေက ပရိတ်သံ၊ပဌာန်သံ၊သရဏဂုံသံ၊ဝုဏ်တော်အသံ တွေကြားရရင် မလားရဲဘူးဟူ၍ အမိန့်ရှိခဲ့လေတော့သတည်း။

ကိုပညာ ။ ။ ဆရာတော်ကြီးရဲ့ လက်ဖွဲ့ လုပ်နည်းက အတော်ကလေး လွယ်သားဘုရာ့၊ တပည့်တော်ဆရာများရဲ့ လက်ဖွဲ့လုပ်နည်းက ခက်ရာခက်ဆစ်ဘုရာ့ သူ့ဆရာ မအူပင် ဆရာတော်ကြီးရဲ့ နည်းလို့ ပြောပါ၏ဘုရား။

ဗန်းမော်ဆရာတော်ကြီး ။ ။ ဘယ်လိုတုံး!

ကိုပညာ ။ ။ သူ့ဟာက ပရိက်၊ဥပစာအခြံအရံတွေနဲ့ဘုရာ့။ လူတို့ဝေါဟာ တန်ဆောင်မုန်းလပြည့်နေ့ညဟာ ကောင်းကင်မှာ နက္ခတ်ကြယ်တာရာ စုံသတဲ့ဘုရာ့။ နက္ခတ် ကမ္ဘတ်မိမှ ပိုပြီးသိဒ္ဓိပေါက်သတဲ့ဘုရာ့။ ဒါကြောင့် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ် တက်ပြီး နေထွက်ချိန်၊ မွန်းတည့်ချိန်၊ နေဝင် ချိန်၊ ညအချိန်ရယ်လို့ အချိန်လေးပိုင်းလုံး အလုပ်လုပ်ရတယ်ဘုရာ့။ နေထွက်ချိန်မှာ လက်ဖွဲ့ထိုးမည့် အပြား (ရွှေပြား၊ ငွေပြား၊ ကြေးပြား) လေးတွေရဲ့ တဘက်မှာ ရှေ့ပိုင်းက (အ) လို့ ရေးရတယ်ဘုရာ့။ မွန်းတည့်ချိန်မှာ နေ့ဘက်က (ရ) လို့ရေး ရတယ်ဘုရာ့ နေဝင်ချိန်မှာ (အ၁) လို့ ရေးရတယ်ဘုရာ့။ ည (၉) နာရီကျော်ကနေ သန်းခေါင် သန်းနဲ့ တစ်ညလုံး ကြယ်ကြွေတာကို နက္ခတ်မိတယ်လို့ ဆိုပါ တယ်ဘုရာ့ ကြယ်ကြွေသည်နှင့် တပြိုင်နက် (အ၁) ဖြစ်သွားအောင် အပေါ်က နိဂ္ဂဟိတ်လေး (သေးသေးတင်၊ ဝိန္ဒုပျောက်လေး) ထိုးပေးရပါဘုရာ့။ တစ်ညလုံးထိုးပြီးသွားလို့ ကုန်သွားရင် ဘုရားဝုဏ်တော် (၉) ပါးကို ပုတီးပတ် (၁၀၀၀) ရအောင် သိဒ္ဓိတင်ပေးရပါတယ်ဘုရား။ အဲဒါပြီးမှ လက်ဖွဲ့တစ်လုံး ပြီးဆုံးပါ၏ဘုရား။

ဗန်းမော်ဆရာတော်ကြီး ။ ။ အင်း-တော်တော်လေး ရှုပ်သားဘဲ။

ကိုပညာ ။ ။ အဲဒါလေးကို ကလေးတွေ ဆွဲပေးရင် ည ည ထိုင်တတ်တဲ့ကလေးတွေ မိုးတော့ပါဘုရား သူတို့ ဆရာများ အပြောအရ သံယောဇဉ်ကြီးလှတဲ့ အရင်ဘဝက တော်စပ်ခဲ့ကြတဲ့ အမေများက သူတို့သား သမီးတွေကို ည ည လာချော့သတဲ့ဘုရား။ ဒီကလေးတွေက အချော့မခံနိုင်လို့ ကြောက် ကြောက်ပြီး ငိုကြသတဲ့ဘုရာ့။ အဲဒါလေး ဝတ်ပေးရင် ည ထမိုးတော့ဘူးတဲ့ဘုရာ့၊ ဘေးကင်းရန်ကင်း အန္တရာယ်ကင်း အနေနဲ့လည်း သူမပြုစားနိုင်အောင် အဆောင်လက်ဖွဲ့အနေနဲ့လည်း သုံးကြသေးသတဲ့ဘုရာ့။

ဗန်းမော်ဆရာတော်ကြီး ။ ။ဆရာတော်ရဲ့ သရဏဂုံလက်ဖွဲ့ကလည်း ကလေးတွေ ည မိုးပါဘူး ဘေးရန်ကင်းပါတယ်။ အစီအမံလည်း

http://www.dhammadownload.com

နည်းတော့ လွယ်ကူတာပေါ့။

ကိုပညာ ။ ။ ဤသည်တို့ကား လောကီဝါဒ များဖြစ်ပါ၏။ လောကီဝါဒဟူသည် "လောက သစ္စံ၊ နှ သစ္စံ" အရ မှန်တာရှိသလို အများတွေ ကလည်း ဒုနဲ့ဒေးပါ။ "လောကီဝါဒ ဟူသမျှကား ဓမ္မမစောင်း သူတောင်းကောင်းအား ပျက်ကြောင်း စင်စစ် အပြစ်တစ်ခု မပြုနိုင်ရာ မှန်လှစွာ၏။ သမာဒါန၊ ကုသလဌ် ဝါဒတည်ကြား ယူမမှားနှင့် တရား ဟုဆို ကံကုသိုလ်သာ ကိုယ်ကိုစောင့်တတ် ကိုယ် စောင့်နတ်တည်း မပြတ်မြစွာ တည်စေရာ၏" လို့ မန်လည်ဆရာတော်ကြီးက အမိန့်ရှိခဲ့ဘူးပါ၏။

သို့သော် . . . လူတွေမှာတော့ နေ့စဉ် စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ဇနီးမယား သမီးသားရေးများနဲ့ နပမ်းလုံးနေရတဲ့အတွက် ဘုရားရှေ့တစ်နေ့တစ်ခေါက် အတော်ကလေး ကြိုးစားပြီး ရောက်အောင်သွားနိုင်၏။ ဘုရား တရားမေ့နေသူများအတွက် ကိုယ့် အိမ်က ဘုရားစဉ် ဘယ်ဘက်လှည့်ထားမှန်း မသိကြရကား သူတို့တွေ ဘေးရန်ကင်းကြပါစေ၊ ဘုရားတရားနဲ့ နေ့စဉ်တွေ့နေကြပါစေလို့ ရည်သန်သမှု အကြောင်းပြုပြီး ရှေးရှေးကြီး ကာလ ပေါရာဏက မထေရ်ကျော်များက ဘုရားဂုဏ်တော်နှင့် သရဏဂုံလက်ဖွဲ့ အဆောင်အယောင်များ ပြုလုပ် စီမံ ထားကြ၏ ဟု မှတ်ကြပါလေ သူတော်ကောင်း တွေတို့။

ကိုပညာ ။ ။ ဆရာတော် ဘုရား အဲဒီ မကောင်းဆိုးဝါးဆိုတဲ့ တစ္ဆေ သရဲ ပြိတ္တာ တွေရော တကယ်တန်း ရှိရဲ့လားဘုရား။

ဗန်းမော်ဆရာတော်ကြီး ။ ။ အင်း . . တို့ တတွေက မျက်စိနဲ့ တပ်အပ်မမြင်ရတော့ လည်း အခက်သားဘဲ။ သူတို့တွေ တကယ် ရှိနေတာ ကတော့ သေချာတယ်။ တပည့်တော် ညွှ (၇း၀၀) နာရီအချိန်မှာ ပဌာန်းရွတ်ပြီးလို့ အနီးအဝေး ပတ်ဝန်းကျင်၊ မြင်ရ၊ မမြင်ရသော ပုဂ္ဂိုလ် သတ္တဝါ တို့အား အမျှအမျှ ပေးဝေပါ၏ လို့ မေတ္တာပို့ အမျှပေးဝေပြီးရင် တစ်ခါ တစ်လေ ဒီကောင်တွေ ဒီအနား ရောက်ရောက်လာတတ်တယ်။ သူတို့ တစ္ဆေ သရဲပြိတ္တာတွေ ရောက်လာရင် သိပ်သိသာ-တာ၊ သူတို့ရဲ့အနံ့က အကောင်ပုပ်ရဲ့အနံ့မျိုး ပုတ် အက်အက်နဲ့၊ ဘာအနံ့ကြီးမှန်း မသိဘူး အနံ့ဆိုး ကြီးရတယ်။ နောက်ပြီး ခွေးတွေကလည်း ထိုးထိုး ဟောင် တတ်တယ်။ ဒါဆိုရင် သူတို့ဒီအနားမှာ ရှိနေ ကြတယ်။

အဲ . . . ကောင်းတဲ့နတ်တွေလာပြီး သာဓု ခေါ်ကြရင် သူတို့ အနံ့ကြတော အင်မတန်မွှေးကြိုင် တာဘဲ၊ ဒီတော့ကား ဒီအကောင်း၊ အဆိုး အကောင် တွေ ရှိနေပုံရပါတယ်။

သူတို့က ကြည်ညိုရင်လည်း ကိုယ့်ကို ဘုန်းကြီးအောင်၊ လာဘ်လာဘပေါများအောင်၊ လုပ်ပေးတတ်တယ်။ အဲ . . . မကြည်ညိုရင်လည်း သေအောင်လုပ်တတ်တယ်။

တပည့်တော်လက်တွေ့ ကြုံရတာကတော့ မိုးကုတ် မြို့က စျေးကျောင်းဆရာတော်ကြီးဘဲ။ အဲဒီ ဆရာတော်ကြီးက တပည့်တော်နဲ့ ရင်းနှီးတော့ ဒီလို ပြောဘူးတယ်။

ဗန်းမော်ဆရာတော်က ဗဟုသုတ စုံတော့

http://www.dhammadownload.com

တပည့်တော်ရဲ့ အဖြစ်အပျက်လေး ဝေဖန်ကြည့်ပါဦးတဲ့။

တစ်နေ့ စျေးကျောင်းဆရာတော်ကြီးရဲ့ ဆွမ်းဒကာအိမ်မှာ တစ်အိမ်လုံး အရူးတွေ ဖြစ်ကြသတဲ့။ အဖေက တစ်ပတ်လောက် ရူးလိုက်၊ နောက်တစ်ပတ်ဆို အမေကရူးလိုက်၊ ဒီလိုနဲ့ သူတို့မိသားစုလေးယောက်ဟာ တစ်ပတ်တစ်ယောက်စီအလှည့်ကျ ရူးတဲ့ရောဂါ ဖြစ်ပါလေရော။ အဲဒါတွေ တပည့်တော်လည်း သတိမထားမိဘူး။

သို့ပေမဲ့ တစ်ညမှာတဲ့ တပည့်တော်က အိမ်မှာကြွသွားပြီး ဟဲ့ . . . ဒကာကြီး၊ လာခဲ့ဦး လို့ဆိုပြီး ဒကာကြီးရဲ့ တင်ပါးကိုဖြန်းဆို ရိုက်ထည့်ပြီး သွားအန်ချေ ဆိုတော့ အပြင်မှာ ဝေါ်ကနဲ အန်ချလိုက်တာ အသားပုတ်၊ ဆံချည်ထွေးတွေ နည်းတာမဟုတ်ဘူးဘုရား

ဒီလိုဘဲ နောက်တစ်ယောက်လာခဲ့ တင်ပါးကို လက်ဝါးနဲ့ ရိုက်ထည့်ပြီး အအန်ခိုင်းလိုက်တာ အဲဒီညကစပြီး တစ်အိမ်သားလုံး အရူးရောဂါ ပျောက်ကုန်သတဲ့။ ဆရာ တော်ကြီးက အရူးပျောက်အောင် လုပ်ပေးပြီး မနက်ကြရင် လိမ္မော်သီးတွေ လင်ပန်းနဲ့အပြည့် လာလှူကြလို့ အမိန့်ရှိပြီး ပြန်ကြွသွားသတဲ့။

မနက်မိုးလင်းတော့ သူတို့မိသားစုလေးယောက် လိမ္မော်သီး လင်ပန်းနဲ့အပြည့် လာကန်တော့ကြတော့ . . .

စျေးကျောင်းဘုန်းကြီး ။ ။ တပည့်တော်က ဟဲ့ကောင်တွေရ နည်းနည်းဆို တော်ရောပေါ့ ဘယ့်နှာကြောင့် လင်ပန်းကြီးနဲ့ အမောက် အလှုံ့ယူခဲ့ရသတုံး။

ဒကာ ။ ။ အင် . . ကိုယ်တော်ဘဲ မနေ့ညက လိမ္မော်သီးလင်ပန်းအပြည့် လာကန်တော့ရမယ်လို့ ပြောထားခဲ့ပြီး။

ဘုန်းကြီး ။ ။ ဟ . . ငါဖြင့် မပြောရပါဘူးကွာ။

ဒကာ ။ ။ဟာ . . ကိုယ်တော့်နှယ် ဘုန်းကြီးဖြစ်နေပြီးတော့ မလိမ်ချင်စမ်းပါနဲ့။ မနေ့ညက ကိုယ်တော်ဘဲ အိမ်ကြွလာပြီး တပည့်တော်တို့ တစ်အိမ်သားလုံး အရူးတွေ ပျောက်အောင် ကုပေးသွားပြီး။

ဘုန်းကြီး ။ ။ ဟ . . ငါမလားဘူးဟ။

ဒကာ ။ ။ ကိုယ်တော် အဲဒါ ခက်တာဘဲ ကိုယ်တော်ညက ကိုးနာရီလောက် တပည့်တော်တို့အိမ် ကြွလာတယ်လေ။ တပည့်တော်တို့တင်ပါးကို ရိုက်ပြီး အအန် ခိုင်းလို့ အခုတစ်အိမ်လုံး အရူးတွေ ပျောက်ကုန်ပြီ။ ဒါတောင် ကိုယ်တော်က လိမ်ချင်သေး။ နောက်ပြီး လိမ္မော်သီး တလင်ပန်းအပြည့် ထည့်ခဲ့ရမယ်လို့ ကိုယ်တော်ဘဲ ပြောခဲ့ပြီးတော့။

စျေးကျောင်းဘုန်းကြီး ။ ။ သူတို့က အဲဒီလို ပြောတယ် ကိုယ်တော်။ တပည့်တော် တကယ် နားမလည်တော့ဘူး။ အဲဒီညက တပည့်တော် အိမ်လည်းမကြွဘူး။ ဘုရားပေးပေး၊ ကျမ်းပေးပေး တပည့်တော် ကျိန်ရဲတယ်။ အဲဒီ ဘယ်လိုဖြစ်တာလဲဦးကုမာရ၊ ကိုယ်တော်က ဗဟုသုတ စုံပါတယ်။ ပြောစမ်းပါဦး။

ဗန်းမော်ဆရာတော်။ ။ဆရာတော် တပည့်တော်

http://www.dhammadownload.com

ပုံလေးတစ်ပုံပြောပါ့မယ်။ နားထောင်ပါ။

ဟိုး . . အင်းဝခေတ် နေပြည်တော်ကောင်းစားစဉ်က အဲဒီ အင်းဝနား ရွာတစ် ရွာက ဆရာတော်ကြီးဟာ ဟိုရွာ ဒီရွာ (၇) ရက်တစ်ပတ် အလှည့်ကျ ဆွမ်းခံကြွလေ့ရှိသတဲ့။

တစ်နေ့မှာတော့ အဲဒီတောကျောင်းဘုန်းကြီးဟာ ဟိုရွာမှာလည်း ဆွမ်းခံကြွ၊ ဒီရွာမှာလည်း ဆွမ်းခံကြွနဲ့ တစ်နေ့တည်း တစ်ရက်တည်း တစ်ချိန်တည်းမှာ ဟိုရွာဒီရွာ နှစ်ရွာစလုံး ကိုယ်တော်တစ်ပါးတည်း ဆွမ်းခံ ကြွသတဲ့။

ဟိုရွာဒီရွာသားတွေ စကားစပ်မိကြတော့ ဟေ့ . . တို့တောကျောင်း ကိုယ်တော်ကြီးက တို့ရွာမှာ ဆွမ်းခံရက် မဟုတ်ဘဲနဲ့ ရောက်လာသဗျ၊ ဟာ . . ဟုတ်ကဲ့လား ကွာ၊ ဒီအပတ်က တို့ရွာဆွမ်းခံလှည့်ကွ၊ မယုံ မေးကြည့်ဗျာ တို့ရွာသားတွေကို သူတို့တွေ ဆွမ်းတောင်လောင်းလျှုလိုက်သေး။

ဒီလိုနဲ့ ဟိုရွာလဲကြွ။ ဒီရွာလဲကြွ၊ တစ်ချိန်တည်းမှာ ကိုယ်တော်နှစ်ပါး ဖြစ်နေတော့ ရွာသူရွာသားတွေက ဒီကိုယ်တော်ကြီး၊ ဈာန်ရ ကိုယ်တော်ကြီးလား? ရဟန္တာကြီးလား! နဲ့ အုတ်အော်သောင်းတင်း ဟိုးလေးတကျော် ဖြစ်သတဲ့။

ဆရာတော်ကြီးကလည်း သူ့ကိုယ်သူ ရဟန္တာလို့ ထင်နေသတဲ့ ဝန်လည်း ဝန်ခံသတဲ့။ ဒါနဲ့ အင်းဝရှင်ဘုရင်က အင်းဝမှာ သီတင်းသုံး နေကြတဲ့ စာတတ်ပေတတ် အကျော်အမော် ဆရာတော်ကြီးများကို နေပြည်တော်မှာပင့်ပြီး ဒီကိုယ်တော်ကြီးကို ရဟန္တာ ဟုတ်,မဟုတ်စစ်ဆေးစေသတဲ့။

ဆရာတော်ကြီးများကလည်း စာပေနဲ့ရော၊ လက်တွေ့ပါ စစ်ဆေးကြည့်တော့ ဟုတ်နေတာဘဲတဲ့ ဘယ်လိုမှ မတတ်နိုင် လက်မှိုင်ချရမလို့ ဖြစ်နေတော့ . . .

ဆရာတော် ဦးဗုဒ်ကို ဦးဗုဒ်ကယ် ကျူပ်တို့ဖြင့် မတတ်နိုင်တော့ဘူး။ ဘယ်လို မေးမေး ဒီကိုယ်တော်ကြီးကဟုတ်နေတော့တာဘဲ။ရဟန္တာကြီး ထင်ပါရဲ့ ကိုယ်တော်လေး စစ်မေးကြည့်ပါဦးတဲ့ ဆရာတော်ဗုဒ်ကို တိုက် တွန်းတောင်းပန်ကြသတဲ့။ အဲဒီအချိန်မှာ ဆရာတော်ဗုဒ်က ဒီဆရာတော်ကြီးတွေ အထဲမှာ ဝါ အငယ်ဆုံး တဲ့။

ဒီတော့ကား ဆရာတော်ဗုဒ်က ကိုယ်တော် ဈာန်အဘိညာဉ်ရ ရဟန္တာဆိုတာ ဟုတ်ပါသလား! လို့ မေးစစ်တော့ ဟုတ်ပါတယ်လို့ ဝန်ခံသတဲ့။ ဟိုရွာဒီရွာမှာ ကိုယ်တော် ပွါးအနေနဲ့ ဆွမ်းခံကြွတယ် ဆိုတာကော ဟုတ်ပါသလား! ဆိုတော့ ဟုတ်ပါတယ်လို့ ဝန်ခံသတဲ့။

ဒါနဲ့ ဆရာတော်ဗုဒ်က ဒါဖြင့် ကောင်းပြီ အဲဒီလို ဟိုရွာ ဒီရွာမှာ အရှင်ဘုရားရဲ့ ခန္ဓာကိုယ်ကို နှစ်ကိုယ်ခွဲတော့မယ်ဆိုရင် ရှေးဦးစွာ ပရိက်အနေနဲ့ ကိုယ်တော်ကို ဘယ်လို အဓိဋ္ဌာန်ပါသလဲ နှစ်ကိုယ်ဖြစ်အောင်ပြုလုပ်တဲ့ နည်းလမ်းလေး အမိန့်ရှိပါဆိုတော့ ဒီကိုယ်တော်ကြီးက မပြောတတ်တော့ဘူးတဲ့။

ဟာ . . . တပည့်တော် ဈာန်အဘိညာဉ်ရ ရဟန္တာ မဟုတ်သေးဘဲကိုး လို့ သံဝေဂရပြီး လူဝတ်လဲသွားသတဲ့။

အဲဒါ သူ့ကျောင်းရှေ့ သစ်ပင်ကြီးမှာ နေတဲ့ ရုက္ခစိုးကြီးက ဒီကိုယ်တော်ကြီးကိုကြည်ညိုလို့

http://www.dhammadownload.com



ဆရာတော်ကြီးရဲ့ ကိုယ်ပွား ဖန်ဆင်းပြီး မကြွတဲ့ရွာကို ဆွမ်းခံလေ့ရှိသတဲ့ ဘုရား။ အရှင်ဘုရား အကြောင်းလည်းဘဲ ဒီလို ဘဲ ကျောင်းစောင့်နတ်ဖြစ်စေ၊ သစ်ပင်စောင့် နတ်ဖြစ်စေ၊ တစ်ဦးဦးက ကြည်ညိုလို့ ဆရာတော်ရဲ့ ကိုယ်စားသွားပြီး ဆေးကုပေးပုံရပါတယ် တဲ့။

ဒီတော့မှ စျေးကျောင်းဆရာတော်က"ဟုပေယျ ပါဝုသော" အင်း . . ဟုတ်မှာ ဟုတ်မှာ တဲ့ ခေါင်းတညိမ့်ညိမ့်နဲ့ သဘောကျ နေလေတော့သတည်း။

ကိုပညာ–ဗန်းမော်တိုက်

သီဟနာဒ

မြတ်ဗုဒ္ဓသည် တရားဟောတော်မူရာ၌ အားထုတ်ပုံ, အဟုန်ပြုပုံကို ခြင်္သေ့မင်းနှင့်အတူ မဟာဝိရ-ဟူသော ဂုဏ်ပုဒ်ဖြင့် အထူးပြုတော်မူ၏။ တဖန် ကျိန်းစက်တော်မူရာ၌လည်း ခြင်္သေ့မင်းနှင့်အတူ သီဟသေယျ-ဟူသော ဂုဏ်ပုဒ်ဖြင့် အထူးပြုတော်မူ၏။။

ခြင်္သေ့မင်း အိပ်တော့မည်ဆိုလျှင် လက်ျာနံတောင်းစောင်းပြီး အမြီးက ဟော့ဒီနေရာ, လက်ခြေက ဟော့ဒီနေရာ, ဦးခေါင်းက ဟော့ဒီနေရာ-ဟု မြီးလက်ခြေဗျား ဦးခေါင်းများကို သတိချပ်ပြီး အိပ်စက်လေ့ရှိ၏။ မနက်လင်းလို့ အိပ်ယာက ထတော့မယ်ဆိုရင် ပြုန်းကနဲ သတိလက်လွတ် မထသေးဘဲ မအိပ်ခင်က ထားတဲ့မူအတိုင်း တသွေမတိမ်း ရှိ-မရှိ သူကိုယ်သူ ပြန်ကြည့်၏။ ဟုတ်မှ အစာရှာထွက်၏။
မဟုတ်ခဲ့သော်-- "မင်းကဲ့သို့သော သူရသတ္တိ-သူရဲဘောဂုဏ်နှင့် ပြည့်စုံတဲ့ သားတို့သေင့်နှင်း ခြင်္သေ့-မင်း ဖြစ် ပါလျက် ကိုယ့်ရဲ့ ခြေလက်အင်္ဂါ အမြီးဗျားလေးကိုမျှ မစောင့်ရှောက် မထိန်းသိမ်းနိုင်ဘူးဆိုရင် မင်းဟာ သူရဲဘောဂုဏ်နှင့် လားလားမျှ မထိုက်၊ ဒါကြောင့် မင်း ဒီနေ့တစ်နေ့လုံး လုံးဝ အစာမစားနဲ့"တဲ့ သူ့ကိုယ်သူ ဒဏ်တပ်ပါတယ်။

ငါမြင်ချင်သေးတယ်

"သူ့အမှားတွေကို မှားမှန်းသိပြီး သူ့ကိုယ်သူ အပြစ်ပေး ဆုံးမတတ်တဲ့လူကို" . . .

စီစဉ်သူ

http://www.dhammadownload.com



မြတ်ဆရာ၏ ဩဝါဒဒေသနာ

ရွှေညဝါဆရာတော်
ရန်ကုန်ပုဒ္ဓတက္ကသိုလ်အကျိုးတော်ဆောင်ချုပ်

ရွှေညဝါ–အဘိဓမ္မာ (နွေရာသီ) သင်တန်း၊ တစ်ခုသော ညချမ်းကာလ၊ ပညာဗိမာန်ကျောင်းတော် ခန်းမကြီးဝယ်. . .

ဒီသင်တန်းကြီးနဲ့ ပတ်သက်လို့ ပြောရရင် သာသနာတော် တကယ်တိုးတက် ကြီးပွား ကြောင်း ပဓာနကျတဲ့ အခြေခံအစစ် အမှန် လုပ်ငန်းတစ်ရပ်ပါပဲ။ "အဘိဓမ္မာ သာသနာဟာ ထိန်းသိမ်းစောင့်ရှောက်သူ ကင်းသွားပြီဆိုရင် သာသနာအစ ကွယ်သွား ခြင်း"လို့ ဆိုရမယ်"

ဆရာတော့ ဩဝါဒဒေသနာကို စူးစိုက် နားထောင်ရင်း အရှင် ခရီးဆန်ပြီး စဉ်းစားမိသည်။ အရှင်တို့ ထမ်းဆောင်နေသော ဂန္ထ–ဝိပဿနာ ဓုရနှစ်ဖြာတွင် ဂန္ထဓုရ (ကျမ်းစာတာဝန်–ပရိယတ်)သည် အခြေခံကျသော သာသနာ့ ရေသောက်မြစ်ဖြစ်သည်။ ဗုဒ္ဓ၏ သွန်သင် ပြသမှု သာသနာမှတ်တမ်း–စာပေ အခိုင်အမာ တည်ရှိမှသာလျှင် နည်းမှန်လမ်းကျ ဝိပဿနာ

http://www.dhammadownload.com

တရားအားထုတ်မှု ပင်စည်ခက်ကိုင်း နက်ရှိုင်းစွာ ဖြစ်ပေါ်လာ၍ အမှန်သိရှိနားလည်မှု အညွှန့်တလူလူ တက်ရောက်နိုင်မည် ဖြစ်ပေသည်။ ဗုဒ္ဓ၏ညွှန်ကြားချက် ဂန္ဆ-ကျမ်းစာ နည်းပြမပါဘဲ တက္ကဿ(ကြံဆနည်းဖြင့်ဝိပဿနာအလုပ် အားထုတ်ပွားများမည်'ဆိုပါက တရားအားထုတ်ခြင်းသာ ဖြစ်၍ သစ္စာတရားနှင့် လွဲချော်နေမည်သာ ဖြစ်ပေသည်။

မြတ်ဘုရားဟောကြားတော်မူသော အဘိဓမ္မာသည်အရှိတရားမှန်သမျှကိုအရှိအတိုင်း ပြဆိုထားသည်ဖြစ်၍ "အရှိပြတရား" မည်ပေသည်။ ပြည်မြန်မာတွင် ခေတ်အဆက် ဆက် ဆရာတော်သံဃာတော်များ ပို့ချစဉ် ရွှေညဝါ-အဘိဓမ္မာသည် မူရင်းပါဠိတော် (ဗုဒ္ဓပါဝစန)ကို အဖွင့်မြန်မာ-အဋ္ဌကထာ မူစနစ်ဖြင့် သရုပ်-အဓိပ္ပါယ်-အနက်အားဖြင့် ကျစ်လျစ်ခိုင်မာစွာ တည်ရှိလျက်နေသည်။ မာတိကာ-ဓာတုကထာ-ယမိုက်-ပဋ္ဌာန်း အခန်းခန်းသော ရွှေညဝါ အဘိဓမ္မာသည် သင်ရင်းနှင့် အကျင့်စခန်းပါ၍ သစ္စာလမ်း ပွင့်စေသော ပို့ချစဉ်တရားများ ဖြစ်သည်။ "အဘိဓမ္မာကို ပို့ချစဉ်အတိုင်း သိရှိနားလည်ရင် ရုပ်-နာမ်တရားနှင့်စပ်လျဉ်းပြီး မိစ္ဆာဒိဋ္ဌိဖြစ်ဖို့ရန် အခွင့်သာဖို့ အတော်ခဲယဉ်းသွား လိမ့်မယ်"ဟု အဘိဓမ္မာသင်ပြီး ပင်စင်စား ကျောင်းဆရာ တစ်ဦး၏ မှတ်ချက်စကားသည် ထိုအချက်ကို အသင့်ထောက်ခံလျက်ရှိသည်။

"ကုသလာ-အနဝဇ္ဇသုခဝိပါက လက္ခဏာ၊ ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ=ကုသလဓမ္မ"ဟူသည် အပြစ်မရှိခြင်း-ကောင်းသော အကျိုးပေးခြင်း လက္ခဏာသဘောရှိပြီး သတ္တ'မပါ၊ ဇီဝ'မရှိသည့် ပကတိသဘာဝ ဓမ္မသက်သက်ဖြစ်သော အရှိဟာရားများပေ တကား"ဟု သင်ယူသိမှတ်ထားသော ပုဂ္ဂိုလ်တစ်ဦးအဖို့ ကုသိုလ်တရားနှင့်စပ်၍ (တဒင်္ဂပင် ဖြစ်စေ) သက္ကာယဒိဋ္ဌိပြုတ်ပြီး သစ္စာစခန်း ဆိုက်နိုင်သည်။ ယင်းအဘိဓမ္မာပို့ချစဉ်သည် မြတ်ဘုရား၏ သစ္စာသာသနာကို ထုံးမှတ် ဆုံးဖြတ်နိုင်သော သတ္တိအင်အား အပြည့်အဝ ပါရှိနေရကား . . . အဘိဓမ္မာကို သင်ကြားပေး သည့် ဆရာမရှိခဲ့သော်၊ (သို့) သင်ပေးသူဆရာ ရှိသော်လည်း သင်ကြားမည့် တပည့်မရှိခဲ့သော်၊ (သို့)နှစ်ဦးလုံး မရှိခဲ့သော်....အဘိဓမ္မာရွှေညဝါကွယ်ပ'သွားမည် ဖြစ်ပေသည်။ အဘိဓမ္မာကွယ်လျှင် သစ္စာတရားကွယ်၍ သက္ကာယဒိဋ္ဌိလွှမ်းခြုံလာမည် သာဖြစ်ပေသည်။ ယင်းအခြေအနေကို ကြိုတင်သိမြင်တော်မူသော ဆရာတော်ဘုရားသည် "အဘိဓမ္မာညဝါကိုစောင့် ရှောက်သူကင်းသွားလျှင် သာသနာအစ အဘိဓမ္မာကွယ်ပြီ"ဟု မိန့်ဆိုတော်

http://www.dhammadownload.com

မူလိုရင်းဖြစ်သည်။

တစ်ဖန်ဆရာတော်ဘုရား မိန့်တော်မူပြန်သည်...။

"ခုလို အဘိဓမ္မာဝန်ဆောင် ရဟန်းသံဃာတော်တွေ တစ်စုတစ်ဝေးတည်းနဲ့ ပို့ချသင်ကြားထမ်းဆောင်နေကြတာကို 'သာသနာစောင့် ရဟန်းသံဃာတော်များ' အဖြစ်နဲ့ ဒကာ, ဒကာမတွေက အကျိုးကို ကြည့်တတ်မြင်တတ် ကြည်ညိုတတ်ကြရမယ်"

ထိုစဉ်က သံဃာတော်များနောက်တော်ပါးက တရားဩဝါဒနာယူကြသော ဒကာ, ဒကာမများကို ရည်ညွှန်း၍ ဆရာတော်ဘုရား မိန့်တော်မူလိုရင်းဖြစ်သည်။ ဘုရားသားတော် သံဃာတော်များ တစ်နေရာတည်း၌ တစ်စုတစ်ဝေးတည်း ဖူးမြင်ခွင့်, လှူဒါန်းခွင့်ရခြင်းသည် သဒ္ဓါအားကောင်းသော ဒကာ, ဒကာမများအဖို့ ထူးခြားသော အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်သည်။ သံဃာကို 'သံဃာ'ဟု သိမှတ်၍လည်းကောင်း၊ ထိုမှတစ်ဆင့် 'အဘိဓမ္မာသာသနာ့ဝန်ဆောင် သံဃာတော်များ'ဟု သိမှတ်ဆပွား၍ လည်းကောင်း ကြည်ညိုရခြင်းသည် သာသနာ အမှီပြု၍ ထူးကဲမွန်မြတ်သော ကုသိုလ်စိတ် အစဉ်ဖြစ်ပေသည်။

ပင်ကိုယ်အားဖြင့် သမ္မုတိသံဃာ (ဗုဒ္ဓ၏ ပညတ်တော်ဖြင့် ဖွဲ့စည်းသမုတ်ထားသော သံဃာ) ကြည်ညိုမှု-သဒ္ဓါတရား၏ ကျေးဇူးကြည် လင်ရာနယ် မြေဖြစ်၍၊ 'အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊ ကုသိုလ် မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်ပေသည်။ ယခုတစ်ဖန် ထို သံဃာသည် သမ္မုတိသံဃာ'မည်ကာ မတ္တ မဟုတ်။ အရေးပါသော အဘိဓမ္မာ သာသနာ့ တာဝန်ကို ထမ်းဆောင်နေသော သံဃာ တော်များဖြစ်သည်။ အလှပေါ် အယဉ်ဆင့် အသွင်တင့်လှသဖြင့် ရတနာထိုက်သောသံဃာကို တစ်စုတစ်ဝေးတည်း ဖူးမျှော်လှု၊ ဒါန်းခွင့်ရခြင်းသည် သဒ္ဓါပါရမီရှင် လူသားတစ်ဦးအဖို့ အတိုင်းမသိ အဖိုးအနှုံ့ ထိုက်တန်သော အခွင့်အရေးကြီးပင်ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားက "ကြည်ညိုတတ်ရမယ်"ဟု မိန့်တော်မူသည်။

အကြည်ညိုပျက် အကုသိုလ်မတက်စေနဲ့

ဤလောက၌ အချို့သောသူသည် ကြံဖန်၍ သံဃာ(ရဟန်းတော်များ)ကို ကြည်ညိုတတ်သကဲ့သို့၊ အချို့သောသူသည်ကား ကြံဖန်၍ပင် အပြစ်ရှာအကြည်ညိုပျက်ကာ အကုသိုလ်တက်နေတတ်သည်။ ပုဂ္ဂိုလ်သတ္တဝါများသည်လည်း စရိုက်လက္ခဏာ တစ်ခြားစီသာ ရှိနေကြ

http://www.dhammadownload.com

ပေမည်။ ယင်းစရိုက်လက္ခဏာများအလိုက် အသေးအဖွဲ မကြည်ညိုဖွယ် အပြစ်ငယ်ကလေးများကို ကြည့်ပြီး အရှင်မြတ်တို့ ထမ်းဆောင်နေသော ကြီးကျယ်မြင့်မြတ်သည့် အဘိဓမ္မာသာသနာ့တာဝန်အလေးမမူဘဲ အကြည်ညိုပျက်ကာ သံဃာကို ကိုယ်နှုတ်စိတ်တစ်ခုခုဖြင့် စော်ကားပြစ်မှားလာတတ်သည်။ ထို့ကြောင့် ကြီးကျယ်သော ဂုဏ်ကျေးဇူးကို သေးငယ်သော အပြစ်ဖြင့် မကွယ်ပ'စေဘဲ ဂုဏ်ကျေးဇူးကိုသာ ကြည့်ပြီး အပြစ်ငယ်ကို မျက်ကွယ်ပြုကာ ကြည်ညိုတတ်ဖို့ လိုအပ်လာသည်။ သံဃာတော်များဖက်ကလည်း "တို့သာသနာ့တာဝန်ကိုထမ်းဆောင်နေကြရတာပဲ၊ အပြစ်အသေးအဖွဲကို ဂရုစိုက် စောင့်ထိန်း နေဖွယ်မလိုဘူး" ဟု မာန ပလွှားခြင်းမပြုဘဲ "သိဖို့ရန်သင်၊ သိသမျှကျင့်" ဟူသော မူအရ သိပ်သည်းသိမ်မွေ့ အပြစ်ကင်းစင်စွာနေတတ်ဖို့ လိုပေသည်။ ဒါ့အပြင် သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၌လည်း အပြစ်မထင်၊ ကြည်ညိုသူ ဒကာများဖက်မှလည်း အပြစ်မြင်စရာမရှိ၊ နှစ်ဦးနှစ်ဖက် ကြည်ညိုသူနှင့် အကြည်ညိုခံသူတို့ အချင်းချင်းယှက်နွယ်လျက် သာသနာတော်ကြီး အရှည်သဖြင့် တည်တံ့ပြန့်ပွားရန် အကြောင်း ကောင်းမြတ်သော ဂုဏ်သတ္တိများ တိုးပွားစည်ပင်လာမည်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ ကြည်ညိုလှူဒါန်းသူ ဒကာ, ဒကာမများဖက်မှ သေးငယ်သော ရဟန်းသာမဏေတို့၏အပြစ်ကို မရှုမမြင်ဘဲ ကြီးကျယ်သော အဘိဓမ္မာသာသနာကိုသာ ရှုမြင်ကြည်ညိုခြင်းသည် အရေးပါအရာ ရောက်သည့်အလျောက် ဆရာတော်ဘုရားက "ရဟန်းသံဃာတွေရဲ့ အနည်းငယ်ကဲ့ရဲ့စရာ အပြစ်တစ်စုံတစ်ရာ တွေ့မြင်လိုက်ရုံနဲ့တော့ သဒ္ဓါမပျက်စေနဲ့၊ အကုသိုလ်မတက်စေနဲ့၊ ခေတ်ကာလနဲ့သူများအဖို့ ကာမဂုဏ်အာရုံတွေ တပ်မက်စရာတွေ အများကြီးထဲမှာ ပျော်လို့ မော်လို့ရှိနေတုန်းအချိန် ဒီသံဃာတွေ ဒီအဝတ်နဲ့ ဒီပရိယတ်, ပဋိပတ်အလုပ်တွေနဲ့ မွေ့လျော်နေတာကိုက အလွန်ကို ကြည်ညိုစရာကောင်းနေပြီ။ သာသနာဟာ ကုသိုလ်ရဖို့ ဘုရားထားခဲ့တာ။ ရှင်ရောလူပါ၊ လူရောရှင်ပါ ဓမ္မမှန်ကန်စွာ အမှီရပြီးတော့ ကုသိုလ်တွေ အများအမြတ်ဆုံးအထိ ရနိုင်ကြပါစေ"ဟု ဩဝါဒ ဒေသနာ မိန့်ကြားတော်မူလေသည်။

ဤကဲ့သို့ သံဃာနှင့်ဒကာ အစဉ်သဖြင့် ညီညွတ်ပေါင်းဆုံနိုင်စေရန်အရှည်မျှော်ပြီး ဩဝါဒ ဒေသနာကို မော်ကွန်းတင် မိန့်ကြားတော်မူသော ဆရာတော်ဘုရားသည်ကား ယခု သက်တော် ရှစ်ဆယ် (ပတ္တမြား ရတု)တိုင်ရောက်တော်မူသော မန္တလေး၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် များ၏ အဓိပတိ

http://www.dhammadownload.com

နှင့် ထေရဝါဒသာသနာပြု တက္ကသိုလ်၏ ဒုတိယ ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ-အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ပါဠိသိရောမဏိ-ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသပင် ဖြစ်ပါပေတော့သတည်း။

ဆရာတော်ဘုရား၏ကျေးဇူးဂုဏ်ကို ဦးညွှတ်ပူဇော်လျက်.....

ရွှေညဝါဆရာတော်
(ရန်ကုန်ဗုဒ္ဓတက္ကသိုလ်အကျိုးတော်ဆောင်)
သာဓုတိုက်၊ နတ်စင်လမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။





ဘာသာတရားဆိုတာ ဘဝအတွက် အဝတ်အစားပါ၊ လူ့လောကထဲမှာ အဝတ်မပါ ဗလာကိုယ်တည်းနှင့် မင့်ကလေးကို လမ်းလျှောက်ခိုင်းမှာလား?။

မှန်ကန်တဲ့ ဘာသာတရားဆိုတာ ကိုယ့်စိတ်အလျင်ကိုအသိဉာဏ်ရဲ့ထိန်းချုပ်ကွပ်ကဲမှုအောက်မှာ ထားရှိဖို့ပါ။

မှန်ကန်သော တရားဓမ္မသည် လွတ်လပ်မှု ရှိသင့်၏။ လွတ်မြောက်မှု မရှိဘဲနှင့် မှန်ကန်သော တရားဓမ္မ မဖြစ်နိုင်။

စိစဉ်သူ

http://www.dhammadownload.com



ကံသုံးဖြာဖြင့် အားရစွာကန်တော့ပါသည်။

ဦးပညာနန္ဒ(ဗုဒ္ဓတက္ကသိုလ်-မန္တလေး)

ဗန်းမော်ဆရာတော်နှင့် ဆုံတွေ့ရသော အချိန်သည်ကား ဗုဒ္ဓတက္ကသိုလ် (မန္တလေး)၏ စ-ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပချိန်ဖြစ်ပါသည်။နေရာကားဗုဒ္ဓတက္ကသိုလ် တည်ရှိရာ ဆူးခါးကျောင်းတိုက်တွင် ဖြစ်၏။ ဆရာတော်သည် ဘွဲ့ရကျောင်းသူ၊ ကျောင်းသားများအား ဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ အဓိပတိ ဆရာတော်တစ်ပါးအနေဖြင့် ဩဝါဒစကား မိန့်တော်မူပါသည်။ စာပေကြိုးစားကြဘို့ မိန့်တော်မူပြီးဘုန်းကံနည်းပါးကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် လာဘ်လာဘ ပေါကြွယ်ရရှိစေရန်...

အရဟံ ဗဟိ အန္တဇယံ သုဂတံ။
အမိတံ ဝိရဇံ လတိတံ အတုလံ၊
သရဏံ တိ-ဘဂူပသမံ ယမကံ၊

သုခဒံ သရဏံ ပဏာမာမိ ဇိနံ-ဟူသော ဂါထာတော်ကိုနှုတ်တိုက် သင်ပေးတော်မူခဲ့ပါသည်။ ဤကဲ့သို့ ဗုဒ္ဓတက္ကသိုလ် ဘွဲ့နှင်းသဘင်အချိန်ရောက်တိုင်း ဆရာတော်၏ဩဝါဒများကို ကြားနာခွင့်ရရှိခဲ့ပါသည်။

နောက်ထပ်တစ်ဖန် ဆရာတော်အား ဖူးတွေ့ရသောနေရာမှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်တွင် ဖြစ်ပါသည်။ မန္တလေး ရန်ကုန် ဗုဒ္ဓတက္ကသိုလ်မှ သင်ကြားစီမံ ကထိကဆရာတော်များဖြစ်ကြသည့် စာရေးသူအပါအဝင် ဦးပဏ္ဍိတ၊

http://www.dhammadownload.com

ဦးဝိမလ၊ ဦးပဏ္ဍာဝံသ၊ ဦးဝါသေဋ္ဌတို့ကို **Dr.** ဦးနောမိညာဏက ဦးဆောင်ခေါ်ယူသွားပြီး ဆရာတော်နှင့် မိတ်ဆက်ပေးသည်။ ဆရာတော်ကြီး သီတင်းသုံးသောအခန်းတွင် ဆရာတော်ကြီးအား အခန့်သင့် ဖူးတွေ့ရပါသည်။ ဆရာတော်သည် ယခင်ကဲ့သို့မဟုတ်တော့၊ ပါးရေတွန့်ခြင်း၊ ဆံဖြူခြင်း၊ အိုမင်းရင့်ရော်ခြင်း ဟူသော ဇရာသဘောကို မလွန်ဆန်နိုင်ကြောင်း သတိပြုမိခဲ့ပါသည်။ ဆရာတော်ကြီးသည် မိမိတို့အား ပျူငှာစွာ ဧည့်ခံကြိုဆိုပြီး လာရင်းအကြောင်းကို မေးတော်မူသည်။ မိမိတို့လည်း **Ph.D**ဘွဲ့အတွက် ကျမ်းပြုစုရာတွင် လိုအပ်သော အကြောင်းအရာများကို သိရှိလို၍ ဆရာတော်အား လာရောက်ဖူးတွေ့ခြင်းဖြစ်ကြောင်း၊ ဆရာတော်လမ်းညွှန်မှုကို ရရှိလိုကြောင်း လျှောက်ထားကြရာ ဆရာတော်က အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို နမူနာထား၍ ရှင်းလင်းတော်မူသည်။ ယင်းကျမ်းပြုဆရာသည် သမ္မာသမ္ဗုဒ္ဓမတုလံ–စသော ပဏာမနိဒါန်းကို ရှေးဦးစွာ ရေးသားကြောင်း၊ ထိုနောက် ပရမတ္ထတရား ၄ပါးကို အကျဉ်းချုပ် ရေးသားကြောင်း နောက်မှ ယင်း ပရမတ္ထတရားလေးပါးတို့ကို တစ်ခုစီတစ်ခုစီ အကျယ်ချဲ့ရေးသားကြောင်း နောက်ဆုံးမှာ နိဂုံးကို ရေးသားကြောင်း သို့ဖြစ်၍ **Ph.D** ဘွဲ့အတွက် ကျမ်းပြုစုရာတွင်လည်း ထိုကဲ့သို့ ရေးသားရမည် ဖြစ်ကြောင်းရှင်းလင်းစွာရှင်းပြတော်မူပါသည်။

ထို့နောက် ဆရာတော်သည် ဦးပဉ္စင်းတို့က ဗုဒ္ဓတက္ကသိုလ်မှာ ဆရာတွေအဖြစ်နဲ့ တာဝန်ထမ်းပြီးတော့ သာသနာဆက်လက် ပြုရမှာမို့ အသက်ရှည်ရှည် နေရတို့လိုတယ်။ အသက်ရှည်နည်းပေးလိုက်မယ်။ ဒီအသက်ရှည်နည်းနဲ့ လိုက်လျောညီထွေ နေထိုင်သွားတဲ့အတွက် ရွှေဟင်္သာဆရာတော်ကြီးဟာ အသက် ၁၀၂–တိုင်တိုင် နေထိုင်ပြီး သာသနာပြုသွားခဲ့တယ်။ ဦးပဉ္စင်းတို့ မှတ်သွား။ အသက်ရှည်နည်း ပြောလိုက်မယ်။ (၁) မတည့်တာမစားနဲ့ (၂) တည့်တာလဲ သင့်တော်ရုံစား၊ (၃) ဒေါသမကြီး နဲ့၊ (၄) မေတ္တာပွါးရမယ်။ ဒီလိုဆိုရင် ဦးပဉ္စင်း တို့ အသက်ရှည်ရှည် နေရပါလိမ့်မယ်ဟူ၍ မိန့်တော်မူပါသည်။

ဆရာတော်ကြီးက ဆက်လက်၍ "ရှေးရှေးတုန်းက သီဟိုဠ်နိုင်ငံမှာ "ဝသဘ" လို့ခေါ်တဲ့ ဘုရင်ကြီးတစ်ပါးရှိတယ်။ စစ်ပွဲတွေနိုင်ပြီး အင်ပါယာကြီးကြီးကို ပိုင်ဆိုင်တယ်။ တစ်နေ့တော့ ဗေဒင်ဆရာကြီးတွေ ခေါ်ပြီး သူ့အသက် ဘယ်လောက်ရှည်မယ်ဆိုတာကို မေးတယ်။ ဗေဒင်ဆရာတွေကလည်း သေချာတွက်ကြည့်လိုက်တော့ ၁၂–နှစ်ဘဲ ရှည်မယ်လို့ဟောကြတယ်။ ဒါနဲ့ဘုရင်ကြီးက သိပ်မကျေနပ်သေးဘဲ သေချာအောင်ဆိုပြီး နောက်တစ်ခေါက် တွက်ခိုင်း

http://www.dhammadownload.com

ပြန်တယ်။ ဒါလဲ ၁၂-နှစ်ဘဲအဖြေထွက်တယ်။ ဘုရင်ကြီးက သိပ်မကျေနပ်ဘူး၊ နောက်ထပ် ၁၂-နှစ်ထက် ပိုပြီးအသက်ရှည်ချင်တယ်။ ဒီတော့ ဆရာတော် ကြီးတွေ ဆီသွားမေးတယ်။ နောက်ထပ် ၁၂-နှစ်ထက်ပိုပြီး အသက်ရှည်ရှည် နေထိုင် နိုင်တဲ့နည်းလမ်းလေးများ မရှိဘူးလား ဘုရား၊ ရှိရင် မိန့်တော်မူပါဘုရားလို့ပေါ့လေ။ ဒီတော့ ဆရာတော်ကြီးတစ်ပါးက အသက်ရှည် နေထိုင်နည်းတွေကို မိန့်တော်မူတယ်။ဘာတွေ တုံး ဆိုတော့ "ရေစစ်-ဆေး ကျောင်း, အဟောင်း ပြုပြင်, ပဉ္စင်-အဋ္ဌ, ဤခြောက်ဝ, လောက လူပေါင်းသက်ရှည်ကြောင်း"တဲ့။ နံပါတ် (၁) ရေစစ်လျှူရတယ် (၂) ဆေးလျှူရတယ် (၃)ကျောင်း လျှူရတယ် (၄) အဟောင်းတွေကို ပြုပြင်ရတယ် (၅)ငါးပါးသီလလုံရတယ် (၆)ရှစ်ပါးသီလ ဆောက်တည်ရတယ်တဲ့။ ဝသဘဘုရင်ကြီးလည်း ဆရာတော်ကြီး မိန့်တော်မူတဲ့အတိုင်း လက်တွေ့ ကျင့်သုံးလိုက်တာ နောက်ထပ် အသက် ၃၀- ပို့ရှည် ပြီး နေထိုင်သွားရတယ်တဲ့။ အဲဒီတော့ ယခင်က ပြောခဲ့တာတွေကို လက်တွေ့ ကျင့်သုံးပြီး အသက် ရှည်ရှည် နေထိုင်လျက် သာသနာပြုနိုင်ကြပါစေ ဟူ၍ သက်သက်သာသာ အေးအေးဆေးဆေး ကရဏာကြီးမားစွာ မိန့်တော်မူခဲ့ပါသည်။ ဆရာ တော်ကြီးအားဖူး တွေ့ရသည်မှာ စိတ်ထဲ၌ အလွန်အလွန် အေးချမ်းပြီး အလွန်အလွန် ကြည်ညိုဖွယ် ကောင်းလှသည့်အပြင် ဆရာတော် ကြီး၏ စကားလုံးတိုင်းမှာ မေတ္တာသံများ, ကရုဏာသံ များဖြင့် ပြည့်နှက်နေသည်ဟု စာရေး သူ စိတ်ထဲမှာခံစားမိပါသည်။ ဆရာတော်ကြီး၏ သဝါဒစကားသံများ ဆရာတော်ကြီး၏ ရုပ်ပုံလွှာ များကို ယနေ့ထိတိုင် နားထဲမှာကြားမိ မျက်စိထဲ မှာ မြင်ယောင်နေမိပါသည်။ ဤကဲ့သို့ ကြည်ညို ဖွယ်ကောင်းလှသော ဆရာတော်ကြီးအား နေ့စဉ် ကိုယ်တိုင် မဖူးတွေ့နိုင်သော်လည်း ဆရာတော် ကြီး၏ ရုပ်ပုံလွှာကို စိတ်ထဲမှာ မှန်းဆလျက်, ဆရာတော် ကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာ ဂုဏ်တို့ကို အာရုံပြုလျက်, သတိရမိသောအခါ တိုင်းမှာ ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ကျေနပ်အားရစွာ ရှိခိုးကန်တော့မိပါတော့သတည်း။

ဦးပညာနန္ဒ

(M.A. Indo Aryan)

'အာဂတော ဘာရော အဝဿံ ဝဟိတဟွော'

အကယ်၍ မင်း အပူဒဏ်မခံနိုင်ဘူးဆိုရင် ပီးဗိုချောင်က ထွက်လိုက်ပါ။

စီစဉ်သူ

---

http://www.dhammadownload.com

နဝမဗန်းမော်ဆရာတော်ကြီး ၏

ဘဝဖြစ်တော်စဉ် တစိတ်တဒေသ

ဦးကောသရ-ဗန်းမော်တိုက်



နဝမ ဗန်းမော်ဆရာတော်ကြီး၏ ပရိယတ်၊ ပဋိပတ်ဆောင်ရွက်ချက်များကို ဆရာတော်ကြီးနှင့် တွေ့ဆုံမေးမြန်း လျှောက်ထားခွင့် ရခဲ့ပါတယ်။ ၁၃၀၅- ခုနှစ်ကပေါ့ ကိုရင်ဝတ်တယ်၊ ကိုရင်ဝတ်တုန်းက မြင်းခြံခရိုင်၊ တောင်သာနယ်၊ ရဘဲဆရာတော်ကြီးမရှိလို့ ဆီမီးရှာသွားပြီး ကိုရင်ဝတ်ရတယ်။ အဲဒီရွာကဆရာတော်ကြီးကဦးပိဏ္ဍာစွတဲ့။ နောက်သဒ္ဒါတို့ သဒ္ဓိဟ်တို့ ချပေးတာက

http://www.dhammadownload.com

ဦးဝါယမတဲ့ ဦးတိလောကတို့ဆီမှာ အခြေပြုစာတွေ သင်ခဲ့ရတယ်။ ဘုန်းတော်ကြီး ဦပညာသာမိ က ပြောဖူးတယ်။ ကိုရင်လေး သဒ္ဒါကြီး၊ သဒ္ဒြိဟ်၊ ပါတိမောက် ဒီ (၃)စောင်ရရင် စာတတ်တာဘဲတဲ့။ ဒါနဲ့ သဒ္ဒါကြီးကို စတက်တယ်။ (၁၁)လတည်းနဲ့ သုတ်ပြီး ရုပ်ပြီး အကုန်ရတယ်။ (၅)လ (၆)လနဲ့ သဒ္ဒြိဟ်ကုန်တယ်၊ (၃)လနဲ့ ပါတိ မောက် ကုန်ရော။

၁၃၀၈- ခုမှာ ပထမငယ်တန်း၊ ၁၃၀၉ ခုမှာ ပထမလတ်တန်း အောင်ပြီး ၁၃၁၃- ခုမှာ အဂ္ဂါဘိဓဇ မစိုးရိမ်ဆရာတော်ကြီးထံ ပဌာန်းစာဝါတွေ လိုက်တယ်၊ ပထမကြီး တန်းအောင်တယ်၊ နောက် ဘုရားကြီးတိုက်၊ နယားကျောင်းမှာ သဒ္ဒါဆိုင်ရာ စာပေတွေနဲ့ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးတွေကို သင်ယူတယ်။ အဋ္ဌကထာ၊ ဋီကာကြီးတွေ လေ့လာသင်ယူပြီးမှ ဥာဏ်တော်တော်ပွင့်လာတယ်။

၁၃၁၄- ခုနှစ်မှာ သက္ကသီဟစာသင်တန်းမှာ အမှတ်အမျှားဆုံးနဲ့ အောင်တယ်၊ ၁၃၁၅ - ခုနှစ်မှာ သက္ကသီဟစာချတန်းကို နှစ်မခြားဘဲ အမှတ်အမျှားဆုံးနဲ့အောင်လို့ "ဝဋ်သကာဘွဲ့" ရတယ်။ ရွှေတံဆိပ်ဆုလည်း ရတယ်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်း (၁၀၀) အတွင်း သက္ကသီဟ "ဝဋ်သကာဘွဲ့" ရရှိသူ (၉)ပါး ရှိခဲ့တယ်။

၁။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (ပျံလွန်)

၂။ ဘဒ္ဒန္တ ဥတ္တမာဘိဝံသ (ညောင်ရမ်းမိုးကောင်း)

၃။ ဘဒ္ဒန္တလက္ခဏာဘိဝံသ (ဦးကျော်ရှိန်) (ပရိသုဒ္ဓ)

၄။ ဘဒ္ဒန္တသုမနာဘိဝံသ (ဦးသောင်းလွင်) (ပရိသုဒ္ဓ)

၅။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (နဝမ ဗန်းမော်ဆရာတော်)

၆။ ဘဒ္ဒန္တ သုနန္ဒာဘိဝံသ (ဦးရွှေအောင်) (ကွယ်လွန်)

၇။ ဘဒ္ဒန္တနာရဒါဘိဝံသ, ပတ္တမြားကျောင်း၊ မြင်းဝန်တိုက်၊ (ဦးထွန်းလှိုင်) (ကွယ်လွန်)

၈။ ဘဒ္ဒန္တကစ္စာယနာဘိဝံသ, ယင်းမာကျောင်း၊ ဘုရားကြီးတိုက်၊ (ဗိုလ်ကြီးကျော်နိုင်)

၉။ ဘဒ္ဒန္တကေသရာဘိဝံသ (မဟာဂန္ဓာရုံကျောင်း၊ အမရပူရ) တို့ဖြစ်ကြတယ်။

ဒီ "ဝဋ်သကာဘွဲ့"ရ (၉) ပါးထဲမှာ အခုလက်ရှိအနေနဲ့ ဆရာတော်နဲ့ ဦးကေသရ

http://www.dhammadownload.com

(၂)ပါးဘဲကျန်တော့တာ၊ ကျန်တဲ့ (၇)ပါး ကတော့ အခို့လဲ ပံ့လွန်တော်မူကြ၊ အခို့လဲ လူဝတ်လဲကြနဲ့။

သကျသီဟပရိယတ္တိစာမေးပွဲက နယုံလဆန်းမှာကျင်းပတယ်။ အစိုးရစာချတန်းက နယုံလပြည့်ကျော်မှာ ကျင်းပတယ်။ အဲဒီစာမေးပွဲမှာ ဆရာတော်က အဋ္ဌကထာ (၉) ကျမ်းလုံးကို ပါဠိနဲ့ ဖြေတာ၊ အဲဒီ (၉)ကျမ်းလုံးကို တနှစ်တည်းနဲ့ အောင်တယ်၊ ဒါ့ကြောင့် အစိုးရက "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ" ဘွဲ့တံဆိပ်တော်နဲ့ ဆုတော်ငွေများလည်း ပိုပြီးလျှာ်ခဲ့တယ်။

စာမေးပွဲတွေအောင်ပြီးတဲ့နောက် ဘုရားကြီးတိုက်မှာ ငယ်လတ်ကြီးဆိုင်ရာ ဋီကာကျော်၊ သဒ္ဒါကြီး၊ ဓမ္မာစရိယဆိုင်ရာ သီလက္ခန်အဋ္ဌကထာများကို တပည့်များအား ပို့ချပေးခဲ့တယ်။

၁၃၁၈- ခုနှစ် ဆဋ္ဌသင်္ဂီယနာတင်တဲ့ကိစ္စမှာ ပါဠိတော်သင်္ဂီယနာ (၂)နှစ်ခန့်၊ အဋ္ဌကထာသင်္ဂီယနာ (၂)နှစ်ကျော်၊ ဋီကာ သင်္ဂီယနာ (၁)နှစ်ကျော်၊ စုစုပေါင်း (၅)နှစ်ကျော် (၆)နှစ်ခန့် စာပေတွေ ပြင်ပေးခဲ့ရတယ်။

အားလပ်တဲ့အချိန်တွေမှာ အင်္ဂလိပ်စာတွေကျက်တယ်။ နေ့ခင်းစာကျက်၊ ညဘက်စာပြန်တယ်၊ အချိန်တွေကို အလဟဿဖြုန်းတီးမပစ်ရဘူး၊ အကျိုးရှိရှိ အသုံး ချရတယ်။ အဲဒီမှာ (၁၀)တန်းစာမေးပွဲဝင်ဖြေတော့လည်းအောင်တယ်၊ နောက် မန္တလေးတက္ကသိုလ်က ဝိဇ္ဇာ ဘီအောဘွဲ့ရခဲ့တယ်။

၁၃၂၄- ခုနှစ် ဝါဆိုလမှာ အဂ္ဂါဘိဓဇမစိုးရိမ် ဆရာတော်ကြီးက ဗန်းမော်တိုက်ကို လွှဲအပ်ပေးသည့်အတွက် ကျောင်းထိုင်ပဓာန နာယကအဖြစ် ရောက်လာခဲ့တယ်။ ပါဠိမြန်မာအဘိဓာန်ကို ဘုရားကြီးတိုက်မှာ နေ့တိုင်း သွားသွားရေးရတယ်။ နေပူတာ တွေ၊ မိုးရွာတာတွေ ရေတွက်နေလို့မရဘူး၊ တခါတလေ ကုန်းကြောင်း၊ တခါတလေ ဆိုက်ကားနဲ့၊ ဒါပေမဲ့ ခြေကျင်ကပိုများတယ်။ လွယ်အိတ်တလုံးနဲ့ ထီးတလက်နဲ့ နေ့တိုင်း သွားရေးရတယ်။

တနေ့ အဂ္ဂါဘိဓဇမစိုးရမ်ဆရာ တော်က "ဦးဇင်း၊ ဓမ္မပဒအဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာ၊ ခုဒ္ဒကပါဋ္ဌအဋ္ဌ ကထာ-ဒီအဋ္ဌကထာတွေရှိတယ်၊ ထေရီအပါ ဒါန်ကြတော့ ပါဠိတော်သာရှိတယ်၊ အဋ္ဌ ကထာမရှိဘူး၊ အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓယောသ ကြီးက ဒီအဋ္ဌကထာကြီးကို ချန်ထားခဲ့တာလား၊ ကာလပရိစ္ဆေဒ၊ ကာလဝိပတ္တိအဆက်ဆက်ကြောင့် ပျောက်ကွယ်ခဲ့တာလား မပြောတတ်၊ ဦးဇင်း ဒီထေရီအပါဒါန် အဋ္ဌကထာကို ရေးပါ" လို့တာဝန်

http://www.dhammadownload.com

ပေးတယ်။

ရေးပါ့မယ်ဘုရားလို့အာမဘန္တေ ဝန်ခံ-ပြီး (၃)နှစ်လောက်ရေးလိုက်တော့ ဒီထေရီအပဒါနဒီပနီစာအုပ် ပြီးသွားတယ်။

နောက်တော့ စာအုပ်ပေါင်းများစွာ ရေးဖြစ်တယ်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်း၊ အခု ထေရဝါဒဗုဒ္ဓတက္ကသိုလ်တို့မှာ သာသနာပြုလုပ်ငန်းတွေလုပ်တယ်။ ဂျပန်၊ တောင်ကိုးရီးယား၊ မလေးရှား၊ စင်္ကာပူ၊ အင်္ဂလန်၊ ဂျာမနီ- စတဲ့ နိုင်ငံတွေမှာ ပြည်ပသာသနာပြုခရီးပြုလုပ်ခဲ့တယ်။

ဒါတွေကတော့ ပရိယတ္တိသာသနာပြုလုပ်ငန်းတွေပေါ့၊ ပဋိပတ္တိသာသနာပြုလုပ်ငန်းအတွက် မန္တလေးက သကဒါဂါမ်ဆရာသိန်းကြီးဆီမှာ(၁၀)ရက်၊နောက်ဘောက်ထော်စွန်းလွန်းဂူကျောင်းမှာ စွန်းလွန်းနည်းနဲ့ (၁)လ၊ ရွှေဘိုရဲ့မြောက်လက်၊ ရွှေမုဋ္ဌောကမွဋ္ဌာန်းတိုက်မှာ (၇)ရက်၊ မြေဇင်းတောရဆရာတော်ကြီးထံမှာရက် (၄၀) တိုင်တိုင် ပဋိပတ္တိလုပ်ငန်းအတွက်လည်း အားသွန်ခွန်စိုက်ကြိုးစားအားထုတ်နေဆဲပါ။

ကိုယ်တော်တို့လည်း ပရိယတ်၊ ပဋိပတ် ကြိုးစားအားထုတ်ကြပါ၊ သို့မှသာ သာသနာတော်နဲ့တွေ့ကြုံရကျိုး နပ်ကြမှာ။

တပည့်တော် ကေသရ
ဗန်းမော်တိုက်

☞ အဆွေ၏ မားတိုနေသော် ရှေ့သို့ တစ်လှမ်း တိုး၍ ခုတ်ပါ။

☞ မီးတလှည့်တူတစ်လှည့် ရေတစ်လှည့် အထုအထောင်း နာနာထုနိုင်မှ မားကောင်း တစ်လက် ရနိုင်ပါ၏။

☞ သံကောင်းသည့် မား ဖြစ်တုံငြားလည်း ကျောက်သားထက်တွင် မသွေးတင်က သံပင်ကောင်းလျှက် မားမထက်နိုင်၊ ဉာဏ်စွမ်းဉာဏ်စ ရှိတုံကလည်း လုံ့လနတ္ထိ ဇွဲမရှိက လိုရာပန်းတိုင် မရောက်နိုင်ပါ။

☞ ရွှေကသူ့ကို မီးဖုတ်လိုကဖုတ်ပါ၊ လှော်လိုကလှော်ပါ၊ တူနဲ့ထုလိုကထုပါ၊ နန်းဆွဲလိုကဆွဲပါ၊ သို့သော် . . . သူ့ကို ရွေးစေ့နဲ့တော့ မချိန်တွယ်ပါနဲ့တဲ့။

စီစဉ်သူ

http://www.dhammadownload.com



ဂါဒန္တရန္ဒ်ိသိမိထပါ ဩဂါဒ



ဗန်းမော်ဆရာတော်ကြီးကို . .

ကိုပညာ။ ။ ဆရာတော်ဘုရား၊ ဗုဒ္ဓဝင်နှင့် အဘိဓမ္မာများက ဖွားဘက်တော် (၇) ပါးကို "အာ ဗော ကာ ယ၊ ဆန်, ရွှေ, ကဏ်" အာနန္ဒာ, ဗောဓိပင်, ကာဠုဒါယီ, ယသောဓရာ, ဆန္ဒ, ရွှေအိုးကြီး, ကဏ္ဍကမြင်း ဟု လာပါ၏။ သာရတ္ထဒီပနီဋီကာက အာနန္ဒာနေရာမှာ အာရောဟဏီယဟတ္ထီ စီးတော်ဆင်ဟု လာရှိပါ၏။ ဘယ်ကျမ်းအဆိုက သဘာဝနိရုတ္တိ ကျပါသနည်း ဘုရား။

ဗန်းမော်ဆရာတော် ။ ။ ခေတ်အဆက်ဆက် သမိုင်းများစွာ ကျော်ဖြတ်လာရတော့ပမာဒ လေခကြောင့် အာစရိယဝါဒတွေ ကွဲပြား ရတာပါတဲ့။ ဆရာအစဉ်အဆက်ပို့ချချက်ကို အဆင့်ဆင့် လက်ဆင့်ကမ်းသင်ယူ ရတာက တစ်ကြောင်း, စာပေကျမ်းဂန် မတင်နိုင်သေးဘဲ နှစ်ပေါင်းများစွာ နှုတ်မှသည် နှုတ်သို့ပို့ချသယ်ဆောင်လာရတဲ့အတွက်ကြောင့် တစ်ကြောင်း, စာပေကျမ်းဂန် တင်နိုင်ပြန်တော့လည်း အရေးမှား အမှတ်မှားမှု တွေကြောင့် ပုဒ်ပါဠ် အက္ခရာချွတ်ယွင်းမှု ရှိတာက တစ်ကြောင်းအကြောင်းကြောင်းကြောင့် အလွဲအမှား အတိမ်းအစောင်း အယူဝါဒအမျိုးမျိုး ကွဲပြားရတာပါတဲ့။

"ပရမတ္ထသစ္စာ, သဘာဝဓမ္မ တရား သဘောတွေ မပျောက်မပျက် မူရင်းအတိုင်း တည်ရှိနေတာကိုဘဲ ကျေးဇူးတင်ရဦးမယ်၊ တဲ့

http://www.dhammadownload.com

ဘယ်ဦးကဘက ဘယ်လို၊ အဋ္ဌကထာက ဘယ့်နှယ်၊ ပါဠိတော်က ဘယ်နည်းနဲ့ ဝါဒ, ဝါဒန္တရတွေ ငြင်းခုံနေလို့ ဘာအကျိုးရှိမှာလဲတဲ့ ယောနိသောမနသိကာနဲ့ လက်ခံနိုင်ပါမှ သဘာဝနိုရုတ္တိ ကျတော့မှာပေါ့တဲ့။

အရှင်အာဒိစ္စဝံသတို့၊ ဝိသဇ္ဇနာဝရဖိန်ရေးတဲ့ ဦးကောဝိဒတို့ဟာ ဝါဒ ဝါဒန္တတွေ ငြင်းခုံမှုမျှားပြားတော့ သေခါနီးမှာ ကုဋ္ဌနူနာရပြီး သေသွားရရှာသတဲ့။

ဒါကြောင့် သူမှားတယ် ငါမှန်တယ် ငြင်းခုံနေကြမဲ့အစား ဝါဒ ဝါဒန္တရမျှားကို အလေးဂရုမပြုမူ၍ မူလဘူတ သဘာဝနိရုတ္တိ မပျောက်မပျက် တည်ရှိအောင်သာ ကြိုးစားအားထုတ်သင့်တော့၏။ သူမှန် ငါမှား အငြင်းပွားနေကြရင်ဖြင့် ဒီဘဝ နောက်နောင်ဘဝ အကျိုးယုတ်ဘွယ်ရာသာ ရှိတော့၏။

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ" ဒီ နှစ်ပါဒကြားရရုံနဲ့ အရှင်သာရိပုတြာ သောတာပန် တည်ရသတဲ့။ အရှင်မောဂ္ဂလာန်မှာတော့ "တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော" ဆိုတဲ့ လေးပါဒလုံးပြီးဆုံးမှ သောတာပန်ဖြစ်ရသတဲ့။ နှစ်ပါဒဖြစ်စေ, လေးပါဒဖြစ်စေ နောက်ဆုံးတလုံးဘဲ ကြားရစေဦးတော့ သောတာပန်တည်ရတဲ့အကျိုး မနည်းဘူးလေ။

"အကြောင်းများစွာက အရေးမကြီးပါဘူး" တဲ့။

"အကျိုးကျေးဇူး ကြီးမားမှုသာ ပမာနကျပါသတဲ့" အင်း . . ဆန်စင်ရာ ကျည်ပွေ့လိုက် အမိုက်တိုက်နဲ့ အမိုက်ကောင်"

"ကွဒမေဝ သစ္စံ မောဃမညံ"

"စကားလုံး" ဆိုတာ သူရဲ့ဗျူပွတ်အတိုင်း အမြဲတန်း "လုံး" နေတာ မဟုတ်ပါ။ အချို့နေရာမှာ လုံးပြီး အချို့နေရာမှာ ပြားချင်ပြားသွားတတ်တာ။ ရံခါ လုံးလိုက်, ရံခါ ပြားလိုက်, ရံခါ ချွန်းလိုက်, ရံခါ လေးထောင့် ဖြစ်လိုက်, ရံခါ အဝိုင်းဖြစ်လိုက်, ရံခါ စမူဆာ ဖြစ်လိုက် ဖြစ်နေတတ်တဲ့ "စကား" တွေကို သူမှန်တယ်, ငါမှားတယ်၊ သူမှားတယ်, ငါမှန်တယ် လို့ ငြင်းခုံနေကြဦးမှာလား! လို့ . . .

"ငါနှင့် ငါသာ နှိုင်းစရာ အညဝါဒ အလကားဗျ"



http://www.dhammadownload.com

၂၀၀၈၊ အောက်တိုဘာလ၊ ၉၊ ရက်နေ့က ပန်းမော်တိုက်၊ ပုနော်ပဿမ္ဗဒကံထပ်ပွဲ တစ်ခုဌ် ပန်းမော်ဆရာတော်ကြီး၏ "သာရတိယ ကထာ"

ဦးဇင်းတို့၊ မဟာစည်ဆရာတော်ကြီးက အမိန့်ရှိခဲ့ဘူးတယ်။ "ကံထပ်တယ်" ဆိုတာမူလရဟန်းခံပေးခဲ့, ကမ္မဝါဖတ်ပေးခဲ့ကြတဲ့ ဆရာတော်သမားတော်ကြီးတွေကို မလေးစားရာ, စော်ကားရာရောက်သတဲ့။

ဒါကြောင့် မဟာစည်ဆရာတော်ကြီးဟာ တသက်တာကာလပတ်လုံး ဘယ်တော့မှ ကံမထပ်ခဲ့ဘူးတဲ့။ ဒကာ, ဒကာမတွေကို လည်းဘဲ ကံထပ်ခွင့် မပေးခဲ့ဘူးတဲ့။ မူလ ရဟန်းဒကာ တစ်ဦးတည်း ရှိသတဲ့။

ထို့အတူ မင်းကွန်တိပိဋ္ဌကဓရ ဆရာတော်ကြီးလည်းဘဲ ဒီမူအတိုင်း မူလ ရဟန်းဒကာ သူဌေးကြီး ဆာ-ဦးသွင်နဲ့ ဒေါ်ဒေါ်သိမ်းတို့ ရဟန်းဒကာတစ်ဦးတည်း မူပိုင်ထားရှိပြီး နောက်ထပ်ရဟန်းဒကာများကို လက်မခံဘူးတဲ့။

ပန်းမော်ဆရာတော်ကြီးလည်းဘဲ မဟာစည်, မင်းကွန်းဆရာတော်ကြီးတို့၏ မူအတိုင်း လက်ခံကျင့်သုံးပါသော်လည်း အများနှင့်ဆိုင်ရာ၌ စာထဲရှိသလို ပျော့ပျော့ ပျောင်းပျောင်း ဤသို့ မိန့်၏။

"ကံထပ်တယ်, ကမ္မဝါစာကို အကြိမ်ကြိမ်ဖတ်တယ်" ဆိုတာ "သစေ ပန အက္ခရပရိဟီနံ ဝါ ပဒ ပရိဟီနံဝါ ဒုရုတ္တပဒံဝါ ဟောတိ၊ တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ၊ ဣဒံ အကုပ္ပကမ္မဿ ဒဋ္ဌကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ ဟုတ္ဝာ တိဋ္ဌတိ" (ဝိ၊ ၅၊ ၆၊ ၂၄၃ × ၂၄၄) အရ "ခိုင်ရာ ကြိုးချည်, မြဲရာ သံပတ်" ဆိုတာလို ယခင်က ကမ္မဝါစာ မပျက်မစီး တည်ရှိခဲ့သော် မြဲသည်ထက်မြဲ, ခိုင်သည် ထက်ခိုင်အောင်, ယခင်ကရဟန်းမဖြစ် ကံပျက်ခဲ့သော် ရဟန်းဖြစ်, ကံတည် သွားအောင် အခုခေတ် ရဟန်းတော်များ "ကံထပ်ကြ, ကမ္မဝါစာကို အထပ်ထပ်ဖတ်-ကြပါ၏" တဲ့။

နောက်ပြီး ကမ္မဝါစာတိုင်းကို ရွတ်ဖတ်ကြရာမှာ . . "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" ဟူသောပါဠိတော်မူအရ ဘယ်ကမ္မဝါစာကို မဆို ဗျတ္တ,ပဋိဗလ ရဟန်း (၁) ပါးသာ ဖတ်သင့်ပါ၏။

ဒါက ပါဠိတော်မူအတိုင်း ဘုရားရှင်တို့၏ အလိုတော်ကျ ဖြစ်ပါ၏။

ယခုခေတ် ကမ္မဝါစာကို (၂ × ၃) ပါး ဖတ်ကြတာက "ပေါရာဏာကဝိနယဓရတ္ထေရာ ကမ္မဝိပတ္တိ သင်္ဘပရိဟာရတ္ထံ ဒ္ဝိဟိ တီဟိ ဧကေဟေ ကမ္မဝါစံ သာဝေန္တိ" ဟူသော (ဝိနယ

http://www.dhammadownload.com

ဝိနိစ္ဆယဋီကာ၊ ဒုတိယ စာအုပ်၊ စာမျက်နှာ-၃၅၀) အရ ရှေးရှေး ဝိနည်းခိုရ် ထေရ်ကြီးတို့သည် ကံပျက်စီးမည့် ယုံမှား သင်္ကာကို ပယ်ဖျောက်ဘို့ (တနည်း) စောင့်ရှောက်ဘို့အတွက် ကမ္မဝါစာကို (၂ × ၃) ပါး ရွတ်ဖတ်ကြသတဲ့။

ပါဠိတော်, အဋ္ဌကထာတို့မှာတော့ ကမ္မဝါစာကို (၁) ပါးတည်း ဖတ်သာ လာရှိပါ၏။ ဋီကာများမှာတော့ (၂ × ၃) ပါး တပေါင်းတည်းဖတ်လာရှိပါ၏။ ဟု မှတ်ပါတဲ့

အပေါ်ကြိုက် ကိုလူညား

လူအများစုက ပေါ့ပေါ့လေးတွေးပြီး ပါးပါးလေးပဲ ပြောကြ ပြုကြ၏၊ ကျွန်ုပ်ကားခဲကြီးကြီးဆွဲပြီး ကျောက်တုံး၊ သံတုံးများနှင့် ဖိထားချင်၏၊ ဗုဒ္ဓ၏စံချိန် စံညွှန်း, ပညာရှိကြီးတို့၏ အဆုံးအမ ဥပဒေသတွေနှင့် လူသားဇာနည် ပီသ စေချင်၏၊ လူတစ်လုံး သူတစ်လုံးဖြစ်စေချင်၏၊ လောကရဲ့ သုခ ဒုက္ခ လောကဓံတွေကို ခံနိုင်ရည်ရှိစေချင်၏၊ ရာဇဝင်ထဲက လူသားတစ်ယောက် ပုံပေါက်စေလို၏။

သို့သော် . . . လူတို့သည် ဘဝအတွက် အလေးအနက်မရှိ၊ ကျသလို ကြံုသလို ပျော်လိုက်ငိုလိုက်မည်၊ စားလိုက် အိပ်လိုက်မည်၊ ထွေလီကာလီ တီတီတာတာနှင့် ဘဝခရီး ဖြတ်သန်းမည်၊ အပေါ်ယံ ခပ်ပါးပါးစာလေးတွေဖတ်မည်၊ ပြီးလျှင် နင်နေရစ်တော့ ငါသွားတော့မည်၊ ဘာမျှ မည်မည်ရရ ထွေထွေထူးထူး၊ စိတ်ကူးကြံစည်မှုမရှိ၊ ခပ်ပေါ့ပေါ့ပဲ ကြံုလာတဲ့ဘဝကိုဖြေရှင်းမည်သာတည်။

ကိုယ့်စာတွေကြည့်ပြီး မိတ်ဆွေတစ်ယောက်က ဒီလိုအဆုံးအဖြတ်ပေး၏၊ " ခင်ဗျားလည်း သူများတွေလို ပေါ့ပေါ့လေးတွေးပြီး စာပါးပါးလေးတွေရေးကာ စာအုပ်တွင်ကျယ်အောင် လုပ်ပေါ့" တဲ့။

ဒီတော့ ကိုယ်က ထွဋ္ဌခေါင်နှင့် ဗန်းမော်ဆရာတော်ကြီးနှစ်ပါးကို သွားသတိရမိတော့၏၊ ထွဋ္ဌခေါင်ဆရာတော်က မုတင်ဆောင်ဂိုဏ်း၊ ဗန်းမော်ဆရာတော်က အနေချောင်သောဂိုဏ်း၊ ဒီမှာ ထွဋ္ဌခေါင်ဆရာတော်ကြီးက သူ့တပည့်တွေကို "မောင်တို့ တော်တော်ပြတ်ပြတ်နဲ့ နိဗ္ဗာန်သွားချင်ရင် ကိုယ့်ဆီနေကြ၊ ကောင်းကောင်းစားပြီး ပျော်ပျော်ပါးပါးနဲ့ နိဗ္ဗာန်သွားချင်ရင် ဗန်းမော်ဆရာတော်ဆီးသွားကြ"လို့ အမိန့်ရှိသတဲ့ . . .

အခုလဲ ဒီလိုပြောရမည်သာတည်း။

ပြီးပါပြီ . . .

ကိုပညာ၊ ဗန်းမော်တိုက်

http://www.dhammadownload.com

အမျက်ငြိုအလက်



သူတည်းတစ်ယောက် ကောင်းတို့ ရောက်မှ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း။

ရွှေအိမ်နန်းနှင့် ကြွင်နန်းလည်းခံ မတ်ပေါင်းရဲလျက် ပျော်စံရပ်ငြိမ် စည်းစိမ်မကွာ မင်းချမ်းသာကား သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေငွေ့ပမာ တစ်သက်လျာတည့်။

ကြင်နာသနား ငဲ့အားမသတ် ယခုလွတ်လည်း မလွတ်ကြမှာ လူတကာတို့ ခန္ဓာခိုင်ကြည် အတည်မမြဲ ဖောက်လွဲတတ်သည် မချွတ်စ သာ သတ္တဝါတည်း။

ရှိခိုးကော်ရော် ပူဇော်အကျွန် ပန်ခဲ့တုံးအံ့ ခိုက်ကြုံဝိပါက် သံသာစက်၌ ကြိုက်လတ်တွန်မူ တုံမယူလို ကြည်ညိုစိတ်သန် အခင်မွန်ကို ချန်တိစင်စစ် အပြစ်မဲ့ရေး ခွင့်လျင်ပေး၏ သွေးသည်အနိစ္စာ ငဲ့ခန္ဓာတည်း။

အနန္တသူရိယအမတ်ကြီး



ඕයෝ

http://www.dhammadownload.com



နဝမပန်းမော်သရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမထေရ်မြတ်၏

သက်တော်(၈၀)ပြည့် ပတ္ထမြောက်ရတု ဝိဇာတပူဇာမင်္ဂလာအတွက်

ရေးသားပူဇော်အပ်သော

ထေရုပ္ပတ္တိ ဂုဏထောမနာ ပတ္ထနာပြု ရတုပိုဒ်စုံ

ကုမာရမည်... ထေရ်ဇာနည်၏ မြင့်ရှည်ထုပွတ်အဖြစ်ဇာတ်ကို၊ သိမှတ်ဖွယ်ရာ၊ ကဗျာရတု၊ ရေးစီပြုသော်၊ မှတ်ရှုတိုင်းမှာ၊ မန္တလာခေါ်၊ ထင်ပေါ်ခရိုင်၊ စိုးအုပ်ပိုင်ရာ၊ မြင်းခြံပါတည့်၊ နယ်မှာတောင်သာ၊ ရာဘဲရွာဝယ်၊ သဒ္ဓါသီလ၊ စာဂပညာ၊ လေးဖြာစုံလစ်၊ ဦးဖိုးသစ်ခေါ်၊ ခမည်းတော်နှင့်၊ မယ်တော်မှတ်ထိုက်၊ ဒေါ်အေးသိုက်၏၊ ဝမ်းတိုက်ရွှေကြာ၊ ကိန်းအောင်းပါ၍၊ ဝေါဟာတွက်စစ်၊ တစ်ထောင့်နှစ်ရာ၊ ကိုးတစ်သာလွန်၊ လမွန်တော်သလင်း၊ မယွင်းဆန်းတက်၊

http://www.dhammadownload.com

ဆယ့်လေးရက်မှာ၊ တနလ်ာမှန်၊ ကန်ရာသီပိုင်၊ လှေပြိုင်ပွဲကျင်း၊ သစ်ဆင်းသဘင်၊ ပန်းလျှင်ယင်းမာ၊ နံ့သာကြိုင်လတ်၊ နက္ခတ်ဘဒြ၊ စန်းယှဉ်ကြရာ၊ ချိန်အခါတွင်၊ သာသနာအကျိုး၊ သည်ဆောင်ပိုးရန်၊ လူ့ရပ်ဌာန်သို့၊ အမှန်ရောက်ကာ၊ ဖွားမြင်လာ၏၊ မှတ်ပါမယွင်း၊ မွေးချင်းရှစ်ယောက်၊ ထွန်းပေါ်ပေါက်သော်၊ လေးယောက်မြောက်တွင်၊ ထေရ်ရှင်ဖြစ်ကြောင်း၊ သူငယ်ကောင်းမှာ၊ သညာကျော်စိန်၊ ဂုဏ်သိရ်ပြန့်သင်း၊ မယွင်းမှတ်လစ်၊ ဂျပန် ခေတ်ဝယ်၊ တောင်သာနယ်မှာ၊ ရွာသစ်ရွာကောင်း၊ အထက်တန်းကျောင်းမှ၊ အဋ္ဌမတန်း၊ အောင်ပန်းပန်ကာ၊ ထို့နောက်မှာလျှင်၊နှစ်ဖြာမိဘ၊ ပစ္စယဖြင့်၊ သာသနာ့ဘောင်တွင်၊ ရှင်သာမဏေ၊ ဖြစ်ခဲ့ပေ၏၊ မှတ်လေတစ်ဖြာ၊ ထောင့်သုံးရာတွင်၊ တစ်ဆယ်ယှဉ်တွဲ၊ တပို့တွဲလ၊ ဟေမန္တဥတု၊ ယာဂုနှမ်းမနဲ၊ မီးပုံပွဲကြုံ၊ ကုန်ရာသီမှန်း၊ ဆူးပန်းပေါက်လဲ၊ ပွင့်မြဲဝေဆာ၊ မှတ်ပါမာဃ၊ နက္ခတ္တနှင့်၊ စန္ဒယှဉ်တွဲ၊ ထူးကဲချိန်မှာ၊ ရဟန်းဖြစ်ပါသည်...
(ကုမာထေရ်မြတ်ဇာတ်ကြောင်း တည်း.....၂)

ပြုစာသမည်... ကုမာထိ(ထေရ်)ကား၊ ထူးခြားပုဂ္ဂိုလ်၊ ခေါ်ဆိုသတ်မှတ်၊ ဖြစ်ရပ်စုံလင်၊ မှတ်တမ်းတင်သော်၊ ကိုယ်ရင်ဖြစ်စ၊ ချိန်ကာ-လမှ၊ စ၍သင်ကာ၊ သဒ္ဒါရှစ်ကျမ်း၊ ကိုးခန်းသဂြိုဟ်၊ ထိုထိုသုတ် နက်၊ ရုပ်တွက်သရုပ်၊ နှုတ်တက်အာဂုံ၊ လုံးစုံအပြီး၊ ဆယ့်တစ်လတည်းဖြင့်၊ အပြီးတတ်မြောက်၊ ထို့နောက်တစ်သွယ်၊ အငယ်-လတ်-ကြီး၊ အောင်မြင်ပြီးလျှက်၊ သကျသီဟ၊ ခက်လှစွာပွဲ၊ ဝင်ရောက်နွဲသော်၊ ထူးကဲမှတ်တမ်း၊ တစ်ဂဏန်းဖြင့်၊ အောင်ပန်းဦးဆောက်၊ အံ့လောက်ရွှေတံဆိပ်၊ ဂုဏ်ဟိတ်ပြည့်လျှံ၊ ဝဋ်သကာ၊ ဘွဲ့ရပါ၏၊ မှတ်ပါတစ်မျိုး၊ အစိုးရစာချ၊ ဓမ္မာစရိယတွင်၊ အောင်မြင်ကိုးကျမ်း၊ ဖြေစွမ်းပါဋ္ဌိ၊ အောင်ဘိနှစ်ခြင်း၊ အောင်စာရင်းတစ်၊ ရလစ်ဘွဲ့ခေါ်၊ တံဆိပ်တော်မှာ၊ "သာသနဓဇ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဋိသိရောမဏိ၊" မှတ်ဘိတစ်ဖြာ၊ ပြည်မြန်မာတွင်၊ ထေရ်ရှင်အထူး၊ တစ်ဦးတည်းသာ၊ ပေါ်ထွန်းပါ၏၊ ဆရာထေရ၊ ကုမာရသည်၊ လောကီဘွဲ့ထူး၊ဆွတ်ခူးဘီအေ၊ စာပေ-သက္ကဋ္ဌ၊ ကျမ်းကျင်လှကာ၊ သာသနာရေး၊ ဆောင်ရွက်ပေးရာ၊ အဖြာဖြာကို၊ ကဗျာရတု၊ မှတ်တမ်းပြုသော်၊ နိုင်ငံတော်မှ၊ ဆဋ္ဌသင်္ဂါယနာ၊ တင်စဉ်ခါက၊ သြသာနပတ္တ၊ ပါဋ္ဌကနှင့်၊ သောဓေယျက၊ ဘာရမှတ်ယူ၊ စာမူကောင်းရေး၊ ဆောင်ရွက်ပေးရာ၊ ထိုမှတစ်ဝ၊ တိပိဋကာ၊ ပါဋ္ဌိပဒ၊ နာမတင့်ရွှန်း၊ ကျမ်းညွှန်းခေါ်ဘိ၊ ပါဋ္ဌိမြန်မာ၊ နှစ်ဖြာအဘိဓာန်၊ အားသန်လွန်ကဲ၊ လေးကျမ်းတွဲတွင်၊ ပါဝင်ရေးကာ၊ ကြိုးစားပါသည်..... (ရှုပါထေရ်မြတ်

http://www.dhammadownload.com

မှတ်ကြောင်းတည်း.....)

ရှုပါကြအတည်....အတိတ်ဆီသို့၊ ပြန်လည်ရေးလျှင်၊ ကုမာရှင်သည်၊ သည်ပြန့်မွေး၊ မန္တလေးပိုင်၊ ကျောင်းထိုင်သင်တန်း၊ နည်းလမ်းညွှန်ပြ၊ နာယကအဖွဲ့၊ ပြုခဲ့ဥက္ကဋ္ဌ၊ တိပိဋကဓရ၊ နိကာယတွင်၊ စာချပဓာန၊ နာယကအချုပ်၊ ပြုလုပ်ခဲ့ရ၊ ထိုမှတစ်ဖြာ၊ သာသနာသန့်၊ တည်တန့်ပြန့်လှိုင်း၊ ဂိဏ်းပေါင်းစုံတွက်၊ ဆောင်ရွက်ခဲ့၏၊ မှတ်ကွဲ့တစ်နည်း၊ ဝိနည်းဓမ္မသတ်၊ ဆုံးဖြတ်ဥပဒေ၊ရေးဆွဲလေရာ၊ အတွင်းရေးမှူးပါတည့်၊ တစ်ဖြာမှတ်ကြ၊ ဝိနိစ္ဆယရေး၊ ဆုံးဖြတ်ပေးသော်၊ နိုင်ငံတော်၏၊ ဖြစ်ဘိဝိနည်းမိုရ်၊ ခေါ်ဆိုတစ်မူ၊စက်ဘူနိုင်ငံ၊ တစ်ဖန်ကန္ဒီယ၊ ကြွရမှန်စွာ၊ သာသနာပြုရေး၊ ဆောင်ရွက်ပေးရ၊ထင်ရှားလှ၏၊ ရေးပြစာပေ၊ ထွေထွေစုံ ဘိ၊ ပါဠိမြန်မာ၊ ဘာသာအင်္ဂလိပ်၊ ရောသိပ်ပြီးပြွမ်း၊ကျမ်းပေါင်းစုံလင်၊ ကမ္ဘည်းတင်သော်၊ တစ်ဆယ်ကျော်၏၊ စ-ရှိကျေးဇူး၊ ဂုဏ်အထူးကြောင့်၊ ကြည်နူးကော်ရော်၊ နိုင်ငံတော်မှ၊ ဘွဲ့တော်အမြတ်၊ ဆက်ကပ်သည်မှာ၊ နှစ်ဖြာအဂ္ဂ-ပဏ္ဍိတနှင့်၊ အဘိဓဇ-အဂ္ဂမဟာ-သဒ္ဓမ္မာ-ဇောတိက၊ မှတ်-ကြစုံညီ၊ အပြည်ပြည်ဆိုင်ရာ၊ ထေရဝါဒ၊ တက္ကသိုလ်မှလဲ၊ ထူးကဲလှစွာ၊ ဒေါက်တာဒီဂရီ၊ ဘွဲ့သစ်ဆက်ကပ်၊ ထေရ်မြတ်အကျော်၊ ဆရာတော်သည်၊ သက်တော်ရှစ်ဆယ်၊ ပြည့်ကြွယ်သည်မှ၊ ကာလကြာရှည်၊ ခိုင်မြဲတည်လျက်၊ ရာကျော်သက်တမ်း၊ ရွှင်လန်းချမ်းမြေ့၊ ဘေးမတွေ့ဘဲ၊ ထူးပေ့တရား၊ တွေ့ရှိ ညားကာ၊ များစွာဝေနေ၊ သတ္တဝါတွေအား၊ တရားရေအေး၊ တိုက်ကျွေးစေမှု၊ တောင်းဆုပြုသည်.....(ကုသလာဝေလတ်ထပ်လောင်းတည်း.....)

ဤရတုကို ဆရာတော်ဘုရားကြီး၏
သက်တော်၈၀-ပြည့်ကို ရည်ရွယ်၍
အချီညီအချည်-ပဒ-၈၀-စီ
ခိုင်ညွတ်ခက်ဖြာချနည်းဖြင့်
ရေးစီပူဇော်ထားပါသည်။

ရေးဖွဲ့ပူဇော်သူ
သုဒ္ဒန္တသုမင်္ဂလသာမိဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယက၊ပဒုက္ကူကျောင်းသစ်
ကိုးဆောင်တိုက်၊မြင်းခြံမြို့



http://www.dhammadownload.com

နဝမဗန်းမော်ဆရာတော်

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်၏

သက်တော်(၈၀)ပြည့်

ပတ္တမြောင်းရတုပူဇော်ပွဲ စကြာလည်ရတု

ဘဒ္ဒန္တသြဘာသာဘိဝံသ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

ပန်းတော်သခင် ထေရ်အရှင်ကား ထူးခြားမည်မှန် ပြည်တန်ပတ္တမြားတောတောင်ကြားဝယ် မကွယ်မဝှက် ပေါ်ကာထွက်သို့. နှစ်မြို့ဖွယ်ရာ မန္တလာဟု မည်ပြုသမိုင်း ခေါ်သည့်တိုင်း၏ တည်ရှိ အမှန်မြင်းခြံခေါ်လာ ခရိုင်မှာဝယ် တောင်သာနယ်က ဂါမတွင်မြို ရာဘဲကျေးရွာ မြတ်ဒေသာ တွင် ခိုဝင်မှီလစ် ဦးဘိုးသစ်နှင့် ကြုံလင့်ထွေးပိုက် ဒေါ်အေးသိုက်ခေါ် မြတ်မယ်တော်က ထွန်းပကြည်သာ မွေးဖွား လာလျက် နှစ်သက်ဖွယ်ကောင်း လောကီကျောင်းက အဋ္ဌမမှန်း အတန်းပညာ အောင်မြင်ပါသော် မပျော်လူ့ဘောင် ဒုက္ခတောင်ကို ဇွတ်ရှောင်ကွယ်ပုံးလွတ်အောင်ရုန်း၍ မြတ်ဘုန်းသာသနာဝင်ရောက်ရာတွင် သိက္ခာသုံးဝ ကျင့်ဓမ္မကို နေ့ညမလွဲ စောင့်ရှောက်မြဲမို. ပုလဲအသွင် ဖြူစင်ပေလတ် စိတ်တော်မြတ်ကြောင့် ချစ်အပ်ဆရာ ထေရ်မဟာတို. နည်းနာနိဿယ ပိဋကစာပေ အထွေထွေအား မခြားနေ့ညသင့် ပို့ချလျက် ထက်မြက်စေကြောင်း စိန်ကျောက်ကောင်းကို အရောင်လက်ရေးသွေးကာပေးသို. မန်းမြို့မဟာ တောင်ဒိသာဝယ်

http://www.dhammadownload.com

သူငါဦးခိုက် ဘုရားကြီးတိုက်တွင် ဦးခိုက်စံပျော် နေသော်ကာလ ထိုခဏ၌ ဝါကျနိယံ အမြင် သန့်လှ အမရပူရ မည်ရခေါ်ဝေါ် မထေရ်ကျော်နှင့် ညီတော်တော်ကြ ဘဒ္ဒန္တ မေဓိယ ဘွဲ့လှတွင်ငြား နယားမည်ခေါ်၊ ဆရာတော်က၊ ဂန္ဆကျမ်းဂန်၊ မှားမှန်ပါဦ၊ ဂဏ္ဍီဦးကာ ကြည့်တက်လာအောင် ရှေ့ဆောင်သင်ပြ လမ်းညွှန်ရသဖြင့် ပိဋကပင်လယ် ကျမ်းပြင်ကျယ်ကို တကယ်သွက်သော ဉာဏ်သဘော်အား ကြိုးစားထက်မြတ် ဝီရိယစက်နှင့် တွဲလျက်ယှဉ်ကာ ကူးခပ်ပါသော် အဟော်ဝတ အံ့သြရအောင် စွမ်းဆောင်နိုင်ငြား ဇာနည်ဘွားမို့. တောက်ကြွားဝေဟင် မြေပြင်မဆန်. နေရာနှံ့လျက် ဖြန့်ကြက်ကော်ရော် နိုင်ငံကျော်သည် ဗန်းမော်အရှင်ပါဘုရား.....

ဗန်းမော်အရှင် ဒို့သခင်ကား ကြိုးစားပညာ သင်ယူပါလျှင် စာသဘင်ပွဲ ဝင်ကာနွဲ့သော် မဟော်သဓာ ကဲ့ပမာသွင် ဉာဏ်မြင်အစွမ်း အံ့ဘနန်းကြောင့် ငယ်တန်းအလတ် အကြီးထပ်၍ တည့်မတ်မှန်စွာ အောင်မြင်လာလျက် ဆက်လက်ကြိုးစား နှစ်မခြားဘဲ ရခဲနိုင်စွာ ဒုလ္လဘဟု ကမ္ဘည်းပြုထိုက် ဦးခိုက်ဖွယ်မှန်း စာချတန်းတွင် နတ်ပန်းမဥ္ဇူ ခိုင်လုံးကြူသို့. တမူထူးခြား ဂုဏ်ထူးများဝယ် အံ့ဖွယ်ရာရှိပါဦဘာသာ မြတ်ရွှေစာဖြင့် အောင်လာပြီးလတ် တံဆိပ်ကပ်ပြန် ဝဠုံသကာ တဖြာပါဠိ သိရော မဏိဟု မည်ပြုဘွဲ့လျှင် ဆွတ်ပန်ဆင်ခဲ့ မှန်ပင်တူစွာ ဤကမ္ဘာ၌ မကိုဋ်ရတနာ လည်ပတ်စွာနှင့် ဂုဏ်တင့်ပေငြား မင်းဖျားစကြာ ပေါ်ထွန်းရာဝယ် နှစ်ဖြာပြိုင်တူ မပေါ်မူသို့. နည်းယူတဖြာ ပြည်မြန်မာဝယ် မဟာထေရ်လျှင် ဂုဏ်အင်ညီညာ တူစွာပါဠိ သိရောမဏိလည်း မရှိခဲ့ဘူး မပေါ်ဘူးခဲ့ နောင်လည်းပေါ်ရန် ခဲရင်းပြန်မို့. ဖိုးတန်အနှုံ့ ဆိုသင့်လှ၏။ ထိုမှတဆင့် တိုးမြှင့်ကြည့်လျှင် ဒို့အရှင်သည် လိုအင်ကြီးစွာ မြတ်ပညာကို ဖွေရှာသင့်စွာ တက္ကသီလေ ရွှေမန်းမြေက ဘီအေဘွဲ့ထူးဆွတ်ခူးခပ်နိုပ် အင်္ဂလိပ်စာ ဘာသာသက္ကတ အဒ္ဓမာဂဓီ တလီပြာကရိုက် ခေါ်ထိုက်ထွေထွေ ဘာသာတွေကို မနေမနား သင်ကြားကျမ်းကျင်စွမ်းအောင်မြင်၍ ခေါ်တွင်နေကြ ဘာသန္တရ ဆေကအမော် မထေရ်ကျော်သည် မိုးပေါ်လမင်း ကြယ်စင်ဝင်းလျက် ဝိုင်းချက်ညီညာ ရှိသောခါ ဝယ် ဆယ်ဖြာလက်ပင် ညောင်းလောက် ချင်အောင် ဘယ်တွင်ဘယ်မျှ ရှိသည်ဟ-ဟု မရပိုင်ပိုင် မရေနိုင်သို့. ဂုဏ်လိုင်ကွန့်မြူး ဝိုင်းရံထူးလျက် နှစ်သက်ကော်ရော် လွန်ရွှင်ပျော်သည် စန်းသော်အသွင်ပါတကား .....

စန်းသော်အသွင် စွမ်းဆောင်ရှင်ကား

http://www.dhammadownload.com

များပြားပညာ သင်ပြီးပါသော် သာသနာရေး ငါ့အရေးဟု အတွေးပန္နက် ဆုံးဖြတ်ချက်က စိတ်ထက်သန်စွာ ရှိနေတာကြောင့် ဆဋ္ဌသင်္ဂါတင်ကြရာဝယ် မှားစွာရှိနေ ပါဠိတွေကို ထွေထွေသောဓက ပြောပြသုခ်သင် အမှန်ပြင်ခဲ့။ နောက်တွင်တစ်ဖေါ် နိုင်ငံတော်က ကော်ရော်လျှောက်ထား ပန်ကာကြားဘိ တိပိဋကနာမသညာ မြန်မာပါဠို သာဘိမော်ကွန်းကျမ်းညွှန်းအမှန် အဘိဓာန်နှင့် ကျမ်းဂန်အများရေးသားစီရင် ထို့ပြင်တစ်ဖြာ မိစ္ဆာနဂါးဝါဒမှားကို တရားကြိုးကုတ် ဂဠုံသုတ်သို့ ဆွဲကုတ်ပယ်ချင် ဇွတ်သုခ်သင်၏ တိ=နိခေါပေမင်းကွန်းထေရ်နှင့် မကွေမကွာ ငါးဝါပတ်လုံး သီတင်းသုံး၍ မိုးမိတ်ကုန်းမြေ သံဃာတွေကို မနေမနား စာသင်ကြားလျက် ခက်ခဲပေတောင်းမှုခင်းဟောင်းအား တရားရောင်ခြည် မြတ်အဆီဖြင့် ကိုယ်စိတိုက်ကျွေး ဆုံးဖြတ်ပေး၏။ စရိုထွေထွေ လုပ်ရပ်တွေက စာသပန်းချီ ရေးသီချယ်မှုန်း ဘယ်သို့ကုံးလည်း မကုန်ဆုံးနိုင် ဂုဏ်ပန်းခိုင်သို့ ပျံ့လွှင်စေငြား မခြားယခု ကိုယ်စားပြုသည့် အဘိဓဇ-အဂ္ဂမဟာ တစ်ဖြာသဒ္ဓမ္မ-ဇောတိကခေါ် ဘွဲ့မြတ်တော်အား ပြည့်ဖျားသေဋ္ဌနင်း နိုင်ငံမင်းက အပ်နှင်းဆောင်ကာ ဘွဲ့ကြေငြာသော် သက်တော်ရှစ်ဆယ် ပြည့်ဝကြွယ်သား ပတ္တမြားရတု ခေါ်မှုရောက်ခါ မင်္ဂလာဒ္ဒီးခိုက်ငြိမ့်ငြောင်း အခိုန်ကောင်းသည် အေးကြည်ထက်ကြပ် လရောင်ဟပ်၍ ရပ်ဆယ်မျက်နှာ ပန်းမာလာတို့ ညီညာပွင့်ဖူးကြည်နူးအသွင် ထေရ်အရှင်၏ ဂုဏ်အင်ရစ်ပတ်အရောင်ဟပ်၍ ရောက်လတ်ဖူးမြင် လူရှင်ရဟန်းအတန်းတန်းတွင် ဘဝင်ငြိမ့်ငြိမ့် အသည်းစိမ့်မျှနှိမ့်ချကော်ရော် များပူဇော်သည် ပန်းတော်သခင်ပါဘုရား .....

ဘဒ္ဒန္တသြဘာသာဘိဝံသ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

မြတ်ဗုဒ္ဓသည် ကယ်တင်ရှင်မဟုတ်၊
လမ်းညွှန်ရှင်၊
လူသမိုင်းတစ်လျှောက်လုံး၌
မည်သည့်ဘုရားသခင်ကမှ
ဘယ်တုံးကမျှ မည်သူကိုမျှ
မကယ်တင်ဘူးပါ။

http://www.dhammadownload.com

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်အား

ရည်ရော်ဆည်းကပ် ချီးကျူးပူဇော်အပ်သော

အဘိသဒ္ဓမ္မ ထုတိဝေဒလ အချီအချည်ရတုပိုဒ်စုံ

တပည့်-အရှင်ကောသလ္လဉာဏ၊ ရေးဖွဲ့ပူဇော်သည်



အဘိဓဇ၊ ဘွဲ့မဟာတည့်၊ ကြီးစွာ မြင့်ဆောင်၊ မြင့်မိုရ်တောင်ထက်၊ မြင့်ခေါင် ကြီးအပ်၊ တံခွန်ထပ်သို့၊ မြင့်မြတ်မြင့်မှူး၊ ဂုဏ်ရည်မြူးလျက်၊ အဦးအဖျား၊ ဖြစ်ပေငြား၍၊ လေးစားဆည်းကပ်၊ ရိုသေအပ်ရှင့်၊ သိမှတ်တန်ဖိုး၊ ရာဖြတ်စိုးလည်း၊ တန်ဖိုး အနဂ္ဃ၊ ဖြတ်မရတည့်၊ ကြီးစွရတနာ၊ ထိုက်သည့် တာကြောင့်၊ လူ့ရွာလောက၊ အဟောဝတဟု၊ ပြောကသူငါ၊ ရှိကြောင်းသာရှင့်၊ ပြည်ရွာနိဂုံး၊ ရွှင်ကြည်ပြုံးလျက်၊ အုံးအုံးကြေညာ၊ ရွှေမိုးရွာသို့၊ ဇေယျာနိမိတ်၊ ဝေဖြာဖိတ်၏၊ မထိတ်မလန့်၊ စိတ်ကြည်သန့်သား၊ နူးညံ့သိမ်မွေ့၊ ကုသိုလ် လေ့ဖြင့်၊ ချမ်းမြေ့ကြည်လင်၊ ရှိကြပင်တည့်၊ သိမြင်ဝမ်းသာ။ မျာသူငါတို့၊ မဟာဗန်းမော်၊ ဆရာတော်အား၊ နိုင်ငံတော်အစိုးရ၊ သက္ကစ္စဖြင့်၊ ချီးပဆက်ကပ်၊ လှူဒါန်းအပ်သော၊ ကြီးမြတ် ကဲဝှန်၊ ဘွဲ့တံခွန်ကို၊ ထူးမွန်ရရှိ၊ အဖြေညှိသော်။ အဘိဓဇ၊ တံခွန်အလှတည့်၊ အဂ္ဂမဟာ၊ ကြီးမြတ်စွာဟု၊ သဒ္ဓမ္မဇောတိက၊ လောကကမ္ဘာ၊ အလင်းဖြာအောင်၊ သာသနာပြန့်ပွား၊ လူတို့အားကို၊ ဟောကြားဖြန့်ဝေ၊ သိစေမြင်စေ၊ ထွန်းပစေ၏၊ ကျင့်စေလိုက်နာ၊ သာသနာတည့်၊ မြတ်စွာဗုဒ္ဓ၊ ဟောမိန့်ပြသော၊ ဓမ္မလမ်းကြောင်း၊ မတိမ်းစောင်းအောင်၊ နည်းကောင်းပြညွှန်၊ ဆုံးမသွန်သည်၊ ထေရ်မွန်အကျော်၊ ဗန်းမော် ဆရာတော်ကြီးအား၊ ဒို့နော်ဝမ်းမြောက်၊ လက်ပန်း

http://www.dhammadownload.com

မြောက်လျက်၊မိုးသောက်ကြည်လင်း၊ ရနံ့သင်း သို့ဝပ်ခင်းဖြူခွာ ပူဇော်ပါသည်၊ မဟာထီးဖွင့်... မြင့်တော့သည်ဘုရား။

အသိပညာ၊ နှိုင်းမသာတည့်၊ ငယ်ခါကာလ၊ ချိန်မှစကာ၊ လုံ့လခွဲတည်၊ ဉာဏ်ဖြင့်ချည်၍၊ စွမ်းရည်မကျိုင်၊ ကြံ့ကြံ့ခိုင်လျက်၊ ဖြိုင်ဖြိုင်ရွာမိုး၊ သည်းထန်ဖြိုးသို့၊ ကျိုးကျိုးနွံနွံ၊ သင်မှတ်အံလျက်၊ မပျက်တည်ပ၊ ဥဿဟဖြင့်၊ ဝီရိယထူကာ၊ သင်ယူလာခဲ့၊ ရတနာပုံ၊ မန်းမြို့ ဂုဏ်ဆောင်၊ တောင်လကျိုရှိ၊ ကျော်စောဘိသော၊ ဒက္ခိဏာရာမတိုက်၊ ပျော်ပိုက်ကိန်းအောင်း၊ နယားကျောင်း၌၊ ထိန်းကျောင်းဉာဏ်ဝင်၊ သမ္မဇဉ်ဖြင့်၊ သွင်သွင် ကြိုးပမ်း၊ မပင်ပမ်းဘဲ၊ ဖြောင့်တန်းမလွဲ၊ ဆင့်ကာကဲသား၊ မြင့်မားမမှာစရိယ၊ အောင်ပွဲရသော်၊ ဝိသိဋ္ဌပါဠို၊ သိရောမဏိဘွဲ့၊ သကျသီဟ၊ ဝဠုံသကာဘွဲ့၊ ဝင်းလဲ့ရွှေတံဆိပ်၊

ဘွဲ့လိပ်သည်၊ ဆင်တန်းဆာလျှင်၊ နှစ်ဖြာပူးတွဲ၊ တစ်နှစ်တည်းပင်၊ အံ့အဲဘနန်းထူး၍ဆန်းရှင့်.....။

တစ်ခန်းဘီအေ၊ ဘွဲ့တစ်ထွေနှင့်၊ ဝိသေသဖက်၊ အဂ္ဂမဟာဂန္ထဝါစက၊ ပဏ္ဍိတဘွဲ့။ ထိုမှတစ်ဖြာ၊ သာသနာ၏၊ ပရိယတ်ဝန်တာ၊ ကျေပြွန်ကာလျှင်၊ ကျမ်းစာရေးဖွဲ့၊ အားထုတ်ခဲ့ကြောင့်၊ သင်းလဲ့ကြည်သာ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ တစ်လှည့်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့။ ထို့နောက်တိုးချဲ့-အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇွဲ့၊ ထိုမှတစ်ဖြာ ... စာပေတတ်သိ၊ ဉာဏ်စွမ်းဘိကြောင့်၊ ပညာရှိ ကဝိတစ်ဆူ၊ D.Litt ပါရဂူ-ဒေါက်တာဘွဲ့မှ၊ စသည်စသည်၊ ပုလဲသီသို့၊ တွဲမှီယှဉ်ငြိ၊ ရရှိဘွဲ့ဂုဏ်၊ အလုံးစုံကို၊ ကုံခြံဖွဲ့နွဲ့၊ ဦကာချဲ့က၊ ရေးဖွဲ့မကုန်၊ ဆိုရတုံရှင့်၊ မှတ်ကုန်သူငါ၊ သိကောင်းရာတည့်

ပညာကြီးရင့်၊ ပွဲလယ်တင့်၏။ ရဲရင့်ထင်ပေါ်၊ ပုံ့သင်းကျော်၏၊ ကော်ရော်ဦးခိုက်၊ ပူဇော်ထိုက်ကြောင့်၊ ကြိမ်ကြိုက်ခုခါ၊ ဒို့သူငါလျှင်၊ ပူဇောရဟ၊ သက္ကာစွဖြင့်၊ ဂါရဝ ဝန္ဒနာ၊ ပူဇော်ပါသည်၊ ပညာကြီးရင့် တင့်တော့သည်ဘုရား.....။

ကဝိဆရာ၊ ထေရ်မဟာတည့်၊ ပညာကြီးမြတ်၊ ဘက်ကမ်းခတ်၍ ပရိယတ်စွမ်း၊ အံ့မခမ်းသား၊ မှတ်တမ်းထုပ်တ်၊ အကြောင်းရပ်ကို၊ ဆိုအပ်ဆိုသင့်၊ နိဒါန်းဖွင့်အံ့၊ လွင့်တလူလူ၊ တံခွန်ထူလျက်၊ မတူကွဲပြား၊ ထင်ကျော်ကြားရှင့်.....။

လေးစားဂုဏ်ပြည့်၊ စွမ်းအားရှိ၏။ ဓိတိခမာ၊ ဇာဂရိဥဋ္ဌာ၊ သံဝိဘာ,ဒယာ၊ ဣက္ခဏာခြောက်ပုံ၊ ဂုဏ်ပြည့်စုံ၍၊ ချမ်းမြေ့ကြည်စွာ၊ နေသောခါလျှင်၊ သက်တာနှစ်ဆယ့်ငါး၊ ငယ်သော်ငြားလည်း၊ ကြီးမားပညာ၊ ပြည့်စုံစွာကြောင့်၊ သာသနာရေး၊ ဆွေးနွေးပင့်ခေါ်၊ သင့်တင့်လျော်ဟု၊ တွေးမျော်အရှည်၊ ဒို့မြန်ပြည်၏၊ ခိုင်ကျည်သာသနာ၊ စည်ပင်ဖြာ၍၊ ဘာသာအစွမ်း၊ ကမ္ဘာလွှမ်းအံ့၊ တမ်းတသိမြင်၊ ဖယ်မကျဉ်

http://www.dhammadownload.com



ဘဲ၊ စွဲငင်ဆန္ဒ၊ စာရင်းပြသော်၊ ကမ္ဘာ့အလယ်၊ အံ့ချီးဖွယ်ရာ၊ ဥဒါန်းသာသည့်၊ ထည်ဝါတည့်မတ်၊ ကမ္ပည်းတပ်လျက်၊ ကြီးမြတ်ပါသာဏ၊ လိုင်ဂူမ၌၊ ဆဋ္ဌသင်္ဂါယနာ၊ တင်သောခါဝယ်၊ ဋီကာပါဋိ၊ အဋ္ဌကထာညှိသည့်၊ တည်းဖြတ်အယ်ဒီတာ၊ လုပ်ငန်းတာ၌၊ ဩသာနသောဓေယျ၊ တာဝန်ကျလျက်၊ ပဒက္ခရာ။ အဖြာဖြာကို၊ မှန်စွာတည့်မတ်၊ ကြီးကြပ်ဆောင်ရွက်၊ ဝန်ဆောင်လျက်လျှင်၊ ခဲခက်ပိုင်နိုင်၊ ဆုံးခန်းတိုင်ခဲ့ .....။

ရောင်ဆိုင်ဖြာရွှန်း၊ လ နေဝန်းသို့၊ တည်ထွန်းသာသနာ၊ အကျိုးငှါလျှင်၊ သဒ္ဒါဝါကျ။ နည်းမှန်ပြ၍၊ ပဒပုဒ်ချော၊ ပြယုဂ်ပြောသော၊ ပယောဂသိဒ္ဓိ၊ နိဿယသဒ္ဒါကျမ်း၊ ဂုဏ်ရည်လျှမ်းခဲ့။ တစ်ခန်းတည်ရှိ၊ အမိဘာသာ၊ ဝေါဟာရစုံလင်၊ ဂုဏ်အင်ကြီးဘိ၊ တိပိဋက-ပါဋိအဘိဓာန်၊ မြန်မာပြန်ကျမ်း၊ မှတ်တမ်းပြုစု၊ စွမ်းဆောင်မှုတည့်။ တစ်စုယမက၊ ဉာဏ်ရည်လှဖြင့်၊ ပဒသေသိပ်၊ အင်္ဂလိပ်ဘာသာ၊ ပြန်ဆိုပါ၏။ တစ်ဖြာတစ်လီ၊ ပဝေဆီက၊ ထေရီအပဒါန်၊ ဋီကာဉာဏ်ဖွင့်၊ ရေးစီရင်ခဲ့၊ အရှင့်မဟာစည်၊ ဟောမိန့်ချီသော၊ မဟာစည်ဝိပဿနာ၊ မြန်မာဘာသာကို၊ တစ်ဖြာပါဋိ၊ ရေးစီဘိ၏။ ထူးသည့်ပညာဂုဏ်၊ လွှမ်းပတ်ခြုံလျှက်၊ လုံးစုံကြီးမြတ်၊ ချီးမွမ်းအပ်ရှင့်။ တစ်ရပ်တိပိဋကဓရ၊ သာသနာ့အာဇာနည်၊ ထိုဤ အများ၊ အရှင်တို့အားကို၊ လေးစားချီးပ၊ စာဝါချ၍၊ ဓမ္မပျံ့သင်း၊ ကမ္ဘာလင်းစေ၊ ထင်းထင်း ဝေ၍။ စေတနာမွန်မြတ်ချီးကျူးအပ်ရှင့်။ ထပ်ဆင့်တစ်ဖြာ၊သိစရာကား၊ မဟာရွှေဘုံ၊ မြို့ရန်ကုန်တွင်၊ လွှမ်းခြုံကမ္ဘာ၊ ဘုန်းတေဇာလျှင်၊ ထေရဝါဒ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မကထာ၊ သာသနာကို၊ ရောင်ဝါထိန်လင်း၊ ရှိန်ရှိန်သင်း၍၊ ဝင်းလက်အေးမြ၊ ထွန်းပစေရာ၊ သာသနာအမှု၊ ဘာသာစုကို၊ ပြုသည့်တက္ကသိုလ်၊ ကျောင်းဗဟိုထု၊ ထင်ရှားရှုကြ၊ ဒုတိယပါမောက္ခချုပ်၊ စီးအုပ်ပညာ၊ ကြီးမှူးကာလျှင်၊ ကမ္ဘာ့သာသနာပြု၊ စွမ်းဆောင်မှု၏၊ နှိုင်းတုမမှီ၊ မြေမဟီသို့၊ သိင်္ဂီရွှေစင်၊ ကြေးမတင်သား၊ ပမာထားရှင့်၊ လေးစားဆည်းကပ်၊ ရိုသေအပ်ထိုက်၊ မကိုဋ္ဌသရဖူ၊ ဆောင်းထိုက်သူသို့၊ မှတ်ယူသိကြ၊ အဘိဓဇ-အဂ္ဂမဟာ-သဒ္ဓမ္မဇောတိကခေါ်၊ အမြတ်ဖော်ညွှန်း၊ ထည့်သွန်းခပ်နှိပ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်တည်ထွန်း၊ မြင့်မိုရ်နန်းသို့၊ တင့်ရွှန်းသိရ်သရေ၊ ကြီးမြင့်ပေ၍၊ နေလပမာ၊ ထေရ်ဆရာသည်၊ ကမ္ဘာချီးပင့်- ဝင့်တော့သည်ဘုရား .....။

http://www.dhammadownload.com

အရှင်အာနန္ဒာအလားထေရ်ဘုရား

(ဧကပိဒ်ရတု)



အရှင်ထေရာ၊ မြတ်ဆရာကား၊ ပညာနှုန်းကျော်
လွန်ကြီးတော်သား၊ နှိုင်းသော်ပြယှဉ်၊ ပမာတင်က၊ ရှင်အာနန္ဒာ။
ထေရ်မဟာ၏၊ နီးစွာယူဘိ၊ "သတိ, ဂတိ၊ ဓိတိ, မန္တ၊
ဗဟုဿုတ"၊ ဥပဋ္ဌာက၊ ငါးဖြာဇောဒဂ္ဂ၊ ဘွဲ့ထူးရသို့။
ဆရာ့ဂုဏ်ရည်၊ နှစ်မြို့ကြည်၏။ သိဒ္ဓိရွှေစင်၊ ဆရာရှင်၏၊
ဂုဏ်အင်ထိုထို၊ ဦးနှိမ်ကြို၍၊ နှစ်လိုရွင်ပြ၊ ဂါရဝဖြင့်၊
တင်ပြထင်စွာ၊ ဖော်ကျူးပါ၏။ မန္တလာ သက္ကသီဟ။
ဂုဏ်ထူး၍၊ ဘွဲ့အလှ ဝဋ်သကာ၊ ရွှေဆင်းဝါ၏ ...။
တစ်ဖြာ သိရောမဏီ၊ ပါဠိမဟာ၊ ဂုဏ်ထူးဖြာသော်၊
မြန်မာပြည်မှာ၊ တစ်ပါးသာတည်း။ တစ်ဖြာဘီအေ၊
တစ်ထွေ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တစ်ဝ အဂ္ဂမဟာပဏ္ဍိတ်။
ထိုမှအခြာ၊ ဘွဲ့ဒေါက်တာတည့်။ ဆင့်ကာအဂ္ဂမဟာသဒ္ဓမ္မ
ဇောတိကဓဇဘွဲ့၊
တစ်သွယ်အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဟူ
လူလူတံခွန်၊ ထူးမြတ်ချွန်သား၊ ဆရာဘုရားကို။
လေးစားမွန်စွာ၊ ဝန္ဒနာဖြင့်၊ ကြည်သာညွတ်နူး၊ ရည်မြော်ဖူးသည်
တည်ဦးမာန်လျော့ – ခဏောင်းသော်.....
(ဝါ) ရာကျော်သက်တမ်း – လွှမ်းပါစေဘုရား.....

ချီးကျူးဂုဏ်ပြုပူဇော်သူ
တပည့် "နန္ဒာစရိယ"



တေးထပ်ကဗျာ

http://www.dhammadownload.com



နဝမဗန်းမော်ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
မဟာဆေရိမြတ်၏
'ပတ္တမြားရတု မွေးနေ့မင်္ဂလာပွဲ'ပုလဲသွယ်လူးတားညှပ် တေးထပ်

ပတ္တမြား- ပမာ- တောက်ကြွားစွ၊
မြောက်မြားလှ-ဂုဏ်အဖြာဖြာ၊
ရ- တုမြတ်- ကြုံခဲ့ရိုန်ခါမှာ၊ ဂုဏ်ရိုန်
ဝါဝင့်ကြွား.....
တု- ပြိုင်ရှားတဲ့ ထေရ်ဗန်းမော်ရယ်၊လူ
တစ်လွှားနယ်ပယ်၊လွန်ကျော်ကြား....
(လူးတားညှပ်)ပတ္တမြားရတု၊ မှတ်ရှု
ပွဲတော်၊ ပူဇော်ခပင်း၊ တော်သလင်း
မာသ၊
သာစွလေ.....ခေမာနိဗ္ဗာန်၊
ရည်စိတ်သန်လျက်၊ ဆုပန်ပူဇော၊
ပွဲတော်မှာကား၊ များစွာသာဝက၊
ပျော်ကြမဆုံး၊ အားလုံးစုပေါင်း၊
သူတော်ကောင်းတို့၊ ညွတ်ပြောင်း
ကြည်လင်၊ ဇောစိတ်ဝင်၍၊ များဖြင့်
ဒါန၊ သီလဘာဝနာ၊ အဖြာဖြာကို၊
ပြုကာမဆုံး၊ ရွှင်ပျော်ပြုံးလျက်၊
တစ်သုံးခွန်တစ်(၁၃၇၁)၊ သက္ကရာဇ်
ဝယ်၊ ချိုးဖယ်မာန၊ ဂါရဝဖြင့်၊
ကြည်စွသဒ္ဓါ၊ စေတနာဖြူစင်၊ ပညာ
ယုဉ်ထား၊ ပတ္တမြားသဘင်၊
ဆင်နွှဲရွှင်သည်.....
မင်္ဂလာအခါတော်မြတ်တည့်လေ...

တေဇာတည့်ခေါင်ဖျား..... ဗန်းမော်
သခင်၊ဆရာတော်အရှင်မြတ်ဘုရား.....
(တေးထပ်ပြန်ကောက်)
ဒေဝါအထွေထွေ ရှာဖွေငြားသော်လည်း၊
တွေ့နိုင်ပါဘဲ၊ ထေရအတူမှာ-ရှားလှ
လွန်စွာ.....
မွေး- ဇာတိ ကင်းလွတ်ကွာအောင်-မယွင်း
မှန်စွာ ဝိပဿနာတရားကိုလဲ၊ ရှုမှတ်ပွါး
ဆင်ခြင်ပေ၊ ဒို့ဘုန်း မဟာထေရ်။
နေ့- စဉ်ပြုစု-ကောင်းမှုအထွေထွေသည်၊
သောင်းထုကမ္ဘာမြေ သိစေသား....
မ- ကောင်းမှုတွေ-ဝေးကွာရှားလို့၊ ကောင်းမှု
တရား-ကျင့်ပွါးနိုင်ပေ-စိတ်ဓါတ်
ဖြူစေ...
ဂ်- ဇာစရိယ၊ သာကိဆွေမှာ
လာ- မည့်ရန်တွေ၊ ကင်းစေကြောင်း၊ တပည့်
အပေါင်း-တောင်းဆုခွေ-ပြည့်ဝ
အထွေထွေ...
ပွဲ- အဆက်ဆက်-နွှဲလျက်ဆင်မည်၊(ရာပြည့်
သဘင်-လွန်ကြောင်းပါဘုရာ့လေး...)

ရေးဖွဲ့.ပူဇော်သူ-
အရှင်ပညာသိရီ (မြင်းခြံ)
ကိုးဆောင်တိုက်၊ မြင်းခြံမြို့

http://www.dhammadownload.com



ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ပတ္တမြားရတုပူဇော်ပွဲ ထပ်တွန့် ရှစ်ဆယ်ပေါ်တေးထပ်

တေဇာဝေဖြာ	ကြေငြာလင့်
မြေလွှာပလွှင့်	ဂူ့အဂူ
ထေရာသခင့်	ဆူ့တစ်ဆူရယ်
ဇမ္ဗူ့ဇမ္ဗူ	ခေါင်းကဖုံး
သဒ္ဓါရွှင်တက်ကြွ	ပဏာတင်လျက်ပ
ပညာတွင်အနှဲ့	ဂုဏ်ပေါင်းကြွယ်သည်
ကြံ့တောင့်ကြံ့ဖွယ်	သက်ဆင်းလာတဲ့ဘုန်း

http://www.dhammadownload.com



မှန်မကွာအသိဇော်မိ ဝဋ်သကာ သိရောမဏိ
မြန်မာပြည်တစ်ပါးရှိ သောင်ရုပ်ဖွေသည်
ရောင်လျှပ်ညီပေ ဘဝဂ်ချုံး
အောင်အပ်ဘီအေ ဒေါက်တာသုံး
ဘာသာစုံလုံး လွန်ကျွမ်းကျင်
တော်လျှင် မော်လျင် ကျော်လျင်ယခု
"ဗန်းမော်ရှင်" ဟု မည်ပြုသမိုင်းတွင်
သာသနာလျင်ပြုက သညာထွင်သိရ
မဟာလျှင် အဘိဓဇ အောင်ပွဲသဘင်ကို
ဆောင်မြဲအစဉ် သိမ့်သိမ့်နွဲလို့
ခြိမ့်ခြိမ့်မစဲ ပေါင်းစည်းအတန်တန်
ကောင်းချီးတည်ည
ပြုံးပြက် ခိုးယှက် မိုးထက်နဘံမှာ
တန်ခိုးစက်လျှံ တက်လှမ်းသည်သို့လေး .....
ထာဝရေပွါးသမျှ မဟာထေရ်
"ပတ္တမြားရတု" ဆုများဆင်သည်
နေ့လအသွင် သက်တမ်းရှည်ဘို့လေး .....

ဘဒ္ဒန္တအဂ္ဂည (ဓမ္မာစရိယ)
ဂုဏ်ဝတီတိုက်ကျောင်း
ဒက္ခိဏာရာမဘုရားကြီးတိုက်
မန္တလေး

http://www.dhammadownload.com

ကန်တော့ပန်းအဋ္ဌလီ

(ရှစ်ဆယ်ပေါ်တေးထပ်)



သီလဂုဏ်ရည် စုံညီပြည့်သဖြင့်
ယုံကြည်ဘိသနှင့် တပည့်တွေ
ထုံဝသီသတိချင့် ကဝိထေရ်မွန်
အသိဖွေညွှန် ဟောမိန့်ကြား
ဩဝါဒဖြင့် ပေး၍မကုန်
ကျေးဇူးအဟုန် မြင့်ကြီးပေစွတကား .....။
သမာဓိတဲ့ တိမ်းယဲ့မယိုင်
ထိန်းပဲ့ခိုင်ခိုင် မြင့်မြင့်မား
သိမ်းချဲ့ပိုင်နိုင် ဆင့်ဆင့်ပွါးကာဖြင့်
လွင့်လွင့်မပြား ထာဝရအနေ
အသိပညာ ဂမ္ဘီရွှေဉာဏ်ရင့်
ကြံစည်ပေအမှန်တင့် သာသနာ့ရွှေမိုးစွေ .....။
သာသနာ့အကျိုး ဆတိုးရည်ဖွေ
သည်ပိုးမဟာထေရ် ကျေးဇူးအမြတ်ကိုလ
ပေးဦးဆပ်ထာဝရ မာန်လျော့နွမ်းအမြင်ကြည်
တပည့်တွေရဲ့ ကန်တော့ပန်းအဋ္ဌလီ
စာနိဒါန်းဖွင့် ပလ္လင်တည်တယ်
မနသီစင်စင် ရိကျိုးဂါရဝလေး .....။
ဂုဏ်ရည်ကြီးမြတ် ဆည်းကပ်ရိသေ
မိုးကပ်ချိုဝေ ရွှင်ဝမ်းသာကြလေး .....။
ရည်ကာကြည်နူး တည်ဦးဝန္ဒနာ
စည်ကျုံးမဂ်လာ ခညောင်းအောင်ဆုအေး .....။

ကိုရင်သာချို(တောင်သာ)

http://www.dhammadownload.com



ထာဝရမြောင်မသီ သာသနာ့ရောင်ခြည်

(နဘောဆင့်ထပ်ရှစ်ဆယ်ပေါ်တေးထပ်)

"အရှင်ကောသလ္လာဂ္ဂ" (မန်း၊ ဗန်းမော်)

၁	အဂ္ဂမဟာ	မြတ်မြင့်ကြီးသော်လည်း
	ထပ်ဆင့်ပ–ခိုး	ဘွဲ့အဘိဓာ
	မှတ်လင့်ကမ္ဘည်းဖွဲ့	ကဝိမဟာ
	သတိပညာ	ပွါးစည်မည့်ိုး
	ထင်စွာသီလ	အစဉ်သာညီမျှ
	သွင်ကလျာသီတလ	သမာဓိဗဟို
	ပတ္ထနာအရှိကို	စုံပြည့်ပါဘိအကျိုး.....။
၂	အယူမစောင်းစေရာ	သဒ္ဓါမပြတ်ကြည်မွေ့
	လူအပေါင်းစေတနာ	အခါမလပ်ညီ၍
	သူတော်ကောင်းဒေသနာ	ရတနာအမြတ်တည်၍အသီဖွေကာ
	ကဝိထေရ်မဟာ	ခေါင်တည်မိုး
	မဟိမြေအလွှာ	နောင်အရှည်တိုးစေဖို့
	အောင်စည်အကျိုး	ဆောင်ရွက်သော်
	အမေရိကန်အင်္ဂလန်	ဂျပန်တစ်လွှားဆီသို့
	အမြင်မှန်တရား	ပြန့်ပွါးစေဖို့နော် .....။
၃	စေတနာအရင်းတည်	ထာဝရပေအမြဲ



http://www.dhammadownload.com



သွေမကွာတင်းမှီ ဒကာ, ဒကာမတွေပဲ

- ထေရ်မဟာအလင်းကြည် သာသနာ့အခြေမြဲဖို့အားပြုဆောင်သော်
  အမှားမပြုအမှောင်ကျော် မြင့်ကာလွှမ်း...
  တရားအစုခေါင်မဟော် တင့်စွာလျှမ်းလို့
  အခွင့်အခါလမ်း နေလပမာသို့ညီ...
  ပညာအကျော် ထင်ပေါ်ရှားပါတဲ့
  ဗန်းမော်ဆရာတော်ဘုရားရဲ့ဂုဏ်ဓမ္မပုညပါရမီ .....။
- သိဏ်ရွှေရောင် လွှမ်းပတ်အလျှံဝင်း
  စိန်စီနေအထောင် လျှမ်းထပ်နဘံချဉ်း
  ထိန်ကြည်ရဝေဆောင် နန်းအမြတ်ရွှေမှန်ကင်းလဲ့သိရ်သရီလို
  ဣ နြိဒြဟ္မစိုရ် စုံပြည့်ညီသမို့လေး .....။
- ပေါင်းအစုညီညာ ဖြူသဒ္ဓါလက်စုံဖူး
  သောင်းဇမ္မူဒီပါ တူမကွာယှက်ရုံကူး
  မနှောင်းယခုဤခါ ပျူငှာမပျက်အဟုန်မြူးသမို့ပသန္နမှီယှဉ်
  ရန်မခကြည်လင် ရွှင်ဝမ်းသာကြလေး .....။
- ထာဝရမှောင်မသီ အဆင်းဓာတ်ကြည်၍
  သာသနာ့ရောင်ခြည် အလင်းဓာတ်လည်၍
  ကမ္ဘာအလှဆောင်ပြီ နဝင်းဓာတ်တည်၍
  ဇေယျတုမင်္ဂလာသည် သမြေနုယင်ကာညီ,
  ငွေခရုသင်္ခါ အောင်ဩဘာမျှို့ကြွေး .....။
  (ကမ္ဘာ့သာသနာပြုအကျော် ဗန်းမော်ဆရာတော်ဘုရားကြီး... သို့
  ဦးခိုက်လျက်)



http://www.dhammadownload.com



ပတ္တမြားရတု ဂုဏ်ပူဇော မင်္ဂလာ (၈၀)ပေါ် တေးထပ်



ရွှေမန်းအကျော် ဗန်းမော်တိုက်
လှမ်းမျှော်လိုက် ကြည့်ပါ။
ကျမ်းတော်၌ တတ်စုံသည်
မပြတ်ကုန် ထင်ရှား။
ပထမ ဗန်းမော်ဆရာ
စန်းမဟော် ဟာသညာဏ်ပွါး။
ဗန်းမော်နဝမ ခုဆရာ
သုတမှာ လွန်များ။
တုပစရာ ဘာသန္တရကိုလ
ရာကြံသပ သင်ခဲ့ပါ။
တတ်သိမှုတွေ များလာဘိ
ပွါးပြုပါ၏ ကျမ်းဂန္ဆာ။
ရရှိအပ် ဘွဲ့မြတ်မဟန္တေ
ပဏ်ဓဇံတွေ များပါလို့
စံစံထား သာသနေ
ဂုဏ်လှဝေဝေ။
ဒီလစ်နှင့် ဝဠုံသကာ
အမှန်သာ ပြည့်စုံပါလို့လေး။
ဒွါဒသ ကျမ်းဂန္ဆာ
ဆန်းကြံကာ ပြုပါလို့လေး။
ပတ္တမြားရတု ခုအခါ
ဂုဏ်ပူဇော နွှဲပါစို့လေး။

မုံရွာဒွေတမာ

http://www.dhammadownload.com

ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသဿ
နဝမဗန်းမော်မဟာထေရဿ
အသီတိ ဝိဇောတဒိဝသ ပတ္တုမြားရတု ပူဇာသဘာယံ
ပါဠိဘာသာယ ဇေးထပိဗန္ဓနံ လိခိဿံ

ကိုပညာနာမ သီဿကော

* အာစရိယော ဘဒ္ဒန္တ၊ ဩသိဋ္ဌ နိစ္စာ။
ဩဒိဿ မေတ္တာငယ်၊ အာနဘာဝေန။
သီဿကော သောအဟံ၊ သီတလံ အဘိရမာမျှ။

* ဆနဝု အန္တရာ၊ ဝိမုတ္တာ ဒူရ။
တသ္မာယေဝစ – ဣစ္ဆိတ သဗ္ဗံ။
ပိဋ္ဌကံ ယံသိပ္ပ, ပဂုဏာ ပုနပ္ပုဏံ။

* မန္တလေး နဂရမှာ၊ ဝသနံ ရမာမိစ။
ခမာနိ ဘောဇနေ – ရိယာပထေ။
ရောစေမိ ယံပဏ္ဍေကို ဘဒ္ဒန္တေ အာစရိယေ ပသေး။

ဗန်းမော်အာရာမေ
မဟာဒါသမင်းကွန်းကိုပညာဝိဟာရေ
မန္တလေးနဂရေ



ဂါထာကဏ္ဍ

http://www.dhammadownload.com



ကျေးဇူးတော်ရှင် ပန်းမော်ဆရာတော်ဘုရားကြီး၏ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပူဇော်နှင့် ပတ္တမြားရတုပူဇော်ခွဲ ပူဇော်အပ်သော ဂါထာလေးခု

ဂုဏီ ဂုဏီ·န နိန္ဒာယ၊
ပသံသာယ ဂုဏီ ဂုဏီ။
နိန္ဒံ နိန္ဒံ နာ ကုပ္ပေယျ၊
နိ သာဒိယေ ထုတိ ထုတိ။

၁။ ဂုဏ်ရှိသူအား ၊ ကဲ့ရဲ့ငြား ၊ ဂုဏ်ကားမပျက်ပါ။
၂။ ဂုဏ်မဲ့သူအား ၊ ချီးမွမ်းငြား ၊ ဂုဏ်ကားတက်မလာ။
၃။ ကဲ့ရဲ့ရှုံ့ချ ၊ တွေ့ကြုံက ၊ ဒေါသ မဖြစ်ရာ။
၄။ ချီးမွမ်း ထောမနာ ၊ တွေ့ကြုံလာ ၊ သာယာ မပြုရာ။

တပည့်-ဝါယာမိန္ဒာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ၊ အဂ္ဂမဟာပဏ္ဍိတ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်
အမှတ်(၁၃)ရပ်ကွက် ၊ ကျန်စစ်သားလမ်း
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏
သက်တော် (၈၀) ပြည့်၊ ပတ္တမြားရတုဝိဇာတ
ဂုဏဝိသိဋ္ဌ–ပူဇာ–မင်္ဂလာ
ထုတိဝေဒလ္လဂါထာ

ရေးသားဂုဏ်ပြုသူ
အရှင်ပညာသိရိဘိဝံသ
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး။

၁။ (ဘဒ္ဒန္တ)ကုမာရာဘိဝံသော၊
(ကု)သလော ဒေါက်တာပါရဂေါ။
(မာ)ဝ လောကေ ဝိရောစေန္တော၊
(ရ)ရာဇ သာသနဒ္ဓရော။

ကုသလော–ပါဠို, အင်္ဂလိပ်, ပြာကရိုက်၊ သက္ကဋ္ဌ၊ ဘာသန္တရ–ဆေက၊ သိဒ္ဓန္တ ကောမုဒီ၊ အဒ္ဓမာဂဓီ၊ လောကီစာပေ၊ လောကုတ္တရာစာပေတို့၌ မြန်မာပြည် မကြုံဘူးအောင်၊ ဂုဏ်ထူးတွေအနန္တ၊ အမှန်ရခဲ့သည့်၊ စံပြလောက်စရာ၊ လိမ္မာကျွမ်းကျင်၊ ပညာရှင်ဖြစ်တော်မူပေထသော။
ဒေါက်တာပါရဂေါ–အပြည်ပြည်ဆိုင်ရာ၊ ထေရဝါဒ၊ ဗုဒ္ဓတက္ကသိုလ်မှ၊ ပုဂ္ဂိုလ်ရွေးစစ်၊ ပြည်သူချစ်သဖြင့်၊ ဒီလစ်–ဘွဲ့.ယူ၊ စာပေပါရဂူ၊ ဇမ္ဗူထိပ်သီး၊ မဟာပဏ္ဍိတ်ကြီး၊ ဖြစ်တော်မူပေထသော။
ဘဒ္ဒန္တကုမာရာဘိဝံသော–ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ အပြည်ပြည်ဆိုင်ရာ၊ ထေရဝါဒ၊ ဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ထင်ရှား–ကျော်မော်၊

http://www.dhammadownload.com

ဗန်းမော်ဆရာတော်၊ဘဒ္ဒန္တကုမာရာဘိဝံသ၊သက်တော်ရှည်၊မဟာထေရ်ဆရာတော်ဘုရားကြီးသည်။

လောကေ–ဘုရားရှင်ရွှေလက်ထက်၊ ဓုတင်တေရသဘက်၌၊ ဇတဒဂ်ထွဋ်ထီး၊ အရှင်မဟာ ကဿပ မထေရ်၊ အစတည်၍၊ ပြည်ပုဂံမှာ၊ မထေရ်အရဟံ၊ အခြေချခဲ့သည့်၊ ထေရဝါဒ၊ မြတ်ဗုဒ္ဓသာသနာ၊ တည်ထွန်းရာ၊ ဤလောကကမ္ဘာကြီး၌။

မာဝ–ကမ္ဘာသူကမ္ဘာသား၊ ရှင်လူအများတို့၊ ရှစားမဝ၊ ရောင်အေးမြလျှက်၊ ထွန်းပရောင်ရှန်း၊ လပြည့်ဝန်းကြီးကဲ့သို့။

ဝိရောစေန္တော–ကမ္ဘာဘောင်အတွင်း၊ သာသနာ့အရောင်အလင်းတို့ဖြင့်၊ ပြောင်ပြောင်ဝင်းမြင့်ကြွယ်၊ တင့်တယ်ပြီးလျှင်။

သာသနဒ္ဓရော–အမျိုးဘာသာ၊ သာသနာနှင့်၊ ကမ္ဘာသူကမ္ဘာသား၊ ရှင်လူများတို့အတွက်၊ အဘက်ဘက်မှ၊ ဆောင်ရွက်တော်မူသည်။

ဟုတ္တာ–ဖြစ်၍။

ရ ရာဇ–ဤကမ္ဘာအသက်ဗွေမှာ၊ ကြည်သဒ္ဓါမက်မပြေအောင်၊ ကျက်သရေ အရောင်အလင်းတို့ဖြင့်၊ ပြောင်ဝင်းမြင့်ကြွယ်၊ တင့်တယ်ခဲ့လေပြီတကား။

ရ ရာဇ–သာသနာ့ထက်ဝေဟင်မှာ၊ တက်နေသွင် လေတန္ဒန်းကဲ့သို့၊ တကမ္ဘာလုံးထက်ဗွေ၊ သမ္ဘာကုန်းလက်ဝေ၊ အသာဆုံးကျက်သရေ၊ ကျက်သရေ အညွှန့်အဖူးတို့ဖြင့်၊ ကွန့်မြူးစံပယ်၊ တင့်တယ်ခဲ့လေပြီတကား။ ။

၂။ **(အဘိဒ္ဓ)မဟာထေရော၊**
(အဂ္ဂမဟာ)သိရိန္ဒရော။
(သဒ္ဓမ္မဇောတိ)ဟိ ဇောတေန္တော
(က)လာနိဓိဝ ပါကဋော။

အဘိဇော–သီလ သမာဓိ ပညာ၊ သာသနာဝယ်၊ သိက္ခာသုံးတန်၊ သာသနာ့အောင်လံကို၊ နဘန်မိုးမြင့်၊ ဖြိုးဖြိုးတင့်အောင်၊ ဝင့်တလူလူ၊ လွှင့်ထူတော်မူနိုင်ပေထသော။

http://www.dhammadownload.com

အဂ္ဂမဟာသီရိန္ဓရော–ကမ္ဘာတိုင်းတခွင်၊ သာသနာ့သမိုင်းအစဉ်၌၊ နှိုင်းယှဉ်စရာ၊ မကြုံဘူးအောင်၊ ဂုဏ်ထူးတွေအနန္တ၊ အမှန်ရခဲ့သည့်၊ သာသနာ့ ကျက်သရေဆောင်၊ ဖြစ်တော်မူပေထသော။

မဟာထေရော–ပြည်ထောင်စုဖွား၊ တိုင်းရင်းသားအားလုံး၊ ကြည်ညိုလို့ မဆုံးနိုင်အောင်၊ ညွှတ်ရုံးဦးခိုက်၊ ပူဇော်ထိုက်သည့်၊ မကိုဠ်သရဖူ၊ ပိဋကတ္တယ ပါရဂူ၊ ဇမ္ဗူထင်ပေါ်၊ ဗန်းမော်ဆရာတော်ဘုရားကြီးသည်။

သဒ္ဓမ္မဇောတိဟိ–သီလမှာအသာမရှိ၊ သမာဓိမယှဉ်သာ၊ ပညာမှာစံမရနိုင်သည့်၊ အနန္တဂုဏ်ရည်၊ သာသနာ့ လင်းရောင်ခြည်တို့ဖြင့်။

ဇောတေန္တော–နေ, လအရောင်၊ ရွှေမြအရောင်တို့ထက်၊ အသရေမက၊ ဆောင်ပေသော၊ ပညာတည်းဟူသော၊ တေဇအရောင်တို့ဖြင့်၊ပြောင်တဝင်းဝင်း၊အမှောင်ခွင်းကာ၊ထွန်းလင်းတောက်ပတော်မူသည်ဖြစ်၍။

ကလာနိဓိဝ–ကပ္ပဋ္ဌာယီ၊ ကမ္ဘာတည်အောင်၊ တောင်ဆီမှင်ဆေး၊ သိကြားရေးသည့်၊ မြသွေးပုံနှိပ်၊ ယုန်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ် ပ-ဝင်း၊ ရွှေလမင်းကြီးကဲ့သို့။

ပါကဋော–သကျသီဟ၊ ဓမ္မာစရိယ၊ ဝဠုံသကာ၊ အစိုးရဓမ္မာစရိယ၊ ပါဠိဋီကာမဏိ၊ ဘိအေစာပေပါရဂူ, ဒီလစ်၊ သာသနာတခေတ်၊ သမ္ဘာသစ်၍၊ ရတနာစစ်၊ ရတနာမှန်၊ ရွှေပြည်တန် ငမောက်ပတ္တမြားကဲ့သို့၊ တောက်ကြားထင်ပေါ်၊ ကျော်ကြားတော်မူပါပေသတည်း။

ပါကဋော–သောင်းတိုက်စကြာဝဠာ၊ ကမ္ဘာခပင်း၊ ဗြဟ္မာချဉ်းလောက်အောင်၊ ဂုဏ်သတင်းမြင့်မား၊ အစဉ်အားဖြင့်၊ ထင်ရှားတော်မူပါပေသတည်း။ ။

၃။ ဂုဏာကရော မဟာထေရော၊
ရဋ္ဌိဿရေဟိ ပူဇိတော။
အာသီတိကော ဒီဃာယုကော၊
မယံ ကုမ္မ မဟာမဟံ။

ဂုဏာကရော–သီလမြေထု၊ မေရုသမာဓိန်၊ ပညာဝရဖိန် ခွဲဘောက်၊ ရဲရဲတောက်အာဇာနည်၊ ပါရမီပြည့်ဝ၊ ဂုဏ်ပေါင်းခ ပေထသော။

http://www.dhammadownload.com

မဟာထေရော–အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သ, စ, အ ဓမ္မာစရိယ၊ ဝဠုံသကာ၊ ပါဠိဋီသိရောမဏိ၊ ဘီအေ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ၊ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊(သင်ကြား) ထင်ရှားကျော်မော်၊ ဗန်းမော်ဆရာတော်၊ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ သက်တော်ရှည်၊ မဟာထေရ်၊ အရှင်မြတ်သည်။

ရဋ္ဌိဿရေဟိ–ပြည်ထောင်စုသေဋ္ဌနင်း၊ နိုင်ငံတော်အစိုးရမင်းတို့သည်။

ပူဇိတော–အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊သာသနာခေါင်ထိပ်၊ အောင်တံဆိပ်တို့ဖြင့်၊ ခပ်နှိပ်ကော်ရော်၊ ပူဇော်အပ်သည်ဖြစ်၍။

ဒီဃာယုကော–ဓဖ–ဖြာ၊ ဘေးဘယာတို့၊ ဝေးကွာသန့်ရှင်း၊ ကျန်းမာခြင်း ချမ်းသာခြင်းဂုဏ်၊ ပြည့်စုံမြဲတည်၊ သက်တော်ရှည်သည်ဖြစ်၍။

အာသီတိကော–သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၍၊ လိုရာဆန္ဒ၊ ကြံသမျှတို့၊ အမြန်ခဏပြီးမြောက်၊ သိဒ္ဓိ ပေါက်ကာ၊ ထွန်းတောက်ထင်ပေါ်၊ သက်တော်(ရှစ်ဆယ်)သက်တမ်းသို့၊ တက်လှမ်းနိုင်ခဲ့ပါပေပြီ။

တသ္မာ–ထိုသို့လျှင် နိုင်ငံတော်အစိုးရမင်းတို့က ဝပ်စင်းကော်ရော်၊ တစ်ဆူပေါ်၍၊ ပူဇော်ခေါင်ထိပ်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အောင်တံဆိပ်တို့ဖြင့်၊ ဂုဏ်ဟိတ်ထင်ပေါ်၊ သက်တော်ရှစ်ဆယ်ပြည့်၊ ရောက်ရှိလာပါသောကြောင့်။

မယံ–ထေရ်ရှင့်ဂုဏ်ရည်၊ စုံအညီကို၊ ယုံကြည်လေးစား၊ တပည့်များတို့သည်။

မဟာမဟံ–တသက်မှတခါကြုံ၊ ရတနာပုံ၊ အထူးဆိုက်ပြီမို့၊ ဖူးထိုက်သူအားလုံး၊ ကြည်ညိုလို့မဆုံးနိုင်ပဲ၊ ညွှတ်ရုံးကော်ရော်၊ ပူဇော်ဆင်နွှဲ၊ ပတ္တမြားရတု၊ ပူဇော်ပွဲကို။

ကုမ္ဘ–သက်တော်ရာကျော်၊ ရှည်ပါစေကြောင်း၊ အောင်ဆုတောင်းကာ၊ စုပေါင်းကော်ရော်၊ အတူပျော်ကာ၊ ပူဇော်ကျင်းပကြပါကုန်၏။

ကုမ္ဘ–ထူးလှသည့်ဆရာရှင်၊ ဖူးမဝ ထာဝစဉ်၊ ဦးချ ပဏာတင်၊ မြူးကြွ သဒ္ဓါရွှင်၊ သဒ္ဓါရွှင်ရွှင်၊ ကြည်ဖိတ်လှုံပြီး၊ ပြည်နိဗ္ဗာန် အတူမြန်းရန်ဘို့၊ လှူဒါန်း ပြုလုပ်ကြပါကုန်၏အရှင်ဘုရား။

http://www.dhammadownload.com



အာဇေရဂုဏ်ထူးတိုများ ဂါထာတော်များ

ရွှေညာဝါ-တောဇာ ပူဖော်သည်

အလာကောင်း၍ အကြောင်းသင့်သောဆရာ

ကုမာရော ကုလမိ ဇာတော၊
အဂ္ဂ ပုဏ္ဏုပနိဿယော။
မဟာဝံသာနုသာရီ သော၊
ပဏ္ဍိတော ဝတ္တာတေ ဇနော။

ယော ကုမာရော၊ ရှေးအတိတ်က၊ အကြောင်းဖန်၍၊ မြင့်မှန်သောဓာတ်၊ သဘောကပ်လျက်၊ သိမှတ်ဆ'ပွား၊ လူ့သားရတနာ၊ ဆရာတော့်လောင်း လျာသည်။

အဂ္ဂပုဏ္ဏုပနိဿယော၊ တိဟိတ်ဥက္ကဋ္ဌ၊ ကာမာဝစရ-ကုသိုလ်၊ နုပျိုသစ်ဆန်း၊ ငြိမ်းချမ်းနယ်မြေ၊ ဆုချွေပေါင်းစပ်၊ အကြောင်းဟပ်လာ၊ မြင့်မြတ်စွာသော။

ကုလမိ၊ မန္တလေးတိုင်း-မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရဘဲကျေးရွာ၊ ဦးဘိုးသစ် + ဒေါ်အေးသိုက်၊ သိုက်မြိုက်ဆန်းထွေ၊ မိသားစုအောင်မြေ၌။ ဇာတော၊ ရှစ်ယောက်သောမွေးချင်း၊ အသင်းအရာ၊ စတုတ္ထသားရတနာ အနေအားဖြင့်၊ မသွေအားအကြောင်းထောက်၍ ဖွားမြောက်တော်မူခဲ့ပါသတည်း။

သော ဇနော၊ ငယ်မည်မှာ "မောင်ကျော်စိန်"၊ အခေါင်မော် ဂုဏ်သိရိန်မိတ်ဖြာသည့်၊ ထိုဆရာတော်လောင်းလျာ၊ သားမြတ်ရတနာသည်။ မဟာဝံသာနုသာရီ၊ မိဘမျိုးရိုး၊ ဘိုးဆက်ဘောင်စဉ်၊

http://www.dhammadownload.com

ခန့်ထင်သဘော၊ မြင့်သောအရာ၊ စဉ်အလာကို၊ သေချာထွေးပိုက်၊ အေးမြိုက်သာသနာ၊ ရင်အပ်လာ၍၊ ပဗ္ဗဇာသာမဏော အဆင့်ကို၊ လှမ်းလင့်ကာ တက်ရောက် တော်မူခဲ့သည်တစ်ဝ၊ ထိုမှတစ်ဖန်၊ သက်မှန်နှစ်ဆယ်၊ ပြည့်ကြွယ်သော ကာလအစု၊ ၁၃၁၀-ခု၊ ဥတုဟေမန်၊ တပို့တွဲလသမယံဝယ်၊ မြင့်မှန် သောရဟန်းအဆင့်၊ လှမ်းလင့်ခဲ့သည်က တစ်တန်၊ အဖန်ဖန် အကြောင်းဆိုက်တော်မူသည် ဖြစ်၍။

ပဏ္ဍိတော၊ "ရှင်ပဏ္ဍိတ" ကိုရင်ငယ်၊ အသိရယ် ကြွယ်ပါဘိ၊ အသွယ်သွယ် သောရှင့်သိက္ခာ၊ အခါခါဖြည့်ကျင့်ခဲ့၊ သီးအပွင့်စာဓမ္မာန်၌၊ ကြိမ်ဖန်ဖန် မွေ့လျော်၊ ဓလေ့တော်အသွင်ညှိလိုက်တော့၊ ရှင်ပဏ္ဍိ-ကိုရင်၊ စာသဘင်-အခါခါဆင်မြန်း၊ အောင်ပန်းအဆူဆူ၊ ဆွတ်ချူအောင်ပွဲ၊ ခြိမ့်သည်း (သဲ)စွာ စည်ပင်လို့၊ ပီပြင်တဲ့သမဏ၊ ပဏ္ဍိတ-အရှင်ဘုရား ရယ်လို့၊ ညဏ်ရှိသမျှထင်ရှားတော်မူသည်။

ဝတ္တာတော၊ သာသနာ ဆုံသခိုက်မှာ၊ ကြုံကြိုက်ကာကျင့်အကြံနှင့်၊ အသင့်မှန်မြတ် ဘုရားအေးရိပ်မှာ၊ ထွေးသိပ်နားခို၊ တရားဗြဟ္မစိုရ် ကိုယ်ဝယ်လွှမ်းလျက်၊ ငြိမ်းချမ်းထေရ် အရှင်သမဏ' ရယ်မို့၊ ကမ္ဘာ-တစ်ခွင် စခန်းပေါက်တဲ့အောင်၊ ထွန်းတောက်တော်မူခဲ့ပါပေသတည်း။ ထွန်းတောက်တော်မူခဲ့ပါပေသတည်း။

အတန်တန်ဘွဲ့ထူး သွဲ့မြူးမြတ်ဆရာ

ကုမာရာဘိဝံသော ထေရော၊
အဂ္ဂေါ သောဘဏ'ဝါစကော။
မဟာ စဇာတော သိက္ခာသု၊
ဂဏ္ဌဝါစက ပဏ္ဍိတော။

ထေရော၊ ဗုဒ္ဓစာပေဆိုင်ရာ၊ သဒ္ဒါနှင့်သင်္ကြိုဟ်၊ မယွင်းနဂိုရ်ဆယ့်တစ်လတည်းဖြင့်၊ အားသည်းကာ အာဂုမ်ဆောင်နိုင်ခဲ့၊ ဂုဏ်ရောင်အဆိုင်ဆိုင်အသင့်ရောက်သဖြင့်၊ တစ်ထောက်သော ကာလ၊ ၁၃၀၈-ခုနှစ်သမယဝယ် ပထမငယ်တန်း၊ ၁၃၀၉-ခုနှစ်သမယ-ပထမလတ်တန်း၊ ၁၃၁၃- ခုနှစ်သမယ-ပထမကြီးတန်း၊ အဆင့်ဆင့် အောင်ပန်းဆင်ခဲ့၍၊ စခန်းတွင်အခြေမှန်သဖြင့်၊ ၁၃၁၄-၁၅'

http://www.dhammadownload.com

ကဝေဂ္ဂော် (သက္ကသီဟ) စာသဘင်၌၊ တစ်ခါဆင်နွဲပထမအရာ အောင်ပွဲခံခဲ့သည်မို့၊ နောင်မလွဲအမှန် ရွှေတံဆိပ် ဦးဆောက်ပန်းပိုင်ရှင် အဓိကရ'အရာ၊ သက္ကသီဟ-ဓမ္မာစရိယဝဋ်သကာကို လည်းကောင်း၊ ယင်းဘုဝ၅-ခုနှစ်မှာပင် ဓမ္မာစရိယ ကျမ်းကိုးကျမ်းကို ပါဠိဘာသာဖြင့် တစ်နှစ်တည်းအောင်မြင်သဖြင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိ သိရောမဏိ"၊ ကမ္ဘာသိဘွဲ့မဟာကိုလည်းကောင်း၊ အခါခါဆွတ်ချူ၊ အောင်ပွဲယူစခန်း ပေါက်လျက် ပြီးမြောက်တော်မူသောထေရ်ဆရာသည်။

ကုမာရာဘိဝံသော-ဘဒ္ဒန္တကုမာရာဘိဝံသော' ဣတိ၊ "ပရိယတ္တိ မူလံသာသနံ" အခြေခံသာသနာရသောကြောင့်၊ အခြေထောက်စစ်သော် ပရိယတ်' ပေမို့၊ ကြီးမြတ်သည့် ပရိယတ်သာသနာ့အန္ဓယ်အဆက်ကို၊ သွယ်ဆက်ကာ အသိမှန်ဆ'သော်ကြောင့်၊ အဘိဝံသ' ဘွဲ့တော်ဖြင့်၊ ဘဒ္ဒန္တ ကုမာရမထေရ်မော်" ဟူ၍။

ဝိဿုတော၊ မြန်-ကမ္ဘာတစ်လွှားမှာ၊ ထင်ရှားစွာ အောင်လံလွှင့်လို့မို့၊ (ဆရာတော်ဘုရား...) အောင်စခန်း ဖွင့်တော်မူခဲ့ပါသတည်း။

ထေရော၊ သီးခြားစာချ၊ အဘိဝံသဘွဲ့ဖြင့်၊ ညွှန်းသွဲ့ဆင့်ပြင်၊ အောင်ပွဲယဉ်ဆရာတော်ဘုရားသည်။

အဂ္ဂေါ၊ သုတ္တန်ဝိနယ၊ အဘဓမ္မ'ဟု၊ ပိဋကသုံးသွယ်၊ မှုန်းခြယ်ကာအသင့်ကပ်၊ မြင့်မြတ်တော်မူလှသည် ဖြစ်၍။

သောတူနံ၊ စာသင်သ'သူ၊ များမူခပင်း၊ တပည့်အသင်းသင်းတို့ကို။

ဝါစကော၊ စာကိုသင်ပြ၊ ဆုံးအမနှင့်၊ဓမ္မအရာ၊ နက်စွာသိပ်သည်း၊ နည်းအခန်းခန်း၊ အတန်းအဆင့်ဆင့်၊ အသင့်အနေ၊ ပို့ချသွန်သင်တော်မူတတ်သည်လည်း။

ဟောတိ၊ စင်စင်မသွေ၊ ဖြစ်ပါပေ၏။

သိက္ခာသု၊ သီလ-သမာဓိ၊ အသိ-ပညာ၊ သိက္ခာသုံးရပ်၊ ထုံးအမှတ်တို့၌။

မဟာစ၊ သီလခေါင်ထိ၊ သမာဓိနှင့်၊ ကျင့်သိပညာ၊ ရောင်ဝါဖြိုးပြက်၊ ဖိုးနက်ထိုက်တန်၊ မျိုးမှန်သည့်ဟိတ်၊ အောင်နိမိတ်ကြောင့်၊ ဘိသိက်အထူးကပ်သဖြင့်၊ မြင့်မြတ်တော်မူသည်လည်း။

ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

တသ္မာ၊ ထိုကဲ့သို့အရပ်ရပ်သောဂုဏ်ဟိတ်၊ အောင်နိမိတ်ကြောင့်။

http://www.dhammadownload.com

ထေရော၊ ဆရာတော်သခင်၊ ကျေးဇူးရှင်သည်။

ဂန္ဆဝါစကပဇ္ဇိတော'တိ၊ စာချစာသင်-စာပြင်စာထုတ်၊ ကြိုးကုတ်မှုအင်အား၊ ပွားများသည့် ဘာဝနာ၊ သာသနာရင်းမြစ်ကို၊ အားသစ်ကာ ပညာရှိသည်'မို့၊ အထာသိ နိုင်ငံအတွင်းမှာ၊ ရန်သင်း ဂုဏ်နိမိတ်နှင့်၊ ပဏ္ဍိတ်အမော်၊ မထေရ်ကျော်" ဟူ၍။

သုပါကဋ္ဌော၊ သာသနာ နောက်ဖျားမှာ၊ ထင်ရှားစွာ အသေရေတင့်၍၊ အနေမြင့်ဘုံတစ်ခွင်၊ ကုန်စင်အောင် ပြန့်ပွားလျက်၊ ထင်ရှားတော်မူပါပေသတည်း။

သာသနာ့အောင်လံ စွင့်ပျံမြင့်မား ဆရာတော်ဘုရား

အဘိဝိသိဋ္ဌော နော ထေရော၊
ဓဇော'ဝ သာသနေ ဘဝေ။
မဟာ စ ဂုဏေန ဇာတော၊
သဒ္ဓမ္မဇောတိကော သဒါ။

နော-အမှာကံ၊ ဆရာ့မေတ္တာ၊ စေတနာနှင့်၊ သဒ္ဓါအေးရိပ်၊ မှေးမှိတ်ခိုနား၊ တပည့်အများတို့၏။

ထေရော၊ သီလခိုင်ဘိ၊ သမာဓိနှင့်၊ အသိပညာ၊ ကိုယ်လုံးဖြာလျက်၊ သဒ္ဓါခိုင်ပြေ့၊ ကြိုင်ဓလေ့ဖြင့်၊ လိုင်ဝေပရိယတ်၊ ပဋိပတ်၌၊ ထပ်ထပ်မွေ့လျော်၊ ဆရာတော်သည်။

အဘိဝိသိဋ္ဌော၊ ပညာဗဟု၊ အင်အားစုဖြင့်၊ အတုမထင်၊ သိမြင်ဆ'ပွား၊ ထူးခြားတော်မူလှသည်ဖြစ်၍။

သာသနေ၊ ကယုကယင်၊ နုစဉ်ကာလ၊ ချိန်မှစ၍၊ ဗုဒ္ဓမှာတမ်း၊ စာပေကျမ်း'ဟု၊ လန်းတဝေဝေ၊ ချမ်းမြေ့ဘွယ်ရာ၊ သာသနာ၌။

ဓဇော-ဓဇောက္ကဝ၊ လွင့်တလွှားလွှား၊ ဝင့်ကြွားအမွန်၊ မြတ်တန်ခွန်သဖွယ်၊ တင့်တယ်ဆန်းပြား၊ ခမ်းနားမရွေ့၊ ဓလေ့ရှင်လန်း၊ ငြိမ်းချမ်းတော်မူသည်။

ဘဝေ၊ ရှစ်ဆယ်ကျော်-သက်တော်စခန်းမှာ၊ ငြိမ်းချမ်းစွာဂုဏ်-ရှိန်မြင့်လို့မို့၊ မလင့်မသွေ၊

http://www.dhammadownload.com

ဖြစ်တော်မူခဲ့ပါပေသတည်း။

ဂုဏော၊ သာသနာပြုဂုဏ်၊ ရှိန်ဟုန်မြင့်မား၊ တရားဘာဝနာ၊ အစဉ်ပါသဖြင့်၊ မြင့်ရာအသင့်၊ ဆင့်တိုင်းတင့်လျက်– စန်းပွင့်ကြိုင်လှိုင်၊ ဂုဏ်ထူးတော် အဆိုင်ဆိုင်အားဖြင့်။

မဟာ၊ ဗုဒ္ဓဘုရား၊ နှုတ်အားဖွင့်ဖေါ်၊ တရားတော်ကို၊ ဆင့်မျှော်နန်းမြင့်၊ စခန်းပွင့်အောင်၊ အသင့်ပြ–သ၊ ဆိုဆုံးမသဖြင့်၊ ဓမ္မအရာ၊ မြတ်ဆရာဟု၊ဂုဏ်လွှာလှမ်းရောက်၊စခန်းပေါက်တော်မူသည်လည်း။

ဇာတော၊ သာသနာဆုံသခိုက် ဖြစ်နိုင်သောအခွင့်တွေ ဆိုက်သဖြင့် သိမ်းပိုက်လှမ်းချူ ဖြစ်တော်မူပါပေသတည်း။

တသ္မာ၊ သာသနာ့တံခွန်၊ဂုဏ်မွန်မြင့်ကြွယ်၊တင့်တယ်ဆန်းပြား၊ထိုထိုသို့သောစွမ်းပကားကြောင့်။

ထေရော၊ သီလခိုင်ဘိ၊ သမာဓိနှင့်၊ အသိပညာ၊ ကိုယ်လုံးဖြာလျက်၊ သဒ္ဓါခိုင်ပြေ့၊ ကြိုင်ဓလေ့ဖြင့်၊ လှိုင်ဝေ့ပရိယတ်၊ ပဋိပတ်၌၊ ထပ်ထပ်မွေ့လျော်၊ ဆရာတော်သည်။

သဒါ၊ အတိတ်–ပစ္စုပ္ပန်–အနာဂတ်၊ သတ်မှတ်ပိုင်းခြား၊ ယန္တယားကာလအပိုင်း၊ အချိန်တိုင်းအချိန်တိုင်း၌။

သဒ္ဓမ္မဇောတိကော'တိ၊ တရားဓာတ် ဓမ္မရောင်စဉ်ကို၊ နောင်ယခင်ယခုကာလမယွင်းစေဘဲ၊ ထွန်းလင်းစေ–ဖြန့်ဝေ ပေးသည်မို့၊ ငြိမ်းအေးသည့် သဒ္ဓမ္မအရောင်၊ ကမ္ဘာ့ဘောင်–ထွန်းပြောင်သဘောရှိပြသဖြင့်၊ ဇောတိက ဘွဲ့စုံအထူးနှင့်၊ သွဲ့စုံမြူးဆန်းပြား၊ ထူးခြားတော်မူလှပါပေသတည်း။

ဆရာပလ္လင်တော် အောင်ဟိတ်မြင့်တင် ဆရာအရှင်

အဂ္ဂတံ ဂတော မဟာထေရော၊
မဟာသိက္ခာသု ဝိဿုတော။
ပဏ္ဍိစ္စံ ဂုဏ' မုပေတိ၊
တောသေတိ ဇနတံ ဗဟုံ။

မဟာထေရော၊ သီလခိုင်ဘိ၊ သမာဓိနှင့်၊ အသိပညာ၊ ကိုယ်လုံးဖြာလျက်၊ သဒ္ဓါခိုင်ပြေ့၊ ကြိုင်ဓလေ့ဖြင့်၊ လှိုင်ဝေ့ပရိယတ်၊ ပဋိပတ်၌၊ ထပ်ထပ်မွေ့လျော်၊ ဆရာတော်သည်။

http://www.dhammadownload.com

အဂ္ဂတံ ဂတော၊ လူသားအဆင့်မှရှင်သာမဏေ၊ သာမဏေအဆင့်မှမြတ်ရဟန်း၊ ဆင့်ကာဆင့်ကာတက်လှမ်း၍၊ ငြိမ်းချမ်းသည့် တရားစာမှာ၊အားပါပါကျင်လည်ခဲ့သည်တစ်ဝ၊ ထိုမှတစ်ပါး အမြင်အားသန်စွင်-ဉာဏ်အမြင် တစ်ခါလင်းတော့၊ တပည့်တစ်သင်းတို့မချို့ရအောင်-ပို့ချသည်ကတစ်တန်၊ နည်းမှန်လမ်းကျဖြန့်ဝေကာ တရားဆေး-တိုက်ကျွေးသည်ကတစ်ပါး၊ ထူးခြားဆန်းတင့်၊ နန်းအမြင့်ကို၊ လှမ်းလင့် ဆွတ်ချူ၊ အောင်ပွဲယူတော်မူခဲ့-ပါပေသတည်း။

မဟာထေရော၊ ရှစ်ဆယ်ကျော်သက်ရောက်၊ ခရီးပေါက်သဖြင့်၊ ပြီးမြောက်အောင်မြင်၊ ဆရာတော်အရှင်သည်။

မဟာသီကွာသု၊ တစ်ခေတ်တစ်ခါ၊ သာသနာနှင့်၊ ကြုံလာခဲခက်၊ နဲနက်အကျင့်၊ ကြီးမြင့်သီလ၊ တည်ထသမာဓိ၊ ကြီးဘိပညာ၊ သိကွာသုံးရပ်၊ ထုံးမှတ်သာသနာ၊ အနှစ်ရတနာတို့၌။

ဝိဿုတော၊ လဇ္ဇီ-ပေသလ-သိကွာကာမ၊ သီလရနံ့၊ မွှေးပျံ့ကြိုင်လှိုင်၊ ကြဲ့ခိုင်သမာဓိ၊ အသိပညာ၊ ကိုယ်လုံးဖြာလျက်၊ သာသနာဓလေ့၊ ခိုင်ပြေ့ညီညာ၊ "မြတ်ဆရာ"ဟု၊ ကမ္ဘာတိုင်ရောက်၊ ခရီးပေါက် တော်မူပါပေသတည်း။

မဟာထေရော၊ ရှစ်ဆယ်ကျော်သက်ရောက်၊ ခရီးပေါက်သဖြင့်၊ ပြီးမြောက်အောင်မြင်၊ ဆရာတော်အရှင်သည်။

ပဏ္ဍိစ္စံ ဂုဏံ၊ တရားဓမ္မကွန်ရာ၊ ကျမ်းရွှေစာကို၊ လေ့လာဆည်းစု-သုတမယဉာဏ်၊ ဝေဖန်တွေးဆ-စိန္တာမယဉာဏ်၊ သိမှန်ဆ'ပွား၊ တရားအရ-ဘာဝနာမယဉာဏ်၊ ဉာဏ်မြင်ထုံးမှတ်၊ ဆုံးဖြတ်-ဆင့်ပြင်၊ ပညာရှင်'ဟု၊ သန့်စင်ဂုဏ်ဟိတ်၊ အောင်နိမိတ်သို့။

ဥပေတိ၊ ပဏ္ဍိတ်မဟော်၊ ဆရာတော်'ဟု၊ ခုနော်နောင်ယွန်း၊ မော်ကွန်းသည်၊ သာသနာအစဉ်လျှောက်လျက်၊ ကပ်ရောက်တော်မူပါပေသတည်း။

မဟာထေရော၊ သီလသိက္ခာ၊ အကျင့်ပါလျက်၊ နက်စွာသမာဓိယှဉ်၊ ချိန်တိုင်းဆင်လျက်၊ သိမြင်-ဉာဏ်ဓလေ့၊ ခိုင်ပြေ့ရွှန်းသာ၊ မြတ်ဆရာသည်။

ဇနတံ ဗဟုံ၊ ကပ်ရောက်မှီခို၊ ကြည်ညှိဆ'ပွား၊ တပည့်အများကို။

တောသေတိ၊ သည်သို့မှတ်တွေး၊ သည်သို့ရေး"ဟု၊ အလေးပြုစီစဉ်၊ နယဉ်ဆန်းထွေ၊ ကျမ်းစာ ပေ၌၊ ခက်ဝေပွင့်လန်း၊ စခန်းတစ်ထောက်၊ ခရီးပေါက်အောင်၊ ချီးမြှောက်ပြုပြင်၊ ကြည်လင်ဆက်ဆက်၊ သဘောနက်အောင်၊ နှစ်သက်စေတော်မူတတ်ပါပေသတည်း။

http://www.dhammadownload.com

ပါဠိဂုဏ်ထင် သန့်စင်ကျန်းမာ မြတ်ဆရာ

ပါဠိယာ ပါရံဂမေတိ၊
သိဿာနံ နိဿယော သဒါ။
ရောဂူပဒ္ဒဝ ဝိရတော၊
မဏိသမော သဒါ ဘဝေ။

ပါဠိယာ ပါရံ ဂမေတိ၊ ဗုဒ္ဓဟော်ဖော်၊ တရားတော်ပါဠို၊ လာရှိဒေသနာ၊ အဖြာဖြာ၌၊ နက်စွာသက်ရောက်၊ ခရီးပေါက်သဖြင့်၊ ပြီးမြောက်လှမ်းတက်၊ ကမ်းတစ်ဖက်ကပ်၊ တတ်မြောက်ကျွမ်းကျင်၊ ပီပြင်တင့်အပ်၊ ထူးမြတ်တော်မူသည် ဖြစ်၍။

သဒါ၊ နေ့ရောညဉ့်ပါ၊ ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။

သိဿာနံ၊ ပညာရည်နို့၊ သောက်စို့လိုသူ၊ စင်ဖြူသားကောင်း၊ တပည့်အပေါင်းတို့၏။

နိဿယော၊ နည်းလမ်းမြွက်ချွေ၊ စာဂေဟာဖြင့်၊ ဌာနေအလိုက်၊ ဉာဏ်ရည်ဆိုက်လျက်၊ ဝန်းလှိုက်ခ'စား၊ အသိပွားဖို့၊ ခွန်အားအပြည့်၊ ချမ်းမြေ့သာယာ၊ ကွန်းရိပ်သာသည်။

ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

မဟာထေရော၊ သက်တော်ရှစ်ဆယ်၊ ပြည့်ကြွယ်ခဲ့ရာ၊ အခါတန်နား၊ ပတ္တမြားရတု၊ ထွန်းမှုပြီးမြောက်၊ ခရီးပေါက်အောင်မြင်၊ သန့်စင်သီလ၊ တည်ထသမာဓိ၊ အသိပညာ၊ သုံးဖြာမြင့်မား၊ ဆရာတော်ဘုရားသည်။

သဒါ၊ နေ့ရောညဉ့်ပါ၊ ဘယ်ခါမယိမ်း၊ အခါခပ်သိမ်း။

ရောဂူပဒ္ဒဝ ဝိရတော၊ ထိုးနှက်ကိုက်ခဲ၊ ထန်သည်းနှိပ်စက်၊ ပြင်းစွာတက်သည့်၊ ရူပဖျက်အနာ၊ ရောဂါမသန်း၊ အစဉ်လန်းလျက်၊ ပင်ပန်းမရှိ၊ ပကတိကျန်းမာ၊ ချမ်းသာစိတ် ၁တ်၊ အစဉ်ကပ်လျက်၊ မြင့်မြတ်သည့်ကိုယ်၊ ရွှန်းစိုကျန၊ အနေလှသည်ဖြစ်၍။

မဏိသမော၊ ကိုယ်စိတ်နှစ်ပါး၊ ပတ္တမြားနဝရတ်၊ ပမာဟပ်လျက်၊ ထူးမြတ်သည့်ခါရတု၊ နာမူကင်းစင်၊ စိတ်ကြည်လင်လျက်၊ ခန့်ထင်ပရိယတ်၊ ပဋိပတ်ဖြင့်၊ ထပ်ထပ်ထုံမွှမ်း၊ ခါခါလွှမ်းလျက်၊ ငြိမ်းချမ်းသာသနာ၊ ဤဝန်တာကို၊ သိဿာနုသိဿ၊ စဉ်ပါ့မလွဲ၊ ထမ်းဆောင်မြဲ ထမ်းဆောင်နိုင်သည်။ ဟောတု၊ မြတ်ဗုဒ္ဓသာသနာ၊ ဆုံလာသည့်ခေတ်အလိုက်၊ ကြုံကြိုက်သည်ဓမ္မစဉ်၊ လမ်းမဂ္ဂင်တစ်သွယ်တန်း၍၊နန်းအမတနိဗ္ဗာန်၊ သင့်အမှန်စခန်း ပေါက်တဲ့အောင်၊ လှမ်းရောက်မသွေ၊ ဖြစ်မြဲဖြစ်တော်မူပါစေသတည်း။

http://www.dhammadownload.com



ပန်းမော် ဆရာတော် သက်တော် ရာကျော် ရည်ပါစေ

ဟန်ထွန်း - နာယကကြီး

(၁) ရဘဲဂါမေ ဝိဇာတောဝ၊
ဗန်းမော်ထေရော ဧရာဝဟော။
ဂန္ဆကာရော သိက္ခာကာမော၊
သာသနံ ဇောတယန္တောဝ၊
ဒီဃာယုကော ဘဝတု တေ ။ ။

ရဘဲဂါမေ ဝိဇာတောဝ– မြင်းခြံခရိုင် တောင်သာမြို့နယ် ရဘဲရွာလျှင် မွေးဖွားရာ ဇာတိ ရှိတော်မူသော (၀၂)ဝိဂြိုဟ် ဝစနတ် ဗျူဟတ်လျော်ရာ ဝိဂ္ဂဟာနှင့်သဒ္ဒါလွန်ကျွမ်း စကြမ်းဆရာကြီး နေထိုင်ခဲ့ရာ ကဗျာစာဆို နားဝင်ချိုအောင် စပ်ဆိုနိုင်စွမ်း ကိုရင်ဂျမ်းတို့၏ ဘိုးဘေးတို့နေထိုင်ရာ ကမြဲစကြမ်းရွာကြီးနှင့် အလှမ်းမကွာ "ရဘဲရွာ"၌ ဖွားမြင်တော်မူခဲ့သော၊

ဗန်းမော်ထေရော– "အုတ်ကျစ်ကျော်အေး" မန္တလေးခေါ် ရွှေမြို့တော်၌ လွန်စွာကျော်ကြား စကားမချန် ပြောရန်ရှိလျှင် ဘုရင်မိဖုရား မထောက်ထားဘဲ ပြောကြားတော်မူလေ့ရှိသည့် ပဋ္ဌမဗန်းမော်

http://www.dhammadownload.com

ဆရာတော် ဆန်းတတ်အကျော် ဆရာတော်ဦးဥတ္တမ၊ ဦးဇဋိလ-စသော ဗန်းမော် ဆရာတော်တို့၏နောက် ယခုမျက်မှောက် ဗန်းမော်ကျောင်းတိုက်ကြီး၌ ယာပထလေးလီ မျှညီကျင့်သုံး သီတင်းသုံးတော်မူလျက်ရှိသည့် သက်တော်ရှစ်ဆယ် ပြည့်တော်မူတော့မည့် ဗန်းမော်ဆရာတော် အရှင်သူမြတ်ကြီးသည်။

ဓုရာဝဟောစ- စာပေကျမ်းဂန် သင်အံပို့ချခြင်းဟူသော ဂန္ထဓုရအလုပ်၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်ခြင်းဟူသော ဝိပဿနာဓုရအလုပ်တို့ကိုလည်း ကြိုးစားအားထုတ် ဆောင်ရွက်တော်မူလေ့ရှိပါပေ၏။ (ဝါ) ဆဋ္ဌသင်္ဂါယနာတင်စဉ်ခါက ပိဋကတ်စာမူများကို အပြီးသတ်ဖတ်ရှု့ပြင်ဆင်သုံသပ်ပေးရခြင်းဟူသောဂန္ထဓုရအလုပ်, ဆဋ္ဌသင်္ဂါယနာတင်ခါကာလ ပုစ္ဆကခေါ် မဟာစည်ဆရာတော်၏ မေးသမျှကို ကျနသေချာ ကျမ်းဂန်လာတိုင်း မဆိုင်းမတွ ကြားနာရသူ ဗိုလ်လူအများသဒ္ဓါပွားအောင် ဖြေဆိုတော်မူခဲ့သည့် ဝိသဇ္ဇကခေါ် မင်းကွန်း ဓမ္မာနာဒ ဆရာတော်ကြီး၏ တိုက်တွန်းတော်မူချက်အရ ငါးနှစ်တာမျှ မိုးမိတ်ကုန်းမြေမှ နိကာယ်ဖြေကြမည့် တပည့်တပန်း ရဟန်းတော်တို့အား သုတ္တန်ဝိနည်းအဘိဓမ္မာ ကျမ်းများစွာကို ပို့ချသင် ကြားပေးတော်မူခဲ့သည့်အပြင် အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး၌ သင်ကြားရေး ဒုတိယပါမောက္ခချုပ်အနေဖြင့် ထေရဝါဒ ဗုဒ္ဓစာပေ အထွေထွေတို့ကို သင်ကြား ပို့ချပေးခြင်းဟူသော "ဂန္ထဓုရ" အလုပ်နှင့် အချိန်ရသမျှ ဝိပဿနာဓုရ အလုပ်ကိုလည်း သတိသမ္ပဇဉ် စိတ်နှင့်ယှဉ်ကာ ကောင်းစွာကြိုးကုတ် အားထုတ်တော်မူလေ့ရှိပါပေ၏။

ဂန္ထကာရောစ- နိုင်ငံတော်အစိုးရ၏ ပါဠိပဋ္ဌမပြန်စာမေးပွဲကြီး၌ သိရောမဏိ ခေါ် ဦးခေါင်းပန်ဆင်ပတ္တမြားမျက်ရှင်ပမာ ပါဠိတော်အဋ္ဌကထာ ကျမ်းကြီး(၉)ကျမ်းတို့ကို ပါဠိဘာသာဖြင့် တစ်နှစ်တည်းတွင် အပြီးအောင်မြင်အောင် ဖြေစွမ်းနိုင်ခြင်းကြောင့် ရရှိတော်မူခဲ့သည့် သိရောမဏိ ဘွဲ့တော်နှင့် မန္တလေး ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီး၏ စာသင်-စာချနယုန်လ စာမေးပွဲကြီးတွင်လည်း စာသင်-စာချနှစ်တန်းလုံးကို နှစ်မခြားဘဲ တဆက်တည်း နံပါတ်(၁)ဖြင့်သာအောင်မြင်တော်မူခဲ့ခြင်းကြောင့် စာချထိပ်ခေါင်တင် ဦးဆောက်ပန်းပမာ "ဝဋ်သကာ" ဘွဲ့တော်ကိုလည်း ရရှိတော်မူခဲ့ခြင်းကြောင့် ဘုရားဟောဖော် ထေရီအပါဒါန် ပါဠိတော်ကြီး၏ အဖွင့်ဖြစ်သော ထေရီအပဒါနဒီပနီ (အဋ္ဌကထာ) ကျမ်းကြီးအပြင် ပါဠိမြန်မာအဘိဓာန်ကြီး (၄)အုပ်နှင့် တကွ အဘိဓမ္မာယမိုက်ပါဠိတော်ကြီးကို အင်္ဂလိပ်ဘာသာပြန်ဆိုရေးသားခြင်းစသော များစွာကျမ်းစာအမျိုးမျိုးကို ရေးသားပြုစုခဲ့သဖြင့် ကျမ်းပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပါပေ၏။

http://www.dhammadownload.com

သိက္ခာကာမောစ–သီလသမာဓိပညာ သိက္ခာသုံးရပ် မြတ်ထက်မြတ်နှင့် ကောင်းစွာကုံလုံ ပြည့်စုံတော်မူလိုသော ဆန္ဒတော်လည်း ရှိတော်မူပါပေ၏။

မဟာထေရ– သီလသမာဓိ ကျင့်အာစာနှင့် ကောင်းစွာကုံလုံ ပြည့်စုံတော်မူပေသော မဟာထေရ် မြတ်ကြီးဘုရား။

တွံ– အရှင်ဘုရားသည်။

သာသနံ– ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်ကို(၀၊)ပဌမသင်္ဂါယနာတင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ–စသော မဟာထေရ်ကြီးတို့မှစ၍ ဆဋ္ဌသင်္ဂါယနာတင် ထေရ်အရှင်မြတ်ကြီးတို့၏ ထေရ၀ါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို။

ဓောတယန္တော၀– သာသနာ့အန္တရာယ် ရန်စွယ်မှန်သမျှ ပြန်မထနိုင်အောင် ပယ်ချသုဓံသင် ခုတ်ထွင်ရှင်းလင်းတော်မူကာ နေလပမာ အမှောင်ပယ်ခွင်း အလင်းရောက်အောင် အရှင်မြတ်၏ ပရိယတ်+ ပဋိပတ် နှစ်ရပ်ခွန်အား စွမ်းပကားဖြင့် မြတ်ဗုဒ္ဓသာသနာ ထွန်းလင်းဖြာအောင် ကောင်းစွာဆောင်ရွက်တော်မူလျှက်သာလျှင်။

တေ – အရှင်ဘုရားအား

ဒီဃာယုကော – သက်တော်ရာကျော် ရှည်တော်မူခဲ့ကြသော ဗုဒ္ဓမြတ်စွာသာသနာတော်ကို ကောင်းစွာစောင့်ရှောက်တော်မူခဲ့ကြသည့် ပဌမသင်္ဂါယနာတင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ စသော မထေရ်မြတ်ကြီးတို့ကဲ့သို့ အသက်ရာကျော်ရှည်တော်မူသည်။

ဘ၀တု – ဖြစ်တော်မူပါစေသတည်း။

ဘ၀တု – ပရိယတ်+ပဋိပတ် နှစ်ရပ်စွမ်းအား ပစ္စုပ္ပန်ကံတရားနှင့် အတိတ်ကံတရား စွမ်းပကားတို့ကြောင့် မြေ–ရေ–လေ–မီး ဓာတ်ကြီးလေးဖြာ ညီညွတ်ပါ၍ သုံးဖြာဒေါသ တူညီမျှလျက် ရောဂါမ၀င် ရှင်ဗာကူလ ထေရ်တမျှသို့ (၉၆)ဖြာရောဂါမရှိ ပကတိကျန်းမာ စိတ်ချမ်းသာလျက် အသက်ရာကျော် ရှည်တော်မူပါစေဘုရား။

ဟန်ထွန်း
နာယကကြီး
ပရိယတ္တိသာသနဟိတအသင်း
(မိုးနံဆေးတိုက်၊ မန္တလေး)

http://www.dhammadownload.com

သာသနာ + လောက၊ နှစ်ဘက်လှ၊ တိုးတက်ကြောင်းစု၊ များစွာပြု၊ ရောက်မှု ပတ္တုမြားရတု

နမော ဗုဒ္ဓါယ ။။ သိဒ္ဓမ် .....

ပါဠိဿိရောမဏောကောဝ၊လင်္ကာရိတ္တာ ဘိသိဒ္ဓေဟိ။
ဝုမိုဟေတူ ဗဟူကာသိ၊ သာသနဿစ လောကဿ။
အသီတိ အာယုကံ ဒါနိ၊ သမ္မတ္တော ထေရပုင်္ဂဝေါ။

ယောထေရပုင်္ဂဝေါ၊ ပရိယတ်၊ ပဋိပတ် အသိဓာတ်ပညာ လွန်စွာထူးမြတ် အကြင်ဗန်းမော်ဆရာတော် မဟာထေရ်မြတ်သည်။

ဇကောဝ၊ မြန်မာပြည်ခွင် သာသနာဝင်၌ အောင်မြင်သူမရှိငြား တပါးတည်းသာလျှင်ဖြစ်သော။

ပါဠိဿိရောမဏိ၊ ခမ္ဘာစရိယ စတော်ချတန်း ကိုးကျမ်းလုံးကို အစဆုံးဦးစွာ ပါဠိဘာသာဖြင့်ဖြေကာ အောင်မြင် ပါဠိဿိ ရောမဏိဂုဏ်ရှင်သည်။

ဟုတ္တွာ၊ ပြိုင်ဘက်မပြူ ဖြစ်တော်မူ၍။

အဘိဿိဒ္ဓေဟိ၊ သကျသီဟခမ္ဘာစရိယ ဝဋ်သကာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒီလစ်ဘွဲ့နှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အစရှိအထပ်ထပ် ထူးမြတ်လှကုန် ဘွဲ့ထူးဂုဏ်တို့ဖြင့်။

အလင်္ကာရိတ္တာ၊ တင့်တယ်စုံလင် တဂုဏ်ထင်အောင် တန်းဆာဆင်တော်မူလျှက်။

သာသနဿစ၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏လည်းကောင်း။

လောကဿစ၊ လောကရှိငြောင်း ရှင်လူအပေါင်း၏လည်းကောင်း။

ဗဟူ၊ စာပြင်၊ စာချ၊ တရားပြနှင့် ဝိနိစ္ဆယအဖြာဖြာ ကျမ်းစာပြုစု အစပြုထင်ရှား အလွန်များပြား လှကုန်သော။

ဝုမိုဟေတူ၊ တိုးတက်ရာ တိုးတက်ကြောင်း ကြီးပွါးရာ ကြီးပွါးကြောင်းတို့ကို။

အကာသိ၊ သဒ္ဒါ သတိန် သမာဓိန်နှင့် ပညိန် ဝီရိယ ငါးချက်မျှလျှက် နေ့ ည မနား ကျမ်းစာပြုလုပ်တော်မူခဲ့လေပြီ။

သောထေရပုင်္ဂဝေါ၊သာသနာ့အာဇာနည် ဂုဏ်ရည်ပြည့်လတ် ထိုဗန်းမော်ဆရာတော်မဟာထေရ်မြတ်သည်။

ဒါနိ = ဣဒါနိ၊ ၁၃၇၁-ခု ဥတုဝသန္တ တော်သလင်းလ ဆန်းပက္ခ (၁၄)ရက်နေ့ရောက်လာ ဤယခုအခါ၌။

အသီတိအာယုကံ၊ဆည်းကပ်လာလျင်း ရှင်လူဓပင်းအား အလင်းရောင်ပညာ သဒ္ဒါအကြည်ဓာတ် ပေးဝေတတ်မှု အကြောင်းပြု၍။

သမ္မတ္တော၊ ကျန်းမာ၊ ချမ်းသာရွှင်လန်းကာလျှင် ကောင်းစွာမသွေ ရောက်တော်မူခဲ့လေပြီတကား။

သဒ္ဓမ္မဝေဝုလ္လ-ဗန်းမော်တိုက်



ಹೆಬಳೂಲು

http://www.dhammadownload.com

ဘွဲ့တံဆိပ်တော်ပူဇော်ပွဲကြီး



အဘိ - လွန်မြတ်၊ တင့်လျောက်ပတ်၊ သိအပ်အကြောင်းပေ။

ဓေ - အောင်လံ၊ တံခွန်ပျံ၊ တိမ်ယံထွန်းဖောက်ဝေ။

အဂ္ဂ - မြတ်မြင့်၊ အထွဋ်ဆင့်၊ ထူးတင့်ခက်ညွန့်ဝေ။

မဟာ - ကြီးအပ်၊ လွန်ကဲမြတ်၊ ဒြဗ်ဂုဏ်သရေ။

သဒ္ဓမ္မ - ဟူ၊ မြတ်သူတော်ကောင်း၊ ကျင့်ကြောင်းတရား၊ ပွားများသိရန်ပေ။

ဇောတိက - မူ၊ ထွန်းပြဟူ၊ မှတ်ယူတောက်ပနေ။

ဘွဲ့ - တံဆိပ်တော်၊ ထေရ်ဗန်းမော်၊ ပူဇော်ကပ်လှူပေ။

တံဆိပ် - အလှူ၊ နိုင်ငံသူ။ ကြည်ဖြူဝမ်းမြောက်ပေ။

တော် - ဝင်ရတနာ၊ ထေရ်မဟာ၊ ကမ္ဘာသိကြပေ။

ဂုဏ် - သရေတင့်၊ လွန်ကြီးမြင့်၊ ထပ်ဆင့်ပူဇော်ပေ။

ပြု - လုပ်အားစွမ်း၊ စိတ်ရွှင်လန်း၊ ငြိမ်းချမ်းတပည့်တွေ့။

ပူ - ဇော်ထိုက်သူ၊ ပူဇော်မူ၊ မှတ်ယူမင်္ဂလာပေ။

ဇော် - ထက်မိုးအုပ်၊ လွှမ်းပတ်ချုပ်၊ ဥက္ကဋ္ဌမြင့်ခေါင်နေ။

ပွဲ - ဖြင့်ယင်ကာ၊ မင်္ဂလာ၊ သူငါဂါရဝခွေ့။

ကြီး - ကျယ်မြင့်မြတ်၊ တင့်လျောက်ပတ်၊ လူနတ်ဦးခိုက်ပေ။

သို့ - လျှင်ပေါင်းစု၊ မြတ်ကောင်းမှု၊ သာဓုသံဝေဝေ။

ကောင်းမြတ်သူ (ဗန်းဇော်)

http://www.dhammadownload.com

ကြယ်များရံသော ငွေလမင်း



★ ကမ္ဘာဦးစ ၊ . . .
ကမ္ဘာလူသား၊ ဆန္ဒအားကြောင့်
ထင်ရှားပေါ်လာ၊ လ စန္ဒာ . . . ။

★ ကမ္ဘာတန်းဆာ . . .
ထိန်ဝါရောင်ဆင်း၊ ကြည်လင်းအေးမြ၊
ထွန်းပလျှံဖြာ၊ လ စန္ဒာ . . . ။

★ စန္ဒာလမင်း . . .
ကြယ်သင်းရံကာ၊ တင့်တယ်စွာလျှင်၊
ကမ္ဘာလူသား၊ စိတ်ဓာတ်အား . . . ။

★ ကမ္ဘာတန်းဆာ၊ လစန္ဒာသို့၊
ပဓာန်ိုင်းယူ၊ အတူသာလျှင်၊
မဟာဗန်းမော်၊ ဆရာတော်လည်း၊
ထွန်းပေါ်လာဘိ၊ တိ ပိဋ္ဌကဓရ၊
စ စွာ တပည့်များ၊ ခြံရံထားလျက်
ငွါးစွင့်ကြည်လင်၊ အေးရိပ်ဆင်သော၊
ထေရ်ရှင်မဟာ၊ ဒို့ဆရာ . . . ။

ဗန်းမော်မောင်ကျော်
မန္တလေး။

http://www.dhammadownload.com



ပန်းမော်ကျောင်းက ငယ်ပေါင်းသို့

ဗန်းမော်ကျောင်းမှာတဲ့
ငယ်ပေါင်းကွယ့် ဒို့တစ်တွေ
မြက်တောခြုံ ဗွက်ကျင်းနဲ့
နဂိုကအခြေအနေ၊ ဒို့တစ်တွေမှတ်သား...
ခုဆိုရင်အနေကောင်းလို့
ရွှေကျောင်းအလား .....။
ယိမ်းနွဲ့ယိုင် ကျောင်းအိုကြီး
ထီးထီးမတ် ကြံ့ကြံ့ခိုင်...
ကျောင်းအဝင် ကျောက်ခင်းလမ်း
လှမ်း လာခဲ့နိုင်...

http://www.dhammadownload.com

တံတိုင်းပတ် မြိုင်အဆိုင်၊ တွေ့နိုင်ပြီခုများ...
ကျောင်းပတ်ရံ စုံအပြည့်မို့
ဂုဏ်ရှိ တစ်အား .....။
ပရိယတ် စာပေအကျော်
ဒို့ဗန်းမော် ဆရာတော်ဘုရား...
သက်ရှစ်ဆယ် ပတ္တမြားရတု
ကောင်းမှုတွေပွား.....။
ဗန်းမော်ကျောင်းမှာတဲ့
ငယ်ပေါင်းခဲ့ ဒို့တစ်တွေ...
အသီးတစ်ရာ အညာတစ်ခု
အစု အနေ...
ကိုယ့်အမှု ကိုယ့်အခြေ
ဝေးရပ်မြေ ကွာလှမ်း ...
အသိပေးပါရဲ့
သိရေး အခါလျော်လို့
ဆရာတော် မွေးနေ့ပွဲမှာလ
ဆင်နွှဲတူ ပျော်ချင်ပါရဲ့
စုံအလင် စုကာပေါင်းပါလို့
သွယ်ပျောင်း အဥ္ဇလီနဲ့
အုပ်တင်ချီ ကန်တော့နှင်းဖို့ရယ်
(သူငယ်ချင်းရေ)... မင်းကိုတဲ့ ငါလွမ်း.....။
(သူငယ်ချင်း ဒေါက်တာချစ်သိန်း..... သို့)

ဌေးနွယ် (ကဗျာ)

လူတစ်ယောက်ဟာ...

- သွက်လက်ပြတ်လတ်မယ်၊
- လိမ္မာပါးနပ်မယ်၊
- အကျင့်စာရိတ္တကောင်းမယ်၊
- ရိုးရိုးသားသားနဲ့ ကြိုးစားမယ်၊
- အသိဉာဏ်ပညာရှိမယ်ဆိုရင်

ဘာအတွက် ဘယ်အရာ ဘာကိုမှ
ပြောယာခတ်ခရာ မလိုပါ။
သူ့ဌေးသူကြွယ် ကုန်သည်ပွဲစား
ခေါင်းဆောင်များက
အဓိအရာဖမ်းဆုပ်ချင်လွန်းလို့
ရှောင်ပုန်းကာ နေရသော ဟူ၏။

(နာရဒဇာတ်)



ဒဿနထွေတလာကဏ္ဍ

http://www.dhammadownload.com

ဒဿနဆွေတလာကဏ္ဍ

ရိပညာ-ဖန်းမော်တိုက်
(စုစည်းတင်ပြသည်)



http://www.dhammadownload.com

ငါးပါးသီလထဲမှာ မုသာဝါဒဟာ အရေးအကြီးဆုံးပါ၊ လိမ်လည်လှည့်ဖြားမှုသား ဆိုဝံ့သူသည် သူမပြုနိုင်သော အကုသိုလ် မကောင်းမှုဆိုတာ မရှိတော့ပါ၊

လူတစ်ယောက် အကုသိုလ်လုပ်ရတာ သိပ်ပျော်နေပြီဆိုရင် တန်တော့ ....

သူ့ရဲ့ ကုသိုလ်ကံ အရှိန်ကုန်ခါနီးပြီ ဆိုတာ သတောပေါက်တော့....

ဗုဒ္ဓ၊ စူဠရာဟုလောဝါဒ



အသိပညာရှိသောသူသည် ရန်သူပင် ဖြစ်သော်လည်း တော်သေး၏၊ ပညာမဲ့သော သူမိုက်သည်ကား မိမိအကျိုးကို လိုလားသော သားပင်ဖြစ်သော်လည်း မကောင်းပါ။

ဗုဒ္ဓ၊ အဝိဇ္ဇာပဉ္စင်္ဂမသုတ်



အသိပညာရှိသူသည် အလိုလို အကျင့်သိလ ဖြူစင်သောသူဖြစ်၏။

ဆိုကရေးတီး

အသိပပညာသည် ကိုယ်ကျင့်တရား ကိစ္စ၌ အချုပ်အခြာ ပဓာနဖြစ်၏။

ရဟူဒိအာဘိမ္မာဆရာစပင်နိဇာ

ပညာသည် အကျင့်သိလ၏ အခြေခံ အုတ်မြစ်ဖြစ်၏။

ကွန်ဖြူးရှပ်(ဘီစီ-၅၅၁)

ယောနိသောမနသိကာရ=ပညာဖြင့် ဆင်ခြင်သုံးသပ်မှု၊ လူတစ်ဦး၏ကိုယ်ကျင့်တရား နှင့်အပြုအမူကိုကြည့်၍ အကောင်းအဆိုးအမှား အမှန်ကို ဆုံးဖြတ်၏။

ဗုဒ္ဓ

ပညာဆိုသည်မှာ စာအုပ်စာတန်းဖတ်၍ စာသိမှုကို ပညာဟုမဆိုပေ၊ ပညာသည် အတိုင်း အဆမထင် အလွန်ကျယ်ပြော နက်နဲလှပေ-သည်၊ ကမ္ဘာရှိ စာအုပ်အားလုံးပင်လျှင် ပညာကို ဖော်ပြခြင်းငှာ မတတ်နိုင်ပေ၊ ပညာအားလုံးကို လောကပြင်ကျယ်တည်းဟူသော အကြီးဆုံး ကျောင်း၌သာ တွေ့ရှိနိုင်လေသည်၊ ထိုလောက ပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ် တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည့်အချိန်အထိ ပညာသင်များ ဖြစ်နေ ကြပေသည်။

ဝိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးအထုပ္ပတ္တိမှ

http://www.dhammadownload.com

" ..... ပညာရေးစနစ် "

ပိသုကာမဟုတ်သော လူပြိုန်း တစ်ယောက်ကို အိမ်ဆောက်ခိုင်းရာ အိမ်ပြီး သောအခါတွင်လျှောကားမရှိသည်ကိုတွေ့ရသကဲ့သို့ တွေ့မြင်နေရပါသည်။

ဆရာလွန်းကြီး

ဂရိဘာသာမှာဆရာကြီး အရစ္စတိုတယ်ကတော့ ....

ပညာရှိမှန်ရင် ချမ်းသာသုခကိုမရှာဘဲ ဆင်းရဲဒုက္ခက ကင်းလွတ်မှုကိုသာရှာသင့်သတဲ့။

ဗြိတိသျှ ယထာဘူတသဘာဝတ္ထုပညာရှင် ဘာထရန်ရပ်ဆယ်က ....

ကျွန်ုပ်တို့သည် အနာဂတ်ကို ချုပ်နှောင်ရန်ကြိုးစားနေသူများမဟုတ်ပါ၊ ပစ္စုပ္ပန်မှာ အနှောင်အဖွဲ့မှလွတ်မြောက်စေရန် ဆန္ဒပြင်းပြနေသူများပါတဲ့ ....

ဒါဝင်ကတော့ ....

သတ္တဝါမျိုးစုတွေဟာ ဘဝတည်မြဲရေးအတွက် အပြိုင်အဆိုင်ကြိုးစားရာမှ တိုးတက်ပြောင်းလဲလာပါသတဲ့။

ဆက်လက်ပြီး ....

ကျွန်ုပ်တို့သည် အကြောင်းတစုံတရာရှိသောကြောင့် ပစ္စည်းတခုခုကို လိုချင်သည်မဟုတ်၊ ထိုပစ္စည်းတခုခုကို လိုချင်သောကြောင့် အကြောင်းယုတ္တိကို ရှာကြတာပါတဲ့။

ငါ့အဖို့တော့ သူများတွေကို အပြစ်ရှာဖို့ အချိန်ကို လုံးဝမရှိဘူး။

ကွန်ဖြူးရှပ် (ဘီစီ-၅၅၁)

လူကြီးမိဘတွေကသာ လူငယ်တွေကို တည်မတ်တဲ့လမ်းနဲ့ ခေါင်းဆောင်ညွှန်ပြမယ်ဆိုရင် ကောက်ကွေ့တဲ့လမ်းကို ဘယ်သူသွားဝံ့မှာတဲ့လဲ?

အဲ ... သူတို့ အမိန့်ပေးတာက သူတို့ကျင့်သုံးတာနဲ့ ခြားနားတဲ့အခါမှာတော့ လူငယ်တွေဟာ လူကြီးတွေရဲ့အမိန့်ကို မလိုက်နာကြတော့ပါ။

လူတစ်ယောက်အသက်(၄၀)သို့မဟုတ် (၅၀)ရောက်တဲ့အထိ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ခဲ့ဘူးဆိုရင် သူနဲ့ပတ်သက်လို့ ငါတို့ လေးစားစရာ ဘာတန်ဖိုးမှ မရှိပါ။

ကွန်ဖြူးရှပ်(ဘီစီ-၅၅၁)

ညီမျှခြင်းနှင့်အခွင့်အရေးကို လက်ဝေခံနှင့် တောင်းဆိုလို့ မရပါ၊ အလုပ်လုပ်ယူရပါမည်။

http://www.dhammadownload.com

စီးပွားရေးမလုပ်သော လူသားတို့သည် စီးပွားရေးလုပ်သော လူသားတို့ထက် စီးပွားရေးပိုသောင်းကြမ်းကြတယ်ဆိုရင် အံ့လည်းအံ့ဩလည်းဩပါ၏၊

လူမျိုးဘာသာ သာသနာ၏ ရှေ့ဆောင်လမ်းပြ ဇူဝံကြယ်များ ဖြစ်ပါလျက် အလိုလိုမှ မျက်စိလည် လမ်းမှားနေကြတဲ့ လူသားများကို လည်သည်ထက်ပိုလည်သွားအောင်ဟိုနားထွက်လိုက်၊ ဒီနားဝင်လိုက်နှင့် မလှည့်စားသင့်ပါ၊

ဇူဝံကြယ်လမ်းကြောင်းများ ဖြောင့်တန်းစွာ ထွက်ပေါ်နိုင်ကြပါစေ ...

ကိုပညာ-ဗန်းမော်တိုက်

လျှပ်စစ်မီးကို စတင်မွေးဖွားပေးသူ သောမတ်အက်ဒီဆင်က ဝါးမျှင်လေးတွေနဲ့ နောက်ဆုံးစမ်းသပ်လို့ မရသေးမီ 'အလုပ်မဖြစ်တဲ့နည်းပေါင်း တစ်သောင်းခြောက်ထောင်ရှိသွားပြီတဲ့၊ မကြာခင် အလုပ်ဖြစ်တဲ့နည်း ရှာဖွေတွေ့ရှိတော့မှာ' တဲ့...

ဒီတော့ကား ဒို့လူတွေကို ပြောချင်တယ် 'အမောင်တို့ အမိတို့ရဲ့ ဝိမုတ္တိလမ်းစဉ်ဟာ နည်းပေါင်း သောင်းခြောက်ထောင် မပြည့်သေးပါဘူး' လို့ ....

ကိုပညာ-ဗန်းမော်တိုက်

အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် အပျက်ချည်းတွေးနေရင် အလုပ်မဖြစ်တော့ပါ၊ အဖြစ်ချည်းတွေးနေရင် နောင်တရ ပူဆွေးရတတ်ပါ၏၊

အပျက်ကိုတွေးပြီးဖြစ်အောင်လုပ်ပါ၊

လူဆိုတာ တခါတလေ ကံကြမ္မာနဲ့ အလောင်းအစားလုပ်ကြည့်ရတယ်။

ဒါမှကိုယ့်ရဲ့ကိုယ်ပိုင်နံပါတ်ကိုသိနိုင်မှာ။

ကိုပညာ-ဗန်းမော်တိုက်

မယှံ ဘန္တေ သသုရော ပေါရာဏကံ ယေဝ ခါဒတိ။ (ဓမ္မပဒ၊ ဝိသာခါဝတ္ထု)

ကုသိုလ်ကောင်းမှု ပြုတယ်ဆိုတာ နေ့-စဉ် ထမင်းစားသလိုပဲ၊ နေ့တိုင်းနေ့တိုင်းစားတယ်၊ တစ်နေ့(၂)ကြိမ် (၃)ကြိမ်စားတယ်၊ စားတိုင်းစားတိုင်း ကုန်ကုန်သွားတယ်၊ ဒီလိုဘဲ ...

ထမင်းစားကုန်သွားသလို ကုသိုလ်ကောင်းမှု အဟောင်းတွေက နေ့စဉ်စားသုံးပစ်နေကြတာ၊ ထမင်းအသစ် ထပ်စားသလို ကုသိုလ်ကောင်းမှု အသစ်ကိုလည်း ထပ်ပြုသင့်၏၊ သို့မဟုတ်က ကုန်သွားမည်သာ ....

ရွှေးကောက်ခဲ့

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နဲ့ အတိုက်အခံပါတီတို့ သုံးရက်တိုင်တိုင်

http://www.dhammadownload.com

စကားစစ်ထိုးပြီးနောက် အနိုင်ရပါတီက...

'ခင်ဗျားနဲ့ကျွပ် သဘောထား အမြင်ချင်း မတူကြပေမဲ့ တိုင်းပြည်ကိုချစ်တဲ့ စိတ်ချင်းကတော့ အတူတူပါပဲ' တဲ့၊ လက်ဆွဲ နှုတ်ဆက်ကြလေရဲ့။

ယှဉ်ပြိုင်မှုမရှိဘဲနှင့် အောင်မြင်မှုဆိုတာလဲမရှိနိုင်ပါ၊ တယောက်တည်း အပြေးပြိုင်ပြီး ငါပထမလို့ ပြောတဲ့လူဟာ အရူးဘဲ။

ကောက္ကာည ဇော မနုဇေသု ဓမ္မော၊
ယံ ဝုဟု မာ ဂစ္ဆတိ ဇော ဘာရော။

စွမ်းနိုင်သူ လူ (ကြီး)၏ အထံသို့ ကြီးမားသော ပြဿနာများ ရောက်ရှိလာတတ်၏။

(ဗုဒ္ဓ၊ သရဘင်္ဂဇာတ်)

စွမ်းနိုင်သူများ စိတ်ထားကောင်းမူ လူသူအများ ချမ်းသာပွား၏။

စွမ်းနိုင်သူများ ယုတ်မာကြားက လောက တစ်ခွင် မီးအိုးကင်းပမာ ပူလောင်ရာ၏။

ဝိရိယေန ဒုက္ခ မစ္စေတိ။

လုံလကြိုးကုတ် အားထုတ်သူ၏ အထံသို့ အကောင်းဟူသမျှတို့ လာရောက်စမြဲပါ။ အနုဋ္ဌဟံ အဝါယမံ၊ သုခံယတြာ ဓိဂစ္ဆတိ။

သုသိမ တတ္ထ ဂစ္ဆာဟိ၊ မဠွ တတ္ထော ပါပယ။

ချစ်သားသုသိမ၊ လုံ့လကြိုးကုတ် အားထုတ်မှုမရှိဘဲ ချမ်းသားတဲ့နေရာ ရှိတယ်ဆိုရင် အဲဒီနေရာကို မင်းကိုယ်တိုင်လည်း ရောက်အောင်သွားစမ်းပါ၊ ငါ့ကိုလည်း ရောက်အောင်ပို့ပေးစမ်းပါ။

(ဗုဒ္ဓ၊ သက္ကပဉ္ဉ)

အများတကာ အပြေးပြိုင်နေချိန်မှာ ကိုယ်မှာ ရပ်နေလို့ ရပ်နေမှန်းမသိဘူးဆိုရင် ကိုယ်နဲ့အများတကာ ကြာလေဝေးလေ ဖြစ်မှာနော် ....

မုခ = ပါးစပ်ပေါက် ....

မုခံ နာမ ဘုဉ္ဇနတ္ထာယ ကထနတ္ထာယစ ကတံ။ (ဝိ၊ ဌ၊ ၂၊ ဒုဋ္ဌဒေါသသိက္ခာပုဒ်)

ပါးစပ်ဆိုတာ ပြောဘို့၊ စားဘို့ပါ၊ ပြောဘို့၊ စားဘို့ ဖြစ်လာတဲ့အပေါက်ကို အပြောသက်သက်ဖြင့် ပိတ်၍မရ၊ အစားဖြင့်ပိတ်မှ သာရ၏။

စကားရဲ့တန်ဘိုးဆိုတာ စကားပြောသူရဲ့ ဂုဏ်ထူး၊ ရာထူးနှင့် အမြဲတမ်းကင်းရှင်းလွတ်ကျွတ်နေမှ ကောင်းပါ၏။

လိမ်ဘို့ ညာဘို့ အတွက်သာ ဂုဏ်ထူး ရာထူးရဲ့အကူအညီအထောက်အပံ့ကိုလိုတာပါ။

လူတယောက် ကောင်းကွက်တွေ

http://www.dhammadownload.com

သိပ်များနေရင် တခုတလေချို့ယွင်းရုံမျှဖြင့်တော့ ခွင့်လွှတ်ပေးလိုက်ပါ၊ ပုထုဇဉ် အများကင်းသူ တလူမျှမရှိပါ၊ အပြစ်များများလုပ်သူတို့သည် အပြစ်များများပြောတက်ကြကုန်၏...

ပဋိပက္ခ ဖြစ်မှုရှိမှ တိုးတက်မှုရှိမည်၊ မှန်တယ်ထင်တာကိုလုပ်ပါ၊ ရိုးသားစွာနဲ့လွတ်လပ်စွာဆုံးဖြတ်ပါ။

(ကားလ်မတ်)

မှန်သော်လည်း အကျိုးမရှိ မနှစ်သက်လျှင် မပြောလေနှင့်။

မနှစ်သက်သော်လည်း အကျိုးရှိလျှင် ကာလဒေသ ပဂ္ဂလကိုကြည့်ပြီးပြောပါလေ...

လူတယောက်ရဲ့အကျင့်စာရိတ္တကို ပြုပြင်ချင်တယ်ဆိုရင် သူ့ရဲ့ပတ်ဝန်းကျင်ကို အရင်ကောင်းအောင်လုပ်ပေးပါဦး ....

စီးပွားရေးမှာ အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားတွေနဲ့ အလုပ်လုပ်ပါ၊ ဘာသာရေးမှာ အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားတွေမပါစေနဲ့။

ဘဝရဲ့စိတ်ခေါ်မှုကို ရင်မဆိုင်ဝံ့ဘူးဆိုရင် ဘယ်နေရာမှမရောက်နိုင်၊ အဆင်မပြေတဲ့ လောကကြီးထဲမှာ အဆင်ပြေအောင် ညှိယူနိုင်ခြင်းသည် ဘဝပါဘဲ ...

အသိညာဏ်နှင့်ယှဉ်၍ ကြိုးစားအားထုတ်လေလေ လူစွမ်း၊ လူစပေါ်လေလေ၊

လူစွမ်း လူစပေါ်လေလေ သူတပါး အကျိုးစီးပွားကို ဆောင်ရွက်နိုင်လေလေ၊

သူတပါးအကျိုးစီးပွားကို ဆောင်ရွက်နိုင်လေလေ ကိုယ်၊ စိတ်ချမ်းသာလေလေ...

မင်း လူတလုံး သူတလုံးနေချင်သပဆိုရင် ...

အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် အစာစားပါ။

မျိုးနွယ်စဉ်ဆက် မပျက်စေဘို့အတွက် မေထုံ မှီဝဲပါ၊

ဟုတ်မှန်သည်ကို ညွှန်ပြနိုင်ဘို့အတွက် မှန်သောစကားကို ပြောဆိုပါ၊

သူတပါးတို့အတွက် ဆောင်ရွက်နိုင်ခဲသောအရာတွေကိုပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးလိုက်ပါ ...

ငါ့ရှင် အောင်မြင်ချင်သလား၊ လွယ်ပါ ... ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ဆောင်ပါ၊

ဖြောင့်ဖြောင့်မှန်မှန် နည်းလမ်းတကျ ဆောင်ရွက်ပါ၊

အစစအောင်မြင်မည့်မုချဒိဋ္ဌကိုယ်တွေ့ပါ ....

အရပ်ကောင်းမှ အလောင်းလှ၊

အမှိကောင်းမှ အကျိုးရ၊

မိတ်ရင်းကောင်းမှ ချမ်းသာရ၊

http://www.dhammadownload.com

စိတ်ရင်းကောင်းမှ လိုတာရ ...

လက်ဆယ်ချောင်းတောင်မှ အတိုအရှည်မညီတာကို လက်ခံနိုင်ရင် မင်းဘဝ ဘာအတွက် ဘယ်အရာ ဘာကိုများ ဗျာများနေဦးမှာလဲလို့ ...

ဝီရိယအဟုန်၊ ဇွဲသတ္တိအဟုန်၊ ကုသိုလ်ကောင်းမှုအဟုန် အားကြီးမယ်ဆိုရင် အသက်ကနဲ့ ကလိင်် စစ်ပွဲကိုကြည့်ပေတော့ ...

သိကြားမင်းဟောချက်တောင် သွက်သွက်ခါ မှားသေး၏ရှင့် ...

ဝီရိယတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ။
သဗ္ဗံ အကုသလံ ကုသလေန ဇိနာတိ။

"ရဲရင့်တယ်ဆိုတာ ဝီရိယပါ"

ဝီရဝန္တတာယ ဝီရိယံတဲ့၊ ကြောက်ရွံ့မှုသည် ဦးဏှောက်ကို အ-စေ၏၊ ထိုင်းစေ၏၊ မြေကြီး၌ ပြားပြားဝမ်စေ၏၊ နောက်သို့ဆုတ်စေ၏၊ ရိုင်း၏။

ရဲရင့်ခြင်းသည် တိုးတက်၏၊ စူးစမ်း၏၊ မတ်မတ်ရပ်၏၊ ဆင်ခြင်၏၊ ရှေ့သို့တိုးစေ၏၊ ယဉ်ကျေး၏ ...

ကံ ညက် ဝီရိယမှာ ဝီရိယက အချုပ်ကျပါတယ်၊ ညက်ကောင်းလွန်းအားကြီးရင် စဉ်းလဲကောက်ကျစ်တဲ့ဘက် ယိုင်သွားတတ်တယ်၊ ကံကောင်းလွန်းအားကြီးရင် ထင်ရာစိုင်းပြီး နောင်ရေးပူဆွေးရတတ်တယ်၊ ကြိုးစားသူကို ညက်က ထောက်ခံအားပေးတယ်၊ ကံကလည်း လက်တွဲဖော်အဖြစ် ပါလာတတ်တယ်၊ ယုံကြည်မှုနဲ့ တည်ကြည်ခိုင်မြဲမှုက ခုံသမာဓိလူကြီးနှစ်ဦးပေါ့ ...

(ကိုပညာ၊ ပန်းမော်တိုက်)

ပဌဒိန = ပြဌဒိန်

ပြဌဒိန်ဆိုသည်မှာ နေ လ ကမ္ဘာတို့၏ သွားလာရွေ့လျားမှုကို နောက်မှလိုက်၍ မှတ်တမ်းတင်ထားသော အရာတခု။

ပြဌဒိန်တခု၏ အခြေခံမူလ တွက်ချက်ထားမှုသည် အဓိကအားဖြင့် နေနှင့်ကမ္ဘာ ကို အခြေခံ၍ တည်ဆောက်ထား၏၊ မြန်မာပြဌဒိန်သည် လကိုအခြေခံထား၏။

ယခုနိုင်ငံတကာသုံး အင်္ဂလိပ်ပြဌဒိန်သည် အင်္ဂလိပ်ပြဌဒိန် မူရင်းမဟုတ်ပါ၊ အီဂျစ်ပြဌဒိန်ကိုယူ၍ ရောမနိုင်ငံ ပုတ်ရဟန်းမင်းကြီး ဂါရီဂိုရီက အတတ်နိုင်ဆုံး အမှားအယွင်းနည်းအောင် ပြုလုပ်ခဲ့၏။

ကမ္ဘာသည် နေကိုတပတ်ပတ်မိရင် (၃၆၅)ရက် (၅)နာရီ (၄၈)မိနစ် (၄၆.၄) စက္ကန့်ထိကြာ၏။ သို့သော် ....

တနှစ်၏ရက်ကို တွက်ချက်ရာတွင် လွယ်ကူအောင် (၃၆၅)ရက်ဟု ယေဘူယျ

http://www.dhammadownload.com

သတ်မှတ်ထားခဲ့ပြီး ကျန်တဲ့နာရီကို (၄)နှစ်တကြိမ်၊ မိနစ်ကို နှစ်(၁၀၀)တကြိမ်၊ စက္ကန့်ကို နှစ်(၁၀၀၀)တကြိမ်ကျစီ လိုနေတဲ့ နာရီ၊ မိနစ်၊ စက္ကန့်များကို ထပ်ဖြည့်ပေးရ၏။

ကမ္ဘာသည် မိမိဝင်ရိုးပေါ်တွင် တရက်လျှင် (၂၄)နာရီ (၃၆၀)ဟု ဆိုရစေကာမူ ကမ္ဘာသည် တစက္ကန့်လျှင် (၁၈)မိုင်နှုန်းဖြင့် နေကိုလှည့်ပတ်နေသောကြောင့် (၃၆၀) သို့မဟုတ် (၂၄)နာရီ၊ (၄)မိနစ်ကျမှ နေ၏ တရက်နှင့်လာညီ၏။ (ခံ) (၄)မိနစ်ကျ နေ့စဉ် အကြွေးစပ်နေရ၏။ ပို၍ပြီး မရေတွက်သည့် နာရီ၊ မိနစ်၊ စက္ကန့်များကို ပေါင်းယူပါက တနှစ်လျှင် (၁၁)ရက် ပိုထွက်လာ၏။ သို့အတွက် (၃)နှစ်တကြိမ် ဝါထပ်ပေးရလေ၏။

ကမ္ဘာမြေကြီးက မိမိဝင်ရိုးပေါ်မှာ လှည့်ပတ်နေခြင်းကို နေ့နှင့်ညဟုခေါ်၏။

လသည် ကမ္ဘာမြေကို လှည့်ပတ်၍ တပတ်ပြည့်သောအချိန်ကို တလဟုခေါ်၏။

ကမ္ဘာမြေကြီးက နေကိုလှည့်ပတ်၍ တပတ်ပြည့်ခြင်းကို တနှစ်ဟုခေါ်၏။

(ကိုပညာ၊ ဗန်းမော်တိုက်)

စုစည်းတင်ပြသည့်



http://www.dhammadownload.com



ပြဿနာတွေ

1.7.09

အာတိုးဆုံး ဝတ္ထု

ဇေမိဘတို့သည်၊ ချစ်ကြည်ဖဲလက်တို့၊ သားမြေးဟူတ၊ ကြီးထူကေားဒကော်၊ ဂုဏ်ကိုတားကို၊ ကောမြဲဂုဏ်မြတ်၊ မင်္ဂိုလေရက်၊ ခုံမင်ဝမ်းက၊ အွတ်ကြင်ကြေ ...

(ဝန်ကြီးပဓိသရာဇာ)

အ.. အ.. အ ....

ငါ့သား အဒါ ဘာကောင်လဲ ဟင် ...

အဖေ၊ အဲဒါ ကျီးကန်းပါ ။

အဝတ်ကြီးမို့ မကျေနပ်မှာ အိပ်ယာတက် ဖုန်းမဆုံးလို့ ခေတ့် ဖခင်ကြီးက အိမ်ထောင်ရှင် သူ့သားကြီးကို မေးတယ် ။

သားကြီးက ကလေးတစ်ယောက်အဖြစ်၊ အိမ်မှာ လက်သမား၊ ပရိဘောဂ လုပ်ခဲ့ဖူး၊ အဖေကြီးဖို့ အဖွဲ့အစည်း အတင်ခံရဖူးပါ၊ သို့သား ကလေးကလေးတုံး ဘုံအဆုံးမှာ အရပ်ပဲလေးများနဲ့ ဆောက်ခဲ့ရတာတဲ့ ။

ဒုတိယမြို့ - ဖခင်ကိုကြီးက၊ တံခါးပေါက်မှာ လာနားကြီး တစာစာ ခေတ်ခဲ့တဲ့ ကျီးကန်းကို တပ်မေးပြန်ပါလေရော ။

ဒုတိယမြို့ သားလုပ်ဘုတ - ဟာဟာ၊ အဖေတော့ ကျီးကန်းပါကို၊ ခေတ်ဆောင် မေးခဲ့တာ၊ ဟု အဲဒါသဘောင် တံခြမ်းခဲ့လေဖြင့် ။

တတိယမြို့ ဖခင်ကိုကြီးက ဝမ်းပြုံးစိတ် သားလုပ်ဘုတ် ပေါ်ကတွေပါလေရော၊ ဟာဟာ - ဆင်ဖမ်းကြီး ကပ်ခဲ့စဉ်ကို ပြောရတုံး၊ ခုမှာ အလုပ်လုပ်ခဲ့တာ၊ တော်တော် ရှုပ်ထွေးတာ - တဲ့ ...

ဒီမှာ .. ဖခင်ကိုကြီးက၊ ငါ့သား၊ မင်း ငါ့ကို အဲဒီ လောက်တဲ့ မစောပါရဲ့ကွာ၊ ငါ့ဖင်ငယ်က မင်းအရွယ်လုပ်ခဲ့တဲ့ ပရိဘောဂလုပ်ခဲ့ရတုံး၊ အရွယ်ရောက်ခဲ့တဲ့ မင်္ဂိုသားလေးခဲ့ရတာမှာ - မင်းက ခေတ်ခဲ့ရပြီ၊ အရွယ်မို့ ဖြတ်ပေါက်မှာ ကျီးကန်းလောနားဆော်တော့ မင်းမေးတာ အကြိမ်ကြိမ်ပေါင်း (၃၀) တိတိ ရှိတယ်၊ မင်း - မေးတိုင်း မေးတိုင်း ငါ့မှာမှတ် ကျီးကန်း ကျီးကန်းခဲ့ ဖြေလိုက်ရတဲ့ မဝ ဆိုင်ကူး၊ ငါ အရွယ်မေးတာက (၃) ကြိမ်တင်ပါ ကွာ ...

ဒုံခုံ မျှား ... မင်းက ... အင်း ...

ဒီကအပေါ် အချုပ်ပေါက်ခဲ့တဲ့ သားလမင်းများအတွက် ဂုဏ်ယူဝမ်းသာပါသည် ။

ကြီး ပါ ဖြစ် .. ကိုပဒုမ ၊ ပြည်ပေါက် ဆိုက်

http://www.dhammadownload.com